# ဘုန်းကြွယ်

ကျင်းယုံ၏ ကျန့်စွတ်ရ

တစ်ဆယ့်လေးဖြာမားမဟာ



# ဘုန်းကြွယ်

## တစ်ဆယ့်လေးဖြာဓားမဟာ

(ပထမပိုင်း)

စာမူခွင့်ပြုချက်အမှတ်   ၅၀၁၂၅၇၁၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်   ၅၀၁၃၂၅၁၂၁၀

၂၀၁၁ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကြီး ...**

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကျောက်ကောင်းတစ်စေ့

ရွှေသစ္စာဂိုဏ်း…။

ရွှေသစ္စာဂိုဏ်းသည် သိုင်းလောက၌ ပေါ်ပေါက်လာသည်။

ရွှေသစ္စာဂိုဏ်းသည် နောက်ပေါက်ဂိုဏ်းတစ်ခု ဖြစ်သည်။

သို့တိုင်…

ဂိုဏ်းချုပ်ကျော့ဟောင်နှင့် ဂိုဏ်းသားများ၏ကြိုးစားအားထုတ်မှုကြောင့် အချိန်တိုတိုဖြင့် အောင်မြင်ကျော်ကြား.လူသိများလာခဲ့သည်။

ရွှေသစ္စာဂိုဏ်း၏ သိုင်းလောကအကျိုး၊ အများအကျိုးသည် ပိုးဆောင်ရွက်မှုများကို အခြားသောဂိုဏ်းများက အသိအမှတ်ပြုလာခဲ့ရလေသည်။

ရွှေသစ္စာဂိုဏ်းသည် အခြားသောဂိုဏ်းများနှင့် ပခုံးချင်းယှဉ် ရင်ဘောင်တန်းနိုင်လာခဲ့လေသည်။

အချိန်တိုတိုဖြင့် အောင်မြင်ကျော်ကြားလာသော ရွှေသစ္စာဂိုဏ်းကို ချီးကျူးသူများရှိသကဲ့သို့ မနာလိုမရှုစိမ့်သူများလည်း ရှိနေပါသည်။

ရွှေသစ္စာဂိုဏ်း အောင်မြင်ကျော်ကြားကာ လူရာဝင်လာသည်ကို ကြည့်မရဘဲ မျက်စိစပါးမွေးစူးနေသည်မှာ 'ကျင်း'ဂိုဏ်းဖြစ်လေသည်။

ကျင်းဂိုဏ်းချုပ် 'ကျင်းကောက်'သည် ကျင်းဂိုဏ်းပိုင်နက်နယ်မြေနှင့် ထိစပ်လျက်ရှိသော နယ်မြေတွင် ရွှေသစ္စာဂိုဏ်းနာမည်ကြီးလာရာ ကျင်းဂိုဏ်း၏ အရှိန်အဝါကို ထိခိုက်စေသည်ဟု သဘောထားခဲ့လေသည်။

လူအများသည် အကြောင်းကိစ္စရှိလာသည်နှင့်ကျင်းဂိုဏ်းကို အားကိုးတကြီး အကူအညီတောင်းတတ်ကြရာမှ ယခု အချို့က ရွှေသစ္စာဂိုဏ်းကိုသွားပြီး အကူအညီတောင်းကြလေသည်။

ရွှေသစ္စာဂိုဏ်းကလည်း အခက်အခဲဒုက္ခကြုံတွေ့နေရသူများကို ထိထိရောက်ရောက် ကူညီနိုင်ခဲ့သဖြင့် ယုံကြည်အားထားသူတစ်နေ့ထက်တစ်နေ့ များပြားလာခြင်းဖြစ်လေသည်။

သိုင်းဂိုဏ်းများသည် ပြည်သူလူထု၏ ထောက်ပံ့မှုဖြင့် ရပ်တည်နေကြပြီး သိုင်းပညာဖြင့် ပြည်သူလူထုကို ပြန်လည်အလုပ်အကျွေးပြုနေကြသည့်သဘော ရှိလေသည်။



အများသူငါက ရွှေသစ္စာဂိုဏ်းကို ပိုပြီးအားထားလာကြသောအခါ ကျင်းဂိုဏ်းအား ထောက်ပံ့မှုများလျော့နည်းကျဆင်းသွားတော့သည်။

ထို့ကြောင့်လည်း ကျင်းဂိုဏ်းချုပ်ကျင်းကောက်က ရွှေသစ္စာဂိုဏ်းကို မကျေမနပ် ဖြစ်ခဲ့ရလေတော့သည်။

ကျင်းဂိုဏ်းချုပ်ကျင်းကောက်သည် ရွှေသစ္စာဂိုဏ်းကို ကြည့်မရတော့သည့်နောက်ဆုံး ပျက်စီးရာပျက်စီးကြောင်း ကြံစည်ခဲ့လေတော့သည်။

* * *

ဂိုဏ်းချုပ်ကျင်းကောက်၏ မျက်နှာကြီး ခက်ထန်နေသည်။

မလှမ်းမကမ်း၌ အစီအရီရပ်နေသော ကျင်းဂိုဏ်းမှ အကြီးအကဲများကို မျက်ထောင့်နီကြီးဖြင့် ကြည့်လိုက်သည်။

"သူဌေးဝူကျိန်းက ရွှေသစ္စာဂိုဏ်းအတွက် ရွှေဒင်္ဂါးတစ်သောင်းလှူဒါန်းမယ်ဆိုတဲ့သတင်းကို အားလုံးကြားပြီးကြပြီ မဟုတ်လား"

သူဌေးဝူကျိန်းသည် ကျိုကျိုတက် ချမ်းသာကြွယ်ဝသော သူဌေးကြီးတစ်ဦး ဖြစ်သည်။

စီးပွားရေးလုပ်ငန်းပေါင်းများစွာ ပိုင်ဆိုင်ထားသူလည်း ဖြစ်သည်။

ဒုစရိုက်သမားများ၊ အမှောင်လောကသားများ ထကြွသောင်းကျန်းလာပါက သူ၏စီးပွားရေးလုပ်ငန်းများ ထိခိုက်ဆုံးရှုံးလိမ့်မည် ဖြစ်လေသည်။

ဒုစရိုက်သမားများအား ဆုံးမနှိမ်နင်းနေသည့် သိုင်းဂိုဏ်းများအား သူဌေးဝူကျိန်းက အပြန်အလှန်ဖေးမသည့် သဘောဖြင့် ငွေကြေးထောက်ပံ့ကူညီရာ ကျင်းဂိုဏ်းမှာ အထောက်အပံ့အများဆုံးရရှိခဲ့သည်။

ယခု…

ရွှေသစ္စာဂိုဏ်း ပေါ်ပေါက်လာသောအခါ သူဌေးဝူကျိန်းက တစ်လလျှင် ရွှေဒင်္ဂါးတစ်သောင်း ထောက်ပံ့ရန် ကတိပြုလိုက်ပြီဖြစ်လေသည်။

ဂိုဏ်းချုပ်ကျင်းကောက်က…

"သူဌေးဝူကျိန်းက ရွှေသစ္စာဂိုဏ်းကို ပံ့ပိုးရမှာမို့ ကျုပ်တို့ကျင်းဂိုဏ်းကိုလစဉ် ထောက်ပံ့နေတဲ့ ရွှေဒင်္ဂါးနှစ်သောင်းအစား တစ်သောင်းပဲပေးတော့မယ်လို့ အကြောင်းကြားလာတယ်၊ ကဲ ကြည့်စမ်း ရွှေသစ္စာဂိုဏ်းဟာ နောက်မှလည်း ပေါ်ပေါက်လာသေးတယ်၊ ကျုပ်တို့ရဲ့ရပိုင်ခွင့်တွေကို လုယူနေပြီ"

ကျင်းဂိုဏ်းမှ အကြီးအကဲများ ခေါင်းငုံ့ထားလိုက်ကြလေသည်။

ကျင်းဂိုဏ်းသည် နေရာမျိုးစုံမှရရှိလာသည့် ထောက်ပံ့ငွေများဖြင့် ဂိုဏ်း၏ခနအင်အား တောင့်တင်းလာခဲ့သည်။



ဂိုဏ်းအကြီးအကဲများ ချမ်းသာကြွယ်ဝလာကြသည်။

ဩဇာတိက္ကမ ပိုကြီးလာကြသည်။

ယခုတော့ ရွှေသစ္စာဂိုဏ်းက သူတို့၏ရပိုင်ခွင့်များကို လုယူလာနေပြီ ဖြစ်လေသည်။

ဂိုဏ်းချုပ်ကျင်းကောက်က…

"သူဌေးဝူကျိန်းက ကျင်းဂိုဏ်းရဲ့ အများအကျိုးဆောင်ရွက်တဲ့ကိစ္စတွေဟာ အယင်ကနဲ့မတူဘဲ စွမ်းဆောင်ရည်ကျဆင်းလာတယ်၊ ရွှေသစ္စာဂိုဏ်းကတော့ အားရစရာကောင်းအောင် တိုးတက်လာတယ်၊ ဒါကြောင့် သူတို့ရဲ့လိုအပ်ချက်တွေကို ပိုပြီးဖြည့်ဆည်းပေးရမယ်လို့ ဝေဖန်ထောက်ပြသွားတယ်၊ ကျုပ်က ရွှေသစ္စာဂိုဏ်းထက်ပိုပြီး လုပ်ပြနိုင်မှ သူက အယင်အတိုင်း ပြန်ပြီးထောက်ပံ့မယ်ဆိုတဲ့သဘောပဲ၊ ကဲ စဉ်းစားကြည့်စမ်း၊ ဘယ်လောက်ရှက်စရာကောင်းသလဲ"

ကျင်းဂိုဏ်းမှ အကြီးအကဲများသည် ချမ်းသာကြွယ်ဝလာသောအခါ စည်းစိမ်ခံစားယစ်မူးနေကြပြီး သူတို့၏ အများအကျိုးဆောင်ရွက်မှုများသည်လည်း လျော့တိလျော့ရဲ ဖြစ်လာတော့သည်။

ထို့ကြောင့်လည်း သူဌေးဝူကျိန်းက အထောက်အပံ့များကို လျှော့ချလိုက်ခြင်း ဖြစ်ပေတော့သည်။

ဤသည်ကိုပင် ကျင်းကောက်နှင့်တကွ အကြီးအကဲများသည် ကိုယ့်ချို့ယွင်းချက်ကိုပြင်ရန် မကြိုးစားဘဲ ရွှေသစ္စာဂိုဏ်းအပေါ် အပြစ်ပုံချလိုက်ကြလေတော့သည်။

အကြီးအကဲတစ်ယောက်ဖြစ်သော ဖုန်းမိက…

"ရွှေသစ္စာဂိုဏ်းဟာ လူကြားကောင်းအောင် အသံကောင်းဟစ်နေတာပါ။ တကယ်တော့ ကျုပ်တို့ရဲ့ဂိုဏ်းကို လူတွေ အထင်သေးပြီး သူတို့ကို အထင်ကြီးလာအောင် တမင်လုပ်ပြနေတာပါ။ နောက်ဆုံး ကျုပ်တို့ကို ဖယ်ရှားပြီး သူတို့လက်ဝါးကြီးအုပ်ဖို့ကြံစည်နေကြတယ်ဆိုတာ ထင်ရှားပါတယ်ဗျာ"

အခြားအကြီးအကဲတစ်ယောက်ဖြစ်သော တောက်သိန်က…

"သူတို့ဟာ တစ်နေ့တခြား အတင့်ရဲလာနေကြပါပြီ၊ သည့်အတိုင်းလက်ပိုက်ကြည့်နေလို့ မဖြစ်တော့ပါဘူး"

သူတို့နှစ်ယောက်၏စကားက ကျင်းကောက်ကို ထောက်ခံလိုက်သလို ကျန်အကြီးအကဲများကို သွေးကြွသွားစေတော့သည်။

"ရွှေသစ္စာဂိုဏ်းကို လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး"

"သူတို့ကို ဆုံးမရမှာပဲ"

"နောက်ပေါက်တဲ့ ရွှေကြာပင်က ကျင်းဂိုဏ်းကို ဒုက္ခပေးချင်သေးတယ်၊ သိကြသေးတာပေါ့"

ယခုချက်ချင်းပင် ရွှေသစ္စာဂိုဏ်းကို သွားရောက်တိုက်ခိုက်တော့မည့်အလား လက်သီးလက်မောင်းတန်းကာ ပြောဆိုလာကြလေတော့သည်။

ဂိုဏ်းချုပ်ကျင်းကောက် မဲ့ပြုံးပြုံးလိုက်သည်။

"ရွှေသစ္စာဂိုဏ်းကိုသွားပြီး တိုက်ခိုက်ယင် လူတွေကလက်ခံကြမယ် ထင်သလား၊ ကျုပ်တို့ကတော့ ဘယ်လိုအကြောင်းပြချက်



နဲ့တိုက်ခိုက်မှာလဲ၊ ကျုပ်တို့ဂိုဏ်းရဲ့ ဝင်ငွေကိုထိခိုက်လာတာကြောင့် ဆိုယင်တော့ ဘယ်သူကမှလက်ခံကြမှာ မဟုတ်တဲ့အပြင် ကျုပ်တို့ပဲ အရှက်ကွဲသွားလိမ့်မယ်"

သူ၏စကားကြောင့် အားလုံး ငြိမ်ကျသွားတော့သည်။

ရွှေသစ္စာဂိုဏ်းမှာ အဖြူရောင်ဂိုဏ်းတစ်ခုဖြစ်၍ သူတို့အား မည်သည့်အကြောင်းပြချက်ဖြင့် တိုက်ခိုက်မည်နည်း။

ပန်းချင်းယှဉ်လာခြင်းကြောင့် တိုက်ခိုက်ရသည်ဆိုပါလျှင် မည်သူကမျှ လက်ခံကြလိမ့်မည် မဟုတ်ပါ။

အားလုံးက အပြစ်တင်ပြီး ဝိုင်းဝန်းဆန့်ကျင်ကြမည်သာ ဖြစ်ပါသည်။

နောက်ဆုံးတွင် ရွှေသစ္စာဂိုဏ်း ဘာမှမဖြစ်ဘဲ ကျင်းဂိုဏ်းသာလျှင် အရှက်တကွဲအကျိုးနည်းဖြင့် ပျက်စီးပြိုကွဲသွားရလိမ့်မည် ဖြစ်လေသည်။

အကြီးအကဲများက ဂိုဏ်းချုပ်ကျင်းကောက်ကို မသိမသာ ကြည့်နေကြ၏။

ကျင်းဂိုဏ်းတွင် ကျင်းကောက်က ခေါင်းဆောင်ဖြစ်သည်။

အားလုံးကို ဦးဆောင်မှုပေးနေသူဖြစ်သည်။

ယခုလည်း ရွှေသစ္စာဂိုဏ်းနှင့် ပတ်သက်ပြီး ကျင်းကောက်ကပင် ဆုံးဖြတ်လိမ့်မည် မဟုတ်ပါလား။

ဂိုဏ်းချုပ်ကျင်းကောက်က…

"ရွှေသစ္စာဂိုဏ်းကို အပြစ်ရှာရမှာပေါ့။ သူတို့မှာ အပြစ်ရှိနေ

ပြီဆိုယင် လူတွေကတောင် သူတို့ကိုဆုံးမပေးပါလို့ ကျုပ်တို့ကို အကူအညီတောင်းလာကြဦးမယ် မဟုတ်လား"

အကြီးအကဲ ဖုန်းမိုက...

"သူတို့ကို အပြစ်ရှာလို့မရဘူးဆိုယင်ကော ကျုပ်တို့ ဘယ်လိုလုပ်မလဲ ဂိုဏ်းချုပ်"

ဂိုဏ်းချုပ်ကျင်းကောက်က ပြုံးလိုက်သည်။

"အပြစ်ရှာရတာလောက် လွယ်တဲ့ကိစ္စမရှိပါဘူး၊ သူတို့မှာ အပြစ်ရှိမနေဘူးဆိုယင်လည်း အပြစ်ရှိသွားအောင် ကျုပ်တို့ဖန်တီးပေးလိုက်ရုံပါပဲ၊ ကဲ ဘာများပြောချင်ကြသေးသလဲ"

အကြီးအကဲများ သဘောကျသွားကြလေသည်။

ကျင်းကောက်သည် ပြိုင်ဘက်များအား အလဲထိုးအနိုင်ယူမည့်သူ မဟုတ်ပါလား။

ဂိုဏ်းချုပ်ကျင်းကောက်က....

"ကဲ ပြောစရာမရှိဘူးဆိုယင် ကျုပ်ညွှန်ကြားတဲ့အတိုင်း လိုက်နာဆောင်ရွက်ကြပေတော့"

ရွှေသစ္စာဂိုဏ်း အပြစ်ဖြစ်အောင် မည်သို့မည်ပုံ လုပ်ကိုင်ဆောင်ရွက်ရန် ပြောကြားပြီး အကြီးအကဲ အသီးသီးအား တာဝန်ခွဲဝေပေးလိုက်လေတော့သည်။

ကျင်းဂိုဏ်းက အကောက်ကြံတော့မည် ဖြစ်သည်။

ရွှေသစ္စာဂိုဏ်းသည် ကျင်းဂိုဏ်း၏ မကောင်းသော ကြံစည်မှုကြောင့် ပျက်စီးသွားရတော့မည်လော။



ရွှေသစ္စာဂိုဏ်းချုပ်ကျော့ဟောင်သည် တစ်ချိန်ချိန်တွင် ကျင်းဂိုဏ်းက ပြိုင်ဘက်ဟု သဘောထားကာ ဒုက္ခပေးလာနိုင်ကြောင်းကြိုတင်ရိပ်မိထားလေတော့သည်။

* * *

ရွှေသစ္စာဂိုဏ်း၏ ရိုးရိုးရှင်းရှင်းသာ ဖွဲ့စည်းပြင်ဆင်ထားသော ဧည့်ခန်းမဆောင်အတွင်း၌ ဖြစ်သည်။

ဂိုဏ်းချုပ်ကျော့ဟောင်နှင့် ဒုဂိုဏ်းချုပ်စုလိရှတို့သည် စားပွဲဘစ်လုံး၌ မျက်နှာချင်းဆိုင်ထိုင်ကာ 'ရွှေသစ္စာဂိုဏ်း'၏ရှေ့ရေးကိုဘိုင်ပင် ဆွေးနွေးနေကြလေသည်။

ဂိုဏ်းချုပ်ကျော့ဟောင်က....

"နှစ်အနည်းငယ်အတွင်းမှာ ကျုပ်တို့ဂိုဏ်းဟာတခြားဂိုဏ်းကြီးတွေနဲ့ ပခုံးချင်းယှဉ်နိုင်အောင် တိုးတက်လာခဲ့တာ၊ ဝမ်းသာဂုဏ်ယူဖို့ကောင်းပါတယ်၊ ဒါပေမယ့် ရွှေသစ္စာဂိုဏ်းရဲ့ အောင်မြင်ကျော်ကြားမှုကို မနာလိုမရှုစိမ့်တဲ့လူတွေ ရှိနိုင်သေးတယ်ဆိုတာ သတိထားရမယ်"

ဒုဂိုဏ်းချုပ်စုလိရှက...

"ဂိုဏ်းချုပ်ပြောတာ မှန်ပါတယ်၊ ကျင်းဂိုဏ်းက ကျုပ်တို့ကို မလိုလားဟန်ပြနေတာ တဖြည်းဖြည်းထင်ရှားလာပါတယ်၊ ကျုပ်ရဲ့ အတွေ့အကြုံအရ တစ်နေ့ကျယင် ကျုပ်တို့ဟာ ကျင်းဂိုဏ်းနဲ့မလွဲမ

ငွေ ဆိပ်တိုက် တွေ့ရလိမ့်မယ်လို့ ပြောနိုင်ပါတယ် ဂိုဏ်းချုပ်"

ဂိုဏ်းချုပ်ကျော့ဟောင်၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ကျင်းဂိုဏ်းဟာ ဥစ္စာခနေကြွယ်ဝလာတာကြောင့် ဂိုဏ်းအကြီးအကဲတွေဟာ စည်းစိမ်ယစ်မူးလာကြတယ်၊ ဂိုဏ်းထဲမှာ အကျင့်ပျက်မှုတွေ၊ ခြစားမှုတွေ ရှိလာတယ်လို့တောင် ကျုပ် သတင်းကြားမိတယ်"

ဒုဂိုဏ်းချုပ်စုလိရှက…

"ကျင်းဂိုဏ်းဟာ ဩဇာအရှိန်အဝါကြီးမားလာတဲ့အခါ သူတို့အမိန့်ကို အားလုံး နာခံကြရမယ်ဆိုတဲ့ သဘောမျိုး လုပ်ဆောင်လာတာတွေ ရှိခဲ့ပါတယ်၊ သူတို့ကို အထောက်အပံ့ မပေးဘဲ မနေနိုင်အောင် ဂိုဏ်းသားတွေကို ရုပ်ဖျက်ပြီး လူဆိုးဓားပြအသွင်နဲ့ နှောက်ယှက်ဖျက်ဆီးမှုတွေ ကျူးလွန်နိုင်းတယ်၊ ပြီးမှ သူတို့က ဆုံးမဖောင်းထုတ်ရတယ်ဆိုပြီး လှည့်စားမှုတွေ လုပ်ခဲ့တာမျိုးလည်း ရှိနေပါတယ်"

သူက ဂိုဏ်းချုပ်ကျော့ဟောင်ကို တစ်ချက်ကြည့်ပြီး ဆက်ပြောလိုက်လေသည်။

"အဆိုးဝါးဆုံးကတော့ ကျင်းဂိုဏ်းက အကြီးအကဲတွေဟာ အငယ်အနှောင်းထားကြတာမျိုး၊ လောင်းကစားဝိုင်းတွေမှာ အစုငွေကြေးထည့်ဝင်တာမျိုး၊ အသုံးချဖို့ လူဆိုးလူမိုက်တွေ မွေးမြူထားတာမျိုး၊ ဂိုဏ်းပိုင်ငွေတွေကို ကိုယ်ကျိုးအတွက် သုံးစွဲပြီး အိမ်ခြံမြေ



ရွှေ ငွေရတနာပစ္စည်း ဝယ်ယူစုဆောင်းထားတာမျိုးတွေ ရှိနေတာပါ ဂိုဏ်းချုပ်၊ စေ့စေ့တွေးယင် သူဟို့ကိုယ်တိုင် အများပြည်သူအတွက် အနှောက်အယှက် ဖြစ်နေပါပြီ"

ဂိုဏ်းချုပ်ကျော့ဟောင် သက်ပြင်းချလိုက်သည်။

"ဒုဂိုဏ်းချုပ်ကြီးက ကျင်းဂိုဏ်းအကြောင်း တော်တော်သိနေတာကိုး"

ဟု ချီးကျူးလိုက်၏။

ဒုဂိုဏ်းချုပ်စုလိရှက…

"ဂိုဏ်းချုပ်က ကျင်းဂိုဏ်းရဲ့အခြေအနေကို မျက်ခြည်မပြတ်စောင့်ကြည့်ရမယ်လို့ ညွှန်ကြားထားတာကြောင့် ကျုပ်က လက်ရွေးစင်ဂိုဏ်းသား ဆယ့်ငါးယောက်ပါဝင်တဲ့ အဖွဲ့တစ်ဖွဲ့ကို လျှို့ဝှက်ဖွဲ့စည်းပြီး ရွှေသန္တာဂိုဏ်းအပေါ် ကျရောက်လာမယ့် အန္တရာယ်တွေကို ရှေ့တန်းကနေ စုံစမ်းထောက်လှမ်းပြီး မားမားမတ်မတ် ရပ်တည်ကာကွယ်သွားမယ့် 'တံတိုင်းနီ'အဖွဲ့လို့ နာမည်ပေးထားပါတယ်၊ သူတို့က အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ ကျင်းဂိုဏ်းကိုချဉ်းကပ်ပြီး စုံစမ်းထောက်လှမ်းနေကြပါတယ်၊ 'တံတိုင်းနီ'တွေကြောင့် ကျင်းအကြီးအကဲတွေ အကျင့်ပျက်မှုတွေကို သိခွင့်ရခဲ့တာပါ ဂိုဏ်းချုပ်"

ဂိုဏ်းချုပ်ကျော့ဟောင် နှစ်ထောင်းအားရ ဖြစ်သွားလေသည်။

"ကောင်းလိုက်တဲ့အကြံ၊ သည်အတိုင်းဆိုယင် ကျင်းတွေဘယ်လိုခြေလှမ်းမယ်ဆိုတာ ကျုပ်တို့ အချိန်မီသိနေမှာပဲ၊ ဒါဆို

ကျုပ်တို့ကို ဖျက်ဆီးလို့မရနိုင်တော့ဘူး၊ ဒုပိုဏ်းချုပ်"

"ဟုတ်ကဲ့.အမိန့်ရှိပါ"

"ကျင်းပိုဏ်းကိစ္စကို ခင်ဗျားပဲ တာဝန်ယူလိုက်ပါ၊ ခင်ဗျား ဖွဲ့စည်းထားတဲ့ 'တံတိုင်းနီ'တွေကို ခင်ဗျားပဲ စီမံအုပ်ချုပ်ပြီး တာဝန် ပေးပါ၊ အကြောင်းထူးပြီဆိုတာနဲ့ ကျုပ်ဆီကို အမြန်ဆုံးတင်ပြပါ"

ဒုပိုဏ်းချုပ်စုလိရှ ဦးညွှတ်လိုက်သည်။

"စိတ်ချပါ ပိုဏ်းချုပ် ကျုပ်တို့ အငိုက်မိသွားတာမျိုး သူတို့ ခြေလှမ်းဦးသွားတာမျိုး ဘယ်တော့မှ ဖြစ်မလာစေရဘူးလို့ ရဲရဲကြီး အာမခံပါတယ်"

ဂိုဏ်းချုပ်ကေ့ပေါင်က…

"ကျုပ်တို့အားလုံး စည်းလုံးညီညွတ်ကြမယ်၊ သစ္စာစောင့် ထိန်းကြမယ်၊ ဂိုဏ်းအတွက် အသက်စွန့်ဝံ့တဲ့အထိ အနစ်နာခံဝံ့ကြ မယ်ဆိုယင် ဘယ်လိုရန်သူမျိုးက ကျုပ်တို့ကို ဖျက်ဆီးပစ်နိုင်မှာတဲ့ လဲ"

ဟု တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေ တော့သည်။

* * *

နေရာ

မြို့အနောက်ပိုင်း လမ်းကြားတစ်ခုအတွင်း၌ တိတ်တဆိတ် ဖွင့်လှစ်ထားသော လောင်းကစားဝိုင်းတစ်ခု ရှိသည်။

ထိုလောင်းကစားဝိုင်းကို ခန္ဓာကိုယ် ပိန်သေးသေး ရုပ်ဆိုး ဆိုး၊ သွားခေါ်တစ်ယောက်က ဖွင့်လှစ်ထားခြင်းဖြစ်သည်။

သွားခေါ်သည် မကောင်းမှု ဒုစရိုက်ပေါင်းစုံလုပ်ကာ စီးပွား ရှာခဲ့သူဖြစ်သည်။

သို့သော် သူက အတင့်မရဲပါ။

ခိုးကြောင်ခိုးဝှက် လုပ်သည်၊ အခြေအနေ မဟန်လျှင်မလုပ် ဘဲ ရပ်နားထားတတ်သည်။

ထို့ကြောင့် သွားခေါ်သည် အခြားဒုစရိုက်သမားများကဲ့သို့ ... ရာယ်နှင့်ကြုံတွေ့ရခြင်းမျိုး တစ်ကြိမ်တစ်ခါမျှ မရှိခဲ့ချေ။

အဖြူရောင်သိုင်းသမားများ ကြီးစိုးထားသော အရပ်ဒေသတွင် ဒုစရိုက်သမားများ ခေါင်းမထောင်ဝံ့သည်မှာ မဆန်းပါချေ။

နောက်ပိုင်းတွင်...

သွားခေါက ငွေရလွယ်သော လောင်းကစားဝိုင်းလုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်ခဲ့လေသည်။

ရှေ့တွင် အရက်ဆိုင်လေးဖွင့်ထားပြီး အနောက်ဘက်တွင် လောင်းကစားဝိုင်းများ ဖွင့်ထားခြင်းဖြစ်လေသည်။

သူ၏ လောင်းကစားဝိုင်းသို့ မြို့ထဲမှ လောင်းကစားဝါသနာပါသူများသာမက အခြားအရပ်ဒေသများမှ လောင်းကစားသူများပါ လာရောက် လောင်းကစားကြလေသည်။

လောင်းကစားမှုသည် ဒုစရိုက်လုပ်ငန်းတစ်ခု ဖြစ်သည့်အတိုင်း ဒုစရိုက်သမားများပါ ရောက်လာကြသည်။

သို့သော် သွားခေါ မစိုးရိမ်တော့ပါ။

သူ့အား လောင်းကစားထောင်ဖို့ အရင်းအနှီးထုတ်ပေးသူမှာ ကျင်းဂိုဏ်းမှ အကြီးအကဲဖုန်းမို မဟုတ်ပါလား။

ဖုန်းမိုက ကျောထောက်နောက်ခံ ပြုထားခြင်းကြောင့် သွားခေါ၏လောင်းကစားဝိုင်းကို မည်သူမျှ နှောက်ယှက်ခြင်းမပြုဝံ့တော့ချေ။

လောင်းကစားဝိုင်းဖြင့် သွားခေါ ချမ်းသာလာသကဲ့သို့ ဖုန်းမိုလည်း ဝို၍စီးပွား တိုးတက်လာခဲ့လေတော့သည်။

* * *



စားပွဲပေါ်၌ အဖိုးတန်အရက်များ၊ ကောင်းမွေညွန့်မွေဆိုသော ဟင်းပွဲများဖြင့် ပြည့်နှက်နေ၏။

သွားခေါလည်း မျက်နှာ တပြုံးပြုံးဖြစ်နေ၏။

သူက ဖုန်းမိုကို လိုလေသေးမရှိ ဧည့်ခံနေခြင်း ဖြစ်ပါသည်။

သွားခေါက အရက်နှင့်ဟင်းလျာများ မည်မျှကောင်းကြောင်း ညွှန်းနေသော်လည်း ဖုန်းမိုက လုံးဝစိတ်မဝင်စားပါချေ။

သွားခေါ၏စကား ဆုံးအောင် နားထောင်ပြီးမှ...

"သွားခေါ မင်းကို ခိုင်းစရာလေးတစ်ခု ရှိနေတယ်၊ အရေးကြီးတယ်"

ဟု ပြောလိုက်လေသည်။ သွားခေါက...

"ဟိုတစ်ခါ ကိစ္စမျိုးလားဗျာ"

ကျင်းဂိုဏ်းသည် ထောက်ပံ့နေသည့် သူဌေး၊ သူကြွယ်၊ ကုန်သည်ပွဲစား၊ ချမ်းသာကြွယ်ဝသူများအား သူတို့အပေါ် ပို၍ ကြည်ညိုလေးစားလာစေရန် လှည့်ကွက်ဆင်လေ့ရှိလေသည်။

ကျင်းဂိုဏ်းသားများအား လူဆိုးဓားပြများအသွင် ဟန်ဆောင်ကာ သူဌေးသူကြွယ်များအား နှောက်ယှက်ဒုက္ခပေးစေသည်။

ပြီးမှ သူတို့က ဆုံးမနှိမ်နင်းလေသည်။

ထိုသို့ပြုလုပ်ရာတွင် သူတို့အကြောင်း မပေါ်ပေါက်ရလေအောင် လူဆိုးဟန်ဆောင်ခဲ့သော ကျင်းဂိုဏ်းသားများအား တစ်နည်းမဟုတ်တစ်နည်းဖြင့် သုတ်သင်ဖယ်ရှား လက်စဖျောက်ပစ်လေသည်။

ထိုနည်းလမ်းကို အကြီးအကဲများက ကျင့်သုံးနေကြပြီး ငယ်သားများ မသိကြပါ။

ငယ်သားများ သို့သွားပါက ပြဿနာပေါ်ပေါက်လာနိုင်သဖြင့် နောက်ပိုင်းတွင် ထိုနည်းလမ်းကို အသုံးမပြုတော့ဘဲ စွန့်လွှတ်လိုက်လေသည်။

ထိုနည်းလမ်းအစား သွားခေါ်ကို လူဆိုးများရှာခိုင်းပြီး ထိုလူဆိုးများအား ကျင်းဂိုဏ်းအကျိုးအတွက် အသုံးချပြီးလျှင် သုတ်သင်ပစ်လိုက်တော့သည်။

လူဆိုးများကို သုတ်သင်နိုင်သလို ဂိုဏ်း၏အကြံလည်း အောင်မြင်သဖြင့် တစ်ချက်ခုတ်နှစ်ချက်ပြတ် ဖြစ်ခဲ့သည်။

ကျင်းဂိုဏ်း၏အကြံကို အကောင်အထည်ဖော်ရန် သွားခေါ်က လူဆိုးများ ရှာဖွေပေးရလေသည်။

သွားခေါ် အလုပ်ပေးခဲ့သော လူဆိုးများမှာ တစ်ယောက်မကျန် အသတ်ခံလိုက်ရသဖြင့် နောက်ပိုင်းတွင် သွားခေါ်က အလုပ်ပေးလျှင် လူဆိုးများလည်း မလုပ်လိုကြတော့ပေ။

ထို့ကြောင့် ဖုန်းမိုက အလုပ်ကိစ္စပြောလိုသည်ဆိုသောအခါ သွားခေါ် အင်တင်တင် ဖြစ်သွားခြင်းပင်။

ဖုန်းမိုက..

"ဟိုတစ်ခါကိစ္စမျိုးပဲ၊ မင်းက ဒါကို သဘောမကျဘူးဆိုတာ ငါသိတယ်၊ မင်းအတွက် ငွေတစ်သိန်းရမယ်ဆိုယင်ကော"

"တစ်သိန်း"



"ဟုတ်တယ်"

"ဆရာကြီး တကယ်ပြောတာလား"

"ကျုပ် ဘယ်တုန်းက မင်းကို လိမ်ဖူးလို့လဲ၊ ပြောစမ်းပါဦး"

ငွေတစ်သိန်း မျက်နှာကြောင့် သွားခေါ် တက်တက်ကြွကြွ ဖြစ်လာတော့သည်။

ဖုန်းမိုက...

"ငါ့အတွက် အလုပ်လုပ်ပေးမယ့်လူတွေကိုလည်း တစ် ယောက်ကို ငွေငါးသောင်းစီပေးမယ်၊ ဒါပေမယ့် ငါက လူငါးယောက် လိုချင်တယ်"

သွားခေါ်က...

"စိတ်ချ၊ တကယ့်လက်ရွေးစင်ဆိုတဲ့လူတွေကို ကျုပ်ရှာပေး မယ်"

သူက လက်ရွေးစင်ဟု ပြောသူများသည် ဘာမှအရည်အ င်းမရှိသော အပေါစားလူမိုက်များသာ ဖြစ်လေသည်။

ထို့ကြောင့်လည်း ကျင်းဂိုဏ်းသားများက အလွယ်တကူ င်းမနိုင်ခဲ့ကြခြင်း ဖြစ်လေသည်။

ဖုန်းမိုက....

"သည်တစ်ခါတော့ တကယ့်လက်ရွေးစင်တွေ လိုချင်တာ၊ စ်ယောက်ကို ငွေငါးသောင်းပေးရမယ်ဆိုတော့ ထိုက်ထိုက်တန် န်ရှိမှ ဖြစ်မယ်"

သွားခေါ် မျက်မှောင်ကုပ်သွား၏။

"တကယ့် လက်ရွေးစင် ဟုတ်လား"

"မင်း ရှာမပေးနိုင်ဘူးလား၊ ဒါဆိုယင်တော့ တခြားတစ်ယောက်ယောက်ကို ခိုင်းမှဖြစ်တော့မယ်ထင်..."

ဖုန်းမို၏စကား မဆုံးမီ သွားခေါ်က အလောတကြီးပြောလိုက်လေသည်။

"ကျုပ် ရှာပေးနိုင်ပါတယ်ဗျာ၊ ကျုပ်က ဆရာကြီးတို့ဆီကို တောင် သတင်းပေးတော့မလို့"

"မင်းက ဘာတွေများ သတင်းပေးမှာလဲ၊ ပြောစမ်းပါဦး"

သွားခေါ်က...

"အမှောင်လောကမှာ နာမည်ရှိတဲ့လူတစ်ချို့ ကျုပ်ရဲ့ လောင်းကစားဝိုင်းကို ရောက်လာကြတယ်ဗျ၊ သည်လူတွေက တကယ့်ကို မိုက်မဲတဲ့လူတွေ"

"ကြောက်စရာကောင်းတဲ့ လူတွေပေါ့"

"ဟုတ်တယ်၊ မြွေပွေးမြွေဟောက်လို လူစားမျိုးတွေဗျ"

"ကောင်းတယ်"

ဖုန်းမို ကျေနပ်သွားလေသည်။

"ကောင်းတယ်၊ သည်လူတွေထဲကပဲ အတော်ဆုံးဆိုတဲ့လူ ငါးယောက်ကို ငှားလိုက်ပါ"

"ရပါတယ်ဗျာ၊ သူတို့ဟာ ငွေရယင် ဘာမဆိုလုပ်ဝံ့သူတွေပါ၊ ငွေငါးသောင်းရမယ်ဆိုယင် ငြင်းကြမှာ မဟုတ်ပါဘူး၊ ဒါပေမယ့်"

"ဘာဖြစ်လို့လဲ"



"သူတို့ကို ထိန်းသိမ်းဖို့ဆိုတာ"

"ကိစ္စမရှိဘူး၊ ငါတာဝန်ထားလိုက်ပါ"

ဖုန်းမိုက လက်သုံးချောင်းထောင်ပြလိုက်သည်။

"မင်းကို သုံးရက် အချိန်ပေးမယ်၊ လူငါးယောက်ရှာထား၊ သည်ကိစ္စကို ဆောင်ရွက်ပေးတဲ့အတွက် မင်း ငွေတစ်သိန်းရမယ်"

"ကျေးဇူးပါပဲဗျာ"

ဖုန်းမိုသည် သွားခေါ်အား နှုတ်မဆက်ဘဲ ထွက်သွားလေတော့သည်။

ဖုန်းမို ပျောက်ကွယ်သွားတော့မှ သွားခေါ် သက်ပြင်းချလိုက်လေသည်။

"သည်လူ ဘာမကောင်းတာတွေ လုပ်ဦးမလို့လဲ မသိဘူး"

ဟုလည်း ညည်းတွားလိုက်လေတော့သည်။

* * *

သွားခေါသည် ဖုန်းမိုမိုင်းသည့်အတိုင်း မလုပ်ပေးဘဲ မနေဝံ့ပါချေ။

တိတ်တဆိတ် ရောက်ရှိနေသည့် အမှောင်လောကသားများနှင့် ဆက်သွယ်လိုက်လေသည်။

သွားခေါ၏ လောင်းကစားဝိုင်းသည် အလွန်ကြေးကြီးသော ကစားဝိုင်းဖြစ်သည်။

အလိမ်အကောက်မရှိ၊ အလျှော်အစား ငွေမှန်သည်။

လောင်းကစားဝိုင်း၌ ရှုံးသည်ဖြစ်စေ၊ နိုင်သွားပါစေ၊ လုယက်တိုက်ခိုက်မှု မခံရဟု သွားခေါ ရဲရဲဝံ့ဝံ့ အာမခံထားသည်။

ထို့ကြောင့် အမှောင်လောကသားများသည် သွားခေါ၏ လောင်းကစားဝိုင်းကို မျက်စိကျကာ တိတ်တဆိတ် ရောက်လာကြခြင်းဖြစ်သည်။

တည်းခိုခန်းများ၌လည်းကောင်း၊ အခြားနေရာများ၌လည်းကောင်း အဆင်ပြေသလို နေထိုင်ကြသည်။

သွားခေါ၏ ကစားဝိုင်းသို့ တိတ်တဆိတ် လာကြသည်။

နိုင်လျှင် ငွေထုပ်ပိုက်ပြန်သွားသလို ရှုံးလျှင်လည်း အေးအေးဆေးဆေးပင် ပြန်သွားကြလေသည်။ အန္တရာယ်ဖြစ်လောက်အောင် ပြဿနာရှာခြင်းမျိုး မည်သူမျှ မပြုလုပ်ကြချေ။

လောင်းကစားဝိုင်းမှတဆင့် နာမည်ရှိသော အမှောင်လောကသားတစ်ချို့ မြို့ထဲရောက်ရှိနေကြောင်း သွားခေါ သိထားပြီးဖြစ်သည်။



ဖုန်းမိုက တာဝန်ပေးလာသောအခါ ထိုအမှောင်လောကသားများထဲမှ ကြောက်စရာအကောင်းဆုံးလူတစ်ချို့ကို သွားခေါ ဆက်သွယ်လိုက်လေသည်။

ငွေငါးသောင်းဆိုသည်က စိတ်ဝင်စားစရာ ကောင်းနေသဖြင့် ဖိတ်ခေါ်ထားသူများသည် သွားခေါထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ကြလေတော့သည်။

* * *

သွားခေါက လုံခြုံစိတ်ချရသော သီးသန့်အိမ်ကလေးတစ်လုံး၌ ဖိတ်ခေါ်ထားသူများနှင့် လက်ခံတွေ့ဆုံလိုက်လေသည်။

သွားခေါက ကြောက်စရာကောင်းသည့် လူတစ်ချို့ကို ဖိတ်ခေါ်ထားခြင်းဖြစ်သည်။

ဗလကြီး။

စန်းကြီးညီနောင်။

သူတော်ရှမ်း။

တစ်ကိုယ်တော်ချင်းဟန်နှင့် မုတ်ဆိတ်တို့ ဖြစ်လေသည်။

သို့သော်...

တကယ်တမ်း ရောက်လာချိန်၌ လူပိုတစ်ယောက် ပါလာလေသည်။

ပူအိုက်နေသော အချိန်ကာလမှာပင် အနွေးထည်ကြီးဝတ်

ထားသည့် လူရွယ်တစ်ဦး ဖြစ်လေသည်။

သွားခေါက...

"သူက ဘယ်သူနဲ့ပါလာတာလဲ"

လူမမာလူရွယ်ကို ညွှန်ပြကာ ကျန်လူများကို မေးလိုက်လေသည်။

ဖလကြီးက...

"ကျုပ်နဲ့လိုက်လာတာပါဗျာ"

"ခင်ဗျားက ဘာကြောင့် ခေါ်လာတာလဲ"

"အလုပ်လုပ်ဖို့ သူ့ကိုချေးယင် ငွေငါးသောင်းရမယ် မဟုတ်လားဗျာ"

"သြော်...ငွေငါးသောင်း လိုချင်လို့ လိုက်လာတာကိုး"

သွားခေါက လူမမာကို လှမ်းမေးလိုက်သည်။

"မင်းက ကိုယ့်ကိုကိုယ်တောင် ဟန်နိုင်လို့လား"

လူမမာက...

"ရပါတယ်ဗျာ"

ဖလကြီးက...

"ခင်ဗျား သူ့ကို အထင်မသေးနဲ့နော်၊ ကြွက်စုတ်သုံးကောင်နဲ့စကားများပြီး ရှင်းပစ်လိုက်တာ ကျုပ်မျက်မြင်ကိုယ်တွေ့ဗျ"

"သြော်"

သွားခေါက လူမမာကို စိုက်ကြည့်လိုက်လေသည်။

ကျန်လူများလည်း လူမမာကို စိတ်ဝင်စားသွားကြသည်။



ကြွက်စုတ်သုံးကောင်း ဆိုသည်မှာ အလွန်ကောက်ကျစ်သောလူဆိုးများဖြစ်ကြပြီး အဆိပ်လက်နက်ပုန်းများလည်း အသုံးပြုတတ်ကြသူများဖြစ်၍ အမှောင်လောကသား အချင်းချင်းပင် သတိထားရသူများ ဖြစ်လေသည်။

ကြွက်စုတ်သုံးကောင်အား ဆုံးမနိုင်လိုက်သူမှာ ခေသူမဟုတ်ကြောင်း ထင်ရှားနေပါတော့သည်။

သွားခေါက...

"ဖလကြီးပြောတာ ဟုတ်သလား"

ဟု လူမမာကို မေးလိုက်လေသည်။

လူမမာက...

"ကျုပ်က ငွေနည်းနည်းလိုနေတာ၊ သူတို့က ငွေရပေါက်တစ်ခုတိုးလာတယ်ဆိုတာ သိရလို့ နည်းနည်းလောက်မျှပေးဖို့ အကူအညီတောင်းခဲ့တာ၊ ဒါကို ကျုပ်ကို ဝိုင်းပြီးရန်လုပ်ကြလို့ ခုခံယင်း လက်လွန်သွားတာပါဗျာ"

ခုခံယင်း လက်လွန်သွားသည်ဖြစ်စေ၊ တမင်ပြုလုပ်သည်ဖြစ်စေ၊ လူမမာ၏လက်ချက်ဖြင့် ကြွက်စုတ်သုံးကောင် သေဆုံးသွားသည်မှာ အမှန်ပင်ဖြစ်နေပါတော့သည်။

ဖလကြီးက...

"သူက နေမကောင်းပေမယ့် ဘာမဆို လုပ်နိုင်ပါတယ်ဗျာ"

ဟု ထောက်ခံ ပြောဆိုလိုက်လေသည်။

သွားခေါက…

"မင်း သည်လောက် ထောက်ခံနေရအောင် သူနဲ့ဘယ်လို ပတ်သက်နေတာလဲ၊ ပြောပါဦး"

ဗလကြီးက…

"သူက ကျုပ်ပေးစရာရှိတဲ့ ဖဲကြွေးတွေကို စိုက်ပေးခဲ့တယ်၊ ကျုပ်ကို အရက်လည်း တိုက်ခဲ့တယ်လေဗျာ"

"ဪ"

သွားခေါ် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

ရောက်လာသူများကို ရေတွက်ကြည့်လိုက်လေသည်။

လူမဟာကိုပါ ထည့်ပြီး ရေတွက်မည်ဆိုလျှင် အားလုံး ခုနစ်ယောက် ဖြစ်နေသည်။

ဖုန်းမိုက ငါးယောက်ထဲ လိုချင်နေသည်။

ထို့ကြောင့် နှစ်ယောက်ကို ဖယ်ရှားရပေမည်။

မည်သူ့ကို ဖယ်ရှားရမည်နည်း။

သွားခေါက ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ပြောင်ဖွင့် ပြောလိုက်လေသည်။

"အလုပ်ရှင်က ငါးယောက်လိုချင်တာ၊ အခုတော့ ခုနစ်ယောက်ဖြစ်နေတယ်၊ နှစ်ယောက်လျှော့ရမယ်၊ ကဲ ခင်ဗျားတို့ အချင်းချင်းတိုင်ပင်လိုက်ကြပါ၊ ဘယ်သူတွေ နေခဲ့မလဲ၊ ဘယ်သူတွေ ထွက်သွားမလဲ၊ ကျုပ် အရှေ့ဘက်အခန်းက စောင့်နေမယ်၊ ခင်ဗျားတို့ တိုင်ပင်ပြီးယင် ကျုပ်ဆီကို လာခဲ့ကြပေါ့"



စကားဆုံးလျှင် မည်သူ့ကိုမျှ အမှုမထားတော့ဘဲ ထွက်သွားလေတော့သည်။

* * *

သွားခေါ် ကြာကြာ မစောင့်လိုက်ရပါ။

လူငါးယောက်က သူ့ထံသို့ ရောက်ရှိလာလေသည်။

ထိုလူငါးယောက်တွင် စန်းကြိုးညိနောင် ပါမလာတော့ချေ။

လူမဟာက စန်းကြိုးညိနောင်အား သုတ်သင်ဖယ်ရှားလိုက်ခြင်းဖြစ်လေသည်။

ယခု…

သူ့ထံသို့ ရောက်လာသူ ငါးယောက်အနက် လူမဟာမှာ ကြောက်စရာအကောင်းဆုံး ဖြစ်ကြောင်း သွားခေါ် နားလည်လိုက်ပြီ ဖြစ်လေသည်။

သွားခေါ်သည် အားလုံးကို တစ်ချက်ဝေ့ကြည့်ပြီး အသင့်ပြင်ဆင်ထားသော ငွေထုပ်ကလေးငါးထုပ်ကို ပေးလိုက်သည်။

"အိတ်ထဲမှာ စရံငွေတစ်သောင်းစီ ပါတယ်၊ အလုပ်ပြီးတာနဲ့ ကျန်တဲ့ငွေထပ်ရမယ်၊ နောက်သုံးရက်ကြာယင် အလုပ်လုပ်မယ်၊ ဘာလုပ်ရမယ်ဆိုတာ အဲသည်တော့မှ ပြောမယ်၊ ကဲ· ပြန်နိုင်ပါပြီ"

အလုပ်ကို အလုပ်နှင့်တူအောင် ပြောဆိုလုပ်ကိုင်လိုက်ခြင်း ဖြစ်လေသည်။

အားလုံးကလည်း ငွေထုပ်ကလေးများယူကာ အသီးသီးထွက်သွားကြလေတော့သည်။

* * *

ရွှေသစ္စာဂိုဏ်းချုပ်ကော့ဟောင်သည် ဒုဂိုဏ်းချုပ်က တွေ့ခွင့်တောင်းလာခြင်းကြောင့် အရေးကြီးသောကိစ္စရှိနေပြီဖြစ်ကြောင်း နားလည်လိုက်လေသည်။

"အကြောင်းထူးပြီလား"

ဒုဂိုဏ်းချုပ်စုလိရှကာ...

"ဂိုဏ်းချုပ်ကြီး မျှော်လင့်ထားတဲ့အတိုင်း ကျင်းဂိုဏ်းက လှုပ်ရှားလာပါပြီ"

ဂိုဏ်းချုပ်ကော့ဟောင်က...

"ပြောစမ်းပါဦး"

ဒုဂိုဏ်းချုပ်စုလိရှကာ...

"ကျင်းဂိုဏ်းက အကြီးအကဲ ဖုန်းမိုက ကြေးစားတွေကို ငှားရမ်းပြီး သူဌေးဝူကျိန်းကို ဒုက္ခပေးပါလိမ့်မယ်"

ဂိုဏ်းချုပ်ကော့ဟောင် ပြုံးလိုက်သည်။

"ကောင်းပြီလေ သူဌေးဝူကျိန်းနဲ့ ဆက်သွယ်ပြီး သည်ကိစ္စကိုအမှန်အတိုင်း ဖော်ထုတ်နိုင်အောင် ပိပိရိရိ ဆောင်ရွက်ပါ"

ဒုဂိုဏ်းချုပ်စုလိရှကာ...



"ဖုန်းမိုက သူဌေးဝူကျိန်းကို ဒုက္ခပေးပြီးယင် ငှားရမ်းထားတဲ့ကြေးစားတွေကို နှုတ်ပိတ်ပစ်မှာပါ၊ ကြေးစားအယောင်ဆောင်ထားတဲ့ ကျုပ်လူတစ်ယောက် ပါနေတော့ သူအန္တရာယ်မဖြစ်အောင် အကူအညီပေးရပါမယ်၊ ဂိုဏ်းချုပ် ခွင့်ပြုစေချင်ပါတယ်"

ဂိုဏ်းချုပ်ကော့ဟောင်က....

"ခင်ဗျားက တံတိုင်းနီအဖွဲ့ကို ဦးဆောင်ပြီး အကောင်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်ပေတော့၊ ဘယ်လိုကိစ္စမျိုးကိုမဆို ကျုပ်ခွင့်ပြုချက်နဲ့ ဆောင်ရွက်တယ်လို့ မှတ်ထားလိုက်ပေတော့"

"ကျေးဇူးတင်ပါတယ် ဂိုဏ်းချုပ်"

ဒုဂိုဏ်းချုပ်စုလိရှသည် လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရမည်ဖြစ်ရာ ဝမ်းသာသွားလေတော့သည်။

* * *

## တံတိုင်းနီ

နေမွန်းတည့်တော့မည် ဖြစ်သည်။

မြို့ပြင်တောအုပ်ထဲသို့ ကြေးစားငါးယောက် ရောက်ရှိလာကြလေသည်။

သူတို့သည် တောလမ်းမှဖြတ်သန်းလာမည့်မြင်းလှည်းတစ်စီးကို တိုက်ခိုက်ရမည် ဖြစ်သည်။

မြင်းလှည်းပေါ်၌ လိုက်ပါလာသူအားလုံးကို သတ်ပစ်ရမည် ဖြစ်သည်။

အထူးအခွင့်အရေးအနေနဲ့ မြင်းလှည်းပေါ်၌ ပါလာသော ပစ္စည်းများကို ယူပိုင်ခွင့် ပေးထားခြင်းဖြစ်လေသည်။

ထို့ကြောင့် ဗလကြီးတို့က ဝမ်းသာနေကြလေသည်။



မြင်းလှည်းပေါ်မှ ပစ္စည်းများရယူနိုင်ခြင်းမှာ အပိုဆုဖြစ်သည်မဟုတ်ပါလား။

တောလမ်းကလေး၌ သစ်ပင်ချုံနွယ်များကို အကာအကွယ်ယူကာ ပုန်းအောင်းနေလိုက်ကြလေသည်။

ဗလကြီးသည် လူမမာနှင့်အတူ သစ်ပင်များကြား၌ ပုန်းအောင်းလိုက်သည်။

မြင်းလှည်းလာမည့် လမ်းဆီသို့ မျှော်ကြည့်ယင်း...

"မြင်းလှည်းပေါ်မှာ ပါလာတဲ့ပစ္စည်းတွေကိုပါ အပိုဆုအနေနဲ့ယူခွင့်ရှိတယ်ဆိုတော့ တကယ့်ကို ကောင်းတဲ့အလုပ်ပဲကွ"

ဟု တီးတိုးပြောလေသည်။

လူမမာက...

"သူတို့က ဘာကြောင့် သည်လောက်တောင် သဘောကောင်းနေကြတယ်ဆိုတာကော ခင်ဗျားမစဉ်းစားမိဘူးလား"

"ဟင်"

ဗလကြီး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

လူမမာက...

"သူတို့က ငွေလည်း ထိုက်ထိုက်တန်တန် ပေးထားသေးဘယ်၊ အကြောင်းတစ်ခုခုတော့ ရှိရမယ် မဟုတ်လား"

ဗလကြီးက...

"အင်းမင်းပြောမှပဲ ငါစဉ်းစားမိတော့တယ်"

လူမမာက...

"ကျုပ်တို့မသိအောင် ဖုံးကွယ်ထားတဲ့အကြောင်းတစ်ခုခု ရှိရမယ် မဟုတ်လား"

"ဒါပေါ့"

"ကျုပ် စိတ်ထင်တော့.."

လူမမာ စကားဆုံးအောင် မပြောရသေးပါ။

အော်ဟစ်သီချင်းဆိုသံများ ထွက်ပေါ်လာသည်ကို ကြား လိုက်ရလေသည်။

* * *

သီချင်းဆိုသံ၊ ငြင်းခုန်သံများနှင့်အတူ တောလမ်းလေးပေါ် ၌ လူသုံးယောက် ထွက်ပေါ်လာလေသည်။

သုံးယောက်စလုံး ဒယီးဒယိုင်ဖြစ်နေကြ၏။

သူတို့၏လက်ထဲ၌ အရက်တစ်အိုးနှင့် အထုပ်များဆွဲလာကြ လေသည်။

အရက်သမား သုံးယောက်ဖြစ်နေပါတော့သည်။

ဗလကြီးက...

"အရက်သမားတွေပဲ"

လူမမာက...

"အင်း..သူတို့ကိုကြည့်ရတာ တောလမ်းပေါ်မှာပဲ စတည်း ချတော့မယ် ထင်တယ်"



သူ၏အတွေး မှန်ကန်နေပါသည်။

အရက်သမားသုံးယောက်သည် လမ်းဘေးသစ်ပင်တစ်ပင် အောက်၌ ဝိုင်းဖွဲ့ထိုင်လိုက်ကြလေသည်။

တစ်ယောက်က...

"သည်လောက် အေးချမ်းပြီး သာယာလှပနေတဲ့ နေရာမှာ အရက်သောက်ရယင် အတော်ကို အရသာရှိမှာပဲ"

အခြားတစ်ယောက်က...

"သိပ်မှန်တာပေါ့၊ သည်မှာပဲ သောက်ကြမယ်"

"ကောင်းတယ်"

သုံးယောက်သား အထုပ်များထဲမှ ကြက်သားကင်၊ ဝက် သားကင်များ ထုတ်လိုက်ကြသည်။

အရက်အိုးကို တစ်ယောက်တစ်လှည့် မော့သောက်လိုက် ကြလေသည်။

အရက်သောက်လိုက် အမြည်းစားလိုက်ဖြင့် ဇိမ်ကျနေကြ တော့သည်။

တစ်ယောက်နဲ့တစ်ယောက် ငြင်းခုန်ပြောဆိုနေကြပြီး သီ ချင်းများလည်း အော်ဆိုနေကြသေး၏။

အရက်သမားသုံးယောက်ကြောင့် ဗလကြီး မကျေမနပ်ဖြစ် သွားလေတော့သည်။

"ကျုပ်တို့အတွက် အနှောက်အယှက် ဖြစ်တော့မှာပဲ"

ထိုစဉ်...

ချုံပုတ်များနောက်မှ လူတစ်ယောက် ထွက်လာပြီး အရက်သမားသုံးယောက်ထံ လှမ်းသွားနေသည်ကို တွေ့လိုက်ရလေသည်။

ဗလကြီးက...

"မုတ်ဆိတ်က မောင်းထုတ်တော့မှာကိုး၊ ကောင်းတယ် ကောင်းတယ်"

အရက်သမားများထံ လှမ်းသွားနေသူမှာ မုတ်ဆိတ်ဖြစ်လေသည်။

ဗလကြီးနှင့် လူမမာတို့ အခြေအနေစောင့်ကြည့်နေလိုက်ကြလေသည်။

တိတ်ဆိတ်နေသောတောလမ်းတွင် မုတ်ဆိတ်၏စကားသံကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

"ဟေ့လူတွေ ခင်ဗျားတို့ သည်နေရာက ထွက်သွားမလား ဒါမှမဟုတ် ကျုပ် မောင်းထုတ်ရမလား"

အရက်သမားသုံးယောက် မကျေမနပ် ဖြစ်သွားကြ၏။

"ကျုပ်တို့ဘာသာ အရက်သောက်နေတာ ဘာကြောင့်လာပြီး နှောက်ယှက်ရတာလဲဗျ"

"ဒါ တောထဲရောက်နေတာ၊ ကျုပ်တို့က တမင် လူမရှိတဲ့နေရာမှာလာပြီး အရက်သောက်ကြတာ၊ ကျုပ်တို့ကြောင့် ဘယ်သူများ အနှောက်အယှက်ဖြစ်လို့လဲ၊ ပြောစမ်းပါဦး"

"ကျုပ်တို့ အေးအေးနေတာလာပြီး မစော်ကားနဲ့နော်၊ သည်းခံမှာ မဟုတ်ဘူး"



အာလေးလျှာလေးဖြင့် ပြန်လည်အော်ငေါက်လိုက်ကြလေသည်။

ဗလကြီးက...

"မုတ်ဆိတ်တော့ အပိုဆုတွေ့ရပြီ"

လူမမာက...

"ဘာဖြစ်လို့လဲဗျ"

ဗလကြီးက...

"သူက စိတ်ရှည်တာမဟုတ်ဘူး၊ အရက်သမားသုံးယောက်ကို သတ်ပစ်လိမ့်မယ်"

လူမမာ ပါးစပ်ပိတ်ထားလိုက်လေသည်။

မုတ်ဆိတ်၏အသံသြသြကြီး ထွက်ပေါ်လာလေသည်။

"ခင်ဗျားတို့ ခုချက်ချင်း ထွက်သွားစမ်း၊ ဒါမှမဟုတ်ယင် သေဖို့သာပြင်ထား"

မုတ်ဆိတ်က ဝှက်ထားသော ဓားတစ်လက်ကို ဆွဲထုတ်လိုက်လေသည်။

ဓားကိုမြင်လျှင် အရက်သမားသုံးယောက် ကြောက်ရွံ့သွားသည်ထင်ရလေသည်။

သို့သော်...

အရက်သမားသုံးယောက်က မကြောက်သည့်အပြင် ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်ကြလေသည်။

"အံမယ် ဓားနဲ့ခြိမ်းခြောက်တယ်ပေါ့လေ"

"ကျုပ်တို့က ကြောက်မယ်များ ထင်နေသလား"

"ခုတ်စမ်း...ခုတ်ဝံ့ ခုတ်ကြည့်စမ်း"

တစ်ယောက်တစ်ပေါက် ပြန်လည်အော်ငေါက်လိုက်ကြလေသည်။

ဗလကြီးက...

"သေကုန်တော့မှာပဲ"

ညည်းတွား လိုက်လေသည်။

မုတ်ဆိတ်ကလည်း..

"သေလိုက်ကြစမ်း"

ဓားဖြင့် ခုတ်ချရန် ဟန်ပြင်လိုက်လေသည်။

ထိုအချိန်မှာပင်...

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

* * *



မြင်းခွာသံများ ထွက်ပေါ်လာသည်။

တောလမ်းအတိုင်း မြင်းလှည်းတစ်စီး ခရီးနှင်လာနေသည်ကိုတွေ့လိုက်ရလေသည်။

မုတ်ဆိတ် ကြောင်အမ်းအမ်း ဖြစ်သွား၏။

သူတို့ တိုက်ခိုက်ရမည့် မြင်းလှည်းရောက်ရှိလာပြီ မဟုတ်ပါလား။

သူနှင့် အရက်သမားသုံးယောက် ပြဿနာဖြစ်နေသည်ကို မြင်လျှင် မြင်းလှည်းပေါ်မှ လူများ သတိထားနေကြတော့မည် ဖြစ်သည်။

အငိုက်ဖမ်း တိုက်ခိုက်ဖို့ လွယ်တော့မည် မဟုတ်ပါ။

မုတ်ဆိတ်ကြောင်အမ်းအမ်း ဖြစ်နေရာမှ သတိဝင်လာလေသည်။

"သေလိုက်စမ်း"

အရက်သမားသုံးယောက်အား အယင်ဆုံး ရှင်းပစ်ရန် ဟန်ပြင်လိုက်စဉ် အရက်သမားတစ်ယောက်၏ လက်သီးက သူ၏မျက်နှာသို့ တိုးဝင်သွားတော့သည်။

"ခွပ်"

"အား"

မုတ်ဆိတ် ဓားတခြား လူတခြားဖြစ်ကာ မြေပေါ်ပက်လက်လန်လဲကျသွားပြီး မလှုပ်မယှက် ဖြစ်သွားလေတော့သည်။

ဗလကြီး မကျေမနပ် ဖြစ်သွား၏။

"ပြဿနာတော့ ပေါ်လာပြီ၊ အရက်သမားတွေက အရေးမကြီးဘူး၊ မြင်းလှည်းက အရေးကြီးတယ်"

မြင်းလှည်းကို တိုက်ခိုက်ရန် စတင်လှုပ်ရှားဖို့ ဟန်ပြင်လိုက်လေသည်။

သို့သော် သူ၏ခြေလက်များ လှုပ်ရှား၍မရဘဲ ထုံထုံထိုင်းထိုင်းဖြစ်သွားလေသည်။ ဗလကြီး အံ့ဩသွား၏။

"ငါ ဘယ်လိုဖြစ်တာလဲ"

သူ ရေရွတ်လိုက်သော်လည်း စကားသံ ထွက်ပေါ်လာခြင်း မရှိပါချေ။

လှုပ်ရှား၍မရ၊ စကားပြော၍မရအောင် ဖြစ်သွားသည်မှာ အဘယ်ကြောင့်ပါနည်း။

လူမမာက သူ့အား ပြုံး၍ကြည့်နေသည်ကို တွေ့ရ၏။

ဗလကြီးသည် လူမမာ၏အပြုံးကို နားလည်သဘောပေါက်သွားလေတော့သည်။

လူမမာက သူ့အား သွေးကြောပိတ်ထားလိုက်ခြင်း မဟုတ်ပါလား။ အဘယ်ကြောင့်ပါနည်း။

လူမမာက...

"နှစ်ယောက်ပဲ ကျန်တော့တယ်၊ ခဏစောင့်ပါဗျာ"

ဟုပြောကာ ပုန်းကွယ်ရာမှ ခုန်ထွက်လိုက်လေတော့သည်။

* * *



ဗလကြီး သွေးကြောပိတ်ခံထားရသည်။

မုတ်ဆိတ်လည်း အရက်သမား၏လက်ချက်ဖြင့် မြေပေါ် လဲကျကာ သတိလစ်မေ့မြောနေပြီဖြစ်သည်

မြင်းလှည်းအား တိုက်ခိုက်ဖို့ ကြေးစားငါးယောက် လွှတ်လိုက်ခြင်းဖြစ်သည်။

ငါးယောက်အနက် နှစ်ယောက်လဲကျနေပြီဖြစ်ရာ သုံးယောက်သာ ကျန်တော့သည်။

လူမမာ၊ သူတော်ရှမ်းနှင့် တစ်ကိုယ်တော်ချင်းဟန်တို့ ဖြစ်လေသည်။

အရက်သမားသုံးယောက်နှင့် မုတ်ဆိတ်တို့၏ ရန်ပွဲကြောင့်...

"ဟေး"

မြင်းလှည်းသမားက မြင်းများကို ငေါက်ကာ မြင်းလှည်းကို ရပ်တန့်လိုက်လေသည်။

မြင်း..လှည်း ရပ်သွားသည်နှင့်...

"ဘာဖြစ်တာလဲဟေ့"

မေးမြန်းသံနှင့်အတူ လူနှစ်ယောက်က မြင်းလှည်းအိမ်ထဲမှ ဆင်းလာကြလေသည်။

အရက်သမားတစ်ယောက်က...

"ကျုပ်တို့ အရက်သောက်နေတာကို လာပြီးနှောက်ယှက်လို့ ဆုံးမလိုက်တာလေ"

အခြားတစ်ယောက်က...

"ခင်ဗျားတို့ကကော နှောက်ယှက်ချင်သေးလို့လား၊ ဒါမှမဟုတ် အရက်သောက်ချင်လို့လား"

မြင်းလှည်းပေါ်မှဆင်းလာသူ နှစ်ယောက်မှာ သူဌေးသူကြွယ်တစ်ဦးကဲ့သို့ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသူတစ်ယောက်နှင့် သက်တော်စောင့်အလား ကိုယ်ကြပ်အင်္ကျီဝတ်ဆင်ကာ ဓါး၌ဓားတစ်လက်ချိတ်ဆွဲထားသူတစ်ယောက်တို့ ဖြစ်လေသည်။

မြင်းလှည်းသမားကလည်း ကြာပွတ်ကိုင်ကာ မြင်းလှည်းပေါ်မှဆင်းလာလေသည်။

ဝတ်ကောင်းစားလှ ဝတ်ထားသူက...

"ကျုပ်တို့ မနှောက်ယှက်ဘူး၊ အရက်လည်း မသောက်ဘူး၊ ကိုယ့်လမ်းကိုယ်သွားမယ်"

"ဒါဆို သိပ်ကောင်းတာပေါ့ဗျာ"

အရက်သမားများက ရယ်မောလိုက်ကြလေသည်။

ဝတ်ကောင်းစားလှ ဝတ်ထားသူက...

"သွားစို့"

ဟုပြောပြီး မြင်းလှည်းပေါ် ပြန်တက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

"ရပ်လိုက်"

ဟန့်တားသံနှင့်အတူ သူတော်ရှမ်းနှင့် တစ်ကိုယ်တော်ချင်းဟန်တို့ ပြေးလွှား ရောက်ရှိလာကြလေသည်။



သူတော်ရှမ်းက တောင်ဝှေး၊ တစ်ကိုယ်တော်ချင်းဟန်က ဓား အသုံးပြုကာ တိုက်ခိုက်ရန် ကြိုးစားလိုက်ကြလေသည်။

"ဟူး"

ရုတ်တရက် အဝတ်အစားလေတိုးသံနှင့်အတူ လူတစ်ယောက်သည် သူတို့ရှေ့သို့ ရောက်လာပြီး ဟန့်တားလိုက်လေသည်။

ထိုလူကိုမြင်လျှင် သူတော်ရှမ်းက...

"လူမမာပါလား"

တစ်ကိုယ်တော် ချင်းဟန်က...

"မင်းက ဘာသဘောလဲ"

မကျေမနပ် အော်ငေါက်လိုက်ကြလေသည်။

လူမမာ ပြုံးလိုက်သည်။

"ကျုပ်က ခင်ဗျားတို့ကို တားဆီးမယ့်လူပါဗျာ၊ ခင်ဗျားတို့ ထင်သလို ကြေးစားမဟုတ်ပါဘူး"

"ဟာကွ"

"တဲ့တိုင်းနီဆိုတာ ခင်ဗျားတို့ ကြားဖူးသလား"

သူတော်ရှမ်းနှင့် တစ်ကိုယ်တော်ချင်းဟန်တို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။

သူတော်ရှမ်းက...

"မင်း ဘယ်သူပဲဖြစ်ဖြစ်၊ ကျုပ်တို့ကို နှောက်ယှက်ယင်တော့ တိုက်ခိုက်ရမှာပဲ"

စကားဆုံးလျှင် တောင်ဝှေးကိုဝှေ့ယမ်းကာ တိုက်ခိုက်လိုက်လေသည်။

"သေပေတော့"

တစ်ကိုယ်တော်ချင်းဟန်ကလည်း ဓားတစ်လက် အသုံးပြုကာ တိုက်ခိုက်လိုက်လေသည်။

သို့သော်…

အရက်သမားသုံးယောက်၊ သူဌေး၊ သက်တော်စောင့်နှင့် မြင်းလှည်းသမားတို့ကပါ ဝိုင်းရံလာကြသောအခါ သူတော်ရှမ်းနှင့် တစ်ကိုယ်တော်ချင်းဟန်တို့ ဘာမှမတတ်နိုင်ကြတော့ပါချေ။

လူမမာတို့က သူတို့ထက်ပို၍ လက်သွက်နေသဖြင့်…

"ဝုန်း"

"အား"

နှစ်ယောက်သား မြေပေါ်လဲကျကာ မလှုပ်မယှက်ဖြစ်သွားကြလေတော့သည်။

* * *



လူမမာ။

အရက်သမားသုံးယောက်။

သူဌေး၊ သက်တော်စောင့်နှင့် မြင်းလှည်းသမား။

သူတို့အားလုံး တစ်ဖွဲ့တည်းသားများ ဖြစ်ကြသည်။

ရွှေသစ္စာဂိုဏ်း၏ လက်ရွေးစင်တံတိုင်းနီ အဖွဲ့သားများ ဖြစ်လေသည်။

ကျင်းဂိုဏ်း၏လှုပ်ရှားမှုများကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ထိုးဖောက်စုံစမ်းခဲ့ကြပြီး ကျင်းဂိုဏ်းက သူဌေးဝူကို ဒုက္ခပေးကာ ရွှေသစ္စာဂိုဏ်းအပေါ် အပြစ်ပုံချရန် ကြံစည်ခဲ့သည်ကို ဖော်ထုတ်နေကြခြင်း ဖြစ်လေသည်။

ကျင်းဂိုဏ်းမှ ငှားရမ်းထားသော ကြေးစားများကို သူတို့လက်ရဖမ်းနိုင်ခဲ့ကြပြီ ဖြစ်သည်။

သူဌေးဝူအသွင် ဝတ်ဆင်ထားသူမှာ တံတိုင်းနီတို့၏ခေါင်းဆောင် အမှတ်တစ်ဖြစ်လေသည်။

အမှတ်တစ်က လူမမာဟန်ဆောင်ထားသူအား လှမ်းမေးလိုက်လေသည်။

"အမှတ်ခြောက်…သူတို့ရဲ့ နောက်ထပ်အစီအစဉ်က ဘာများဖြစ်မလဲ"

လူမမာ(ဝါ) တံတိုင်းနီ လက်ရွေးစင် အမှတ်ခြောက်က…

"သူဌေးဝူကို လုပ်ကြံပြီးယင် ကြေးစားတွေကို နှုတ်ပိတ်လိမ့်မယ် ထင်ပါတယ်"

အမှတ်တစ်က…

"သူတို့က ကြေးစားတွေကို…"

အမှတ်ခြောက်က…

"မြို့ပြင်သုသာန်မှာ ကျန်တဲ့ငွေ လာယူဖို့ချိန်းထားပါတယ်"

အမှတ်တစ်က…

"ကောင်းပြီ မြို့ပြင်သုသာန်ကို သွားကြမယ်၊ ကြေးစားတွေကို မြင်းလှည်းပေါ်တင်လိုက်ပါ"

ဟု အမိန့် ပေးလိုက်လေသည်။

အားလုံး ခပ်သွက်သွက် လှုပ်ရှားလိုက်ကြလေသည်။

ကြေးစားများသည် သူဌေးဂူအား ကျင်းဂိုဏ်းမှလုပ်ကြံရန် ကြိုးစားခဲ့ကြောင်း သက်သေထွက်ဆိုမည့်သူများ ဖြစ်လာကြပေမည်။

ထို့နောက်…

မြင်းလှည်းဖြင့် မြို့ပြင်သုသာန်သို့ ထွက်သွားကြတော့သည်။

* * *



တံတိုင်းနီများသည် မြို့ပြင်သုသာန်သို့ ရောက်လာလျှင် သူတို့၏မြင်းလှည်းကို လူတစ်စုက ဝိုင်းရံထားလိုက်ကြလေသည်။

ကျင်းဂိုဏ်းသားများ ဖြစ်သည်။

ဦးဆောင်လာသူမှာ 'ဖုန်းမို'ကိုယ်တိုင် ဖြစ်သည်။

မြင်းလှည်းကို မောင်းလာသူမှာ အမှတ်ခြောက်လူမမာ ဖြစ်သည်။

ကျန်လူများက မြင်းလှည်းအိမ်ထဲမှ လိုက်ပါလာကြလေသည်။

လူမမာက…

"ကျုပ်တို့ တာဝန်ပြီးဆုံးသွားပြီဗျ"

ဟု ပြောလိုက်သည်။

ဖုန်းမိုက…

"မင်းတို့က သူဌေးဂူကျိန်းကို လုပ်ကြံပစ်လိုက်ပြီဟုတ်လား"

လူမမာက…

"ဟုတ်တယ်"

"ကျန်တဲ့ လူတွေကော"

"သေကုန်ပြီ"

"မင်းတစ်ယောက်ပဲ ကျန်တော့တယ် ဟုတ်လား"

"ဟုတ်တယ်"

ဖုန်းမိုက…

"မင်းက ကျန်တဲ့ငွေ လာယူတာလား"

“ဒါပေါ့ဗျာ”

“ကောင်းပြီ..ကဲ သူ့ကိုငွေပေးလိုက်ကြပါ”

ဖုန်းမိုက လက်ဝှေ့ယမ်းပြလိုက်လျှင် ကျင်းဂိုဏ်းသားများက လူမမာအား တိုက်ခိုက်လိုက်ကြတော့သည်။

ထိုအချိန်မှာပင်...

“ဝုန်း”

မြင်းလှည်းတံခါးပွင့်သွားပြီး အမှတ်တစ်ဟို့လူစု ခုန်ထွက်လာကြသည်။

တိုက်ပွဲလည်း ပြင်းထန်စွာ ဖြစ်ပေါ်လာလေတော့သည်။

* * *

လူမမာ၏သတင်းပေးမှုကြောင့် ကျန်တံတိုင်းနီအဖွဲ့ဝင်များသည် လောင်းကစားဝိုင်းသို့ ဝင်ရောက်စီးနင်းတိုက်ခိုက်ကာ သွားခေါ်ကိုဖမ်းဆီးနိုင်ခဲ့ကြလေသည်။

သွားခေါ်အား ဖမ်းဆီးခဲ့ကြသူများသည် မြို့ပြင်သုသာန်တိုက်ပွဲသို့ ရောက်ရှိလာကြပြီး လူမမာတို့နှင့်ပူးပေါင်းခဲ့ကြသည်။

ဖုန်းမို ဦးဆောင်သော ကျင်းဂိုဏ်းသားများကို တိုက်ခိုက်ခဲ့ကြလေသည်။

ကြေးစားငါးယောက်ကို နှုတ်ပိတ်မည်ဟူ၍ ဖုန်းမိုက အဖွဲ့သားနှစ်ဆယ်ခန့်ကိုသာ ခေါ်ဆောင်လာခဲ့လေသည်။



သူတို့ တကယ်တမ်း ရင်ဆိုင်လိုက်ရသည်မှာ လက်ရွေးစင် တံတိုင်းနီအဖွဲ့ဝင်များ ဖြစ်လေသည်။

ထို့ကြောင့် ဖုန်းမိုတို့ အခက်ကြုံသွားကြတော့သည်။

ကျင်းဂိုဏ်းသားများမှာ လူမမာတို့လူစုကြောင့် အထိနာသွားကြလေတော့သည်။

လူမမာ၏တံတိုင်းနီအဖွဲ့ဝင် အမှတ်မှာ အမှတ်ခြောက် ဖြစ်သည်။ သူ၏အမည်ရင်းမှာ ရှင်ဖုံးကြည်ဖြစ်သည်။

အမှတ်ခြောက်ရှင်ဖုန်းကြည်သည်...

“ကျင်းဂိုဏ်းက အကြီးအကဲ ဖုန်းမိုကိုဖမ်းဆီးခေါ်ဆောင်သွားနိုင်ယင် သူတို့ ဘာမှတတ်နိုင်ကြတော့မှာ မဟုတ်ဘူး”

ဟူသောအတွေးဖြင့် ဖုန်းမိုအား အဓိကထားပြီး တိုက်ခိုက်လိုက်လေသည်။

ဖုန်းမိုမှာ အကြီးအကဲတစ်ယောက်ဖြစ်သည့်အတိုင်းထိပ်တန်းသိုင်းပညာရှိလေသည်။

ဖုန်းမိုက အနီးသို့ချဉ်းကပ်လာသည့် ရှင်ဖုံးကြည်အား ဖိ၍ တိုက်ခိုက်လိုက်လေသည်။

ရှင်ဖုံးကြည် ရင်ထိတ်သွားသည်။

သို့သော် သူက နောက်ဆုတ်ရန် မကြိုးစားဘဲ ဓားကိုင်ထားသောလက်ကို ဆန့်ထုတ်ကာ ရှေ့သို့တိုးဝင်သွားလိုက်လေသည်။

သူသေကိုယ်သေ တိုက်ခိုက်လိုက်ခြင်း ဖြစ်ပါသည်။

“ဟင်”

ဖုန်းမို ရင်ထိတ်သွားလေသည်။

သူက ရှင်ဖုံးကြည်ကို ထိခိုက်အောင် တိုက်ခိုက်မည်ဆိုလျှင် သူလည်း ရှင်ဖုံးကြည်၏ လက်ချက်ဖြင့် ဒုက္ခရောက်ရမည်မှာ သေချာနေ၏။

ထို့ကြောင့် ဆက်လက်မတိုက်ခိုက်ရဲတော့ဘဲ တိုက်ကွက်ကို ရုပ်သိမ်းကာ နောက်ဆုတ်လိုက်လေသည်။

ရှင်ဖုံးကြည်အတွက် အခွင့်အရေးရသွားသည်ဟု ဆိုနိုင်ပါတော့သည်။

"ယား"

ရှင်ဖုံးကြည်က ညာသံပေးကာ ရှေ့သို့ဆက်တိုးသွားပြီး ဓားဇောယမ်းလိုက်လေသည်။

ဖုန်းမို မျှော်လင့်ထားသကဲ့သို့ ရင်ဝနှင့် ခန္ဓာကိုယ်အထက်ပိုင်းသို့ တိုက်ခိုက်ခြင်းမပြုဘဲ ခြေထောက်အောက်ပိုင်းသို့ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ရှင်ဖုံးကြည် မျှော်လင့်ထားသည့်အတိုင်း ဖုန်းမို အခက်ကြုံသွားတော့သည်။

ကပျာကယာ ရှောင်တိမ်းရန်ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်ပါသည်။

ရှင်ဖုံးကြည်၏ဓားက သူ၏ဝဲဘက်ပေါင်ရင်းကို ထိုးစိုက်မိလိုက်တော့သည်။

"အား"



ဖုန်းမို စူးရှစွာအော်ယင်း မြေပေါ်လဲကျသွားလေတော့သည်။

"မလှုပ်နဲ့"

ရှင်ဖုံးကြည်က ဖုန်းမို၏ရင်ဝကိုဓားဖြင့် ချိန်ရွယ်ထားလိုက်လေသည်။

ဖုန်းမို ဘာမှမတတ်နိုင်တော့ဘဲ အဖမ်းခံလိုက်ရလေတော့သည်။

ဖုန်းမို အရေးနိမ့်သွားသည်ကိုမြင်လျှင် ကျင်းပိုဏ်းသားများ ထိတ်လန့်ကာ ထွက်ပြေးသွားကြလေတော့သည်။

အမှတ်တစ်က...

"တို့သွားကြမယ်"

ဟု လောဆော်လိုက်၏။

ရှင်ဖုံးကြည်က...

"ခင်ဗျား အေးအေးဆေးဆေး လုပ်ခဲ့မယ်ဆိုယင်တော့ အသက်ချမ်းသာရာရလိမ့်မယ်၊ ဒါမှ မဟုတ်ယင်တော့ သည်နေရာမှာပဲ သေသွားလိမ့်မယ်"

ဟုခြိမ်းခြောက်ကာ ဖုန်းမိုအား ဖမ်းခေါ်သွားလေသည်။

ရှင်ဖုံးကြည်တို့ တံတိုင်းနီများသည် အထိအခိုက်မရှိဘဲ ဖုန်းမို၊ သွားခေါ်နှင့် ကြေးစားများအား လက်ရဖမ်းဆီးသွားနိုင်ခဲ့ကြလေတော့သည်။

* * *

## အမိန့်

မြင်းလှည်းတစ်စီးသည် မြင်းစီးသမားများ ခြံရံလျက် ရွှေသစ္စာဂိုဏ်းဆီသို့ ဦးတည် ခရီးနှင်နေသည်။

ကျင်းဂိုဏ်းမှ အကြီးအကဲ ဖုန်းမိုနှင့်ကြေးစားများအား ဖမ်းဆီးခေါ်ဆောင်လာသည့် ရှင်ဖုံးကြည်တို့လူစု ဖြစ်လေသည်။

ရှင်ဖုံးကြည်တို့အားလုံး ဝမ်းသာပျော်ရွှင်နေကြသည်။

အန္တရာယ်များကြားမှ တာဝန်ကျေပြွန်အောင် ထမ်းဆောင်နိုင်ခဲ့ကြသည် မဟုတ်ပါလား။

ရွှေသစ္စာဂိုဏ်းအား ဒုက္ခပေးရန်ကြံစည်နေသော ကျင်းဂိုဏ်း၏ မကောင်းမှုများကို သက်သေအထောက်အထားဖြင့် ဖော်ထုတ်နိုင်တော့မည် ဖြစ်လေသည်။



ဖုန်းမိုကိုယ်တိုင် အဖမ်းခံလိုက်ရကြောင်း သိရှိသွားလျှင် ကျင်းဂိုဏ်းချုပ်က လက်ပိုက်ကြည့်နေလိမ့်မည် မဟုတ်ပါ။

သူတို့နောက်သို့ အင်အား အလုံးအရင်းဖြင့် လိုက်လာလိမ့်မည် မဟုတ်ပါလား။

ကျင်းဂိုဏ်းသည် ရွှေသစ္စာဂိုဏ်းထက် ပို၍အင်အားတောင့်တင်းပြီး ထိပ်တန်းသိုင်းသမားများလည်း ပေါများလှပေသည်။

မိုင်တစ်ထောင်ပတ်လည်တွင် ဩဇာတိက္ကမ လွှမ်းမိုးထားနိုင်သော ‘တိမ်ကြားမိုးယံ’ ဂိုဏ်းနှင့်ချစ်ကြည်ရင်းနှီးမှုလည်း ရှိပေသည်။

တိမ်ကြားမိုးယံဂိုဏ်းကြီး ကျင်းဂိုဏ်းကို ကျောထောက်နောက်ခံပြုထားသည်ဟု ဆိုနိုင်ပါသည်။

ရွှေသစ္စာဂိုဏ်း၊ ကျင်းဂိုဏ်းတို့မှာ တိမ်ကြားမိုးယံဂိုဏ်း၏ ဩဇာနခွဲတစ်ခုမျှသာရှိသော ဂိုဏ်းလေးများ ဖြစ်ကြပါတော့သည်။

ယခု...

ရွှေသစ္စာဂိုဏ်းနှင့် ကျင်းဂိုဏ်းမှာ မမျှော်လင့်ဘဲ ပြဿနာပေါ်ခဲ့ပြီဖြစ်သည်။

ထိုအခါ ချစ်ကြည်ရင်းနှီးမှုကြောင့် တိမ်ကြားမိုးယံဂိုဏ်းကြီးကကျင်းဂိုဏ်းဘက်မှ ကူညီခဲ့မည်ဆိုပါလျှင်...

ဒုဂိုဏ်းချုပ်စုလိရှသည် ကျင်းဂိုဏ်းနှင့်ရင်ဆိုင်မည်ဆိုလျှင် နောက်ဆက်တွဲပြဿနာများ ပေါ်ပေါက်လာနိုင်သည့်အကြောင်း ရှင်ဖုံးကြည်တို့အား ရှင်းပြခဲ့သဖြင့် အားလုံး သိရှိနားလည်ထား ကြပြီး

ဖြစ်သည်။

သူတို့၏တာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပြီဆိုလျှင် ရွှေသစ္စာဂိုဏ်းသို့ ပြန်ရမည်သာဖြစ်သည်။

နောက်ထပ် အမိန့်မရမချင်း ရွှေသစ္စာဂိုဏ်းသို့ ပြန်ရန်မှလွဲပြီး တခြားလုပ်ကိုင်ဆောင်ရွက်စရာ ဘာမှမရှိချေ။

တံတိုင်းနီအဖွဲ့သားများ အပြန်ခရီးနှင်လာခဲ့ကြပြီး မြို့ကလေးတစ်မြို့သို့ ရောက်လာသောအခါ ရွှေသစ္စာဂိုဏ်းမှလာသော ဆက်သားတစ်ယောက်သည် ရွှေသစ္စာဂိုဏ်းချုပ်၏အမိန့်ကို ယူဆောင်လာလေသည်။

တံတိုင်းနီအဖွဲ့ခေါင်းဆောင် အမှတ်တစ်က လက်ခံယူပြီး ဖတ်ကြည့်လိုက်လေသည်။

"တံတိုင်းနီများ နာခံရန်...

ဟုအစချီထားသော အမိန့်စာကို ဖတ်ပြီးလျှင် အမှတ်တစ်က ကျန်အဖွဲ့ဝင်များကို ပြောလိုက်လေသည်။

"တို့တတွေ အစီအစဉ်ပြောင်းရလိမ့်မယ်၊ ရွှေသစ္စာဂိုဏ်းကို မပြန်ဘဲ တာဗှာမြို့ကို သွားရမယ်လို့ ဂိုဏ်းချုပ်က အမိန့်ထုတ်လိုက်တယ်"

တံတိုင်းနီအဖွဲ့သားများသည် ဂိုဏ်းချုပ်၏အမိန့်ကို တသွေမတိမ်းနာခံကြရမည်သာ ဖြစ်လေသည်။

ထို့ကြောင့် မည်သူကမျှ စောဒကမတက်ကြပါ။

အမိန့်အတိုင်း တာဗှာမြို့သို့သွားရန် ပြင်ဆင်လိုက်ကြ၏။



ထို့နောက် လမ်းကြောင်းပြောင်းကာ တာဗှာမြို့သို့ ဆက်လက်ခရီးနှင်သွားကြတော့သည်။

တာဗှာမြို့သည် ရွှေသစ္စာဂိုဏ်း၏ ပိုင်နက်နယ်မြေအတွင်းမှာရှိနေပြီး ရွှေသစ္စာဂိုဏ်း၏ဌာနခွဲတစ်ခု ဖွင့်လှစ်ထားသောမြို့လည်း ဖြစ်လေသည်။

တံတိုင်းနီအဖွဲ့သည် အကျဉ်းသားများနှင့်အတူ တာဗှာမြို့ဌာနခွဲ၌ ဂိုဏ်းချုပ်၏အမိန့်ကို စောင့်ဆိုင်းနေရမည်ဖြစ်သည်။

သူတို့ ရှေ့ဆက်ဆောင်ရွက်ရမည့်ကိစ္စများကို ဂိုဏ်းချုပ်က ညွှန်ကြားလိမ့်မည် မဟုတ်ပါလား။

ဒုဂိုဏ်းချုပ်စုလိရှကာ တာဝန်ထမ်းဆောင်၍ အောင်မြင်သည်နှင့် အကျဉ်းသားများကိုခေါ်ဆောင်ကာ ရွှေသစ္စာဂိုဏ်းသို့ ပြန်လာရမည်ဟု အမိန့်ပေးခဲ့သည်။

ဂိုဏ်းချုပ်က ရွှေသစ္စာဂိုဏ်းသို့ ပြန်မလာသေးဘဲ တာဗှာမြို့ဌာနခွဲ၌ ခေတ္တရပ်နားကာ နောက်ထပ်အမိန့်ညွှန်ကြားချက်ကို စောင့်မျှော်နေရမည်ဟု အမိန့်ပေးခဲ့လေသည်။

ဂိုဏ်းချုပ်ကျောဟောင်နှင့် ဒုဂိုဏ်းချုပ်စုလိရှတို့နှစ်ယောက်ကြား၌ တစ်ခုခုလွဲချော်သလို ရှိနေပါတော့သည်။

* * *

## အတွေးအခေါ်

အချိန်တန်ပြီ ဖြစ်သည်။

သို့သော်...

တံတိုင်းနီအဖွဲ့သားများ ရွှေသစ္စာဂိုဏ်းသို့ ပြန်ရောက်မလာကြသေးပါချေ။

ဒုဂိုဏ်းချုပ်စုလိရှ စိုးရိမ်ပူပန်လာတော့သည်။

သူ၏လက်ရွေးစင် တံတိုင်းနီများက ကျင်းဂိုဏ်း၏လျှို့ဝှက်သောအကြံအစည်များကို ဖော်ထုတ်ရန် ကြိုးစားနေချိန်တွင် သူက နောက်ကွယ်မှကြိုးကြပ်စီစဉ်ခဲ့သည်။

သူ၏အစီအစဉ်များနှင့် ဖြစ်ပေါ်နေသည့် အခြေအနေများကို ဂိုဏ်းချုပ်ကျော့ဟောင်ထံ အဆက်မပြတ် တင်ပြအစီရင်ခံခဲ့သည်။



တံတိုင်းနီများတိုက်ပွဲဝင်တော့မည့် အရေးကြီးသည့်အချိန်တွင် ဂိုဏ်းချုပ်ကျော့ဟောင်က အထူးတာဝန်တစ်ခုပေးလာခဲ့လေသည်။

သူဌေးဝူကျိုန်းနှင့် သွားရောက်တွေ့ဆုံရန် ဖြစ်သည်။

သူဌေးဝူကျိုန်း၏အသက်ကို အနီးကပ်ကာကွယ်စောင့်ရှောက်ရန်နှင့် ရွှေသစ္စာဂိုဏ်းအပေါ် ငွေကြေးအထောက်အပံ့ပိုမိုထောက်ပံ့သွားရန် ဆွေးနွေးရန်ဖြစ်လေသည်။

ဂိုဏ်းချုပ်ကျော့ဟောင်ကော ဒုဂိုဏ်းချုပ်စုလိရှပါ ရွှေသစ္စာဂိုဏ်းအား တိုးချဲ့ဖွင့်စည်းမည်ဆိုလျှင် ကုန်ကျစားရိတ် အများအပြားရှိလာမည်ဖြစ်ရာ ထောက်ပံ့ဖြည့်ဆည်းပေးနိုင်မည့်သူများ လိုအပ်ပေသည်။

သူဌေးဝူကျိုန်းသည် သူတို့၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်မည့်သူ ဖြစ်သည်။

အဆက်အသွယ်ကောင်းပြီး မိတ်ဆွေပေါများသူလည်းဖြစ်လေရာ သူဌေးဝူကျိုန်းနှင့် ပတ်သက်နေသူများကပါ ထောက်ခံအားပေးလာကြမည်ဆိုလျှင် ရွှေသစ္စာဂိုဏ်းမှာ ပို၍တိုးတက်လာမည် ဖြစ်လေသည်။

စုလိရှလည်း ဂိုဏ်းချုပ်က အရေးကြီးသောကိစ္စကို တမင်တာဝန်ပေးခြင်းဖြစ်သည်ဟု ယုံကြည်ကာ သူဌေးဝူကျိုန်းနှင့် သွားရောက်တွေ့ဆုံခဲ့လေသည်

သူခရီးထွက်နေချိန်၌ ဂိုဏ်းချုပ်ကျော့ဟောင်က တံတိုင်းနီ

များ၏ကိစ္စကို ဆက်လက်ကိုင်တွယ်ခဲ့လေသည်။

ဒုဂိုဏ်းချုပ်စုလိဂ္ဂ ရွှေသစ္စာဂိုဏ်းသို့ ပြန်ရောက်လာသော်လည်း တံတိုင်းနီများ ပြန်ရောက်မလာကြသေးပါ။

တံတိုင်းနီများသည် တာဝန်ကျေပြွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြသည်ဟု သတင်းရခဲ့ပြီးဖြစ်သည်။

တံတိုင်းနီများ အချိန်တန်သော်လည်း ပြန်ရောက်မလာကြသေးခြင်းကြောင့် စုလိဂ္ဂက ဂိုဏ်းချုပ်ကေ့ဟောင်ကို သွားရောက်တွေ့ဆုံမေးမြန်းလိုက်လေတော့သည်။

* * *

အခန်းတွင်း၌ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ဂိုဏ်းချုပ်ကေ့ဟောင်က စားပွဲတစ်လုံး၌ မလှုပ်မယှက် ထိုင်နေ၏။

ဒုဂိုဏ်းချုပ်စုလိဂ္ဂ ရောက်လာပြီး ဂါရဝပြုလိုက်တော့မှ ကေ့ဟောင်က...

"ဒုဂိုဏ်းချုပ်က တံတိုင်းနီတွေ ပြန်ရောက်မလာသေးတာကြောင့် စိတ်ပူနေပြီထင်တယ်"

စုလိဂ္ဂရောက်လာရသည့် အကြောင်းရင်းကို ကြိုတင်ရိပ်မိထားပုံဖြင့် မေးလိုက်လေသည်။

စုလိဂ္ဂ ဦးညွှတ်လိုက်သည်။



"သူတို့ဟာ တိုက်ပွဲအောင်မြင်ခဲ့ကြတယ်၊ အကျဉ်းသားတွေကိုဖမ်းဆီးပြီး ပြန်လာခဲ့ပြီလို့ သိရပါတယ်၊ ဒါပေမယ့် အချိန်တန်တာတောင်ပြန်ရောက် မလာကြသေးတာကြောင့်.."

ကေ့ဟောင်က...

"ကျုပ်က ဂိုဏ်းကို ပြန်မလာသေးဘဲ တာဝှာမြို့ကဗွာနခဲ့မှာ ခဏအနားယူနေကြဖို့ အမိန့်ပေးထားလိုက်တယ်"

စုလိဂ္ဂ အံ့သြသွားသည်။

"ဂိုဏ်းချုပ်ရဲ့သဘောက.."

"ကျုပ်က ကျင်းဂိုဏ်းနဲ့ထိပ်တိုက် တွေ့ရမယ့်ကိစ္စကို ရှောင်ရှားချင်တယ်"

ကေ့ဟောင်က သူ၏သဘောထားကို ပြောပြလိုက်ရာ စုလိဂ္ဂ မယုံနိုင်အောင် ဖြစ်သွားလေတော့သည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျား..ကျင်းဂိုဏ်းက ကျုပ်တို့ရွှေသစ္စာဂိုဏ်းကို ဖျက်ဆီးပစ်ဖို့ ကြံစည်နေတာပါ၊ ခုဆိုယင် သူတို့ရဲ့မကောင်းမှုတွေကို သက်သေအထောက်အထားနဲ့တကွ ဖော်ထုတ်နိုင်ပါပြီ၊ ဒါကို.."

သူ၏စကားမဆုံးမီ ကေ့ဟောင်က ကြားဖြတ်ပြောလိုက်လေသည်။

"ကျင်းဂိုဏ်းရဲ့ မကောင်းမှုတွေကို လူသိရှင်ကြားဖော်ထုတ်နိုင်တာ ဟုတ်ပါပြီ၊ ဒါနဲ့ပဲ ကျင်းဂိုဏ်းပျက်စီးသွားတော့မှာလား"

ကျင်းဂိုဏ်းမှာ ရွှေသစ္စာဂိုဏ်းထက် အယင်ထူထောင်ခဲ့

သော ဂိုဏ်းကြီးဖြစ်ပြီး ယခုအချိန်တွင် အင်အားခိုင်မာတောင့်တင်းစွာဖြင့် အခြေကျနေပြီဖြစ်လေသည်။

ကျင်းဂိုဏ်း ရုတ်တရက် ပြိုကွဲပျက်စီးသွားရန်ဆိုသည်မှာ မဖြစ်နိုင်လောက်ချေ။

ကျေ့ဟောင်က...

"သူတို့ အရှက်ကွဲသွားမယ်၊ သိက္ခာကျသွားမယ်၊ ကျုပ်တို့ သည်လောက်ပဲ တတ်နိုင်ကြလိမ့်မယ်၊ သူတို့နဲ့ရန်ငြိုးရန်စ ပိုပြီးကြီးထွားလာဖို့ကလွဲပြီး တခြားအကျိုးဖြစ်ထွန်းဖို့ မမြင်ဘူး"

စုလိရှက...

"သူတို့ရဲ့ မကောင်းမှုတွေကို လူတွေသိသွားကြယင် ဆက်ပြီးထောက်ခံအားပေးကြတော့မှာ မဟုတ်ပါဘူး၊ အများရဲ့ကူညီပံ့ပိုးမှုမရယင် သူတို့ အလိုလို ပြိုကွဲပျက်စီးသွားပါလိမ့်မယ်၊ ဒါကြောင့် ကျင်းဂိုဏ်းရဲ့မကောင်းတဲ့ လုပ်ရပ်တွေကို အမှန်အတိုင်း ဖော်ထုတ်ဖို့ အရေးကြီးပါတယ် ဂိုဏ်းချုပ်"

သူ၏သဘောထားကို အလျှော့မပေးလိုကြောင်း ထင်ရှားနေပါတော့သည်။

ကျေ့ဟောင် ပြုံးလိုက်သည်။

"အခု တံတိုင်းနီတွေက ကျင်းဂိုဏ်းရဲ့မကောင်းတဲ့ လုပ်ရပ်တွေကို သက်သေခံမယ့် အကျဉ်းသားတွေကို ဖမ်းလာကြတယ်ဆိုပေမယ့် အကြီးအကဲဖုန်းမိုကလွဲယင် ကျန်တဲ့လူတွေဟာ ကြေးစားဓားပြတွေချည်းပဲ၊ ကြေးစားတွေပြောတဲ့စကားကို အများ ယုံကြည်



လက်ခံဖို့ဆိုတာ သိပ်မလွယ်လှပါဘူး"

စုလိရှက...

"ဖုန်းမို တစ်ယောက်လုံးရှိနေသေးတာပဲ ဂိုဏ်းချုပ်"

ကျေ့ဟောင်က...

"ဖုန်းမိုက သူ့သဘောနဲ့သူလုပ်တာ၊ ကျင်းဂိုဏ်းနဲ့ မဆိုင်ဘူးလို့ ငြင်းမယ်ဆိုယင်ကော"

"ဒါဆိုလည်း သက်သေခံမယ့် သူဌေးဝူကျိန်းတစ်ယောက်လုံးရှိပါသေးတယ်"

ကျေ့ဟောင် ပြုံးလိုက်ပြန်သည်။

"ဝူကျိန်းဟာ သိုင်းဂိုဏ်းတွေရဲ့ အရှုပ်အရှင်းထဲမှာ ပါဝင်ချင်ပါ့မလား၊ သူ့ရဲ့နောင်ရေး၊ သူ့ရဲ့စီးပွားဥစ္စာတွေအတွက် ထည့်မတွက်ဘဲနေပါ့မလား၊ ကျင်းဂိုဏ်းပြိုကွဲသွားတယ်ထားဦး၊ ကျင်းဂိုဏ်းရဲ့အဆက်အနွယ်တွေက ဒုက္ခပေးလာနိုင်တယ်ဆိုတာ သူစဉ်းစားမှာပဲလေ"

စုလိရှ မချင့်မရဲ ဖြစ်သွားလေသည်။

ကျေ့ဟောင်က..

"ကျုပ်တို့ကို ဒုက္ခပေးလို့မရအောင် ကျုပ်တို့က ကိုယ့်ကိုကိုယ်ကာကွယ်စောင့်ရှောက်နိုင်တယ်ဆိုတာ ကျင်းဂိုဏ်း လက်ခံသိရှိသွားအောင် ဖော်ပြနိုင်ဖို့က အရေးကြီးဆုံးအချက်ပါပဲ၊ ကျုပ်တို့သည်လိုဖော်ပြနိုင်ခဲ့ယင်၊ ကျုပ်တို့ကို မလိုလားဘူးဆိုယင်တောင် ပျက်စီးအောင် ကြံစည်ဖို့တော့ လက်တွန့်သွားမှာပဲ၊ ဒါဆို ကျုပ်တို့

လည်း သိက္ခာရှိရှိ ဆက်ပြီးရပ်တည်နိုင်လိမ့်မယ်၊ သူတို့ကို ဖြိုကွဲစေတဲ့အထိ ဆက်လုပ်မယ်ဆိုယင် ကျုပ်တို့ရင်ဆိုင်ရမယ့် အန္တရာယ်အလွန်ကြီးမားနေလိမ့်မယ်၊ နောက်ဆုံး ကျင်းဂိုဏ်းထိခိုက်သလို ကျုပ်တို့လည်း အနည်းနဲ့အများ ထိခိုက်မှာပဲလေ"

ကျော့ဟောင်က ရှဥ့်လည်းလျှောက်သာ ပျားလည်းစွဲသာသောသဘောထားရှိနေသည်။

စုလိရှကား ရန်သူကို တိုက်ခိုက်ခြင်းဖြင့် မိမိကိုယ်ကို ကာကွယ်မည်ဟူသော သဘောထားရှိလေသည်။

သူတို့နှစ်ယောက်စလုံး၏ ခံယူချက်များမှန်ကန်နေပါသည်။

မည်သူမျှ မမှားပါ။ သို့သော်...

ကျော့ဟောင်၏သဘောထားက ထိခိုက်ပျက်စီးမှုများကိုရှောင်ရှားပြီး ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်မည့် အခြေအနေရှိရကား စုလိရှ လက်လျှော့လိုက်ရတော့သည်။

"ဂိုဏ်းချုပ်ဟာ ရွှေသစ္စာဂိုဏ်း ရေရှည်တည်တံ့ဖို့ ရှေ့ရေးကိုမျှော်တွေးပြီး ဆောင်ရွက်တာမို့ ကျုပ်လက်ခံပါတယ်ဗျာ"

ကျော့ဟောင် ကျေနပ်သွား၏။

"ကျုပ်တို့အားလုံးဟာ ရွှေသစ္စာဂိုဏ်း ရေရှည်တည်တံ့နိုင်အောင် ကြိုးစားဆောင်ရွက်နေကြတာပါ၊ တစ်ခါတစ်ရံမှာ အယူအဆချင်းမတူဘဲ သဘောထားကွဲလွဲတာလေးတွေ ရှိလာနိုင်ပါတယ်၊ ဒုဂိုဏ်းချုပ်က ကျုပ်ကိုနားလည်နိုင်တယ်ဆိုယင် ကျုပ်ကျေနပ်ပါတယ်"



စုလိရှက...

"ကျုပ်တစ်ခု မေးချင်ပါတယ် ဂိုဏ်းချုပ်"

ကျော့ဟောင်က...

"ဘာများမေးချင်လို့လဲ၊ မေးပါဗျာ"

စုလိရှက...

"ကျုပ်လူတွေကို ဘယ်လိုဆက်ပြီး စီစဉ်သွားမယ်ဆိုတာ သိချင်ပါတယ်"

တံတိုင်းနီများအရေးကိုမေးပြီး အကျဉ်းသားများ အကြောင်းကို မမေးတော့သည်ကို ကျော့ဟောင်သတိပြုမိလေသည်။

"တံတိုင်းနီတွေဟာ သူရဲကောင်းတွေပါပဲ၊ ဒါပေမယ့် ခုချိန်မှာတော့ သူတို့ကို လူမြင်ကွင်းကနေ ခဏဘေးဖယ်ထားရလိမ့်မယ်၊ ကျင်းဂိုဏ်းနဲ့ဆက်သွယ်ညှိနှိုင်းပြီးမှပဲ သူတို့ကိစ္စကို ဆောင်ရွက်ဖို့ ကျုပ်စိတ်ကူးထားတယ်"

စုလိရှက...

"သူတို့ဟာ ရွှေသစ္စာဂိုဏ်းအတွက် အသက်စွန့်ခဲ့တဲ့ သတ္တိခဲတွေပါ၊ သူတို့အတွက် ရွှေသစ္စာဂိုဏ်းက အပြည့်အဝ တာဝန်ယူမှ ဖြစ်ပါလိမ့်မယ် ဂိုဏ်းချုပ်"

ကျော့ဟောင် ခေါင်းညိတ်လိုက်သည်။

"ကျုပ်က သူတို့ကို တာဝန်မယူဘူးလို့ ပြောတာမဟုတ်ပါဘူး၊ တာဝှာဌာနခွဲမှာ လူသိပ်မရှိတော့ဘဲ သူတို့ပဲ အကျဉ်းသားတွေကို တာဝန်ယူနိုင်မှာမဟုတ်လား၊ ခုချိန်မှာ အကျဉ်းသားတွေကို

လူမြင်ခံလို့မဖြစ်သေးတော့ သူတို့ကိုလည်း ခဏ လျှို့ဝှက်ထားလိုက်တဲ့သဘောမျိုးပါဗျာ"

ထိုအခါမှ စုလိဂ္ဂ ကျေနပ်သွားလေသည်။

"ဂိုဏ်းချုပ်ကို ကျေးဇူးတင်ပါတယ်ဗျာ"

ကျော်ဟောင်က...

"ကဲ ခင်ဗျားလည်း လူပင်ပန်း စိတ်ပင်ပန်းဖြစ်နေပါပြီ၊ ဒါကြောင့် အနားယူလိုက်ပါဦး၊ ခင်ဗျားနဲ့တံတိုင်းနီအဖွဲ့ဝင်တွေဟာ သက်စွန့်ဆံဖျားဆောင်ရွက်ခဲ့ကြရတယ်ဆိုတော့ အနားယူဖို့လိုအပ်နေပါတယ်၊ ကျန်တဲ့ကိစ္စတွေကို ဘာမှမပူနဲ့၊ ကျုပ်တာဝန်ယူပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်လိုက်ပါမယ်"

စုလိဂ္ဂ၏ မျက်နှာတွင်ထူးခြားသော အရိပ်အရောင်များဖြစ်ပေါ်လာလေသည်။

"သည်လိုဆိုယင်တော့ ကျုပ်ကို သုံးရက်လောက်အနားယူခွင့်ပြုစေချင်ပါတယ်၊ သူဌေးဝူကျိန်းဆီကိုသွားယင်း ကျုပ်ရဲ့ငယ်ပေါင်းမိတ်ဆွေတစ်ယောက်နဲ့ မမျှော်လင့်ဘဲ ဆုံတွေ့ခဲ့ပါတယ်၊ သူ့ဆီကို ခဏလောက်သွားပြီး လည်ပတ်ချင်ပါတယ်ဗျာ"

ကျော်ဟောင်က ခွင့်ပြုလိုက်လေသည်။

* * *



## ကျင်းဂိုဏ်း

ကျင်းဂိုဏ်း...။

ဂိုဏ်းချုပ်ကျင်းကောက်သည် သူဌေးဝူကျိန်းအား ဒုက္ခပေးပြီး ရွှေသစ္စာဂိုဏ်းအပေါ် အပြစ်ပုံချရန် အကြီးအကဲဖုန်းမိုကို တာဝန်ပေးခဲ့လေသည်။

ဖုန်းမိုက ကြေးစားများ ငှားရမ်းကာ ဆောင်ရွက်ခဲ့သည်။

သို့သော်...

သူတို့၏အကြံအစည်ကို ရွှေသစ္စာဂိုဏ်းက ရိပ်မိနေသဖြင့် ကြေးစားများနှင့်အတူ ဖုန်းမိုပါ အဖမ်းခံလိုက်ရလေသည်။

ရွှေသစ္စာဂိုဏ်းမှ လက်ရွေးစင်သိုင်းသမားများက ကြေးစားများနှင့်အတူ ဖုန်းမိုကိုပါ ရွှေသစ္စာဂိုဏ်းသို့ ခေါ်ဆောင်သွားကြလေသည်။

ထိုကိစ္စကြောင့် ဂိုဏ်းချုပ်ကျင်းကောက် ဆောင်တည်ရာ မရဖြစ်နေပါတော့သည်။

"တောက် အသုံးမကျလိုက်တာ၊ တောက်ထိန် ခင်ဗျား ကော ဘာပြောချင်သေးသလဲ"

တောက်ထိန်သည် ဖုန်းမိုနှင့် အဆင့်အတန်းချင်းတူသော ကျင်းဂိုဏ်း၏ ထိပ်တန်းအကြီးအကဲ တစ်ယောက်ဖြစ်လေသည်။

တောက်ထိန်က...

"သူတို့က ကြေးစားတွေနဲ့အတူ ဖုန်းမိုကို ဖမ်းသွားကြတယ် ဆိုတော့ ကျုပ်တို့အကြံအစည်ကို လူသိရှင်ကြားဖော်ထုတ်ဖို့ ကြိုးစား ကြမှာသေချာပါတယ် ဂိုဏ်းချုပ်"

ကျင်းကောက်က...

"ဖုန်းမိုနဲ့ကြေးစားတွေက သက်သေဖြစ်နေတော့ ကျုပ်တို့ ရွှေသစ္စာဂိုဏ်းအပေါ်မှာ အကောက်ကြံခဲ့တာကို ဘယ်လိုမှငြင်းမရ တော့ဘူးပေါ့၊ ဒါဆို အရှက်တကွဲဖြစ်မယ်၊ ကျင်းဂိုဏ်းရဲ့ဂုဏ်သိက္ခာ ကျဆင်းသွားလိမ့်မယ်၊ လူတွေလည်း ကျုပ်တို့ကို လက်ခံကြတော့ မှာမဟုတ်ဘူး၊ ဖုန်းမို မပိရိလို့ ခုလိုဖြစ်ရတာ တောက်"

ဂိုဏ်းချုပ်ကျင်းကောက်မှာ မကျေမနပ် တက်တစ်ခေါက် ခေါက်ဖြစ်နေပါတော့သည်။

တောက်ထိန်က...

"ကျင်းဂိုဏ်းက လက်ရွေးစင်တွေကိုလွှတ်ပြီး ဖုန်းမိုတို့လူစု ကို လိုက်ကယ်ခိုင်းယင်ကော ဂိုဏ်းချုပ် ဘယ်လိုသဘောရသလဲ၊



သူတို့တွေ ရွှေသစ္စာဂိုဏ်းကို ရောက်ကြဦးမှာမဟုတ်ဘူး၊ လမ်းခရီး မှာပဲ ရှိကြဦးမှာပါ"

ကျင်းကောက် ခေါင်းခါယမ်းလိုက်သည်။

"မရတော့ဘူး၊ ခုချိန်မှတော့ သိပ်နောက်ကျနေပြီ"

တောက်ထိန်က...

"သည်လိုဆိုလည်း ရွှေသစ္စာဂိုဏ်းက ဖုန်းမိုတို့အကြောင်း လူသိရှင်ကြား ဖော်ထုတ်လာယင် ကျုပ်တို့နဲ့မဆိုင်ဘဲ ဖုန်းမိုက သူ့သ ဘောနဲ့သူ လုပ်ခဲ့တာလို့ ငြင်းရုံပဲရှိပါတော့တယ် ဂိုဏ်းချုပ်"

ကျင်းကောက် အနည်းငယ် စဉ်းစားပြီးမှ သက်ပြင်းချလိုက် လေသည်။

"အင်း...နောက်ဆုံး ရွေးစရာနည်းလမ်းမရှိတော့ဘူးဆိုယင် သည်လိုလုပ်ရမှာပဲ၊ ဖုန်းမိုဟာ ဘယ်သူ့ကိုမှ အသိပေးတိုင်ပင်ခြင်း မပြုဘဲ ကိုယ့်သဘောနဲ့ကိုယ် ထင်ရာလုပ်ခဲ့တာဆိုယင် ကျုပ်တို့ သက်သာသွားမယ်"

တောက်ထိန်သည် သူ၏အကြံကို ကျင်းကောက်လက်ခံ လိုက်သဖြင့် ဝမ်းသာသွားလေသည်။

"တခြားနည်းလမ်းတွေနဲ့ ဖြေရှင်းဖို့ဆိုတာ မဖြစ်နိုင်တော့ ပါဘူးကျုပ်ပြောတဲ့ နည်းလမ်းကို ဂိုဏ်းချုပ်လက်ခံတယ်ဆိုယင် အမြန်ဆုံးဆောင်ရွက်ရမှာပါ၊ ဒါမှ အချိန်မီ ကာကွယ်ပြီးသား ဖြစ် သွားပါလိမ့်မယ်"

ဂိုဏ်းချုပ်ကျင်းကောက်က...

"အလောတကြီး လုပ်ရမယ် ဟုတ်လား"

တောက်ထိန်က...

"အမြန်ဆုံးဆောင်ရွက်ရမှာပါ ဂိုဏ်းချုပ်၊ ကျုပ်တို့ကိစ္စနှစ်ခုကို ချက်ချင်းဆောင်ရွက်ရမှာပါ"

"ပြောစမ်းပါဦး"

တောက်ထိန်က အလေးအနက်ထားကာ ပြောလိုက်လေသည်။

"ပထမတစ်ခုက သူဌေးဝူကျိန်းနဲ့သွားတွေ့ပြီး သူ့ရဲ့ကံကြမ္မာကို သိနားလည်အောင် ရှင်းပြဖို့ပါပဲ"

ထိုစကားကို ဂိုဏ်းချုပ်ကျင်းကောက် သဘောကျသွား၏။ သူဌေးဝူကျိန်းက ဖုန်းမိုး၏အကြံအစည်ကို ဖော်ထုတ်ရာတွင် ရွှေသစ္စာဂိုဏ်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည် မဟုတ်ပါလား။

"ဒုတိယအချက်ကကောဗျာ"

ဂိုဏ်းချုပ်ကျင်းကောက် မေးလိုက်သည်။

တောက်ထိန်က...

"ဖုန်းမိုးဟာ ဂိုဏ်းချုပ်နေရာကို လုယူဖို့ကြံစည်နေသူဖြစ်ကြောင်း၊ ကျင်းဂိုဏ်းသိက္ခာကျအောင် ကြေးစားများမွေးမြူထားပြီး နောက်ကွယ်မှာ မကောင်းမှုတွေ ကျူးလွန်နေသူဖြစ်ကြောင်း၊ ဒါကြောင့် ဖုန်းမိုးကို အရေးယူတဲ့အနေနဲ့ ကျင်းဂိုဏ်းက ထုတ်ပယ်လိုက်ကြောင်း၊ ဖုန်းမိုးနဲ့ ပတ်သက်တဲ့ကိစ္စအဝဝကိုလည်း ကျင်းဂိုဏ်းက တာဝန်ယူမှာမဟုတ်တဲ့အကြောင်းကို လူသိရှင်ကြား ထုတ်ပြန်ကြေညာလိုက်ဖို့ပါပဲ"



"ဟား...ဟား...ဟား"

တောက်ထိန်၏စကားအဆုံးတွင် ဂိုဏ်းချုပ်ကျင်းကောက် သဘောကျစွာ ရယ်မောလိုက်လေသည်။

"ကောင်းတယ်...သည်အကြံသိပ်ကောင်းတယ်၊ အခုချက်ချင်းပဲ ကျုပ် အမိန့်ကြေညာချက်ထုတ်လိုက်မယ်၊ သူဌေးဝူကျိန်းကိုလည်း ခင်ဗျားပဲ သွားတွေ့လိုက်ပါ"

"ကောင်းပါပြီ ဂိုဏ်းချုပ်"

တောက်ထိန် ပြုံးနေသည်။

သူက ဂိုဏ်းချုပ်ကျင်းကောက်ကို ဂါရဝပြုမပြဘဲ မသိကျိုးကျွံနေလိုက်၏။

ကျင်းဂိုဏ်းအတွက် ဂိုဏ်းချုပ်ကျင်းကောက်ထက် သူက ပိုပြီးလုပ်ပေးနိုင်သည်ဟု သွေးနားထင်ရောက်သွားပြီ မဟုတ်ပါလား။

ကျင်းကောက်ကပင် သူ၏စကားကို နားထောင်နေရသည်။

တောက်ထိန်သည် ယခုလောလောဆယ်တွင် သူက ဂိုဏ်းချုပ်ကျင်းကောက်က သူ့အမိန့်နာခံရသူဟု သဘောထားပြီး ဘဝင်လေဟပ်နေလေတော့သည်။

* * *

ဘုရင့်နန်းတော်ကြီးအလား ခန်းနားထည်ဝါလှသော အဆောက်အဦးကြီးအား သူဌေးကြီးဝူကျိန်း ပိုင်ဆိုင်ထားလေသည်။

ကျင်းဂိုဏ်း အကြီးအကဲ တောက်ထိန် ရောက်ရှိလာသော အခါ သူဌေးဝူကျိန်းက ဗျာဗျာသလဲ ကြိုဆိုကာ လိုလေသေးမရှိ ဧည့်ဝတ်ပြုခဲ့လေသည်။

"အကြီးအကဲကိုယ်တိုင် ရောက်လာတော့ အရေးကြီးတဲ့ကိစ္စတစ်ခုခုရှိနေလို့လားဗျာ"

သူဌေးဝူကျိန်းက သွေးတိုးစမ်းကာ မေးလိုက်၏။

ကျင်းဂိုဏ်းက သူ၏ပစ္စည်းဥစ္စာများကို လုယက်ပြီး သူ့အားသတ်ပစ်ကာ ရွှေသစ္စာဂိုဏ်းအပေါ် အပြစ်ပုံချရန် ကြံစားခဲ့သည်ကို ရွှေသစ္စာဂိုဏ်းမှ ကြိုတင်သတိပေးသဖြင့် သိခဲ့ရလေသည်။

ကျင်းဂိုဏ်း၏ မကောင်းသောအကြံအစည်များကို ဖော်ထုတ်ရန် ရွှေသစ္စာဂိုဏ်းနှင့်လက်တွဲဆောင်ရွက်ခဲ့လေသည်။

ကျင်းဂိုဏ်း၏လုပ်ရပ်ကို မုန်းတီးကာ ရွှေသစ္စာဂိုဏ်းနှင့် လက်တွဲလိုက်ခြင်းဖြစ်ပါသည်။

တောက်ထိန် ရောက်လာခြင်းဖြင့် သူ့အကြောင်းကို ကျင်းဂိုဏ်းက သိရှိသွားပြီဖြစ်ကြောင်း သူဌေးဝူကျိန်း နားလည်မိလေသည်။

တောက်ထိန် ပြုံးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ အရေးကြီးတဲ့ကိစ္စလေးတစ်ခု ရှိနေတာကြောင့် သူဌေးမင်းနဲ့တိုင်ပင် ဆွေးနွေးဖို့လာခဲ့တာပါ"



သူဌေးဝူကျိန်းက မှင်သေသေဖြင့် မေးလိုက်သည်။

"ဘယ်လိုကိစ္စများလဲ၊ ပြောပါဦးဗျာ"

တောက်ထိန်က...

"ကိုယ့်အချင်းချင်းမို့တွေဆိုတော့ ကျုပ် ပွင့်ပွင့်လင်းလင်းပဲ ပြောပါ့မယ်၊ ကျုပ်တို့ဂိုဏ်းက အကြီးအကဲတစ်ယောက်ဖြစ်တဲ့ ဖုန်းမိုဟာ ဂိုဏ်းချုပ်ကိုတောင် အလေးမထားတော့ဘဲ ထင်ရာစိုင်းနေတာကြောင့် ဂိုဏ်းချုပ်က အရေးယူတဲ့အနေနဲ့ ဖုန်းမိုကို ဂိုဏ်းထဲကထုတ်ပယ်လိုက်ပါပြီဗျာ"

ထိုစကားကြောင့် ကျင်းဂိုဏ်းသည် သူတို့၏အပြစ်ကို ကာကွယ်ရန် ဉာဏ်များတော့မည်ဖြစ်ကြောင်း သူဌေးဝူကျိန်း နားလည်လိုက်လေသည်။

တောက်ထိန်က...

"ဖုန်းမိုအကြောင်းကို စုံစမ်းကြည့်တော့ သူဟာ ရွှေသစ္စာဂိုဏ်းကို မျက်မုန်းကျိုးနေပြီး ရွှေသစ္စာဂိုဏ်းဒုက္ခရောက်အောင်ကြံစားဖို့ဆုံးဖြတ်ထားတာ သိရပါတယ်၊ သူ့ရဲ့မကောင်းတဲ့ အကြံအစည်တွေထဲမှာ သူဌေးမင်းကို ဒုက္ခပေးပြီး ရွှေသစ္စာဂိုဏ်းရဲ့လက်ချက်ဖြစ်တယ်လို့ အပြစ်ပုံချဖို့ စီစဉ်ထားတဲ့အကြံအစည်တစ်ခုပါဝင်နေတယ်ဆိုတာလည်း ကျုပ်တို့စုံစမ်းဖော်ထုတ်နိုင်ခဲ့ပါတယ်"

သူဌေးဝူကျိန်းက တောက်ထိန်ကို ဘယ်လောက်အထိ ဉာဏ်များမည်ဆိုသည်ကို စောင့်ဆိုင်းနားစွင့်နေ၏။

တောက်ထိန်က...

"ဂိုဏ်းချုပ်က ဖုန်းမိုရဲ့မကောင်းမှုတွေကို စုံစမ်းဖော်ထုတ်ပြီး အရေးယူဖို့စီစဉ်နေချိန်မှာပဲ ဖုန်းမိုက ထွက်ပြေးတိမ်းရှောင်သွားပါတယ်၊ သူ့ကြောင့် ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေနဲ့ မျက်နှာပျက်ရတာမျိုး ကျုပ်တို့ဂိုဏ်းချုပ်က မလိုလားပါဘူး၊ ဒါကြောင့် သူဌေးမင်းကို ကျုပ်ကိုယ်တိုင်လာတွေ့တာပါ"

သူဌေးဝူကျိန်းက...

"ကျုပ်က ကျင်းဂိုဏ်းကို လေးစားပြီးသားပါဗျာ၊ ကျင်းဂိုဏ်းအတွက် ကျုပ်တတ်အားသလောက် ကူညီပံ့ပိုးခဲ့တာပဲ မဟုတ်လားဗျာ"

တောက်ထိန်က...

"ဂိုဏ်းချုပ်က သူဌေးမင်းရဲ့စေတနာ သဒ္ဓါတရားကို နားလည်ပါတယ်၊ ခုချိန်မှာ သူဌေးမင်းရဲ့ အထောက်အပံ့တွေ ယာယီအားဖြင့် လျော့နည်းသွားပေမယ့် နောက်ပိုင်းကျယင် ပြန်ပြီး တိုးတက်များပြားလာလိမ့်မယ်ဆိုတာလည်း ယုံကြည်ထားပါတယ်၊ ကျုပ်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အပြန်အလှန်ရှိကြတာ မဟုတ်လား၊ ပြီးတော့ ကျင်းဂိုဏ်းဟာ တိမ်ကြားမိုးယံဂိုဏ်းရဲ့ အားပေးထောက်ခံမှုကို ရရှိထားတော့ ဘယ်လိုအနှောက်အယှက် အဖျက်အဆီးတွေ ရှိကြပါစေ၊ ထာဝရရှင်သန်နေမှာပါ၊ ကျင်းဂိုဏ်းကို ထိပါးသူတွေကိုလည်း ပြတ်ပြတ်သားသား ဆုံးမ သွားမှာပါဗျာ"

ကျင်းဂိုဏ်းသည် ပျက်စီးပြိုကွဲသွားမည် မဟုတ်ဘဲ ထာဝရ



ရှင်သန်နေမည်ဖြစ်ကြောင်း တိမ်ကြားမိုးယံဂိုဏ်းကြီး၏ ထောက်ခံမှုရှိကြောင်းနှင့် ရန်သူများကို ပြတ်ပြတ်သားသား ချေမှုန်းသွားမည်ဖြစ်ကြောင်းပြောကာ သွယ်ဝိုက်ခြိမ်းခြောက်လိုက်ခြင်း ဖြစ်လေသည်။

သူဌေးဝူကျိန်း သက်ပြင်းချလိုက်လေသည်။

အလွန်အကွက်မြင်သော စီးပွားရေးသမားပီပီ တောက်ထိန်က ဘာဆိုလိုသည်ကို နားလည်လိုက်၏။

တောက်ထိန်က...

"ကျင်းဂိုဏ်းဟာ နောက်ဆုံးလူတစ်ယောက်ပဲ ကျန်ခဲ့ပါစေ ထိပါးလာသူတွေကို ပြတ်ပြတ်သားသား ရင်ဆိုင်ဆုံးမသွားမှာပါ၊ ကျင်းဂိုဏ်းကို မခန့်လေးစားလုပ်သူတွေ ကျိန်းသေနောင်တရသွားမှာပါ၊ သူဌေးမင်းက ကျင်းဂိုဏ်းအကြောင်း သိထားပြီးသားဆိုတော့ ကျုပ် သည်လောက်ပဲ ပြောချင်ပါတယ်"

သူဌေးဝူကျိန်း ရင်မောသွား၏။

"ကျုပ်က ကျင်းဂိုဏ်းကို လေးစားပြီးသားပါဗျာ"

တောက်ထိန်က...

"ကောင်းပါတယ်ဗျာ၊ ခုချိန်မှာ ဖုန်းမိုလိုသစ္စာဖောက်တွေနဲ့ကျင်းဂိုဏ်းကို ပြိုင်ဆိုင်ချင်သူတွေရဲ့စကားကို နားမယောင်မိဖို့ သတိပေးချင်ပါတယ်၊ သူဌေးမင်း ထိခိုက်ပျက်စီးမှာကို မလိုလားလို့ပါဗျာ"

သူဌေးဝူကျိန်းက...

"ကျုပ်ကို စေတနာနဲ့ သတိပေးတာကို ကျေးဇူးတင်ပါတယ် ဗျာ"

တောက်ထိန် ပြုံးလိုက်သည်။

"ကျုပ်တို့က သူဌေးမင်းအပေါ် စေတနာထားပါတယ်၊ မထိနိုက်စေချင်ပါဘူး၊ သူဌေးမင်းလည်း ကျုပ်တို့အပေါ် သည်လို သဘောထားမျိုး ရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ တချို့ကိစ္စတွေဟာ ဘာမဟုတ်ဘဲ အချင်းချင်း နားလည်မှုလွဲကြတာနဲ့ နှစ်ဦးနှစ်ဘက် ပျက်စီးသွားတတ်ကြတယ် မဟုတ်လားဗျာ၊ ကြုံတုန်းပြောရယင် ရွှေသစ္စာဂိုဏ်းက ကျုပ်တို့ကို ပြိုင်ဆိုင်လာပေမယ့် ကျုပ်တို့ ဘယ်လိုမှ သဘောမထားပါဘူး၊ ဖုန်းမိုကြောင့် ကျင်းဂိုဏ်းနဲ့ မျက်နှာချင်းဆိုင် ဆွေးနွေးဖြေရှင်းသွားမှာပါ၊ ဖုန်းမိုတစ်ယောက် မကောင်းတာနဲ့ ကျင်းဂိုဏ်းတစ်ခုလုံးကို စော်ကားလာမယ်ဆိုယင် ကျင်းဂိုဏ်းရဲ့ သွေး ဘယ်လောက်နီတယ်ဆိုတာ လက်တွေ့ပြမှာပါ၊ ကျုပ်တို့ကို တိမ်ကြားမိုးယံဂိုဏ်းကလည်း ထောက်ခံပါလိမ့်မယ်"

သူဌေးဝူကျိန်းသည် ကျင်းဂိုဏ်းနှင့် ထိပ်တိုက်ရင်ဆိုင်ခြင်းမှာ မကောင်းသောလက္ခဏာဆောင်ကြောင်း နားလည်နေပြီဖြစ်ပါသည်။

ရွှေသစ္စာဂိုဏ်းက 'သူ့အတွက်' အာမခံချက်ပေးဖို့ဆိုသည်မှာလည်း ကျိန်းသေတွက်ဆ၍မရနိုင်ပါ။

စီးပွားတွက် တွက်ကာ အကျိုးအမြတ်တွက်ရမည်ဆိုလျှင် ကျင်းဂိုဏ်းအား ဆန့်ကျင်၍ မဖြစ်ကြောင်း သိရှိနေ၏။



ထို့ကြောင့်...

"ကျုပ်က ကျင်းဂိုဏ်းရဲ့ မိတ်ဆွေကောင်းတစ်ယောက် ပီသမှုကို ထောက်ပံ့ငွေအပြည့်အဝ ပြန်ပေးတာနဲ့ သက်သေပြပါ့မယ် ဗျာ"

ဟု ကတိပေးလိုက်လေသည်။

တောက်ထိန် ကျေနပ်သွားလေတော့သည်။

သူဌေးဝူကျိန်းကို အောင်မြင်လိုက်ချေပြီ။

ရွှေသစ္စာဂိုဏ်းနှင့် စာရင်းရှင်းဖို့သာ ကျန်တော့သည် မဟုတ်ပါလား။

ရွှေသစ္စာဂိုဏ်းကိုလည်း ကျိန်းသေအောင်မြင်ရမည်ဟု ယုံကြည်ထားလေတော့သည်။

* * *

လူတိုင်းလူတိုင်း အံ့သြသွားစေသည့် ကျေညာချက်တစ်စောင်ကို ကျင်းဂိုဏ်းချုပ်က ထုတ်ပြတ်လိုက်လေသည်။

ထိုကျေညာချက်တွင်...

အကြီးအကဲ ဖုန်းမိုသည် ရှေ့သစ္စာဂိုဏ်းအား ကိုယ်ရေးကိုယ်တာ မကျေနပ်မှုများဖြင့် နာမည်ပျက်အောင် အကောက်ကြံခဲ့ကြောင်း။ ကျင်းဂိုဏ်းချုပ်ရာထူးကို လုယူရန် လျှို့ဝှက်ကြံစည်နေကြောင်း။

ကြေးစားလူဆိုးဓားပြများအား မွေးမြူကာ ဒုစရိုက်မှုများကျူးလွန်နေကြောင်း။

လောင်းကစားဝိုင်းများ၊ အပျော်ဂေဟာများ ဖွင့်လှစ်ကာ မတရားစီးပွား ရှာနေကြောင်း။

ဂိုဏ်းပိုင်ငွေများကို အလွဲသုံးစား ပြုလုပ်ထားကြောင်း။

ကျင်းဂိုဏ်းမှမသိဘဲ ကျင်းဂိုဏ်းအမည်ကို အလွဲသုံးစား ပြုလုပ်ကာ အများပြည်သူကို ခြိမ်းခြောက်အန္တရာယ်ပြုနေကြောင်း။

စသည့် စွပ်စွဲချက်များဖြင့် ထွက်ပြေးရှောင်တိမ်းနေသည့် ဖုန်းမိုအား ဖမ်းမိနိုင်အောင် သတင်းပေးသူအား ဆုငွေထိုက်ထိုက်တန်တန် ချီးမြှင့်မည့်အကြောင်း ဖော်ပြထားလေသည်။

ထို့အပြင်...

ကျင်းဂိုဏ်းသည် တိမ်ကြားမိုးယံဂိုဏ်းကြီး၏ ထောက်ခံမှုဖြင့် အများအကျိုး၊ သိုင်းလောကအကျိုးကို ဆထက်တံပိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။



အခြားသော သိုင်းအဖွဲ့အစည်းများနှင့်လည်း မိတ်ဆွေကောင်းပီသစွာ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားမည်ဖြစ်ကြောင်း ကျင်းဂိုဏ်း၏ရပ်တည်ချက်သဘောထားကို ဖော်ပြထားလေသည်။

ထိုကျေညာချက် ထွက်ပေါ်လာပြီးနောက် ကျင်းဂိုဏ်းသားများသည် ပြည်သူလူထု အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြသည်။

လောင်းကစားဝိုင်းများ၊ အပျော်ဂေဟာများကို ဖျက်ဆီးပစ်ကြလေသည်။

လူဆိုးဓားပြများအား ဖော်ထုတ်ဖမ်းဆီးကြသည်။

ကျင်းဂိုဏ်း၏ ပြောင်းလဲလာကာ ဆောင်ရွက်ချက်များကြောင့် အများကပင် ချီးကျူးလာကြရလေတော့သည်။

* * *

## ငြိမ်းချောက်ခြင်း

ဒုဂိုဏ်းချုပ်စုလိရှက သုံးလေးရက် အနားယူမည်ဟု အကြောင်းပြကာ ခရီးထွက်သွားလေသည်။

ဂိုဏ်းချုပ်ကော့ဟောင်ကလည်း ခွင့်ပြုခဲ့သည်။

စုလိရှသည် ပရိယာယ်ကင်းသူဖြစ်သည်။

အမှားကိုအမှား၊ အမှန်ကိုအမှန် ပြတ်သားစွာ ပြောဆိုလုပ်ကိုင်ဆောင်ရွက်တတ်သူ ဖြစ်သည်။

မကောင်းမှုပြုလုပ်နေသူ တစ်ယောက်ကို ဘယ်တော့မှ ဟန်ဆောင်ပြုံးပြလိမ့်မည် မဟုတ်ပါ။

မိတ်ဆွေတစ်ယောက်ကဲ့သို့ ဟန်ဆောင်ဆက်ဆံလိမ့်မည် မဟုတ်ပါ။

❖



စည်းကမ်းကြီးသလို ဇွဲကျပြတ်သားသူဖြစ်သည်။

စုလိရှ ရှိနေလျှင် ကျောင်းဂိုဏ်းနှင့် ထိပ်တိုက်ရင်ဆိုင်ဖို့ကလွဲပြီး တခြားနည်းလမ်းရှိတော့မည် မဟုတ်ကြောင်း ကော့ဟောင် နားလည်ထား၏။

ယခု ကြုံတွေ့နေရသော ဖြစ်ရပ်မှာ ပရိယာယ်များသကဲ့သို့ အန္တရာယ် အလွန်များသောကိစ္စ ဖြစ်လေသည်။

ကောက်ကျစ်စဉ်းလဲပြီး ဟန်ဆောင်ကောင်းသူများနှင့် ထိပ်တိုက်ရင်ဆိုင်နေရခြင်းဖြစ်သည်။

ထိုလူများသည် ဉာဏ်နီဉာဏ်နက်များပြီး အင်အားကြီးမားသူများလည်း ဖြစ်လေသည်။

တစ်ချက်ကလေး မှားယွင်းလိုက်သည်နှင့် အမှန်တရားကို ဆုပ်ကိုင်ထားပါလျက် ချောက်ထဲကျရလိမ့်မည် ဖြစ်လေသည်။

စိတ်ဆတ်ပြီး မဟုတ်မခံသော စုလိရှအား တာဝန်ပေး၍မရသောကိစ္စလည်း ဖြစ်နေသည်။

ထို့ကြောင့် ဂိုဏ်းချုပ်ကော့ဟောင်က ကိုယ်တိုင်တာဝန်ယူဆောင်ရွက်ရန် ဆုံးဖြတ်ကာ စုလိရှကို ခဏဘေးဖယ်ထား လိုက်ခြင်း ဖြစ်လေသည်။

စုလိရှ ထွက်သွားပြီး နောက်တစ်နေ့မှာပင် ကျောင်းဂိုဏ်း၏ ကျေညာချက် ထွက်ပေါ်လာလေသည်။

ဒုတိယနေ့တွင် တွေ့ဆုံဆွေးနွေးလိုသည်ဟု ကျောင်းဂိုဏ်း၏ ကမ်းလှမ်းချက် ဂိုဏ်းချုပ်ကော့ဟောင်ထံ ရောက်လာသည်။

ဂိုဏ်းချုပ်ကျော့ဟောင်းက လက်ခံလိုက်သဖြင့် ကျင်းဂိုဏ်းမှအဆင့်မြင့် ထိပ်တန်းကိုယ်စားလှယ်တစ်ယောက် တတိယမြောက်သောနေ့တွင် ရောက်ရှိလာသည်။

ထိုကိုယ်စားလှယ်မှာ ကျင်းဂိုဏ်းမှ အကြီးအကဲတောက်ထိန်ပင် ဖြစ်ပါသည်။

ဂိုဏ်းချုပ်ကျော့ဟောင်းသည် တောက်ထိန်ကို လက်ခံတွေ့ဆုံပြီး ဂိုဏ်းနှစ်ဂိုဏ်းကြား ဖြစ်ပေါ်နေသော ပြဿနာများကို ဆွေးနွေးညှိနှိုင်းခဲ့ကြလေသည်။

* * *



တောက်ထိန်သည် ကျင်းဂိုဏ်း၏ အရှိန်အဝါကိုပြသောအားဖြင့် အလွန်တန်ဖိုးကြီးသော ဝတ်စုံကို ဝတ်ဆင်ကာ အဆောင်အယောင်အပြည့်ဖြင့် လာခဲ့ခြင်းဖြစ်လေသည်။

ဂိုဏ်းချုပ်ကျော့ဟောင်းကလည်း အထူးဧည့်သည်တော် တစ်ယောက်ကဲ့သို့ သဘောထားကာ တလေးတစားကြိုဆိုခဲ့လေသည်။

ထို့နောက် နှစ်ယောက်သား မျက်နှာချင်းဆိုင်ကာ ဂိုဏ်းနှစ်ဂိုဏ်းကြား ဖြစ်ပွားနေသော ပြဿနာများကို ဆွေးနွေးညှိနှိုင်းခဲ့ကြလေသည်။

တောက်ထိန်က....

"ဖုန်းမိုဟာ ဂိုဏ်းချုပ်မြှောက်စားခဲ့တဲ့ မျက်နှာကိုတောင်မထောက်ထားဘဲ ထင်ရာစိုင်းခဲ့တယ်ဆိုတာ ကျုပ်တို့ ကျင်းဂိုဏ်းကထုတ်ပြန်တဲ့ကြေညာချက်အရ ဂိုဏ်းချုပ်ကြီးသိရှိထားပြီး ဖြစ်ပါလိမ့်မယ်၊ သူ့ရဲ့လုပ်ရပ်က ကျင်းဂိုဏ်းအတွက် မျက်နှာပူစရာဖြစ် နေတာကြောင့် ကျုပ်လာခဲ့ရတာပါ၊ သစ္စာဖောက်တစ်ယောက်ကြောင့် ကျင်းဂိုဏ်းကို အပြစ်ပြောမယ်ဆိုယင် မတ်ဆွေကောင်း ဝိသမှာမဟုတ်ဘူးဆိုတာ ဂိုဏ်းချုပ်ကို သိထားစေချင်ပါတယ်"

သူတို့က တောင်းပန်စကားဆိုရမည် ဖြစ်သော်လည်း တောက်ထိန်က မတောင်းပန်သည့်အပြင် ခြိမ်းခြောက်နေပါတော့သည်။

ဂိုဏ်းချုပ်ကျော့ဟောင်း မျက်နှာမပျက်အောင် မနည်းထိန်းထားလိုက်ရလေသည်။

တောက်ထိန်က…

“ဖုန်းမိုက မကောင်းကြံစည်နေတာကို ဂိုဏ်းချုပ်တို့ကြိုတင်သတင်းရပြီး ဖြေရှင်းနိုင်ခဲ့တာကို ချီးကျူးပါတယ်၊ ဒါပေမယ့် ဂိုဏ်းချုပ်တို့ရဲ့ လုပ်ရပ်ဟာ ကျင်းဂိုဏ်းအပေါ်မှာ မိတ်ဆွေကောင်းမပီသလူးဆိုတာ ထင်ရှားပေါ်လွင်နေပါတယ်ဗျာ”

ခြိမ်းခြောက်စကားပြောပြီး အပြစ်တင်စကား ဆက်ပြောလိုက်ခြင်းဖြစ်လေသည်။

ဂိုဏ်းချုပ်ကျော့ဟောင်၏မျက်နှာ တင်းမာသွားလေသည်။

တောက်ထိန်က…

“ကျုပ်တို့အပေါ်မှာ မိတ်ဆွေပီသတဲ့စိတ်ရှိမယ်ဆိုယင် ဖုန်းမိုက မကောင်းကြံနေတာကို ကျုပ်တို့နဲ့ဆက်သွယ်ပြီး သတင်းပေးသင့်တာပေါ့ဗျာ၊ ခင်ဗျားတို့ သတင်းပေးခဲ့ယင် ကျုပ်တို့က မဖြစ်သင့်တာကိုမဖြစ်ရလေအောင် ဖုန်းမိုကို ကြိုတင်တားဆီးနိုင်တာပေါ့၊ ခုတော့ ဖုန်းမိုကိုအကြောင်းပြုပြီး ကျုပ်တို့ရဲ့ဂုဏ်သိက္ခာ ကျဆင်းသွားအောင် တမင်လုပ်ခဲ့ကြတာ မဟုတ်လားဗျာ၊ ကျင်းဂိုဏ်းပြိုကွဲပျက်စီးအောင် ကြံစည်လိုက်တာ မဟုတ်လားဗျာ၊ သည်ကိစ္စကို ကျုပ်တို့ဂိုဏ်းချုပ် ကျေနပ်သွားအောင် ခင်ဗျားတို့ ဖြေရှင်းရပါလိမ့်မယ်၊ ဒါမှမဟုတ်ယင်တော့ ကျုပ်တို့က သည်ကိစ္စကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမှာပါ”

ဂိုဏ်းချုပ်ကျော့ဟောင် မကျေမနပ်ဖြစ်သွားလေသည်။

ကျင်းဂိုဏ်းက မကောင်းကြံခဲ့ပြီး တောင်းပန်ခြင်းမပြုသည့်



အပြင် မတရားစွပ်စွဲကာ ခြိမ်းခြောက်အပြစ်တင်လာသည် မဟုတ်ပါလား။

စိတ်မထိန်းနိုင်လျှင် ကျင်းဂိုဏ်းနှင့် ပြဿနာဖြစ်ဖို့သာရှိတော့ကြောင်း ဂိုဏ်းချုပ်ကျော့ဟောင် ကောင်းကောင်းသိလေသည်။

ကျင်းဂိုဏ်းက တမင်ပြဿနာ ရှာနေသော်လည်း အရှည်ကိုကြည့်ကာ ပြဿနာမဖြစ်လို၍…

“ကျုပ်တို့က ကျင်းဂိုဏ်းကို မိတ်ဆွေလို့ပဲ သဘောထားပါတယ်၊ ဖုန်းမိုက ကိုယ့်သဘောနဲ့ကိုယ် ထင်ရာလုပ်ခဲ့တယ်ဆိုယင်လည်း သည်ကိစ္စအတွက် ဘာမှပြောစရာမရှိတော့ပါဘူး၊ ကျုပ်တို့အချင်းချင်း အယင်ကလိုပဲ ပြန်ပြီးဆက်ဆံသွားကြတာပေါ့ဗျာ”

တောက်ထိန်က….

“ဂိုဏ်းချုပ်က ဖုန်းမိုကိစ္စကို မေ့ပစ်လိုက်မယ်ဆိုပါတော့”

ကျော့ဟောင်က…

“ဟုတ်ပါတယ်”

ကျင်းဂိုဏ်း၏လုပ်ရပ်များကို သက်သေအထောက်အထားဖြင့် ဖော်ထုတ်မည်ဟု အားခဲထားသော ဒုဂိုဏ်းချုပ်စုလိရှသာ ဂိုဏ်းချုပ်ကျော့ဟောင်က ပြဿနာကိုရှောင်ကာ ငြိမ်းချမ်းစွာအဆုံးသတ်သွားနိုင်ရန် အလျှော့ပေးလိုက်သည်ကို သိရှိသွားပါက ဒေါသထွက်၍ ဆုံးတော့မည် မဟုတ်ပါ။

တောက်ထိန် ပြုံးလိုက်သည်။

“ဂိုဏ်းချုပ်ရဲ့သဘောထားကို ချီးကျူးပါတယ်ဗျာ၊ ဖုန်းမို

ကြောင့် ကျင်းဂိုဏ်းရဲ့ဂုဏ်သိက္ခာထိခိုက်ရမှာကို အားလုံးစိုးရိမ်
မကင်းဖြစ်နေကြတာ၊ ဂိုဏ်းချုပ်က ဖုန်းမိုကိစ္စကို မေ့ပစ်လိုက်မယ်
လို့ ကတိပေးတဲ့အကြောင်း ကျုပ်တို့ဂိုဏ်းချုပ်ကို ပြန်ပြောပြလိုက်ပါ့
မယ်"

သူတို့၏တွေ့ဆုံမှုသည် နှစ်ဦးနှစ်ဘက် သဘောထားနှင့်
ရပ်တည်မှုကို အပြန်အလှန်ဆွေးနွေးဖလှယ်ကြခြင်းမျိုး မဟုတ်တော့
ဘဲကျင်းဂိုဏ်းဘက်မှ တစ်ဘက်သတ် ငြိမ်းချောက်အသာစီးယူသွား
ခြင်းဖြစ်လေသည်။

ဂိုဏ်းချုပ်ကေ့ဟောင်က အဘယ်ကြောင့်၊ အကျော့ပေး
လိုက်ရပါသနည်း။

တောက်ထိန်က ရွှေသစ္စာဂိုဏ်းမှ ပြန်ထွက်သွားကာနီးတွင်

"ဂိုဏ်းချုပ်ရဲ့ ရွှေသစ္စာဂိုဏ်းသားတွေကိုလည်း သေသေ
ချာချာ ထိန်းထားပါဗျာ၊ အဖြစ်မှန်ကိုမသိဘဲ ဟိုသတင်းသည်
သတင်းကို ယုံစားပြီးထင်ရာလျှောက်လုပ်နေယင် ရွှေသစ္စာဂိုဏ်းပဲ
ထိခိုက်လိမ့်မယ်"

ဟု စေတနာစကားဆိုပုံမျိုးဖြင့် ငြိမ်းချောက်သွားခဲ့ပြန်လေ
တော့သည်။

* * *

## မဟုတ်မခံ

တာဟုမြို့...။

ရွှေသစ္စာဂိုဏ်း၏ အမှတ်ငါးဌာနခွဲ။

အမှတ်ငါးဌာနခွဲတွင် ခေါင်းဆောင်တစ်ယောက်နှင့် ဂိုဏ်း
သားနှစ်ဆယ်ခန့် အင်အားသာရှိလေသည်။

ထို့ကြောင့် ဖမ်းမိလာသော အကျဉ်းသားများအား တံတိုင်း
နီအဖွဲ့မှပင် တာဝန်ယူရလေသည်။

ရွှေသစ္စာဂိုဏ်းသို့ မပြန်ရဘဲ တာဟုဌာနခွဲငါး၌ နေ့နေရ
သည်ကို တံတိုင်းနီအဖွဲ့သားများ နားမလည်နိုင်အောင်ဖြစ်နေကြ
လေသည်။

အမှတ်ခြောက်ရှင်ဖုံးကြည်သည် ခေါင်းဆောင်အမှတ်တစ်
အားထားရသူဖြစ်သည်။

ကျင်းဂိုဏ်း၏သတင်းကို ရွှင်ဖုံးကြည်က စုံစမ်းသိရှိခဲ့သည် မဟုတ်ပါလား။

အမှတ်တစ်က တံတိုင်းနီအဖွဲ့သားများတွင် အမှတ်ခြောက် ရွှင်ဖုံးကြည်သည် အားအထားရဆုံးဟု သဘောထားခဲ့လေသည်။

နေမွန်းတည့်တော့မည် ဖြစ်သည်။

အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ ရွှင်ဖုံးကြည်နှင့် အမှတ်တစ်တို့ ရှိနေကြသည်။

ရွှင်ဖုံးကြည်က…

"အစ်ကိုကြီး ကျွန်တော်တို့အိမ်ကို ဘယ်တော့လောက် ပြန်ရမလဲ"

ဟု မေးလိုက်လေသည်။

အိမ်ဆိုသည်မှာ ရွှေသစ္စာဂိုဏ်းဌာနချုပ်ကို ဆိုလိုခြင်းဖြစ်လေသည်။

အမှတ်တစ်က…

"ပြန်ဖို့အချိန်ရောက်မလာမချင်း ပြန်ရဦးမှာ မဟုတ်ဘူးကွ"

"အဲဒါ ဘာဖြစ်လို့လဲ"

"တစ်ခုခု လွဲချော်နေလို့ဖြစ်မှာပေါ့၊ ဒါကို မင်းလည်းတွေးမိမှာပါ"

ရွှင်ဖုံးကြည်က…

"ကျွန်တော်ကတော့ ဂိုဏ်းထဲမှာ ပြဿနာတစ်ခုခု ရှိနေပြီထင်တယ်"



အမှတ်တစ်က…

"ဒါပေါ့ ဂိုဏ်းချုပ်နဲ့ဒုဂိုဏ်းချုပ်က ကျင်းဂိုဏ်းမကောင်းကြံမှာကို ရိပ်မိနေကြတယ်၊ ကျင်းဂိုဏ်းရဲ့အန္တရာယ်ကို ကာကွယ်နိုင်အောင် တို့တံတိုင်းနီအဖွဲ့ ဖွဲ့စည်းခဲ့တာ မဟုတ်လား"

ရွှင်ဖုံးကြည်က…

"ကျွန်တော်တို့က ကျင်းဂိုဏ်းရဲ့အကြံကို သက်သေအထောက်အထားနဲ့ ဖော်ထုတ်နိုင်ခဲ့ပြီ မဟုတ်လားဗျာ"

အမှတ်တစ်က…

"တို့ဘက်က တိတိကျကျ သက်သေပြစရာရှိပြီဆိုတာနဲ့ ကျင်းဂိုဏ်းရဲ့လုပ်ရပ်တွေကို အားလုံးသိအောင် ဖော်ထုတ်လိုက်မယ်၊ ရွှေသစ္စာဂိုဏ်းအပေါ် နောက်ထပ်မကောင်းမကြံရဲအောင် တို့ရဲ့အစွမ်းသတ္တိပြကြမယ်လို့ အားလုံးအားခဲထားကြတာပဲ၊ ဒါပေမယ့် ခုတော့ သည်လိုမဟုတ်ဘူးဖြစ်နေတယ်"

ရွှင်ဖုံးကြည် မေးလိုက်ပြန်သည်။

"သူတို့က မကောင်းကြံနေတာလည်း သိတယ်၊ သက်သေပြစရာလည်း ရှိနေပြီ၊ ဒါပေမယ့် ဘာမှမလုပ်ပဲ နေ့နေတာ သူတို့မကောင်းကြောင်း ဖော်ထုတ်လိုက်တာနဲ့ ကျင်းဂိုဏ်းရဲ့တုန့်ပြန်မှုကို စိုးရိမ်နေရလို့ထင်တယ်"

အမှတ်တစ်က…

"တို့က အမိန့်အတိုင်း လိုက်နာဖို့ပဲရှိတယ်၊ တခြားဘာမှ စွမ်းဆောင်နိုင်တာမဟုတ်ဘူး၊ အကြီးအကဲတွေက လုပ်စရာရှိတာ

လုပ်သွားလိမ့်မယ်၊ ဒါတွေတွေးနေလို့လည်း အကြောင်းထူးမှာ မဟုတ်ဘူး၊ တို့ဆီကို အဓိမ်ရောက်လာမယ့်အချိန်ကိုပဲ စောင့်နေလိုက်ကြတာပေါ့ကွာ"

တွေးတောစဉ်းစားယင်း ခေါင်းရှုပ်လာသည့်အလား စကားဖြတ်လိုက်လေသည်။

ရှင်ဖုံးကြည် သက်ပြင်းချလိုက်လေသည်။

"တစ်ခုခုတော့ မှားနေပြီ၊ ဘာမှားနေတာလဲဆိုတာ သိချင်လိုက်တာ"

မရှင့်မရဲဖြစ်နေသေးသည့်သဘောဖြင့် ညည်းတွားလိုက်လေတော့သည်။

ထိုစဉ်...

"အမှတ်ခြောက် မင်းပြောတာ မှန်တာပေါ့ကွာ"

အသံသြသြကြီး ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှင်ဖုံးကြည်တို့ လန့်ဖျတ်ကာ ခုန်ထလိုက်လေသည်။

အသံထွက်ပေါ်လာရာဘက်သို့ ကြည့်လိုက်လျှင် အလွန်ကြံ့ခိုင်သန်စွမ်းသူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့ရလေသည်။

ထိုလူအား ရှင်ဖုံးကြည်တို့က ဦးညွှတ်လိုက်ကြသည်။

"ဒုဂိုဏ်းချုပ်ကို ဂါရဝပြုပါတယ် ခင်ဗျာ"

ရောက်လာသူကား ဒုဂိုဏ်းချုပ်စုလိရှ ဖြစ်လေသည်။



စုလိရှသည် မိတ်ဆွေဟောင်းတစ်ယောက်ထံသို့ သွားမည်ဟုဆိုကာ တာဒုဒ္ဒါနခွဲသို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

ဂိုဏ်းချုပ်ကေ့ပောင်က သူ့အား ဘေးဖယ်ထားလိုက်သည်ကို မကျေနပ်သဖြင့် တမင် အကြောင်းပြကာ ထွက်လာခဲ့ခြင်းလည်းဖြစ်သည်။

တံတိုင်းနီအဖွဲ့သားများအား တိတ်တဆိတ်လာရောက်တွေ့ဆုံခြင်း ဖြစ်လေသည်။

စုလိရှက...

"မင်းတို့ လိုက်ခဲ့ကြ"

ဟုပြောကာ လှမ်းထွက်သွားလေသည်။

ရှင်ဖုံးကြည်တို့လည်း လိုက်သွားကြလေတော့သည်။

* * *

အပုက်ငါးဒွာနခွဲ၏ ညှိခန်းမဆောင်အတွင်း၌ ဖြစ်ပါသည်။

ဒုဂိုဏ်းချုပ်စုလိရှနှင့် တံတိုင်းနီအဖွဲ့သားများ တွေ့ဆုံမိကြလေသည်။

ဒုဂိုဏ်းချုပ်စုလိရှ ရောက်လာခြင်းကြောင့် တံတိုင်းနီများ ဝမ်းသာအားရ ဖြစ်နေကြပါတော့သည်။

စုလိရှသည် တံတိုင်းနီလက်ရွေးစင်အဖွဲ့အား သီးခြားထု

ထောင်ခဲ့သူဖြစ်သည်။

တံတိုင်းနီများ၏ ခေါင်းဆောင်ဖြစ်သည်။

တံတိုင်းနီများသည် ရွှေသစ္စာဂိုဏ်းအတွက် ရှေ့ဆုံးမှကာကွယ်စောင့်ရှောက်သွားရမည့် အသေခံလက်ရွေးစင်များ ဖြစ်လေသည်။

စုလိရှက အားလုံးကို ဝေ့ကြည့်လိုက်လေသည်။

"မင်းတို့ကို အိမ်ပြန်လာခွင့်မပြုသေးဘဲ သည်နေရာမှာ ယာယီနားခိုနေထိုင်ကြဖို့ ဂိုဏ်းချုပ်က အမိန့်ထုတ်လိုက်တာ ဘာကြောင့်လဲဆိုတာ အားလုံး သိချင်နေကြမယ်"

အားလုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"

စုလိရှက...

"ဂိုဏ်းချုပ်ဟာ ကျင်းဂိုဏ်းရဲ့မကောင်းမှုကို လူသိရှင်ကြားဖော်ထုတ်လိုက်တာနဲ့ ကျင်းဂိုဏ်းက ဆက်ပြီးမကောင်းမကြံဝံ့တော့ဘူးလို့ ရှေးမဆွက ယုံကြည်ခဲ့တယ်၊ ရန်သူအကြောင်းကို ဖော်ထုတ်ပြီး ရန်သူရဲ့ထိုးနှက်မှုကို ကြိုတင်ကာကွယ်ထားရမယ် ဆိုတာကို လက်ခံခဲ့တယ်၊ ဒါပေမယ့် နောက်ပိုင်းကျတော့ ကျင်းဂိုဏ်းကို ဟန့်တားလို့ရယင် အကြောင်းမဟုတ်ပေမယ့် ဟန့်တားမရဘဲ ကျင်းဂိုဏ်းက ရှေ့ဆက် မိုက်မဲလာခဲ့ယင် မလွဲမရှောင်သာဘဲ ထိပ်တိုက်တွေ့ရမယ်၊ ဒါဆို ထိခိုက်ပျက်စီးမှုတွေ ရှိလာမယ်လို့ တွေးတောပူပန်သွားတဲ့သဘော ရှိလာတယ်၊ ကျင်းဂိုဏ်းနဲ့ သင့်မြတ်



အောင်ညှိနှိုင်းဆောင်ရွက်မယ်ဆိုတဲ့စိတ်ကူး ပေါ်လာပုံရတယ်၊ ဒါကြောင့်မင်းတို့ကို အမှတ်ငါးဌာနခွဲမှာ ယာယီနေထိုင်ကြဖို့ အမိန့်ထုတ်လိုက်တာလို့ ကျုပ်ယူဆမိတယ်"

ဂိုဏ်းချုပ်ကျေဟောင်က ကျင်းဂိုဏ်းနှင့် ပတ်သက်ပြီး ကိုယ်တိုင်ကိုယ်ကျ ကိုင်တွယ်ဆောင်ရွက်ပြီး ဆုံးဖြတ်မည့်သဘောရှိကြောင်း တံတိုင်းနီများ နားလည်လိုက်ကြလေသည်။

စုလိရှက...

"ဂိုဏ်းချုပ်ဟာ ကျင်းဂိုဏ်းနဲ့ အပေးအယူလုပ်ပြီး ဆွေးနွေးမှာသေချာတယ်၊ ကျင်းဂိုဏ်းက တို့ရဲ့ရွှေသစ္စာဂိုဏ်း တည်ရှိမှုကို ထောက်ခံပြီး မနှောက်ယှက်တော့ဘူးဆိုယင် လက်ရှိတို့ဖမ်းဆီးထားတဲ့လူတွေကို ပြန်လွှတ်ပေးမယ့် သဘောရှိတယ်"

ထိုစကားကြားလျှင် အားလုံး မကျေမနပ် ဖြစ်သွားကြ၏။

သို့သော်...

စုလိရှကိုကြည်ညိုလေးစားကြသဖြင့် မည်သူကမျှ စောဒကမတက်ကြပါ။

မကျေနပ်သည့်စကား ပြောကြပါ။

စုလိရှ ပြုံးလိုက်သည်။

"ဂိုဏ်းချုပ်ဟာ ရွှေသစ္စာဂိုဏ်းရဲ့ရှေ့ရေးကို မျှော်တွေးခဲ့တယ်၊ သူဟာ အားလုံးထက်ပိုပြီး အမြော်အမြင်ကြီးမားသူဖြစ်တာကြောင့် သူ့ရဲ့ဆုံးဖြတ်ချက်ကို အားလုံးလက်ခံကြရလိမ့်မယ်၊ တစ်ခုပဲ ပြောစရာရှိတယ်၊ တို့တတွေဟာ တိုက်မယ်၊ သေမယ်ဆိုတဲ့ လက်ရုံး

ရည်သမားတွေဖြစ်လို့ မတရားစော်ကားလာတဲ့ ရန်သူနဲ့တိုက်ခိုက်ဖို့ပဲ ရှိတယ်၊ စေ့စပ်ဆွေးနွေးစရာမရှိဘူးလို့ ခံယူထားကြမှာပဲ၊ ဘာပဲဖြစ်ဖြစ် တို့အားလုံး ဂိုဏ်းချုပ်အမိန့်ကို နာခံကြရလိမ့်မယ်"

တံတိုင်းနီများ လှုပ်လှုပ်ရှားရှား ဖြစ်နေရာမှ ငြိမ်ကျသွားကြလေသည်။

စုလိရှက...

"အားလုံး သည်မှာပဲ သက်တောင့်သက်သာ အနားယူနေလိုက်ကြပါ။ ကျုပ်က ရွှေသစ္စာဂိုဏ်းကို ပြန်သွားပြီး အားလုံးအတွက် အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးမယ်၊ အမိန့်မရဘဲ ကိုယ့်သဘောနဲ့ကိုယ် ဘာမှမလုပ်မိအောင်ရှောင်ပါ။ အကျဉ်းသားတွေကို ဂရုစိုက်ပါ"

လိုလေသေးမရှိအောင် အစစအရာရာ မှာကြားပြီးမှ...

"ကျုပ်ထင်တယ်၊ ကျင်းဂိုဏ်းနဲ့ တိုက်ဖြစ်အောင် တိုက်ရလိမ့်မယ်၊ မင်းတို့အားလုံး အသင့်ရှိပါစေ"

ဟု နောက်ဆုံး မှာကြားသွားလေတော့သည်။

* * *



စုလိရှ အတွေးမမှားပါချေ။

ကျင်းဂိုဏ်းက တဆင့်တက်လာခြင်းကြောင့် ဖြစ်လေသည်။

ကျင်းဂိုဏ်းမှ တောက်ထိန် ရောက်လာပြီး မတရားစွပ်စွဲကာ ခြိမ်းခြောက်ပြောဆိုသွားသည်ကို သိရသောအခါ စုလိရှ ဒေါသချောင်းချောင်း ထွက်သွားလေသည်။

"ရွှေသစ္စာဂိုဏ်းကို သူတို့ကပဲ စော်ကားသေးတယ်၊ သူတို့ကပဲ အပြစ်တင်စွပ်စွဲပြီး ခြိမ်းခြောက်ကြသေးတယ်၊ ဒါဟာ ကျုပ်တို့ကို လက်သီးပုန်းထိုးလို့မရလည်း ဂရုမစိုက်ဘူး၊ အထင်သေးတယ်၊ ဖြောင်စော်ကားတယ်၊ ဘာလုပ်ချင်သလဲဆိုတဲ့သဘောပဲ"

မဟုတ်မခံ စုလိရှအား ထိန်းရခက်ကြောင်း ဂိုဏ်းချုပ်ကော့ဟောင် နားလည်ထားပြီး ဖြစ်လေသည်။

"ဒုဂိုဏ်းချုပ်က ကျင်းဂိုဏ်းရဲ့အန္တရာယ်ကို ကာကွယ်ဖို့ ကြိုတင်ဆော င်ရွက်ထားရမယ်လို့ ကျုပ်ပဲပြောခဲ့တယ်၊ သူတို့ရဲ့ မကောင်းကြံစည်မှုကို လက်တွေ့ဖော်ထုတ်နိုင်တော့ ကျုပ်ပဲ သဘောထားပြောင်းသွားပြီး ကျင်းဂိုဏ်းကို အလျှော့ပေးဆက်ဆံချင်တယ်လို့ အပြစ်တင်ချင်မှာပဲ၊ ကျင်းဂိုဏ်းက ကျုပ်တို့ကိုပျက်စီးသွားစေချင်နေတာ ကျုပ်သိပါတယ်၊ ဒါပေမယ့် အလျှော့ပေးဆက်ဆံပြီး သင့်မြတ်မှုရယူဖို့ ကြိုးစားကြည့်မယ်လို့ ကျုပ်ရဲ့မူလဆုံးဖြတ်ချက်ကို ပြင်လိုက်တာ အကြောင်းတစ်ခုကြောင့်ပါ"

စုလိရှ စိတ်ဝင်စားသွားလေသည်။

"ဂိုဏ်းချုပ်က ကျုပ်ကို ပြောပြနိုင်မလားဗျာ"

ဂိုဏ်းချုပ်ကေ့ပဟောင်က...

"တိမ်ကြားမိုးယံဂိုဏ်းကြောင့် ကျုပ်က စိတ်လျှော့ပြီး ကျင်းဂိုဏ်းကို လိုက်လျောခဲ့တာပါပဲ့"

စုလိရှက...

"တိမ်ကြားမိုးယံဂိုဏ်းဟာ မိုင်တစ်ထောင် ပတ်လည်မှာ အင်အားအကြီးမားဆုံးဂိုဏ်းကြီးပါပဲ၊ သိုင်းလောကမှာလည်း ဩဇာကြီးမားပါတယ်၊ သူတို့က ကျင်းဂိုဏ်းနဲ့ပတ်သက်နေတယ်လို့တော့ သတင်းကြားမိပါတယ်၊ ကျုပ်တို့ ပြဿနာပေါ်လာယင် သူတို့က ကျင်းဂိုဏ်းဘက်က ပါဝင်လာမှာကို ဂိုဏ်းချုပ်စိုးရိမ်ပူပန်နေတာလားဗျာ"

ဂိုဏ်းချုပ်ကေ့ပဟောင် ဝန်ခံလိုက်သည်။

"အမှန်ပဲ၊ ကျင်းဂိုဏ်းဟာ နောက်ကွယ်မှာ မကောင်းမှုတွေလုပ်နေတယ်ဆိုတာ လူတိုင်း ရိပ်မိကြပါတယ်၊ သည်နယ်ထဲမှာ ကျင်းဂိုဏ်းလို ဂိုဏ်းတွေ အတော်များများရှိနေတယ်၊ ဒါတွေကို တိမ်ကြားမိုးယံဂိုဏ်းက မမြင်ချင်ဟန်ဆောင်ထားတဲ့အပြင် ကျောထောက်နောက်ခံပေးထားသေးတယ်၊ ပွင့်ပွင့်လင်းလင်း ပြောရယင်တော့ ကျင်းဂိုဏ်းလိုထင်ရာစိုင်းနေတဲ့ဂိုဏ်းတွေက တိမ်ကြားမိုးယံဂိုဏ်းကို နှစ်စဉ်လှုံ့ငွေသိန်းချီပြီး လက်ဆောင်ပဏ္ဏာဆက်သနေလို့ပါပဲ"

စုလိရှ အံ့ဩသွား၏။

"တိမ်ကြားမိုးယံဂိုဏ်းလို ထိပ်သီးဂိုဏ်းကြီးတစ်ခုကတောင်



အကျင့်ပျက်နေတယ်ဆိုယင် အများပြည်သူ ဒုက္ခရောက်ဖို့ပဲ ရှိတော့တာပေါ့"

ဂိုဏ်းချုပ်ကေ့ပဟောင်က...

"ကျင်းဂိုဏ်းဟာ တိမ်ကြားမိုးယံဂိုဏ်းကို အားကိုးအားထားပြုပြီး ကျုပ်တို့ဟာ ဖုန်းမိုကို စည်းရုံးသိမ်းသွင်းခဲ့ကြတယ်၊ ကြေးစားတွေ ငှားရမ်းပြီး ကျင်းဂိုဏ်းက အကောက်ကြံပါတယ်လို့ လုပ်ဇာတ်သွင်းတယ်၊ ကျင်းဂိုဏ်းဂုဏ်သိက္ခာကျအောင် လုပ်ကြံဖန်တီးတယ်၊ သည်ကိစ္စကို သူတို့ကျေနပ်အောင် ဖြေရှင်းပေးရမယ်၊ ဒါမှမဟုတ်ယင် အရေးယူရလိမ့်မယ်လို့ ကျုပ်ဆီကို သတိပေးသဝဏ်လွှာပို့လိုက်တယ်"

စုလိရှ အခြေအနေအရပ်ရပ်ကို နားလည်သဘောပေါက်လိုက်လေသည်။

ဂိုဏ်းချုပ်ကေ့ပဟောင်ကို စိုက်ကြည့်လိုက်သည်။

"သူတို့ပြောချင်ရာပြောတယ်၊ လုပ်ချင်ရာလုပ်တယ်၊ သူတို့ရည်ရွယ်ချက်က ဘာကိုမှအမှုမထားဘဲ ကျုပ်တို့ ရွှေသစ္စာဂိုဏ်းကို ဖျက်ဆီးပစ်ဖို့ပဲ၊ ကျုပ်တို့အဖြစ်က ကျားရှေ့နွားထောက်တောင်းပန်သလို ဖြစ်နေပြီဆိုတာ ဂိုဏ်းချုပ်နားလည်မှာပါ"

ဂိုဏ်းချုပ်ကေ့ပဟောင်၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ကျုပ်က ရွှေသစ္စာဂိုဏ်းရဲ့ ရှေ့ရေးကိုမျှော်တွေးပြီး အလျှော့ပေးလိုက်မိတာ ရှက်ဖို့တောင် ကောင်းနေပြီ"

စုလိရှ သဘောကျသွား၏။

"ဂိုဏ်းချုပ်က..."

ကေ့ဟောင်က...

"ကျုပ်တို့က အများပြည်သူအကျိုး ဆောင်ရွက်ကြမယ်၊ အမှန်တရားဘက်က ရပ်တည်ကြမယ်၊ မတရားလုပ်နေတဲ့လူတွေကို ရင်ဆိုင်ဖို့ နောက်တွန့်နေစရာ မလိုတော့ပါဘူးလေ"

စုလိရှ အံကြိတ်လိုက်သည်။

"ကျုပ်က ကျင်းဂိုဏ်း ပြားပြားဝပ်သွားအောင် လုပ်ပြပါ့မယ်ဗျာ"

ကျင်းဂိုဏ်း၏ ကောက်ကျစ်မှုကြောင့် တိုက်ပွဲကို ရှောင်လွှဲမရနိုင်တော့ပါ။

ဂိုဏ်းချုပ်ကေ့ဟောင်က ဆက်လက်ညှိနှိုင်းသွားဖို့ မကြိုးစားတော့ပါ။

ကျင်းဂိုဏ်းအား တိုက်ခိုက်ရန် ဒုဂိုဏ်းချုပ်စုလိရှအား အမိန့်ပေးလိုက်တော့သည်။

ဒုဂိုဏ်းချုပ် စုလိရှလည်း အမှတ်ငါးဌာနခွဲ၌ရှိနေသော တံတိုင်းနီများအား အကျဉ်းသားများကို ခေါ်ကာ ဂိုဏ်းဌာနချုပ်သို့ အမြန်ဆုံးပြန်လာရန် ဆင့်ခေါ်လိုက်လေတော့သည်။

* * *



## ဒုတိယတာဝန်

ကျင်းဂိုဏ်းသည် တိမ်ကြားမိုးယံဂိုဏ်း၏ ကျောထောက်နောက်ခံဖြင့် ရွှေသစ္စာဂိုဏ်းအား ချေမှုန်းပစ်ရန် အမျိုးမျိုးအကြောင်းပြကာ အပြစ်ရှာတော့သည်။

ရွှေသစ္စာဂိုဏ်းသည် နောက်မှပေါ်ပေါက်လာသည့် ဂိုဏ်းလေးတစ်ခုဖြစ်သည်။

ထို့ကြောင့် အလွယ်တကူ ချေမှုန်းပစ်နိုင်လိမ့်မည်ဟု ယုံကြည်ထားကြလေသည်။

တိုက်ပွဲမှ ရှောင်လွှဲ၍မရအောင် ရွှေသစ္စာဂိုဏ်းကို နည်းမျိုးစုံဖြင့် တိုက်ပွဲဆီသို့ တွန်းပို့ခဲ့ကြလေသည်။

ရွှေသစ္စာဂိုဏ်းကလည်း သူတို့၏ရပ်တည်ချက်ကို လက်ဆုပ်လက်ကိုင်ထားကာ ကျင်းဂိုဏ်းကို ရင်ဆိုင်တော့မည်ဖြစ်လေသည်။

ဒုဝိုဏ်းချုပ်စုလိရှက တိုက်ပွဲကို ဦးဆောင်လိမ့်မည်ဖြစ်၏။

စုလိရှသည် တံတိုင်းနံမျှားကို စစ်ဆေးလိုက်သည်။

တဖန်...

ဖမ်းထားသော ကြေးစားများနှင့် အကြီးအကဲဖုန်းမိုကို ကြည့်လိုက်သည်။

"ခုချိန်မှာ သည်လူတွေ မလိုတော့ဘူး၊ ကျုပ်တို့ ရွှေသစ္စာဂိုဏ်းကို စော်ကားယင် ဘယ်လိုအပြစ်ပေးခံရမယ်ဆိုတာ သိရမယ်"

သူ၏လက်ထဲ ဓားတစ်လက် ရောက်လာသည်။

ဓားကိုင်ထားသော လက်ကိုဝှေ့ယမ်းလိုက်လျှင်...

"အား"

"အမယ်လေး"

"သေပါပြီဗျ"

ဗလကြီး၊ သူတော်ရှမ်း၊ တစ်ကိုယ်တော်ချင်းဟန်၊ မုတ်ဆိတ်နှင့် သွားခေါ်တို့ ချက်ချင်း အသက်ပျောက်သွားကြတော့သည်။

အကြီးအကဲ ဖုန်းမို ထိတ်လန့်သွားသည်။

"ကျုပ်...ကျုပ်ကို ချမ်းသာပေးပါ"

ဒူးထောက်ကာ တောင်းပန်တိုးလျှိုးလေတော့သည်။

စုလိရှက...

"ခင်ဗျားကိုတော့ သူများထက်ပိုပြီး အပြစ်ပေးရမှာ၊ ချမ်းသာပေးလို့ ဘယ်ဖြစ်မလဲဗျ"

"ကျုပ်...ကျုပ်မှားပါတယ်၊ တောင်းပန်ပါတယ်ဗျာ၊ ကျင်း



ဂိုဏ်းချုပ်ခိုင်းလို့ လုပ်ရတာပါ၊ ကျုပ်မှာ အပြစ်မရှိပါဘူးဗျာ"

"ဟင်း...ဟင်း...ခင်ဗျား သည်လိုပြောလို့မရတော့ဘူး၊ ကျင်းဂိုဏ်းချုပ်ကိုယ်တိုင်က ခင်ဗျားကို သစ္စာဖောက်လို့ လူသိရှင်ကြား ကျေညာလိုက်ပြီ၊ ခင်ဗျားက အမှန်ကို ဝန်ခံမယ်ဆိုလည်း ဘာမှအရေးပါတော့မှာ မဟုတ်ဘူးဗျ"

ဖုန်းမိုက...

"ကျင်းဂိုဏ်းချုပ်က မကောင်းပါဘူးဗျာ၊ သူ့ကိုဆုံးမ ချင်ဘယ်ဆိုယင် ကျုပ် ကူညီနိုင်ပါတယ်"

ထိုစကားကိုတော့ စုလိရှ စိတ်ဝင်စားသွားလေသည်။

"ခင်ဗျား ဘယ်လိုကူညီမှာလဲ၊ ပြောစမ်းပါဦး"

ဖုန်းမိုက...

"ကျင်းဂိုဏ်းထဲရောက်အောင် ထိုးဖောက်ဝင်နိုင်တဲ့ လမ်းကြောင်းတွေကို ကျုပ်ပြောပြနိုင်ပါတယ်၊ ကျင်းဂိုဏ်းချုပ်ရဲ့ အကြီးအကဲတွေကို ဘယ်လိုလုပ်ကြယင် အောင်မြင်နိုင်တယ်ဆိုတာလည်း ကျုပ်ပြောနိုင်ပါတယ်"

စုလိရှက...

"ဘာလဲ ခင်ဗျားက ကျုပ်တို့ကိုချောက်တွန်းဖို့ ကြိုးစားနေတာလား"

"မဟုတ်ပါဘူးဗျာ၊ ကျုပ်ကိုယ်တိုင် ကျင်းဂိုဏ်းချုပ်ကို သတ်ပစ်ချင်နေတာပါ"

"ဒါဖြင့် ခင်ဗျားရဲ့နည်းလမ်းတွေကို ပြောစမ်းပါဦးဗျာ"

ဖုန်းမိုက ကျင်းဂိုဏ်းထဲ ထိုးဖောက်ဝင်ကာ ဂိုဏ်းချုပ်အား လုပ်ကြံနိုင်မည့် နည်းလမ်းများကို ပြောပြလိုက်လေတော့သည်။

စုလိရ ကျေနပ်သွားသည်။

ဖုန်းမို ပြောပြသည့် နည်းလမ်းများအနက် အချို့သော နည်းလမ်းများမှာ ဖြစ်နိုင်ချေရှိနေသည် မဟုတ်ပါလား။

"ခင်ဗျားပြောပြတာ ကျေးဇူးတင်စရာပါပဲ၊ ဒါပေမယ့် ခင်ဗျားကို ခွင့်မလွှတ်နိုင်တာလည်း ဝမ်းနည်းစရာပါပဲဗျာ"

ထို့နောက် ဓားတစ်ချက်တည်းဖြင့် ဖုန်းမိုအား အဆုံးစီရင်လိုက်လေတော့သည်။

* * *



နေဝင်တော့မည် ဖြစ်သည်။

ဆည်းဆာရောင်နီဖြင့် ကောင်းကင်တစ်ခုလုံး ပုဇွန်ဆီရောင်သန်းနေသည်။

လေပြည်လေညင်း ငှေယမ်းတိုက်ခတ်နေသလို အိပ်တန်းပြန်ငှက်ကလေးများက အသံတစာစာပေးကာ ပျံသန်းသွားကြလေသည်။

အလွန်သာယာလှပနေသည့် ညနေဆည်းဆာ အချိန်ဖြစ်လေသည်။

ကျင်းဂိုဏ်း၏ ပန်းပေါင်းစုံဝေဝေဆာဆာ ဖူးပွင့်နေသည့် ဥယျာဉ်ကြီးအတွင်း၌ လေသာဆောင်လေးတစ်ခုရှိသည်။

ထိုလေသာဆောင်လေး၌ ကျင်းဂိုဏ်းချုပ်ကျင်းကောက်က အနားယူ အပန်းဖြေနေသည်။

ညနေဆည်းဆာအချိန် ရောက်လျှင် လေသာဆောင်လေး၌ အားတိုးအရက်ကို အရသာခံကာ သောက်ယင်း လေညင်းခံတတ်သည်မှာ ဂိုဏ်းချုပ်ကျင်းကောက်၏ အကျင့်ဖြစ်လေသည်။

ကျင်းကောက် အနားယူနေချိန်၌ အခြွေအရံ မိန်းကလေးများက နှိပ်နယ်ပေးခြင်း၊ တေးသံသာများ သီဆိုဖျော်ဖြေခြင်းများဖြင့် ပြုစုကြရလေသည်။

ကျင်းဂိုဏ်းချုပ် အပါအဝင် ဂိုဏ်းအကြီးအကဲများသည် အဆော်အပါးလိုက်စားပြီး အငယ်အနှောင်းထားကြသည့်အတိုင်း ညနေဆည်းဆာအချိန်သို့ရောက်လျှင် တောက်ထိန်ကလည်း သူ၏

တတိယခနီးသည်ထံသို့ သွားလေ့ရှိပေသည်။

ပန်းရနံ့များ မွှေးကြိုင်နေသည်။

တေးသံသာများ ထွက်ပေါ်နေသည်။

ဂိုဏ်းချုပ်ကျင်းကောက်က အရက်သုံးခွက်သောက်ပြီး ဦးခေါင်းထဲ ရီဝေဝေဖြစ်လာရာ မျက်လုံးမှေးစင်း၍ အခြွေအရံမိန်းကလေးများ၏ ပြုစုယုယမှုကို ခံယူနေ၏။

ရုတ်တရက်..

မွှေးကြိုင်သော ပန်းရနံ့များအစား သွေးညှီနံ့များကို ရှူရှိုက်လိုက်ရလေသည်။

တေးသံသာများအစား ညည်းတွားသံများ ထွက်ပေါ်လာ၏။

နှိပ်နယ်ပေးနေသည့် နူးညံ့ပျော့ပျောင်းသော လက်ချောင်းကလေးများအစား ကြမ်းတမ်းသော လက်များ၏ ဆုပ်ကိုင်ဖျစ်ညှစ်မှုကို ခံလိုက်ရသည်။

ဂိုဏ်းချုပ်ကျင်းကောက် ထိတ်လန့်သွားသည်။

"ဘာဖြစ်တာလဲ"

ဗလုံးဗထွေးဖြင့် လူးလိမ့်ထလိုက်လေသည်။

ထိုအခါ အိမ်ဖော်များအသွင် ဝတ်ဆင်ထားသူတစ်စုက သူ့အား ဝိုင်းရံထားကြသည်ကို တွေ့လိုက်ရလေသည်။

ဂိုဏ်းချုပ်ကျင်းကောက် ဒေါသထွက်သွားလေသည်။

"ခွေးကောင်တွေ သည်နေရာကို မင်းတို့လာခွင့်မရှိဘူးဆိုတာ မသိဘူးလား၊ အားလုံး သေကုန်ချင်ကြပြီထင်တယ်"



အိမ်ဖော်များက အဝတ်အစားများကို ချွတ်လိုက်ကြသည်။

ထိုအခါ...

ရွှေသစ္စာဂိုဏ်း အမှတ်တံဆိပ်ပါ တံတိုင်းနီအဖွဲ့ဝင်များဖြစ်နေကြသည်ကို တွေ့လိုက်ရလေတော့သည်။

ဦးဆောင်လာသူကား စုလိရှဖြစ်လေသည်။

စုလိရှက...

"ဖုန်းမိုက ကျင်းဂိုဏ်းရဲ့ လုံခြုံရေးတာဝန်ယူထားရတယ် မဟုတ်လား၊ ကျင်းဂိုဏ်းရဲ့ နောက်ဖေးပေါက်ကတဆင့် မီးဖိုဆောင်ထဲဝင်လို့ရတယ်ဆိုတာ ကျုပ်တို့ကို ပြောပြခဲ့တာပေါ့"

ဖုန်းမိုသည် အကြီးအကဲတစ်ယောက် ဖြစ်သလို ဂိုဏ်းဌာနချုပ်၏လုံခြုံရေးတာဝန်ခံလည်း ဖြစ်လေသည်။

ထို့ကြောင့် လုံခြုံရေးအစီအမံများ၏ ပျော့ကွက်အားနည်းချက်များကို ကောင်းစွာသိရှိထားလေသည်။

အမှိုက်စွန့်သည့် နောက်ဖေးပေါက်၌ အစောင့်တစ်ယောက်နှစ်ယောက်သာ ရှိလေသည်။

ညစ်ပတ်နံစော်နေသော နေရာဖြစ်၍ အစောင့်များက ဟုတ္တိပတ္တိ စောင့်ကြပ်ကြခြင်းမရှိပါ။

စုလိရှနှင့်တံတိုင်းနီများ လွယ်လင့်တကူ ဝင်ရောက်လာနိုင်ခဲ့ကြတော့သည်။

သုံးလေးယောက်သာရှိသော အစောင့်များမှာ ဘာဖြစ်သွား

မှန်းမသိဘဲ အသက်ပျောက်သွားကြလေသည်။

စုလိရှတို့က မီးဖိုဆောင်ထဲဝင်ကာ အလုပ်သမားများကို ဖမ်းဆီးချုပ်နှောင်လိုက်ကြသည်။

အိမ်ဖော်အလုပ်သမား အဝတ်အစားများ ပြောင်းလဲဝတ်ဆင်လိုက်ခြင်းဖြင့် ကျင်းဂိုဏ်းသားများက သင်္ကာမကင်းမဖြစ်တော့ချေ။

ကျင်းဂိုဏ်းသားများသည် ရွှေသစ္စာဂိုဏ်းအား မကြာမီ တိုက်ခိုက်ချေမှုန်းပစ်ရတော့မည်ဟု ဘဝင်မြင့်နေကြ၏။

ရွှေသစ္စာဂိုဏ်းက သူတို့အား လာရောက်တိုက်ခိုက်မည်ဟု မမျှော်လင့်ခဲ့ကြပါ။

အမှုမဲ့အမှတ်မဲ့သာ နေခဲ့ကြခြင်းကြောင့် စုလိရှတို့က ဂိုဏ်းချုပ်ကျင်းကောက်ထံသို့ အရောက်သွားနိုင်ခဲ့ကြခြင်း ဖြစ်လေသည်။

ဂိုဏ်းချုပ်ကျင်းကောက် ထိတ်လန့်နေသည်။

"ဖုန်း..ဖုန်းမို..သူဘယ်မှာလဲ"

စုလိရှက...

"ကျုပ် အဆုံးစီရင်လိုက်ပြီလေ"

"ဘာ"

"ရွှေသစ္စာဂိုဏ်းကို ဒုက္ခရောက်အောင်လုပ်တဲ့ ခင်ဗျားအလှည့်ပဲ၊ သေဖို့သာ ပြင်ပေတော့"

စုလိရှ၏ဓားကိုင်ထားသောလက် လှုပ်ရှားသွားလျှင် ဂိုဏ်းချုပ်ကျင်းကောက်လည်း ဦးခေါင်းနှင့် ခန္ဓာကိုယ် အိုးစားကွဲသွား



လေတော့သည်။

ထိုအချိန်တွင် ခြံဝင်းနောက်ဖေးပေါက်မှ ဝင်ရောက်လာကြသော ရွှေသစ္စာဂိုဏ်းသားများသည် မီးဖိုဆောင်အား မီးတင်ရှို့လိုက်ကြလေသည်။

မီးတောက်မီးလျှံများ အားကောင်းလာပြီး ကျင်းဂိုဏ်းမှ အဆောက်အဦးများအား မီးစွဲလောင်သွားတော့သည်။

စုလိရှက...

"တိုက်ကြ"

ဟု အမိန့်ပေးပြီး လက်တစ်ဘက်က ဂိုဏ်းချုပ်ကျင်းကောက်၏ဦးခေါင်းကိုကိုင်ပြီး ကျန်လက်တစ်ဘက်က ဓားကိုင်ကာ ဘဟုန်ထိုး ပြေးသွားလေသည်။

တံတိုင်းနီအဖွဲ့သားများလည်း ညာသံပေးကာ ပြေးလိုက်သွားကြလေတော့သည်။

* * *

အကြီးအကဲတောက်ထိန်သည် တတိယဇနီးသည်ထံ၌ ရောက်ရှိနေလေသည်။

နှစ်ယောက်သား ကြည်နူးနေစဉ်...

"ဆရာကြီးခင်ဗျာ..ကျင်းဂိုဏ်းဌာနချုပ်ကို ရန်သူတွေ မီးရှို့ပြီး စီးနင်းတိုက်ခိုက်နေကြပါပြီ"

သက်တော်စောင့်က အခန်းအပြင်ဘက်မှ လာရောက်သတင်းပို့လေသည်။

"ဘာကွ"

တောက်ထိန် ထိတ်လန့်ကာ အခန်းအပြင်ဘက်သို့ ဝုန်းခနဲ ပြေးထွက်လာလေတော့သည်။

အပြင်ဘက်သို့ရောက်လျှင် သက်တော်စောင့်က ဓားတစ်ချောင်းကိုင်ကာ ရပ်နေသည်ကို တွေ့ရ၏။

သို့သော်...

ထိုလူမှာ သူ၏သက်တော်စောင့်မဟုတ်ဘဲ အခြားလူတစ်ယောက်ဖြစ်နေကြောင်း ချက်ချင်း သတိပြုမိလိုက်လေသည်။

တောက်ထိန် အော်ငေါက်လိုက်သည်။

"ဟိတ်..မင်းက ဘယ်သူလဲ၊ ပြောစမ်း"

သက်တော်စောင့် ဟန်ဆောင်ထားသူက...

"ကျုပ်က ရှင်ဖုံးကြည်ပါ။ ရွှေသစ္စာဂိုဏ်းရဲ့ တံတိုင်းနီအမှတ်ခြောက်ပါ"

"ဘာကွ"



"ရွှေသစ္စာဂိုဏ်းကို ဒုက္ခပေးနေတဲ့ ခင်ဗျားတို့ ကျင်းဂိုဏ်းကို ကျုပ်တို့ တိုက်ခိုက်နေပါပြီ၊ ခင်ဗျားကို ဆုံးမဖို့ ကျုပ်တာဝန်ယူထားရပါတယ်"

"မင်း...မင်း"

တောက်ထိန် ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

"ဟေ့..မြန်မြန်လာကြစမ်း"

သူ၏သက်တော်စောင့်များကို အော်ခေါ်လိုက်လေသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသော်လည်း သက်တော်စောင့် တစ်ယောက်မျှ ပေါ်မလာချေ။

ရှင်ဖုံးကြည် ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားလူတွေ လာနိုင်တော့မှာ မဟုတ်ပါဘူးဗျာ"

သူက သုတ်သင်ရှင်းလင်းပစ်ခဲ့ပြီ ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

တောက်ထိန်သည် အခြေအနေ မဟန်မှန်းသိလျှင် ဓားဆွဲထုတ်လိုက်လေသည်။

အမှန်တော့ တောက်ထိန်မှာ သိုင်းပညာတတ်မြောက်သော ထိပ်တန်းသိုင်းသမားကြီးတစ်ဦး ဖြစ်ပါသည်။

ကျင်းဂိုဏ်း၏ အကြီးအကဲရာထူး ရရှိခဲ့ပြီးနောက် စည်းစိမ်ခံစားပျော်ပါးနေခဲ့ပြီး နေ့စဉ်မှန်မှန် သိုင်းလေ့ကျင့်ခြင်းမပြုတော့သဖြင့် သူ၏လှုပ်ရှားမှုများ နှေးကွေးသွားလေသည်။

"ယား"

ရှင်ဖုံးကြည်က ညာသံပေးကာ တိုက်ခိုက်လိုက်၏။

တောက်ထိန် ခုခံပါသော်လည်း နေ့ကွေးလေးလံနေရကား ရှင်ဖုံးကြည်၏ လျင်မြန်လှသော တိုက်ကွက်များကို မယှဉ်နိုင်ဘဲ ဖြစ်သွားလေတော့သည်။

သိုင်းကွက် သုံးကွက်မပြည့်မီ ရှင်ဖုံးကြည်၏ဓားက တောက်ထိန်၏ရင်ဝကို ဖောက်ထွင်းဝင်ရောက်သွားလေတော့သည်။

"အား"

တောက်ထိန် အသံနက်ကြီးဖြင့် အော်ဟစ်ယင်း လဲကျသေဆုံးသွားလေတော့သည်။

* * *



အရှိန်အဝါကြီးမားသော ကျင်းဂိုဏ်းသည် ပခုံးချင်းယှဉ်လာသောရွှေသစ္စာဂိုဏ်းကို ဝါးမျိုရန်ကြံစည်ခဲ့သည်။

ရွှေသစ္စာဂိုဏ်းသည် အရှည်သဖြင့်တွေးကာ လိုက်လျောညီထွေဆက်ဆံခဲ့သော်လည်း ကျင်းဂိုဏ်းက ဝို၍ဆိုးဝါးလာသောကြောင့် ရွှေသစ္စာဂိုဏ်းသည် စည်းရုံးညီညွတ်စွာဖြင့် ရဲဝံ့စွာတိုက်ခိုက်ချေမှုန်းလိုက်တော့သည်။

ရွှေသစ္စာဂိုဏ်း၏ လက်ချက်ဖြင့် ကျင်းဂိုဏ်း လုံးဝပျက်စီးသွားရသည်ဟူသောသတင်းမှာ သိုင်းလောကၡ တမုဟုတ်ချင်း ပျံ့နှံ့သွားလေတော့သည်။

ရွှေသစ္စာဂိုဏ်းဟူသော အမည်သည်လည်း မသိသူမရှိသလောက်ကျော်ကြားသွားလေသည်။

အမှန်တရားကို မြတ်နိုးပြီး ကျင်းဂိုဏ်း၏ နောက်ကွယ်မှ မကောင်းမှုများ ကျူးလွန်နေပုံကို သိရှိထားကြသော သိုင်းဂိုဏ်းများကထောက်ခံကြလေသည်။

ကျင်းဂိုဏ်းနည်းတူ အကျင့်ပျက်သော ဂိုဏ်းများကား ရွှေသစ္စာဂိုဏ်းကို အပြစ်တင်ကြလေသည်။

သို့ဖြင့်...

ရွှေသစ္စာဂိုဏ်းက ကျင်းဂိုဏ်းအား ချေမှုန်းလိုက်ခြင်းကိစ္စသည် တစ်နယ်လုံး လှုပ်ရှားသွားစေခဲ့လေတော့သည်။

* * *

## နောက်ဆက်တွဲ

ကျင်းဂိုဏ်း လုံးဝပျက်စီးသွားသည်။

ရွှေသစ္စာဂိုဏ်းသည် နေ့ချင်းညချင်း သတင်းကြီးကာ အင်အားတောင့်တင်းလာလေသည်။

အရှိန်အဝါ ကြီးလာလေသည်။

မကောင်းမှုကို ရွံ့မုန်းသူများက ထောက်ခံအားပေးကြသည်။

ကူညီ ပံ့ပိုးကြသည်။

ရွှေသစ္စာဂိုဏ်း၌ အမှုထမ်းလိုသူများ တဖွဲဖွဲရောက်လာကြလေသည်။

ကျင်းဂိုဏ်းအား ချေမှုန်းနိုင်လိုက်ခြင်းကြောင့် ရရှိလာသည့် အကျိုးတရားများ ဖြစ်လေသည်။



ထို့အတူ...

ဆိုးကျိုးများနှင့်လည်း ရင်ဆိုင်လာရသည်။

ကျင်းဂိုဏ်းကဲ့သို့ အကျင့်ပျက်ဂိုဏ်းများက ရန်ထောင်လာခြင်းဖြစ်လေသည်။

ရွှေသစ္စာဂိုဏ်းအတွက် အကြီးမားဆုံး အန္တရာယ်ကား တိမ်ကြားမိုးယံဂိုဏ်း ဖြစ်လေသည်။

ကျင်းဂိုဏ်းအား တိုက်ခိုက်ချေမှုန်းပြီး တစ်လမပြည့်မီ တိမ်ကြားမိုးယံဂိုဏ်းမှ စေတမာန်တစ်ဦး ရောက်ရှိလာခဲ့လေတော့သည်။

* * *

ရွှေသစ္စာဂိုဏ်းသို့ တိမ်ကြားမိုးယံဂိုဏ်းမှ စေတမာန် တစ်ယောက် ရောက်ရှိလာလေသည်။

ဂိုဏ်းချုပ်ကျော့ဟောင်နှင့် ဒုဂိုဏ်းချုပ်စုလိရှတို့က ကြိုဆိုကာ လိုလေသေးမရှိ ဧည့်ဝတ်ပြုခဲ့ကြလေသည်။

စေတမာန်က...

"ရွှေသစ္စာဂိုဏ်းဟာ အများအကျိုးဆောင်ရွက်ယင်း အချိန်တိုအတွင်းမှာ အောင်မြင်ကျော်ကြားလာတာကို တိမ်ကြားမိုးယံဂိုဏ်းက ဂုဏ်ယူပါတယ်၊ ဒါပေမယ့် ကျင်းဂိုဏ်းကို တိုက်ခိုက်ခဲ့တာနဲ့ပတ်သက်လို့တော့ ကျုပ်တို့ဂိုဏ်းချုပ်ကြီးက ဘဝင်မကျဖြစ်နေတယ်၊ သည်ကိစ္စကို ကျေနပ်တဲ့အထိ ရှင်းပြဖို့ ရွှေသစ္စာဂိုဏ်းချုပ်ဟာ တိမ်ကြားမိုးယံဂိုဏ်းကို ငါးရက်အတွင်း အရောက်လာခဲ့ဖို့ ဆင့်ခေါ်လိုက်တဲ့အကြောင်း ကျုပ် စေတမာန်ကိုလွှတ်ပြီး အကြောင်းကြားနိုင်းလိုက်တာပါပဲ၊ ဒါဆိုယင် ရွှေသစ္စာဂိုဏ်းကို ကျုပ်ဘာကြောင့်လာရတယ်ဆိုတာ ရှင်းပြီထင်ပါတယ်"

ဂိုဏ်းချုပ်ကျော့ဟောင်က...

"တိမ်ကြားမိုးယံဂိုဏ်းဟာ ပြိုင်ဘက်မရှိ လျှမ်းလျှမ်းတောက် ထင်ရှားကျော်ကြားပါတယ်ဗျာ၊ ကျုပ်တို့လေးစားပါတယ်၊ ဒါပေမယ့် ကျုပ်တို့နဲ့ကျင်းဂိုဏ်း ဖြစ်ပျက်ခဲ့တဲ့ပြဿနာကို ကြားဝင်စွက်ဖက်တာတော့ ကျုပ်တို့လက်မခံနိုင်ဘူးဆိုတာ ပွင့်ပွင့်လင်းလင်း ပြောပါရစေဗျာ"

တိမ်ကြားမိုးယံဂိုဏ်းမှ စေတမာန် မျက်နှာပျက်သွားလေ



တော့သည်။

ဂိုဏ်းချုပ်ကျော့ဟောင် ဆက်ပြောလိုက်သည်။

"ကျင်းဂိုဏ်းဟာ နောက်ကွယ်မှာ မကောင်းမှုတွေ ပြုလုပ်နေတယ်ဆိုတာ စုံစမ်းကြည့်ယင် သိနိုင်ပါတယ်၊ ကျုပ်တို့ ရွှေသစ္စာဂိုဏ်း အောင်မြင်လာတာကို မနှစ်မြို့ဘဲ ပျက်စီးရာပျက်စီးကြောင်း အကောက်ကြံတဲ့အပြင် ကျုပ်တို့ကို အမျိုးမျိုးစွပ်စွဲပြောဆို စော်ကားခဲ့တာကြောင့် ဆုံးမလိုက်ရတာပါ။ ကျုပ်တို့ချင်း ပြဿနာဖြစ်ခဲ့ရတဲ့ကိစ္စကို ပြည်သူလူထုက သိရှိထားပြီး ကျုပ်တို့ကို ထောက်ခံအားပေးခဲ့ကြပါတယ်၊ ပွင့်ပွင့်လင်းလင်းပြောရယင် အများပြည်သူက လက်မခံတော့တဲ့အပြင် အရည်အချင်းမရှိဘဲ ကိုယ့်ကိုကိုယ် အထင်ကြီးမောက်မာခဲ့ကြလို့ ကျင်းဂိုဏ်း ပျက်စီးပြိုကွဲ သွားတာပါ။ သူတို့သာ အရည်အချင်းပြည့်ဝမယ်ဆိုယင် ရွှေသစ္စာဂိုဏ်းလို ဂိုဏ်းငယ်လေးတစ်ခုက သူတို့ကို ယှဉ်နိုင်ပါ့မလားဗျာ"

အချက်ကျကျ ပြောလိုက်သော စကားများကြောင့် စေတမာန် မည်သို့ပြန်ပြောရမှန်းမသိ ဖြစ်သွားလေသည်။

ဂိုဏ်းချုပ်ကျော့ဟောင်က....

"ကျုပ်တို့ဟာ မကောင်းမှုတွေကို ဖယ်ရှားပြီး အများကောင်းကျိုးကို ဦးထိပ်ပန်ဆင် ဆောင်ရွက်သွားမှာပါ၊ ကျင်းဂိုဏ်းနဲ့ ဖြစ်ပျက်ခဲ့တဲ့ ပြဿနာလည်း ပြီးဆုံးသွားပါပြီ၊ ဒါကြောင့် တိမ်ကြားမိုးယံဂိုဏ်းကိုသွားပြီး ဖြေရှင်းစရာမလိုတော့ပါဘူး၊ ဖိတ်ကြားမှုကို လက်မခံနိုင်တဲ့အကြောင်း ခင်ဗျားတို့ ဂိုဏ်းချုပ်ကြီးကို ပြောပြပေး

စေလိုပါတယ်ဗျာ"

စေတမာန်၏မျက်နှာ တင်းမာသွားလေတော့သည်။

"ကျုပ်တို့ဂိုဏ်းချုပ်ကြီးရဲ့ ဖိတ်ခေါ်မှုကို ငြင်းပယ်ရဲတာ နည်းတဲ့သတ္တိမဟုတ်ဘူး။ ရွှေသစ္စာဂိုဏ်း နောင်တရလိမ့်မယ်ဆိုတာ ကျုပ် ပြောခဲ့ပါရစေ၊ ကဲ ကျုပ်ကို ခွင့်ပြုပါဦး"

စေတမာန် ကြာကြာမနေတော့ဘဲ မကျေမနပ်ဖြင့် ပြန်သွားလေတော့သည်။

စေတမာန် ပြန်သွားပြီးမှ ဒုဂိုဏ်းချုပ်စုလိရှက...

"ဂိုဏ်းချုပ်ရဲ့ နိုင်ကျည်ပြတ်သားမှုကို လေးစားဂုဏ်ယူမိပါတယ်ဗျာ"

ဟု ဦးညွှတ်ပြောဆိုလိုက်လေသည်။

ဂိုဏ်းချုပ်ကျော့ဟောင် ပြုံးလိုက်သည်။

"ကျုပ်တို့က အမှန်တရားကို လက်ဆုပ်လက်ကိုင် ပြုထားကြတာပဲ မဟုတ်လား။ ကျင်းဂိုဏ်းနဲ့ပြဿနာရှိလာပြီးတဲ့နောက်ပိုင်း ရွှေသစ္စာဂိုဏ်းကို ဘယ်လိုပုံစံမျိုးနဲ့ ရပ်တည်သွားရမယ်ဆိုတာ ကျုပ် ကောင်းကောင်းကြီး သဘောပေါက်သွားပါပြီ"

စုလိရှက...

"ကျုပ်တို့ဟာ ဘယ်လိုအခက်အခဲအန္တရာယ်တွေ ကြုံရပါစေ အမှန်တရားအတွက် မားမားမတ်မတ် ရပ်တည်သွားမယ်ဆိုတဲ့ ခံယူချက်ကို ရွှေသစ္စာဂိုဏ်း စတင်ထူထောင်စဉ်ကတည်းက လက်ကိုင်သုံးစွဲခဲ့တာပါ။ ဒါကြောင့် ဂိုဏ်းချုပ် ပြောသလို ဘာမှတွေးတော



ဦးစားနေစရာ မလိုတော့ပါဘူး"

တိုက်ခိုက်ရေးသမား တစ်ယောက်ဖြစ်သည့်အတိုင်း တိမ်ကြားမိုးယံဂိုဏ်းသာမက သူတို့ထက်ပို၍ အင်အားကြီးမားသော ဂိုဏ်းကြီးများနှင့် ရင်ဆိုင်ရမည်ဆိုလျှင်လည်း မကြောက်မရွံ့ ထိပ်တိုက်ရင် ဆိုင်သွားမည်သာ ဖြစ်ပါတော့သည်။

ဂိုဏ်းချုပ်ကျော့ဟောင်က...

"တိမ်ကြားမိုးယံဂိုဏ်းက ဘယ်လိုနည်းပရိယာယ်တွေ သုံးဦးမယ် မပြောနိုင်ဘူး၊ ကျင်းဂိုဏ်းအတွက် ကျုပ်တို့ကို ဒုက္ခပေးမှာတော့ သေချာနေပြီ၊ ကျုပ်တို့ဘက်က အစစအရာရာ ကြိုတင်ပြင်ဆင်ထားရလိမ့်မယ်"

စုလိရှက...

"စိတ်ချပါဂိုဏ်းချုပ်၊ ကျုပ်တို့ကို ဒုက္ခပေးလာတာနဲ့ ကျုပ်တို့တွေဟာ တိမ်ကြားမိုးယံဂိုဏ်းကို ကောင်းကောင်းကြီး တုန့်ပြန်ကြပါလိမ့်မယ်"

ဂိုဏ်းချုပ်ကျော့ဟောင်က...

"သည်ကိစ္စဟာ တံတိုင်းနီအဖွဲ့ တစ်ခုထဲနဲ့ မဖြစ်နိုင်ဘူး၊ ကျုပ်တို့ တစ်ဂိုဏ်းလုံး စည်းလုံးညီညွတ်စွာနဲ့ ပါဝင်ကြရလိမ့်မယ် သူတို့က ဒုက္ခပေးလာယင် ဘယ်လိုတုန့်ပြန်ကြမယ်ဆိုတာ ဆွေးနွေးကြတာပေါ့"

"ကောင်းပါပြီဗျာ"

ဂိုဏ်းချုပ်ကျော့ဟောင်နှင့် ဒုဂုဏ်းချုပ်စုလိရှတို့က တိမ်ကြား

မိုးယံဂိုဏ်းကြီးနှင့် မည်သို့မည်ပုံရင်ဆိုင်သွားကြမည်ကို တိုင်ပင်ဆွေးနွေးလိုက်ကြလေတော့သည်။

* * *

ဂိုဏ်းချုပ်သုရှောင်ထင်း။
ဒုဂိုဏ်းချုပ်ကို့ချောင်း။
ဂိုဏ်းထိန်းကြီး ချူးချီ။
ဂိုဏ်းမှူးကြီးဝီယောင်။

တို့လေးယောက်သည် တိမ်ကြားမိုးယံဂိုဏ်း၏ အဓိကကျသူလေးယောက်ဖြစ်သည်။

ထိုလေးယောက်ပြီးလျှင် ဌာနမှူးသုံးဦးနှင့် ဌာနခွဲမှူးခြောက်ဦးက အရေးပါသည်။

ရွှေသစ္စာဂိုဏ်း၏ အင်အားဖြင့် တစ်ဂိုဏ်းလုံး စုပေါင်းကာ ရင်ဆိုင်လျှင်ပင် ဂိုဏ်းမှူးကြီးဝီလောင်အဆင့်ထိသာ အလွန်ဆုံးယှဉ်နိုင်မည်ဖြစ်သည်။

ဂိုဏ်းထိန်းကြီးချူးချီ၏အဆင့်အထိ တက်ရောက်ယှဉ်ပြိုင်နိုင်စွမ်းရှိမည် မဟုတ်ပါ။

သို့တိုင်...

ဂိုဏ်းချုပ်ကျေဟောင်နှင့် ဒုဂိုဏ်းချုပ်စုလိရှတို့က ရွှေသစ္စာဂိုဏ်း၌ လူတစ်ယောက်ထဲကျန်သည့်တိုင် ဆက်လက်ရင်ဆိုင်



သွားရန် ဆုံးဖြတ်လိုက်ကြသည်။

ဂိုဏ်းသားအားလုံးကိုလည်း တိုက်ပွဲကြီးနှင့် ရင်ဆိုင်ရန် အသင့်ပြင်ဆင်ကြရန် အမိန့်ထုတ်လိုက်သည်။

ကျင်းဂိုဏ်းအား ချေမှုန်းပြီး မကြာမီ တိမ်ကြားမိုးယံဂိုဏ်းနှင့် ရင်ဆိုင်ရတော့မည်ဖြစ်ရာ တိုက်ပွဲများ ဘယ်တော့မှ အဆုံးသတ်သွေးမည်နည်းဟု သိလိုသူများ ရှိလာကြလေသည်။

ဒုဂိုဏ်းချုပ်စုလိရှက...

"တို့အားလုံး တို့ရဲ့အသက်တွေ သေဆုံးသွားတဲ့အထိ တိုက်ပွဲတွေ တစ်ပွဲပြီးတစ်ပွဲ တိုက်နေရလိမ့်မယ်"

ဟု ရိုးရိုးရှင်းရှင်းပင် အဖြေပေးခဲ့လေသည်။

* * *

## အမှတ်တစ်

ယူရီမြို့သည် ရွှေသစ္စာဂိုဏ်းသို့သွားသော တောင်ပိုင်းလမ်းမကြီးပေါ်၌ တည်ရှိလေသည်။

ယူရီမြို့တွင် ရွှေသစ္စာဂိုဏ်း၏အမှတ်ငါးဌာနခွဲ ဖွင့်လှစ်ထားသည်။

ယူရီမြို့ အမှတ်ငါးဌာနခွဲခေါင်းဆောင်မှာ 'ဟန်မြို့' ဖြစ်သည်။

တိမ်ကြားမိုးယံဂိုဏ်းနှင့် အချေအတင်ဖြစ်လာသောအခါ အမှတ်ငါးဌာနခွဲကို ဦးဆောင်ရန် တံတိုင်းနီအဖွဲ့မှ အမှတ်တစ်က တာဝန်ယူခဲ့ရလေသည်။

တိမ်ကြားမိုးယံဂိုဏ်းသည် ရွှေသစ္စာဂိုဏ်းကို တိုက်ခိုက်မည်



ဆိုလျှင် တောင်ပိုင်းလမ်းမှလာရမည် ဖြစ်ရာ ယူရီမြို့ အမှတ်ငါးဌာနခွဲနှင့် ဦးဆုံးရင်ဆိုင်ရမည် မဟုတ်ပါလား။

ထို့ကြောင့် စုလိရှက အားထားရသော အမှတ်တစ်ကို တာဝန်ပေးလိုက်ခြင်း ဖြစ်လေသည်။

စုလိရှ တွက်ကိန်းမမှားပါချေ။

တိမ်ကြားမိုးယံဂိုဏ်းမှ စေတမာန်ပြန်သွားပြီး တစ်လခန့်အကြာတွင် တိမ်ကြားမိုးယံဂိုဏ်းမှ ဌာနမှူး'ဟောင်ချင်း' ဦးဆောင်သော တိမ်ကြားမိုးယံဂိုဏ်းသားများသည် တောင်ပိုင်းလမ်းကို အသုံးပြုကာ ယူရီမြို့သို့ ရောက်ရှိလာကြလေသည်။

ယူရီမြို့ကိုဖြတ်ကာ ရွှေသစ္စာဂိုဏ်းသို့သွားရန် ရည်ရွယ်ထား ခြင်းဖြစ်လေသည်။

ဟောင်ချန်းတို့လူစုအား ယူရီမြို့မှ အသင့်စောင့်ဆိုင်းနေသော အမှတ်တစ်က ဟန့်တားလိုက်လေသည်။

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ မြေပြိုဘနန်း ကျယ်လောင်စွာ မြည်ဟီးထွက်ပေါ်နေသည်။

တိမ်ကြားမိုးယံဂိုဏ်း အထိမ်းအမှတ်အလံများ ကိုင်ဆောင်ထားကြသည့် မြင်းစီးသမားများက ရှေ့ဆုံးမှ ဦးဆောင်ထားကြသည့် လာကြသည်။

သူတို့နောက်တွင် ဌာနမှူးဟောင်ချင်းနှင့် သူ၏လက်

ထောက်ဝမ်းဝေတို့ လိုက်ပါလာကြ၏။

ဟောင်ချင်းတို့နှစ်ယောက်နောက်တွင် အင်အားငါးဆယ်ခန့်ရှိသော တိမ်ကြားမိုးယံဂိုဏ်းသားများ လိုက်ပါလာကြလေသည်။

ယူနီမြို့တွင်းသို့ ဝင်ရောက်လာကြယင်း ယူနီမြို့၏စည်ကားသိုက်မြိုက်ပုံကို တွေ့မြင်ရလျှင်...

"တော်တော်စည်ကားတာပဲ၊ သည်လိုမြို့တွေဟာ ရွှေသစ္စာဂိုဏ်းအတွက် ငွေတွင်းပဲဖြစ်မယ်"

ဟောင်ချင်း မှတ်ချက်ချလိုက်လေသည်။

လက်ထောက်ဝမ်းဝေက...

"ရွှေသစ္စာဂိုဏ်းရဲ့ ပိုင်နက်နယ်မြေတွေကို သိမ်းပိုက်နိုင်မယ်ဆိုယင် ဂိုဏ်းချုပ်ကြီးက ဆရာ့ကို မြို့တစ်မြို့တော့ အပိုင်စားပေးမှာ သေချာပါတယ်"

ဟောင်ချင်း ပြုံးလိုက်သည်။

"ငါချမ်းသာကြွယ်ဝလာယင် မင်းလည်း တိုးတက်လာရမှာပေါ့ကွာ"

ဆရာတပည့်နှစ်ယောက် ရယ်မောလိုက်ကြလေသည်။

ထိုစဉ်...

ရှေ့ဆုံးမှဦးဆောင်နေသောအလံကိုင် မြင်းစီးသမားများ ရပ်တန့်လိုက်ကြသည်ကို တွေ့လိုက်ရလေသည်။

ဟောင်ချင်း မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်တာ.."



အော်မေးလိုက်သော်လည်း သူ၏အသံ တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားလေသည်။

အကြောင်းမှာ လမ်းလယ်ကောင်၌ မားမားမတ်မတ် ရပ်ကာ လမ်းပိတ်ထားသူတစ်ယောက်ကို တွေ့မြင်လိုက်ရခြင်းကြောင့်ဖြစ်လေသည်။

ဟောင်ချင်း၏မျက်နှာတွင် အပြုံးရိပ်များ ဖြစ်ပေါ်လာ၏။

ဝမ်းဝေဘက်သို့ လှည့်ကာ...

"ငါ့ဆီက ဝေစုတစ်ပုံလောက် မင်းလိုချင်တယ်ဆိုယင်တော့ဟိုရှေ့မှာ လမ်းပိတ်ထားတဲ့လူကို သွားပြီးမောင်းထုတ်လိုက်ပေတော့"

ဟု ပြောလိုက်လေသည်။

ဝမ်းဝေက...

"ဆရာဟောင်ချင်း ဝေစုတစ်ပုံပေးမယ်ဆိုတာ ကတိတည်ပါစေဗျာ"

ရယ်ရယ်မောမောပြောယင်း မြင်းပေါ်မှ ခုန်ထွက်သွားလေသည်။

"ဟူး"

အဝတ်အစားလေတိုးသံများနှင့်အတူ ဝမ်းဝေသည် ရှေ့တွင်ရှိနေသောအလံကိုင်မြင်းစီးသမားများ၏ ဦးခေါင်းပေါ်မှ ဖြတ်ကျော်ကာလမ်းပိတ်ထားသူရှေ့သို့ ရောက်ရှိသွားတော့သည်။

လမ်းပိတ်ထားသူမှာ အမှတ်တစ် ဖြစ်လေသည်

ဝမ်းဝေက အမှတ်တစ်ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်၏၊ ရွှေသစ္စာဂိုဏ်းမှ ခေါင်းဆောင်ငယ် တစ်ယောက်ဖြစ် ကြောင်း နားလည်လိုက်၏။

ဝမ်းဝေ မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ရှေ့က မြန်မြန်ထွက်သွားစမ်း"

ဟုလည်း ငေါက်လိုက်လေသည်။

အမှတ်တစ်က...

"ထွက်သွားရမှာက ခင်ဗျားတို့ပါဗျာ"

"ဘာကွ"

"ဒါဟာ ရွှေသစ္စာဂိုဏ်းရဲ့ပိုင်နယ်ပါ၊ ခင်ဗျားတို့ ခွင့်မတောင်းဘဲဝင်လာကြတာ၊ ရွှေသစ္စာဂိုဏ်းကို စော်ကားသလိုဖြစ်နေပါပြီ၊ အရေးယူမခံချင်ယင် အမြန်ဆုံး ပြန်ထွက်သွားကြပါဗျာ"

"ဟား..ဟား..ဟား"

ဝမ်းဝေ လှောင်ပြောင်ရယ်မော လိုက်လေသည်။

"ရယ်စရာကောင်းလိုက်တာ၊ ကျုပ်တို့ကိုတောင် မောင်းထုတ်ဝံ့သေးတယ်၊ မင်းတို့ကိုယ် မင်းတို့ ဘာထင်နေလို့လဲ"

အမှတ်တစ်က....

"ခင်ဗျားတို့ ထွက်မသွားယင် ရွှေသစ္စာဂိုဏ်းရဲ့စည်းကမ်းအတိုင်း ခင်ဗျားတို့ကို ဖမ်းဆီးအရေးယူရမှာပဲဗျ"

ဝမ်းဝေ ခံပြင်းသွားလေသည်။

"ကျုပ်တို့ တိမ်ကြားမိုးယံဂိုဏ်းက လူတွေကို ခြိမ်းခြောက်



ခဲ့တာ နည်းတဲ့သတ္တိမဟုတ်ဘူး၊ ခုချက်ချင်း ကျုပ်ရှေ့မှာ ဒူးထောက်တောင်းပန်မယ်ဆိုယင် ခင်ဗျား သက်သာမယ်"

အမှတ်တစ်က အမှုမထားချေ။

"ခင်ဗျားတို့ နောက်ကြောင်းလှည့်ပြန်သွားပါ၊ ဒါမှမဟုတ်ယင် ကျုပ် မောင်းထုတ်ရလိမ့်မယ်"

"တောက်"

လုံးဝဂရုမစိုက်သော အမှတ်တစ်ကြောင့် ဝမ်းဝေ စိတ်မထိန်းနိုင်ဘဲ ဖြစ်သွားလေသည်။

"ဘာမဟုတ်တဲ့ ရွှေသစ္စာဂိုဏ်းကို ငါဂရုစိုက်ရမလား"

တုန့်ပြန်ပြောဆိုယင်း ရှေ့တိုးပြီး အမှတ်တစ်၏ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ဝမ်းဝေသည် ရှောင်လင်ကျောင်း၌ သိုင်းပညာသင်ခဲ့ပြီး နောက်ပိုင်းတွင် သိုင်းလောကသို့ ထွက်လာကာ တိမ်ကြားမိုးယံဂိုဏ်း၌ တာဝန်ထမ်းဆောင်ခဲ့ခြင်း ဖြစ်သည်။

ရှောင်လင်ကျောင်း၌ သင်ယူခဲ့သော ကျားလက်ဝါးသိုင်းကြောင့် ဌာနမှူးဟောင်ချင်း၏လက်ထောက်အဆင့်အထိ တိုးတက်လာခဲ့ခြင်းဖြစ်သည်။

ဝမ်းဝေက ရှောင်လင်ကျားလက်ဝါးသိုင်းကို ထုတ်ဖော်ကာ အမှတ်တစ်ကို အဆုံးစီရင်ရန် ကြိုးစားလိုက်ခြင်းဖြစ်လေသည်။

ဟောင်ချင်းတို့လူစုက အခြေအနေစောင့်ကြည့်နေကြ၏။

ဝမ်းဝေက အမှတ်တစ်အား ဆုံးမနိုင်လိမ့်မည်ဟု အားလုံး

ယုံကြည်ထားကြလေသည်။

အမှတ်တစ်ကလည်း ဝမ်းဝေတို့လူစုအား တားဆီး၍ရမည် မဟုတ်ဘဲ ရင်ဆိုင်တိုက်ခိုက်ရမည်ဖြစ်ကြောင်း နားလည်ထားပြီး ဖြစ်လေသည်။

ဝမ်းဝေ တိုက်ခိုက်လာသည်နှင့် သူကလည်း ဓားဆွဲထုတ်ကာ ခုတ်ချလိုက်လေသည်။

ဝမ်းဝေ၏လှုပ်ရှားမှုက မြန်ဆန်ပြီး အမှတ်တစ်၏လှုပ်ရှားမှုက မဆိုစလောက် နှေးကွေးနေ၏။

ထို့ကြောင့် ဝမ်းဝေ၏လက်ဝါးသည် အမှတ်တစ်၏ရင်ဝကို ထိလုထိခင်ဖြစ်သွားသည်။

ထိုအချိန်မှာပင် အမှတ်တစ်၏ဓားက ဝမ်းဝေ၏လက်ကို တားဆီးလိုက်လေသည်။

ဓားနှင့်လက် ထိတွေ့မိလက်သောအခါ…

"အား"

ဝမ်းဝေ၏အသံနက်ကြီး ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

ဝမ်းဝေ၏လက်တစ်ဘက် မြေပေါ်ကျသွား၏။

ဝမ်းဝေ သွေးရူးသွေးတမ်းဖြင့် နောက်လှည့်ထွက်ပြေးရန် ကြိုးစားလိုက်စဉ် အမှတ်တစ်၏ဓားဦးက သူ၏ခန္ဓာကိုယ်တွင်းသို့ ထိုးဖောက်ဝင်သွားလေသည်။

"ဝုန်း"



ဝမ်းဝေ မြေပေါ်ဝုန်းခနဲ လဲကျသွားလေတော့သည်။

* * *

အဖြစ်အပျက်က လျင်မြန်လွန်းလှသည်။

ဟောင်ချင်းပင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

အားလုံး သတိဝင်လာကြသောအခါ ဝမ်းဝေမှာ သွေးအိုင်ထဲ၌ အသက်ပျောက်နေပြီ ဖြစ်လေသည်။

ဟောင်ချင်း ဒေါသ ချောင်းချောင်း ထွက်သွားတော့သည်။

"ဘာမဟုတ်တဲ့ ဇနပုဒ်သားတွေက တိမ်ကြားမိုးယံဂိုဏ်းက လူကို စော်ကားဝံ့သလား"

ချက်ချင်းပင် မြင်းပေါ်မှခုန်ဆင်းကာ အမှတ်တစ်ရှေ့သို့ ရောက်သွားလေသည်။

မြေပေါ် စန့်စန့်ကြီးရှိနေသော ဝမ်းဝေ၏အလောင်းကို ဦးစွာခေါင်းငုံ့ကြည့်လိုက်ပြီး…

"အသုံးမကျတဲ့ကောင်"

ခြေထောက်ဖြင့် ကန်ကျောက်လိုက်ရာ ဝမ်းဝေ၏အလောင်းမှာ လမ်းဘေးသို့ လွင့်စဉ်သွားတော့သည်။

တိုက်ပွဲဖြစ်ပွားလာခြင်းကြောင့် လမ်းဘေးတစ်ဘက်တစ်ချက်မှ အိမ်တံခါးများ ပိတ်သွား၏။

လမ်းသွားလမ်းလာများ ထွက်ပြေးရှောင်တိမ်းသွားကြ၏။

တခဏအတွင်းမှာပင် တစ်မြို့လုံး တိတ်ဆိတ်ခြောက်သွေ့သွားလေတော့သည်။

ဟောင်ချင်းက အမှတ်တစ်ကို ရွံရှာမုန်းတီးစွာ ကြည့်လိုက်လေသည်။

"တိမ်ကြားမိုးယံဂိုဏ်းကလူကို စော်ကားရဲတာ နည်းတဲ့သတ္တိမဟုတ်ဘူး၊ ကောင်းပြီ မင်းရဲ့လက်တစ်ဘက်ကို အယင်ဆုံးဖြတ်လိုက်ပြီးမှ ကိုယ့်ကိုကိုယ် အဆုံးစီရင်လိုက်စမ်း"

အမှတ်တစ်က...

"ကျုပ်က ရွှေသစ္စာဂိုဏ်းချုပ်ရဲ့အမိန့်ကလွဲပြီး တခြား ဘယ်သူ့အမိန့်ကိုမှ နာခံတာမဟုတ်ပါဘူးဗျာ"

ဟောင်ကျင်းက...

"သြော်..မင်းက ရွှေသစ္စာဂိုဏ်းချုပ်ကို အားကိုးနေတာကိုးငါက မင်းတို့ဂိုဏ်းချုပ်ကို ဖမ်းခေါ်သွားဖို့ လာခဲ့တာကွ"

အမှတ်တစ် ပြုံးလိုက်သည်။

"ခင်ဗျားတပည့်က အသုံးမကျပါဘူး၊ သည်လိုတပည့်မျိုးရှိတဲ့ဆရာကကော ဘယ်လောက်များ အသုံးကျနိုင်မှာတဲ့လဲဗျာ"

"ဘာကွ..မင်း..မင်း"

ဟောင်ချင်း ဒေါသကို မထိန်းနိုင်တော့ဘဲ ရုတ်တရက်ရှေ့တိုးသွားပြီး အမှတ်တစ်အား တိုက်ခိုက်လိုက်တော့သည်။

အမှတ်တစ်က ခုန်ရှောင်တိမ်းဖို့ လုံးဝမကြိုးစားဘဲ ဓားကိုင်ထားသောလက်ကို ရှေ့သို့ဆန့်ထုတ်လိုက်လေသည်။



ဟောင်ချင်းက သူ့အား သတ်ပစ်နိုင်မည်ဆိုလျှင် သူ၏ဓားဖြင့် ဟောင်ချင်းလည်း သေဆုံးသွားရပေလိမ့်မည်။

ဝင်းလက်သွားသော ဓားရောင်ကြောင့် အန္တရာယ်ရှိကြောင်း ဟောင်ချင်း သတိမူမိလိုက်လေသည်။

အမှတ်တစ်ကို ဆက်လက်တိုက်ခိုက်လိုက်ပါက မိမိလည်း ဒုက္ခရောက်သွားနိုင်ကြောင်း နားလည်လိုက်သဖြင့် အလောတကြီး မလုပ်မိစေရန် ချက်ချင်း ကိုယ်ရှိန်သပ်လိုက်လေသည်။

အမှတ်တစ်က ထိုအခွင့်အရေးကို စောင့်မျှော်နေခြင်းဖြစ်လေသည်။

"ယား"

ဝမ်းခေါင်းသံကြီးဖြင့် ညာသံပေးယင်း ခန္ဓာကိုယ်ကို ရှေ့သို့ ငိုက်ချကာ လေထဲ ဝမ်းလျားထိုးကာ ရှေ့တိုးပြီး ဓားကိုင်ထားသောလက်ကို ဆန့်တန်းယင်း ဟောင်ချင်းအား ဓားဖြင့် ထိုးသွင်းလိုက်လေသည်။

အမှတ်တစ်က အလွန်ရိုးစင်းသော တိုက်ကွက်ကို အသုံးပြုခဲ့ခြင်းဖြစ်သည်။ တစ်ခါတစ်ရံတွင် အလွန်ရိုးစင်းသောတိုက်ကွက်များသည် ထူးခြားဆန်းပြားသော တိုက်ကွက်များထက် ပိုပြီးအသုံးဝင်တတ်သည် မဟုတ်ပါလား။

အမှတ်တစ်၏ဓားက ဟောင်ချင်း၏ရင်ဝကို ထိုးဖောက်စိုက်ဝင်သွားလေတော့သည်။

* * *

ဟောင်ချင်းနှင့် ဝမ်းဝေ ဆရာတပည့်နှစ်ယောက်စလုံး အမှတ်တစ်၏ဓားချက်ဖြင့် အသက်ပျောက်သွားကြလေသည်။

သူတို့သည် ကိုယ့်ကိုကိုယ် အထင်ကြီးပြီး အမှတ်တစ်ကို အထင်သေးမိခြင်းကြောင့် မရှုမလှ ခံလိုက်ရခြင်းဖြစ်ပါတော့သည်။

"ဟင်"

"ဟာ"

ဟိတ်ကြီးဟန်ကြီးဖြင့် လာခဲ့ကြသော တိမ်ကြားမိုးယံဂိုဏ်းသားများ ယခုမှ အထိတ်တလန့် ဖြစ်ကုန်ကြလေတော့သည်။

ထိုအချိန်မှာပင်...

"တိုက်ကြ"

"ရွှေသစ္စာဂိုဏ်းတဲ့ဟေ့"

အမှတ်တစ် လက်အောက်မှ ရွှေသစ္စာဂိုဏ်းသားများ ဟိုမှသည်မှပြေးထွက်လာကြပြီး တဟုန်ထိုး တိုက်ခိုက်လိုက်ကြလေတော့သည်။

* * *



ဒုဂိုဏ်းချုပ်စုလိရှ ကျေနပ်နေသည်။

တိမ်ကြားမိုးယံဂိုဏ်းအား ပွဲဦးထွက် အနိုင်ရလိုက်ပြီ မဟုတ်ပါလား။

တိမ်ကြားမိုးယံဂိုဏ်းနှင့် စေ့စပ်ဆွေးနွေးညှိနှိုင်း၍ရမည် မဟုတ်ကြောင်း အားလုံးသိထားကြ၏။

မဖြစ်မနေ ရင်ဆိုင်ရမည်ဖြစ်ပြီးတိုက်ပွဲကို ရှောင်လွှဲ၍ရမည် မဟုတ်ပါ။

တိမ်ကြားမိုးယံဂိုဏ်းက သူတို့အား တစ်ယောက်မကျန် သုတ်သင်ရှင်းလင်းပစ်မည်သာ ဖြစ်ပါသည်။

ထို့ကြောင့်လည်း အမှတ်တစ်တို့လူစုက အသာစီးရလိုက်သောအခါ ဟောင်ချင်းတို့လူစုအား တစ်ယောက်မကျန် သုတ်သင်ရှင်းလင်းပစ်လိုက်လေတော့သည်။

စုလိရှက အခြားတံတိုင်းနိအဖွဲ့သားများနှင့်အတူ ယူရီမြို့သို့ရောက်လာသည်။ တိုက်ပွဲအခြေအနေကို အကဲခတ်သည်။

တိုက်ပွဲနှင့် ပတ်သက်ပြီး ဝေဖန်သုံးသပ်ကာ လိုအပ်သည်များကို စီစဉ်ညွှန်ကြားလေသည်။

"တို့က ငြိမ်ခံနေမယ်ဆိုယင် စော်ကားချင်တိုင်း စော်ကားကြလိမ့်မယ်၊ ခေါင်းငုံ့မခံဘူး၊ သေရမှာမကြောက်ဘူးဆိုယင် အနည်းနဲ့အများတော့ ဂရုစိုက်လာကြမယ်၊ တို့ရဲ့အရည်အချင်းကို ထုတ်ဖော်ပြသနိုင်ယင်တော့ ထင်တိုင်းလုပ်ဝံ့ကြတော့မှာ မဟုတ်ဘူး၊ တို့ကို ဂရုစိုက်ကြရတော့မယ်၊ ဒါဆို တို့ရဲ့ကြိုးစားမှု အောင်မြင်ပြီပေါ့"

ဟု ဝေဖန် သုံးသပ်ပြလေသည်။

တံတိုင်းနီအဖွဲ့သား အားလုံးက...

"တိုက်ခိုက်မှုအားလုံးကို တိုက်ခိုက်မှုဖြင့် တုန့်ပြန်ရမည်"

ဟု နှလုံးသွင်းထား လိုက်ကြလေတော့သည်။

တိုက်ပွဲတွင် သူတို့အားလုံး သေဆုံးသွားနိုင်ကြပေသည်။

ထို့အတူ ရန်သူအားလုံးလည်း သေဆုံးသွားကြရမည်ဟု သဘောပိုက်ထားလိုက်ကြသည်။

တိုက်ပွဲနှင့်သေမင်းသည် မည်သူ့ကိုမဆို ထိတ်လန့်တုန်လှုပ်စေမည်သာဖြစ်လေသည်။

ထိတ်လန့်တုန်လှုပ်လာရပြီဆိုလျှင် ကြောက်ရွံ့လေးစားမှုရှိလာတော့မည် ဖြစ်သည်။

တံတိုင်းနီအဖွဲ့သည် 'ကြောက်ရွံ့မှုနှင့်သေမင်း'၏ ပြယုဂ်ဖြစ်လေသည်။ စုလီရှက...

"တိမ်ကြားမိုးယံဂိုဏ်းက ယူရီမြို့မှာ ခံလိုက်ရတော့ အရှက်ရပြီ၊ ယူရီမြို့ကို ပြာပုံဖြစ်အောင် ကြိုးစားလိမ့်မယ်၊ သူတို့က ယူရီမြို့ကို အာရုံစိုက်နေတာနဲ့ တခြားနေရာတွေမှာ လွတ်ကွက်ဟာကွက်တွေဖြစ်ပေါ်လာလိမ့်မယ်၊ ဒါ တို့အတွက် အခွင့်အရေးပေါ့"

အမှတ်တစ်နှင့် ဒွာနခွဲငါး ခေါင်းဆောင် ဟန်ကြို့တို့ကိုသာ ယူရီမြို့၌ တာဝန်ပေးထားခဲ့ပြီး ကျန်အဖွဲ့သားများကိုခေါ်ကာ ပြန်လည် ထွက်ခွာသွားလေတော့သည်။

* * *



## အနှောက်အယှက်

စုလိရှတို့ ပြန်လည်ထွက်ခွာသွားပြီ ဖြစ်သည်။

အမှတ်တစ်နှင့် ဟန်ကြို့တို့လူစုကိုသာ ယူရီမြို့၌ ထားရစ်ခဲ့လေသည်။

တိမ်ကြားမိုးယံဂိုဏ်းသည် ဟောင်ချင်းတို့လူစု ခံလိုက်ရခြင်းကြောင့် ယူရီမြို့ကို အငြိုးထားကြပေမည်။

အလုံးအရင်းဖြင့် တိုက်ခိုက်လာကြမည်ဖြစ်သည်။

အမှတ်တစ်နှင့် ဟန်ကြို့တို့မှာ မည်မျှပင် သတ္တိကောင်းပါစေ။

သိုင်းပညာ ထက်မြက်ပြီး အင်အားကြီးမားနေသော ရန်သူများကို ကြာရှည်ရင်ဆိုင်နိုင်မည် မဟုတ်ပါ။

အားလုံး ထိခိုက်ကျဆုံးရမည့်အပြင် အမှတ်ငါးဌာနခွဲ လည်း ပျက်စီးပြိုကွဲသွားမည်သာ ဖြစ်လေသည်။

ထိုသို့ဆုံးရှုံးပျက်စီးရမည်ကို သိထားပါသော်လည်း စုလိရှ ကထွက်သွား၏။

အမှတ်တစ်တို့ကိုသာ ထားပစ်ခဲ့သည်။

အဘယ်ကြောင့်ပါနည်း။

စုလိရှတွင် အကြံတစ်ခုခုရှိမည်ဟု နားလည်ထားပြီး အမှတ် တစ်မေးမြန်းခြင်း မပြုခဲ့ပါ။

သူ၏တာဝန်သည် အမိန့်ကို နာခံပြီး အမိန့်အတိုင်း ဆောင် ရွက်ရန်ပင် မဟုတ်ပါလား။

စုလိရှ ထွက်သွားပြီးနောက် သုံးရက်အကြာတွင် တိမ်ကြား မိုးယံဂိုဏ်းမှ ဌာနခွဲမှူးလျှူစန်း ရောက်ရှိလာလေတော့သည်။

* * *

လျှူစန်းသည် အသက်လေးဆယ်ခန့်ရှိပြီး ခန္ဓာကိုယ် ပိန်ပိန်ပါးပါး ဓားနှစ်လက်ကို အသုံးပြုသော ဓားသမားတစ်ယောက် ဖြစ်လေသည်။

ယူရီမြို့ထဲသို့ တစ်ယောက်ထဲ ဝင်ရောက်လာခြင်းဖြစ်သည်။

ရွှေသစ္စာဂိုဏ်းသားများက သူ့အားဝိုင်းရံထားလိုက်ကြ လျှင်...



"ကျုပ်က မင်းတို့ခေါင်းဆောင်နဲ့ စကားပြောဖို့လာခဲ့တာ၊ ကျုပ်ကို မင်းတို့ခေါင်းဆောင်ဆီကို ခေါ်သွားပါ"

ဟု ပြောသဖြင့် ဂိုဏ်းသားများက အမှတ်တစ်ထံသို့ ခေါ် သွားကြလေသည်။

နှစ်ယောက်သား တွေ့ဆုံမိလျှင် အမှတ်တစ်က မေးလိုက် လေသည်။

"ကျုပ်တို့နှစ်ယောက် တွေ့ဆုံစကားပြောဖို့ ရှိသေးလို့လား ဗျာ"

လျှူစန်း ခေါင်းခါယမ်းလိုက်သည်။

"စကားပြောစရာမရှိဘူး၊ ကျုပ်က မေးစရာရှိလို့ လာခဲ့ တာ"

"ဘာများ မေးချင်လို့လဲဗျာ"

"ကျုပ်တို့ဂိုဏ်းက ဌာနမှူးဟောင်ချင်းနဲ့ သူ့ရဲ့လက် ထောက်ဝမ်းဝေတို့ သည်မြို့ကိုလာခဲ့ကြတယ်"

အမှတ်တစ် ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားမှားနေပြီ၊ ဘယ်သူမှ မလာကြဘူးဗျ"

လျှူစန်းက...

"သူတို့ လာကြတယ်"

"မလာကြပါဘူးဗျာ"

"သူတို့..."

"ရွှေသစ္စာဂိုဏ်းပိုင်နက်ထဲကို တခြားဂိုဏ်းသားတွေ ကျူး

ကျော်ဝင်လာတယ်ဆိုယင် ကျုပ်တို့သိရမှာပေါ့ဗျာ"

"မင်း"

လျှုစန်း မကျေမနပ်ဖြစ်နေသော်လည်း အမှတ်တစ်က မှင်သေသေရှိနေ၏။

လျှုစန်း သက်ပြင်းချလိုက်သည်။

"ကောင်းပြီ ရောက်မလာယင်လည်း ပြီတာပါပဲ၊ ကဲ ကျုပ်ကို ခွင့်ပြုပါဦး"

အမှတ်တစ်ကို နှုတ်ဆက်ကာ ထွက်သွားလေသည်။

လျှုစန်း ထွက်သွားပြီးမှ အမှတ်တစ်က ဟန်ကြို့ကို ပြောလိုက်လေသည်။

"သူတို့လူတွေ အဖမ်းခံနေရတာများရှိသလားလို့ အခြေအနေ လာကြည့်တာပဲ"

ဟန်ကြို့က...

"ကျွန်တော်တို့က တစ်ယောက်မှ အရှင်မထားခဲ့ပါဘူးဗျာ"

အမှတ်တစ်က...

"အဖမ်းခံနေရတဲ့လူတွေ ရှိနေယင် သူတို့ ဂရုစိုက်နေရဦးမယ်၊ မရှိဘူးဆိုတော့ ထင်တိုင်းကျဲတော့မှာပေါ့"

ပြင်းထန်သော တိုက်ပွဲကြီးနှင့် ရင်ဆိုင်ရဦးမည်ဟု ဟန်ကြို့နားလည်လိုက်လေသည်

အမှတ်တစ်ကမူ သဘောကျနေသည်။

"သူတို့လူတွေ အကျဉ်းသားရှိနေယင် တိုက်ခိုက်ကြမယ်ဆို



သင်တောင် သူတို့လူတွေကို ထောက်ထားပြီး တခြားပရိယာယ်တွေ သုံးကြမှာ၊ ခုတော့ ဘာပရိယာယ်မှ သုံးစွဲကြတော့မှာမဟုတ်ဘူး၊ ဒါဆို ရန်သူထောင်ချောက်မိမှာ မစိုးရိမ်ရတော့ဘူး၊ ကျုပ်တို့ဘက်ကလည်း ပြတ်ပြတ်သားသား တိုက်ခိုက်နိုင်တာပေါ့"

ထိုစကားကို ဟန်ကြို့လည်း သဘောကျသွားလေတော့သည်။

* * *

မြို့ပြင်နှင့် မနီးမဝေးတစ်နေရာ၌ စိမ်းလန်းနေသော တောအုပ်ကြီးတစ်ခု ရှိလေသည်။

တောအုပ်ထဲ၌ တိမ်ကြားမိုးယံဂိုဏ်းမှ ဥက္ကဋ္ဌလျှုစန်း၊ ဥက္ကဋ္ဌပုဟွီးတို့ ခေါင်းဆောင်သော တိမ်ကြားမိုးယံဂိုဏ်းသားများ ခုရုံးရောက်ရှိနေကြလေသည်။

လျှုစန်းသည် ယူရီမြို့၌ အမှတ်တစ်နှင့် သွားရောက်တွေ့ဆုံပြီးပြန်ရောက်လာလေသည်။

ပုဟွီးက...

"အခြေအနေ ဘယ်လိုလဲဗျ"

ဟု ဆီးကြိုမေးမြန်းလိုက်လေသည်။

လျှုစန်းက...

"တစ်ယောက်မှ မကျန်တော့ဘူး"

ဟောင်ချင်းတို့လူစုအားလုံး အသတ်ခံလိုက်ရပြီဖြစ်ကြောင်း ပြောပြလိုက်လေသည်။

ထိုအချိန်မှာပင် ဂိုဏ်းသားတစ်ယောက် ပြေးလွှားရောက်ရှိလာလေသည်။

ပုဟွီးက...

"ဘယ်လိုလဲဟေ့"

ဟု ဆီး၍မေးလိုက်ပြန်သည်။

ဂိုဏ်းသား ဦးညွှတ်လိုက်သည်။

"မြို့ပြင်သချိုင်းမြေမှာ မကြာသေးခင်ကမှ လူသေအလောင်းတွေ မြှုပ်နှံထားတဲ့ မြေပုံအသစ်တွေ တွေ့ရပါတယ်ခင်ဗျာ"

"တောက်"

ပုဟွီး ဒေါသတကြီး တက်ခေါက်လိုက်လေသည်။

လျူစန်းကို ဘယ်လိုလဲဟူသော သဘောဖြင့် မေးဆတ်ပြလိုက်လေသည်။

လျူစန်းက...

"ယူရီမြို့ကို မီးလောင်တိုက်သွင်းလိုက်တာပေါ့"

"ဟား...ဟား...ဟား"

ပုဟွီး ရယ်မောလိုက်လေသည်။

တဖန်...

"ယူရီမြို့က အမှတ်ငါးဌာနခွဲမှာ သူတို့အင်အား ငါးဆယ်လောက်ပဲရှိတယ်လို့ သတင်းကြားထားတာကော မှန်ရဲ့လားဗျ"



ဟုမေးရာ လျူစန်းက...

"ဒါပုံကြီးချဲ့ထားတာပါ၊ ကျုပ် ရောက်သွားတော့ တွေ့ခဲ့ရတာ အများဆုံးရှိမှ လူသုံးဆယ်ပေါ့"

ပုဟွီး နှာခေါင်းရှုံ့လိုက်သည်။

"သည်လောက် လက်တစ်ဆုပ်စာ လူစုကို ကျုပ်တို့ဌာနမှူးနှစ်ယောက် ဦးဆောင်ပြီး အင်အားအလုံးအရင်းနဲ့ တိုက်ခိုက်ရမယ်ဆိုတာ လူကြားယင် ရှက်စရာကောင်းပါတယ်ဗျာ၊ ကျုပ်က လက်ထောက်သုံးယောက်ကိုခေါ်သွားပြီး ဆုံးမလိုက်မယ်၊ ခင်ဗျားတို့သည်မှာပဲ အနားယူနေလိုက်ကြပေါ့ဗျာ"

လျူစန်း ပြုံးလိုက်သည်။

"ကောင်းသားပဲ၊ ခင်ဗျားက သူတို့ကို ဆုံးမချင်နေတယ်မဟုတ်လား၊ ခင်ဗျား သဘောပါပဲဗျာ"

ပုဟွီးက...

"ကျင်းလီ၊ မင်ယုံ၊ ချန်းဗှာ မင်းတို့သုံးယောက် ငါနဲ့လိုက်ခဲ့ကြ"

လက်ထောက်သုံးယောက်ကို အမိန့်ပေးလိုက်ပြီး မြင်းပေါ်ခုန်တက်လိုက်လေသည်။

ကျင်းလီ၊ မင်းယုံနှင့်ချန်းဗှာ လက်ထောက်သုံးယောက်ကလည်း အသီးသီး မြင်းပေါ်တက်လိုက်ကြသည်။

ထို့နောက်...

"ဟေး...ဟေး"

မြင်းများကို အော်ငေါက်ကာ ယူရီမြို့ဆီသို့ ဦးတည်ပြီးဒုန်းစိုင်းနှင်သွားကြလေတော့သည်။

* * *

အမှတ်တစ်က ခပ်သုတ်သုတ် လှမ်းလာနေသော ဟန်ကြို့ကိုကြည့်လိုက်သည်။

ဟန်ကြို့က အနီးသို့ရောက်လာလျှင် ဦးညွှတ်လိုက်ပြီး...

"သူတို့ လာနေကြပါပြီ"

ဟု သတင်း ပို့လိုက်လေသည်။

အမှတ်တစ်က...

"ကောင်းပြီ အစီအစဉ်အတိုင်းလုပ်ပါ"

"ဟုတ်ကဲ့"

ဟန်ကြို့ ပြန်ထွက်သွားတော့သည်။

အမှတ်တစ်လည်း ဂိုဏ်းအဆောက်အဦး အပြင်ဘက်သို့ထွက်လာခဲ့လေသည်။

လမ်းပေါ်၌ လူရှင်းနေ၏။

တစ်မြို့လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ထို့ကြောင့် ဒုန်းစိုင်းနှင်လာသည့် မြင်းခွာသံများ ကြားလိုက်ရလေသည်။

မြင်းခွာသံများ တစ်စထက်တစ်စ ကျယ်လောင်လာသည်။



မြင်းစီးသမားလေးယောက် လမ်းမကြီးအတိုင်း ထွက်ပေါ်လာလေသည်။

မြင်းစီးသမားလေးယောက်သည် မင်းလမ်းမကြီးအတိုင်းဒုန်းစိုင်းနှင်လာကြပြီး ရွှေသစ္စာဂိုဏ်း၏ အမှတ်လေးဌာနခွဲရှေ့တွင်ရပ်တန့်သွားကြလေသည်။

ဌာနခွဲအဆောက်အဦးရှေ့၌ အမှတ်တစ်က အသင့်စောင့်ကြိုနေပါသည်။

မြင်းစီးသမားလေးယောက်မှ တိမ်ကြားမိုးယံဂိုဏ်းမှ ဌာနမှူးပုပ္ပွီးနှင့်လက်ထောက်သုံးယောက်တို့ ဖြစ်ကြလေသည်။

ပုပ္ပွီးက အမှတ်တစ်ကို အကဲခတ်လိုက်သည်။

"မင်းတစ်ယောက်ထဲလား၊ မင်းလူတွေကော"

အမှတ်တစ်က...

"အထဲမှာ"

"သူတို့ ကြောက်လို့ ပုန်းနေတာလား"

"မဟုတ်ဘူး၊ ခင်ဗျားတို့ ဝင်လာယင် ဆုံးမဖို့စောင့်နေကြတာ"

"ဟား...ဟား...ဟား"

ပုပ္ပွီး လှောင်ပြောင်ရယ်မော လိုက်လေသည်။

"ဘာမဟုတ်တဲ့ မင်းတို့ လက်တစ်ဆုပ်စာလူစုလေးက ကျုပ်တို့ကို ဆုံးမဦးမယ်တဲ့လား"

အမှတ်တစ်က...

"ခင်ဗျား မယုံယင် ဟောင်ချင်းဆိုတဲ့လူကို မေးကြည့်ပါလားဗျာ"

"ဘာကွ"

ပုဟွီး ဒေါပွသွားလေသည်။

"ကျင်းလီ မင်းတို့အထဲဝင်ပြီး ဆုံးမလိုက်ကြစမ်း"

"ဟုတ်ကဲ့"

လက်ထောက်သုံးယောက် ဖြစ်သော ကျင်းလီ၊ မင်းယုံနှင့် ချန်းဟွာတို့သည် အမှတ်တစ်အား လုံးဝဂရုမစိုက်ဘဲ အဆောက်အဦးအတွင်းသို့ ပြေးဝင်သွားကြလေသည်။

အမှတ်တစ်က ဟန့်တားခြင်းမပြုချေ။

ပုဟွီးကိုသာ စိုက်ကြည့်နေ၏။

ပုဟွီးက...

"မင်းကကော"

အမှတ်တစ်က...

"ခင်ဗျားက ကျုပ်အတွက်လေဗျာ"

"ဩော်"

ပုဟွီးလည်း မြင်းပေါ်မှ ခုန်ထွက်လိုက်လေတော့သည်။

* * *



ကျင်းလီ၊ မင်းယုံနှင့်ချန်းဟွာတို့သည် အမှတ်လေးဂိုဏ်းခွဲ အဆောက်အဦးအတွင်းသို့ ပြေးဝင်လိုက်ကြလေသည်။

ကျင်းလီက မင်းယုံတို့အား...

"သူတို့ကိုတွေ့ယင် တစ်ယောက်မှ အရှင်မထားနဲ့"

ဟု ပြောလိုက်သည်။

သို့သော်...

အဆောက်အဦးအတွင်းသို့ ရောက်သွားသောအခါ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပါချေ။

ကျင်းလီတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

"ဘယ်သူမှ မရှိပါလား"

"ဒါ ထောင်ချောက်ပဲ"

အတွေ့အကြုံရင့်ကျက်သော ထိပ်တန်းသိုင်းသမားများပီပီ ထောင်ချောက်တစ်ခုအတွင်းသို့ ရောက်နေပြီဖြစ်ကြောင်း နားလည်လိုက်ကြလေသည်။

အပြင်သို့ ချက်ချင်းပြန်ထွက်ရန် ဟန်ပြင်လိုက်ကြ၏။

ထိုစဉ်...

"ဝုန်း...ဝုန်း"

ကျယ်လောင်သော မြည်သံများနှင့်အတူ တံခါးမကြီးနှင့် ပြတင်းတံခါးများ ပိတ်သွားလေသည်။

အဆောက်အဦးအတွင်း၌ မှောင်မည်းသွားလေတော့သည်။

"သတိထား"

ကျင်းလီက သတိပေးလိုက်စဉ် ခေါင်မိုးထုတ်တန်းပေါ်မှ ကြိုးများပိုက်ကွန်များ ကျလာတော့သည်။

ကျင်းလီက...

"သည်လိုနဲ့ရရိုးလား"

ဓားကို အပေါ်မြှောက်ကာ တဝိဝိမြည်အောင် ဝှေ့ယမ်းလိုက်လေသည်။

ပိုက်ကွန်များကို ခုတ်ဖြတ်လိုက်ခြင်း ဖြစ်လေသည်။

ကျင်းလီတို့သုံးယောက် အပေါ်မှကျလာသော ပိုက်ကွန်များကို အာရုံရောက်နေကြစဉ်မှာပင် အောက်ဘက်ကြမ်းပြင်မှ အံဖုံးတံခါးများပွင့်သွားပြီး ဟန်ကြို့တို့လူစု ခေါင်းပြူထွက်လာကာ ကျင်းလီတို့၏ခြေထောက်အောက်ပိုင်းကို တိုက်ခိုက်လိုက်ကြလေသည်။

ထောင်ချောက်ဆိုသည့်အတိုင်း ကျင်းလီတို့ အခက်ကြုံသွားကြတော့သည်။

ဟန်ကြို့တို့လူစုကို ရင်ဆိုင်လိုက်သောအခါ ပိုက်ကွန်များက အနှောက်အယှက် ပေးလာကြပြန်လေသည်။

ကြိုးကွင်းများလည်း ပစ်လွှင့်လာသည်။

ရွှေသစ္စာပိုဏ်းသားများအား ဆုံးမမည်ဟု လာခဲ့ကြသော ကျင်းလီတို့သုံးယောက် မျက်ပြူးဆန်ပျာဖြစ်သွားကြတော့သည်။

ထောင်ချောက်ထဲမှ ထိုးဖောက်ထွက်နိုင်ရန် ဦးစားပေးကြိုးစားကြရလေတော့သည်။



ဟန်ကြို့တို့လူစုက လက်နက်ပုန်းလေးများဖြင့်ပါ ပစ်ခတ်တိုက်ခိုက်လိုက်ကြသောအခါ ကျင်းလီတို့ ဒုက္ခရောက်သွားကြတော့သည်။'

ဟန်ကြို့တို့က အသက်ကို ပဓာနမထားဘဲ တိုက်ခိုက်ကြသဖြင့် လေးငါးယောက် ထိခိုက်သွားသော်လည်း နောက်ဆုံးတွင် ကျင်းလီ၊ မင်းယုံနှင့်ချင်းဗှာတို့သုံးယောက်အား သုတ်သင်ရှင်းလင်းပစ်နိုင်ခဲ့ကြလေကော့သည်။

* * *

ပုဟွီးက အမှတ်တစ်ထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ထိုစဉ် ကျယ်လောင်သော မြည်ဟီးသံနှင့်အတူ အဆောက်အဦးတံခါးများ ပိတ်သွားလေသောအခါ ကျင်းလီတို့ ထောင်ချောက်ထဲ ရောက်သွားကြပြီဖြစ်ကြောင်း ရိပ်မိကာ ရင်ထိတ်သွားလေသည်။

အမှတ်တစ်ကို ဆက်၍မတိုက်ခိုက်တော့ဘဲ နောက်သို့ပြန်လှည့် ခုန်ဆုတ်လိုက်လေသည်။

ဤတွင် အခွင့်အရေးစောင့်နေသော အမှတ်တစ်က လျှပ်တပြက်လှုပ်ရှားလိုက်လေသည်။

ဓားဆွဲထုတ်ကာ ရှေ့သို့ခုန်ထွက်လိုက်လေသည်။

ပုဟွီး ဒေါသဖြစ်သွားသည်။

"ကျုပ်ကို အလစ်ချောင်း တိုက်ခိုက်ချင်တယ်ပေါ့လေ၊ ဘယ်တော့မှမရဘူးကွ"

ခြေတစ်ဘက်ဆန့်ထုတ် ကန်ကျောက်လိုက်လေသည်။

အမှတ်တစ် ရှောင်တိမ်းခြင်းမပြုဘဲ ပုဟ္ဂီး၏ခြေထောက်ကို ဓားဖြင့် ခုတ်ချလိုက်လေသည်။

ပုဟ္ဂီး မျက်လုံးပြူးသွားသည်။

အမှတ်တစ်ကို ကန်ကျောက်မိလိုက်သည့်တိုင်အောင် သူ၏ခြေထောက်တစ်ဘက်လည်း ဆုံးရှုံးသွားလိမ့်မည် မဟုတ်ပါလား။

ခြေထောက်ကို ရုပ်သိမ်းကာ နောက်ဆုတ်လိုက်ရပြန်လေသည်။

"ခင်ဗျား ကြောက်နေပြီလား"

အမှတ်တစ်က မခံချင်အောင်ပြောကာ အတင်းရှေ့တက်ပြီး တရကြမ်း ဖိတိုက်လိုက်လေသည်။

ပုဟ္ဂီးသည် တစ်ကြိမ် နောက်ဆုတ်လိုက်သည်နှင့် ထပ်ပြီး နောက်ဆုတ်လိုက်ရလေတော့သည်။

ပုဟ္ဂီး ခံပြင်းသွားသည်။

"ငါက မင်းကို ကြောက်နေရမှာလား"

နောက်ဆုတ်နေရာမှ ခြေလှမ်းတုန့်ခနဲ ရပ်လိုက်၏။

သူရပ်တန့်လိုက်သည်နှင့် ခုတ်ပိုင်းလိုက်သော အမှတ်တစ်၏ဓားချက်ကို ဒူးကွေး၍ ခန္ဓာကိုယ်အပေါ်ပိုင်း နောက်သို့ လျှပ်တ



က်လှန်ချကာ ရှောင်တိမ်းလိုက်၏။

"ဗွိုး"

ဓားချက်က သူ၏ရင်ဘတ်နှင့် မျက်နှာပေါ်မှ ပွတ်ကာသီ ာ ဖြတ်ကျော်သွားပြီးသည်နှင့် ခန္ဓာကိုယ် ပြန်လည်တည့်မတ် ်က်ပြီး အနီးသို့ရောက်နေသည့် အမှတ်တစ်၏ရင်ဝကို လက်ဝါးဖြင့် က်ချလိုက်လေသည်။

အမှတ်တစ်မှာ သိုင်းပညာထက်မြက်သော်လည်း ဝါရင့် ိုင်းပညာရှင်တစ်ဦးဖြစ်သည့် ပုဟ္ဂီးကို မယှဉ်နိုင်ပါချေ။

သူ၏ဓားချက် ထိရောက်မှုမရှိလျှင် ချက်ချင်း နောက်ဆုတ် ်ဟန်ပြင်လိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်လေသည်။

ပုဟ္ဂီး၏လက်ဝါးက သူ၏ရင်ဝကို ရိုက်ချမိလိုက်လေသည်။

"ဝုန်း"

အမှတ်တစ်လည်း အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

* * *

အမှတ်တစ်မှာ ပုဟ္ဂီး၏လက်ချက်မိကာ လွင့်စဉ်သွားခဲ့လေသည်။

ပုဟ္ဂီး လှောင်ပြောင်ရယ်မောလိုက်သည်။

"ဟား…ဟား…ဟား…မင်း ဘာတတ်နိုင်သေးသလဲ"

အမှတ်တစ် မြေပေါ်မှ လူးလိမ့်ထလိုက်လေသည်။

ခန္ဓာကိုယ် ဒယီးဒယိုင်ဖြစ်နေပြီး…

"ဝေါ့"

ပါးစပ်ထဲမှ သွေးများအန်ထုတ်လိုက်၏။

ပုပ္ပါးက…

"မင်းကများ ဟောင်ချင်းတို့ကို ဘယ်လိုလုပ်ပြီး သတ်ပစ်လိုက်သလဲဆိုတာ ငါနားမလည်နိုင်တော့ဘူး"

အထင်သေးစွာ ပြောလိုက်လေသည်။

အမှတ်တစ်က…

"ကျုပ်က ခင်ဗျားကိုပါ သတ်ပစ်မှာပါဗျာ"

ပုပ္ပါး နှာခေါင်းရှုံ့လိုက်သည်။

"ခုချိန်ထိတောင် အပြောမလျှော့သေးဘူးလား"

"ခင်ဗျား မယုံဘူးလား"

အမှတ်တစ် အားယူကာ ခုန်ဝင်သွားလေသည်။

ဒဏ်ရာပြင်းထန်စွာရထားပြီဖြစ်ရာ သူ၏လှုပ်ရှားမှု နှေးကွေးနေပြီ ဖြစ်လေသည်။

ပုပ္ပါးက…

"စိတ်ချ သေချင်နေတဲ့မင်းရဲ့ဆန္ဒကို ဖြည့်ဆည်းပေးရမှာပေါ့"

လက်တစ်ဘက် ဆန့်ထုတ်ကာ အမှတ်တစ်၏ဓားကို လုယူလိုက်သည်။

ကျန်လက်တစ်ဘက်က အမှတ်တစ်၏ အခြားလက်တစ်ဘက်ကို ဖမ်းဆွဲလိုက်လေသည်။



အမှတ်တစ်မှာ ပုပ္ပါး၏လက်ထဲ၌ အရုပ်ကလေးတစ်ရုပ်မှာ အဖမ်းခံလိုက်ရတော့သည်။

ပုပ္ပါးက လုယူထားသောဓားဖြင့် အမှတ်တစ်၏ရင်ဝကို ပြန်လည်ထိုးစိုက်ချလိုက်လေသည်။

ဓားက အမှတ်တစ်၏ရင်ဝမှသည် ကျောပြင်သို့တိုင် ထိုးဖောက်သွားလေသည်။

ပုပ္ပါးက ဖမ်းဆွဲထားသော အမှတ်တစ်၏လက်ကို လွှတ်ပေးလိုက်လျှင်…

"ဝုန်း"

အမှတ်တစ် မြေပေါ်လဲကျသွားတော့သည်။

အမှတ်တစ်အား ပုပ္ပါးက အခက်အခဲမရှိ အနိုင်ယူနိုင်လိုက်ခြင်းဖြစ်လေသည်။

တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေသော အမှတ်တစ်လဲကျသွားလျှင် ပုပ္ပါး ဟားတိုက်ရယ်မောလိုက်လေသည်။

"ဟား…ဟား…ဟား"

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသော်လည်း ဆုံးအောင် မရယ်လိုက်ရဘဲ တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားလေသည်။

အကြောင်းမှာ…

"ဝုန်း…ဝုန်း"

ကျယ်လောင်သော မြည်သံများနှင့်အတူ အဆောက်အဦးတံခါးများ ပွင့်သွားပြီး လူသုံးယောက် ခုန်ထွက်လာကြခြင်းကြောင့် ဖြစ်လေသည်။

ကျင်းလီ၊ မင်းယုံနှင့်ချန်းဗှာတို့ ဖြစ်လေသည်။

သုံးယောက်စလုံး အသက်ဝိဉာဉ်ကင်းမဲ့နေကြပြီ ဖြစ်ပါသည်။

သူတို့ ခုန်ထွက်လာနိုင်ခြင်းမဟုတ်ဘဲ တစ်စုံတစ်ယောက်က သူတို့၏အလောင်းများကို မ,ယူကာ အပြင်ဘက် ပစ်လွှတ်လိုက်ခြင်း ဖြစ်လေသည်။

ပုပ္ပိုးသည်ကျင်းလီတို့ ခံလိုက်ရသည်ကိုမြင်လျှင် အံ့သြသွားသကဲ့သို့ ဒေါသလည်း ထွက်သွားလေတော့သည်။

သူက ကျင်းလီတို့ထံသို့ အာရုံရောက်သွားစဉ်မှာပင် သူလျစ်လျူရှုထားလိုက်သည့် အမှတ်တစ်က ဒုက္ခပေးလာလေတော့သည်။

အမှတ်တစ်က ဓားမြှောင်နှစ်လက်ထုတ်ကာ ပုပ္ပိုး၏ခြေဖမိုးနှစ်ဘက်ကို ထိုးစိုက်ချလိုက်ခြင်း ဖြစ်သည်။

ဓားမြှောင်နှစ်လက်က ပုပ္ပိုး၏ခြေဖမိုးမှ ခြေဖဝါးထိအောင် ဖောက်ထွင်းကာ မြေကြီးထဲ စိုက်ဝင်သွားလေသည်။

ပြင်းထန်သော နာကျင်မှုကြောင့်...

"အား"

ပုပ္ပိုး ငယ်သံပါအောင် အော်လိုက်လေသည်။



"သေစမ်း"

အောက်သို့ငုံ့ပြီး အမှတ်တစ်အား လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

အမှတ်တစ်က ခန္ဓာကိုယ် လူးလွန့်လိုက်ရာ မှောက်လျက်အနေအထား ရောက်သွားပြီး ကျောပြင်မှ ထိုးထွက်နေသည့် ဓားဦးပေါ်သို့ ပုပ္ပိုး၏လက်ဝါး ကျရောက်သွားလေတော့သည်။

ဒေါသတကြီး ရိုက်ချလိုက်သောကြောင့် လက်ဝါး ထုတ်ချင်းခတ်ပေါက်ထွက်သွားတော့သည်။

ပုပ္ပိုး ဝူးဝူးဝါးဝါး အော်လိုက်လေသည်။

ခြေနှစ်ဘက် လက်တစ်ဘက် ပြင်းထန်စွာ ဒဏ်ရာရသွားသဖြင့် ဇွေ့ဇွေ့ခုန်သွားလေသည်။

အမှတ်တစ်လည်း အစွမ်းကုန်ကြိုးစားတုန့်ပြန်ပြီးနောက် သုံးဝမဟန်နိုင်တော့ဘဲ မြေပေါ်လူးလိမ့်ယင်း အသက်ပျောက်သွားတော့သည်။ သူ ကိုတာဝန်ကျေသွားပြီဖြစ်သည်။

မဆုံးသေးသော သူ၏တာဝန်ကို ဟန်ကြို့က ဆက်၍ထမ်းဆောင်သွားလိမ့်မည် ဖြစ်သည်။

ဟန်ကြို့သည် ဒဏ်ရာဗရပွရနေပြီဖြစ်သော ပုပ္ပိုး၏နောက်ကျောဘက်၌ ရောက်ရှိနေပြီ မဟုတ်ပါလား။

ဟန်ကြို့၏လက်ထဲ၌ ဓားတစ်လက် ကိုင်ထားလေသည်။

ဟန်ကြို့က ဓားကိုင်ထားသောလက်ကို လွှဲယမ်းလိုက်လျှင်...

"ဒုတ်"

ပုပ္ပိုး ဦးခေါင်းနှင့်ခန္ဓာကိုယ် ဒိုးစားကွဲသွားတော့သည်။

* * *

လျှူစန်းက အသင့်ယူလာသော အရက်၊ စားသောက်ဖွယ်ရာများဖြင့် အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ အနားယူနေ၏။

ရတ်တရက်ဆိုလျှင် ပျော်ပွဲစားထွက်လာသည်နှင့်ပင် တူနေပါတော့သည်။

ပုပ္ပိုးသည် လူသတ်ရန် ဝန်မလေးသူဖြစ်သည်။

ဟောင်ချင်းနှင့် ပို၍ရင်းနှီးသူလည်း ဖြစ်သည်။

ဟောင်ချင်းအတွက် ယူရှီမြို့ကလေးအား မီးလောင်တိုက်သွင်းပစ်လိုက်လိမ့်မည်ဟု ယုံကြည်ထားလေသည်။

"မြို့ထဲက မီးခိုးလုံးတွေ ထွက်လာတာ မြင်ယင် ငါ့ကိုပြော"

ဟု တမည့်များကို မှာကြားကာ ခေတ္တအနားယူ အိပ်စက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုအချိန်မှာပင်...

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



လျှူစန်း အိပ်၍မရတော့ပါ။

ခေါင်းထောင်ကြည့်လိုက်သည်။

လက်ထောက်များဖြစ်သော ရှိုစုနှင့်ဟူပြောင်းတို့က အနီးသို့ရောက်လာကြလေသည်။

မြင်းခွာသံများ တစ်စထက်တစ်စ ကျယ်လောင်လာကာ မြင်းလေးကောင် တောအုပ်ထဲ ဝင်ရောက်လာလေသည်။

ပုပ္ပိုးနှင့်လက်ထောက်သုံးယောက် စီးနင်းသွားကြသော မြင်းများဖြစ်လေသည်။

ပုပ္ပိုးတို့လေးယောက်သည် မြင်းကျောပေါ်၌ ခြေတွဲလောင်း၊ လက်တွဲလောင်းဖြင့် လိုက်ပါလာကြလေသည်။

ပုပ္ပိုးတို့၏ အလောင်းများကိုမြင်လျှင်...

"ဟာ"

လျှူစန်း ခုန်ထလိုက်လေသည်။

"သူတို့က သည်လောက်တောင် အစွမ်းထက်နေကြတာလား၊ ရှိုစု အလောင်းတွေကို မြင်းပေါ်ကချလိုက်စမ်း၊ ဟူပြောင်း မြင်းက ယူရှီမြို့ကို သွားဖို့ပြင်"

အော်ဟစ်အမိန့် ပေးလိုက်လေသည်။

အားလုံး ရတ်ရတ်သဲသဲ ဖြစ်သွားကြလေတော့သည်။

ရှိုစုက မလှမ်းမကမ်း၌ ရပ်နေသော မြင်းလေးကောင်အနီးသို့ချဉ်းကပ်သွားလိုက်လေသည်။

ပုပ္ပိုးကား တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲပြီး ဦးခေါင်းနှင့်

ခန္ဓာကိုယ် အိုးစားကွဲနေ၏။

ရက်ရက်စက်စက် သုတ်သင်ခံလိုက်ရခြင်း ဖြစ်သည်။

ရှို့စုက ပုပ္ပိုး၏အလောင်းကို မြေပေါ်ချလိုက်သည်။

"တောက်"

လျှူစန်း ဒေါသထွက်ကာ ပုပ္ပိုး၏အလောင်းကို ငုံ့ကြည့်လိုက်လေသည်။

ထိုအချိန်မှာပင်...

"အား"

ရှို့စု စူးရှစွာ အော်ဟစ်ယင်း မြေပေါ်ပက်လက်လန်လဲကျသွားတော့သည်။

လျှူစန်းက...

"ဘာဖြစ်တာလဲ"

လှမ်းမေးလိုက်သည်။

ရှို့စု အဖြေမပေးနိုင်တော့ပါ။

ရင်ဝ၌ စိုက်ဝင်နေသော ဓားတစ်ချောင်းက သူ၏ဝိညာဉ်ကို နှုတ်ယူသွားပြီ မဟုတ်ပါလား။

လျှူစန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ရှို့စုအား မည်သူက လုပ်ကြံလိုက်ပါသနည်း။

လျှူစန်း ဟိုဟိုသည်သည် ရှာဖွေကြည့်လိုက်သည်။

ထိုအချိန်မှာပင်...

"ဟူး...ဟူး"



လူရိပ်များ ပြေးလွှားရောက်ရှိလာပြီး ဟူပြောင်းတို့အား တိုက်ခိုက်လိုက်ကြသည်ကို တွေ့လိုက်ရလေသည်။

"ရွှေသစ္စာဂိုဏ်းသားတွေပဲ"

လျှူစန်းက အော်ဟစ်အမိန့်ပေးလိုက်သည်။

"မင်းတို့အဘတွေ လာနေပြီ၊ ဘာလုပ်နေကြတာလဲ"

ထိုစဉ်...

"ဝှီး"

အရောင်တွာတစ်ခု ပစ်လွှင့်လာပြီး မြေပေါ်ဖုတ်ခနဲ ကျကာ သူ၏ခြေထောက်အနီးသို့ လိမ့်လာသည်ကို တွေ့လိုက်ရလေသည်။

လျှူစန်း ငုံ့ကြည့်လိုက်ရာ ပုပ္ပိုး၏ဦးခေါင်းပြတ်ကြီး ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

"ဟာ"

လျှူစန်း ထိတ်လန့်သွားပြီး ကပျာကယာ နောက်ဆုတ်သွားရာ အလောင်းများတင်ထားသည့် မြင်းများအနီးသို့ ရောက်သွားလေသည်။

မြင်းပေါ်၌ မှောက်ခုံကြီး ဖြစ်ကာ ခြေလက်တွဲလောင်းကျနေသော အလောင်းသုံးလောင်းက လှုပ်ရှားလာလေသည်။

ရုတ်တရက် မြေပေါ်ခုန်ဆင်းကာ လျှူစန်းအား တိုက်ခိုက်လိုက်ကြလေသည်။

နောက်ကျောဘက်မှ လှုပ်ရှားတိုက်ခိုက်သံကြောင့်လျှူစန်း ကပျာကယာ နောက်လှည့်ကာ ခုခံလိုက်ပါသော်လည်း နောက်ကျ

သွားပြီဖြစ်လေသည်။

အလောင်းသုံးလောင်း၏မေး သုံးလက်က သူ၏ရင်ဝ၌ စိုက်ဝင်သွားတော့သည်။

လျူစန်း သေသေချာချာ ကြည့်လိုက်သောအခါ အလောင်းသုံးလောင်းမှာကျင်းလီတို့မဟုတ်ဘဲ လူစိမ်းသုံးယောက်က ဟန်ဆောင်ထားခြင်းဖြစ်သည်ကို တွေ့လိုက်ရ၏။

"အား"

လျူစန်း အသံနက်ကြီးဖြင့် အော်ဟစ်ယင်း မြေပေါ်လဲကျသွားလေတော့သည်။

* * *



လျူစန်း၊ ဟူပြောင်းနှင့်ရှိုစုတို့ သေဆုံးသွားကြသောအခါ တိမ်ကြားမိုးယံဂိုဏ်းသားများ ကြောက်ရွံ့ထိတ်လန့်ကာ ဆောက်တည်ရာမရ ဖြစ်သွားကြလေသည်။

ဆက်လက်တိုက်ခိုက်ခြင်း မပြုဘဲ အရှုံးပေးကာ ကစဉ့်ကလျား ထွက်ပြေးသွားကြလေတော့သည်။

လျူစန်းတို့အား ချောင်တခင် ဝင်ရောက်တိုက်ခိုက်လိုက်ကြသူများမှာ စုလိရှ ဦးဆောင်သော တံတိုင်းနီအဖွဲ့သားများဖြစ်သည်။

စုလိရှက ယူရီမြို့ထဲ၌ အမှတ်တစ်ကို တည်ကြက်ထားပြီး တိမ်ကြားမိုးယံဂိုဏ်းအား လှည့်စားတိုက်ခိုက်ခဲ့ခြင်း ဖြစ်လေသည်။

သူတို့ထက် သိုင်းပညာသာပြီး အင်အားကြီးသော တိမ်ကြားမိုးယံဂိုဏ်းသားများအား တိုက်ခိုက်အနိုင်ယူနိုင်လိုက်သဖြင့် အားလုံး၏စိတ်ဓာတ် တက်ကြွနေကြသော်လည်း အမှတ်တစ် ကျဆုံးသွားခြင်းကြောင့် စိတ်မကောင်းဖြစ်မိကြလေသည်။

စုလိရှက...

"သူရဲကောင်းတစ်ယောက် တိုက်ပွဲမှာ ကျဆုံးသွားတာ ထူးဆန်းတဲ့ကိစ္စမဟုတ်ဘူး၊ တိမ်ကြားမိုးယံဂိုဏ်းနဲ့ တိုက်ပွဲက အခုမှစတာ၊ ပြီးဆုံးသည်အထိ ဆက်ပြီးတိုက်ခိုက်သွားရဦးမှာပဲ၊ တိုက်ပွဲတွေမှာ ငါကိုယ်တိုင်ကအစ နောက်ထပ်ကျဆုံးသွားမယ့်လူတွေ ရှိလာဦးမှာပဲ၊ သေတာရင်တာ မဆန်းဘူး၊ ရွှေသစ္စာဂိုဏ်းအပေါ် အသက်ပေးသစ္စာစောင့်သိဖို့နဲ့ အမိန့်အတိုင်း နာခံဆောင်ရွက်ဖို့ပဲ အရေးကြီးတယ်"

သူ၏သဘောထားကို ပြတ်ပြတ်သားသား ပြောလေသည်။

အမှတ်တစ်နှင့် ပတ်သက်ပြီး...

"အမှတ်တစ်ဟာ တရားမျှတမှုအတွက် မတရားမှုတွေကို ရင်ဆိုင်ဖြေရှင်းယင်း သူရဲကောင်းပီသစွာ ကျဆုံးသွားတာ၊ ဒါကြောင့် သူ့ကို ဂုဏ်ပြုတဲ့အနေနဲ့ သူ့ရဲ့ဓားဟာ မကောင်းမှုတွေကို ဖြေရှင်းတဲ့ဓားတစ်လက်အဖြစ် သတ်မှတ်ဂုဏ်ပြုရမယ်"

ဟု ပြောလေသည်။

တဖန်...

"အမှတ်ခြောက်"

"ဟုတ်ကဲ့ အမိန့်ရှိပါ ခင်ဗျာ"

"မင်းက အမှတ်တစ်ရဲ့ မကောင်းမှုဖြေရှင်းတဲ့'ဓား'ကို ထိန်းသိမ်းစောင့်ရှောက်ထားရမယ်"

"ဟုတ်ကဲ့"

ရှင်ဖုံးကြည်က ရှေ့တိုးပြီး အမှတ်တစ်၏ဓားကို လက်ခံယူလိုက်လေသည်။

ထိုအချိန်မှစ၍ နောက်ပိုင်းတွင် တိုက်ပွဲ၌ ကျဆုံးသွားသည့် တံတိုင်းနီအဖွဲ့သားများ၏ဓားများကို ထိန်းသိမ်းစောင့်ရှောက်ရမည့်သူဖြစ်လာမည်ဆိုသည်ကို ရှင်ဖုံးကြည် မသိခဲ့ချေ။

စုလိရှက...

"တိမ်ကြားမိုးယံဂိုဏ်းရဲ့ ဥာနမှူးသုံးယောက်နဲ့ လက်



ထောက်ခြောက်ယောက်ကို ဆုံးမနိုင်လိုက်ပြီဆိုတော့ သူတို့ ဂရုမစိုက်ဘဲ နေနိုင်ကြတော့မှာမဟုတ်ဘူး၊ ကျုပ်တို့ကို လွယ်လင့်တကူ ချေမှုန်းပစ်နိုင်တယ်ဆိုတဲ့ သဘောမျိုးနဲ့ သူတို့လူတွေကို ထပ်ပြီး စေလွှတ်လိုက်တော့မှာ မဟုတ်ဘူး၊ အရေးကြီးတဲ့အပြောင်းအလဲတွေ ဖြစ်လာလိမ့်မယ်၊ ဒါကြောင့် ငါတို့ ရွှေသစ္စာဂိုဏ်းကို ပြန်ကြမယ်၊ တိုက်ပွဲတွေ ရပ်တန့်သွားတဲ့အချိန်ကလေးမှာ လိုအပ်တာတွေကို ဖြည့်ဆည်းပြင်ဆင်ထားရမယ်၊ ကဲ သွားကြစို့"

စကားဆုံးလျှင် ချာခနဲလှည့်ထွက်သွားလေသည်။

ရှင်ဖုံးကြည်တို့လည်း တိတ်ဆိတ်ငြိမ်သက်စွာဖြင့် လိုက်ပါသွားကြလေတော့သည်။

* * *

## အာဃာတ

တိမ်ကြားမိုးယံဂိုဏ်း၏ အစည်းအဝေးခန်းမကြီးအတွင်း၌ ဂိုဏ်းချုပ်'သုရောင်ထင်း'၊ ဒုဂိုဏ်းချုပ်'ကို့ချောင်း'၊ ဂိုဏ်းထိန်း'ချူးချိ'၊ ဂိုဏ်းမှူးကြီး'ဝီလောင်'တို့ စုံစုံညီညီ ရောက်ရှိနေကြသည်။

တိမ်ကြားမိုးယံဂိုဏ်း၏ သြဇာအရှိန်အဝါ အကြီးမားဆုံး ပုဂ္ဂိုလ်ကြီးများ စုရုံးရောက်ရှိနေသဖြင့် အလွန်အရေးကြီးသောကိစ္စ တစ်ခုကို တိုင်ပင်ဆွေးနွေးကြမည်ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ဂိုဏ်းချုပ်သုရောင်ထင်း၏ မျက်နှာကြီး မည်းမှောင်နေ၏။

အားလုံးကို ဝေ့ကြည့်လိုက်ပြီး...

"မနေ့တစ်နေ့ကမှ ပေါ်ပေါက်လာတဲ့ ရွှေသစ္စာဂိုဏ်းလို ဂိုဏ်းငယ်လေးတစ်ခုက ကျင်းဂိုဏ်းကို ချေမှုန်းလိုက်တဲ့အပြင် ကျုပ်တို့ တိမ်ကြားမိုးယံဂိုဏ်းကို အံတုလာပုံဟာ အံ့သြစရာပဲ"



သူ၏အသံက ခံပြင်းဒေါသထွက်နေကြောင်း ထင်ရှားနေပါသည်။

တဖန်...

"ကျုပ်ရဲ့ ဌာနမှူးသုံးယောက်နဲ့ လက်ထောက်ခြောက်ယောက် အပါအဝင် ဂိုဏ်းသားအချို့ဟာ သူတို့လက်ချက်မိသွားတာ မျက်နှာမဖော်ပုံအောင်ကို ရှက်စရာကောင်းတဲ့ကိစ္စဆိုတာ အားလုံးသိကြမယ်ထင်တယ်၊ ကဲ ဒုဂိုဏ်းချုပ်ကြီး ခင်ဗျားရဲ့သဘောထားကို ပြောစမ်းပါဦး"

ဒုဂိုဏ်းချုပ်ကို့ချောင်းကို မေးလိုက်လေသည်။

ကို့ချောင်းက...

"ရွှေသစ္စာဂိုဏ်းဟာ ပြဿနာတစ်စုံတစ်ခု ဖြစ်လာတာနဲ့ တိုက်ခိုက်ဖြေရှင်းမယ်လို့ သန္နိဋ္ဌာန်ချထားတာ ထင်ရှားပါတယ်၊ ရှုံးတာ၊ နိုင်တာ၊ သေတာ၊ ရှင်တာ သူတို့ ဘာမှမစဉ်းစားဘဲ တိုက်လို့ရသလောက် တိုက်ကြမှာပါ၊ သည်လိုလူစားမျိုးတွေနဲ့ ယှဉ်ပြိုင်တိုက်ခိုက်မယ်ဆိုယင် စိတ်ဓာတ်ရေးရာအရ သူတို့ကပဲ အသာစီးရနေမှာပါ၊ ကျင်းဂိုဏ်း ချေမှုန်းခံရတာနဲ့ ကျုပ်တို့လူတွေ ခံလိုက်ရတာကလည်း သက်သေခံနေပါတယ် ဂိုဏ်းချုပ်"

ဂိုဏ်းချုပ်သုရောင်ထင်းက...

"သည်လက်တစ်ဆုပ်စာ အင်အားစုလေးကိုတောင် နိုင်အောင်မတိုက်ခိုက်နိုင်ကြတာ၊ ကျုပ်တို့လူတွေ အသုံးမကျသလိုဖြစ်မနေဘူးလား"

ကို့ချောင်းက…

"သူတို့က ထိပ်တိုက်ရင်ဆိုင်တာမျိုး မဟုတ်ဘဲအကောက်ကြံ အငိုက်ဖမ်း တိုက်ခိုက်ကြတာကြောင့် ခုလိုဖြစ်ရတာပဲ၊ သိုင်းလောကထုံးစံအတိုင်း တစ်ယောက်ကိုတစ်ယောက် စိန်ခေါ်ပြီး ဖြောင့်ကျကျယှဉ်ပြိုင်ကြမယ်ဆိုယင် ရွှေသစ္စာဂိုဏ်းဆိုတာ မျက်စိတမှိတ်လျှပ်တပြက်အတွင်းမှာပဲ ပျက်စီးသွားမှာပါ"

ဂိုဏ်းချုပ်သုရောင်ထင်းက ဂိုဏ်းထိန်းကြီးချူးချိုကိုမေးလိုက်ပြန်သည်။

"ဂိုဏ်းထိန်းကြီးကကော ဘယ်လိုသဘောရသလဲ၊ ပြောပါဦး"

ဂိုဏ်းထိန်းကြီးချူးချိုက…

"တိုက်ပွဲဖြစ်လာပြီဆိုယင် အင်အားကြီးတဲ့လူက အလုံးအရင်း အသုံးပြုပြီး အနိုင်ယူဖို့ကြိုးစားသလို အင်အားနည်းတဲ့ လူကလည်း အလစ်အငိုက်တိုက်မယ်၊ ထောင်ချောက်ဆင်မယ်၊ ခုခံရင်ဆိုင်နိုင်မယ့်နည်းလမ်းမှန်သမျှ အသုံးပြုကြမှာပါ၊ တိုက်ပွဲကို အနိုင်တိုက်နိုင်မှ အသက်ရှင်ရပ်တည်နိုင်မယ်ဆိုတာ လူတိုင်းပြောစရာမလိုဘဲ နားလည်ထားကြပါလိမ့်မယ်"

ဂိုဏ်းချုပ်သုရောင်ထင်း ခေါင်းညိတ်လိုက်သည်။

"ဆက်ပြောပါဦး"

ဂိုဏ်းထိန်းကြီးချူးချိုက…

"စိတ်ဓာတ်ရေးရာမှာလည်း အင်အားကြီးတဲ့လူက အသာ



စီးရနေတာပဲလို့ သဘောထားပြီး၊ အင်အားငယ်တဲ့လူက အကြောက်အကန်ခုခံမယ့် စိတ်က ပြင်းပျနေပါလိမ့်မယ်၊ ဒါကြောင့် ရွှေသစ္စာဂိုဏ်းကို ပေါ့ပေါ့တန်တန် သဘောထားခဲ့တဲ့ ဌာနမှူးသုံးယောက်ကံဆိုးသွားကြတာပါ"

ဂိုဏ်းချုပ်သုရောင်ထင်းက…

"စိတ်ဓာတ် ဘယ်လောက်ကောင်းကောင်း အင်အားချင်းမမျှလို့ နောက်ဆုံး အရှုံးပေးသွားရတဲ့ကိစ္စမျိုးတွေလည်း ရှိနေသေးဘာပဲ မဟုတ်လားဗျ"

ချူးချိုက…

"ရှိပါတယ်၊ ဒါပေမယ့် သည်လိုကိစ္စမျိုးတွေကိုကြည့်ယင် အနိုင်ရလိုက်တဲ့လူတွေလည်း မသက်သာကြပါဘူး၊ ဖရိုဖရဲဖြစ်အောင်ကို ထိခိုက်ဆုံးရှုံးမှုတွေ ကြီးမားခဲ့တယ်ဆိုတာ တွေ့နိုင်ပါတယ် ဂိုဏ်းချုပ်"

သုရောင်ထင်း သက်ပြင်းချလိုက်လေသည်။

ချူးချိုက…

"သူတို့ကို မထိနဲ့ ထိတာနဲ့ တိုက်ခိုက်မယ်ဆိုတဲ့လူတွေကို အင်အားသုံးပြီးတိုက်ခိုက်တာထက် စိန်ခေါ်ပြီး သိုင်းပညာအရ ယှဉ်ပြိုင်ဖို့ ဒုဂိုဏ်းချုပ်တင်ပြခဲ့တဲ့ နည်းလမ်းဟာ အကောင်းဆုံးနည်းလမ်းပါပဲ"

သုရောင်ထင်းက…

"ကျုပ် သဘောပေါက်ပြီ၊ ကျုပ်တို့က အင်အားသာတဲ့အ

ဖြင့် သိုင်းပညာအဆင့်အတန်းလည်း သူတို့ထက်မြင့်မားပါတယ်၊ အဘက်ဘက်က ယှဉ်လို့မရပါဘူး။ သိုင်းပညာချင်း ယှဉ်ပြိုင်လာအောင် ဖိအားပေးလိုက်မယ်ဆိုယင် သူတို့မလွှဲမရှောင်သာဘဲ လက်ခံလာရလိမ့်မယ်"

ဂိုဏ်းမှူးကြီးဝီလောင်က...

"ရွှေသစ္စာဂိုဏ်းနဲ့ ပြဿနာဖြစ်လာတာကြောင့် သိုင်းလောကမိတ်ဆွေတွေက ဘယ်လိုအကြောင်းကြောင့် ခုလိုဖြစ်ရသလဲလို့ မေးမြန်းစုံစမ်းလာကြပါတယ် ဂိုဏ်းချုပ်"

အရေးကြီးသော သတင်းတစ်ခုကို တင်ပြလိုက်လေသည်။

သုရှောင်ထင်းက...

"သူတို့ ဘာကြောင့် စိတ်ဝင်စားလာကြတာလဲ"

ဂိုဏ်းမှူးကြီးဝီလောင်က...

"ရွှေသစ္စာဂိုဏ်းဟာ ကျင်းဂိုဏ်းကို ချေမှုန်းပြီးတဲ့နောက် ကျင်းဂိုဏ်းရဲ့ မကောင်းမှုကျူးလွန်ခဲ့ပုံတွေကို သက်သေအထောက်အထားနဲ့ ထုတ်ဖော်ကျေညာခဲ့ပါတယ်၊ ရွှေသစ္စာဂိုဏ်းက အမှန်တရားဘက်က ရပ်တည်ပြီး ကျင်းဂိုဏ်းက နိုင့်ထက်စီးနင်းပြုမူချင်တယ်ဆိုတာ ထင်ရှားနေလို့ ရွှေသစ္စာဂိုဏ်းကို ဘယ်သူမှအပြစ်မပြောခဲ့ကြပါဘူး၊ လူသိများ ထင်ရှားတဲ့ သူဌေးကြီးဝူကျိန်းကိုယ်တိုင်ကကျင်းဂိုဏ်းရဲ့ ငွေကြေးအလွဲသုံးစားလုပ်ပုံတွေနဲ့ နောက်ကွယ်မှာ မကောင်းမှုကျူးလွန်ပုံတွေကို ထုတ်ဖော်ခဲ့တာကြောင့်လည်း ရွှေသစ္စာဂိုဏ်း ပြောအားရှိသွားတာပါ"



ဂိုဏ်းချုပ်သုရှောင်ထင်းက...

"ဒါဖြင့် ရွှေသစ္စာဂိုဏ်းက မှန်ပြီး ကျင်းဂိုဏ်းက မှားတယ်လို့လက်ခံလိုက်ကြတယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ ရွှေသစ္စာဂိုဏ်းဟာ အမှန်တရားအတွက် ကိုယ့်ထက် အစစအရာရာသာလွန်တဲ့ ကျင်းဂိုဏ်းကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့တယ်လို့ ချီးကျူးနေကြပါတယ်"

သိုင်းလောကမိတ်ဆွေများ ဆိုသည်မှာ ရှောင်လင်၊ ဝူတန်၊ ဥမီးအစရှိသော ထိပ်သီးသိုင်းဂိုဏ်းကြီးများဖြစ်လေသည်။

တိမ်ကြားမိုးယံဂိုဏ်းသည်လည်း ထင်ရှားကျော်ကြားသော ဂိုဏ်းကြီးဖြစ်ရာ သိုင်းလောကထိပ်သီးဂိုဏ်းကြီးများနှင့် အဆက်အသွယ်ရှိခဲ့လေသည်။

ရွှေသစ္စာဂိုဏ်းကို အမှန်တရားဘက်မှ ရပ်တည်သောဂိုဏ်းတစ်ခုအဖြစ် လက်ခံထားကြပြီဖြစ်၍ ပြဿနာဖြစ်ပေါ်လာသောအခါ အဘယ်ကြောင့်ဆိုသည်ကို အကြောင်းပြရန် ခက်ခဲသွားလေသည်။

တိမ်ကြားမိုးယံဂိုဏ်း၏ အခြေအနေမှာ ကျင်းဂိုဏ်းထက်ပိုပြီးဆိုးဝါးလေသည်။

ဂိုဏ်းငယ်လေးများထံမှ လက်ဆောင်ပဏ္ဏာရယူကြသည်။

အမြတ်ကြီးစား သူဌေးသူကြွယ်၊ ကုန်သည်ပွဲစားများကို အကာအကွယ်ပေးကာ ငွေကြေးအထောက်အပံ့ရယူသည်။

အရှင်သခင်ပမာ မင်းမူယင်း ဂိုဏ်းချုပ်အပါအဝင် အကြီးအကဲများသည် ဂိုဏ်းပိုင်ငွေများကို ကိုယ်ကျိုးအလွဲသုံးစားပြုကြလေ

သည်။ တိမ်ကြားမိုးယံဂိုဏ်း၏ ခေါင်းဆောင်ပိုင်းသည် သူဌေးသူကြွယ်များကဲ့သို့ ကျိုကျိုတက် ချမ်းသာကြွယ်ဝနေပါတော့သည်။

ဂိုဏ်းချုပ်သုရောင်ထင်း မျက်နှာပျက်နေသည်။

ကျင်းဂိုဏ်းကြောင့် ရွှေသစ္စာဂိုဏ်းနှင့် ပတ်သက်ခဲ့သည်မှာ မှားယွင်းနေပြီဟု ပြောစရာဖြစ်နေပြီ မဟုတ်ပါလား။

သုရောင်ထင်းကတော့ မှားယွင်းသည်ဆိုခြင်းကို လက်ခံလိမ့်မည် မဟုတ်ချေ။

စီလုံကျန်းပြည်နယ်တွင် တိမ်ကြားမိုးယံဂိုဏ်းက သြဇာတိက္ကမအကြီးမားဆုံးဖြစ်သည်။

ပြည်နယ်အတွင်းရှိ မည်သည့်ဂိုဏ်းအဖွဲ့အစည်းမဆို တိမ်ကြားမိုးယံဂိုဏ်းကို ရိုသေလေးစားရမည်။

တိမ်ကြားမိုးယံဂိုဏ်း၏ အမိန့်ကို အလေးထားရမည်ဟု ခံယူထား၏။

ရွှေသစ္စာဂိုဏ်းက နောက်မှပေါ်ပေါက်လာပြီး တိမ်ကြားမိုးယံဂိုဏ်းနှင့် ပခုံးချင်းယှဉ်လာသည်ကို လက်ခံနိုင်မည် မဟုတ်ပါ။

ရွှေသစ္စာဂိုဏ်းသည် လူအင်အား၊ ငွေအင်အား၊ သိုင်းပညာစသည်တို့ကို ပခုံးချင်းယှဉ်နိုင်မည် မဟုတ်ပါ။

သို့သော်...

အမှန်တရားဘက်မှ ရပ်တည်ကာ အများအကျိုးဆောင်ရွက်သည်ဟူသော ဂုဏ်သတင်းက တိမ်ကြားမိုးယံဂိုဏ်းကို ပခုံးချင်းယှဉ်လာခြင်း ဖြစ်လေသည်။



ဂိုဏ်းငယ်လေးတစ်ခုက အင်အားကြီးဂိုဏ်းကြီးတစ်ခုကဲ့သို့ အများပြည်သူအကျိုးကို ဆောင်ရွက်နိုင်သည်ဟု ဆိုခြင်းသည် တိမ်ကြားမိုးယံဂိုဏ်း၏ ဂုဏ်သတင်းကို ထိခိုက်စေသည်ဟုလည်း ခံယူထားလေသည်။

တကယ်တမ်း မှတ်ကျောက်တင်ကြည့်မည်ဆိုလျှင် ရွှေသစ္စာဂိုဏ်း၌ အပြစ်ဆိုစရာ မြူတစ်မှုန်မရှိဘဲ တိမ်ကြားမိုးယံဂိုဏ်း၌ အဂတိလိုက်စားမှု၊ ကိုယ်ကျိုးရှာမှုနှင့်သြဇာအရှိန်အဝါဖြင့် နိုင့်ထက်စီးနင်းသဘောရှိမှု စသည့်ချို့ယွင်းချက်များ ပြည့်နှက်နေသည် မဟုတ်ပါလား။

သုရောင်ထင်းက...

"နောက်ဆက်တွဲ ပြဿနာတွေကို နောက်မှရှင်းမယ်၊ ရွှေသစ္စာဂိုဏ်းကို အယင်ဆုံးမရမယ်၊ ကဲ ဒုဂိုဏ်းချုပ်ကပဲ သည်ကိစ္စကို တာဝန်ယူလိုက်ပါ"

"ကောင်းပါပြီ ဂိုဏ်းချုပ်"

ဒုဂိုဏ်းချုပ်ကို့ချောင်းက တာဝန်ကို လက်ခံလိုက်လေသည်။

စည်းဝေးပွဲပြီးဆုံးသွားလျှင် ကို့ချောင်းသည် ပထမဆုံးသော ခြေလှမ်းအဖြစ် ရွှေဒင်္ဂါးတစ်သိန်းပါသော သေတ္တာတစ်လုံးကို ရွှေသစ္စာဂိုဏ်းအတွက် လက်ဆောင်အဖြစ် ပေးပို့စေလိုက်လေတော့သည်။

* * *

## ငါးမျှားချိတ်

ယူရီမြို့ အမှတ်ငါးဌာနခွဲကို ဟန်ကြို့ကပင် ဆက်လက်တာဝန်ယူခဲ့လေသည်။

နောက်ထပ် တိုက်ပွဲများ ဆင်နွှဲရခြင်းမရှိတော့သဖြင့် ဟန်ကြို့က အများအကျိုးဆောင်ရွက်သည့် လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နိုင်ခဲ့လေသည်။

အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဆိုသကဲ့သို့ အဖွဲ့ဝင်လူသစ်များ လက်ခံစုဆောင်းနိုင်ခဲ့သည်။

အများ၏ထောက်ပံ့မှုဖြင့် ဘဏ္ဍာရေးအင်အား တောင့်တင်းလာသည်။

အကျိုးအမြတ်အရှိဆုံးမှာ ကုန်သည်ပွဲစားများမှတဆင့် ရောင်လင်း၊ ဂူတန်အစရှိသော သိုင်းဂိုဏ်းကြီးများက ရွှေသစ္စာ၏ခံယူချက်၊ လုပ်ဆောင်ချက်များကို သိရှိနားလည်စေရန် စွမ်းဆောင်နိုင်ခဲ့ခြင်း ဖြစ်လေသည်။



ရွှေသစ္စာဂိုဏ်းငယ်လေးသည် ပို၍ထင်ရှားကာ လူသိများသာတော့သည်။

ဟန်ကြို့ကဲ့သို့ပင် အခြားသော တာဝန်ခံများ၊ဌာနခွဲမှူးများက စွမ်းစွမ်းတမံ ဆောင်ရွက်ကြလေသည်။

တစ်ဘက်ကလည်း ဂိုဏ်းချုပ်နှင့် ဒုဂိုဏ်းချုပ်စုလိရှ ဦးဆောင်သော တံတိုင်းနီအဖွဲ့သားများသည် တိမ်ကြားမိုးယံဂိုဏ်းအကြောင်း မျက်ခြည်မပြတ် စောင့်ကြည့်ကာ သတင်းစုံစမ်းခဲ့ကြသည်။

တိမ်ကြားမိုးယံဂိုဏ်းက ပုံစံပြောင်း၍ ဒုက္ခပေးလာလျှင် ရင်ဆိုင်နိုင်မည့် နည်းလမ်းများ ရှာဖွေကြံဆခဲ့ကြလေသည်။

တိုက်ပွဲများ ပြီးဆုံးကာ သုံးလခန့် ငြိမ်သက်နေပြီးမှ တိမ်ကြားမိုးယံဂိုဏ်းက ရွှေသစ္စာဂိုဏ်းအား အပြီးတိုင်ချေမှုန်းရန် ခြေလှမ်းစတင်လာလေတော့သည်။

* * *

ဂိုဏ်းချုပ်ကျော့ဟောင်နှင့် ဒုဂိုဏ်းချုပ်စုလိရှတို့က ရွှေဒင်္ဂါးပြားတစ်သိန်းပါရှိသော တိမ်ကြားမိုးယံဂိုဏ်း၏လက်ဆောင်သေတ္တာကြီးကိုကြည့်ပြီး သက်ပြင်းချလိုက်ကြလေသည်။

ဂိုဏ်းချုပ်ကျော့ဟောင်က...

"သူတို့ ခြေလှမ်းစလာကြပြီ"

ဒုဂိုဏ်းချုပ်စုလိရှက ရွှေဒင်္ဂါးပြားလေးတစ်ပြားကိုယူကာ

ကေ့ဟောင်အား ပြလိုက်လေသည်။

"ဂိုဏ်းချုပ်ကြီး သည့်ရွှေဒင်္ဂါးပြားလေးကို ကြည့်ပါဦးဗျာ"

ကေ့ဟောင် ယူကာ စစ်ဆေးကြည့်လိုက်လေသည်။

"ဒါ နိုင်ဖုံးငွေတိုက် အမှတ်တံဆိပ်ပါတဲ့ ရွှေဒင်္ဂါးတစ်ခုပဲ"

"နိုင်ဖုံးငွေတိုက်နဲ့ ပတ်သက်တဲ့သတင်းကို ဂိုဏ်းချုပ်ကြားမိပါလိမ့်မယ်"

"ဟုတ်တယ်၊ တိမ်ကြားမိုးယံဂိုဏ်းက သည်လိုအောက်တန်းကျတဲ့ လုပ်ရပ်မျိုး လုပ်လိမ့်မယ်လို့ ကျုပ်မထင်မိတာ အမှန်ပဲ"

ကေ့ဟောင်က စုလိရှကို ကြည့်လိုက်သည်။

"သည်ကိစ္စကို.."

"စိတ်ချပါ ဂိုဏ်းချုပ်၊ ဖြေရှင်းဖို့နည်းလမ်း ကျုပ်မှာရှိပါတယ်"

"ကောင်းပါပေတယ်ဗျာ"

တိမ်ကြားမိုးယံဂိုဏ်းက ရွှေဒင်္ဂါးတစ်သိန်း ပို့ပေးကာ အကောက်ကြံရန် ကြိုးစားလာသည်ကို ဖြေရှင်းရန် စုလိရှကပင် တာဝန်ယူလိုက်လေသည်။

စုလိရှက စာတစ်စောင်ရေးကာ ယူရှီမြို့မှ ဟန်ကြို့ထံသို့ ဆက်သားတစ်ယောက် လွှတ်လိုက်လေသည်။

* * *



သုံးရက်...။

သုံးရက်ဟူသောအချိန် ကုန်ဆုံးသွားပြီးနောက် ရွှေသစ္စာဂိုဏ်းသို့ ဟန်ကြို့ ရောက်ရှိလာလေသည်။

သူနှင့်အတူ ရသေ့တစ်ပါးနှင့် ဘုန်းတော်ကြီးတစ်ပါး လိုက်ပါလာကြလေသည်။

ဟန်ကြို့က ဂိုဏ်းချုပ်ကေ့ဟောင်၊ ဒုဂိုဏ်းချုပ်စုလိရှတို့အား သူခေါ်လာသူနှစ်ယောက်နှင့် မိတ်ဆက်ပေးလိုက်လေသည်။

ရသေ့ကြီးက ဝူတန်တောင်မှ 'ကောင်းတုံရသေ့' ဖြစ်သည်။

ကောင်းတုံရသေ့သည် ဝူတန်ဂိုဏ်း၏ပြင်ပ သိုင်းလောကရေးရာ ဆောင်ရွက်ရသည့် တာဝန်ခံသုံးဦးတွင် ပါဝင်သူဖြစ်လေသည်။

ဘုန်းတော်ကြီးကား ရှောင်လင်ကျောင်းမှ ဖြစ်သည်။

စည်းကမ်းထိန်းအဖွဲ့မှ 'ဂူကျူး' ကိုယ်တော် ဖြစ်လေသည်။

ကောင်းတုံရသေ့နှင့် ဂူကျူးကိုယ်တော်တို့သည် အရေးပါသောပုဂ္ဂိုလ်များ အဖြစ် သိုင်းလောကတစ်ခုလုံး သိရှိထားကြ၏။

သူတို့သည် ရွှေသစ္စာဂိုဏ်း၏ သဘောထားနှင့် ရပ်တည်မှုကို သဘောကျလက်ခံကြသူများလည်း ဖြစ်လေသည်။

ဂိုဏ်းချုပ်ကေ့ဟောင် ဦးညွှတ်လိုက်သည်။

တိမ်ကြားမိုးယံဂိုဏ်းမှ ပို့ပေးသည့် လက်ဆောင် ရွှေဒင်္ဂါးများကို ပြသလိုက်လေသည်။

ကောင်းတုံရသေ့နှင့် ဂူကျူးကိုယ်တော်တို့က စစ်ဆေး

ကြည့်လိုက်ကြသည်။

ကောင်းတုံရသေ့က...

"ခိုင်ဖုံးငွေတိုက်က ရွှေဒင်္ဂါးတွေပဲ"

ဗုဒ္ဓကျူးကိုယ်တော်က...

"လွန်ခဲ့တဲ့သုံးနှစ်က ခိုင်ဖုံးငွေတိုက် အမှတ်တံဆိပ်ပါတဲ့ ဘဏ္ဍာတော်ရွှေဒင်္ဂါးတွေ နန်းတွင်းကို ပို့ဆောင်ယင်း လမ်းခရီးမှာ တိုက်ခိုက်လုယက်ခံလိုက်ရတယ်၊ ဘယ်သူ့လက်ချက်ဆိုတာ ခုထိ ဖော်ထုတ်လို့မရသေးဘူး"

ကောင်းတုံရသေ့က...

"ခုတော့ တိမ်ကြားမိုးယံဂိုဏ်းက သည်ကိစ္စမှာ ပါဝင်ပတ်သက်နေတယ်ဆိုတာ သဲလွန်စရပြီ၊ ဆက်ပြီးစုံစမ်းဖော်ထုတ်လိုက်ယင် လုယက်တိုက်ခိုက်ခဲ့တဲ့ တရားခံကို ဖမ်းမိမှာပဲ"

နှစ်ယောက်သား ဝမ်းသာနေကြလေသည်။

စုလိရှုက...

"သည်ရွှေဒင်္ဂါးတွေကို သက်သေအထောက်အထားအဖြစ် ယူသွားလို့ရပါတယ်၊ ကျုပ်တို့ စောင့်ရှောက်ပြီး ပို့ဆောင်ပေးပါ့မယ်"

ဗုဒ္ဓကျူးကိုယ်တော်က...

"တိမ်ကြားမိုးယံဂိုဏ်းက ရွှေသစ္စာဂိုဏ်းကို ဒုက္ခပေးဖို့ မတရားကြံစည်နေတယ်ဆိုတာ ကျုပ်တို့သိပါပြီ၊ ဒါကို ရှောင်လင်ကျောင်းထိုင်ဆီမှာ တင်ပြပြီး အရေးယူဆောင်ရွက်နိုင်အောင် စီစဉ်ပေးပါ့မယ်"



ကောင်းတုံရသေ့ကလည်း ကတိပေးလေသည်။

"ဂူတန်းဂိုဏ်းကလည်း ရွှေသစ္စာဂိုဏ်းဘက်က ရပ်တည်သွားမှာပါ။ ကျုပ်တို့ဂိုဏ်းချုပ်သိအောင် အဖြစ်မှန်ကို တင်ပြပါ့မယ်"

ရှောင်လင်၊ ဂူတန်ဂိုဏ်းကြီးများက ဖြေရှင်းပေးမည်ဆိုသဖြင့် ဂိုဏ်းချုပ်ကျေ့ပောင်တို့ ကျေနပ်သွားကြလေတော့သည်။

တိမ်ကြားမိုးယံဂိုဏ်းသည် ဒုက္ခပေးရန် ကြိုးစားယင်း ကိုယ့်အတတ်ကိုယ်စူးခဲ့ပြီ မဟုတ်ပါလား။

စုလိရှုက ရွှေဒင်္ဂါးများအားဗုဒ္ဓကျူးကိုယ်တော်နှင့်ကောင်းတုံရသေ့တို့ သယ်ဆောင်သွားနိုင်ရန် စီစဉ်ပေးလိုက်လေသည်။

လမ်းခရီး၌ ကာကွယ်စောင့်ရှောက်သွားရန် တံတိုင်းနီအဖွဲ့ကိုတာဝန်ပေးလိုက်လေသည်။

အချိန်နှင့်အမျှ အရေးကြီးနေသဖြင့် ကောင်းတုံရသေ့တို့လည်း ရွှေဒင်္ဂါးများ သယ်ဆောင်ကာ အမြန်ဆုံး ခရီးနှင်သွားကြလေတော့သည်။

* * *

စုလိရှက ရွှေဒဂုံသေဓတ္တာအား မြင်းလှည်းတစ်စီးဖြင့် တင်ကာ တံတိုင်းနီအဖွဲ့သားများ ခြံရံ၍ လိုက်ပါပို့ဆောင်ရန် တာဝန်ပေးလိုက်လေသည်။

ကောင်းတုံရသေ့နှင့်ဗုဒ္ဓကျူးကိုယ်တော်တို့က ဦးဆောင်ကြမည်ဖြစ်သည်။

ရွှေဒဂုံသယ်ဆောင်သွားသည့်အဖွဲ့ ခရီးထွက်သွားပြီး မကြာမီ တိမ်ကြားမိုးယံဂိုဏ်းမှ ဂိုဏ်းမှူးကြီးဝီလောင် ဦးဆောင်သော ဂိုဏ်းသားများ ရောက်ရှိလာကြလေသည်။

ဂိုဏ်းချုပ်ကျော့ဟောင်နှင့်စုလိရှတို့ ထွက်တွေ့လိုက်ကြလေသည်။

သူတို့က ဂိုဏ်းမှူးကြီးဝီလောင်ကို ထွက်၍ကြိုဆိုလိုက်ကြခြင်းမဟုတ်ပါ။

ထွက်၍ ရင်ဆိုင်လိုက်ကြခြင်း ဖြစ်လေသည်။

ရွှေဒဂုံများ လက်ဆောင်လာပေးစဉ်က တိမ်ကြားမိုးယံဂိုဏ်းမှ လူများသည် အလွန်ရင်းနှီးသော မိတ်ဆွေများအသွင်ဆောင်ခဲ့ကြလေသည်။

ယခုတော့ ဂိုဏ်းမှူးကြီးဝီလောင်တို့ ရောက်ရှိလာကြသောအခါ ကမ္ဘာ့ရန်ဘက်များပမာ တင်းမာခက်ထန်နေပါတော့သည်။

ဂိုဏ်းမှူးကြီးဝီလောင်က...

"ရွှေသစ္စာဂိုဏ်းက အတော့်ကို အတင့်ရဲနေပါလားဟေ့"

ဟုကျယ်လောင်သောအသံကြီးဖြင့် ပြောလိုက်လေသည်။



ဂိုဏ်းချုပ်ကျော့ဟောင်က စုလိရှကို ခေါင်းညိတ်ပြလိုက်လေသည်။

စုလိရှက ရှေ့သို့ လှမ်းထွက်လိုက်သည်။

"ဂိုဏ်းမှူးကြီးက ရွှေသစ္စာဂိုဏ်းကို ဘယ်လိုများ သဘောထားနေတာလဲဗျာ၊ မကြာသေးခင်ကပဲ ရွှေဒဂုံးတစ်သိန်း လက်ဆောင်ပေးပို့ခဲ့သေးတယ် မဟုတ်လားဗျာ"

ဝီလောင်က...

"ဘာကွ၊ ငါတို့က လက်ဆောင်ပေးပို့လိုက်တယ် ဟုတ်သား၊ နေစမ်းပါဦး ငါတို့က လက်ဆောင်ပေးရအောင် မင်းတို့ ကိုယ့်ကိုကိုယ် ဘာထင်နေကြလို့လဲ"

စုလိရှက...

"ရွှေဒဂုံးတွေ လက်ဆောင်ပေးလိုက်တဲ့ကိစ္စကို ခင်ဗျားတို့ မသိဘူးပေါ့"

ဝီလောင် တံတွေးထွေးချလိုက်လေသည်။

"ငါတို့ဂိုဏ်းရဲ့ အဆင့်အတန်းနဲ့ မင်းတို့ကို လက်ဆောင်ပေးရမှာလား၊ မင်းစကား ကြည့်ပြောယင်ကောင်းမယ်၊ မင်းတို့ ရွှေသစ္စာဂိုဏ်းလို သူခိုးဓားပြဂိုဏ်းကို ငါတို့ကတူတယ်တန်တယ်များ သဘောထားမယ် ထင်လို့လား၊ ခုလိုလာပြီး စကားပြောရတာပဲ ငါတို့ သိက္ခာထိခိုက်နေပြီဆိုတာ မှတ်ထားစမ်းပါ"

စော်ကားမော်ကား စကားများကြောင့် စုလိရှမှာ တိုက်ခိုက်ခြင်းမပြုမိရန် မနည်း စိတ်ထိန်းထားရလေသည်။

ဝီလောင်က…

“နိုင်ဖုံးငွေတိုက် အမှတ်တံဆိပ်ပါတဲ့ ဘုရင့်ဘဏ္ဍာတော်တွေကို မင်းတို့လုယက်ထားခဲ့ကြတာ၊ ငါတို့ စုံစမ်းသိရှိထားရလို့ အရေးယူဖို့ လာခဲ့တယ်ဆိုတာ မှတ်ထားပါ”

သူ၏စကားအဆုံးတွင် စုလိရှ တဟားဟားရယ်မောလိုက်လေသည်။

“လူတိုင်း အထင်ကြီးလေးစားနေတဲ့ တိမ်ကြားမိုးယံဂိုဏ်းကလူတွေ သည်လောက်ထိ အရှက်မရှိ၊ မျက်နှာပြောင်တိုက်ပုံကြမယ် မထင်မိပါဘူးဗျာ၊ ရယ်စရာကောင်းလိုက်တာ”

တိုက်ပွဲဝင်ရန် အသင့်ရှိနေကြသော ရွှေသစ္စာဂိုဏ်းသားများကလည်း လှောင်ပြောင် ရယ်မောလိုက်ကြလေသည်။

ဝီလောင် မျက်နှာကြီး မည်းမှောင်သွားလေသည်။

စုလိရှက…

“ရွှေဒင်္ဂါးတွေကို ခင်ဗျားတို့ပဲ လက်ဆောင်ဆိုပြီးလာပို့တယ် ခင်ဗျားတို့ပဲ သည်ရွှေဒင်္ဂါးတွေဟာ မင်းဘဏ္ဍာတွေ၊ ကျုပ်တို့က ဓားပြတိုက်ယူထားတာလို့ လာစွပ်စွဲတယ်၊ ထိပ်သီးဂိုဏ်းကြီးတစ်ခုရဲ့ လုပ်ရပ်ဟာ ကလေးဆန်လွန်းလှပါတယ်ဗျာ၊ ခင်ဗျားတို့ ပြောသလိုပြောရယင် ကျုပ်တို့ဆီမှာလည်း ဘာရွှေဒင်္ဂါးမှ မရှိဘူးဗျ”

ဝီလောင်က…

“မင်း လိမ်ပြောတာ”

စုလိရှက…



“ခင်ဗျား မယုံယင် ဝင်ပြီးရှာဖွေကြည့်လိုက်ပါဗျာ”

ဝီလောင်က…

“မင်းတို့ တစ်နေရာရာကို ရွှေ့ပြောင်းပြီး ဝှက်ထားလိုက်တာဖြစ်မှာပေါ့”

စုလိရှ ဘာမှမပြောဘဲ နေလိုက်လေသည်။

ဝီလောင်က…

“မင်းတို့ ဘယ်လောက်ပဲငြင်းငြင်း မင်းတို့ရဲ့လုပ်ရပ်တွေကို သက်သေခံမယ့်လူတွေ ရှိတယ်ကွ”

“ဩော်…ခင်ဗျားဘာတွေ ကလိန်ဇေ့ခြမ်းဆင်ဦးမလို့လဲ ပြောပါဦး”

စုလိရှ ခနဲ့လိုက်သည်။

ဝီလောင်က….

“ဟေ့…ခေါ်လာခဲ့ကြစမ်း”

သူ၏နောက်လိုက်များကို အမိန့်ပေးလိုက်လေသည်။

တိမ်ကြားမိုးယံဂိုဏ်းသားများက လူနှစ်ယောက်အား ကြိုးဘုတ်ခေါ်ဆောင်လာကြလေသည်။

ထိုလူနှစ်ယောက်သည် နန်းတွင်းမှ ဝရမ်းထုတ်ထားသည့် ဝရမ်းပြေးလူဆိုးကြီးများဖြစ်ကြောင်း စုလိရှ သိထား၏။

မင်းဘဏ္ဍာရွှေဒင်္ဂါးများအား လုယက်ဓားပြတိုက်မှုဖြင့်အာဏာပိုင်များက အလိုရှိနေကြခြင်း ဖြစ်လေသည်။

ဝီလောင်က…

"ကဲ..ဟောသည်ဘီလူးညီနောင်ကို မသိဘူးလို့ မင်းငြင်းချင်သေးသလား"

ဟု စုလိဂ္ဂကို မေးလိုက်သည်။

စုလိဂ္ဂက...

"ကျုပ်က ဘာမှမသိသေးဘဲ ခင်ဗျားက အယင်သိနေပါလားဗျာ"

"စကားမရှည်နဲ့"

ဝီလောင်က ကြိုးတုတ်အဖမ်းခံနေရသူနှစ်ယောက်အား မေးလိုက်လေသည်။

"ကဲ..မင်းတို့ အမှန်အတိုင်းပြောစမ်း၊ မင်းဘဏ္ဍာတွေကို လုယက်တိုက်ခိုက်ခဲ့ကြတယ် မဟုတ်လား"

အဖမ်းခံနေရသူ တစ်ယောက်က...

"ဟုတ်..ဟုတ်ပါတယ်ဗျာ"

"မင်းတို့ခေါင်းဆောင်က ဘယ်သူလဲ၊ ပြောပါဦး"

"ရွှေသစ္စာဂိုဏ်းချုပ်ပါဗျာ"

"တခြားလူတွေကော ပါသေးသလား"

"သူတို့ တစ်ဂိုဏ်းလုံးက ရုပ်ဖျက်ပြီး ဓားပြတိုက်ခဲ့ကြတာပါ"

ဝီလောင် ပြုံးလိုက်လေသည်။

"ကဲ..မင်း ဘာပြောချင်သေးသလဲ"

စုလိဂ္ဂက ဂိုဏ်းချုပ်ကေ့ဟောင်ကို ကြည့်လိုက်လေသည်။



ကေ့ဟောင် ခေါင်းညိတ်ပြလိုက်သည်။

စုလိဂ္ဂက ဝီလောင်ဘက်သို့ ပြန်လှည့်လိုက်သည်။

"ကျုပ် ပြောချင်တာက ကျုပ်တို့ကို ကလေးကလား လာသုပ်လို့မရဘူးဆိုတာပဲဗျ၊ သည်လိုလုပ်ရပ်မျိုးကို ဘယ်လိုတုန့်ပြန်လဲဆိုတာလည်း ခင်ဗျားသိရမှာပေါ့ဗျာ"

ရုတ်တရက် ခါးမှဓားကို ဆွဲထုတ်ကာ ဝရမ်းပြေးလူဆိုးဓားပြကြီးများဖြစ်ကြသော ဘီလူးညီနောင်ကို ခုတ်ပိုင်းချလိုက်လေသည်။

သူ၏လှုပ်ရှားမှုက လျှင်မြန်လှသည်။

ထိုသို့ပြုလုပ်လိမ့်မည်ဟု မမျှော်လင့်ခဲ့ကြသဖြင့် ဟန့်တားနိုင်အချိန်မရလိုက်တော့ချေ။

"အား"

"အမယ်လေး"

ဘီလူးညီနောင်ဆိုသော လူဆိုးကြီးနှစ်ယောက် အမိုက်ဓာတ်သိမ်းသွားလေတော့သည်။

"ဟင်"

ဝီလောင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ပြီးမှ သတိဝင်လာကာ...

"မင်းက သက်သေတွေကို နှုတ်ပိတ်လိုက်တယ်ပေါ့လေ၊ ကျုပ်က မင်းကို ခွင့်မလွှတ်နိုင်တော့ဘူး"

အော်ငေါက်ယင်း စုလိဂ္ဂအား တိုက်ခိုက်လိုက်လေသည်။

စုလိုရလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ပြန်လည် တိုက်ခိုက်လိုက်လေသည်။

ဂိုဏ်းချုပ်ကျော်ဟောင်က…

"လူယုတ်မာတွေကို ချေမှုန်းကြ"

ဟု အသံဝါကြီးဖြင့် အမိန့်ပေးလိုက်လေသည်။

"ယား"

ရွှေသစ္စာဂိုဏ်းသားများက ညာသံပေးကာ တိုက်ခိုက်လိုက် ကြလေသည်။

တိမ်ကြားမိုးယံဂိုဏ်းသားများကလည်း တိုက်ခိုက်လိုက်ကြ ရာ ပြင်းထန်သော တိုက်ပွဲကြီး ပေါ်ပေါက်လာလေတော့သည်။

* * *



## ဓားရာဇဝင်

"ခွပ်ခွပ်…ခွပ်ခွပ်"

"ခွပ်ခွပ်…ခွပ်ခွပ်"

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ စည်းချက်ဝါး ချက်ကျကျ ထွက်ပေါ်ပေါ်နေသည်။

အလုံပိတ်မြင်းလှည်းတစ်စီးသည် မြင်းစီးသမားများ ခြံရံ ကာ လှုပြတ်သောလမ်းများကို အသုံးပြုကာ ခရီးနှင်နေ၏။

မြင်းစီးသမားများသည် တိုက်ပွဲဝင်ကိုယ်ကြပ်အင်္ကျီများ ဝတ်ဆင်ထားကြပြီး လက်နက်ကိုယ်စီဆောင်ထားကြသည်။

ထူးခြားသည်ကား မြင်းလှည်းခေါင်မိုးပေါ်၌ လိုက်ပါလာ သူနှစ်ယောက်ဖြစ်သည်။

ထိုလူနှစ်ယောက်မှာ သာမန်လူများမဟုတ်ကြဘဲ ရသေ့ တစ်ပါးနှင့် ဘုန်းတော်ကြီးတစ်ပါး ဖြစ်လေသည်။

ရှောင်လင်ကျောင်းမှ ဗုဒ္ဓကျူးကိုယ်တော်နှင့် ဂူတန်ဂိုဏ်းမှ ကောင်းတုံရသေ့တို့ ဖြစ်လေသည်။

နှစ်ယောက်သား မြင်းလှည်းကို တစ်ယောက်တစ်လှည့် မောင်းနှင်ယင်း မြင်းလှည်းအိမ်ထဲမှ ရွှေဒင်္ဂါးသေတ္တာကို စောင့်ရှောက်ကာ လိုက်ပါလာကြလေသည်။

စောင့်ရှောက်လိုက်ပါလာကြသော မြင်းစီးသမားများကား တံတိုင်းနီ သိုင်းသမားများဖြစ်လေသည်။

ရွှေသစ္စာဂိုဏ်းမှ ထွက်လာပြီးကတည်းက သုံးရက်တိုင်တိုင် နေ့ကောညပါ ခရီးနှင်လာကြခြင်းဖြစ်သည်။

ရှောင်လင်ကျောင်းသို့ ဦးတည်ခရီးနှင်နေကြခြင်းလည်း ဖြစ်လေသည်။

ရွှေဒင်္ဂါးများကြောင့် ခရီးပန်းသည်ကို အားလုံးက အမှုမထားကြသော်လည်း သူတို့ စီးနင်းလာသည့်မြင်းများကား ခြေကုန်လက်ပမ်းကျလာတော့သည်။

ပါးစပ်မှ အမြှုပ်တစ်စီစီထွက်အောင်ပင် မောဟိုက်ရှမ်းနယ်လာကြတော့သည်။

ထိုအခြေအနေကြောင့် ဗုဒ္ဓကျူးကိုယ်တော်က...

"ရှေ့က တောအုပ်ထဲမှာ ခဏနားမယ်၊ မြင်းတွေကိုလည်း အနားပေးပြီး အစာရေစာကျွေးမွေးရမယ်"

ဟု အမိန့်ထုတ်လိုက်လေသည်။

ရွှေဒင်္ဂါးများ လိုက်ပို့ရာတွင် တံတိုင်းနီအဖွဲ့သား ဆယ့်နှစ်ယောက်လိုက်ပါလာခဲ့ကြလေသည်။



အမှတ်တစ် သေဆုံးသွားပြီဖြစ်၍ အမှတ်နှစ်က ဦးဆောင်ရလေသည်။

ဗုဒ္ဓကျူးကိုယ်တော်နှင့် ကောင်းတုံရသေ့တို့၏ လမ်းညွှန်မှုကို ခံယူကာ တသွေမတိမ်းလိုက်နာဆောင်ရွက်ရမည်ဟု ခရီးထွက်ကာနီး၌ စုလိရှက မှာကြားလိုက်၏။

ထို့ကြောင့်လည်း ဗုဒ္ဓကျူးကိုယ်တော်၏ အမိန့်အတိုင်း စိမ်းလန်းသာယာနေသော တောအုပ်တစ်ခုသို့ ရောက်လျှင် တံတိုင်းနီများက မြင်းအရှိန်သပ်ကာ ရပ်လိုက်ကြတော့သည်။

* * *

တိမ်ကြားမိုးယံဂိုဏ်းက ရွှေသစ္စာဂိုဏ်းကို အကောက်ကြံခဲ့သည်ကိုလည်းကောင်း၊ ဓားပြတိုက်ခံရသော မင်းဘဏ္ဍာရွှေဒင်္ဂါးများဖြင့် ထောင်ချောက်ဆင်ခဲ့သည်ကိုလည်းကောင်း ဗုဒ္ဓကျူးကိုယ်တော်နှင့်ကောင်းတုံရသေ့တို့က အမှန်အတိုင်းသိရှိလိုက်ကြပြီ ဖြစ်လေသည်။

စီလုံကျန်းပြည်နယ်တွင် တိမ်ကြားမိုးယံဂိုဏ်းသည် အင်အားအကြီးမားဆုံး ဖြစ်လေသည်။

ထို့ကြောင့် တားဆီးနှောက်ယှက်မည့်အန္တရာယ်ရှိနေသဖြင့် အားလုံး သတိဝီရိယရှိနေကြလေသည်။

ဗှာကျူးကိုယ်တော်က တံတိုင်းနီအမှတ်နှစ်ကို ပြောလိုက်သည်။

"မင်းရဲ့လူတွေထဲက တစ်ယောက်ကို ပတ်ဝန်းကျင် အခြေအနေကြည့်ဖို့ လွှတ်လိုက်ပါ"

အမှတ်နှစ်က...

"ကောင်းပါပြီဗျာ"

သူက အမှတ်ဆယ့်တစ် 'ကောင်းချို' ကို တာဝန်ပေးလိုက်လေသည်။

"ကောင်းချို မင်းက နောက်ကြောင်းလှည့်ပြီး အခြေအနေကြည့်ပါ"

"ဟုတ်ကဲ့"

ကောင်းချိုလည်း မြင်းတစ်စီးဖြင့် ချက်ချင်းထွက်သွားလေတော့သည်။

* * *



ကောင်းချိုသည် မြင်းတစ်စီးဖြင့် နောက်ကြောင်းလှည့်လာခဲ့လေသည်။

တစ်နေရာသို့အရောက်တွင် မြင်းစီးသမားသုံးယောက် လာနေကြသည်ကို တွေ့လိုက်ရလေသည်။

ထိုမြင်းစီးသမားသုံးယောက်က လူဆိုးဓားပြတစ်ယောက်အားလိုက်လံဖမ်းဆီးနေကြသည့် မြို့စားကြီးတစ်ဦး၏ မင်းမှုထမ်းများ ဖြစ်လေသည်။

မင်းမှုထမ်းသုံးယောက်က ကောင်းချိုကို တွေ့မြင်သွားလျှင်

"ရပ်လိုက်စမ်း"

ဟုအော်ငေါက် တားဆီးလိုက်ကြလေသည်။

ကောင်းချို ရင်ထိတ်သွား၏။

"မင်းမှုထမ်းတွေပါလား"

သူတို့က လျှို့ဝှက်ခရီးနှင်လာကြခြင်း ဖြစ်သည်။

မင်းမှုထမ်းများက စစ်ဆေးမေးမြန်းလာလျှင် အဖြေပေးရန်ခက်မည် ဖြစ်သည်။

"ငါ ဘယ်လိုလုပ်ရမလဲ"

ရန်သူများသာဆိုလျှင် သူသေကိုယ်သေ တိုက်ခိုက်ရန်သာရှိလေသည်။

မင်းမှုထမ်းများဖြစ်နေ၍ ရုတ်တရက် ဘာလုပ်ရမှန်းမသိဘဲ ရပ်တန့်လိုက်လေတော့သည်။

မင်းမှုထမ်းသုံးယောက်က အနီးသို့ ရောက်လာလေသည်။

ကောင်းချိုကို ဝိုင်းရံထားလိုက်ကြသည်။

တစ်ယောက်က...

"မင်းက လူဆိုးတစ်ယောက် မဟုတ်လား"

"ဗျာ"

"တို့နဲ့လိုက်ခဲ့ရမယ်"

"မဟုတ်တာဗျာ"

"အံမယ် သေချင်ပြီထင်တယ်"

ကောင်းချိုအား လူဆိုးတစ်ယောက်ဟု သံသယရှိနေသော မင်းမှုထမ်းသုံးယောက်က ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

"လှုပြတ်တဲ့နေရာမှာ တွေ့တာ သည်ကောင်လူဆိုးပဲဖြစ်မယ်"

"အမိဖမ်းကြ"

"ခုခံယင် သတ်ပစ်လိုက်"

အမှုထမ်းသုံးယောက်ကြောင့် ကောင်းချို ဒုက္ခရောက်ရလေတော့သည်။

"ကျုပ် လူဆိုးမဟုတ်ဘူးဗျ"

"ဒါဖြင့် မင်းအဖမ်းခံလိုက်ပါလား"

"ကောင်းပါပြီဗျာ"

ကောင်းချို အဖမ်းခံလိုက်လေသည်။

အမှုထမ်းသုံးယောက်သည် ကောင်းချိုအား ဖမ်းဆီးချုပ်နှောင်လိုက်ကြပြီးလျှင်...



"မင်းက သူဌေးတစ်ယောက်အိမ်ကို ဝင်ပြီး ဓားပြတိုက်ခဲ့တယ် မဟုတ်လား"

"မဟုတ်ပါဘူးဗျာ"

"မင်း မလိမ်နဲ့"

"ကျုပ် အမှန်အတိုင်း ပြောနေတာပါ"

"ဒါဖြင့် တောထဲ ဘာလာလုပ်တာလဲ"

"ကျုပ်...ကျုပ်"

"သည်ကောင့်ကိုကြည့်ရတာ မသင်္ကာစရာပဲ၊ သူ့ကိုခေါ်ပြီး တောထဲသွားကြည့်ကြမယ်"

အမှုထမ်းသုံးယောက်က ကောင်းချိုကို ဝိုင်းဝန်းထိုးကျိတ်ပြီး တောအုပ်ရှိရာသို့ ခေါ်သွားရန် ဟန်ပြင်လိုက်ကြလေသည်။

ကောင်းချို သည်းမခံနိုင်တော့ပါ။

တောထဲ၌ အနားယူနေသည့်သူတို့လူစုနှင့်တွေ့လျှင် အခြေအနေရှုပ်ထွေးသွားလိမ့်မည် မဟုတ်ပါလား။

ကောင်းချို စိုးရိမ်စိတ် လွန်ကဲလာကာ...

"ယား"

အတင်းရုန်းထွက်ပြီး အမှုထမ်းသုံးယောက်အား တိုက်ခိုက်လိုက်လေတော့သည်။

ကောင်းချိုသည် တံတိုင်းနီအဖွဲ့ဝင် တိုက်ခိုက်ရေးသမားတစ်ယောက် ဖြစ်ပါသည်။

သူက တိုက်ခိုက်လိုက်သည်နှင့်...

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသောအော်ဟစ်သံများနှင့်အတူ မင်းမှုထမ်းသုံးယောက် လဲကျသွားလေတော့သည်။

မြေပေါ် တုတ်တုတ်မျှ မလှုပ်တော့သည့် အမှုထမ်းသုံးယောက်ကိုကြည့်ပြီး ကောင်းချို ထိတ်လန့်သွားလေသည်။

"ငါတော့ လက်လွန်သွားပြီ"

ချက်ချင်း မြင်းပေါ်တက်ကာ ဒုန်းစိုင်းနှင်သွားလိုက်လေတော့သည်။

* * *



အမှတ်နှစ်သည် အမောတကော ပြန်ရောက်လာသော ကောင်းချိုကိုကြည့်ပြီး အံ့ဩသွားလေသည်။

"ကောင်းချို ဘယ်လိုဖြစ်လာတာလဲ၊ ရန်သူတွေ လိုက်လာကြပြီလား"

ကောင်းချို ခေါင်းခါယမ်းလိုက်သည်။

"ရန်သူ မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်လိုဖြစ်တာလဲ၊ ပြောစမ်းပါဦး"

"ကျုပ်..ကျုပ် အမှုထမ်းသုံးယောက်ကို သတ်ပစ်ခဲ့မိတယ်"

သူကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကို ပြောပြလိုက်လေသည်။ အမှတ်နှစ် ခေါင်းနပန်းကြီးသွားလေသည်။

"ဒုက္ခပဲ၊ အမှုထမ်းတွေ အသတ်ခံလိုက်ရတယ်ဆိုယင် မြို့စားကြီးက ကျိန်းသေအရေးယူမှာပဲ၊ ဘယ်လိုမှ ဖြေရှင်းလို့ရတော့မှာ မဟုတ်ဘူး"

ကောင်းချို၏လုပ်ရပ်ကို အပြစ်တင်၍မရပါ။

သို့သော် လက်ခံ၍လည်း မရပါ။

နောက်ဆက်တွဲ ပြဿနာများပေါ်ပေါက်လာပါက တံတိုင်းနီအဖွဲ့ကိုပါ ထိခိုက်လိမ့်မည် ဖြစ်လေသည်။ ကောင်းချိုက...

"ဒိုင်းချုပ်ကို ကျုပ်ကို ခွင့်လွှတ်ဖို့ပြောပေးပါဗျာ"

ဟု ပြောလိုက်သည်။

မမျှော်လင့်ဘဲ ကံဆိုးခဲ့ရချေပြီ။

ရန်သူမနှင့်ရင်မဆိုင်ရဘဲ ကံကြမ္မာဆိုး ဝင်ခဲ့ခြင်းကြောင့်

အပြစ်ကို ခံယူရတော့မည်ဖြစ်သည်။

ကောင်းချိုသည် တံတိုင်းနီအဖွဲ့ မထိခိုက်ရလေအောင် ကာကွယ်စောင့်ရှောက်ရတော့မည် ဖြစ်သည်။ ကောင်းချိုက...

"ရွှေသစ္စာဂိုဏ်း အခွန့်ရှည်ပါစေ"

"တံတိုင်းနီအဖွဲ့ အောင်မြင်ပါစေ"

ဟုကြွေးကြော်ပြီး ဓားအွဲထုတ်ကာ သူ၏ရင်ဝကို ပြန်လည်ထိုးစိုက်ချလိုက်လေတော့သည်။

* * *

ကောင်းချို သေဆုံးသွားချေပြီ။

မမျှော်လင့်သော အကြုပ်အတည်းတစ်ခု ကြုံတွေ့ခဲ့ရပြီး တံတိုင်းနီအဖွဲ့မှ သူ့ရဲကောင်းတစ်ယောက်၏အသက်ကို ပေးဆပ်လိုက်ရခြင်း ဖြစ်လေသည်။

ကောင်းချိုကိုကြည့်ကာ အားလုံး စိတ်မကောင်းဖြစ်သွားကြလေတော့သည်။

ဗုဒ္ဓကျူးကိုယ်တော်နှင့်ကောင်းတုံ့ရသေ့တို့ အချင်းချင်းကြည့်လိုက်ကြလေသည်။

ကောင်းတုံ့ရသေ့က အမှတ်နှစ်ကို မေးလိုက်သည်။

"သည်ကိစ္စကို ဝိုင်းဝန်းဖြေရှင်းယင်ရနိုင်ပါတယ်၊ ကျုပ်တို့လည်း မြို့စားကြီးကို အကျိုးအကြောင်းတင်ပြလိုက်ယင် အပြစ်ပေး



မယ်ဆိုယင်တောင်မှ ကြီးလေးတော့မှာ မဟုတ်ပါဘူး။ ဘာကြောင့်သူ အဆုံးစီရင်သွားတာကို ခွင့်ပြုလိုက်ရတာလဲ"

အမှတ်နှစ်က...

"ကျုပ်တို့ တံတိုင်းနီအဖွဲ့ရဲ့ သံမဏိစည်းမျဉ်းကြောင့်ပါ၊ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် တရားဥပဒေ ချိုးဖောက်ယင် အပြစ်ခံယူရပါလိမ့်မယ်"

ကောင်းတုံ့ရသေ့ သက်ပြင်းချလိုက်တော့သည်။

ရွှေသစ္စာဂိုဏ်းမှာ အလွန်စည်းကမ်းကြီးသည့် ဂိုဏ်းတစ်ခုဖြစ်ကြောင်းလည်း နားလည်လိုက်လေသည်။

အမှတ်နှစ်က ကောင်းချို၏ဓားကိုယူကာ သွေးများသုတ်ပြီး သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်လိုက်လေသည်။

ပြီးလျှင်...

"အ[illegible]က်ခြောက်ရှင်ဖုံးကြည်..ဒုဂိုဏ်းချုပ်က အမှတ်တစ်ရဲ့ဓား မင်းကိုသိမ်းခိုင်းထားတယ် မဟုတ်လား"

ဟု ရှင်ဖုံးကြည်အား မေးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

အမှတ်နှစ်က...

"ရော့..ကောင်းချိုရဲ့ဓားကိုလည်း မင်းပဲ သိမ်းဆည်းထားလိုက်ပါ"

"ကောင်းပါပြီဗျာ"

ရှင်ဖုံးကြည်သည် အမှတ်နှစ်ပေးသည့် ကောင်းချို၏ဓားကို

ယူကာသိမ်းဆည်း ထားလိုက်ရလေသည်။

အမှတ်နှစ်က ကောင်းတုံရသေ့ကို ဦးညွှတ်လိုက်သည်။

"ကျုပ်တို့ ခရီးဆက်ကြတော့မလားဗျာ"

ကောင်းတုံရသေ့က...

"အင်း...မြင်းတွေလည်း အမောပြေလောက်ပါပြီလေ၊ သွားကြတာပေါ့"

အမှတ်နှစ်က တံတိုင်းနီအဖွဲ့သားများအား ခရီးဆက်ရန် အမိန့်ပေးလိုက်လေတော့သည်။

* * *



## အက်ကြောင်း

အမှတ်နှစ်ဦးဆောင်သော တံတိုင်းနီအဖွဲ့သားများသည် ချွေဒဂ်ါးများကို စောင့်ရှောက်လိုက်ပါယင်း ခရီးနှင်လာခဲ့ကြရာ တောင်ကြားလမ်းတစ်ခုသို့ ရောက်ရှိလာခဲ့ကြလေသည်။

ထိုအချိန်တွင်...

"ဂျိန်း...ဂျလိန်း"

မိုးခြိမ်းသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အမှတ်နှစ်က...

"ဒီကွေ့ပဲ အချိန်အခါမဟုတ် မိုးရွာချတော့မယ် ထင်တယ်"

မိုးသားတိမ်လိပ်များ အလိပ်လိုက် အလိပ်လိုက် တက်လာပြီး လေပြင်းများလည်း တဟူးဟူးမြည်ကာ တိုက်ခတ်လာလေသည်။

ညနေဆည်းဆာအချိန်လည်း ရောက်ရှိနေပြီဖြစ်ရာ မိုးမှောင်ကြီးကျရောက်လာသဖြင့် ရှေ့ခရီးဆက်ရန်ခက်ခဲသွားတော့သည်။

ကောင်းတုံရသော့က...

"ကျုပ်တို့ နားခိုစရာတစ်နေရာ အယင်ရှာကြမှဖြစ်မယ်"

ဟု ပြောလေသည်။

"ကောင်းပါပြီဗျာ"

အမှတ်နှစ် သဘောတူလိုက်လေသည်။

တောင်ကြားထဲသို့ ဆက်လက်ဝင်ရောက်သွားယင်း နားခိုနိုင်မည့်နေရာကို ရှာဖွေလိုက်ကြလေသည်။

အမှတ်နှစ်တို့ ကံကောင်းသွားသည်ဟုဆိုနိုင်ပါတော့သည်။

တောင်ကြားလမ်းတစ်နေရာ၌ ကျောက်ဂူကြီးတစ်ခု တွေ့လိုက်ရသည် မဟုတ်ပါလား။

ထိုကျောက်ဂူကြီးမှာပင် ခေတ္တအနားယူရန် စီစဉ်လိုက်ကြလေတော့သည်။

* * *



မိုးက သည်းသည်းမည်းမည်း ရွာချလိုက်လေသည်။

အမှတ်နှစ်တို့မှာ ကျောက်ဂူထဲ၌ လုံလုံခြုံခြုံ ရှိကြသဖြင့် ကံကောင်းသွားကြလေသည်။

သို့သော်...

မြင်းလှည်းဆွဲသည့် မြင်းများနှင့် သူတို့စီးနင်းလာသော မြင်းများကို ကျောက်ဂူထဲ၌ မိုးလုံလေလုံထားရန် မဖြစ်နိုင်၍ ကျောက်ဂူကြီးအပြင်ဘက် မိုးရေထဲ၌ ထားခဲ့ရလေသည်။

မြင်းများ ထွက်ပြေးမသွားနိုင်အောင် ကြိုးများချည်ထားခဲ့သော်လည်း မိုးသက်လေပြင်းကြောင့် ကြောက်လန့်တကြား ရုန်းကန်ထွက်ပြေးသွားမည်ကို အမှတ်နှစ် စိုးရိမ်မိလေသည်။

ထို့ကြောင့်...

"အမှတ်ကိုး ကွမ်းကြိုးနဲ့ အမှတ်တစ်ဆယ်ကျိုင်ဝမ်းတို့က မြင်းလှည်းပေါ်မှာပဲ မိုးခိုယင်း မြင်းတွေကို စောင့်ကြည့်ကြပါ"

ဟုတာဝန်ပေးလိုက်လေသည်။

အမှတ်ကိုးကွမ်းကြိုးနှင့် အမှတ်တစ်ဆယ် ကျိုင်ဝမ်းတို့က ကျောက်ဂူအပြင်ဘက် ထွက်သွားကြလေတော့သည်။

* * *

မိုးသည်းထန်စွာ ရွာသွန်းနေပါသည်။

ကွမ်းကြိုးနှင့်ကျိုင်ဝမ်းတို့သည် ကျောက်ဂူအပြင်ဘက်၌ ရပ်တန့်ထားသော မြင်းလှည်းအိမ်ထဲ၌ ရောက်ရှိနေကြပြီဖြစ်သည်။

မြင်းလှည်းအိမ်က မိုးလုံ၍တော်သေး၏။

သို့သော် ချမ်းအေးသည့်ဒဏ်ကို ကွမ်းကြိုးတို့ ခံစားနေကြရလေသည်။

"ကျောက်ဂူထဲက တို့အဖော်တွေတော့ လုံလုံခြုံခြုံ နွေးနွေးထွေးထွေးနဲ့ အိပ်ကျနေကြမှာပဲ"

ကွမ်းကြိုးက ညည်းတွားလိုက်လေသည်။

ကျိုင်ဝမ်းက...

"တို့က အမိန့်နာခံရမယ့် တံတိုင်းနီအဖွဲ့သားတွေပဲ၊ ကိုယ်ကျရာတာဝန်ကို ထမ်းဆောင်ရမှာပေါ့ကွာ"

ကွမ်းကြိုးက...

"အင်း...တာဝန်အထမ်းဆောင်ကောင်းလို့ ကောင်းချိုဒုက္ခရောက်သွားတာပေါ့"

ကောင်းချို၏အဖြစ်ဆိုးက အားလုံးကို စိတ်ထိခိုက်စေခဲ့ပါတော့သည်။

ကျိုင်ဝမ်းက...

"ကောင်းချိုက အဖမ်းခံလိုက်လို့မဖြစ်ဘူး၊ အမှန်ကိုဖွင့်ပြောလိုက်လို့လည်း မဖြစ်ဘူး၊ အမှုထမ်းတွေကလည်း အထင်မှားနေတော့ ရှုပ်ထွေးကုန်တာပေါ့"



ကွမ်းကြိုးက...

"တို့တော့ သည်လိုအဖြစ်မျိုးနဲ့ ကြုံရယင် ဘယ်လိုလုပ်ကြမလဲ"

"ဒါက.."

"ရန်သူကို တိုက်ခိုက်ယင်း သေရတာက တော်သေးတယ် မဟုတ်လား၊ ငါကတော့ ဂိုဏ်းရဲ့တာဝန်က ပိုအရေးကြီးတယ်ဆိုပြီး အမှုထမ်းတွေကို တိုက်ခိုက်မိယင်တောင် ဘယ်သူ့ကိုမှ အသိမပေးဘဲ နေလိုက်မှာ"

ကျိုင်ဝမ်းက...

"နောက်ပိုင်းကျတော့ ပေါ်ပေါက်သွားခဲ့ယင်ကော"

ကွမ်းကြိုး ဘာမှမပြောဘဲ နေလိုက်လေသည်။

ကျိုင်ဝမ်းက...

"ဂိုဏ်းစည်းကမ်းကို ဖောက်ဖျက်ယင် အပြစ်ပေးခံရမှာပဲကွ"

ကွမ်းကြိုး မကျေမနပ် ဖြစ်သွားလေသည်။

"ဂိုဏ်းစည်းကမ်းက တရားမျှတမှုရှိရဲ့လား စဉ်းစားစရာဖြစ်နေပြီ ထင်တယ်"

ကျိုင်ဝမ်းက...

"မင်း ဘယ်လိုပြောလိုက်တာလဲ"

ကွမ်းကြိုးက...

"ငါတို့ ရွှေသစ္စာဂိုဏ်းထဲ ရောက်လာတာ ဂိုဏ်းရဲ့အကျိုး

အများအကျိုး ဆောင်ရွက်ဖို့ပါ၊ အသက်သေချင်သေပါစေ၊ ငါမစု ပါဘူး၊ ဘာမှအဓိပ္ပါယ်မရှိဘဲနဲ့တော့ သေဒဏ်အပြစ်ပေးမခံ ချင်တော့ ဘူး၊ ငါတို့ အပင်ပန်းခံရတယ်၊ အနစ်နာခံရတယ်၊ နောက်ဆုံး တိုက်ပွဲမှာပဲဖြစ်ဖြစ်၊ စည်းကမ်းဖောက်မိတာပဲဖြစ်ဖြစ် သေရမှာပဲ ငါတို့က သေဖို့ဂိုဏ်းထဲဝင်လာတာမှ မဟုတ်တာ"

ကျိုင်ဝမ်း တွေဝေသွားလေသည်။

ကွမ်းကြိုးက...

"တို့က ဂိုဏ်းအတွက် အသက်စွန့်ဝံ့တယ်၊ ဂိုဏ်းကပေးတဲ့ ဆုလာဘ်က သေဖို့ဖြစ်နေတယ်၊ ငါတော့ သိပ်ပြီး သဘောမကျ တော့ဘူး။" တခြားဂိုဏ်းကိုသွားပြီး စွန့်စွန့်စားစား တာဝန်ထမ်း ဆောင်မယ်ဆိုယင် ဘဝ တိုးတက်မြင့်မားလာမှာ သေချာတယ်"

ကျိုင်ဝမ်းက...

"အင်း...တိမ်ကြားမိုယံ့လိုဂိုဏ်းကြီးနဲ့ ရင်ဆိုင်ရတာကိုက စိတ်ပျက်စရာဖြစ်နေတာပဲ"

"မင်းလည်း စိတ်ပျက်လာပြီ ဟုတ်လား"

"အေး...နောက်ဆုံး ငါတို့အားလုံး သေဆုံးသွားကြရလိမ့်မယ် ဆိုတာ ငါတွေးမိနေတယ်၊ တကယ်တော့ သည်ခရီးမှာ ဒုဂိုဏ်းချုပ် စုလိရှကိုယ်တိုင် လိုက်လာပြီး ဦးဆောင်သင့်တာ၊ အမှတ်နှစ်က အ မှတ်တစ်လောက် အားကိုးရမယ် မထင်ဘူး"

ကွမ်းကြိုးက...

"မင်းက အမှတ်နှစ်ကို သဘောမကျဘူးလား"



ကျိုင်ဝမ်းက...

"သူက အမှတ်တစ်ကို ဘယ်လိုလုပ် မီမှာလဲ၊ ဒုဂိုဏ်းချုပ် ကြီးကလည်း ဘာကြောင့်လိုက်မလာချင်တာလဲ မသိဘူး"

ကွမ်းကြိုး ပြုံးလိုက်သည်။

"ကျိုင်ဝမ်း...မင်းပြောတဲ့စကားတွေက 'အကြီးအကဲကို လေးစားသူ'ဆိုတဲ့ပြစ်ချက်ကို ကျူးလွန်သလို ဖြစ်နေပြီကွ"

ကျိုင်ဝမ်းက...

"ဖြစ်လည်း မတတ်နိုင်ဘူး၊ တကယ် ခေါင်းဆောင်နိုင်မယ့် သူတွေက လိုက်မလာဘူး၊ ဘာမဟုတ်တဲ့လူကို ခေါင်းဆောင်ခိုင်း လိုက်တယ်၊ ကောင်းချိုက်စွကို အမှတ်နှစ်က ဘာလုပ်ပေးနိုင်လို့လဲ လက်မှိုင်ချပြီး လက်ပိုက်ကြည့်နေခဲ့ရတာပဲ မဟုတ်လား"

ကွမ်းကြိုးက...

"သေချာပါပြီ၊ မင်းက တားမြစ်ထားတဲ့ပြစ်ချက်ကို ကျူး လွန်နေတာပါပဲ"

ကျိုင်ဝမ်း ဒေါသထွက်သွားလေသည်။

"ကွမ်းကြိုး...မင်းကကော အမိန့်မနာခံတဲ့ပြစ်ချက်ကို ကျူး လွန်ခဲ့တာပဲ၊ မင်းက ဂိုဏ်းကို အယုံအကြည်မရှိသလို ဖြစ်နေပြီ"

နှစ်ယောက်သား တစ်ယောက်တစ်ခွန်း ငြင်းခုန်လိုက်ကြ လေသည်။

မိုးသံလေသံများကြောင့် သူတို့၏ငြင်းခုန်သံများကို မည်သူ မျှ ကြားနိုင်လိမ့်မည် မဟုတ်ပါ။

တံတိုင်းနီအဖွဲ့ဝင်များဖြစ်ကြသည့်တိုင် တိုက်ပွဲများနှင့်အဆက်မပြတ်ရင်ဆိုင်နေရခြင်း၊ အသက်ဘေးအန္တရာယ်နှင့် တစ်ချိန်လုံးကြုံတွေ့နေရခြင်း၊ လုပ်ဖော်ကိုင်ဘက်များ သေဆုံးသွားကြခြင်းများကြောင့် စိတ်ပျက်လာကြခြင်း ဖြစ်ပေတော့သည်။

ကွမ်းကြိုးက…

"တို့နှစ်ယောက် ခုလိုပြောဆိုနေကြတာတွေကို တစ်ယောက်ယောက် ကြားသွားပြီဆိုယင် ဘယ်လိုလုပ်ကြမလဲ"

ဟု မေးလိုက်သည်။

ကျိုင်ဝမ်း ရင်ထိတ်သွားလေသည်။

"မိုးသံလေသံနဲ့ ဘယ်သူမှမကြားနိုင်ပါဘူးကွ"

ကွမ်းကြိုးက…

"ငါတော့ စိတ်မပါတော့ဘူး၊ ဆက်လည်း မနေချင်တော့ဘူး"

"မင်း ထွက်သွားတော့မလို့လား"

"အေး"

ကျိုင်ဝမ်း တားမြစ်လိုက်သည်။

"သည်လိုတော့ မလုပ်ပါနဲ့ကွာ၊ ဒုဂိုဏ်းချုပ်စုလိရှသိသွားယင် မရမကလိုက်ရှာပြီး အပြစ်ပေးလိမ့်မယ်"

ကွမ်းကြိုးက…

"သည်အတိုင်းပြေးယင်တော့ ဝေးဝေးဘယ်ပြေးနိုင်ပါ့မလဲ၊ ငါ့မှာ ငွေအလုံအလောက်ရှိယင်တော့ အဝေးကိုပြေးပြီး ခေတ်မြုပ်



နေနိုင်တာပေါ့၊ တို့သယ်လာတဲ့ ရွှေဒင်္ဂါးတချို့တလေ ရကြည့်ပါလား၊ ငါ့တစ်သက်လုံး အေးအေးချမ်းချမ်း နေသွားရမှာ သေချာတယ်"

"ဟာ…မင်းကလည်း သည်လိုမပြစ်မှားစမ်းပါနဲ့"

"ဒါဆိုလည်း တို့မြန်မြန်သေသွားတာက အေးတာပေါ့ မဟုတ်ဘူးလား"

ကျိုင်ဝမ်း ငိုင်နေ၏။

ကွမ်းကြိုးကား အပြောင်းလဲကြီး ပြောင်းလဲသွားပြီဖြစ်လေသည်။

ကွမ်းကြိုးက…

"ငါအကြံတစ်ခုရတယ်၊ ရွှေဒင်္ဂါးတွေကို သေတ္တာလိုက်သယ်သွားလို့မရအောင် မြင်းလှည်းကို ဖျက်ဆီးထားလိုက်မယ်၊ မြင်းလှည်းပျက်စီးသွားယင် ရွှေဒင်္ဂါးတွေကို ခွဲပြီးသယ်ရတော့မှာ၊ သည်တော့မှ ငါသယ်ရတဲ့ ရွှေဒင်္ဂါးတွေယူပြီးပြေးမယ်၊ မင်းကော လိုက်မလား"

ကျိုင်ဝမ်းက…

"ဖြစ်ပါ့မလားကွာ"

"ဖြစ်ပါတယ်၊ တို့နောက်ကိုလိုက်လာမှာ မပူနဲ့ သူတို့တတွေ တိမ်ကြားမိုးယံဂိုဏ်းနဲ့ တိုက်ခိုက်ယင်း အားလုံးသေကုန်ကြမှာ"

တိမ်ကြားမိုးယံဂိုဏ်းသည် ရွှေသစ္စာဂိုဏ်းအား တိုက်ခိုက်ချေမှုန်းပစ်လိုက်မည်မှာ သေချာနေ၏။

ရွှေသစ္စာဂိုဏ်းအနေဖြင့် တိမ်ကြားမိုးယံဂိုဏ်းအား အနိုင်

တိုက်ခိုက်ရန် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ပါ။

ရွှေသစ္စာဂိုဏ်း ပျက်စီးသွားပြီဆိုပါလျှင်…

ကွမ်းကြိုးက…

"တို့က အဝေးကိုသွားပြီး ဓာတ်မြုပ်နေလိုက်ယင် တို့အကြောင်း ဘယ်သူသိမှာလဲ"

ကျိုင်ဝမ်းလည်း သဘောတူလိုက်တော့သည်။

ထို့နောက် မိုးသက်လေပြင်းကျရောက်နေသည်ကိုပင် အမှုမထားတော့ဘဲ မြင်းလှည်းပေါ်မှ ဆင်းလိုက်ကြသည်။

မြင်းလှည်းကို မသိမသာ ဖျက်ဆီးထားလိုက်ကြလေတော့သည်။

* * *

တောင်ကြားလမ်းသည် အဝေးတွင် ကျန်ရစ်ခဲ့ပြီဖြစ်သည်။

မိုးသက်လေပြင်း ကျရောက်လာသဖြင့် ကျောက်ဂူထဲ၌ တစ်ညအနားယူခဲ့ရသဖြင့် ခရီးဖင့်သွားလေသောကြောင့် နံနက်မိုးလင်းကာ မိုးစဲသွားသည်နှင့် အမှတ်နှစ်က ခရီးပြင်းနှင်ရန် ဆုံးဖြတ်ခဲ့လေသည်။

ထို့ကြောင့်လည်း နေထွက်လာပြီး မကြာမီ တောင်ကြားလမ်းနှင့် အတော်ဝေးဝေးသို့ ရောက်သွားကြခြင်း ဖြစ်လေသည်။

ထိုအချိန်မှာပင် ကျိုင်ဝမ်းနှင့်ကွမ်းကြိုးတို့၏လက်ချက်



ကြောင့်မြင်းလှည်း ဝင်ရိုးကျိုးသွားလေတော့သည်။

"ဝုန်း"

မြင်းလှည်း တိမ်းမှောက်မလိုဖြစ်သွားရကား ကောင်းတုံရသေ့က မနည်းထိန်းထားလိုက်ရလေသည်။

အားလုံး ရပ်တန့်ကာ မြင်းလှည်းကို စစ်ဆေးလိုက်ကြရာ ဝင်ရိုးကျိုးသွားသဖြင့် အသုံးပြု၍မရနိုင်ကြောင်း စစ်ဆေးတွေ့ရှိလိုက်ကြလေသည်။

အမှတ်နှစ်က မြင်းလှည်းဝင်ရိုးကို သေသေချာချာ စစ်ဆေးကြည့်ရှုပြီးလျှင် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"မြင်းလှည်းကို အသုံးပြုလို့မရတော့ဘူး၊ ဒါကြောင့် ရွှေဒင်္ဂါးတွေကို ခွဲပြီသယ်ယူသွားရပါလိမ့်မယ်၊ ဆရာကြီးတို့ရဲ့ သဘောထားကို သိပါရစေဗျာ"

ကောင်းတုံရသေ့နှင့်ဗှာကျူးကိုယ်တော်တို့အား မေးလိုက်လေသည်။

ကောင်းတုံရသေ့က…

"မြင်းလှည်းနဲ့သွားနေတာထက်စာယင် အားလုံး တပိုင်တနိုင်သယ်ပြီး ခရီးနှင်ကြတာက ပိုပြီးခရီးတွင်နိုင်ပါတယ်"

အမှတ်နှစ်၏ အစီအစဉ်ကို သဘောတူလိုက်လေသည်။

"ကျေးဇူးပါပဲ"

အမှတ်နှစ်က သေတ္တာကြီးထဲမှ ရွှေဒင်္ဂါးများကို အထုပ်များထုပ်ကာ အဖွဲ့သားများအားလုံးကို ခွဲဝေသယ်ဆောင်သွားကြရန်

တာဝန်ပေးလိုက်လေသည်။

အမှတ်ခြောက် ရွှင်ဖုံးကြည်ကို အနီးသို့ခေါ်ကာ...

"ရွှင်ဖုံးကြည်...မင်းကို အထူးတာဝန်တစ်ခု ပေးစရာရှိတယ်၊ တို့နောက်ကို နောက်ရောင်ခံလိုက်လာတဲ့လူ ရှိမရှိသိရအောင် မင်းက နောက်ချန်နေရစ်ခဲ့ပြီး နောက်ကလိုက်ခဲ့ပါ"

"ကောင်းပါပြီ ခင်ဗျာ"

ရွှင်ဖုံးကြည် ထွက်သွားကာနီး အမှတ်နှစ် တီးတိုးမှာကြား လိုက်သည့်စကားကိုမူ မည်သူမျှ မကြားလိုက်ကြချေ။

ရွှင်ဖုံးကြည်သည် ချက်ချင်း နောက်လှည့်ကာ ထွက်သွား လေတော့သည်။

ရွှင်ဖုံးကြည် ထွက်သွားပြီး ခွေးဒဂါးများကိုလည်း တပိုင်တ နိုင်ထုပ်ပိုးပြီးလျှင်...

"သွားကြစို့"

အမှတ်နှစ်က အမိန့်ပေးလိုက်သည်။

ကောင်းတုံရသေ့၊ ဗုဒ္ဓကျူးကိုယ်တော်နှင့် အမှတ်နှစ်တို့ ဦး ဆောင်ကာ ရှေ့ဆုံးမှ ထွက်သွားရာ ကျန်အဖွဲ့သားများလည်း လိုက်ပါသွားကြလေတော့သည်။

* * *



မြင်းလှည်းကို စွန့်ကာ မြင်းကိုယ်စီဖြင့် ခရီးနှင်ရသည်မှာ ပို၍ခရီးတွင်သည်ဟု ဆိုနိုင်လေသည်။

အတန်ကြာ ခရီးနှင်ပြီးလျှင် အမှတ်နှစ်က...

"ရွှင်ဖုံးကြည် လိုက်မလာသေးပါလား"

အနောက်ဘက်သို့ မျှော်ကြည့်ကာ ပြောလိုက်သည်။

ကောင်းတုံရသေ့က...

"ဟုတ်တယ်...သူလိုက်လာသင့်ပြီ"

ဗုဒ္ဓကျူးကိုယ်တော်က...

"အန္တရာယ်တစ်ခုခု ကြုံတွေ့နေရလို့များလား"

စိုးရိမ်မကင်း ပြောကြလေသည်။

အမှတ်နှစ်က...

"သူ့ရဲ့အခြေအနေကို သွားကြည့်ခိုင်းလိုက်ပါ့မယ်"

ဟုပြောကာ ကွမ်းကြိုးနှင့်ကျိုင်ဝမ်းတို့အား တာဝန်ပေး လိုက်လေသည်။

"မင်းတို့နှစ်ယောက် နောက်ကြောင်းလှည့်ပြီး ရွှင်ဖုံးကြည် ရဲ့အခြေအနေကိုကြည့်ပါ"

"ဟုတ်ကဲ့"

ကွမ်းကြိုးနှင့်ကျိုင်ဝမ်းတို့က နောက်ကြောင်းလှည့်ကာ မြင်း ဒုန်းစိုင်းနှင်သွားကြလေတော့သည်။

* * *

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်နေသည်။

ကွမ်းကြိုးနှင့်ကျိုင်ဝမ်းတို့က မြင်းဒုန်းစိုင်းနှင်နေကြလေသည်။

အမှတ်နှစ်တို့လူစုနှင့်ဝေးရာသို့ အမြန်ဆုံး ထွက်ပြေးရှောင်တိမ်းသွားနိုင်ရန် ကြိုးစားနေကြခြင်း ဖြစ်သည်။

မြင်းဒုန်းစိုင်းနှင်သွားယင်း တဖြည်းဖြည်း ဝေးကွာလာလျှင်

"ဟား...ဟား...ဟား"

ကွမ်းကြိုး ဟားတိုက်ရယ်မောလိုက်လေသည်။

ကျိုင်ဝမ်းလည်း ရယ်မောလိုက်သည်။

ကွမ်းကြိုးက...

"ကျိုင်ဝမ်း တို့ဘယ်လောက် ကံကောင်းသလဲ၊ မင်းစဉ်းစားကြည့်စမ်း"

ကျိုင်ဝမ်းက...

"ဒါပေါ့ကွာ ငါတို့မှာ အကြံရှိနေပြီဆိုတာကို သူတို့မရိပ်မိခဲ့ကြတာ ကံကောင်းလို့ပေါ့"

ကွမ်းကြိုးက...

"ငါ့အကြံ ဘယ်လောက်ကောင်းသလဲ"

"ဟုတ်ပါတယ်ကွာ"

"ခုတော့ ငါတို့လွတ်လပ်ပြီ၊ ချမ်းသာပြီ"



"ဟုတ်တယ်"

"ကဲ..မင်း ဘယ်သွားမလဲ"

ကွမ်းကြိုး မေးလိုက်သောအခါ ကျိုင်ဝမ်း ရုတ်တရက် အဖြေမပေးနိုင်ဘဲ ဖြစ်သွားလေသည်။

ကွမ်းကြိုးက...

"မင်း ဘယ်သွားမလဲ"

ဟု ထပ်မေးလိုက်သည်။

ကျိုင်ဝမ်း ခေါင်းခါယမ်းလိုက်သည်။

"ဘယ်သွားရမယ်ဆိုတာ ငါမစဉ်းစားရသေးဘူး၊ မင်းကော ဘယ်သွားမလဲ"

ကွမ်းကြိုးက...

"ငါက လောလောဆယ် နယ်ခြားကိုသွားမယ်၊ ဟိုမှာ တစ်နှစ်၊ နှစ်နှစ်လောက် ပုန်းခိုနေလိုက်မယ်၊ သည်ဘက်မှာ အခြေအနေတွေ အေးချမ်းသွားပြီဆိုတော့မှ ပြန်လာမယ်"

ကျိုင်ဝမ်းက..

"ငါကော လိုက်လို့မရဘူးလား"

"မင်းလိုက်ချင်လို့လား"

"အေး"

ကွမ်းကြိုး ပြုံးလိုက်သည်။

"မင်းလိုက်ခဲ့တော့ ပိုကောင်းတာပေါ့ကွာ၊ ငါ့လည်း အဖော်ရတာပေါ့၊ နယ်ခြားမှာ ငွေရှိယင် ဘာမဆိုလုပ်နိုင်တယ်ဆိုတာ မင်း

ကြားဖူးတယ် မဟုတ်လား"

"အေး..ငါကြားဖူးတယ်"

"ငါတို့မှာ ရွှေဒင်္ဂါးတွေ အများကြီးရှိနေတာပဲ၊ ငါတို့ကြိုက်သလို ပျော်ပါးသုံးဖြုန်းလို့ရတာပေါ့ကွာ"

နှစ်ယောက်သား သဘောကျစွာ ရယ်မောလိုက်ကြလေသည်။

"ဟား..ဟား..ဟား"

"ဟား..ဟား..ဟား"

သူတို့၏ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သို့သော်...

ကွမ်းကြီးက ဆက်လက်ရယ်မောနေပြီး ကျိုင်ဝမ်း၏ရယ်သံမှာ တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားလေသည်။

အကြောင်းမှာ...

ကွမ်းကြီးက အလစ်တွင် ကျိုင်ဝမ်း၏နောက်ကျောကို ဓားဖြင့် ထိုးသွင်းလိုက်ခြင်းကြောင့် ဖြစ်သည်။

ကျိုင်ဝမ်း၏မျက်နှာကြီး ရှုံ့မဲ့သွားသည်။

"အား"

စူးရှစွာ အော်ဟစ်ယင်း မြင်းပေါ်မှပြုတ်ကျသွားတော့သည်။

* * *



ကျိုင်ဝမ်းသည် မြင်းပေါ်မှ ပြုတ်ကျကာ မြေပေါ်၌ မလှုပ်မယှက်ဖြစ်သွားလေသည်။

"ဟား..ဟား..ဟား"

ကွမ်းကြီး ဆက်ကာရယ်မောလိုက်လေသည်။

"ကျိုင်ဝမ်း..မင်းကို ငါကခေါ်သွားမယ်များ ထင်နေသလား"

ကျိုင်ဝမ်း၏မြင်းပေါ်မှ ရွှေဒင်္ဂါးထုပ်ကို ဆွဲယူလိုက်သည်။

ထိုစဉ်...

"အင်း..အင်း"

ညည်းတွားသံနှင့်အတူ ကျိုင်ဝမ်း လူးလွန့်လှုပ်ရှားလာလေသည်။

ကွမ်းကြီးကို မယုံနိုင်စွာကြည့်ယင်း..

"ကွမ်းကြီး..မင်းဘာကြောင့် သည်လိုလုပ်ရတာလဲ"

ကွမ်းကြီးက...

"မကောင်းတာပဲလုပ်လုပ်၊ ကောင်းတာပဲလုပ်လုပ် နှစ်ယောက်လုပ်တာထက် တစ်ယောက်ထဲလုပ်တာက အကောင်းဆုံးဆိုတာ မင်းမကြားဖူးဘူးလား။ အဖော်ပါယင် ဘယ်မှာစိတ်ချရပါ့မလဲ၊ အဆင်မပြေတဲ့တစ်နေ့မှာ အဖော်ဆိုတာ ဖော်ကောင်ဖြစ်သွားမှာပဲ မဟုတ်လားကွာ"

ကျိုင်ဝမ်း ဒေါသထွက်သွားလေသည်။

ကွမ်းကြီးက...

"ငါ့ရဲ့ရွှေဒင်္ဂါးတွေအပြင် မင်းရဲ့ရွှေဒင်္ဂါးတွေကိုပါ ရလိုက်ယင် ငါဝိုပြီး သုံးနိုင်ဖြုန်းနိုင်တာပေါ့ကွာ"

"မင်း..မင်း လူယုတ်တာ"

"အေး..ပြောချင်တာပြော၊ ခုချိန်မှာ ငါကောင်းစားဖို့ အရေးအကြီးဆုံးပဲ၊ ကဲ နေရစ်ခဲ့ပေတော့"

ကွမ်းကြီးသည် ကျိုင်ဝမ်းအား လုံးဝအမှုမထားတော့ဘဲ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

"လူယုတ်မာ သစ္စာဖောက်"

ကျိုင်ဝမ်း အော်ဟစ်နေရုံမှလွဲပြီး ဘာမှမတတ်နိုင်တော့ပါ။

ကွမ်းကြီး၏လက်ချက်ကြောင့် ဒဏ်ရာပြင်းထန်စွာ ရထားပြီ မဟုတ်ပါလား။

ကွမ်းကြီးက သူ့အား ကျောခိုင်းကာ ထွက်သွားလေသည်။

သို့သော်...

ကွမ်းကြီးက မြင်းကို ချက်ချင်းရပ်လိုက်မိသည်။

လမ်းပိတ်ထားသူတစ်ယောက်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ပထမပိုင်းပြီး၏။

ဒုတိယပိုင်းဆက်လက်ဖတ်ရှုပါရန်။

# ဘုန်းကြွယ်

## တစ်ဆယ့်လေးဖြာမားမဟာ

(ဒုတိယပိုင်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၁၂၅၇၁၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၃၂၅၁၂၁၀

၂၀၁၁ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်ဖြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## နိုင်ငံတော်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — နို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — နို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — နို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဌာန်းပေါ်ပေါက်လာရေး
- ပြဌာန်းပေါ်ပေါက်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## အပြစ်ဒဏ်

လေဝှေယမ်း တိုက်ခတ်လာသည်။

လမ်းပေါ်၌ ဖုန်တထောင်းထောင်း ထသွားလေသည်။

ဖုန်များ၊ သဲများ ပလူပျံကာ ဝန်းကျင်တစ်ခုလုံး ဝိုးတဝါး ဖြစ်သွား၏။

ကွမ်းကြိုးက မျက်နှာကို လက်ဖြင့် ကာထားလိုက်၏။

သူထွက်သွားကာနီးအချိန်တွင် လမ်းပိတ်ထားသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

သူ အမှန်တကယ် တွေ့မြင်လိုက်ရခြင်းလော၊ စိတ်ထဲထင်ဤလော ရုတ်တရက် ဝေခွဲမရချေ။

လေငြိမ်သွားပြီး ဖုန်များ၊ သဲများ အောက်ဘက်သို့ ပြန်လည်ကျဆင်းကာ ဝန်းကျင်တစ်ခုလုံး ကြည်ကြည်လင်လင် ဖြစ်သွားတော့မှ မျက်နှာကာထားသော လက်ကို ဖယ်ကာ လှမ်းကြည့်လိုက်လေသည်။

သူအမြင်မှားခြင်း မဟုတ်ပါ။

လမ်းပိတ်ထားသူတစ်ယောက် အမှန်ပင် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ကွမ်းကြိုး ရင်ထိတ်သွား၏။

"ဘယ်သူလဲ"

လှမ်းမေးလိုက်သော သူ၏အသံမှာ မသိမသာ တုန်ယင်နေပါတော့သည်။

"ကွမ်းကြိုး၊ ကျုပ်ကိုတောင် မမှတ်မိတော့ဘူးလားဗျာ"

လမ်းပိတ်ထားသူ၏ အေးတိအေးစက် စကားသံ ထွက်ပေါ်လာလေသည်။

ထိုလူက ရှေ့တိုးလာသဖြင့် မျက်နှာကို သဲသဲကွဲကွဲ တွေ့မြင်လာရလေသည်။

ထိုလူမှာ...

ကွမ်းကြိုး မျက်လုံးပြူးသွားလေသည်။

"မင်း...မင်း အမှတ်ခြောက် ရှင်ဖုံးကြည်"

တားဆီးထားသူကား အမှတ်ခြောက် ရှင်ဖုံးကြည် ဖြစ်နေပါတော့သည်။

ရှင်ဖုံးကြည်က...

"ခင်ဗျား သစ္စာဖောက်လိမ့်မယ်ဆိုတာ အမှတ်နှစ်က ရိပ်မိထားတယ်လေဗျာ"

"ဘာကွ"

"အမှတ်နှစ်က မြင်းလှည်းကို စစ်ဆေးကြည့်တော့ ဝင်ရိုး



ကျိုးသွားအောင် ဓားနဲ့ ခုတ်ထားတဲ့ ဓားရာတွေကို တွေ့ခဲ့တယ်၊ ညက ခင်ဗျားနဲ့ ကျိုင်ဝမ်းပဲ မြင်းလှည်းပေါ်မှာ ရှိနေခဲ့တာ မဟုတ်လား၊ ခင်ဗျားတို့ ဘာကြောင့် သည်လိုလုပ်ရသလဲ တွေးကြည့်ယင် သစ္စာဖောက်တော့မယ်ဆိုတာ ရှင်းနေတာပေါ့ဗျာ"

ကွမ်းကြိုး၏မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်သွားလေသည်။

ရှင်ဖုံးကြည်က...

"အမှတ်နှစ်က ကျုပ်ကို အယင်လွှတ်လိုက်တယ်၊ ပြီးတော့ ခင်ဗျားထွက်ပြေးသွားနိုင်အောင် အခွင့်အရေးပေးလိုက်တယ်၊ ဒါမှ ခင်ဗျားရဲ့ သစ္စာဖောက်မှုကို လက်ပူးလက်ကြပ် ဖော်ထုတ်နိုင်မယ် မဟုတ်လား"

ကွမ်းကြိုး ခေါင်းငိုက်စိုက်ကျသွားလေသည်။

ရှင်ဖုံးကြည်က...

"ဒုဂိုဏ်းချုပ်စုလိရှ၊ သေသွားပြီ ဖြစ်တဲ့ အမှတ်တစ်နဲ့ အခု လက်ရှိတံတိုင်းနီအဖွဲ့ကို ခေါင်းဆောင်နေတဲ့ အမှတ်နှစ်တို့ဟာ သစ္စာဖောက်ကို ဘယ်လောက် မုန်းတီးတယ်ဆိုတာ ခင်ဗျားသိပါတယ်"

ကွမ်းကြိုးသည် သူ၏အကြောင်း ပေါ်ပေါက်သွားပြီ ဖြစ်၍ မထူးတော့ဟု သဘောထားလိုက်လေသည်။

ဆတ်ခနဲ ခေါင်းပြန်မော့လိုက်သည်။

အံတင်းတင်းကြိတ်ထားယင်း...

"အကျိုးမရှိဘဲ ငါ့ရဲ့အသက်ကို အမိပွါယ်မဲ့ အသေမခံနိုင်တော့ဘူးကွ၊ ရှင်ဖုံးကြည် မင်းလမ်းဖယ်လိုက်ပါ။ ငါ့လမ်းငါ အေးအေးဆေးဆေးသွားပါရစေ"

ဟု ပြောလိုက်၏။

ရွှင်ဖုံးကြည် ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားလို သစ္စာဖောက်တစ်ယောက်ကို ချမ်းသာပေးလိုက်ယင် ကျန်တဲ့အဖွဲ့ဝင်တွေလည်း သစ္စာဖောက်ဖို့ ဝန်လေးကြတော့မှာ မဟုတ်ဘူးလေ၊ ခင်ဗျားစဉ်းစားကြည့်မှပေါ့"

ကွမ်းကြိုးက...

"ငါ့ကို ဟန့်တားနှောင့်ယှက်မယ်ဆိုယင် မင်းကို ချမ်းသာပေးမှာ မဟုတ်ဘူးနော်"

ရွှင်ဖုံးကြည် ပြုံးလိုက်သည်။

"အမှတ်နှစ်က ကျုပ်ကို ယုံကြည်စိတ်ချလို့ ခင်ဗျားကို ဆုံးမဖို့ တာဝန်ပေးလိုက်တာပဲဗျာ၊ ကျုပ်ကို ကျော်ဖြတ်နိုင်တယ်ဆိုယင် ခင်ဗျားသွားလို့ ရပါတယ်"

"ရွှင်ဖုံးကြည်၊ မင်းကိုယ်မင်း အထင်ကြီးမနေနဲ့"

ကွမ်းကြိုးသည် ဓားဆွဲကာ မြင်းပေါ်မှ ခုန်ထွက်လာလေတော့သည်။

ရွှင်ဖုန်းကြည်ကလည်း မြင်းပေါ်မှ ခုန်ထွက်လိုက်၏။

နှစ်ယောက်သား လေထဲ ရောက်ရှိသွားကြ၏။

ဓားရောင်များ ဝင်းလက်ထွက်ပေါ်လာသည်။

ဓားနှင့်ဓားချင်း ပြင်းထန်စွာ ထိတွေ့မိကာ တချွင်ချွင် မြည်သံများလည်း ထွက်ပေါ်လာသည်။

နှစ်ယောက်သား လေထဲမှာပင် သိုင်းကွက်ဆယ့်နှစ်ကွက်တိတိ တိုက်ခိုက်လိုက်ကြလေသည်။



လူချင်းလည်း ပူးကပ်မိသွားကြပြီးလျှင်...

"ခွမ်း"

"အား"

ကွမ်းကြိုးမှာ လူတခြား ဓားတခြား ဖြစ်ကာ မြေပေါ် ပြုတ်ကျသွားလေတော့သည်။

* * *

တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်သည်။

ကွမ်းကြိုး၏လက်တစ်ဘက် သွေးချင်းချင်း နီရဲနေ၏။

သူ၏ဓားမှာလည်း မြေပေါ်ကျနေ၏။

ရွှင်ဖုံးကြည်က ကွမ်းကြိုး၏ဓားကို ခြေထောက်ဖြင့် ဖိနင်းထားလိုက်သည်။

လက်ထဲမှ ဓားဖြင့် ကွမ်းကြိုးကို ချိန်ရွယ်ယင်း...

"ခင်ဗျားရှုံးသွားပြီ"

ဟု ပြောလိုက်သည်။

ကွမ်းကြိုး ခံပြင်းနေ၏။

"ငါတို့ဟာ တစ်ဖွဲ့သားချင်း အတူတူပါပဲ၊ မင်းရဲ့သိုင်းပညာဟာ ငါ့ထက် ပိုမသာနိုင်ပါဘူး၊ ငါရှုံးသွားတာက.."

ရွှင်ဖုံးကြည်က...

"ကျုပ်က သစ္စာစောင့်ထိန်းတဲ့လူ၊ ခင်ဗျားက သစ္စာပျက်တဲ့လူ ဘယ်တူပါ့မလဲဗျာ"

သစ္စာစောင့်သူက ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချမှုအပြည့် ရှိနေမည်သာ ဖြစ်ပါသည်။

သစ္စာပျက်ယွင်းသူကား မလုံမလဲ စိုးရိမ်ကြောင့်ကျမှုများဖြင့် ဂဏာမငြိမ် ဆောက်တည်ရာမရနိုင်တော့ပါ။

ထိုအခြေအနေမျိုးတွင် သိုင်းပညာအသုံးပြုကာ တိုက်ပွဲဆင်နွှဲရသောအခါ သိုင်းကွက်များလည်း ဖရိုဖရဲဖြင့် ထိရောက်မှု မရှိနိုင်တော့ပါ။

ထို့ကြောင့် ပညာတူချင်း ဖြစ်ပါလျက် ကွမ်းကြိုး အရေးနိမ့်သွားရခြင်း ဖြစ်ပါတော့သည်။

ရွှင်ဖုံးကြည်က ခြေထောက်တစ်ချက် လှုပ်ရှားလိုက်လျှင်...

"ခွင်"

ဖိနင်းထားသော ကွမ်းကြိုး၏ဓားက အပေါ်မြောက်တက်လာလေသည်။ ရွှင်ဖုံးကြည်က ဓားကို ဖမ်းယူထားလိုက်သည်။

ကွမ်းကြိုးကို စေ့စေ့ကြည့်ပြီး...

"အမိန့်မနာခံတဲ့လူ၊ သစ္စာဖောက်တဲ့လူအတွက် အပြစ်ဒဏ်ဟာ သေဒဏ်ပဲ မဟုတ်လားဗျာ"

ဟု ပြောလိုက်သည်။

သူ၏ခန္ဓာကိုယ်ကို တစ်ချက်လှုပ်ရှားလိုက်ရာ ကွမ်းကြိုးအနီးသို့ ရောက်ရှိသွား၏။

ထို့အတူ ဓားတစ်လက်ကလည်း ကွမ်းကြိုး၏ရင်ဝကို ထိုးဖောက်စိုက်ဝင်သွားလေသည်။

"အား"



ကွမ်းကြိုး ရူးရှူး အော်ဟစ်ယင်း အသက်ပျောက်သွားလေတော့သည်။

သူ၏ရင်ဝ၌ ဓားတစ်လက် စိုက်ဝင်နေ၏။

ထိုဓားသည် ကွမ်းကြိုး ကိုင်ဆောင်ခဲ့သော ဓားပင် ဖြစ်လေသည်။

* * *

ကျိုင်ဝမ်းက မြေပေါ် လူးလိမ့်ညည်းတွားနေ၏။

ရုတ်တရက် သူ၏နံဘေးသို့ လူတစ်ယောက် ရောက်ရှိလာလေသည်။ ရွှင်ဖုံးကြည် ဖြစ်လေသည်။

ကျိုင်ဝမ်းက...

"ကျုပ်မှားသွားပြီ"

ရွှင်ဖုံးကြည် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ကွမ်းကြိုးက.."

"သူသေသွားပါပြီ"

"ကောင်းတယ်၊ ကျုပ်လည်း သေသင့်ပါတယ်"

ရွှင်ဖုံးကြည်က...

"ခင်ဗျားဓားကော"

"သည်မှာ.."

ကျိုင်ဝမ်းက သူ၏ခါးမှဓားကို ထုတ်ပေးလိုက်၏။

ရွှင်ဖုံးကြည်က…

"ခင်ဗျားရဲ့အမှားအတွက် အပြစ်ဒဏ်ခံရမယ်ဆိုတာ ခင်ဗျားသိပါတယ်"

"ဟုတ်တယ်"

"ကျုပ်စိတ်မကောင်းပါဘူးဗျာ"

ရွှင်ဖုံးကြည်က ကျိုင်ဝမ်း၏ဓားဖြင့် ကျိုင်ဝမ်း၏ရင်ဝကို ပြန်လည်ထိုးစိုက်ချလိုက်လေတော့သည်။

* * *

အမှတ်နှစ်သည် သူ့ရှေ့သို့ ရောက်လာသည့် ရွှင်ဖုံးကြည်ကို ကြည့်လိုက်သည်။

ရွှင်ဖုံးကြည်သည် ကျိုင်ဝမ်းနှင့် ကွမ်းကြုံးတို့ ယူသွားသော ရွှေဒင်္ဂါးအိတ်နှစ်လုံးကို အမှတ်နှစ်ထံ၌ အပ်နှံလိုက်လေသည်။

တဖန်…

ကျိုင်ဝမ်းနှင့် ကွမ်းကြုံးတို့၏ ဓားနှစ်လက်ကိုလည်း အပ်နှံလိုက်လေသည်။

အမှတ်နှစ် ပြုံးလိုက်သည်။

"မင်းကို ဒုဂိုဏ်းချုပ်စုလိရှနဲ့ အမှတ်တစ်တို့က ဘာကြောင့် ယုံကြည်စိတ်ချပြီး အားကိုးအားထားပြုကြတယ်ဆိုတာ ငါကောင်းကောင်းကြီး သဘောပေါက်ထားပါတယ်"

ရွှင်ဖုံးကြည် ဦးညွှတ်လိုက်သည်။ အမှတ်နှစ် ဆက်ပြော၏။



"တိမ်ကြားမိုးယံဂိုဏ်းက ရွှေသစ္စာဂိုဏ်းကို ဖျက်ဆီးပစ်လိမ့်မယ်၊ တို့ရဲ့ ရဲစွမ်းသတ္တိနဲ့ စိတ်ဓာတ် ဘယ်လောက်ပဲ မြင့်မားပါစေ၊ လူအင်အားကော သိုင်းပညာပါသာတဲ့ 'တိမ်ကြားမိုးယံ'ဂိုဏ်းကို ရေရှည်ယှဉ်နိုင်မှာ မဟုတ်ပါဘူး၊ နောက်ဆုံး ပြိုကွဲပျက်စီးသွားရမှာပါပဲ"

ရွှင်ဖုံးကြည် အံ့ကြိတ်ထားလိုက်လေသည်။

အမှတ်နှစ်က…

"နောက်ဆုံး ရွှေသစ္စာဂိုဏ်း ပြိုကွဲပျက်စီးရမယ်ဆိုတာ ဂိုဏ်းချုပ်ကော ဒုဂိုဏ်းချုပ်ပါ နားလည်ထားကြတယ်၊ ဒါပေမယ့် နောက်ဆုံးအချိန်အထိ တိုက်ပွဲဝင်သွားဖို့ ဆုံးဖြတ်ထားကြတယ်၊ 'တိမ်ကြားမိုးယံ'ဂိုဏ်းကို တို့လူစုရဲ့ လုပ်ဆောင်မှုနဲ့ပဲ အောင်မြင်နိုင်မယ်ဆိုတာ သိထားကြလို့ ရွှေဒင်္ဂါးတွေကို ဘေးမသီရန်မခ စောင့်ရှောက်ပို့ဆောင်ပေးဖို့ တို့ကို တာဝန်ပေးလိုက်တာ"

ရွှေဒင်္ဂါးများ ရှောင်လင်ကျောင်းသို့ ရောက်ရှိသွားပြီး 'ဗုဒ္ဓကျူး'ကိုယ်တော်နှင့် ကောင်းထုံရသေ့တို့၏ တင်ပြမှုဖြင့် ရှောင်လင်၊ ဝုတန်ဂိုဏ်းကြီးများမှ နန်းတွင်းနှင့် ဆက်သွယ်ကာ အဖြစ်မှန်ကို ဖော်ထုတ်ပြီး တိမ်ကြားမိုးယံဂိုဏ်းကို အရေးယူလိမ့်မည် ဖြစ်လေသည်။

တိမ်ကြားမိုးယံဂိုဏ်းမှာ အရေးယူခံရကာ ပျက်စီးကိန်း ကြုံရမည်သာ ဖြစ်လေသည်။

သို့သော်…

ထိုအခြေအနေသို့ ရောက်ရှိဖို့ အချိန်အတန်ကြာ စောင့်ဆိုင်းရဦးမည် ဖြစ်သည်။

စောင့်ဆိုင်းနေရဦးမည့် အချိန်ကာလအတွင်း 'တိမ်ကြားမိုးယံ'ဂိုဏ်းက ရွှေသစ္စာဂိုဏ်းကို ဖျက်ဆီးပစ်လိုက်မည်သာ ဖြစ်လေသည်။

ရွှေသစ္စာဂိုဏ်းသည် အမှန်တရားဘက်မှ ရပ်တည်ယင်း နောက်ဆုံး တစ်ဂိုဏ်းလုံး၏အသက်ကို ပေးဆပ်ကာ 'ရာဇဝင်'တွင် စေလိမ့်မည် ဖြစ်သည်။

"ငါတို့အားလုံး သေဆုံးသွားတဲ့အထိ တိုက်ပွဲတွေနဲ့ ရင်ဆိုင်သွားရလိမ့်မယ်"

ဒုဂိုဏ်းချုပ်စုလိရ ပြောခဲ့သော စကားများကို ရွှင်ဖုံးကြည် ပြန်လည်ကြားယောင်လာလေသည်။

အမှတ်နှစ်က...

"တို့အားလုံး အမှန်တရားဘက်က ရပ်တည်ယင်း သူ့ရဲ့ကောင်းတွေအဖြစ် သေဆုံးသွားကြရတာ ဂုဏ်ယူစရာပါပဲ၊ ဒါပေမယ့် ရဲဂုဏ်ပြောင်မြောက်တဲ့ ရွှေသစ္စာဂိုဏ်း ပျက်စီးပျောက်ကွယ်သွားရမှာတော့ ဝမ်းနည်းစရာကောင်းတယ်လို့ ငါထင်မိတယ်၊ ရွှင်ဖုံးကြည်၊ မင်းကော ဘယ်လိုသဘောရသလဲ"

ဟု အကျိုးအကြောင်း ရှင်းပြယင်း မေးလေသည်။

ရွှင်ဖုံးကြည် ဦးညွှတ်လိုက်သည်။

"အစ်ကိုကြီးပြောတာ မှန်ပါတယ် ခင်ဗျာ၊ ရွှေသစ္စာဂိုဏ်းကို ဘယ်လိုအရာနဲ့မှ အစားထိုးလို့ မရပါဘူး"

အမှတ်နှစ် ပြုံးလိုက်သည်။

"အားလုံးက အသက်စွန့်ခဲ့ကြတယ်၊ ဒါပေမယ့် ရွှေသစ္စာ



ဂိုဏ်း လောကပေါ်က ပျောက်ကွယ်သွားမှာကို မလိုလားကြဘူး၊ အထူးသဖြင့် ရွှေသစ္စာဂိုဏ်းကို ထူထောင်ခဲ့ကြတဲ့ ခေါင်းဆောင်ကြီးတွေက ပိုပြီး မလိုလားကြဘူး၊ ဒါကြောင့် ရွှေသစ္စာဂိုဏ်း ထာဝရရှင်သန်နေဖို့ ကြိုတင်စီမံထားခဲ့ကြတယ်"

ရွှင်ဖုံးကြည် စိတ်ဝင်စားသွားလေသည်။

"ဘယ်လိုစီမံထားတယ်ဆိုတာ ကျွန်တော်သိခွင့် မရှိဘူးလား အစ်ကိုကြီး"

အမှတ်နှစ်က...

"မင်းသိရမှာပေါ့၊ သည်အစီအမံအတိုင်း ထမြောက်အောင်မြင်အောင် မင်းကြိုးစားစွမ်းဆောင်ရမှာ၊ အကြီးအကဲတွေက ရွှေသစ္စာဂိုဏ်းရဲ့ ကံကြမ္မာကို မင်းလက်ထဲ အပ်လိုက်ဖို့ ဆုံးဖြတ်ခဲ့ကြတာပဲ"

ရွှင်ဖုံးကြည် မယုံနိုင်အောင် ဖြစ်သွားလေသည်။

အလွန်ကြီးလေးသော တာဝန်တစ်ရပ် သူ၏ဦးခေါင်းပေါ် ကျလာပြီဟု အထိတ်တလန့်လည်း ဖြစ်သွားလေသည်။

အမှတ်နှစ်က...

"တို့ထွက်လာခဲ့တာ အချိန်အတော်ကြာသွားပြီ၊ တိမ်ကြားမိုးယံဂိုဏ်းနဲ့ ရွှေသစ္စာဂိုဏ်းရဲ့ တိုက်ပွဲတွေလည်း ပိုပြီး ပြင်းထန်နေတော့မယ်၊ ခုချိန်လောက်အထိ ရွှေသစ္စာဂိုဏ်းက အံတုဖို့ဆိုတာ လွယ်တော့ဘူး"

ရွှင်ဖုံးကြည်သည် ယခုချက်ချင်းပင် ရွှေသစ္စာဂိုဏ်းသို့ လှည့်ပြန်သွားလိုစိတ်များ ဖြစ်ပေါ်လာလေတော့သည်။

အမှတ်နှစ်က…

"ရေ့ငါးမိုင်လောက်အကွာမှာ မြို့ကလေးတစ်မြို့ ရှိတယ်၊ အဲသည် မြို့ကလေးကို မင်းအယင်သွားပြီး မြင်းလှည်းတစ်စီး စီစဉ်ထားရမယ်"

ရွှင်ဖုံးကြည် သက်ပြင်းချလိုက်သည်။

သူ၏စိတ်ဆန္ဒအတိုင်း နောက်ကြောင်းလှည့်ပြန်ဖို့ မဖြစ်နိုင်ပါ။

အမိန့်ကို နာခံရမည်၊ တာဝန်အတိုင်း တိတိကျကျ ထမ်းဆောင်ရမည် မဟုတ်ပါလား။ အမှတ်နှစ်က…

"မြင်းလှည်းအဆင်သင့် ဖြစ်ပြီဆိုတာနဲ့ တို့ရောက်လာတဲ့အခါ ရွှေဒင်္ဂါးတွေကို မြင်းလှည်းနဲ့ ဆက်ပြီး သယ်ဆောင်သွားရမယ်၊ ကောင်းတဲ့ရှေ့၊ ဗုဒ္ဓကျူးကိုယ်တော်တို့နဲ့အတူ ရှောင်လင်ကျောင်းကို ရောက်တဲ့အထိ ကူညီဆောင်ရွက်ရမယ်၊ ရှောင်လင်ကျောင်းက တိမ်ကြားမိုးယံဂိုဏ်းကို အရေးယူတဲ့အခါ ရွှေသစ္စာဂိုဏ်းရဲ့ သက်သေကိုယ်စားလှယ်အဖြစ် မင်းရှိနေရမယ်၊ ဒါဟာ ဒုဂိုဏ်းချုပ်ရဲ့ အစီအမံပဲ"

ရွှင်ဖုံးကြည်က…

"ကျန်တဲ့လူတွေကော အစ်ကိုကြီး"

အမှတ်နှစ် ပြုံးလိုက်သည်။

"မင်းတာဝန်ကို မင်းကျေပွန်အောင် ဆောင်ရွက်ပါ၊ ကျန်တဲ့လူတွေကလည်း သူတို့တာဝန်ကျေကြပါလိမ့်မယ်"

ရွှင်ဖုံးကြည် သက်ပြင်းချလိုက်ပြန်လေသည်။



အမှတ်နှစ်က…

"ဒုဂိုဏ်းချုပ်က နောင်တစ်ချိန် ရွှေသစ္စာဂိုဏ်းကို ပြန်လည်ဆောင်တဲ့အခါ ဘယ်လိုစီရင်ဆောင်ရွက်ရမယ်ဆိုတာ ညွှန်ကြားတဲ့ စာတစ်စောင် မင်းအတွက် ပေးလိုက်တယ်"

အင်္ကျီရင်ဘတ်ကြားမှ အညိုရောင်စာအိတ်ရှည်တစ်လုံးထုတ်ကာ ပေးလေသည်။

ရွှင်ဖုံးကြည် လက်နှစ်ဘက်ဖြင့် ရိုရိုသေသေ လက်ခံယူလိုက်လေသည်။ အမှတ်နှစ်က…

"ရှောင်လင်ကျောင်းက တိမ်ကြားမိုးယံဂိုဏ်းကို အရေးယူပြီးပြီဆိုတဲ့ အချိန်ရောက်မှ သည်စာကို ဖတ်ကြည့်ရမယ်လို့လည်း ဂိုဏ်းချုပ်က မှာလိုက်တယ်"

"စိတ်ချပါ အစ်ကိုကြီး၊ အချိန်မတန်ဘဲ ကျွန်တော်လုံးဝ ဖောက်မဖတ်ဘူးလို့ ကတိပေးပါတယ်"

"မင်းကို ငါယုံကြည်ပါတယ်၊ ကဲ သွားပေတော့"

"ဟုတ်ကဲ့"

ရွှင်ဖုံးကြည်သည် အမှတ်နှစ်နှင့်တကွ အားလုံးကို နှုတ်ဆက်လိုက်၏။

ဒုဂိုဏ်းချုပ်စုလိရက ရွှေသစ္စာဂိုဏ်း ထာဝရ တည်တံ့နေနိုင်အောင် စီမံဆောင်ရွက်ရာ၌ ရွှင်ဖုံးကြည်အား အဓိက တာဝန်ပေးခဲ့လေသည်။

ရွှင်ဖုံးကြည်သည် အသက်ဆက်လက် ရှင်သန်နေဦးမည်သာ ဖြစ်လေသည်။

သို့သော်…

အသက်ရှင်ကျန်ရစ်ခဲ့မည်ကို ရှင်ဖုံးကြည် ဝမ်းမသာနိုင်ပါ။

သူ၏ကျေးဇူးရှင်ဆရာသမားများနှင့် မိတ်ဆွေရောင်းရင်းများအားလုံးနှင့် ထာဝရခွဲခွာရမည် မဟုတ်ပါလား။

ရှင်ဖုံးကြည်သည် ခေါင်းငိုက်စိုက်ချကာ ထွက်သွားလေတော့သည်။

ကောင်းတိုရသေ့နှင့် ဗုဒ္ဓကျူးကိုယ်တော်တို့က ဘာမှ မပြောကြပါ။

ရွှေသစ္စာဂိုဏ်း၏အတွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မပြုလိုကြ၍ ဖြစ်လေသည်။ ရှင်ဖုံးကြည် ထွက်သွားပြီးမှ…

"ကဲ တို့လည်း သွားကြမယ်ဟေ့"

အမှတ်တစ်က ဆော်ဩလိုက်လေသည်။

သူတို့ရှေ့ဆက်သွားကြရဦးမည် ဖြစ်သည်။

အမှတ်နှစ်မှာ ရှေ့ဆက်သွားဖို့ထက် နောက်ကြောင်းလှည့်ပြန်သွားလိုသည်။

ယခုအချိန်လောက်ဆိုလျှင် တိမ်ကြားမိုးယံဂိုဏ်းနှင့် ရင်ဆိုင်နေရသော ရွှေသစ္စာဂိုဏ်းမှာ အခြေအနေ ဆိုးဝါးနေလောက်ပြီဟု နားလည်ထားသည်။

သူလည်း မိမိဆန္ဒကို ရှေ့တန်းမတင်နိုင်သေးပါ။

တာဝန်ရှိသည့်အတိုင်း ကျေပွန်အောင် ထမ်းဆောင်ရဦးမည် မဟုတ်ပါလား။

* * *



## တိုက်ပွဲများ

ရွှေသစ္စာဂိုဏ်း…

ရွှေသစ္စာဂိုဏ်း၌ တိုက်ပွဲများ အတော်မသတ် ဖြစ်ပွားနေ၏။

ဂိုဏ်းမှူးဗီလောင်က လူဆိုးဓားပြနှစ်ယောက်အား ခေါ်ဆောင်လာကာ ဘုရင့်ဘဏ္ဍာတော်များအား ရွှေသစ္စာဂိုဏ်းက လုယက်ပါသည်ဟု လုပ်ကြံစွပ်စွဲခဲ့လေသည်။

ဤတွင် ဂိုဏ်းချုပ်ကျော့ဟောင်နှင့် ဒုဂိုဏ်းချုပ်စုလိရှတို့က ဒေါသမထိန်းနိုင်တော့ဘဲ တိုက်ခိုက်လိုက်ကြလေတော့သည်။

ဂိုဏ်းမှူးကြီးဗီလောင်သည် တိမ်ကြားမိုးယံဂိုဏ်း၌ ဂိုဏ်းမှူးကြီးအဆင့်သာ ရှိသော်လည်း သူ၏သိုင်းပညာမှာ ကျင်းဂိုဏ်းချုပ်၊ ရွှေသစ္စာဂိုဏ်းချုပ်တို့ထက် သာလေသည်။

ထို့ကြောင့် စုလိရှက တိုက်ခိုက်လိုက်သော်လည်း သိုင်းကွက်ဆယ်ကွက် မပြည့်မီ နောက်ဆုတ်လိုက်ရလေတော့သည်။

“ဟား...ဟား...ဟား”

ဂိုဏ်းမှူးကြီးဝီလောင် ဟားတိုက်ရယ်မောလိုက်လေသည်။

“မင်းတို့ ရွှေသစ္စာဂိုဏ်းက ဘာများတတ်နိုင်မှာမို့လဲ”

စုလိရှက...

“ကျုပ် ဘာကြောင့် မတတ်နိုင်ရမှာလဲ”

အံကြိတ်ကာ ထပ်မံတိုက်ခိုက်လိုက်လေသည်။

ထိုအချိန်မှာပင်...

“ကျုပ်လည်း ရှိပါသေးတယ်ဗျာ”

ဂိုဏ်းချုပ်ကေ့ဟောင် ခုန်ဝင်လာလေသည်။

ရွှေသစ္စာဂိုဏ်းသားများကလည်း...

“ယား”

ညာသံပေးကာ တဟုန်ထိုး တိုက်ခိုက်လိုက်ကြလေသည်။

ရွှေသစ္စာဂိုဏ်း အဆောက်အဦးရှေ့၌ ပြင်းထန်သော တိုက်ပွဲကြီး ပေါ်ပေါက်လာလေတော့သည်။

* * *

ဂိုဏ်းမှူးကြီးဝီလောင်နှင့်အတူ တိမ်ကြားမိုးယံဂိုဏ်းသား တစ်ရာကျော် လိုက်ပါလာခဲ့ကြလေသည်။

တိမ်ကြားမိုးယံဂိုဏ်းသားများသည် ထိပ်သီးဂိုဏ်းကြီးတစ်ခု၏ ဂိုဏ်းသားများ ဖြစ်ကြခြင်းကြောင့် ဂုဏ်ယူဝင့်ကြွားနေကြသည်။

ရွှေသစ္စာဂိုဏ်းကဲ့သို့ ဂိုဏ်းငယ်လေးတစ်ခုအား အလွယ်



တကူ ချေမှုန်းနိုင်မည်ဟု ယုံကြည်ထားကြသည်။

သို့သော်...

တကယ်တမ်း ရင်ဆိုင်လိုက်ကြသောအခါ ရွှေသစ္စာဂိုဏ်းသားများ၏ တုန့်ပြန်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေ၍ အံ့သြထိတ်လန့်သွားကြတော့သည်။

ဂိုဏ်းမှူးကြီးဝီလောင်ကိုယ်တိုင် စုလိရှနှင့် ကေ့ဟောင်က လက်တွဲကာ အကြောက်အကန် တိုက်ခိုက်ခြင်းနှင့် ရင်ဆိုင်နေရပြီး ထင်တိုင်းမပေါက်တော့သည်ကို တွေ့မြင်နေကြရသဖြင့် ပိုပြီး ထိတ်လန့်လာကြလေသည်။

“အား”

“အမယ်လေး”

“သေပါပြီဗျ”

စူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်နေ၏။

ညာသံပေးသံများ၊ လက်နက်များ ပြင်းထန်စွာ တွေ့ထိမိသော အသံများလည်း ဆူညံနေသည်။

ရွှေသစ္စာဂိုဏ်းသားများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။

ထို့အတူ...

တိမ်ကြားမိုးယံဂိုဏ်းသားများလည်း မသက်သာကြပါချေ။

ရွှေသစ္စာဂိုဏ်းသားတစ်ယောက် လဲကျသွားတိုင်း တိမ်ကြားမိုးယံဂိုဏ်းသား ရှစ်ယောက်၊ ကိုးယောက်ခန့် လဲကျသွားသည် မဟုတ်ပါလား။

ရွှေသစ္စာဂိုဏ်းသားများသည် မတရားမှုကို တွန်းလှန်ဖို့ အသက်စွန့်ရန် ဝန်မလေးကြပါ။

တိမ်ကြားမိုးယံဂိုဏ်းသားများကား နိုင်ငံထက်စီးနင်းပြုကျင့်ဖို့ ကြိုးစားယင်း ထိခိုက်လာကြခြင်းကြောင့် အသက်ဆုံးရှုံးရမည့် အရေး စိုးရိမ်ပူပန်လာကြလေသည်။

တိမ်ကြားမိုးယံဂိုဏ်းဘက်မှ အစစအရာရာ သာလွန်နေသည့်တိုင်အောင် ရွှေသစ္စာဂိုဏ်းသားများ၏စိတ်ဓာတ်ကို မမီနိုင်ပါ။

ရွှေသစ္စာဂိုဏ်းသားများ၏ မဟုတ်မခံသော စိတ်ဓာတ်က နောက်ဆုံး အသာစီးရသွားလေတော့သည်။

တိမ်ကြားမိုးယံဂိုဏ်းသားများသည် တဖြည်းဖြည်း နောက်ဆုတ်သွားကြတော့သည်။ ထိုအချိန်မှာပင်...

"ကျုပ်တို့လည်း ရှိသေးတယ်ဗျ"

ရွှေသစ္စာဂိုဏ်းမှ ဌာနမှူးကြီးဝမ်ကျို့ထင်းက ညာသံပေးကာ ခုန်ဝင်သွားပြီး ဂိုဏ်းချုပ်ကျော့ဟောင်၊ ဒုဂိုဏ်းချုပ်စုလိရှတို့အား ကူညီကာ ဂိုဏ်းမှူးကြီးဝီလောင်ကို တိုက်ခိုက်လိုက်လေသည်။

ရွှေသစ္စာဂိုဏ်းမှ ဌာနခွဲမှူးများ ဖြစ်ကြသော 'ဝေကောင်း'၊ 'ချန်ကျား'၊ 'သုဟုတ်'နှင့် 'ကျင်းထင်းကွမ်း'တို့ကလည်း ပါဝင်တိုက်ခိုက်လာကြလေသည်။

ပုရွက်ဆိတ်များ အုံခဲသကဲ့သို့ ဝိုင်းအုံစုပြုကာ ကျားကုတ်ကျားခဲ တိုက်ခိုက်လာကြခြင်းကြောင့် ဂိုဏ်းမှူးကြီးဝီလောင် ထိတ်လန့်သွားလေတော့သည်။

"မင်းတို့က လူအများနဲ့ ကျုပ်ကို ဝိုင်းပြီး တိုက်ခိုက်ကြတာ



ဘူး၊ တော်တော်သတ္တိကောင်းနေကြတယ်ပေါ့လေ"

စကားနာထိုးလိုက်သော်လည်း ဂိုဏ်းချုပ်ကျော့ဟောင်တို့က ဘာမှမပြောဘဲ ရှေ့ဆက်၍ အတင်းဖိတိုက်ကြလေသည်။

ဂိုဏ်းမှူးကြီးဝီလောင်သည် တိုက်ခိုက်မှုကို မခံနိုင်တော့ဘဲ နောက်ဆုတ်လိုက်ရတော့သည်။

ထိုအချိန်မှာပင် ပစ်လွှင့်လာသော လှံတိုတစ်ချောင်းက သူ့ရင်ဝကို တည့်တည့်မတ်မတ် ထိမှန်သွားတော့သည်။

"အား"

ဂိုဏ်းမှူးကြီးဝီလောင် အထိတ်တလန့် အော်ယင်း မြေပေါ်သို့ ထောက်ကျသွား၏။

"သေပေတော့"

ဂိုဏ်းချုပ်ကျော့ဟောင်တို့လူစုက အနီးသို့ ချက်ချင်း ဝိုင်းအုံရောက်ရှိလာကြသောအခါ...

* * *

ဂိုဏ်းမှူးကြီးဝီလောင်နှင့် တိမ်ကြားမိုးယံဂိုဏ်းသား သုံးပုံနှစ်ပုံ ကျဆုံးသွားကြလေသည်။

ကျန်ဂိုဏ်းသားများနှင့် ခေါင်းဆောင်ငယ်များလည်း ထိခိုက်ဒဏ်ရာ အမျိုးမျိုးဖြင့် အသက်လု ထွက်ပြေးသွားကြရလေသည်။

"အောင်ပြီ..အောင်ပြီ"

ရွှေသစ္စာဂိုဏ်းသားများ လက်သီးလက်မောင်းတန်းကာ

ဟစ်ကြွေးလိုက်ကြလေသည်။

ဂိုဏ်းချုပ်ကျော့ဟောင်၊ ဒုဂိုဏ်းချုပ်စုလိရှနှင့် အကြီးအက
များမှာ ဒဏ်ရာများ ရရှိထားကြသော်လည်း မျက်နှာများ ပြုံးရွှင်နေ
ကြလေသည်။

ဂိုဏ်းချုပ်ကျော့ဟောင်က...

"ရွှေသစ္စာဂိုဏ်းကို အထင်သေးလို့ မရဘူးဆိုတာ သူတို့
ကောင်းကောင်းကြီး သဘောပေါက်သွားကြပြီ"

ဒုဂိုဏ်းချုပ်စုလိရှက...

"ဟုတ်ပါတယ် ဂိုဏ်းချုပ်၊ သူတို့ အလန့်တကြား ဖြစ်ကုန်
ကြမှာပါ။ ဒါပေမယ့် သူတို့က အင်အားတောင့်တင်းနေဆဲပါပဲ၊ ကျု
တို့ကို ချေမှုန်းဖို့ နှစ်ဆပိုပြီး ကြိုးပမ်းလာကြမှာပါ"

ဂိုဏ်းချုပ်ကျော့ဟောင် ပြုံးလိုက်သည်။

"သည်လိုဆိုတော့လည်း ကျုပ်တို့ နှစ်ဆပိုပြီး တိုက်ခိုက်ြ
တာပေါ့"

ထိုစကားကြောင့် အားလုံး ရယ်မောလိုက်ကြလေသည်။

ဒုဂိုဏ်းချုပ်စုလိရှက...

"ဂိုဏ်းချုပ်၊ ရန်သူတွေ ရောက်လာတဲ့အထိ စောင့်နေမယ့်
အစား သုံးမိုင်ကွေ့တောင်ကြားအထိ ထွက်ကြိုပြီး တိုက်ခိုက်ကြတာ
ပိုကောင်းမယ် ထင်ပါတယ်"

သူ၏အကြံအစည်ကို ပြောပြလိုက်လေသည်။

ဂိုဏ်းချုပ်ကျော့ဟောင် သဘောကျသွား၏။

"သည်အကြံကောင်းတယ်၊ ထိခိုက်ဒဏ်ရာရထားတဲ့လူတွေ



နေရစ်ခဲ့ကြပြီး ကျန်တဲ့လူတွေအားလုံး သုံးမိုင်ကွေ့တောင်ကြားကို
သွားကြမယ်"

ဟု အမိန့်ထုတ်လိုက်လေတော့သည်။

* * *

သုံးမိုင်ကွေ့တောင်ကြား...

ထိုတောင်ကြားသည် ရွှေသစ္စာဂိုဏ်းသို့ မရောက်မီ သုံးမိုင်
ခန့် အလိုတွင် တည်ရှိသော တောင်ကြား ဖြစ်သည်။

တောင်ကြားလမ်း ဖြစ်သော်လည်း သစ်တောများ ဖုံးလွှမ်း
ထားသည့်တိုင်အောင် ကျယ်ဝန်းသည်။

အကွေ့အကောက် ထူပြောခြင်းတစ်ခုသာ ပြောစရာ ရှိလေ
သည်။

တိမ်ကြားမိုးယံဂိုဏ်းချုပ် သုရှောင်ထင်းသည် ဂိုဏ်းမှူးကြီး
ဝီလောင် ကူခုံးသွားပြီး တိမ်ကြားမိုးယံဂိုဏ်းသားများ အရေးနိမ့်
ကာ ထွက်ပြေးဆုတ်ခွာလာရသည့် သတင်းကြားလျှင် ဒေါသချောင်း
ချောင်း ထွက်သွားတော့သည်။

"တောက် အသုံးမကျလိုက်ကြတာ၊ ဘာမဟုတ်တဲ့ ရွှေ
သစ္စာဂိုဏ်းလို ပမွှားဂိုဏ်းလေးတစ်ခုကိုတောင် နိုင်အောင် မတိုက်
နိုင်ကြဘူးလား၊ ရှက်စရာကောင်းလိုက်တာ"

ထွက်ပြေးလာသော ဂိုဏ်းသားများအား သေဒဏ်ချမှတ်
လိုက်တော့သည်။

"တိုက်ပွဲကို နိုင်အောင် တိုက်ရမယ်၊ ထွက်ပြေးယင် သေဒဏ်ပဲ"

တဖန်...

"ဒုဂိုဏ်းချုပ်ကို့ချောင်းက ရွှေသစ္စာဂိုဏ်းကို ချေမှုန်းဖို့ တာဝန်ယူပါ"

ဟု အမိန့်ထုတ်လိုက်သည်။

ဒုဂိုဏ်းချုပ်ကို့ချောင်းလည်း တိမ်ကြားမိုးယံဂိုဏ်းမှ ထိပ်တန်းသိုင်းသမားအားလုံးနီးပါးနှင့် ဂိုဏ်းသားတစ်ထောင်ခန့် ခေါ်ကာ ရွှေသစ္စာဂိုဏ်းကို ချေမှုန်းရန် ချက်ချင်း ထွက်သွားလေတော့သည်။

* * *



## သူရဲကောင်းတို့မြေ

သုံးမိုင်ကွေ့တောင်ကြား...

တိမ်ကြားမိုးယံဂိုဏ်းမှ ဒုဂိုဏ်းချုပ်ကို့ချောင်းနှင့် ဂိုဏ်းသားများသည် ရွှေသစ္စာဂိုဏ်းသို့ အပြင်းချီတက်လာကြယင်း သုံးမိုင်ကွေ့တောင်ကြားသို့ ရောက်ရှိလာကြလေသည်။

အကွေ့အကောက်များသော တောင်ကြားလမ်းသည် အန္တရာယ်ထူပြောသည့် လမ်းခရီးတစ်ခု ဖြစ်တတ်ကြောင်း ကို့ချောင်း နားလည်ထားလေသည်။

သို့သော်...

ရွှေသစ္စာဂိုဏ်းအား တိုက်ခိုက်လိုစိတ် ပြင်းပျနေခြင်းကြောင့် ကို့ချောင်းက ဘာကိုမှ အမှုမထားတော့ဘဲ တောင်ကြားလမ်းကို ဖြတ်ကျော်လိုက်လေသည်။

တောင်ကြားထဲသို့ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်လာကြပြီး မကြာမီ လမ်းလယ်ကောင်၌ စိုက်ထူထားသော ဆိုင်းဘုတ်တစ်ခုကို တွေ့လိုက်ရလေသည်။

ဆိုင်းဘုတ်ပေါ်၌...

"သူရဲကောင်းတို့မြေ မကျူးကျော်ရ၊ ကျူးကျော်လျှင် သေဒဏ်"

ဟု အနီရောင်စာလုံးများဖြင့် ရေးသားထားလေသည်။

ကိုချောင်း ဒေါသထွက်သွားလေသည်။

အားထားရသော လက်ထောက်တစ်ယောက်ကို ခေါ်ကာ...

"ဆိုင်းဘုတ်ကို ဖျက်ဆီးပစ်လိုက်စမ်း"

ဟု အမိန့်ပေးလိုက်လေသည်။

"အမိန့်အတိုင်းပါ"

လက်ထောက်သည် ဆိုင်းဘုတ်အနီးသို့ ချက်ချင်းချဉ်းကပ်သွားပြီး ဓားဖြင့် ခုတ်ချလိုက်လေသည်။

ဆိုင်းဘုတ်လည်း အပိုင်းပိုင်းဖြစ်ကာ ပျက်စီးသွားတော့သည်။

ထိုအချိန်မှာပင်...

"ဝုန်း"

ဆိုင်းဘုတ်အောက်မှ မြေကြီးများ ကွဲတက်လာကာ လူတစ်ယောက် ခုန်ထွက်လာလေသည်။

ထိုလူသည် ရုတ်ခြည်းထွက်ပေါ်လာပြီး တိုက်ခိုက်လိုက်ရာ...

"အား"

လက်ထောက်သိုင်းသမား မြေပေါ်ပုံလျက်သား လဲကျ အသက်ပျောက်သွားတော့သည်။

"ဟင်"



"ဟာ"

ကိုချောင်းတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

မြေကြီးထဲမှ ခုန်ထွက်လာသူက...

"သတ္တိရှိယင် လိုက်ခဲ့ကြ"

ဟု စိန်ခေါ်ကာ ပြေးလွှားသွားတော့သည်။

ကိုချောင်း ဒေါသတကြီး အော်ငေါက်လိုက်သည်။

"လိုက်ကြစမ်း"

ထိုအခါမှ တိမ်ကြားမိုးယံဂိုဏ်းသားများ သတိဝင်လာကြပြီး...

"လိုက်ကြဟေ့"

"မလွှတ်စေနဲ့"

ညာသံပေးကာ ပြေးလိုက်သွားကြလေသည်။

ထိုအချိန်မှာပင် လမ်းဘေးတစ်ဘက်တစ်ချက်ရှိ ကျောက်တုံးကျောက်ခဲများ၊ သစ်ပင်ချုံနွယ်များကြား၌ ပုန်းအောင်းနေကြသော ရွှေသစ္စာဂိုဏ်းသားများ ခုန်ထွက်လာကြပြီး ဝဲယာမှညှပ်ကာ တိုက်ခိုက်လိုက်ကြလေသည်။

စိန်ခေါ်ရောင်တိမ်းသွားသူအပေါ် အာရုံရောက်နေကြသော တိမ်ကြားမိုးယံဂိုဏ်းသားများ အငိုက်မိသွားကြပြန်လေသည်။

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှစွာ အော်ဟစ်ယင်း တစ်ယောက်ပြီးတစ်ယောက် လဲကျ

သွားကြတော့သည်။

ပုန်းကွယ်ရာမှ ခုန်ထွက်လာကြသူများသည် စိန်ခေါ်ရှောင်တိမ်းသွားသူနောက်သို့ ပြေးလိုက်သွားကြလေသည်။

ကိုချောင်း မျက်လုံးကြီး ပြူးထွက်လာအောင် စိတ်ဆိုးသွားတော့သည်။

"ဘာလုပ်နေကြတာလဲ လိုက်ကြပါတော့လား"

အော်ငေါက်ယင်း ကိုယ်တိုင်လည်း မြင်းဒုန်းစိုင်းနှင်ကာလိုက်သွားလေသည်။

တောင်ကြားထဲ၌ ကြွေးကြော်သံများ၊ မြင်းခွာသံ၊ မြင်းဟီသံများ ကျယ်လောင်မြည်ဟီးသွားတော့သည်။

ကိုချောင်းဦးဆောင်သော တိမ်ကြားမိုးယံဂိုဏ်းသားများအလုံးအရင်းဖြင့် တဟုန်ထိုး လိုက်သွားကြရာ မကြာပါချေ။

အလွန်ကျဉ်းမြောင်းသော တောင်ကြားတစ်ခုအတွင်းသို့ရောက်သွားပြီး တိမ်ကြားမိုးယံဂိုဏ်းသားများဖြင့် ပြည့်ကြပ်သွားတော့သည်။

ထိုအချိန်မှာပင်...

"ဝုန်း...ဝုန်း...ဝုန်း"

ကျယ်လောင်မြည်ဟီးသံများနှင့်အတူ ဝဲယာနှစ်ဘက်ရှိ မြင့်မားသော တောင်ထိပ်ပေါ်မှ ကျောက်တုံးကျောက်ခဲများ လိမ့်ဆင်းလာလေတော့သည်။

ကိုချောင်း ရင်ထိတ်သွား၏။

ထောင်ချောက်တစ်ခုအတွင်း ရောက်ရှိနေပြီ ဖြစ်ကြောင်း



နားလည်လိုက်လေသည်။

ကိုချောင်းသည် တိမ်ကြားမိုးယံဂိုဏ်း၌ တာဝန်ထမ်းဆောင်ယင်း တိုက်ပွဲပေါင်းများစွာကို ရင်ဆိုင်တိုက်ခိုက်ခဲ့သူ ဖြစ်သည်။

တိုက်ပွဲတိုင်း၌ လက်အောက်ငယ်သားများကို ခေါင်းဆောင်မှုပေးနိုင်ပြီး အောင်ပွဲခံနိုင်ခဲ့သူ ဖြစ်သည်။

အသက်ခြောက်ဆယ်ကိုချောင်းဆိုလျှင် ရန်သူအပေါင်း ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ထိတ်လန့်သွားရသည်ချည့် ဖြစ်လေသည်။

ကိုချောင်း အံကြိတ်လိုက်သည်။

ထောင်ချောက်ထဲ ရောက်နေမှန်း သိထားသော်လည်း နောက်မဆုတ်တော့ဘဲ...

"လိုက်ကြစမ်း"

ဟု အသံပါကြီးဖြင့် အော်ပြောကာ ရှေ့သို့ မြင်းဒုန်းစိုင်းလိုက်လေသည်။

ကျောက်တုံးကျောက်ခဲများ အဆက်မပြတ် ကျဆင်းလာ၏။

ကျဉ်းမြောင်းသော တောင်ကြားထဲ၌ စုပြုံရောက်ရှိနေကြသော တိမ်ကြားမိုးယံဂိုဏ်းသားများမှာ မိုးသီးမိုးပေါက်ပမာ အဆက်မပြတ် ကျရောက်လာသော ကျောက်တုံးကျောက်ခဲများကြောင့် ဒုက္ခရောက်ကြရတော့သည်။

"ဝုန်း...ဝုန်း...ဝုန်း"

"ခွပ်"

"အမယ်လေး"

ကျောက်တုံးကျောက်ခဲများ ထိမှန်ကာ အလဲလဲအပြိုပြို ဖြစ်ကုန်ကြတော့သည်။

သူတို့ စီးနင်းလာသော မြင်းများလည်း မသက်သာလှပါချေ။

တိမ်ကြားမိုးယံဂိုဏ်းသားများ ဖရိုဖရဲ ဖြစ်သွားချိန်မှာပင်...

"ဗိုး...ဗိုး...ဗိုး"

တောင်ထိပ်များပေါ်မှ မြင်းတံများ ပစ်လွှင့်လာပြန်လေတော့သည်။

တောင်ကြားထဲ ပိတ်မိနေသော တိမ်ကြားမိုးယံဂိုဏ်းသားသုံးပုံတစ်ပုံမှာ ကျောက်တုံးကျောက်ခဲနှင့် မြားတံများ ထိမှန်ကာ ကျဆုံးသွားတော့သည်။

ရှေ့သို့ ဒုန်းစိုင်းနှင်သွားသော ကို့ချောင်းနှင့် ကျန်ဂိုဏ်းသားများသည် ကျဉ်းမြောင်းသော တောင်ကြားတစ်ဘက်သို့ ရောက်ကာ အန္တရာယ်မှ လွတ်မြောက်သွားကြလေသည်။

ကို့ချောင်းက သူ၏လက်ထောက်နှစ်ယောက်ကို တာဝန်ပေးလိုက်လေသည်။

"မင်းတို့နှစ်ယောက်က တောင်နံရံနှစ်ဘက်ကို တက်ပြီးရန်သူတွေကို ရှင်းကြစမ်း"

"ဟုတ်ကဲ့"

လက်ထောက်နှစ်ဦးသည် ဂိုဏ်းသားများကို ဦးဆောင်ကာ တောင်နံရံနှစ်ဘက်မှ နေ၍ တောင်ထိပ်ပေါ်သို့ ရောက်အောင် ထိုးဖောက်ချီတက်ကာ တောင်ထိပ်ပေါ်၌ နေရာယူထားသော ရွှေသစ္စာ



ိုဏ်းသားများအား တိုက်ခိုက်လိုက်ကြလေသည်။

တိုက်ပွဲများကား လက်ညှိုးထိုးမလွဲအောင် ဖြစ်ပေါ်လာလေတော့သည်။

တိမ်ကြားမိုးယံဂိုဏ်းသားများက သေဒဏ်အပြစ်ပေးခံရသည့်ကို ကြောက်ရွံ့ကာ အတင်းထိုးဖောက်လာကြသကဲ့သို့ ရွှေသစ္စာဂိုဏ်းသားများကလည်း ဆီးကြိုတိုက်ခိုက်ကြလေသည်။

တိုက်ပွဲ ပြင်းထန်သကဲ့သို့ နှစ်ဘက် ထိခိုက်ကျဆုံးမှုလည်းများပြားလှသည်။

ဒုဂိုဏ်းချုပ်ကို့ချောင်းကိုယ်တိုင် တောင်ထိပ်ပေါ်သို့ တက်လာခဲ့လေသည်။

တောင်ထိပ်ပေါ်၌ ရွှေသစ္စာဂိုဏ်းသားများအား ဂိုဏ်းချုပ်ဟောင်၊ ဒုဂိုဏ်းချုပ်စုလိရှနှင့် ဌာနမှူးကြီးဝမ်းကျိုးထင်းတို့ကဦးဆောင်နေကြခြင်း ဖြစ်သည်။

ဝမ်းကျိုးထင်းသည် ကို့ချောင်းကို မြင်လျှင်...

"သူ့ကို တိုက်ကြစမ်း"

ဌာနခွဲမှူးများ ဖြစ်သော ဝေကောင်း၊ ချန်ကျား၊ သုဟုတ်နှင့်ှင်းထင်းကွမ်းတို့အား တာဝန်ပေးလိုက်လေသည်။

ဝေကောင်းတို့လည်း ကို့ချောင်းအား ဝိုင်းရံတိုက်ခိုက်လိုက်လေသည်။

ကို့ချောင်းက...

"လာခဲ့ကြစမ်း"

ကျိုးဝါးယင်း သိမ်းငှက်ကြီးတစ်ကောင်ပမာ မြေပေါ်ကြွ

တက် လေထဲပျံ့ခဲကာ ဆီးကြိုတိုက်ခိုက်လိုက်လေသည်။

ဝေကောင်းတို့လည်း ဝိုင်းရံတိုက်ခိုက်လိုက်ကြသဖြင့် တိုက်ပွဲပြင်းထန်လှသည်။

သို့တိုင်...

ဝေကောင်းတို့လူစုသည် ကို့ချောင်း၏အကျီစကိုပင် ထိအောင် တိုက်ခိုက်ခြင်း မပြုနိုင်ခဲ့ကြပါချေ။

ကို့ချောင်းက အသက်ခြေသိမ်းငှက်သိုင်းဖြင့် ဝေကောင်းတို့အား အနိုင်ယူလိုက်တော့သည်။

"အား"

ဝေကောင်း ဦးဆုံးလဲကျသွား၏။

တဖန်...

"အမယ်လေး"

ချုန်ကျား လဲကျသွားသည်။ ထို့နောက်...

"ဝုန်း"

"အွန့်"

သုဟုတ်နှင့် ကျင်းထင်းကွမ်းတို့ လဲကျသွားတော့သည်။

ဌာနခွဲမှူးများ ခံလိုက်ရသည်ကို မြင်လျှင်...

"သိကြသေးတာပေါ့"

ဌာနမှူးကြီးဝမ်းကျူးထင်းက ကို့ချောင်းထံ ပြေးသွားရင်း ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ဒုဂိုဏ်းချုပ်စုလိရှက အနီးသို့ ရောက်ရှိလာပြီး...

"ဌာနမှူးကြီး၊ ခင်ဗျားက ဂိုဏ်းသားတွေကို ဦးဆောင်ပြီး



ရန်သူတွေကို ရင်ဆိုင်ထားပါ။ သိမ်းငှက်ကြီးကို့ချောင်းအတွက် ကျုပ်ဘာဝန်ထား"

ဟု ပြောလိုက်၏။

ဌာနမှူးကြီးဝမ်းကျူးထင်းမှာ ကို့ချောင်းကို တိုက်ခိုက်ဖို့ အခွင့်မသာတော့ပေ။

ဒုဂိုဏ်းချုပ်စုလိရှက ကို့ချောင်းထံသို့ ပြေးသွားရာ အခြားလူတစ်ယောက်လည်း ပြေးလိုက်သွားသည်ကို တွေ့လိုက်ရလေသည်။

ဂိုဏ်းချုပ်ကျော့ဟောင် ဖြစ်သည်။

စုလိရှနှင့် ကျော့ဟောင်တို့ လက်တွဲကာ ကို့ချောင်းအား ရင်ဆိုင်လိုက်ကြလေသည်။

* * *

"ဟား...ဟား...ဟား"

ကို့ချောင်း လှောင်ပြောင်ရယ်မောလိုက်လေသည်။

"ခင်ဗျားတို့နှစ်ယောက် ပေါင်းပြီး ဝီလောင်ကို အနိုင်ယူနိုင်ခဲ့ကြတာနဲ့ ကျုပ်ကို ယှဉ်နိုင်မယ် ထင်နေတာကိုး၊ ကျုပ်က ဝီလောင်မဟုတ်ဘူးဆိုတာ သိရမှာပေါ့"

အသက်ခြေသိမ်းငှက်သိုင်းကွက်များ အသုံးပြုကာ ကျော့ဟောင်နှင့် စုလိရှတို့အား တိုက်ခိုက်လိုက်လေသည်။

ကျော့ဟောင်နှင့် စုလိရှတို့ကလည်း အပြင်းအထန် တိုက်ခိုက်

ကြလေသည်။

သို့သော်...

သူတို့ထက် သိုင်းပညာများစွာ သာလွန်နေသော ကို့ချောင်းအား မယှဉ်နိုင်ခဲ့ကြချေ။

သိုင်းလေးငါးကွက် ယှဉ်ပြီးသည်နှင့် ဒဏ်ရာများရကာ နောက်ဆုတ်လိုက်ကြရလေတော့သည်။

"ဟား...ဟား...ဟား၊ မင်းတို့ ဘာမှ မတတ်နိုင်ဘူးဆိုတာ နားလည်ကြပြီ မဟုတ်လား၊ အချိန်မီ ကိုယ့်ကိုကိုယ် အဆုံးစီရင်လိုက်ကြတာ မင်းတို့အတွက် အကောင်းဆုံးနည်းလမ်း ဖြစ်လိမ့်မယ်၊ ကျုပ်လက်ထဲ ရောက်လာလို့ကတော့ မင်းတို့သေချင်ပါတယ်ဆိုယင်တောင် မသေရတော့ဘူး၊ ဝေဒနာအမျိုးမျိုး ခံစားရအောင် နှိပ်စက်ညှင်းပမ်းခံရမယ်ကွ"

ဂိုဏ်းချုပ်ကျော့ဟောင်နှင့် ဒုဂိုဏ်းချုပ်စုလိရှတို့သည် ကို့ချောင်းအား မည်သည့်နည်းနှင့်မျှ ယှဉ်နိုင်မည် မဟုတ်ကြောင်း နားလည်ထားလေသည်။

မည်သို့ဆိုစေ ကို့ချောင်းအား ရင်ဆိုင်တိုက်ခိုက်သွားရမည်သာ ဖြစ်လေသည်။ ဒုဂိုဏ်းချုပ်စုလိရှက...

"အပြောမကြီးစမ်းပါနဲ့ဗျာ၊ ခင်ဗျားသိုင်းပညာ ဘယ်လောက် ရှိလို့လဲဗျ"

"ဘာကွ"

"ကျုပ်တို့ကို အသက်ရှင်လျက် ဖမ်းဆီးနိုင်ယင် ခင်ဗျားလူတော်ပဲ၊ ဒါမှမဟုတ်ယင် ဘာမှ အရည်အချင်း မရှိတဲ့ လေကြွား



ဘစ်ယောက် ဖြစ်သွားမှာပေါ့"

ကို့ချောင်းက...

"ငါက မင်းတို့ကို အရှင်ဖမ်းနိုင်ယင်ကော"

ဂိုဏ်းချုပ်ကျော့ဟောင်က...

"အပိုတွေ ပြောမနေစမ်းပါနဲ့ဗျာ၊ ကျုပ်တို့ကို အရှင်ဖမ်းနိုင်ယင် ခင်ဗျားကြိုက်သလိုလုပ်၊ ခင်ဗျားနှိပ်စက်သမျှခံမယ်"

"ဟား...ဟား...ဟား"

ကို့ချောင်း သဘောကျစွာ ရယ်မောလိုက်လေသည်။

ဂိုဏ်းချုပ်ကျော့ဟောင်က...

"တကယ်လို့ ခင်ဗျားအရှင်မဖမ်းနိုင်ယင်ကော"

ကို့ချောင်းက...

"ဟိတ် ငါ ဘယ်တော့မှ လူမလုပ်တော့ဘူးကွ"

"ကောင်းပြီ၊ ခင်ဗျားကြိုးစားပေတော့"

ကျော့ဟောင်က စုလိရှကို မျက်ရိပ်ပြကာ ကို့ချောင်းအား ဘိုက်ခိုက်လိုက်လေသည်။

"ယား"

စုလိရှလည်း ဓားတစ်လက် အသုံးပြုကာ တိုက်ခိုက်လိုက်၏။

နှစ်ယောက်သား ကို့ချောင်း၏ဘဝင်မြင့်မှုကို အသုံးချလိုက်ကြခြင်း ဖြစ်သည်။

သူတို့က စကားဖြင့် ချုပ်နှောင်လိုက်ကြခြင်းကြောင့် ကို့ချောင်းက အရှင်ဖမ်းဖို့ ကြိုးစားပေလိမ့်မည်။

အသေတိုက်ခိုက်ရသည်ထက် အရှင်ဖမ်းဖို့ တိုက်ခိုက်ရသည်က ပို၍ ခက်ခဲလိမ့်မည် မဟုတ်ပါလား။

အသက်သေဆုံးသွားမည်ကို စိုးရိမ်ကာ စိတ်ရှိလက်ရှိ တိုက်ခိုက်နိုင်တော့မည် မဟုတ်ပါ။

ကို့ချောင်းက ထိန်း၍ တိုက်ခိုက်ရမည်ကို အခွင့်ကောင်းယူကာ သူတို့ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ကြလေတော့သည်။

* * *

စုလိရှနှင့် ကျော့ဟောင်တို့သည် အသက်ကို ပဓာနမထားဘဲ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ကြလေသည်။

ကို့ချောင်း နောက်ဆုတ်လိုက်ရတော့သည်။

စုလိရှတို့အား သတ်ပစ်ချင်စိတ်ပေါက်သွား၏။

သို့သော်...

သူ၏စကားကတိအတိုင်း ထိန်း၍ တိုက်ခိုက်နေရလေသည်။

စုလိရှနှင့် ကျော့ဟောင်တို့က ဝဲယာနှစ်ဘက်မှညှပ်ကာ တရကြမ်း တိုက်ခိုက်လိုက်ကြလေသည်။

ကို့ချောင်း နောက်ဆုတ်လိုက်ရပြန်လေသည်။

စုလိရှက...

"ဘယ်လိုလဲ ခင်ဗျား ဘာမှ မတတ်နိုင်တော့ဘူး မဟုတ်လားဗျာ"



ကျော့ဟောင် ရယ်မောလိုက်သည်။

"ခင်ဗျားကိုယ့်ကိုကိုယ် အထင်ကြီးပြီး လျှောက်ပြောနေတာ း"

ကို့ချောင်း ဒေါသထွက်သွားလေသည်။

"ဘာကွ၊ ငါ့ကို အထင်သေးတယ် ဟုတ်လား၊ ကဲ သိကြ းတာပေါ့"

လက်နှစ်ဘက် ဆန့်တန်းကာ ရှေ့တိုးလာပြီး ဝဲယာလက် းဘက်ခွဲကာ သိုင်းကွက်တစ်မျိုးစီ ပုံသဏ္ဍာန်ဆင်ပြီး ပြန်လည် က်ခိုက်လိုက်လေသည်။

"ယား"

စုလိရှတို့ကလည်း ညာသံပေးကာ တိုက်ခိုက်လိုက်ကြလေ ည်။

သူတို့က သူသေကိုယ်သေ တိုက်ခိုက်လိုက်ကြခြင်း ဖြစ် ည်။

ဝါရင့်ထိပ်သီးသိုင်းသမားကြီး ဖြစ်သော ကို့ချောင်းက ခန္ဓာ ယ်တွန့်လိမ်ကာ ပွတ်ကာသီကာ ရှောင်တိမ်းပေးလိုက်သည်။

အလွန်လျှင်မြန်သော အရှိန်အဟုန်ဖြင့် ချဉ်းကပ်လာပြီး သူ လက်နှစ်ဘက် ဝှေ့ယမ်းလိုက်ရာ လက်တစ်ဘက်က စုလိရှ၏ပခုံး ကဲ့ ဖျပ်ခနဲ ပုတ်လိုက်လေသည်။

"အွန့်"

စုလိရှ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ကို့ချောင်းက အသာအယာ ပုတ်လိုက်သော်လည်း အတွင်း

အားပါနေပြီး အမိကကျသော အရိုးအဆစ်နေရာကို ထိခိုက်သွားသဖြင့် သူ၏လက်မောင်း တွဲလောင်းကျသွားတော့သည်။

"သွားစမ်း"

ကိုချောင်းက လက်ဝါးဖြင့် လှမ်းရိုက်လိုက်ရာ ဂိုဏ်းချုပ်ကျော်ဟောင် ကပျာကယာ နောက်ဆုတ်လိုက်ရလေသည်။

ကိုချောင်းက ဂိုဏ်းချုပ်ကျော်ဟောင်ကို နောက်ဆုတ်သွားစေပြီး ချက်ချင်းပင် စုလိုရှဘက်လှည့်ကာ လက်ညှိုးဖြင့် လှမ်းထောက်လိုက်လေသည်။

သွေးကြောပိတ်ကာ အရှင်ဖမ်းဖို့ ကြိုးစားလိုက်ခြင်း ဖြစ်လေသည်။

စုလိုရှ ရင်ထိတ်သွားသည်။

မလွတ်နိုင်တော့သဖြင့် ခန္ဓာကိုယ် ဘေးတိုက်အနေအထား ပြောင်းပြီး ပခုံးရိုးပြုတ်ထွက်ကာ တွဲလောင်းကျနေပြီ ဖြစ်သည်။

ဝဲဘက်ပခုံးဖြင့် ခံပေးလိုက်လေသည်။

ကိုချောင်း၏လက်ညှိုးက စုလိုရှ၏ပခုံးကို ထောက်ချမိလိုက်သည်။

သုံးမရနိုင်တော့သည့် စုလိုရှ၏ပခုံး ထုံကျဉ်သွားတော့သည်။

"ယား"

စုလိုရှက ချက်ချင်းပြန်လှည့်ပြီး အကောင်းပကတိ ရှိနေသေးသော ယာလက်ဖြင့် ဓားကိုင်ကာ ကိုချောင်းကို တိုက်ခိုက်လိုက်သည်။



"ဒါမျိုးရမလား"

ကိုချောင်းက စုလိုရှ၏လက်ကောက်ဝတ်ကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်လေသည်။

"ဖျောက်"

စုလိုရှ၏လက်ကောက်ဝတ် အရိုးကျိုးသွားပြီး...

"ခြွမ်း"

ဓားလွတ်ကျသွားတော့သည်။

"မင်း ဘယ်ပြေးမလဲ"

ကိုချောင်းက လက်ဝါးစောင်းကို သိမ်းငှက်ခြေသည်းသိုင်းကွက် အသွင်ပြောင်းကာ လက်ချောင်းကလေးများဖြင့် ကုပ်ဆွဲဖမ်းချုပ်ထားလိုက်လေသည်။

စုလိုရှ အဖမ်းခံလိုက်ရတော့သည်။

စုလိုရှ အံကြိတ်လိုက်သည်။

"ကျုပ်က အသက်ရှင်လျက် အဖမ်းခံမယ်များ ထင်နေသလား"

ကိုချောင်းနှင့် လူချင်း ဝင်လုံးပြီး ကိုချောင်း၏ရင်ဘတ်ကို ဦးခေါင်းဖြင့် ဆောင့်ချလိုက်လေသည်။

ကိုချောင်း နှာခေါင်းရှုံ့လိုက်သည်။

"မင်းက သူသေကိုယ်သေ တိုက်ခိုက်ချင်သေးတာကိုး၊ မရဘူးကွ"

လက်တစ်ဘက်က စုလိုရှ၏လက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားပြီး ကျန်လက်တစ်ဘက်က လက်ဝါးဖြန့်ကာ စုလိုရှ၏မျက်နှာကို

ပင့်တင်လိုက်လေသည်။

စုလိရှကြောင့် ကိုချောင်း၏လက်နှစ်ဘက်စလုံး မအား မလပ် ဖြစ်သွားသည်။

ဂိုဏ်းချုပ်ကျေဟောင်ကို တိုက်ခိုက်ခြင်း မပြုနိုင်တော့ပါ။

"ယား"

ကျေဟောင်က ဓားတစ်လက်ဖြင့် ခုန်ဝင်လာ၏။

သို့သော်...

ကိုချောင်းက စုလိရှကို သူ၏ရှေ့၌ ဒိုင်းလွှားသဖွယ် ကာကွယ်ထားလိုက်လေသည်။

"ဂိုဏ်းချုပ်ကြီး"

စုလိရှ အော်ခေါ်လိုက်သည်။

သူက ထိခိုက်မည့်ကို စိုးရိမ်ကာ ကြောက်လန့်တကြား ခေါ်လိုက်ခြင်း မဟုတ်သည်ကို ဂိုဏ်းချုပ်ကျေဟောင် ကောင်းကောင်းကြီး သဘောပေါက်ထားလေသည်။

"စိတ်ချ"

ဂိုဏ်းချုပ်ကျေဟောင်က စုလိရှ၏ခေါ်သံ အဓိပ္ပါယ်ကို နားလည်သည့်သဘော အော်ပြောယင်း စုလိရှ၏နောက်ကျောကို ဓားရှည်ဖြင့် အားကုန်ထိုးစိုက်ချလိုက်လေသည်။

ဓားရှည်သည် စုလိရှ၏ကျောပြင်မှ သည်ရင်ဝသို့တိုင် ထိုးဖောက်သွား၏။

ထိုမျှမကသေး အားကုန်ထိုးသွင်းလိုက်သည့် အရှိန်ကြောင့် ကိုချောင်း၏ရင်ဝသို့တိုင် ဆက်လက်ထိုးဖောက်သွားလေတော့သည်။



"အား"

ကိုချောင်း အထိတ်တလန့် အော်လိုက်သည်။

စုလိရှကို တွန်းထုတ်ပြီး ကျေဟောင်ကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ကျေဟောင်လည်း ရှောင်ချိန် မရလိုက်ပါ။

ထိတ်လန့်ဖွယ်ကောင်းသော အဖြစ်အပျက်များမှာ အလွန်လျှင်မြန်စွာ ဖြစ်ပျက်သွားခဲ့ခြင်း ဖြစ်လေသည်။

"ဝုန်း"

ကျေဟောင်လည်း လွင့်စဉ်သွားတော့သည်။

ကိုချောင်းက ရင်ဝကို ငုံ့ကြည့်လိုက်၏။

ဓားထိုးစိုက်ခံလိုက်ရသော နေရာမှ သွေးများ အဆက်မပြတ် စီးကျနေသည်။

"မင်းတို့ကို ငါသတ်ပစ်မယ်"

ကိုချောင်း ဒေါသတကြီး အော်လိုက်လေသည်။

ထိုသို့ အော်ဟစ်လိုက်သောအခါ သူ၏ရင်ထဲ မခံမရပ်နိုင်အောင် နာကျင်သွားပြီး မျက်နှာကြီးရှုံ့မဲ့သွားသည်။

လုံးဝမဟန်နိုင်တော့ဘဲ မြေပေါ် ဒူးထောက်ကျသွား၏။

ထိုစဉ် ကျေဟောင်နှင့် စုလိရှတို့က လူးလိမ့်ထလာကြ၏။

နှစ်ယောက်စလုံး သွေးချင်းချင်းနီရဲကာ ဒယီးဒယိုင် ဖြစ်နေကြပါသည်။

သို့တိုင် သူတို့က အမှုမထားဘဲ တဟားဟား ရယ်မောလိုက်ကြလေသည်။

"အပြောကြီးတဲ့လူ ဘယ်နှယ်ရှိစ"

"ခင်ဗျား ဘာမှမတတ်နိုင်တော့ဘူး မဟုတ်လား"

လှောင်ပြောင်ပြောဆိုယင်း ရှေ့တိုးလာကြလေသည်။

"မင်း..မင်းတို့.."

ကို့ချောင်း ဒေါသတကြီး ဖြစ်နေသော်လည်း ဘာမှမတတ်နိုင်တော့ပါ။ စုလိရှတို့ သူ၏အနီးသို့ ရောက်မလာမီ...

"ဝုန်း"

မြေပေါ် လဲကျ အသက်ပျောက်သွားတော့သည်။

စုလိရှနှင့် ကေ့ဟောင်တို့ အချင်းချင်း ကြည့်ကာ ပြုံးလိုက်ကြသည်။

"ရွှေသစ္စာဂိုဏ်း အစွန့်ရှည်တည်တံ့ပါစေ"

"ရန်သူတွေ ကျဆုံးပါစေ"

သံပြိုင်ကြွေးကြော်လိုက်ကြသည်။

ထို့နောက်...

"ဝုန်း..ဝုန်း"

စုလိရှနှင့် ကေ့ဟောင်တို့ မြေပေါ် လဲကျသွားကြလေတော့သည်။

* * *



တိုက်ပွဲများကား ပြင်းထန်နေဆဲ။

ရွှေသစ္စာဂိုဏ်းချုပ်ကေ့ဟောင်နှင့် ဒုဂိုဏ်းချုပ်စုလိရှတို့ ကျဆုံးသွားကြသော်လည်း ဌာနမှူးကြီးဝမ်းကျိုးထင်းက ဂိုဏ်းသားများကို ဦးဆောင်ကာ ဆက်လက်တိုက်ပွဲဝင်နေဆဲ။

ရွှေသစ္စာဂိုဏ်းသားများ တစ်ယောက်ပြီးတစ်ယောက် လဲကျနေ၏။

ထို့အတူ...

တိမ်ကြားမိုးယံဂိုဏ်းသားများသည်လည်း မြေပေါ်၌ အလောင်းချင်း ထပ်နေတော့သည်။

တိုက်ပွဲကား ရှုပ်ထွေးနေ၏။

အနီးကပ်လုံးထွေး သတ်ပုတ်နေကြသည်။

သွေးချင်းချင်း ပေကျံနေသဖြင့် တစ်ယောက်ကိုတစ်ယောက် မှတ်မိဖို့ပဲ မလွယ်တော့ပါ။

ထိုအချိန်မှာပင်...

"ဟေး အောင်ပြီ..အောင်ပြီ"

ဝမ်းခေါင်းသံကြီးဖြင့် ကျယ်လောင်စွာ အော်ဟစ်လိုက်သောအသံကြီး ထွက်ပေါ်လာလေသည်။

အားလုံး သတိပြုမိသွားပြီး ကြည့်လိုက်ကြရာ ရွှေသစ္စာဂိုဏ်း ဌာနမှူးကြီးဝမ်းကျိုးထင်းက ဦးခေါင်းပြတ်ကြီးတစ်ခုအား ဆုပ်ကိုင်ဝှေ့ယမ်းနေသည်ကို တွေ့လိုက်ကြရလေသည်။

တိမ်ကြားမိုးယံဂိုဏ်းမှ ဒုဂိုဏ်းချုပ်ကို့ချောင်း၏ဦးခေါင်းဖြစ်ပါသည်။

"ဟင်"

"ဟာ"

တိမ်ကြားမိုးယံဂိုဏ်းသားများ ထိတ်လန့်တုန်လှုပ်သွားကြလေတော့သည်။

ဝမ်းကျိုးထင်းက…

"အောင်ပြီ…အောင်ပြီ"

ဟု အဆက်မပြတ် ဟစ်ကြွေးနေ၏။

ထိုနိုက်ဒဏ်ရာရကာ သေကြေပျက်စီးမှုများကြောင့် လက်တစ်ဆုပ်စာမျှသာ ကျန်ရစ်ခဲ့တော့သည့် ရွှေသစ္စာဂိုဏ်းသားများ သွေးကြွသွားကြလေသည်။

လက်နက်များဝှေ့ယမ်းကာ…

"အောင်ပြီ…အောင်ပြီ"

ဟု တခဲနက် ကြွေးကြော်လိုက်ကြလေသည်။

ဒုဂိုဏ်းချုပ်ကို့ချောင်း ကျဆုံးသွားပြီ ဖြစ်ရကား 'တိမ်ကြားမိုးယံ'ဂိုဏ်းသားများ ဆောက်တည်ရာမရ ဖြစ်သွားကြတော့သည်။

ရွှေသစ္စာဂိုဏ်းသားများ၏ ကြွေးကြော်သံများကလည်း သွေးပျက်ချောက်ခြားသွားစေပါတော့သည်။

"ပြေး…ပြေး"

တစ်ယောက်က အော်ဟစ်လိုက်သည်နှင့် တိုက်ပွဲကို စွန့်ကာ ကိုယ်လွတ်ရုန်း ပြေးကြလေတော့သည်။

"တစ်ယောက်မှ အလွတ်မပေးနဲ့"

"တိုက်ကြ"



လက်တစ်ဆုပ်စာ ရွှေသစ္စာဂိုဏ်းသားများကလည်း သွေးရူးသွေးတန်းဖြင့် လိုက်လံတိုက်ခိုက်ကြလေသည်။

ပြေးသူပြေး၊ လိုက်သူလိုက် ဆက်လက်တိုက်ခိုက်ကြယင်း တိမ်ကြားမိုးယံဂိုဏ်းသားများ အကွဲကွဲအပြားပြား ဖြစ်သွား၏။

ထို့အတူ…

လိုက်လံတိုက်ခိုက်ကြသော ရွှေသစ္စာဂိုဏ်းသားများလည်း တစ်ယောက်ပြီးတစ်ယောက် ကျဆုံးသွားကြလေသည်။

ဝမ်းခေါင်းသံကြီးဖြင့် ကြွေးကြော်ခဲ့သော ဝမ်းကျိုးထင်းလည်း ခန္ဓာကိုယ်ယိမ်းယိုင်လာပြီး…

"ဝုန်း"

မြေပေါ်လဲကျကာ မလှုပ်မယှက် ငြိမ်သက်သွားလေတော့သည်။

* * *

## ရလဒ်

တိမ်ကြားမိုးယံဂိုဏ်းချုပ် သုရှောင်ထင်းက ပြတင်းပေါက်အနီး၌ ရပ်ကာ အပြင်ဘက်သို့ ငေးမျှော်ကြည့်နေ၏။

ဒုဂိုဏ်းချုပ်ကို့ချောင်းက ရွှေသစ္စာဂိုဏ်းအား သွားရောက်ချေမှုန်းနေပြီ ဖြစ်သည်။

ကို့ချောင်းကိုယ်တိုင်ဦးစီးကာ အင်အားအလုံးအရင်းဖြင့် သွားခဲ့လေသောကြောင့် ကျိန်းသေအောင်ပွဲခံနိုင်လိမ့်မည်ဟု ဂိုဏ်းချုပ်သုရှောင်ထင်း ယုံကြည်ထားလေသည်။

တိုက်ပွဲသတင်းများကိုလည်း မျက်ခြည်မပြတ် နားစွင့်နေခဲ့သည်။

ရွှေသစ္စာဂိုဏ်းသည် အကြောက်အရွံ့ ကင်းမဲ့စွာဖြင့် ခုခံတိုက်ခိုက်နေကြောင်း ပထမဆုံး သတင်းရလိုက်၏။

ကို့ချောင်းက ခုခံသူများကို ချေမှုန်းကာ ရှေ့ဆက်ချီတက်သွားကြောင်း ထပ်မံသတင်းရောက်လာသည်။



ထိုစဉ်က...

"ဒုဂိုဏ်းချုပ်ကို့ချောင်းကိုယ်တိုင် ဦးဆောင်သွားမှတော့ သင်းတို့ ဘာခံနိုင်မှာတဲ့လဲ"

သုရှောင်ထင်း ကြုံးဝါးခဲ့လေသည်။

သို့သော်...

နောက်ပိုင်းတွင် ကြားသိရသော သတင်းများကား မျှော်သင့်သလို မဟုတ်သဖြင့် သုရှောင်ထင်း စိတ်ပျက်လာရလေတော့သည်။

ကို့ချောင်းတို့လူစုသည် ရန်သူတောင်ချောက်ထဲ သက်ဆင်းခဲ့ကာ အခက်ကြုံနေရကြောင်း ထိခိုက်ကျဆုံးမှု များပြားလှကြောင်း သိရပြန်သည် မဟုတ်လား။

နောက်ဆုံးတွင်...

"ဒုဂိုဏ်းချုပ်ကို့ချောင်းဟာ ရွှေသစ္စာဂိုဏ်းကို လုံးဝချေမှုန်းနိုင်လိုက်ပါပြီ"

ဟူသော သတင်းရောက်ရှိလာလေသည်။

ထိုသတင်း ကြားရ၍လည်း သုရှောင်ထင်း ဝမ်းမသာနိုင်ပါချေ။

ဒုဂိုဏ်းချုပ်ကို့ချောင်း ကျဆုံးသွားပြီး တပ်ပျက်သွားကြောင်း နောက်ဆက်တွဲသတင်း ရောက်လာသည် မဟုတ်လား။

ရွှေသစ္စာဂိုဏ်းသည် မိမိထက် အင်အားအဆပေါင်းများစွာသာသော ကို့ချောင်းကို သုတ်သင်ပြီး တပ်ပျက်သွားစေခဲ့သည်။

ရွှေသစ္စာဂိုဏ်း လုံးဝပျက်စီးသွားသော်လည်း တိမ်ကြားမိုး

ယံဂိုဏ်းက ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

အပေါ်ယံကြည့်လျှင် တိမ်ကြားမိုးယံဂိုဏ်း အောင်ပွဲခံနိုင်ခဲ့သည်ဟု ဆိုနိုင်၏။

သို့သော်...

သေသေချာချာ တွေးကြည့်ပါက ရွှေသစ္စာဂိုဏ်းက အောင်ပွဲခံသွားခြင်း ဖြစ်ကြောင်း တွေ့ရပေလိမ့်မည်။

ဆက်လက်တည်တံ့ ကျန်ရစ်ခဲ့သော 'တိမ်ကြားမိုးယံ'ဂိုဏ်းကား ဟန်သာရှိတော့သည်။

အားကိုးအားထားပြုရသော ဒုဂိုဏ်းချုပ်ကို့ချောင်းနှင့်တကွ ထိပ်တန်းခေါင်းဆောင်များ ကျဆုံးသွားခဲ့သည်။

ဂိုဏ်းအင်အားမှာလည်း သုံးပုံနှစ်ပုံ လျော့ကျသွား၏။

တိမ်ကြားမိုးယံဂိုဏ်းသည် အခွံသာ ကျန်တော့သည် ဆိုနိုင်ပါတော့သည်။

ဂိုဏ်းချုပ်သုရှောင်ထင်း သက်ပြင်းချလိုက်သည်။

"သည်ဂိုဏ်းငယ်လေးတစ်ခုဟာ ဘာကြောင့်များ သည်လောက်တောင် ကြောက်စရာကောင်းနေရတာလဲ"

ဟု ညည်းတွားလိုက်၏။

ရွှေသစ္စာဂိုဏ်းသည် အမှန်တရားဘက်မှ ရပ်တည်ကာ အများအကျိုးအတွက်လည်းကောင်း၊ မတရားမှုများကို တွန်းလှန်ရာ၌လည်းကောင်း အသက်စွန့်ဝံ့သည့် သူရဲကောင်းများ ရှိနေခြင်းကြောင့် စွမ်းရည်ထက်မြက်နေခြင်း ဖြစ်ကြောင်းကိုမူ သူ မတွေးမိချေ။



ရုတ်တရက်...

ခပ်သုတ်သုတ် လှမ်းလာသော ခြေသံများနှင့်အတူ ဂိုဏ်း န်းကြီးချူးချီ ရောက်ရှိလာလေသည်။

ချူးချီ ဦးညွှတ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျား အရေးကြီးတဲ့ သတင်းတစ်ခု ရခဲ့ပါတယ်"

သုရှောင်ထင်း မျက်မှောင်ကုပ်သွား၏။

"ဘယ်လိုသတင်းများလဲ"

ချူးချီက...

"ရွှေသစ္စာဂိုဏ်းက ကျုပ်တို့ပို့ပေးလိုက်တဲ့ ရွှေဒင်္ဂါးတွေကို သက်သေအထောက်အထားနဲ့တကွ ရှောင်လင်ကျောင်းကို ပေးပို့လိုက်ပါတယ်"

"ဘာ"

သုရှောင်ထင်း အထိတ်တလန့် ဖြစ်သွားလေသည်။

"ရွှေဒင်္ဂါးတွေကို ရှောင်လင်ကျောင်းကို ပို့လိုက်တယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ ဂိုဏ်းချုပ်ကြီး၊ ရှောင်လင်ကျောင်းက ဗု ကျူးကိုယ်တော်နဲ့ ဝူတန်ဂိုဏ်းက ကောင်းတုံရသေ့တို့က လက်ခံသယ်ဆောင်သွားကြတယ်လို့ သတင်းတိတိကျကျ ရခဲ့ပါတယ်"

သုရှောင်ထင်း အသက်ရှူမှားသွားလေသည်။

"ရွှေဒင်္ဂါးတွေသာ ရှောင်လင်ကျောင်းကို ရောက်သွားယင် ကျုပ်တို့ဟာ ဘုရားတော်တွေ လုယက်တိုက်ခိုက်မှုမှာ ပါဝင်ပတ်

သက်နေတာ ဗူးပေါ်သလို ပေါ်သွားတော့မှာပေါ့"

ချူးချိုက…

"ဂိုဏ်းချုပ်ပြောတာ မှန်ပါတယ်၊ သူတို့ ရှောင်လင်ကျောင်းကို မရောက်ခင် တားဆီးနိုင်မှ ဖြစ်ပါလိမ့်မယ်၊ ဒါကြောင့် ကျုပ်လိုက်သွားပါရစေ ခွင့်ပြုပါ"

သုရှောင်ထင်း သဘောတူလိုက်လေသည်။

"ဂိုဏ်းထိန်းကြီးက သည်ကိစ္စကို အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ပါ၊ ရှောင်လင်ကိုယ်တော်နဲ့ ဂူတန်ရသေ့ကြီးတို့ကိုပါ တစ်ခါထဲ နှုတ်ပိတ်ဖျောက်ဖျက်ပစ်လိုက်ပါ"

"စိတ်ချပါ ဂိုဏ်းချုပ်ကြီး"

သုရှောင်ထင်း လက်ဝှေယမ်းပြလိုက်သည်။

"ကဲ ဂိုဏ်းထိန်းကြီး အမြန်ဆုံးသွားပေတော့"

ချူးချိုက ဦးညွတ်ကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုအချိန်မှာပင်…

"ဝုန်း…ဝုန်း…ဝုန်း"

ခေါင်မိုးအုတ်ကြွပ်ပြားများ အက်ကွဲကြေမွသွားကာ လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသူများ ခုန်ဆင်းလာကြပြီး သုရှောင်ထင်းနှင့် ချူးချိုတို့အား တိုက်ခိုက်လိုက်ကြလေသည်။

အပြင်ဘက်၌လည်း အစောင့်အကြပ်များနှင့် တိုက်ခိုက်သံများ ထွက်ပေါ်လာလေသည်။

တဆက်တံည်းပင်…



"တံတိုင်းနီတဲ့ဟေ့"

"ရှေ့သစ္စာဂိုဏ်းတဲ့ဟေ့"

တခဲနက် ကြွေးကြော်သံများ ထွက်ပေါ်လာလေတော့သည်။

အမှတ်နှစ်ဦးဆောင်သော တံတိုင်းနီအဖွဲ့သားများက 'တိမ်ကြားမိုးယံ'ဂိုဏ်း ဌာနချုပ်ကို စီးနင်းတိုက်ခိုက်လိုက်ကြခြင်း ဖြစ်လေသည်။

တိုက်ပွဲများကား ပြင်းထန်လှသည်။

တံတိုင်းနီအဖွဲ့သားများ၏ လက်ချက်ကြောင့် တိမ်ကြားမိုးယံဂိုဏ်း အဆောက်အဦးများ မီးလောင်ပျက်စီးကုန်တော့သည်။

နံနက်စာ စားချိန်မှစ၍ နေဝင်မိုးချုပ်သည်အထိ တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်သည်။

မိုးချုပ်သွားသောအခါ တိုက်ပွဲများ ပြီးဆုံးသွား၏။

စီးနင်းတိုက်ခိုက်လာကြသော တံတိုင်းနီအဖွဲ့သားအားလုံး တစ်ယောက်မကျန် သေဆုံးသွားကြလေသည်။

ထို့အတူ…

တိမ်ကြားမိုးယံဂိုဏ်းသည်လည်း ရစရာမရှိအောင် ပျက်စီးသွားတော့သည်။

ဂိုဏ်းထိန်းကြီးချူးချို သေဆုံးသွားသည်။

ဂိုဏ်းချုပ်သုရှောင်ထင်း အပြင်းအထန် ဒဏ်ရာရသွား၏။

ရှေ့ဒင်္ဂါးများ ကိစ္စကို ဖြေရှင်းဖို့ သုရှောင်ထင်း မတတ်နိုင်တော့ပါ။

ကောင်းတုံရသေ့နှင့် ဗှာကျူးကိုယ်တော်တို့က ရှောင်လင်ကျောင်းသို့ ရောက်သွားကြပြီး ရှောင်လင်ကျောင်းထိုင် လက်ထဲ ရွှေဒင်္ဂါးများ အပ်နှံလိုက်သည်။

ရှောင်လင်ကျောင်းထိုင်က ဝူတန်ဂိုဏ်းချုပ်ကို အသိပေးပြီး နန်းတွင်းနှင့် ဆက်သွယ်လိုက်လေသည်။

နန်းတွင်းမှ တိမ်ကြားမိုးယံဂိုဏ်းနှင့် သုရှောင်ထင်းကို အရေးယူခဲ့လေသည်။

အောင်မြင်ကျော်ကြားမှု အရှိန်အဝါနှင့် ထင်ရာစိုင်းခဲ့သော တိမ်ကြားမိုးယံဂိုဏ်းမှာ မင်းပြစ်မင်းဒဏ်သင့်ကာ လောကပေါ်မှ ထာဝရပျောက်ကွယ်သွားတော့သည်။

ဘုရင်မင်းမြတ်ကိုယ်တိုင်က ရွှေသစ္စာဂိုဏ်းအား ချီးကျူးခဲ့လေသည်။

သို့သော်…

ချီးကျူးဂုဏ်ပြုခံမည့် ရွှေသစ္စာဂိုဏ်းချုပ်နှင့်တကွ ဂိုဏ်းသားများ မရှိကြတော့ပါ။

ရှင်ဖုံးကြည်သည်လည်း ‘တိမ်ကြားမိုးယံ’ဂိုဏ်း၏ကိစ္စကို ရှောင်လင်၊ ဝူတန်ဂိုဏ်းကြီးများမှ လွှဲပြောင်းတာဝန်ယူပြီးနောက် ပျောက်ချင်းမလှ ပျောက်ဆုံးသွားခဲ့လေတော့သည်။

* * *



## မှာတမ်း

တောင်ကုန်းလေး၏ခြေရင်း၌ သစ်ပင်ချုံနွယ်များဖြင့် စိမ်းန်းနေသော်လည်း တောင်ကုန်းပေါ်၌ကား ကျောက်တုံးကျောက်ခဲများ ပြည့်နှက်နေအောင် နေရာယူထားကာ ခြောက်သွေ့နေ၏။

ကျောက်တုံးကျောက်ခဲများကြား၌ လူတစ်ယောက် ရှိနေသည်။

ရှင်ဖုံးကြည် ဖြစ်လေသည်။

ရှင်ဖုံးကြည်ကား ကျောက်တုံးများကြားရှိ မြေကွက်လပ်၌ ူးထောက်ထား၏။ သူ၏ရှေ့တွင် ဓားဆယ့်လေးလက် ရှိနေသည်။

ထိုဓားများသည် ဒုဂိုဏ်းချုပ်စုလိရှနှင့် တံတိုင်းနီအဖွဲ့သားများ ကိုင်ဆောင်ခဲ့ကြသော ဓားများ ဖြစ်သည်။

ရှင်ဖုံးကြည် ကိုင်ဆောင်သော ဓားလည်း အပါအဝင် ဖြစ်သည်။

ရှင်ဖုံးကြည်မှ လွဲ၍ ကျန်ဓားပိုင်ရှင်များကား သေဆုံးသွားခဲ့ကြချေပြီ။ သူရဲကောင်းပီသစွာ ကျဆုံးသွားခြင်းနှင့် အပြစ်ပေးခံရ၍ သေဆုံးသွားခြင်းသာ ကွာခြားလေသည်။

ဒုဂိုဏ်းချုပ်စုလိရှ ဖွဲ့စည်းခဲ့သော တံတိုင်းနီအဖွဲ့ဝင်များ၏ ဓားဆယ့်လေးလက်နှင့် ပတ်သက်ပြီး ရှင်ဖုံးကြည် နားလည်ထား သည်မှာ…

ဓားရှစ်ချောင်းသည် မကောင်းမှုများကို ဖြေရှင်းသည့် ပြယုဂ် ဖြစ်သည်။ ကျန်ဓားခြောက်ချောင်းမှာ…

အမိန့်မနာခံသူ၊

အကြီးအကဲကို မလေးစားသူ၊

ဥပဒေချိုးဖောက်သူ၊

သစ္စာဖောက်သူ၊

ကိုယ့်ကျိုးရှာသူနှင့်

အသက်ရှင် ရပ်တည်မှုအတွက် အဆုံးအဖြတ်ကို ဖော် ဆောင်လေသည်။

ကိုင်ဆောင်ခဲ့သော ဓားပိုင်ရှင်များ၏ အကျင့်စရိုက်ကို လိုက် ကာ ဓား၏အဓိပ္ပါယ်ကို သတ်မှတ်လိုက်ခြင်း ဖြစ်သည်။

ထိုဓားဆယ့်လေးလက် ရှိနေခြင်းက တံတိုင်းနီအဖွဲ့ တည်တံ့ နေသေးသည်ဟု ယူဆနိုင်သည်။

ရှင်ဖုံးကြည်သည် အကြောင်းအမျိုးမျိုးဖြင့် သေဆုံးသွားခဲ့ ကြသည့် ဓားပိုင်ရှင်များကို ရည်စူးကာ ဓားများကို ဦးညွှတ်လိုက် သည်။

တဖန် အကျီရင်ဘတ်ကြားမှ ဒုဂိုဏ်းချုပ်စုလိရှ၏စာကို ဘ်ကာ ဖတ်လိုက်လေသည်။

ဒုဂိုဏ်းချုပ်စုလိရှသည် သူ့ကို ယုံကြည်ကိုးစားခဲ့သည်။



တိမ်ကြားမိုးယံဂိုဏ်းနှင့် ထိပ်တိုက်ရင်ဆိုင်ပြီးနောက် ရွှေ သစ္စာဂိုဏ်း ပြိုကွဲပျက်စီးသွားမည်ကို ကြိုတင်ရိပ်မိခဲ့သည်။

ထို့ကြောင့် တစ်ချိန်တွင် ရွှေသစ္စာဂိုဏ်းကဲ့သို့ အများအကျိုး ဆောင်ရွက်သည့် ဂိုဏ်းတစ်ခု ပေါ်ပေါက်လာနိုင်စေရန် သူ့ကို အ သက်ရှင်ခွင့်ပေးခဲ့ကြောင်း ရှင်ဖုံးကြည် နားလည်မိသည်။

ရွှေသစ္စာဂိုဏ်းအား ပြန်လည်အသက်သွင်းနိုင်မည့်သူတစ် ယောက်ကို ချန်ထားခဲ့ခြင်း ဖြစ်ပါသည်။ စာထဲ၌…

"ရှင်ဖုံးကြည်

ရွှေသစ္စာဂိုဏ်းကို ပြန်ပြီး အသက်သွင်းဖို့ မင်းကို အသက် ရှင်ချန်ထားခဲ့တယ်၊ သည်တာဝန်ကို ဦးထိပ်ပန်ဆင်ဆောင်ရွက်ရလိမ့် မယ်"

ဟု အစချီထားလေသည်။

"ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေကို သင်ခန်းစာယူပြီး ရွှေ သစ္စာဂိုဏ်းကို ပြန်ပြီး အသက်သွင်းမယ်ဆိုယင် 'တံတိုင်းနီ'အဖွဲ့သစ် ကို အယင်ဆုံး ထူထောင်ရမယ်"

တံတိုင်းနီများသည် ရွှေသစ္စာဂိုဏ်း ရပ်တည်မှုအတွက် အသက်သွေးကြောပမာ အရေးပါလှသည် မဟုတ်ပါလား။

ထို့ကြောင့် ရွှေသစ္စာဂိုဏ်းကို ပြန်ပြီး အသက်သွင်းမည်ဆို လျှင် တံတိုင်းနီအဖွဲ့ကို အယင်ဆုံး ထူထောင်ရမည် ဖြစ်လေသည်။

"ငါက ရွှေသစ္စာဂိုဏ်းထဲက လက်ရွေးစင်တွေကို စိတ်ကြိုက် ရွေးချယ်ပြီး တံတိုင်းနီအဖွဲ့ကို ထူထောင်ခဲ့တယ်၊ တကယ်တော့ လူ တစ်ယောက်ရဲ့ စိတ်ထားဟာ အခြေအနေ အချိန်အခါအလိုက်

ပြောင်းလဲသွားနိုင်တယ်ဆိုတာ သိထားပေမယ့် ရွှေသစ္စာဂိုဏ်းရဲ့ လိုအပ်ချက်အရ တံတိုင်းနီအဖွဲ့ကို ဖြစ်အောင် ဖွဲ့စည်းခဲ့ရတယ်"

ဒုဂိုဏ်းချုပ်စုလိရှသည် လက်ရွေးစင်များဖြင့် ဖွဲ့စည်းထားသော်လည်း စိတ်တိုင်းမကျခဲ့ကြောင်း ရွှင်ဖုံးကြည် ယခုမှ သိလိုက်ရလေသည်။

အကြပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့လာရသောအခါ သစ္စာဖောက်လိုသူ၊ ရှောင်ပြေးလိုသူ၊ ကိုယ့်ကျိုးရှာလိုသူများ ရှိလာခဲ့သည်မှာ လက်တွေ့ပင်။

"ရွှင်ဖုံးကြည်၊ မင်းအလှည့်ကျယင် တံတိုင်းနီအဖွဲ့မျိုး ထူထောင်တဲ့အခါ အဖွဲ့ဝင်တွေကို လုံးလုံးလျားလျား ယုံကြည်စိတ်ချနိုင်အောင် အချိန်ပေးပါ၊ စိတ်ကြိုက်ပုံသွင်းလေ့ကျင့်ပေးပါ"

ရွှေသစ္စာဂိုဏ်းကို အသက်သွင်းမည်ဆိုလျှင် တံတိုင်းနီအဖွဲ့ကို ဦးစွာ ထူထောင်ရမည် ဖြစ်သည်။

သင့်လျော်မည့်သူများကို ကောင်းနိုးရာရာ ရွေးချယ်သည်ထက် ကလေးသူငယ် အရွယ်မှစ၍ အရွယ်ရောက် ကြီးပြင်းသည်အထိ အချိန်ယူပြီး စိတ်တိုင်းကျ ပုံသွင်းသွားရမည်။

ထိုကလေးသူငယ်များ၏ စိတ်ဓာတ်ကို လွှမ်းမိုးချုပ်ကိုင်ထားနိုင်ရန် ဆောင်ရွက်ရမည် စသည့် လိုအပ်ချက်များကို စုလိရှက ရှင်းပြထားလေသည်။

သူထူထောင်ခဲ့သော တံတိုင်းနီအဖွဲ့ထက် ပို၍ အစွမ်းထက်သော အဖွဲ့ ဖြစ်လာစေရန် လမ်းညွှန်ပေးထားသေး၏။

အသက်စွန့်ဝံ့ရမည်။



အမိန့်နာခံရမည်။

သံယောဇဉ်ကင်းရမည်။

သစ္စာရှိရမည်။

ယုံကြည်စိတ်ချရသော အဖွဲ့သားတစ်ယောက် ဖြစ်လာရန် လိုအပ်သော အချက်အလက်များကား များပြားလှသည်။

အရည်အချင်း ပြည့်စုံသူများကိုသာ ရွေးချယ်ရမည် ဖြစ်သည်။

ငယ်စဉ်ကပင် ပြုစုပျိုးထောင်ပေးခဲ့သော်လည်း ကြီးပြင်းလာသောအခါ အရည်အချင်း မပြည့်ဝလျှင် ဖယ်ရှားပစ်ရမည်သာ ဖြစ်လေသည်။

တကယ့် ထိပ်ထိပ်ကြဲ ခေါင်ခေါင်မြည်များသာလျှင် ရွေးချယ်ခံရမည် ဖြစ်သည်။

နှစ်ပေါင်းများစွာ ပြုစုပျိုးထောင်ပေးပြီးသည့်တိုင်အောင် လိုအပ်ချက် ရှိနေသေးသူများကို ဖယ်ရှားပစ်ရမည်ဆိုခြင်းမှာ အပြီးပိုင် ဖယ်ရှားခြင်း သို့မဟုတ် သုတ်သင်ရှင်းလင်းပစ်ခြင်း ဖြစ်သည်။

သို့မဟုတ်လျှင် မိမိလေ့ကျင့်ပေးခဲ့သူက မိမိကို ပြန်လည်ဒုက္ခပေးလာနိုင်သည် မဟုတ်ပါလား။

ရွှင်ဖုံးကြည်သည် စုလိရှ၏ အယူအဆများ လမ်းညွှန်ချက်များကို ဖတ်ရှုယင်း အမိန့်တစ်ခုမှ လွဲ၍ ဘာကိုမှ ထည့်သွင်းစဉ်းစားနေမည် မဟုတ်သည့် တိုက်ရဲသေရဲသော သံယောဇဉ်ကင်းမဲ့သော၊ ရက်စက်ကြမ်းကြုတ်သော၊ လောကပေါ်၌ အလွန်ရှားပါးသော လူတစ်စုဖြင့် ထူထောင်ထားသော အဖွဲ့အစည်းတစ်ခု ဖြစ်ပေါ်လာရန်

မိမိကြိုးစားသွားရတော့မည် ဖြစ်ကြောင်း နားလည်လိုက်လေသည်။

စုလိရှက...

"ရှင်ဖုံးကြည်၊ မင်းဟာ တံတိုင်းနီအဖွဲ့ထက် ပိုပြီးသိပ်သည်းကျစ်လစ်တဲ့ အမိန့်နာခံတတ်တဲ့ အဖွဲ့အစည်းတစ်ခုကို ဖွဲ့ထောင်နိုင်လိမ့်မယ်လို့ ငါယုံကြည်တယ်၊ တံတိုင်းနီအဖွဲ့မှာ ကြုံခဲ့ရတာတွေကို သခ်ာန်းစာယူပါ၊ ချို့ယွင်းချက် အားနည်းချက်တွေကို ဖာထေးပါ၊ လူရွေးပြီး အချိန်ပေးလေ့ကျင့်ပါ၊ မင်းစွမ်းဆောင်နိုင်ပါလိမ့်မယ်၊ မင်းပြုစုပျိုးထောင်လိုက်တဲ့ အဖွဲ့ဟာ မင်းအတွက် မဟုတ်ဘဲ အများအတွက် တိုင်းပြည်အတွက်ဆိုတာ နှလုံးသွင်းထားရလိမ့်မယ်"

ဟူ၍ နောက်ဆုံး ရေးသားမှာကြားခဲ့လေသည်။

စုလိရှ၏စာကို ဖတ်ပြီးနောက်...

"ငါလုပ်နိုင်ပါ့မလား"

ရှင်ဖုံးကြည် ကိုယ့်ကိုကိုယ် ပြန်မေးလိုက်လေသည်။

"ဘာကြောင့် မလုပ်နိုင်ရမှာလဲ"

ကိုယ့်အမေးကို ကိုယ်ဖြေလိုက်သည်။

အစီအရီ ချထားသော ဓားများကို သိမ်းဆည်းလိုက်သည်။

အနီရောင်ကတ္တီပါစဖြင့် လိပ်ကာ သိမ်းဆည်းလိုက်သည်။

ထို့နောက် တောင်ကုန်းလေးပေါ်မှ တိတ်ဆိတ်စွာဖြင့် ဆင်းသွားလေတော့သည်။

ရွှေသစ္စာဂိုဏ်းကား ပျက်စီးသွားချေပြီ။

ဂိုဏ်းချုပ်မှစပြီး ဂိုဏ်းသားတစ်ယောက်မှ မကျန်တော့သည်အထိ နိဂုံးချုပ်သွားခဲ့သည်ဟု အားလုံး မှတ်ယူထားကြလေ



သည်။ ရွှေသစ္စာဂိုဏ်းနှင့် တံတိုင်းနီအဖွဲ့ကဲ့သို့ အမှန်တရား အတွက် အသက်စွန့်ရပ်တည်မည့် မျိုးဆက်သစ်အဖွဲ့တစ်ခု ပေါ် ပေါက်လာဖို့ ဘာဝန်ယူရသည်၊ ရှင်ဖုံးကြည် အသက်ရှင်ကျန်ရစ်ခဲ့သည်ကို မည်သူမျှ သတိမပြုမိခဲ့ကြပါ။

ရှင်ဖုံးကြည်ကလည်း ထုတ်ဖော်ခြင်း မပြုပါ။

သူ၏တာဝန်အတိုင်း ထမ်းဆောင်နိုင်ရန် အနယ်နယ်အရပ်ရပ်သို့ ခရီးနှင်နေခဲ့လေတော့သည်။

* * *

ရှင်ဖုံးကြည်သည် သိုင်းလောက တနံတလျားသွားကာ သူဖွဲ့ထောင်ရမည့် အဖွဲ့အစည်းအတွက် သင့်လျော်မည့်သူများကို ရှာဖွေခဲ့လေသည်။

စုလိရှ အကြံပေးခဲ့သည့်အတိုင်း ငယ်စဉ်ကပင် ပုံသွင်းနိုင်ရန် ကလေးသူငယ်များကို အဓိကထားရှာဖွေခဲ့လေသည်။

'သံယောဇဉ်ကင်းရမည်' ဟူသော စုလိရှ၏ လမ်းညွှန်မှုကို ခံယူကာ မိဘမဲ့၊ ဆွေမျိုးညာတိ မရှိသော ကလေးသူငယ်များကို အဓိကထားခဲ့လေသည်။

မိဘမဲ့ လေလွင့်နေသော ကလေးငယ်များကား တွယ်တာစရာ မရှိသဖြင့် ငယ်စဉ်ကပင် ကိုယ့်အားကိုယ်ကိုး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင် ကြိုးစားကြရသဖြင့် စိတ်ဓာတ်မာကျောပြီး သံယောဇဉ်တရား နည်းပါးနေတတ်လေသည်။

မိမိမှတပါး အခြားတစ်ယောက်ယောက်အပေါ် ၎င်းညှာ သနား သံယောဇဉ်ထားဖို့မှာ အခြားတွယ်တာစရာရှိသော ကလေးသူငယ်များနှင့် မတူအောင် ကွဲပြားခြားနားနေတတ်သည့်သဘော ရှိလေသည်။

ရွှင်ဖုံးကြည်သည် စုလိရှ စိတ်ချခဲ့သည့်အတိုင်း သူထူထောင်ရမည့်အဖွဲ့တွင် ပါဝင်နိုင်ခွင့် ရှိသူများအား မှန်မှန်ကန်ကန် ဆုံးဖြတ်ရွေးချယ်နိုင်စွမ်း ရှိခဲ့လေသည်။

အနယ်နယ်အရပ်ရပ်မှ မိဘမဲ့ကလေးများကို ခေါ်ယူစုဆောင်းကာ ခြံဝင်းကျယ်ကြီးတစ်ခုအတွင်း၌ စောင့်ရှောက်ထားခဲ့သည်။ အစာရေစာ ကျွေးမွေးသည်၊ အဝတ်အစားနှင့် အိပ်စရာနေရာပေးသည်။

အမိန့်နှင့် စည်းကမ်းကို တသွေမတိမ်း နာခံတတ်ရန် ဦးစွာလေ့ကျင့်သင်ကြားပေးသည်။ ဉာဏ်ရည်နည်းပါးသူများ၊ ပင်ကိုယ်ဗီဇစရိုက် မကောင်းသူ များကို တွေ့ရလျှင် ဆက်ပြီး လက်ခံမထားတော့ဘဲ မောင်းထုတ်လိုက်သည်။

သူ၏ရည်ရွယ်ချက်နှင့် ကိုက်ညီသူများကို ဆက်၍ ပြုစုပျိုးထောင်ခဲ့ရသည်။

တနည်းအားဖြင့် သူ၏ကိုယ်ပွားများကို မွေးထုတ်ခဲ့ခြင်းဖြစ်လေသည်။

ရွှင်ဖုံးကြည်က စိတ်ရှည်သည်။ ဉာဏ်ကောင်းသည်။ ဝီရိယရှိသည်။ ရည်မှန်းချက်အတိုင်း ဇွဲနဘဲဖြင့် လုပ်ကိုင်ဆောင်ရွက်သည်။

သို့ဖြင့် နှစ်လရက်များ ကုန်ဆုံးသွားခဲ့တော့သည်။



နှစ်ပေါင်းအတော်ကြာသွားပြီးနောက် ရွှင်ဖုံးကြည်လည်း အသက်ကြီးရင့်ကာ အဘိုးအိုဘဝသို့ ရောက်လာခဲ့လေသည်။

ထိုအတူ သူပြုစုပျိုးထောင်ခဲ့သော ကလေးသူငယ်များသည်လည်း အရွယ်ရောက်လာကြသည်။

တံတိုင်းနီအဖွဲ့သားများထက် အရည်အချင်း ပို၍ ပြည့်ဝသော၊ ကျစ်လစ်သိမ်းသည်းသော လက်ရွေးစင်များ ဖြစ်လာကြသည်။

ရွှင်ဖုံးကြည်က စုလိရှ၏မျှော်လင့်ချက်ကို လက်တွေ့အကောင်အထည် ဖော်နိုင်ခဲ့ပြီဟု ပီတိဖြစ်မိသည်။

သူ၏အဖွဲ့ကို 'သွေးသစ္စာ'အဖွဲ့ဟု ကင်ပွန်းတပ်လိုက်သည်။ သွေးသစ္စာအဖွဲ့သည် အမှန်တရားဘက်မှ ရပ်တည်ကာ အများအကျိုး ဆောင်ရွက်ရန် အချိန်ကျရောက်ပြီဟုလည်း ဆုံးဖြတ်လိုက်လေသည်။

ရွှင်ဖုံးကြည်က သူပြုစုပျိုးထောင်ခဲ့သော သွေးသစ္စာအဖွဲ့အား အရပ်လေးမျက်နှာသို့ စေလွှတ်ကာ တာဝန်ထမ်းဆောင်စေခဲ့သည်။ သူ၏သွန်သင်ဆုံးမမှုကြောင့် 'သွေးသစ္စာ'အဖွဲ့သားများသည် ဆောင်ရွက်ရသည့် ကိစ္စတိုင်း၌ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည်။

ဤသို့ဖြင့်...

သွေးသစ္စာအဖွဲ့သည် သိုင်းလောက၌ တဖြည်းဖြည်း လူသိများ ထင်ရှားလာလေတော့သည်။

* * *

## မဟာမိတ်အဖွဲ့

သိုင်းလောကသားများသည် အလွန်ထူးခြားသော လူစားများ ဖြစ်လေသည်။

သိုင်းပညာနှင့် ပတ်သက်၍လည်း ခံယူချက်သဘောထား အမျိုးမျိုး ရှိကြသည်။

မာနကြီးသည်။ အတ္တကြီးသည်။ ဆတ်ဆတ်ထိမခံလိုသူများလည်း ရှိသည်။

လူအမျိုးမျိုး စိတ်အထွေထွေ ရှိကြသော သိုင်းလောကမှာ အစဉ်အမြဲ အေးချမ်းသာယာနေဖို့ မဖြစ်နိုင်ပါချေ။

သိုင်းလောကသားချင်း အပြိုင်အဆိုင် ရှိလာကြရာမှအပြုကာ မငြိမ်မသက် ဖြစ်လာသည်။

နောက်ပိုင်း တိုက်ပွဲများ ဖြစ်လာသည်။

သွေးထွက်သံယိုမှုများ နေရာအနှံ့ ရှိလာတော့သည်။

သိုင်းပညာအားကိုးပြီး ကိုယ့်သဘောနှင့်ကိုယ် ဆောင်ရွက်လာကြသောအခါ ကြာသော် သိုင်းလောက ပျက်စီးမည့် အန္တရာယ်ကို စိုးရိမ်လာကြရလေတော့သည်။



ဤတွင်...

ဩဇာတိက္ကမကြီးမားသော ဂိုဏ်းကြီးများ၊ သိုင်းဆရာကြီးများက သိုင်းလောက အေးချမ်းသာယာသွားအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြလေသည်။

ဖေ့စပ်ညှိနှိုင်းပေးခြင်း၊ အရေးယူခြင်း၊ ကူညီပံ့ပိုးခြင်းသည်စသည်ဖြင့် နည်းလမ်းအမျိုးမျိုး အသုံးပြုဆောင်ရွက်ကြလေသည်။

ပြဿနာများ ပေါ်ပေါက်လာပါက ကိုင်တွယ်ဖြေရှင်းပေးသည့် သိုင်းလောကသားများ ပါဝင်သော မဟာမိတ်အဖွဲ့ကြီးကို ဝိုင်းဝန်းထူထောင်ခဲ့ကြသည်။

သိုင်းပညာနှင့် ကိုယ်ကျင့်တရားပြည့်စုံပြီး အများကြည်ညိုလေးစားကြသည့် သိုင်းဆရာကြီးတစ်ဦးအား မဟာမိတ်အဖွဲ့ခေါင်းဆောင်အဖြစ် တင်မြှောက်ခဲ့ကြသည်။

မဟာမိတ်အဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် ဆူပွက်နေသော သိုင်းလောကမှာ တဖြည်းဖြည်း ငြိမ်သက်ကာ ပြန်လည်အေးချမ်းသာယာသွားတော့သည်။

မဟာမိတ်အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သော သိုင်းဆရာကြီးဝူးယိကျား၏ အေးချမ်းသာယာရေး ဆောင်ရွက်မှုများကို အားလုံး ချီးကျူးခဲ့ကြရလေသည်။

သို့ဖြင့်...

ဝူးယိကျားသည် သိုင်းလောကတစ်ခုလုံး ကြည်ညိုလေးစားသော အထင်ကရ ခေါင်းဆောင်ကြီးတစ်ဦး ဖြစ်လာခဲ့လေတော့

သည်။ မဟာမိတ်အဖွဲ့အစည်းခေါင်းဆောင် သိုင်းဆရာကြီးဝူးယိကျားက ရွှင်ဖုံးကြည်၏ သွေးသစ္စာအဖွဲ့ကို သတိပြုမိခဲ့သည်။

သွေးသစ္စာအဖွဲ့သည် အမှန်တရားဘက်မှ မားမားမတ်မတ်ရပ်တည်နေသော အဖွဲ့တစ်ခုဖြစ်၍ မဟာမိတ်အဖွဲ့ကြီး၏ လက်အောက်၌ ဝင်ရောက်အမှုထမ်းကာ သိုင်းလောကအကျိုး၊ အများအကျိုး ဆောင်ရွက်ရန် ဝူးယိကျားက ရွှင်ဖုံးကြည်ကို ကမ်းလှမ်းခဲ့လေသည်။

ရွှင်ဖုံးကြည်က…

"သွေးသစ္စာအဖွဲ့ဟာ မဟာမိတ်အဖွဲ့ကြီးရဲ့ တစိတ်တဒေသအဖြစ် ပါဝင်တာဝန်ထမ်းဆောင်ဖို့အထိ မပြည့်စုံသေးပါဘူး၊ ကျုပ်တို့ကို အချိန်ပေးစေချင်ပါတယ်၊ သည်ကြားထဲမှာ ကျုပ်တို့ ဆောင်ရွက်နိုင်တဲ့ ကိစ္စမျိုးရှိယင် ဆောင်ရွက်ပေးပါ့မယ်"

ဟု အကြောင်းပြန်ခဲ့လေသည်။

အမြော်အမြင် ကြီးမားသော ဝူးယိကျားက သွေးသစ္စာအဖွဲ့နှင့် ကိုက်ညီမည့် ကိစ္စများ ရှိလာသည်နှင့် ရွှင်ဖုံးကြည်ထံ အကြောင်းကြားခဲ့လေသည်။

ရွှင်ဖုံးကြည်ကလည်း ကတိအတိုင်း အဖွဲ့သားများ နေ
လွှတ်ပေးခဲ့သည်။

သွေးသစ္စာအဖွဲ့သည် ပေးအပ်လာသော တာဝန်ဝတ္တရားများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသဖြင့် မျက်နှာရလာခဲ့လေသည်။ ဝူးယိကျားက လေးငါးကြိမ်တိုင် အကူအညီ တောင်းခဲ့ပြီး ရွှင်ဖုံးကြည်ထံသို့ ကိုယ်တိုင်လာရောက် ဆွေးနွေးခဲ့လေသည်။



မဟာမိတ်ခေါင်းဆောင်ကြီး ဝူးယိကျားကိုယ်တိုင် သွေးသစ္စာအဖွဲ့ကို ယုံကြည်အားထားနေရကား ရွှင်ဖုံးကြည် မတတ်သာတော့ဘဲ မဟာမိတ်အဖွဲ့၏ တစိတ်တဒေသအဖြစ် လက်ခံလိုက်ရလေသည်။

ရွှင်ဖုံးကြည်က ဝူးယိကျားထံ၌ တောင်းဆိုချက်တစ်ခုကို အလေးအနက်ထားကာ တင်ပြခဲ့သည်။

သူ၏သွေးသစ္စာအဖွဲ့အား အမှန်တရားအတွက် မဖြစ်မနေတိုက်ပွဲဝင်ရန် လိုအပ်မှသာလျှင် အသုံးပြုရန် ဖြစ်လေသည်။

သွေးသစ္စာအဖွဲ့ဝင်များသည် စေ့စပ်ဆွေးနွေးညှိနှိုင်းမှုများနှင့် အခြားလူမှုရေးကိစ္စများ ဆောင်ရွက်ရန်ထက် တိုက်ပွဲဝင်ရန် အထူးအလေးထား လေ့ကျင့်ထားခြင်းကြောင့် ဖြစ်လေသည်။

ဝူးယိကျားက ရွှင်ဖုံးကြည်၏ တောင်းဆိုချက်ကို လက်ခံခဲ့လေသည်။

စေ့စပ်ဆွေးနွေး ညှိနှိုင်း၍ မရသဖြင့် တိုက်ခိုက်ရန် လိုအပ်သော ကိစ္စများ၊ သိုင်းသမားဆိုးများအား ဆုံးမနှိမ်နင်းသည့် ကိစ္စများ၌သာ သွေးသစ္စာအဖွဲ့အား အသုံးပြုရန် သဘောတူခဲ့လေသည်။

ရွှင်ဖုံးကြည်နှင့် ဝူးယိကျားတို့ ဆွေးနွေးညှိနှိုင်းကာ သဘောတူညီချက် ရရှိခဲ့ကြသဖြင့် သွေးသစ္စာအဖွဲ့သည် မဟာမိတ်အဖွဲ့ကြီး၏ အထူးတိုက်ခိုက်ရေးတပ်ဖွဲ့အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရလေတော့သည်။

* * *

နွေ။

မိုး။

ဆောင်း။

ရာသီအလီလီ ပြောင်းလဲသွားလေသည်။

သိုင်းလောက အေးချမ်းသာယာမှုအတွက် မဟာမိတ်အဖွဲ့ကြီးကို ဦးစီးကာ ရွပ်ရွပ်ချွန်ချွန် တာဝန်ထမ်းဆောင်ခဲ့သော သိုင်းဆရာကြီးဝူးယိကျားသည် အဖျားရောဂါတစ်ခု စွဲကပ်ပြီး ကွယ်လွန်သွားခဲ့လေသည်။

ဝူးယိကျား ကွယ်လွန်သွားသဖြင့် သိုင်းလောကတစ်ခုလုံး ဝမ်းနည်းကြေကွဲမဆုံး ဖြစ်ခဲ့ရလေသည်။

လူတိုင်းလူတိုင်းသည် သိုင်းလောကအကျိုး၊ အများအကျိုး စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော ဝူးယိကျား၏ကျေးဇူးကို မမေ့နိုင်ကြတော့ချေ။

ဝူးယိကျား ကွယ်လွန်သွားသဖြင့် ခေါင်းဆောင်သစ် တင်မြှောက်ရန် ဝူးယိကျား၏လက်ထောက်အဖြစ် တာဝန်ထမ်းဆောင်နေကြသော အကြီးအကဲငါးဦး၏ ပခုံးပေါ်သို့ တာဝန်ကျရောက်လာလေသည်။

အကြီးအကဲ ငါးဦးစလုံးက ဝူးယိကျား၏ကျေးဇူးကို သိတတ်သည့်အနေဖြင့် ဝူးယိကျား၏သားဖြစ်သူ 'မင်းသားလေးဝူးဖိန်' ကို ခေါင်းဆောင်တင်မြှောက်ရန် သဘောတူဆုံးဖြတ်ခဲ့ကြလေသည်။

ဤသို့ဖြင့်...

မင်းသားလေးဝူးဖိန်မှာ ငယ်ငယ်ရွယ်ရွယ်ဖြင့် မဟာမိတ်



အဖွဲ့ခေါင်းဆောင် ဖြစ်လာခဲ့လေတော့သည်။

* * *

သိုင်းလောက မဟာမိတ်အဖွဲ့ခေါင်းဆောင် ဝူးယိကျား ကွယ်လွန်သွားပြီး သားဖြစ်သူ မင်းသားလေးဝူးဖိန်မှာ ဖခင်၏ကျေးဇူးဖြင့် မဟာမိတ်အဖွဲ့ခေါင်းဆောင် ရာထူးကို ရရှိခဲ့သော်လည်း ငယ်ရွယ်ပြီး အတွေ့အကြုံ နုနယ်သေးသူ ဖြစ်၍ မဟာမိတ်အဖွဲ့ခေါင်းဆောင်တစ်ယောက်၏ ကြီးလေးသော တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်ပါမည်လောဆိုသည်ကို အများက သံသယ ဖြစ်မိကြလေသည်။

အရေးကြီးသော ကိစ္စများတွင် ဆုံးဖြတ်ချက် မမှားစေရန် သိုင်းလောကတစ်ခုလုံး အမိန့်နာခံရသည်ဟု စိတ်ကြီးဝင်ကာ မာနကြီးမသွားစေရန်။

လူငယ်ပီပီ ကိုယ့်သဘောနှင့်ကိုယ် ထင်ရာမစိုင်းမိစေရန် မင်းသားလေးဝူးဖိန်အား ကြီးကြပ်သွားရန် အကြီးအကဲငါးဦးက တာဝန်ယူခဲ့ကြသည်။

ခေါင်းဆောင်ကြီးဝူးယိကျား လက်ထက်ကပင် လက်တွဲကာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အတွေ့အကြုံ သိုင်းပညာဆိုင်ရာ ရှိသော ဝါရင့်အကြီးအကဲကြီးများက အနီးကပ် ကြီးကြပ်သွားမည် ဖြစ်၍ မင်းသားလေးဝူးဖိန် ခေါင်းဆောင်ဖြစ်လာသော်လည်း ပြဿနာ ပေါ်ပေါက်လာစရာအကြောင်း မရှိတော့ပေ။

တနည်းအားဖြင့် မင်းသားလေးဝူးဖိန်ကို ခေါင်းဆောင်တင်မြှောက်ခဲ့ခြင်းသည် ဝူးယိကျားအား ကျေးဇူးဆပ်ခြင်းသာ ဖြစ်ပြီး မဟာမိတ်အဖွဲ့ကြီးအား တကယ်တမ်း ဆက်လက်ဦးဆောင်ကြမည့် အကြီးအကဲငါးဦး ဖြစ်လေသည်။

"ဉာဏ်ပညာအမျှော်အမြင်ဖြင့် ပြည့်စုံသော ဂိုဏ်းထိန်းကြီးကျူးရှို"

"ပညာရှိသိုင်းရာဇာ"

"အနောက်မြို့စား"

"မုသခင်"

"ကန္တာရသိမ်းငှက်"

လျှမ်းလျှမ်းတောက် ကျော်ကြားသော ထိပ်တန်းသိုင်းရာဇာကြီးငါးယောက် စုပေါင်းဦးဆောင်သွားမည် ဖြစ်ရာ မင်းသားလေးဝူးဖိန် ခေါင်းဆောင် ဖြစ်လာသည်မှာ အရေးကြီးသောကိစ္စမဟုတ်တော့ပါ။

ခေါင်းဆောင်ကြီးဝူးယိကျား လက်ထက်က သိုင်းလောကတစ်ခုလုံး နာခံကြရသည့် မဟာမိတ်အဖွဲ့ကြီး၏အမိန့် အထိမ်းအမှတ် 'မဟာတံဆိပ်တုံး'ကို လက်ကိုင်သုံးစွဲခဲ့သည်။

'မဟာတံဆိပ်တုံး' လက်ဝယ်ကိုင်ဆောင်ထားသူ၏အမိန့်ကို အားလုံး နာခံကြရသည်။

အကြီးအကဲငါးဦးသည် မင်းသားလေးဝူးဖိန်၏ လုပ်ပိုင်ခွင့်ကို ထိန်းချုပ်သည့် အနေဖြင့် မဟာတံဆိပ်တုံးကို အပ်နှံခြင်း မပြုဘဲ ထိန်းချုပ်ထားခဲ့ကြသည်။



သိုင်းလောက အရေးကိစ္စများအတွက် အမိန့်ထုတ်မည်ဆိုာ မင်းသားလေးဝူးဖိန် အပါအဝင် အကြီးအကဲငါးဦး မျက်နှာစုံညီး၊နွေးညှိနှိုင်းပြီး အားလုံးသဘောတူညီကြမှ မင်းသားလေးဝူးဖိန် မဟာတံဆိပ်တုံးကို အသုံးပြုကာ အမိန့်ထုတ်ပြန်နိုင်မည် ဖြစ်သည်။

မဟာတံဆိပ်တုံးကို အကြီးအကဲငါးဦးက အလှည့်ကျ ထိန်းမ်းစောင့်ရှောက်ရလေသည်။

အကြီးအကဲတစ်ဦးလျှင် မဟာတံဆိပ်တုံးကို ထိန်းသိမ်းဖို့းနှစ် တာဝန်ယူရသည်။

သုံးနှစ်ပြည့်လျှင် အခြားအကြီးအကဲတစ်ဦးက လွှဲပြောင်းက်ခံပြီး ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရမည် ဖြစ်သည်။

ခေါင်းဆောင်ကြီးဝူးယိကျား ကွယ်လွန်သွားခြင်း၊

မင်းသားလေးဝူးဖိန် ခေါင်းဆောင် ဖြစ်လာခြင်း၊

အမိန့်မဟာတံဆိပ်တုံးကို အကြီးအကဲငါးဦး အလှည့်ကျာဝန်ယူရခြင်း၊

စသည့် အကြောင်းကိစ္စများသည် နောင်တစ်ချိန်တွင်ျော်လင့်သော ပြဿနာများ ဖြစ်ပွားလာဖို့ အခြေခံ အကြောင်းင်းများပင် ဖြစ်လာခဲ့လေတော့သည်။

* * *

## ဒုတိယမျိုးဆက်

"အဟွတ်…အဟွတ်"

ချောင်းသံများ ထွက်ပေါ်လာသည်။

ရွှင်ဖုံးကြည်သည် ခါးကိုင်းသွားသည်အထိ အဆက်မပြတ် ချောင်းဆိုးလိုက်လေသည်။

ရွှင်ဖုံးကြည်၏ခန္ဓာကိုယ်မှာ အရိုးပေါ်အရေတင် ဝိန်ချုံးနေသည်။ ဆံပင်များလည်း ဖြူဖွေးကာ ပါးရည်နားရည် တွန့်နေပြီ ဖြစ်သည်။

ဧရာတောင်းလာပြီ ဖြစ်သလို အသက်အရွယ်အရ ကျန်းမာရေးလည်း ချို့ယွင်းလာပြီ မဟုတ်ပါလား။

"ဆရာ"

လူရွယ်တစ်ဦးက ရွှင်ဖုံးကြည်ကို ဖေးမလိုက်လေသည်။

ရွှင်ဖုံးကြည်က…

"ရတယ်၊ ရှောင်လုံ၊ ငါ ဘာမှ မဖြစ်ဘူး"

ထိုင်ခုံတစ်လုံး၌ ခြေပစ်လက်ပစ် ထိုင်ချကာ အနားယူလိုက်၏။ 'ရှောင်လုံ'ဆိုသောလူရွယ်မှာ ယောကျ်ားပီသသော ရုပ်သွင် ရှိသူ ဖြစ်သည်။



တိကျပြတ်သားပြီး ရဲစွမ်းသတ္တိရှိသူ ဖြစ်ကြောင်းလည်း ထင်ရှားပေါ်လွင်နေသည်။

ရွှင်ဖုံးကြည်က ခေတ္တအမောဖြေပြီးမှ ရှောင်လုံကို ကြည့်လိုက်လေသည်။ တဖန်…

"ရှောင်လုံ၊ ငါ့ကို ကြည့်စမ်း၊ အယင်ကနဲ့ တူသေးသလား"

ဟု မေးလိုက်သည်။ ရှောင်လုံ ခေါင်းခါယမ်းလိုက်သည်။

"မတူတော့ပါဘူး ဆရာ"

"ဧရာထောင်းလာပြီ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အေး ငါက ဧရာထောင်းလာပြီဆိုတော့ ငါတို့ရဲ့ 'သွေးသစ္စာ' အဖွဲ့ကို ဆက်လက်ဦးဆောင်သွားဖို့ မင်းကို တာဝန်ပေးချင်တယ်"

ရှောင်လုံ၏ခန္ဓာကိုယ် မသိမသာ တုန်ယုံသွားလေသည်။

ရွှင်ဖုံးကြည်က…

"မင်းက ခေါင်းဆောင်'ရှီဂူ'က မင်းရဲ့လက်ထောက် ဒုခေါင်းဆောင်ပေါ့၊ 'လုစီး'နဲ့ 'သန်းရှဲ့' မင်းရဲ့ ဘယ်လက်ရုံးနဲ့ ညာလက်ရုံး ဖြစ်လာရမယ်"

ရှောင်လုံ မလှုပ်မယှက် ရှိနေ၏။

သူက သံမဏိစည်းကမ်း၊ သံမဏိစိတ်ဓာတ်များဖြင့် ဖွဲ့စည်းထားသော သွေးသစ္စာအဖွဲ့ဝင်တစ်ဦး ဖြစ်သည့်အတိုင်း အမိန့်ကို တသွေမတိမ်း နာခံရမည် ဖြစ်လေသည်။

ရွှင်ဖုံးကြည်သည် နှစ်ပေါင်းများစွာ အပင်ပန်းခံကာ စိတ်

ရှည်လက်ရှည် ပြုစုပျိုးထောင်လာခဲ့သော သွေးသစ္စာအဖွဲ့တွင် နောင်တစ်ချိန် ဦးဆောင်နိုင်မည့်သူကို စိတ်ကြိုက်ရွေးချယ်ရန် လျာထားခဲ့သည်။

သွေးသစ္စာဂိုဏ်း၌ သူစိတ်တိုင်းကျသူ အတော်များများ ရှိနေသော်လည်း ခေါင်းဆောင်အဖြစ် တာဝန်လွှဲပြောင်းပေးသင့်သူ လေးဦးကို ဆန်ကာတင် ရွေးခဲ့သည်။

ထိုလေးဦးမှာ 'ရှောင်လုံ'၊ 'ရှီဝူ'၊ 'လုစီး'နှင့် 'သန်းရှဲ'တို့ ဖြစ်သည်။ ရှင်ဖုံးကြည်က ထိုလေးဦးထဲမှပင် အသင့်လျော်ဆုံးလူမှာ 'ရှောင်လုံ' ဖြစ်ကြောင်း နောက်ဆုံး ပြတ်သားစွာ ဆုံးဖြတ်နိုင်ခဲ့လေသည်။

ထို့ကြောင့်လည်း ကျန်းမာရေး ဖောက်ပြန်လာသည်နှင့် ရှောင်လုံကို ခေါ်တွေ့ကာ သူ၏ဆုံးဖြတ်ချက်ကို ပြောပြလိုက်ခြင်း ဖြစ်လေသည်။

ရှင်ဖုံးကြည်က တိုင်ပင်နေခြင်း မဟုတ်ဘဲ အမိန့်ပေးနေခြင်း ဖြစ်ကြောင်းလည်း ရှောင်လုံ နားလည်ထားလေသည်။

ရှင်ဖုံးကြည်၏အမိန့်ကို သူသာမက ရှီဝူ၊ လုစီးနှင့် သန်းရှဲတို့လည်း နာခံကြရမည်သာ ဖြစ်သည်။

သွေးသစ္စာအဖွဲ့သည် မကြာမီ အဖွဲ့အစည်းအသစ်တစ်ခု ဖြစ်လာပေမည်။ ခေါင်းဆောင်အသစ် ဖြစ်လာပေမည်။

ရှောင်လုံက သွေးသစ္စာအဖွဲ့အား မည်သို့မည်ပုံ ဆက်လက်ခေါင်းဆောင်သွားရမည်ကို ရှင်ဖုံးကြည် ပြောမပြတော့ပါ။

ပြောပြစရာ မလိုတော့ခြင်းကြောင့် ဖြစ်လေသည်။



ရှင်ဖုံးကြည်က လိုအပ်သည်ကို ဆက်ပြောလိုက်လေသည်။

"မဟာမိတ်အဖွဲ့ခေါင်းဆောင် ဝူးယိကျားနဲ့ ငါ သဘောတူ...းဘဲ့အတိုင်း အရေးအကြောင်း ရှိခဲ့ယင် ငါတို့ကို ဆက်သွယ်ပြီး ...ငံနိပေးလိမ့်မယ်၊ တာဝန်အတိုင်း ဆောင်ရွက်ရမယ်၊ မင်းကို ...ခဲ့ပဲ သတိပေးချင်တာက ဝူးယိကျားမရှိတဲ့ နောက်ပိုင်း ဦးဆောင် ...တဲ့ မင်းသားလေးဝူးဖိန်နဲ့ အကြီးအကဲ ငါးယောက်တို့ သဘော...း ကွဲလွဲလာပြီဆိုတဲ့ တစ်နေ့ မဟာမိတ်အဖွဲ့လည်း ပြိုကွဲသွား...မ့်မယ်၊ တို့ဟာ မဟာမိတ်အဖွဲ့ရဲ့ တစိတ်တဒေသ ဖြစ်နေပြီ ဆို...ာ့ ဘယ်သူတွေ ဘာဖြစ်ဖြစ် တို့အဖွဲ့ရဲ့ ခံယူချက်အတိုင်း ဆောင်...သွားဖို့ပဲ"

ရှောင်လုံက...

"အမိန့်နာခံပါ့မယ် ဆရာ"

"မင်းကို ငါယုံကြည်ပါတယ် ရှောင်လုံ"

ရှင်ဖုံးကြည်၏စကားကြောင့် ရှောင်လုံ၏ရင်ထဲ တစ်...လှုပ်ရှားသွားလေသည်။ သို့သော်...

စိတ်ခံစားချက် မရှိစေရဟူသော သွေးသစ္စာဂိုဏ်း၏ စည်း...မ်းအတိုင်း ရှောင်လုံက လှုပ်ရှားသွားသော စိတ်ကို ထိန်းချုပ်ထား...ိုက်သည်။

သူ၏မျက်နှာတွင် မည်သည့်အမူအရာမှ ထွက်ပေါ်မလာ...ဘဲ အေးတိအေးစက် ဖြစ်နေ၏။

ရှင်ဖုံးကြည်က ရှည်မျောမျော သေတ္တာလေးတစ်လုံး ထုတ်...ယူလိုက်လေသည်။

သေတ္တာပေါ်တွင် ရွှေပြားဖြင့် ပြုလုပ်ထားသော တံဆိပ်တစ်ခု ကပ်ထားလေသည်။ ရွှေပြားပေါ်၌...

"ဓားထိန်းနတ်"

ဟု ရေးထွင်းထားလေသည်။ ရှင်ဖုံးကြည်က...

"ရှောင်လုံ၊ ရွှေသစ္စာဂိုဏ်း၊ တံတိုင်းနီအဖွဲ့နဲ့ ဓားဆယ့်လေးလက်ရဲ့ ရာဇဝင်ကို မင်းသိထားပြီးပြီ၊ သည်ဓားတွေမှာ သွေးတွေ စွန်းထင်းပေကျံနေတယ်၊ ဝိညာဉ်တွေ ခိုအောင်းနေကြတယ်၊ မင်းဟာ သွေးသစ္စာအဖွဲ့ရဲ့ခေါင်းဆောင် ဖြစ်သလို ရာဇဝင်ရှိတဲ့ ဓားတွေကို ထိန်းသိမ်းစောင့်ရှောက်ရတဲ့ 'ဓားထိန်းနတ်'လည်း ဖြစ်တယ်"

ဓားဆယ့်လေးချောင်း သိမ်းဆည်းထားသော သေတ္တာပါးလေးကို ရှောင်လုံ လက်ထဲ လွှဲပြောင်းပေးအပ်လိုက်လေသည်။

ရှောင်လုံသည် ရာဇဝင်ရှိသည့် ဓားဆယ့်လေးချောင်းကို ထိန်းသိမ်းစောင့်ရှောက်ရမည် ဖြစ်သလို လိုအပ်သလို ထုတ်ယူသုံးစွဲနိုင်ခွင့် ရှိလေသည်။

အခြားသော လက်နက်များ အသုံးပြုချင်းထက် ရာဇဝင်ဓားဆယ့်လေးလက်ကို အသုံးပြုခြင်းက ပို၍ အဓိပ္ပါယ်ရှိပြီး ပို၍ ထိရောက်သည်ဟု အယူအဆရှိသည် မဟုတ်ပါလား။

ရှောင်လုံက ဓားဆယ့်လေးလက်ကို လွှဲပြောင်းလက်ခံယူလိုက်လေသည်။ ရှင်ဖုံးကြည်က...

"ရှောင်လုံ၊ မင်းအောင်မြင်ပါစေ"

ဟု ဆုတောင်းပေးလိုက်လေသည်။

* * *



ရှင်ဖုံးကြည်က သွေးသစ္စာအဖွဲ့အား ရှောင်လုံကို လွှဲပြောင်းပေးအပ်လိုက်လေသည်။

ခေါင်းဆောင် လွှဲပြောင်းတာဝန်ပေးသည့် ကိစ္စမှာ အချိန်တိုင်းလေးအတွင်း ပြီးဆုံးသွား၏။

ရှင်ဖုံးကြည် နောက်ပိုင်း ခေါင်းဆောင် ဖြစ်လာနိုင်သူ လေးဦးအနက် ရှောင်လုံက ကျန်သုံးဦးကို ကျော်ဖြတ်ကာ ခေါင်းဆောင် ဖြစ်လာသည်။

ရှိဂူက ဒုခေါင်းဆောင် ဖြစ်သွား၏။

လုပီးနှင့် သန်းရှဲ့တို့မှာ ဘယ်လက်ရုံး ညာလက်ရုံးများ ဖြစ်သွား၏။

ရှင်ဖုံးကြည်သည် ရှောင်လုံအား ဓားထိန်းနတ်ဘွဲ့ထူးနှင့်အတူ ဓားဆယ့်လေးလက်နှင့် သွေးသစ္စာအဖွဲ့ကို အပ်နှံပြီး သုံးလခန့်အကြာတွင် ကွယ်လွန်သွားခဲ့လေတော့သည်။

* * *

## ပြိုကွဲခြင်း

*မဟာမိတ်အဖွဲ့...*

သိုင်းလောကတစ်ခုလုံး စည်းလုံးညီညွတ်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ခေါင်းဆောင်ကြီးဝူးယိကျား ကွယ်လွန်သွားခဲ့သည်မှာ ငါးနှစ် ရှိသွားပြီ ဖြစ်သည်။

သားဖြစ်သူဝူးဖိန်က ခေါင်းဆောင်ဖြစ်လာသော်လည်း ဖခင်၏ခြေရာ မနင်းနိုင်ခဲ့ပါ။

ထိုငါးနှစ်အတွင်း ပြောပြလောက်သော စွမ်းဆောင်ရည် မရှိခဲ့ပါ။

ထို့ကြောင့် အများ၏ဝေဖန် ပြောဆိုမှုများ ဖြစ်ပေါ်လာလေတော့သည်။

မင်းသားလေးဝူးဖိန် နေရာတွင် အရည်အချင်း ရှိသောခေါင်းဆောင်တစ်ယောက်ဖြင့် အစားထိုးသင့်သည် ဟူ၍ ပြင်းပြင်းထန်ထန် ဝေဖန်ပြောဆိုမှုများပင် ရှိလာခဲ့လေသည်။

မဟာမိတ်အဖွဲ့ကြီးအား ဝူးယိကျားလက်ထက်ကလောက် ကြည်ညိုလေးစားမှု မရှိတော့ဘဲ လျော့ပါးလာ၏။

ဒုစရိုက်သမားများ၊ အနက်ရောင်သိုင်းလောကသားများလည်း တဖြည်းဖြည်း ခေါင်းထောင်လာကြလေသည်။



သိုင်းလောက အေးချမ်းသာယာရေး ပျက်ပြားမည့် အခြေအနေများ ဖြစ်ပေါ်လာသောအခါ အကြီးအကဲငါးဦးတွင် တစ်ဦးအပါအဝင် ဖြစ်သော ဝိုက်ထိန်းကြီး'ကျူးချို'က သွေးသစ္စာအဖွဲ့နှင့် ဆက်သွယ်လာလေခဲ့လေတော့သည်။

* * *

ဝိုက်ထိန်းကြီးကျူးချိုသည် သွေးသစ္စာအဖွဲ့ခေါင်းဆောင် ရှောင်လုံကို ဖိတ်ခေါ်ကာ လျှို့ဝှက်စွာ တိုင်ပင်ဆွေးနွေးခဲ့လေသည်။

ကျူးချို၏မျက်နှာ တည်ကြည်လေးနက်နေ၏။

"ခေါင်းဆောင်ကြီး မရှိတော့ပေမယ့် ခေါင်းဆောင်ကြီးရဲ့ ကျေးဇူးကို ထောက်ထားပြီး မင်းသားလေးဝူးဖိန်ကို လေးစားသင့်တယ်၊ ဒါပေမယ့် မင်းသားလေးဟာ သူ့ရဲ့ဖခင်ကြီးလောက် စွမ်းဆောင်ရည် မရှိဘူးဆိုပြီး ဝေဖန်ပြစ်တင်လာကြတယ်၊ ဒါကို ကျုပ်တို့ အကြီးအကဲတွေက ဝိုင်းဝန်းထိန်းသိမ်းပေးရမယ့်အစား အကြီးအကဲတချို့ ကိုယ်တိုင်က မင်းသားလေးကို ဝေဖန်လာကြတာ အတော့်ကို ဝမ်းနည်းစရာကောင်းပါတယ်"

ရှောင်လုံသည် ကျူးချို၏စကားများကို နားထောင်ယင်း ရှင်ဖုံးကြည်၏စကားများ မှန်ကန်နေကြောင်း ဆင်ခြင်မိလိုက်လေသည်။ ကျူးချိုက...

"ပြောရယင် 'အနောက်မြို့စား'နဲ့ 'ပညာရှိသိုင်းရာဇာ'တို့ ကိုယ်တိုင်က မင်းသားလေးကို ဖယ်ရှားပြီး ခေါင်းဆောင်အသစ် တင်

မြောက်လိုက်မှ မဟာမိတ်အဖွဲ့ကြီးရဲ့ ဂုဏ်သိက္ခာကို ပြန်ဆည်နိုင်မယ်လို့ ယူဆနေကြတယ်"

မဟာမိတ်အဖွဲ့ကြီးသည် သိုင်းလောကသားများ၏ ဝေဖန်မြင်း ခံနေရသည့်အပြင် *ခေါင်းဆောင်ပိုင်းမှ အကြီးအကဲများ* ကိုယ်တိုင်လည်း စိတ်ဝမ်းကွဲနေပြီ ဖြစ်လေသည်။

ကျူးချို့က...

"မဟာမိတ်အဖွဲ့ကြီးရဲ့ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ဖို့ ကျုပ်တို့ အကြိမ်ကြိမ် တိုင်ပင်ဆွေးနွေးခဲ့ကြပေမယ့် သဘောတူညီမှုမရတဲ့အပြင် ပိုပြီး သဘောထားကွဲခဲ့ရတယ်၊ တကယ်တော့ ခုလို ဖြစ်ရတာ မင်းသားလေးတစ်ဦးထဲ အပြစ်မဟုတ်ပါဘူး၊ ကျုပ်တို့ အကြီးအကဲငါးယောက်မှာလည်း တာဝန်ရှိတယ် မဟုတ်လား"

ရှောင်လုံ ဘာမှ ပြန်မပြောပါ။

ကျောက်ရုပ်အလား မလှုပ်မယှက်ရပ်ပြီး ငြိမ်သက်စွာ နားထောင်နေ၏။

သူ၏တာဝန်မှာ ကျူးချို့ ပြောသမျှ နားထောင်ပြီး ကျူးချို့ ပေးသည့် တာဝန်ကို သွေးသစ္စာအဖွဲ့၏ စည်းကမ်းများနှင့် ညီညွတ်လျှင် လက်ခံဆောင်ရွက်ပေးဖို့သာ ဖြစ်လေသည်။

ကျူးချို့က...

"မင်းသားလေးဟာ ခေါင်းဆောင်ဆိုပေမယ့် သူ့သဘောအတိုင်း ဘာမှ ဆောင်ရွက်ခွင့်ရတာ မဟုတ်ပါဘူး၊ ကျုပ်တို့ အကြီးအကဲငါးယောက် သဘောတူမှ လုပ်ကိုင်ဆောင်ရွက်နိုင်တာပါ၊ အပြစ်ပြောစရာရှိတော့ မင်းသားလေးကိုပဲ ပြောကြတာ မတရားဘူး



ဉ့် ကျုပ်နားလည်ထားတယ်"

ရှောင်လုံက ခေါင်းလည်းမညိတ် ခေါင်းလည်းမခါပါ။

ထုံးစံအတိုင်း မလှုပ်မယှက် ရှိနေဆဲ။

ကျူးချို့က...

"မင်းသားလေး လက်ထဲကို အမိန့်'မဟာတံဆိပ်တုံး' အပ်င်းပြီး စိတ်တိုင်းကျ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုမယ်ဆိုယင် ခြေအနေ ပြောင်းလဲသွားလိမ့်မယ်လို့ ကျုပ်ယုံကြည်ထားတယ်"

အမိန့်မဟာတံဆိပ်တုံးမှာ မည်မျှအရေးပါကြောင်း လူတိုင်း ိရှိထားကြသကဲ့သို့ ရှောင်လုံလည်း သိရှိထားလေသည်။

ကျူးချို့ စကားဆက်လိုက်သည်။

"အမိန့်မဟာတံဆိပ်တုံးကို လက်ရှိ တာဝန်ယူ ထိန်းသိမ်းားရတဲ့ 'ပညာရှိသိုင်းရာဇာ'ဟာ မင်းသားလေးကို သဘောမကျင်နေတော့ မဟာတံဆိပ်တုံးကို အသုံးချပြီး ဒုက္ခပေးမှာ စိုးရိမ်ရယ်၊ မဟာတံဆိပ်တုံးဟာ ခေါင်းဆောင်ရဲ့လက်ထဲမှာသာ ရှိသင့်ာကြောင့် 'ပညာရှိသိုင်းရာဇာ'ဆီက မဟာတံဆိပ်တုံးကို ရယူပြီး င်းသားလေးရဲ့ လက်ထဲအပ်နှံနိုင်အောင် မင်းတာဝန်ယူဆောင်ရွက်ပေးပါမှမယ်"

ယခု...

ကျူးချို့ အဘယ်ကြောင့် ခေါ်ယူလိုက်သည်ကို ရှောင်လုံ ိလိုက်ရပြီ ဖြစ်သည်။

သိုင်းလောကရှိ မည်သည့်အဖွဲ့အစည်း၌မဆို ခေါင်းဆောင် သြဇာအရှိန်အဝါ အကြီးဆုံး ဖြစ်ပေသည်။

ခေါင်းဆောင်၏အမိန့်ကို အားလုံး နာခံရမည်သာ ဖြစ်သည်။

မဟာမိတ်အဖွဲ့ကြီး၌လည်း ခေါင်းဆောင်မင်းသားလေးဝူ ဖိန် ရှိနေပါလျှင် အကြီးအကဲငါးယောက်က ခေါင်းဆောင်နေသည်မှာ သဘာဝမကျဟု ရှောင်လုံ ထင်မှတ်မိသည်။

သူတို့ သွေးသစ္စာဂိုဏ်း၌လည်း အရာရာတိုင်းကို သူက ဆုံးဖြတ်ဦးဆောင်ရပြီး ဒုခေါင်းဆောင်ရှီဂူနဲ့ လက်ရုံးများ ဖြစ်သော လုစီးနှင့်သန်းရှဲ့တို့က ဝင်ရောက်ဆုံးဖြတ်ပိုင်ခွင့်မရှိပါ။

ရှောင်လုံက သိုင်းအဖွဲ့များ၏ ထုံးထမ်းစဉ်လာအတိုင်း မင်းသားလေးဝူဖိန်သာ 'အမိန့်မဟာတံဆိပ်တုံး' ထိန်းသိမ်းထားသင့်သည်ဟု ယူဆကာ ကျူးရှိုပေးသော တာဝန်ကို လက်ခံရန် ဆုံးဖြတ်လိုက်လေသည်။

"ကောင်းပါပြီဗျာ၊ ကျုပ်ဆောင်ရွက်ပေးပါ့မယ်"

ကျူးရှိုက...

"သည်ကိစ္စဟာ မဟာတံဆိပ်တုံး မကောင်းတဲ့လူတွေ လက်ထဲရောက်မသွားရလေအောင် ကာကွယ်တားဆီးတဲ့အပြင် မဟာမိတ်အဖွဲ့ မပြိုကွဲရလေအောင် ကာကွယ်တဲ့ ကိစ္စလည်း ဖြစ်တော့ လျှို့ဝှက်လုပ်ဆောင်ရမယ်၊ လူတွေ သိသွားယင် မဟာမိတ်အဖွဲ့ကို အကြည်ညိုပျက်သွားလိမ့်မယ်၊ ဒါကြောင့် အင်မတန် သတိထားဆောင်ရွက်ရလိမ့်မယ်"

ရှောင်လုံ ဘာမှ မပြောပါ။

ကျူးရှိုက တာဝန်ပေးသည့်အတိုင်း တသွေမတိမ်း လိုက်နာဆောင်ရွက်သွားမည်သာ ဖြစ်ပါသည်။



ကျူးရှိုက...

"ပညာရှိသိုင်းရာဇာဆီကို သွားပါ၊ မဟာတံဆိပ်တုံးကို ယူခဲ့ပါ၊ အမင်းအောင်မြင်ပါစေ"

ထို့နောက် စကားအဆုံးသတ်လိုက်လေတော့သည်။

* * *

ရှောင်လုံသည် သွေးသစ္စာဂိုဏ်းသို့ ပြန်လည်ရောက်ရှိလာ ခဲ့ ဖြစ်လေသည်။

ဒုခေါင်းဆောင်ရှီဂူနှင့် လက်ရုံးနှစ်ယောက် ဖြစ်သော လုစီးနှင့် သန်းရှဲ့တို့အား ခေါ်ယူတွေ့ဆုံလိုက်လေသည်။

"ကျုပ်က မဟာမိတ်အဖွဲ့ကြီး ပေးအပ်တဲ့ တာဝန်ကို ထမ်းဆောင်ဖို့ ခရီးထွက်ရလိမ့်မယ်၊ ဒါကြောင့် ကျုပ်ပြန်ရောက်လာတဲ့အထိ ခင်ဗျားတို့က သွေးသစ္စာအဖွဲ့ရဲ့ ကိစ္စအဝဝကို တာဝန်ယူကြရမယ်လိမ့်မယ်"

အဖွဲ့အား မည်သို့ ဦးဆောင်ရမည်ဆိုသည်ကို ရှင်းဖုံးကြည့်က အားလုံးကို သင်ကြားပေးထားခဲ့ပြီး ဖြစ်သည်။

လုစီးက...

"အစ်ကိုကြီးရှောင်လုံက တစ်ယောက်ထဲ သွားမှာလား"

ရှောင်လုံက...

"လျှို့ဝှက်တာဝန်ထမ်းဆောင်ရမှာဆိုတော့ ကျုပ်တစ်

ယောက်ထဲပဲ သွားမယ်"

သန်းရှဲ့က...

"အစ်ကိုကြီး ဘယ်တော့လောက် ပြန်ရောက်မလဲဗျာ"

ရှောင်လုံက...

"အများဆုံးငါးရက်ပေါ့"

ဒုခေါင်းဆောင်ရှီဂူက ရှောင်လုံကို စိုက်ကြည့်ကာ မေးလိုက်လေသည်။

"တကယ်လို့ ခင်ဗျား ပြန်ရောက်မလာနိုင်တော့ဘူးဆိုယင်ကော"

တာဝန်ထမ်းဆောင်တိုင်း အောင်မြင်မည် မဆိုနိုင်ပါ။

မအောင်မြင်ခဲ့လျှင်...

ရှောင်လုံက စဉ်းစားမနေဘဲ...

"ခင်ဗျားက ဒုခေါင်းဆောင်ဆိုတော့ ခင်ဗျားပဲ ဆက်ပြီး ဦးဆောင်လိုက်ပါဗျာ"

ဟု ရှီဂူကို ပြောလိုက်လေသည်။

* * *



## ပညာရှိသိုင်းရာဇာ

ပညာရှိသိုင်းရာဇာ...

ပညာရှိသိုင်းရာဇာစန့်ကွမ်းထင်း၊ ယခင်က နန်းတွင်း၌ စာ...တော်ပညာရှိကြီးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

နောက်ပိုင်းတွင် ဒေသန္တရဗဟုသုတရှာဖွေဖို့ ခရီးထွက်ခဲ့ရာ... မမျှော်လင့်ဘဲ ရှေးဟောင်းသိုင်းပုရပိုဒ်တစ်ဆူကို ရရှိခဲ့ပြီး လေ့...ာတတ်မြောက်ခဲ့ရာ ထိပ်သီးသိုင်းပညာရှင်ကြီးတစ်ဦး ဖြစ်လာသည်။

သိုင်းလောက၏ လွတ်လပ်သော အတွေးအခေါ် အယူ...အဆများ၊ စည်းကမ်းချက်များကို နှစ်သက်သဘောကျကာ နန်းတွင်း...သို့ မပြန်တော့ဘဲ သိုင်းလောကသားအဖြစ် ခံယူလိုက်တော့သည်။

သိုင်းလောက၌ နေထိုင်ယင်း အများအကျိုး ဆောင်ရွက်ခဲ့...ာ တစထက်တစ ထင်ရှားကျော်ကြားလာခဲ့သည်။

သိုင်းလောကတစ်ခုလုံး လက်ခံလာကြပြီး 'ပညာရှိသိုင်း...ရာဇာကြီး' ဟူသော ဘွဲ့ထူးပေးအပ်ခဲ့လေသည်။

သိုင်းလောက ကောင်းကျိုး ဆောင်ရွက်မည့် မဟာမိတ်...အဖွဲ့ကြီး ပေါ်ပေါက်လာသောအခါ စန့်ကွမ်းထင်းလည်း ပါဝင်တက

ဝန်ထမ်းဆောင်ခဲ့လေသည်။

စန့်ကွမ်းထင်း၏အရည်အချင်းကြောင့် နာယကကြီးငါး
တွင် တစ်ဦးအပါအဝင်အဖြစ် နေရာရလာခဲ့သည်။

ခေါင်းဆောင်ကြီးဝူးယိကျား ကွယ်လွန်သွားပြီး နောက်ပိုင်း
တွင် ဩဇာတိက္ကမ ကြီးမားသော အကြီးအကဲတစ်ဦးအဖြစ် အ
မဟာတံဆိပ်တုံးကို ထိန်းသိမ်းရသူ ဖြစ်လာခဲ့လေသည်။

ပညာရှိသိုင်းရာဇာစန့်ကွမ်းထင်းသည် နားအေးပါးအေး
တိတ်တိတ်ဆိတ်ဆိတ် နေလိုသူဖြစ်၍ ခြံဝင်းကျယ်ကြီးတစ်ခုအတွင်း
၌ အဆောင်ဆောင်အခန်းခန်း ပါဝင်သော စံအိမ်ကြီးတစ်
ဆောက်လုပ်ကာ တပည့်ငယ်သားအချို့နှင့် နေထိုင်ခဲ့လေသည်။

စန့်ကွမ်းထင်းကဲ့သို့ အကြီးအကဲတစ်ဦး ဖြစ်သည့် ကျူး
အမိန့်မဟာတံဆိပ်တုံးအား ရယူဖို့ ရှောင်လုံကို တိတ်တဆိတ်
လွှတ်လိုက်ပြီ ဖြစ်လေသည်။

ထိုကိစ္စကိုသာ စန့်ကွမ်းထင်း သိနိုင်ခဲ့မည်ဆိုပါလျှင်...

စာအုပ်စင်များ နေရာယူထားသော စာဖတ်ခန်း
အတွင်း၌ ပညာရှိသိုင်းရာဇာကြီး စန့်ကွမ်းထင်းတစ်ဦးတည်း ရှိနေ

စန့်ကွမ်းထင်းက စီမံခန့်ခွဲအုပ်ချုပ်ရေးပညာအကြော
ရေးသားပြုစုထားသော စာအုပ်တစ်အုပ်ကို စိတ်ဝင်စားစွာ ဖတ်ရှု
လေသည်။

အချိန်အတော်ကြာသည့်တိုင်အောင် စာအုပ်ထဲ အာရုံ
မြုပ်နေခဲ့ပြီး အပြင်ဘက်မှ တံခါးခေါက်သံ ထွက်ပေါ်လာတော
သတိဝင်လာလေသည်။



"လဘ္ဘက်ရည်သောက်ချိန်တောင် ရောက်ပြီကိုး"

စာအုပ်ကို စားပွဲပေါ်ချကာ တံခါးဆီသို့ မျက်နှာမူယင်း...

"ဝင်ခဲ့ဟေ့"

ဟု ပြောလိုက်လေသည်။

"ကျွိ"

တံခါးပွင့်သွားပြီး လူယုံတော်ကြီးက လင်ဗန်းတစ်ခုယူကာ
င်ရောက်လာ၏။

"လ္ဘက်ရည်သောက်ဖို့ အချိန်ရောက်ပါပြီ ဆရာကြီး"

လင်ဗန်းကို စားပွဲပေါ်ချကာ လ္ဘက်ရည်၊ နွားနို့၊ သကြား
ျှတစွာရော၍ လဘ္ဘက်ရည်တစ်ခွက်ဖျော်လေသည်။

ဖျော်ပြီးသား လ္ဘက်ရည်အပြင် ယူလာသော မုန့်များကိုပါ
န့်ကွမ်းထင်း အသင့်စားသုံးနိုင်အောင် ပြင်ဆင်ပေးလေသည်။

စန့်ကွမ်းထင်းက လ္ဘက်ရည် တစ်ငုံသောက်ပြီး မုန့်တစ်ခု
ူစားလိုက်သည်။ လူယုံတော်ကြီးကို ကြည့်ကာ...

"ခင်ဗျားက ကျုပ်ရဲ့အိမ်တော်နဲ့ ပတ်သက်တဲ့ ကိစ္စအဝဝကို
ကောင်းကောင်းကြီး စီမံခန့်ခွဲနိုင်တာပဲ၊ သည်ပညာဟာ လွယ်
ယောင်နဲ့ခက်၊ တိမ်မယောင်နဲ့နက်၊ ခက်ခဲတဲ့ ပညာရပ်တစ်ခုပဲဗျ"

ဟု ချီးကျူးပြောဆိုလိုက်၏။

လူယုံတော်ကြီး ဦးညွှတ်လိုက်သည်။

"ကျုပ်ပညာက ပမွှားပါ၊ ဆရာကြီးက သိုင်းလောကတစ်ခု
လုံးရဲ့ အရေးကိစ္စတွေကို စီမံနေရတာ ဖြစ်လို့ ဆရာကြီးရဲ့ပညာဟာ
အံ့ဩချီးကျူးလောက်ပါတယ်ဗျာ"

စန့်ကွမ်းထင်း ပြုံးလိုက်သည်။

"ကျုပ်ကို အထင်ကြီးနေတာကိုး၊ ကျုပ်က သိုင်းလောကထဲ သဘောကျခဲ့ပေမယ့် ခုတော့ ရှုပ်ထွေးပွေလီလှတယ်ဆိုတာကို သဘောပေါက်နေပါပြီဗျာ၊ စိတ်ကုန်နေပါပြီ၊ သုံးနှစ်ပြည့်လို့ ကျုပ် တာဝန်ပြီးဆုံးသွားယင် အနားယူလိုက်တော့မယ်"

လူယုံတော်ကြီး အံ့ဩသွားလေသည်။

"ဆရာကြီး တကယ်ပဲ အနားယူတော့မယ် ဟုတ်လား"

စန့်ကွမ်းထင်းက...

"ကျုပ်အတွက် စာပေအနုပညာနဲ့ မွေ့လျော်နေတာ အကောင်းဆုံး မဟုတ်လားဗျာ"

လူယုံတော်ကြီးက...

"ဆရာကြီးရဲ့ ဆုံးဖြတ်ချက်ကို လေးစားပါတယ်ဗျာ"

အခြားတစ်ယောက်ယောက်သာဆိုလျှင် စန့်ကွမ်းထင်း လက်ရှိရထားသော ဘဝမျိုးကို လိုလားတောင့်တမိကြမည် ဖြစ်သည်။

ဂုဏ်ယူဝင့်ကြွားမိကြမည် ဖြစ်ပါသည်။

ရိုးရိုးသားသား အေးချမ်းစွာ နေထိုင်လိုသော စန့်ကွမ်းထင်းကား ရာထူးဂုဏ်ရှိန် စည်းစိမ်ဥစ္စာကို မမက်မောဘဲ သိုင်းလောက၏ ရှုပ်ထွေးပွေလီမှုများကို စိတ်ကုန်နေပြီ ဖြစ်သည်။

ထိုသို့ စိတ်ကုန်သွားရသည်မှာလည်း အကြောင်းရှိပေသည်။ သူတာဝန်ထမ်းဆောင်နေသည့် မဟာမိတ်ဂိုဏ်းအတွင်းမှာပင် စိတ်ပျက်စရာများ ကြုံတွေ့နေရခြင်းကြောင့် ဖြစ်လေသည်။



အထူးသဖြင့် ခေါင်းဆောင်မင်းသားလေးနှင့် အကြီးအကဲ အချို့သည် စန့်ကွမ်းထင်းအတွက် စိတ်ပျက်စရာ ဖြစ်နေပါသည်။

မင်းသားလေးသည် ငယ်ရွယ်ပြီး အလွန်ကြီးမားသော တာဝန်ဝတ္တရားများ ထမ်းဆောင်နိုင်စွမ်း မရှိသေးပါ။

ဂိုဏ်းထိန်းကြီးကျူးချိုက ငွေအလွန်မက်သူ ဖြစ်နေသည်။

အနောက်မြို့စားက မင်းသားလေးမှာ ပျော့ညံ့ပြီး အရည်အချင်းမရှိဟု ကြည့်မရဘဲ ဖြစ်နေသည်။

မုသခင်ကလည်း အတ္တကြီးသူ ဖြစ်သည်။

ကန္တရသခင်က စည်းလွတ်ဝါးလွတ် လုပ်ကိုင်ဆောင်ရွက်တတ်သူ ဖြစ်သည်။

မဟာမိတ်အဖွဲ့၌ အကြီးအကဲနာယကအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသဖြင့် အတွင်းရေးများကို သတိပြုမိနေခြင်း ဖြစ်လေသည်။

စန့်ကွမ်းထင်းလည်း စိတ်ပျက်သွားတော့သည်။

ယခု သူက အမိန့်မဟာတံဆိပ်တုံးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ယူနေရသည်။

သူ၏တာဝန် ပြီးဆုံးသွားသည်နှင့် မဟာတံဆိပ်တုံးကို ပြန်အပ်ကာ အနားယူတော့မည် ဖြစ်ကြောင်း ကျေညာဖို့ ဆုံးဖြတ်လိုက်ပြီ ဖြစ်လေသည်။

လူယုံတော်ကြီးက...

"ဆရာကြီး နေရာမှာ တခြားတစ်ယောက်ယောက်ဆိုယင် သည်လို ဆုံးဖြတ်ဖို့ဆိုတာ အင်မတန် ခက်ခဲနေမှာပါ၊ အမိန့်မဟာ

တံဆိပ်တုံး လက်ဝယ်ရှိယင် သိုင်းလောကတစ်ခုလုံးကို ပိုင်စိုးထားသလို ဩဇာညောင်းတယ် မဟုတ်လားဗျာ"

စန္ဒကွမ်းထင်းက...

"ကျုပ်က သိုင်းလောက အေးချမ်းသာယာစေချင်တဲ့ စိတ်ပဲ ရှိပါတယ်၊ သိုင်းလောကကို ဩဇာလွှမ်းမိုးဖို့ ဘယ်တော့မှ ကြိုးစားမှာ မဟုတ်ဘူးလေ၊ တကယ်တော့..တကယ်တော့ ကျုပ်ဟာ ကိုယ်နဲ့ မအပ်စပ်တဲ့ နေရာမှာ တာဝန်ထမ်းဆောင်သလို ဖြစ်နေခဲ့တာ၊ ဒါကြောင့် အနားယူတော့မယ် ဆုံးဖြတ်လိုက်တာ"

လူယုံတော်ကြီးက...

"ဆရာကြီးရဲ့တာဝန် ပြီးဆုံးဖို့က နှစ်နှစ်လောက် ကျန်နေသေးတယ် မဟုတ်လားဗျာ"

"ဒါပေါ့ နှစ်နှစ်တောင် ကျန်နေသေးလို့ ကျုပ်အတော့်ကို စိတ်ပျက်နေတာ၊ နှစ်နှစ်လုံးလုံး အတော့်ကို ခေါင်းရှုပ်ရဦးမှာပဲ"

"ဆရာကြီးက ကျန်းမာရေးကို အကြောင်းပြပြီး တာဝန်ဆက်မထမ်းဆောင်နိုင်ဘူးဆိုယင်ကော"

"သည်လိုလဲ မဖြစ်သေးဘူး၊ ကျုပ် မလိမ်ညာချင်ဘူး၊ ဟန်မဆောင်ချင်ဘူး၊ ဒါကြောင့် တာဝန်ယူပြီးမှတော့ တာဝန်ပြီးဆုံးတဲ့အထိ ဆက်ပြီး သည်းခံသွားရတော့မှာပဲ"

လူယုံတော်ကြီး ပြုံးလိုက်သည်။

"ဆရာကြီး ဒါတွေ တွေးတောစဉ်းစားနေယင် စိတ်ရှုပ်ပြီး ကျန်းမာရေး ထိခိုက်မှာတောင် စိုးရိမ်ရပါတယ်၊ ဘာမှ မစဉ်းစားတာ အကောင်းပါပဲ၊ လွှက်ရည် သောက်လိုက်ပါဦး ခင်ဗျာ"



"ကောင်းပြီ..ကောင်းပြီ"

စန္ဒကွမ်းထင်းလည်း အလုပ်တာဝန်များအကြောင်း ဆက်မပြောတော့ဘဲ လွှက်ရည်ကို အရသာခံကာ သောက်လိုက်လေသည်။

လူယုံတော်ကြီးက လိုလေသေးမရှိ ပြုစုပေးပြီးလျှင် ပြန်လည်ထွက်ခွာသွားလေတော့သည်။

* * *

လူယုံတော်ကြီး ထွက်သွားပြီ ဖြစ်လေသည်။

စန္ဒကွမ်းထင်းက အခန်းတံခါး ပြန်ပိတ်ထားလိုက်သည်။

တဖန် စားပွဲသို့ ပြန်လာပြီး ထိုင်ချလိုက်သည်။

စာအုပ် ဆက်မဖတ် ဖြစ်တော့ပါ။

သူ့စိတ်ကို မဟာမိတ်အဖွဲ့အကြောင်းက စိုးမိုးထားလိုက်ပြီ ဖြစ်ပါသည်။

စားပွဲမှ အံဆွဲကို ဖွင့်ကာ ယွန်းသေတ္တာလေးတစ်လုံးကို ရိုရိုသေသေ ထုတ်ယူလိုက်သည်။

ယွန်းသေတ္တာလေးကို စားပွဲပေါ်တင်ပြီး အဖုံးဖွင့်လိုက်သည်။ အနီရောင်ကတ္တီပါစဖြင့် ထုပ်ထားသည့် အလုပ်လေးတစ်ထုပ်ကို ထုတ်ယူလိုက်သည်။

ကတ္တီပါစကို ဖယ်ရှားလိုက်သောအခါ 'အမိန့်မဟာတံဆိပ်တုံး' ထွက်ပေါ်လာလေတော့သည်။

စန္ဒကွမ်းထင်းက တံဆိပ်တုံးကို အတန်ကြာအောင် စိုက်ကြည့်မိသည်။ ပြီးမှ သက်ပြင်းချလိုက်သည်။

"သည်တံဆိပ်တုံးဟာ သိုင်းလောကတစ်ခုလုံး နာခံကြရမယ့် အမိန့်အမှတ်အသား ဖြစ်သလို အရေးကြီးတဲ့ လျှို့ဝှက်ချက်တွေကို ကိုယ်စားပြုတယ်လို့လဲ ခေါင်းဆောင်ကြီးဝူးယိကျား ပြောသွားခဲ့တယ်"

ဝူးယိကျားသည် မဟာတံဆိပ်တုံးနှင့် ပတ်သက်ပြီး…

"သိုင်းလောက လျှို့ဝှက်ချက်များ ပြည့်နှက်နေတဲ့ တံဆိပ်တုံးတစ်ခုပဲ"

ဟု ပြောလေ့ရှိသည်ကို စန္ဒကွမ်းထင်း မှတ်မိလေသည်။

မည်သို့သော လျှို့ဝှက်ချက်များ ဖြစ်သည်ကို စန္ဒကွမ်းထင်း မသိပါ။

စာပေပညာရှင်ကြီးတစ်ဦးပီပီ တာဝန်အတိုင်း ထိန်းသိမ်းထားဖို့သာ နားလည်ထား၏။

တံဆိပ်တုံးကို သုံး၍ သိုင်းလောက၌ ဩဇာတည်ဆောက်ဖို့ ဆိုသည်ကား ဝေလာဝေး ဖြစ်လေသည်။

"သည်တံဆိပ်တုံးသာ ကိုယ်ကျိုးရှာ အဓမ္မသမားတွေ လက်ထဲ ရောက်သွားမယ်ဆိုယင် ဒုက္ခများကုန်တော့မှာပါလား"

ဟု ညည်းတွားလိုက်သည်။

တံဆိပ်တုံးသည် အဆိပ်ပြင်းသော မြွေတစ်ကောင်နှင့်ပင် တူနေသည် ထင်မိသည်။ ကြာကြာကိုင်မထားလိုတော့သဖြင့် ကတ္တီပါစဖြင့် ပြန်ထုပ်ပြီး ယွန်းသေတ္တာလေးထဲ ပြန်ထည့်ကာ အဖုံးပိတ်လိုက်သည်။ ယွန်းသေတ္တာလေးကို အံဆွဲထဲ ပြန်သိမ်းထားလိုက်တော့သည်။

တံဆိပ်တုံးလေး မြင်ကွင်းမှ ပျောက်ကွယ်သွားတော့မှ စိတ်ထဲ ပေါ့ပါးသွားလေသည်။ သို့သော်…

ထူးခြားသော ခံစားချက်များ ခံစားလာရပြန်လေသည်။

"ဘယ်လိုဖြစ်တာပါလိမ့်"

စန္ဒကွမ်းထင်း သတိထားဆန်းစစ်လိုက်ရာ တစ်စုံတစ်ယောက်က သူ့အား တိတ်တဆိတ် ချောင်းမြောင်းကြည့်နေသည်ဟူသော ခံစားချက်မျိုး ဖြစ်ကြောင်း သိလိုက်ရလေသည်။

မည်သူက တိတ်တဆိတ် ချောင်းမြောင်းကြည့်ရှုနေပါသနည်း။ စန္ဒကွမ်းထင်း ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။

အခန်းတွင်းသို့ ဝေ့ကြည့်လိုက်သည်။

လူသူ တစ်စုံတစ်ယောက်မှ မတွေ့ရပါ။

သူ၏အကြည့်သည် ပြတင်းပေါက်တစ်ခုဆီသို့ ရောက်ရှိသွားလေသည်။

"ပြတင်းပေါက်အပြင်ဘက်ကနေ တစ်ယောက်ယောက် ချောင်းကြည့်နေတာမျိုးပဲ"

စန္ဒကွမ်းထင်းက ခပ်သွက်သွက် လှမ်းသွားပြီး ပြတင်းတံခါးကို တွန်းဖွင့်လိုက်လေသည်။

"ဂျီ"

တံခါးပွင့်သွားပြီး အပြင်ဘက် ကြည့်လိုက်လျှင် မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရပြန်ပါ။

"မဟုတ်သေးပါဘူး"

စန္ဒကွမ်းထင်း ခေါင်းကုပ်ညည်းတွားလိုက်လေတော့သည်။

* * *

စန္ဒကွမ်းထင်း၏ ကျယ်ဝန်းသော ခြံဝင်းကြီးအတွင်း၌ သစ်ပင်ပန်းပင်များ စိုက်ပျိုးထားလေသည်။

သစ်ပင်ကြီးတစ်ပင်၏ သစ်ကိုင်းတစ်ခုပေါ်၌ ဝတ်ရုံလွှမ်းခြုံထားသော လူတစ်ယောက် ရှိနေသည်။

ထိုလူက ရုတ်တရက် သူ့အား တွေ့မြင်သွားခြင်း မရှိရလေအောင် သစ်ရွက်များဖြင့် အကာအကွယ်ယူထားလေသည်။

ထိုလူကား သွေးသစ္စာအဖွဲ့ခေါင်းဆောင်ရှောင်လုံ ဖြစ်လေသည်။

ရှောင်လုံက ဂိုဏ်းထိန်းကြီးကျူးချို တာဝန်ပေးလိုက်သဖြင့် ပညာရှိသိုင်းရာဇာစန္ဒကွမ်းထင်းထံသို့ ရောက်ရှိလာခြင်း ဖြစ်လေသည်။

စန္ဒကွမ်းထင်းထံ၌ တံဆိပ်တုံး ရှိနေသည်ကိုလည်းကောင်း၊ တံဆိပ်တုံးကို စာဖတ်ခန်းရှိ စားပွဲအံဆွဲထဲ၌ သိမ်းဆည်းထားသည်ကို လည်းကောင်း သူသိလိုက်ရပြီ ဖြစ်ပါသည်။

"သည်လောက် အရေးကြီးတဲ့ ပစ္စည်းတစ်ခုကို သူက ပေါ့ပေါ့ဆဆထားတာ အံ့ဩစရာပဲ"

မည်သို့ဆိုစေ တံဆိပ်တုံးက ရဖို့ သိပ်မခဲယဉ်းတော့သဖြင့်



ရှောင်လုံ ဝမ်းသာမိလေသည်။

"ညဘက်ရောက်မှ တစ်ခေါက်ပြန်လာရမယ်"

ပတ်ဝန်းကျင် အခြေအနေကို ကြည့်ကာ ကိုယ်ဖော့ပညာ အသုံးပြုပြီး အခြားသစ်ပင်တစ်ပင်သို့ ခုန်ကူးလိုက်သည်။

ပေါ့ပါးသွက်လက်စွာဖြင့် သစ်ပင်တစ်ပင်မှတစ်ပင် ခုန်ကူးသွားယင်း နောက်ဆုံး ခြံဝင်းအပြင်ဘက်သို့ ရောက်ရှိသွားလေတော့သည်။

* * *

ရှောင်လုံသည် ခြံဝင်းအပြင်ဘက်သို့ ရောက်ရှိသွားပြီ ဖြစ်သည်။

မြေပေါ်သို့ ခြေချမိလျှင် ဘေးဘီကို ကြည့်ကာ ခပ်သုတ်သုတ်လှမ်းသွားလိုက်၏။

လမ်းကြားလေးတစ်ခုမှတစ်ဆင့် လမ်းမကြီးဆီသို့ ဦးတည်သွားလိုက်ခြင်း ဖြစ်လေသည်။ ရုတ်တရက်...

ရှောင်လုံ၏ရင်ထဲ ထူးခြားသော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

တစ်စုံတစ်ယောက်က သူ့အား နောက်ရောင်ခံလိုက်နေသည်ဟု ခံစားလိုက်ရခြင်း ဖြစ်သည်။

ရှောင်လုံ၏ခြေလှမ်းများ တုန့်ခနဲ ရပ်တန့်သွားလေသည်။

နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်သည်။

လမ်းကြားလေးထဲ၌ လူရှင်းနေပြီး မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရချေ။

"ဘယ်လို ဖြစ်တာလဲ"

ရောင်လုံ မကျေမနပ် ဖြစ်သွားလေသည်။

သူ့အား လက်ရွေးစင် တိုက်ခိုက်ရေးသမားတစ်ယောက် ဖြစ်လာအောင် ရှင်ဖုံးကြည်က နှစ်ပေါင်းများစွာ ပြုစုပျိုးထောင် ပုံသွင်းပေးခဲ့သည်။

တိုက်ခိုက်ရေးသမားတစ်ယောက်၏ အကြားအမြင် အာရုံသည် သာမန်လူများထက် ပို၍ ထူးခြားထက်မြက်အောင် လေ့ကျင့်သင်ကြားခဲ့ရသည်။

ထို့ကြောင့် တစ်ယောက်ယောက်က နောက်ရောင်ခံလိုက်နေသည်ဟု ရောင်လုံ ခံစားရပြီး ရှာဖွေကြည့်လိုက်ခြင်း ဖြစ်လေသည်။ မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရသောအခါ ရောင်လုံ မကျေမနပ် ဖြစ်သွားလေသည်။

"နောက်ရောင်ခံ လိုက်နေတဲ့လူ ရှိယင် ငါတွေ့အောင် ရှာနိုင်ရမှာပေါ့"

ယခု ရှာမတွေ့ခြင်းမှာ...

"သိကြသေးတာပေါ့"

ရောင်လုံ ကြိုးဝါးယင်း ကိုယ်ဖော့ပညာ အသုံးပြုကာ တဟုန်ထိုး ပြေးလွှားသွားလေတော့သည်။

"ဟူး..ဟူး"

အဝတ်အစား လေတိုးသံများနှင့်အတူ တခဏအတွင်းမှာ



ရောင်လုံသည် လမ်းကြားလေးထဲမှ ထွက်ကာ လမ်းမကြီးပေါ် ရောက်ရှိသွားလေတော့သည်။

လမ်းမကြီးပေါ်၌ သွားလာလှုပ်ရှားနေကြသူများဖြင့် စည်ကားနေ၏။

ရောင်လုံ ခြေလှမ်းရပ်လိုက်သည်။

နောက်လှည့်ကြည့်လိုက်သည်။

နောက်ရောင်ခံလိုက်သူ ရှိနေဆဲဟု စိတ်ထဲ ယခုတိုင် ခံစားနေရသေးသော်လည်း လမ်းကြားလေးထဲ၌ မည်သူ့ကိုမှ မတွေ့ရချေ။

"တောက်"

ရောင်လုံ ပိုပြီး မကျေမနပ် ဖြစ်သွားတော့သည်။

ထိုစဉ်...

"ခစ်"

ချိုလွင်သော ရယ်သံတစ်ချက် ထွက်ပေါ်လာ၏။

ရောင်လုံ ဆတ်ခနဲ လှည့်ကြည့်လိုက်သောအခါ လမ်းမကြီး၏ မလှမ်းမကမ်း တစ်နေရာ၌ အနီရောင်ဝတ်စုံဝတ်ထားသော မိန်းကလေးတစ်ယောက် ရှိနေသည်ကို တွေ့ရ၏။

ထိုမိန်းကလေး၏ ခန္ဓာကိုယ် လှပကျော့ရှင်းနေသော်လည်း မျက်နှာတစ်ဝက်ကို ဓာပဝါဖြင့် ဖုံးကွယ်ထားခြင်းကြောင့် သူမ၏ ရုပ်ကို ပြည့်ပြည့်စုံစုံ မတွေ့ရနိုင်ပါ။

ထိုမိန်းကလေးက သူ့အား ကြည့်ပြီး ရယ်မောလိုက်သည်ဟု ရောင်လုံ ထင်မိလေသည်။

မိန်းကလေးက မျက်နှာကို တစ်ဘက်သို့ လှည့်ကာ ထွေ သွားလေတော့သည်။

ရောင်လုံက...

"ငါ့ကို နောက်ရောင်ခံလိုက်နေတာ သူပဲ ဖြစ်မယ်"

မိန်းကလေးနောက်သို့ ပြေးလိုက်သွားရန် ဟန်ပြင်လိုက် လေသည်။

သို့သော်...

မိန်းကလေးတစ်ယောက်က သူ့အား နောက်ရောင်ခံစရာ အကြောင်း မရှိဟု တွေးပြီး ခြေလှမ်းရပ်လိုက်မိပြန်သည်။

မိန်းကလေးကား ဘာမှမသိသလို ရှေ့ဆက်လျှောက်သွား ပြီး လူအုပ်ကြားထဲ ရောနှောပျောက်ကွယ်သွားတော့သည်။

မိန်းကလေး ပျောက်ကွယ်သွားပြီးနောက် တစ်စုံတစ် ယောက်က သူ့အား နောက်ရောင်ခံလိုက်နေသည်ဆိုသော ခံစား ချက်များလည်း ရောင်လုံ၏အာရုံထဲမှ ပျောက်ကွယ်သွားလေတော့ သည်။

* * *



## သူခိုးနဲ့ သူငှက်

ည...။

ကောင်းကင်ပေါ်၌ လခြမ်းပဲ့ကလေးသာ ရှိနေ၏။

ကြယ်ရောင် လရောင်သည် ညအမှောင်ကို အံတုယင်း ပတ်ဝန်းကျင်ကို ပိုးတဝါး ဖြစ်စေခဲ့လေသည်။

"ဂစ်"

ညဉ့်ငှက်တစ်ကောင် ရှူးရှူးရှရှ အော်မြည်ကာ အဝေးသို့ ပျံ သန်းသွားလေသည်။

ထိုအချိန်တွင် အရိပ်မည်းမည်းကြီးတစ်ခုသည် ပညာရှိ သိုင်းရာဇာကြီးစန့်ကွမ်းထင်း၏ ခြံဝင်းအတွင်းသို့ တိတ်တဆိတ် ဝင် ရောက်လာလေသည်။

ထိုအရိပ်မည်းကြီးသည် စန့်ကွမ်းထင်း၏ စံအိမ်နှင့် မလှမ်း မကမ်းသို့ ရောက်လျှင် အနီးရှိ သစ်ပင်တစ်ပင်ပေါ်သို့ ခုန်တက် ပျောက်ကွယ်သွားလေသည်။

ရောင်လုံက တံဆိပ်တုံးယူဖို့ ရောက်ရှိလာခြင်း ဖြစ်လေ သည်။

အလွန်ရှုပ်ထွေးသော ကိစ္စတစ်ခု ဖြစ်နေခြင်းကြောင့် မြောင်ကျကျ တိုက်ခိုက်ရယူဖို့ ကြိုးစားမရပါချေ။

တံဆိပ်တုံးကို လျှို့ဝှက်စွာ ရယူသွားရမည်သာ ဖြစ်လေသည်။

တံဆိပ်တုံး ကျူးရှုလက်ထဲ ရောက်သွားပြီးမှ စန့်ကွမ်းထင်က ပြဿနာရှာလာလျှင် ရှောင်လုံအတွက် ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ဖို့ အခွင့်အရေးရမည် ဖြစ်လေသည်။

ရှောင်လုံသည် သစ်ပင်ပေါ်၌ ပုန်းအောင်းယင်း အခြေအနေ စောင့်ကြည့်နေလိုက်လေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ညက တဖြည်းဖြည်း နက်ရှိုင်းလာသည်။

အေးမြမှုလည်း ပိုကဲလာတော့သည်။

စန့်ကွမ်းထင်း၏ စံအိမ်ကြီး၌ မီးရောင်များ တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။

နောက်ဆုံး စာဖတ်ခန်းတစ်ခုသာ မီးရောင် ရှိတော့သည်။

"ပညာရှိသိုင်းရာဇာကြီးဟာ ညဉ့်နက်တဲ့အထိ စာဖတ်တဲ့အလေ့အကျင့် ရှိတယ်၊ ငါသည်းခံစောင့်ဆိုင်းရဦးမှာပဲ"

ရှောင်လုံ စိတ်ရှည်လက်ရှည် ဆက်လက်စောင့်ဆိုင်းနေလိုက်၏။ သူကြာကြာ မစောင့်လိုက်ရပါ။

စာဖတ်ခန်းမှ မီးရောင်များ ပျောက်ကွယ်သွားပြီး အပြင်ဘက် စင်္ကြံလမ်း၌ လူရိပ်တစ်ခု ထွက်ပေါ်လာသည်ကို တွေ့လိုက်ရသည်။



စန့်ကွမ်းထင်းက သူ၏အိပ်ခန်းသို့ သွားတော့မည် ဖြစ်လေသည်။ ရှောင်လုံ မျက်ခြည်မပြတ် စောင့်ကြည့်နေလိုက်သည်။

စင်္ကြံလမ်းမှ လူရိပ် ရွေ့လျားသွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

"အချိန်ကျပြီ"

ရှောင်လုံ လှုပ်ရှားရန် ဆုံးဖြတ်လိုက်သည်။

သစ်ကိုင်းပေါ်မှ ခုန်ထွက်ကာ လေထဲ ကျွမ်းသုံးပတ်ပစ်လိုက်လျှင် အိမ်ခေါင်မိုးပေါ်သို့ ရောက်ရှိသွားလေတော့သည်။

ရှောင်လုံသည် ခေါင်မိုးအုပ်ကြွပ်ပြားများကို တစ်ချပ်ချင်း ဂရုစိုက်ပြီး ခွာလိုက်သည်။

လူတစ်ကိုယ်စာ ဝင်ပေါက် ဖြစ်သွားလျှင် အောက်ဘက်သို့ အသာကလေး လျှောဆင်းလိုက်သည်။

စာဖတ်ခန်းထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားလေတော့သည်။

ရှောင်လုံတို့လူစုသည် မီးရောင် မရှိဘဲ အမှောင်ထဲ၌ နေထိုင်သွားလာလှုပ်ရှားတတ်အောင်၊ တိုက်ပွဲဝင်တတ်အောင် အထူးလေ့ကျင့်ခဲ့ရသူများ ဖြစ်ရကာ စာဖတ်ခန်းထဲ၌ မှောင်မည်းနေသော်လည်း စားပွဲဆီသို့ ချဉ်းကပ်သွားနိုင်ခဲ့လေသည်။

အံဆွဲတစ်ခုကို ဆွဲဖွင့်ကာ လက်ဖြင့် စမ်းကြည့်လိုက်လျှင် ယွန်းသေတ္တာလေးကို စမ်းမိလိုက်သည်။

ရှောင်လုံက ယွန်းသေတ္တာလေးကို ယူကာ အဖုံးဖွင့်လိုက်၏။

အနီရောင်ကတ္တီပါစဖြင့် ထုပ်ထားသော တံဆိပ်တုံးက သူ၏လက်ထဲ ရောက်လာသည်။

ရောင်လုံ ကျေနပ်သွားသည်။

တံဆိပ်တုံးကို ယူကာ ပြန်သွားဖို့သာ ရှိတော့သည်။

ရောင်လုံ နောက်ကျောလှည့်ဖို့ ခြေလှမ်းပြင်လိုက်စဉ်...

“ဂျိ”

အခန်းတံခါး ပွင့်သွားပြီး မီးအိမ်ကိုင်ထားသူများ အခန်းတွင်းသို့ ပြေးဝင်လာကြလေတော့သည်။

* * *

စာဖတ်ခန်း၌ နေ့ဘက်နှင့်မခြားအောင် မီးရောင်များ ထိန်ထိန်လင်းသွားလေသည်။

စန္ဒကွမ်းထင်းနှင့် တပည့်သိုင်းသမားများ ပြေးဝင်လာကြ၍ ရောင်လုံအား ဝိုင်းရံထားလိုက်ကြလေသည်။

ရောင်လုံ ကံကောင်းသွားသည်မှာ လမ်းကြားထိပ်၌ တွေ့ခဲ့ရသော မိန်းကလေးကို အားကျကာ မျက်နှာတစ်ဝက်ကို ဇာပဝါစည်းနှောင်ရုပ်ဖျက်ထားခဲ့မိခြင်း ဖြစ်လေသည်။

စန္ဒကွမ်းထင်းက...

“မင်း ဘယ်သူလဲ၊ ဘာကြောင့် တံဆိပ်တုံးကို ခိုးယူချင်ရတာလဲ”

ဟု မေးလိုက်လေသည်။



ရောင်လုံက တံဆိပ်တုံးကို အင်္ကျီရင်ဘတ်ကြား၌ သိမ်းဆည်းထားလိုက်သည်။

လွှမ်းခြုံထားသော ဝတ်ရုံကို သိမ်းသလိုလိုဖြင့် လက်တစ်ဖက် နောက်ပစ်ကာ အသင့်ဆောင်ထားသော ဓားဆယ့်လေးလက်ဖြင့် တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

အကျိုးအကြောင်း ပြောဆိုဖြေရှင်းနေခြင်းထက် ထိုးဖောက်တိုက်ခိုက်ခြင်းက အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း နားလည်ထားသည် မဟုတ်ပါလား။

စန္ဒကွမ်းထင်းက...

“မင်း အေးအေးဆေးဆေး အဖမ်းခံလိုက်ယင် ကောင်းမယ်”

သူ၏စကားအဆုံးတွင် ရောင်လုံက အဖမ်းမခံသည့်အပြင် ဓားတင်တိုက်ခိုက်လိုက်လေတော့သည်။

“ဝှစ်”

ရောင်လုံ၏လက်ထဲ ဓားတစ်လက် ရောက်လာပြီး ဝှေ့ယမ်းလိုက်သောအခါ ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာလေသည်။

ရှေ့ဆုံးမှ သိုင်းသမားနှစ်ယောက်မှာ ဒဏ်ရာရကာ နောက်ဆုတ်လိုက်ရတော့သည်။

“အင့်”

“အား”

စန္ဒကွမ်းထင်း ဒေါသဖြစ်သွားလေသည်။

"သူ့ကို မလွတ်စေနဲ့"

အော်ဟစ်အမိန့်ပေးလိုက်လျှင် သူ၏သိုင်းသမားများလည်း

"တိုက်ကြ"

"ယား"

"မလွတ်စေနဲ့"

ညာသံပေးကာ ရှောင်လုံအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေတော့သည်။

ရှောင်လုံလည်း အဖမ်းမခံဘဲ ပြန်လည်တိုက်ခိုက်လိုက်ပြီး-

"ဟူး"

အပေါ် ခုန်တက်သွားတော့သည်။

အပေါက်ကြီးမှတဆင့် ခေါင်မိုးပေါ် ရောက်သွားလေတော့သည်။ စန့်ကွမ်းထင်း မဲ့ပြုံးပြုံးလိုက်သည်။

"မင်းပြေးလို့ ရမလား"

အော်ငေါက်ယင်း ရှောင်လုံ နောက်သို့ တဟုန်ထိုး လိုက်သွားလေတော့သည်။

* * *

"ဟူး..ဟူး"

ရှောင်လုံသည် ခေါင်မိုးပေါ်မှတဆင့် သစ်ပင်တစ်ပင်သို့ ခုန်ကူးလိုက်သည်။ တဖန် သစ်ပင်တစ်ပင်မှတစ်ပင် ခုန်ကူးကာ ရှောင်တိမ်းသွားဖို့ ကြိုးစားလိုက်လေသည်။



သူလွတ်မြောက်သွားနိုင်မည်ဟု ယုံကြည်မိသည်။

သို့သော်...

သူ၏နောက်ကျောဘက်မှ လေအေးတစ်ချက် တိုက်ခတ်လာပြီး တိုက်ခိုက်မှုတစ်ခု ဖြစ်ပေါ်လာသည်ကို သတိပြုမိလိုက်လေသည်။

အလွန်နီးကပ်နေပြီ ဖြစ်ရာ ရှောင်လုံလည်း ရှောင်တိမ်းနိုင်စွမ်း မရှိတော့သဖြင့် ခန္ဓာကိုယ်ရှေ့သို့ ငိုက်ချကာ အောက်သို့ ခုန်ဆင်းလိုက်ရလေသည်။

နောက်ကျောဘက်သို့ လူတစ်ယောက် ရောက်ရှိလာပြီး တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ထိုလူသည်လည်း အောက်သို့ ခုန်ဆင်းကာ ထပ်မံတိုက်ခိုက်လာလေသည်။ ရှောင်လုံ မြေပေါ် ခြေချမိသည်နှင့်...

"ဟိတ်"

ညာသံပေးကာ နောက်လှည့်ရင်ဆိုင်လိုက်၏။

သူ့နောက်သို့ ထက်ကြပ်မကွာ လိုက်လာပြီး တိုက်ခိုက်နေသူမှာ စန့်ကွမ်းထင်း ဖြစ်ကြောင်း မှုဝါးဝါး လရောင်ဖြင့် တွေ့လိုက်ရလေသည်။ စန့်ကွမ်းထင်းက...

"မင်းထွက်သွားလို့ ရမယ် မထင်နဲ့"

ကြိုးဝါးယင်း ဖိ၍ တိုက်ခိုက်လိုက်လေသည်။

ထိပ်သီးသိုင်းသမားကြီးတစ်ဦး ဖြစ်ရကား ရှောင်လုံကို အနိုင်ယူနိုင်မည်ဟု ယုံကြည်ထားလေသည်။

သို့သော်...

ရှောင်လုံ၏တိုက်ကွက်များသည် သေကွင်းသေကွက်များကိုသာ ရွေးချယ်တိုက်ခိုက်သော ရက်စက်ကြမ်းကြုတ်သည့် သိုင်းကွက်များ ဖြစ်နေသည့်အပြင် အသက်ကို ပဓာနမထား သူသေကိုယ်သေ တိုက်ခိုက်နေပုံမျိုး ဖြစ်၍ စန့်ကွမ်းထင်း အံ့သြသွား၏။

အလောတကြီး ဖြစ်ကာ တစ်ချက်ကလေး မှားယွင်းလိုက်သည်နှင့် အနိုင်ရမည် မဟုတ်ဘဲ မိမိသာ ဒုက္ခရောက်သွားမည် ဖြစ်ကြောင်းလည်း နားလည်လိုက်လေသည်။

ထို့ကြောင့် မပေါ့ဆဝံ့တော့ဘဲ သတိထားလိုက်ရတော့သည်။ ရှောင်လုံသည် သူ့ထက် သိုင်းပညာသာပြီး ဝါရင့်သော စန့်ကွမ်းထင်းကို မမှုပါ။

သူ၏ရက်စက်ကြမ်းကြုတ်သော သိုင်းကွက်များက ကောင်းစွာ ဟန့်တားနိုင်မည် ဖြစ်ကြောင်း နားလည်ထားလေသည်။

သူက ဓားဆယ့်လေးချောင်းကို အသုံးပြုပြီး စန့်ကွမ်းထင်းကို ထိခိုက်သွားစေနိုင်မည်ဟုလည်း ယုံကြည်ထား၏။

ရှောင်လုံ၏တိုက်ကွက်များကြောင့် စန့်ကွမ်းထင်း နောက်ဆုတ်လိုက်ရလေသည်။

ထိုအချိန်မှာပင် စန့်ကွမ်းထင်း၏တပည့်များ ပြေးလွှားရောက်ရှိလာပြီး ဝိုင်းရံထားလိုက်လေသည်။

ပြင်းထန်သော တိုက်ပွဲကြီး ဆင်နွှဲပြီးမှသာ ထွက်သွားနိုင်တော့မည် ဖြစ်ကြောင်း ရှောင်လုံ နားလည်လိုက်သည်။

သူက တံဆိပ်တုံးကို ယူကာ ထိုးဖောက်သွားမည် ဖြစ်သည်။



တံဆိပ်တုံးနှင့်အတူ လွတ်မြောက်သွားနိုင်ခြင်း မရှိလျှင် သူသေဆုံးသွားဖို့သာ ရှိသည်ဟု ရှောင်လုံ သဘောထားလိုက်လေသည်။ သူ၏မျက်စိထဲ ဘာကိုမှ မမြင်တော့ပါ။

ဘာကိုမှ မစဉ်းစားတော့ဘဲ...

"ယား"

ဝမ်းခေါင်းသံကြီးဖြင့် ညာသံပေးယင်း ထိုးဖောက်တိုက်ခိုက်လိုက်လေတော့သည်။

စန့်ကွမ်းထင်း၏လူများ ထိခိုက်အနာတရ ဖြစ်ကုန်သည်။

ဖရိုဖရဲ နောက်ဆုတ်သွားကြသည်။

ရှောင်လုံ ထွက်ပေါက်ရသွားတော့သည်။

"ဟူး"

ရှောင်လုံ မြေပေါ် ခြေဆောင့် ခုန်ထွက်လိုက်လေသည်။

"မင်းလွတ်မတဲ့လား"

စန့်ကွမ်းထင်း လိုက်လာ၏။

ထိုအချိန်မှာပင် အနီရောင်လူရိပ်တစ်ခု ရောက်ရှိလာပြီး စန့်ကွမ်းထင်းအား ဟန့်တားတိုက်ခိုက်လိုက်လေသည်။

"ဗိုး"

ကြိုးတစ်ချောင်း ပစ်လွှင့်လာသည်။

ကြိုးထိပ်ဖျား၌ တပ်ဆင်ထားသော ဓားပျံက စန့်ကွမ်းထင်း၏ရင်ဝသို့ တိုးဝင်သွားလေသည်။

"ဟင်"

ရှောင်လုံကို အာရုံရောက်နေသော စန့်ကွမ်းထင်း ရင်ထိတ်

သွားလေသည်။

"မင်းက အဖော်ပါလတာကိုး"

ဒေါသတကြီးပြောသင်း ကပျာကယာ ရှောင်တိမ်းလိုက်လေသည်။

ရှောင်လုံ အံ့သြသွားသည်။ သူတစ်ယောက်ထဲ လာခဲ့ခြင်း ဖြစ်ပြီး အပေါင်းအဖော်တစ် ယောက်မှ ပါမလာခဲ့ပါ။

သူ့ဘက်မှ ဝင်ရောက်ကူညီလိုက်သူမှာ မည်သူ ဖြစ်ပါသနည်း။

ရှောင်လုံ ရှည်ရှည်ဝေးဝေး စဉ်းစားမနေနိုင်အားပါ။

အခွင့်အရေးကို လက်လွှတ်မခံဘဲ စန့်ကွမ်းထင်းကို တိုက်ခိုက်လိုက်လေသည်။

"ဝှစ်"

ညပ်ပူးညပ်ပိတ် တိုက်ခိုက်ခံလိုက်ရသောအခါ စန့်ကွမ်းထင်း အကြပ်ရိုက်သွားလေသည်။

ရှောင်တိမ်းနေသည့်ကြားမှ ရှောင်လုံ၏ဓားက သူ၏လက်မောင်းတစ်ဘက်ကို ရှပ်ပြီး ခုတ်ချမိလိုက်လေသည်။

"အင့်"

စန့်ကွမ်းထင်း ညည်းညူယင်း ဒယီးဒယိုင် ဖြစ်သွားလေသည်။

ရှောင်လုံသည် အသာစီးရလိုက်သော်လည်း ဆက်၍ တိုက်ခိုက်ခြင်း မပြုဘဲ မြေပေါ်ခြေဆောင့်ကာ ရှောင်ထွက်သွားလိုက်လေသည်။



ထိုအချိန်မှာပင်...

"ဝှစ်"

ကြိုးတပ်ဓားမြှောင်က သူ၏ရင်ဝသို့ တိုးဝင်လာလေသည်။

"ဟင်"

ရှောင်လုံ ရင်ထိတ်သွား၏။

ရုတ်တရက် ရောက်ရှိလာသူသည် စန့်ကွမ်းထင်းကိုသာမက သူ့ကိုပါ ချမ်းသာမပေးဘဲ တိုက်ခိုက်လာသည် မဟုတ်ပါသား။

ရှောင်လုံ ကပျာကယာ ခေါင်းငုံ့ရှောင်လိုက်လေသည်။

ကြိုးတပ်ဓားမြှောင်က သူ၏ဦးခေါင်းပေါ်မှ ပွတ်ကာသီကာ ဖြတ်ကျော်သွားလေသည်။

အနီးကပ် တွေ့မြင်လိုက်ရမှ ထိုလူ၏လက်နက်သည် ကြိုးတပ်ဓားမြှောင်မဟုတ်ဘဲ ဆူးများပြည့်လျှမ်းနေသည့် ကြာပွတ်တစ်ချောင်း ဖြစ်ပြီး ကြာပွတ်ထိပ်ဖျား၌ ဓားမြှောင်တစ်လက် တပ်ဆင်ထားခြင်း ဖြစ်ကြောင်း တွေ့လိုက်ရလေသည်။

အလွန်ကြောက်စရာကောင်းသော လက်နက်တစ်မျိုး ဖြစ်ပါတော့သည်။

ထိုလူက သံမဏိကြာပွတ်ကို ဝှေ့ယမ်းကာ ထပ်မံတိုက်ခိုက်လာလေသည်။

ရှောင်လုံ ခံပြင်းသွားသည်။

တိုက်ခိုက်နေသူကို ကြည့်လိုက်သောအခါ လမ်းကြားလေးထိပ်၌ တွေ့ခဲ့ရသော အနီရောင်ဝတ်မိန်းကလေး ဖြစ်နေကြောင်း

တွေ့လိုက်ရလေသည်။

မိန်းမချောလေးတစ်ယောက်သည် ကြောက်မက်ဖွယ်ကောင်းသော လက်နက်ကို အသုံးပြုကာ ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်လာမည် မထင်မိချေ။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ"

ဟု ငေါက်လိုက်ရာ မိန်းကလေးက...

"တံဆိပ်တုံးပေးစမ်း"

ပြန်လည်အော်ငေါက်ကာ တရကြမ်း တိုက်ခိုက်လာပြန်တော့သည်။ အခြေအနေ ရှုပ်ထွေးသွား၏။

ရှောင်လုံက မိန်းကလေးနှင့်လည်းကောင်း၊ စန့်ကွမ်းထင်းတို့လူစုနှင့်လည်းကောင်း ရင်ဆိုင်နေရသည်။

မိန်းကလေးကလည်း ရှောင်လုံနှင့် စန့်ကွမ်းထင်းတို့ကို မခွဲခြားဘဲ နှစ်ယောက်စလုံးကို တိုက်ခိုက်နေသည်။

စန့်ကွမ်းထင်းတို့ကလည်း ရှောင်လုံကိုကော မိန်းကလေးကိုပါ တိုက်ခိုက်ကြလေသည်။

ရှောင်လုံသည် သူ့ခိုးလက်သူ့ဝှက်လု ဆိုသလို တံဆိပ်တုံးကို ကြားဖြတ်လုယူလိုသော မိန်းကလေးအား ဒေါသထွက်သွားလေသည်။

"ကျုပ်ကို နှောင့်ယှက်လို့ မရဘူး"

ကြုံးဝါးယင်း မိန်းကလေးကို ဖိ၍ တိုက်ခိုက်လိုက်လေသည်။ သူမအပေါ် ညှာတာမနေတော့ဘဲ တရကြမ်း ဖိ၍တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။



မိန်းကလေးက သံမဏိကြာပွတ်ဖြင့် ရှေ့တိုးလာသည်။

စန့်ကွမ်းထင်းတို့အား တိုက်ခိုက်လိုက်ပြီး ခန္ဓာကိုယ်တစ်ပတ်လှည့်ကာ ရှောင်လုံနှင့် ရင်ဆိုင်လိုက်၏။

ခန္ဓာကိုယ်ယိမ်းနွဲ့ကာ ရှောင်လုံ၏ဓားချက်များကို ရှောင်တိမ်းပြီး လူချင်းနီးကပ်သွားအောင် အတင်းရှေ့တက် ပူးကပ်ပြီး ရှောင်လုံ၏ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ရှောင်လုံ ရင်ထိတ်သွား၏။

မိန်းကလေး ရှေ့တက်လာ၍ မရအောင် တားဆီးလိုက်သော်လည်း မအောင်မြင်ခဲ့ပါ။

သူ၏ပြင်းထန်သော ဓားချက်များသည် မိန်းကလေးအား ဟန့်တားနိုင်ခြင်း မရှိခဲ့ချေ။

မိန်းကလေးသည် ရိပ်ခနဲရိပ်ခနဲ အနီးသို့ ရောက်လာပြီး ရှောင်လုံ၏ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

"ဝုန်း"

ရှောင်လုံ အဝေးသို့ လွင့်စဉ်သွားတော့သည်။

အင်္ကျီရင်ဘတ်ကြား၌ သိမ်းဆည်းထားသော တံဆိပ်တုံးလေးလည်း မြေပေါ်ထွက်ကျသွားတော့သည်။

"ရှင် ကျွန်မကို မယှဉ်နိုင်ပါဘူးလေ"

မိန်းကလေးက ခနဲ့ယင်း တံဆိပ်တုံးလေးကို ကောက်ယူလိုက်လေသည်။

"တံဆိပ်တုံးကို ချထားစမ်း"

စန့်ကွမ်းထင်းက အော်ငေါက်ယင်း ပြေးလာသောအခါ...

"ရောင်လိုက်စမ်း"

မိန်းကလေးက ခားပါးကလေးများ ပစ်လွှတ်လိုက်လေသည်။

ခားပါးကလေးများကြောင့် စန္ဒကွမ်းထင်း ရောင်လိုက်သော်လည်း အနည်းငယ် နောက်ကျသွားသဖြင့် သူ၏ပခုံး၌ ခားပါးတစ်ချောင်း စိုက်ဝင်သွားလေသည်။

သူ၏နောက်လိုက် သုံးလေးယောက်လည်း ခားပါးလေးများထိကာ...

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှစွာ အော်ဟစ်ယင်း လဲကျသွားလေတော့သည်။

ထိုမျှမကသေး...

ခားပါးကလေးများသည် မြေပေါ်မှ လူးလိမ့်ထလာသော ရောင်လုံထံသို့လည်း ပစ်လွှင့်သွားလေသည်။

ရောင်လုံ နောက်သို့ ခုန်ဆုတ်ရောင်တိမ်းလိုက်ရတော့သည်။

"ခစ်"

ရောင်လုံနှင့် စန္ဒကွမ်းထင်းတို့လူစု ဖရိုဖရဲ ဖြစ်သွားသည်ကို ကြည့်ပြီး မိန်းကလေး ရယ်မောလိုက်လေသည်။

သူမ ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ဘဲ မြေပေါ်ခြေ ဆောင့်၍ အပေါ်ခုန်တက်ပြီး ငှက်ကြီးတစ်ကောင်ပမာ ပျံဝဲကာ



ရောင်ထွက်သွားတော့သည်။

သူမ၏လှုပ်ရှားမှု အလွန်လျင်မြန်နေသဖြင့် တခဏအတွင်း မှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

ရောင်လုံ ခံပြင်းနေသည်။

တံဆိပ်တုံး ဆုံးရှုံးသွားသည့်အပြင် ဒဏ်ရာလည်း ရထားပြီ မဟုတ်ပါလား။

တာဝန်ကျေအောင် ဆောင်ရွက်နိုင်ခြင်း မရှိဘဲ အရေးနိမ့် ခဲ့ရခြင်းမှာ ရှက်စရာကောင်းလှသည်။

စန္ဒကွမ်းထင်းတို့လူစု ဖရိုဖရဲ ဖြစ်နေချိန်၌ မိန်းကလေး နောက်သို့ လိုက်သွားနိုင်ရန် တဟုန်ထိုး ပြေးထွက်လာခဲ့လေတော့ သည်။

* * *

## ကြမ္မာဆိုး

နံနက်မိုးစင်စင် လင်းလာပြီ ဖြစ်ပါသည်။

ရောင်လုံသည် မိန်းကလေးနောက်သို့ လိုက်သွားသော်လည်း မမီနိုင်တော့ဘဲ မျက်ခြည်ပြတ်သွားလေသည်။

ထိုမိန်းကလေးမှာ မည်သူ ဖြစ်ပါသနည်း။

အဘယ်ကြောင့် တံဆိပ်တုံးကို လုယူလိုပါသနည်း။

တံဆိပ်တုံးလည်းဆုံးရှုံး၊ ဒဏ်ရာလည်းရကာ မရှုမလှ အရေးနိမ့်ခဲ့ရချေပြီ။

ရောင်လုံ ယူကျုံးမရ ဖြစ်နေ၏။

"ဆရာရွှင်ဖုံးကြည် ကွယ်လွန်သွားပြီးတဲ့ နောက်ပိုင်း ငါက သွေးသစ္စာအဖွဲ့ရဲ့ ခေါင်းဆောင် ဖြစ်လာတယ်၊ 'ဓားထိန်းနတ်' ဆိုတဲ့ ဘွဲ့ထူးနဲ့ အမှန်တရားဘက်က ရပ်တည်တဲ့ လူတစ်ယောက်လို့ ဒိုးကျူးခံလာရတယ်၊ လူဆိုးဓားမြ မတရားလုပ်သူတွေ ဖိန့်ဖိန့်တုန်အောင် ကြောက်ခဲ့ရတယ်၊ ခုတော့ ငါရှုံးနိမ့်ခဲ့ပြီ၊ လောကပေါ်မှာ ငါ့လောက် အသုံးမကျတဲ့လူ ရှိတော့မှာ မဟုတ်ဘူး"

ဓားထိန်းနတ်ဘွဲ့ထူးနှင့် သွေးသစ္စာဂိုဏ်း၏ ဂုဏ်သိက္ခာ ရေစုန်မျောရပြီဟု တွေးကာ နောက်ဆုံး ကိုယ့်ကိုကိုယ် အဆုံးစီရင်ရန် ဆုံးဖြတ်လိုက်လေသည်။



ရောင်လုံသည် ဓားတစ်ချောင်းကို လက်ထဲဆုပ်ကိုင်ထားလိုက်ပြီးမှ တံဆိပ်တုံး လုသွားသော မိန်းကလေးကို ပြန်လည်မြင်ယောင်လာလေသည်။

မိန်းကလေးသည် မယုံနိုင်စရာကောင်းအောင် သိုင်းပညာ ထက်မြက်နေပါသည်။

ထိုမိန်းကလေးကို ရောင်လုံ စိတ်ဝင်စားသွားတော့သည်။

"သူ ဘယ်သူလဲ"

"ဘာကြောင့် တံဆိပ်တုံးကို လိုချင်ရတာလဲ"

"သူ့ရဲ့သိုင်းပညာ ထက်မြက်လွန်းတယ်၊ သူ့ဆရာက ဘယ်သူလဲ"

ရောင်လုံ ဓားကို ရုပ်သိမ်းလိုက်သည်။

ကိုယ့်ကိုကိုယ် အဆုံးစီရင်ဖို့ မကြိုးစားတော့ပါ။

မိန်းကလေးအား မတွေ့တွေ့အောင် ရှာဖွေပြီး ရင်ဆိုင်ဖြေရှင်းရလိမ့်မည် ဖြစ်ပေသည်။

လက်လျှော့အရှုံးမပေးဟု ရောင်လုံ ဆုံးဖြတ်လိုက်သည်။

မိန်းကလေးအကြောင်း တွေးယင်း ရင်ထဲဗို့ဘက်သာပြီး...

"ဝေါ"

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်လေသည်။

မျက်နှာကြီးရှုံ့မဲ့သွားသလို ခန္ဓာကိုယ်လည်း ဒယီးဒယိုင် ဖြစ်သွား၏။

မိန်းကလေး၏လက်ချက်ကြောင့် ဒဏ်ရာပြင်းစွာ ရရှိလိုက်ပြီ မဟုတ်ပါလား။

မိန်းကလေးအား ရှာဖွေကာ ရင်ဆိုင်နိုင်ရန် သူ၏ဒကာ်ရာကို အယင်ဆုံး ဆေးကုရမည်ဟု နားလည်လိုက်သည်။

သွေးသစ္စာဂိုဏ်းသို့ တိတ်တဆိတ် ပြန်သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

* * *

ရှောင်လုံနှင့် မိန်းကလေးတို့ ထွက်သွားကြပြီ ဖြစ်သည်။

တံဆိပ်တုံးကိုလည်း ဆုံးရှုံးလိုက်ရပြီ ဖြစ်လေသည်။

စန့်ကွမ်းထင်း စိတ်ဓာတ်ကျဆင်းသွားတော့သည်။

"တံဆိပ်တုံး လုယူခံလိုက်ရတယ်ဆိုယင် အားလုံးက ငါ့ကို ဝိုင်းပြီး အပြစ်တင်ကြမှာပဲ"

အရှက်တကွဲ အကျိုးနည်း ဖြစ်ရမည်ကို တွေးပြီး ထိတ်လန့်နေ၏။ မည်သို့ဆိုစေ...

သူ၏ပေါ့လျော့မှုကြောင့် တံဆိပ်တုံး ဆုံးရှုံးခဲ့ရသဖြင့် အပြစ်ကို ခံယူရမည်သာ ဖြစ်ပါသည်။

"ငါအသက်ကြီးနေပါပြီလေ၊ သေရမယ်ဆိုယင်လည်း သေပျော်ပါပြီ"

စန့်ကွမ်းထင်း စိတ်လျော့လိုက်လေသည်။

တံဆိပ်တုံးသည် မသမာသူများလက်ထဲ ရောက်သွားပါက သိုင်းလောကတစ်ခုလုံး ဒုက္ခရောက်ရတော့မည် ဖြစ်သည်။

တံဆိပ်တုံး လုယူသွားသူများကို ရှာဖွေဖော်ထုတ် တားဆီး



ရတော့မည် ဖြစ်သည်။

ယခု...

တံဆိပ်တုံး လုယက်ခံလိုက်ရသည့် ကိစ္စကို မည်သူမျှ သိကြသေးသည် မဟုတ်ပါ။

သတင်းမပေါက်ကြားသွားအောင် ဖုံးကွယ်ထားပြီး လုယူသွားသူများအား လိုက်လံရှာဖွေကာ တံဆိပ်တုံး ပြန်ရအောင် ယူနိုင်မည်ဆိုလျှင် ပြဿနာအားလုံး အေးချမ်းသွားပေလိမ့်မည်။

စန့်ကွမ်းထင်းက...

"ဘယ်သူမှ မသိအောင် ဖုံးကွယ်ထားပြီး လုယူသွားသူတွေကို လိုက်ရှာပြီး တံဆိပ်တုံး ပြန်ယူဖို့ ကြိုးစားတာ အကောင်းဆုံးနည်းလမ်းပဲ၊ ငါ့အတွက် အရှက်ကွဲစရာလည်း မရှိတော့ဘူး၊ အပြစ်ပေးခံရမှာလည်း မရှိတော့ဘူး၊ ဟုတ်ပြီ၊ သည်အတိုင်းပဲ လုပ်ရမယ်"

ဟု အားရကျေနပ်စွာ ဆုံးဖြတ်လိုက်တော့သည်။

ခြံဝင်းအတွင်းသို့ ရန်သူ ဝင်ရောက်လာသည့် ကိစ္စကို ဖုံးကွယ်ထားရန် သူ၏လူများအား အမိန့်ထုတ်လိုက်လေတော့သည်။

* * *

မဟာမိတ်ဂိုဏ်းအတွင်း ဖြစ်ပေါ်နေသော သဘောထားကွဲလွဲမှုများသည် တစ်စထက်တစ်စ ကြီးမားလာပြီး အဖွဲ့ပြိုကွဲတော့မည့် အက်ကြောင်းကြီးပမာ ဖြစ်လာလေတော့သည်။

အလွန်တိကျပြတ်သားသည်ဟု သတင်းကြီးသော

အနောက်မြို့စားသည် မဟာမိတ်အဖွဲ့သို့ မလာတော့ဘဲ ဆန့်ကျင်လိုက်လေသည်။

သိုင်းလောက အေးချမ်းသာယာရေးနှင့် မဟာမိတ်အဖွဲ့ကြီး မပြိုကွဲရေးကို လိုလားသည်ဆိုလျှင် 'အမိန့်မဟာတံဆိပ်တုံး' အား သူ့လက်ထဲအပ်ရမည်၊ သူ၏ဦးဆောင်မှုကို ခံယူရမည်ဟု ကျန်အကြီးအကဲများကို အကြပ်ကိုင်လိုက်လေသည်။

သူက အမိန့်မဟာတံဆိပ်တုံးကို ဆုပ်ကိုင်ကာ မဟာမိတ်အဖွဲ့ကြီးကို ဦးဆောင်ပြီး သိုင်းလောက အေးချမ်းသာယာရေးအတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမည်ကို လက်မခံလျှင် တံဆိပ်တုံးအတွက် တိုက်ပွဲဝင်သွားမည် ဖြစ်ကြောင်းလည်း အတိအလင်း အသိပေးလိုက်လေသည်။

အနောက်မြို့စားမှာ သိုင်းပညာထက်မြက်သကဲ့သို့ သူ့အား ထောက်ခံသူ အများအပြားရှိရာ အင်အားကြီးမားသူ ဖြစ်လေသည်။

အနောက်မြို့စားကြောင့် အကြံကိုယ်စီ ရှိနေကြသော ကျန်အကြီးအကဲများ အခက်ကြုံကြရလေတော့သည်။

တံဆိပ်တုံး ပေးအပ်လိုက်မည်လော။

အနောက်မြို့စားနှင့် ယှဉ်ပြိုင်တိုက်ခိုက်ကြမည်လော။

အလွန်ဆိုးဝါးသော အခြေအနေတရပ် ဖြစ်ပေါ်လာလေတော့သည်။

* * *



မဟာမိတ်အဖွဲ့အား အနောက်မြို့စားက အံတုလာခြင်းကြောင့် အခက်ကြုံရသည်။

အနောက်မြို့စားအပြင် နောက်ထပ် အခက်အခဲတစ်ခုမှာ 'ကန္တရသိမ်းငှက်' ဖြစ်သည်။

ကန္တရသိမ်းငှက်သည် အင်အားအလွန်တောင့်တင်းသော နယ်ခြားကန္တရဒေသခေါင်းဆောင် ဖြစ်သည်။

ယခင်က ကန္တရသိမ်းငှက်သည် လုယက်တိုက်ခိုက် ဆိုးသွမ်းသောင်းကျန်းခဲ့သည့် လူဆိုးဓားပြခေါင်းဆောင်ကြီးတစ်ဦးလည်း ဖြစ်ခဲ့သည်။

ဝူးယီကျားက သိုင်းလောကတစ်ခုလုံးကို စည်းရုံးသိမ်းသွင်းသောအခါ ကန္တရသိမ်းငှက်ကိုလည်း စည်းရုံးသိမ်းသွင်းခဲ့လေသည်။

ဝူးယီကျား၏ ကြိုးပမ်းမှုကြောင့် ကန္တရသိမ်းငှက်က မကောင်းမှုများကို ရှောင်ကာ အများအကျိုးဆောင်ရွက်သူ ဖြစ်လာသည်။

သူ၏အင်အား၊ သိုင်းပညာနှင့် အများအကျိုး ဆောင်ရွက်မှုများကြောင့် ဝူးယီကျားက ချီးကျူးကာ အခြားအမှောင်လောကသားများ၊ ဒုစရိုက်သမားများ အတုယူကာ မကောင်းမှုကို စွန့်ပြီး ကောင်းမှုကောင်းကျိုး ဆောင်ရွက်လာစေရန် စံနမူနာထားသည့် အနေဖြင့် ကန္တရသိမ်းငှက်အား အလွန်အရေးပါသော ရာထူးဖြစ်သည့် အကြီးအကဲငါးဦးတွင် တစ်ဦးအပါအဝင်အဖြစ် နေရာပေးခဲ့လေသည်။

ဝူးယီကျားက ကန္တရသိမ်းငှက်ကို စည်းရုံးသိမ်းသွင်းနိုင်သဖြင့် နယ်ခြားဒေသနှင့် ကန္တရဒေသတို့ အေးချမ်းသာယာသွားခြင်း

ကြောင့်လည်း အကြီးအကဲရာထူး ချီးမြှင့်သောအခါ ကန့်ကွက်ပြော ဆိုကြခြင်း မရှိတော့ချေ။

သို့သော်...

ဝူးယိကျား ကွယ်လွန်သွားပြီးနောက်ပိုင်း ကန္တရသိမ်းငှက် က မဟာမိတ်အဖွဲ့၌ မနေတော့ဘဲ ကန္တရဒေသသို့ ပြန်သွားခဲ့လေ သည်။

နောက်ပိုင်းတွင် ကန္တရနယ်မြေ၌ ခါးဆိုးလုယက် တိုက်ခိုက် မှုများ ပြန်လည်ဖြစ်ပေါ်လာခဲ့တော့သည်။

ကန္တရသိမ်းငှက်သည် တစ်ဘက်က မဟာမိတ်အဖွဲ့ အကြီး အကဲ တာဝန်ယူထားပြီး တစ်ဘက်ကလည်း ဓားမြခေါင်းဆောင်ဘ ကို ပြန်လည်ခံယူလိုက်လေသည်။

ထို့ကြောင့်...

ကန္တရသိမ်းငှက်သည်လည်း မဟာမိတ်အဖွဲ့အတွက် မြေ ရှင်းရခက်သော ပြဿနာတစ်ရပ် ဖြစ်လာရလေတော့သည်။

* * *



## ကြိုးကွင်း

ရှောင်လုံ၏အတွင်းဒဏ်က ပြင်းထန်လှသည်။

သို့သော် သူ၏မာကျောသော စိတ်ဓာတ်ကြောင့် လဲပြို မသွားနိုင်တော့ပါ။

ရှောင်လုံသည် အတွင်းအားဖြင့် ဒဏ်ရာကို ထိန်းယင်း သွေး သစ္စာအဖွဲ့သို့ ပြန်လာခဲ့လေသည်။

သွေးသစ္စာအဖွဲ့၌ အနားယူကာ ဒဏ်ရာကုသပြီးမှ ဟံဆိပ် တုံး လုယူသွားသည့် မိန်းကလေးအကြောင်း စုံစမ်းမည်ဟု ဆုံးဖြတ် ပြီး ပြန်လာခဲ့ခြင်း ဖြစ်လေသည်။

သို့သော်...

သွေးသစ္စာဂိုဏ်းသို့ ရောက်သောအခါ မယုံနိုင်စရာကောင်း သော အဖြစ်အပျက်ဖြင့် ရင်ဆိုင်ကြုံတွေ့လိုက်ရလေတော့သည်။

မီးလောင်ပြင်...

သွေးသစ္စာဂိုဏ်း အဆောက်အဦးများကား မီးလောင်ပျက် စီးသွားချေပြီ။

အဆောက်အဦးများ မြေပေါ် ပြားပြားဝပ်ကာ ပြာပုံဘဝ ရောက်သွားသည်။ သွေးသစ္စာဂိုဏ်းသားများကို မတွေ့ရတော့ပါ။

ရောင်လုံ မယုံနိုင်အောင် ဖြစ်သွားလေသည်။

"ဘာကြောင့် သည်လို ဖြစ်ရတာလဲ"

ဓားထိန်းနတ်ဦးဆောင်သော သွေးသစ္စာအဖွဲ့ကို အထင်ကရ သိုင်းဂိုဏ်းကြီးများ၊ ထိပ်သီးသိုင်းဆရာကြီးများပင် စိုးရွံ့ကြလေသည်။

အမှန်တရားအတွက် မည်သူ့မျက်နှာကိုမှ မထောက်ထားဘဲ တိုက်ခိုက်တတ်သော သွေးသစ္စာအဖွဲ့နှင့် ထိပ်တိုက်မတွေ့လိုကြပါချေ။

နာမည်တစ်လုံးနှင့် နေခဲ့သော ဓားထိန်းနတ်ရောင်လုံ၏ သွေးသစ္စာဂိုဏ်းသည် ပြာပုံဘဝ ရောက်ခဲ့ချေပြီ။

မည်သူ့လက်ချက် ဖြစ်ပါသနည်း။

"ငါတာဝန်ထမ်းဆောင်ဖို့ ခရီးထွက်သွားချိန်မှာ တိုက်ခိုက်ဖျက်ဆီးခံရတာ မရိုးသားဘူး၊ ငါတို့အဖွဲ့ကို ဖြိုခွဲဖို့ ကြိုတင်ကြံစည်ထားတာပဲ ဖြစ်မယ်"

အမှန်တရားဘက်မှ ရပ်တည်နေသူများအား ဖြိုခွဲလိုသူများသည် မည်သည့်နည်းနှင့်မျှ လူကောင်းများ မဖြစ်နိုင်တော့ပါ။

သွေးသစ္စာအဖွဲ့အား ဖြိုခွဲရန် သူ့အား ပထုတ်လိုက်သည်ဆိုပါလျှင်...

"သည်ကိစ္စမှာ ဂိုဏ်းထိန်းကြီးများ ပါဝင်ပတ်သက်နေသလား"

လူတစ်စုသည် အလွန်ကြောက်စရာကောင်းသော အကြံအစည်ကြီးတစ်ခုကို ကြံစည်နေကြပြီ ဖြစ်သည်။



ထိုလူစုနှင့် သူတို့၏အကြံအစည်ကို ဖော်ထုတ်ရပေမည်။

တံဆိပ်တုံး လုယူသွားသော မိန်းကလေးအား ရှာဖွေရင်ဆိုင်ရမည့်အပြင် လျှို့ဝှက်လူတစ်စုကိုပါ ဖော်ထုတ်ရမည့် တာဝန်တစ်ခု တိုးလာသည်။

ကိုယ့်ကိုကိုယ် အဆုံးစီရင်ခြင်း မပြုမိခဲ့သည်မှာ မှန်ကန်သွားသည်ဟု ရောင်လုံ နားလည်လိုက်၏။

"ငါအသက်ရှင်နေမှ လျှို့ဝှက်ပြီး မကောင်းကြံစည်နေသူတွေကို ဖော်ထုတ်နိုင်မှာ"

ရောင်လုံသည် ဒဏ်ရာမပျောက်မီ လျှို့ဝှက်စွာ ခြေရာဖျောက်ထားရမည်ဟုလည်း နားလည်လိုက်သည်။

ပြာပုံဖြစ်နေသော သွေးသစ္စာအဖွဲ့ပိုင် အဆောက်အဦးများကို ကျောခိုင်းကာ ဝမ်းနည်းကြေကွဲစွာ ထွက်ခွာသွားလေတော့သည်။

* * *

ရောင်လုံက ဂိုဏ်းထိန်းကြီးကျူးချိုကိုလည်း သွားမတွေ့တော့ဘဲ ခြေရာဖျောက်လိုက်လေသည်။

ဂိုဏ်းထိန်းကြီးကျူးချိုကိုလည်း စိတ်မချနိုင်တော့ခြင်းကြောင့် ဖြစ်သည်။ ယခုအချိန်တွင် မည်သူ့ကိုမျှ ရောင်လုံ ယုံကြည်စိတ်ချနိုင်တော့မည် မဟုတ်ပါ။

ခြေရာဖျောက်၍ တိတ်တခိုးတိတ် "စုစမ်းယင်း ရရှိခဲ့သော သတင်းများမှာလည်း ထိတ်လန့်တုန်လှုပ်စရာ ကောင်းနေ၏။

သွေးသစ္စာအဖွဲ့ကို ချေမှုန်းလိုက်သူများမှာ ကျူးရှိ၏လက်အောက်မှ လူများ ဖြစ်ကြောင်း။

သွေးသစ္စာအဖွဲ့၏ ဒုတိယခေါင်းဆောင် ရှိဂူအား ပိုလ်းထိန်းကြီးကျူးရှိုက မြှောက်စားကာ ရာထူးရာခံ ချီးမြှင့်ထားကြောင်း။

ဘယ်လက်ရုံးသန်းရှဲ့နှင့် ညာလက်ရုံးလုစီးတို့အား ရှိဂူကပင် အကောက်ကြံကာ လုပ်ကြံလိုက်ကြောင်း။

ကြားရသည့် သတင်းများကား မယုံနိုင်စရာကောင်းအောင် ထူးခြားနေ၏။ ရှောင်လုံ ရုတ်တရက် မယုံနိုင်ပါ။

"သည်သတင်းတွေ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

ကိုယ်တိုင် တိတိကျကျ သိရအောင် စုံစမ်းမည်ဟု ဆုံးဖြတ်လိုက်သည်။

သူ၏ဒဏ်ရာများ ပျောက်ကင်းသွားမှ ကိုယ်တိုင် စုံစမ်းဖော်ထုတ်နိုင်မည်သာ ဖြစ်ပါသည်။

ကြားရသော သတင်းများကို မယုံနိုင်သော်လည်း ရှိဂူသည် ဘယ်ကိစ္စမှာမဆို ထိပ်တန်းရောက်လိုသူ၊ ဘဝတိုးတက်မြင့်မားလိုသူဖြစ်ပြီး သွေးသစ္စာအဖွဲ့ခေါင်းဆောင်ရာထူးကို မရသဖြင့် မကျေမနပ် ဖြစ်နေကြောင်း ရှောင်လုံ နားလည်ပြီး သတင်းများအတိုင်း ဖြစ်နိုင်သည်ဟု ယူဆမိပြန်သည်။ မည်သို့ဆိုစေ ဒဏ်ရာပျောက်ကင်းမှ ရှေ့ဆက်ဆောင်ရွက်နိုင်မည် ဖြစ်ရကား ရှောင်လုံလည်း စိတ်လျှော့ကာ ရှောင်ထွက်ခဲ့လေတော့သည်။

* * *



## ထူးဆန်းသော အာမခံပစ္စည်း

ည...

မိုးချုပ်သွားပြီ ဖြစ်သည်။

အိမ်တိုင်းဝယ် မီးများ ထွန်းညှိထားပြီ ဖြစ်သည်။

ယောင်ဝါမြို့ တစ်ခုလုံး မီးရောင်ထိန်ထိန်လင်းနေသည်။

လမ်းကြားတစ်ခုအတွင်းမှ ခမောက်ငိုက်ငိုက်ဆောင်းထားသော လူတစ်ယောက် ထွက်ပေါ်လာသည်။

သူမြို့လွှမ်းထားသော ဝတ်စုံရှည်ကြီးသည် လေအဝှေ့တွင် ...ဖျပ်ဖျပ် လှုပ်ယမ်းနေသည်။

ထိုလူသည် လမ်းမှန်မှန်လျှောက်နေယင်း တစ်ခါတစ်ရံတွင် ...နေးသွားကာ ဒယီးဒယိုင် ဖြစ်သွားခဲ့၏။

လဲကျမသွားအောင် ထိန်းယင်းမှ ကြိုးစား၍ လျှောက်နေဆဲ ...င်။ မကြာမီ...

ခြံဝင်းတစ်ခုရှေ့တွင် ခြေလှမ်းအစုံ ရပ်တန့်သွားသည်။

ခြံဝင်းပေါက်၌ ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထားသည်။

ဆိုင်းဘုတ်ပေါ်ဝယ်…

"ယောင်အာမခံဌာန"

ဟူ၍ ရေးသားထားလေသည်။

ခမောက်ဆောင်းထားသူသည် ခမောက်အား အသာပင့် တုံ့ရင်း ဆိုင်းဘုတ်အား ဖတ်ကြည့်လိုက်သည်။

သူ၏မျက်နှာပေါ်ဝယ် ထူးဆန်းသော ဟန်မူရာများ ဖြ ပေါ်ကာ ချက်ချင်းပင် ပြန်လည်ပျောက်ကွယ်သွား၏။

မီးရောင်ဖြင့် ခမောက်ဆောင်းထားသူ၏မျက်နှာ ထင်ရှားစွာ ပေါ်လွင်လာသည်။

ထိုလူကား ဓားထိန်းနတ်ရောင်လုံပင် ဖြစ်နေပေတော့သည်။

ရောင်လုံသည် ခြံဝင်းတံခါး တဒုန်းဒုန်းမြည်အောင် ဆ ရိုက်လိုက်လေတော့သည်။

* * *

ယောင်အာမခံဌာန…

ယောင်အာမခံဌာနသည် အသေးစားအာမခံဌာန တစ် သာ ဖြစ်သည်။

အစပိုင်းတွင် အဆင်ပြေသော်လည်း နောက်ပိုင်းဝယ် အကြပ်အတည်း ဖြစ်လာခဲ့သည်။

အာမခံပစ္စည်း အပို့ကျဲသွားပြီးနောက် ဘဏ္ဍာရေး



လည်း တဟုန်ထိုးကျဆင်းလာခဲ့သည်။

ယောင်အာမခံဌာနသည် ဖြိုလုဆဲ အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်တော့သည်။

* * *

ယောင်စင်း…

ယောင်အာမခံဌာနအား စတင်တူထောင်သော သူဌေးတစ်ဦး ဖြစ်သည်။

တပည့်လက်သားများအပေါ် အမြဲဂရုစိုက်တတ်သော ခေါင်းဆောင်ကောင်းတစ်ဦးလည်း ဖြစ်သည်။

ယခု…

သူ၏မျက်နှာ ညှိုးနွမ်းနေ၏။

အလုပ်မရှိသော်လည်း မိမိပိုင်ဆိုင်သော ငွေကြေးထဲမှ ဒိုက်ထုတ်ကာ တပည့်လက်သားများ၏ အခက်အခဲများကို ဖြေရှင်းပေးခဲ့သည်။

ယခု ဘဏ္ဍာရေးမှာ အလွန်ဆိုးဝါးနေချေပြီ။

တနည်းအားဖြင့် ယောင်သူဌေးဟူသော ဂုဏ်ပုဒ်သည် အခွံသာ ကျန်နေတော့သည်။

တပည့်များအား ဆက်လက်တာဝန်ယူနိုင်ရန် မဖြစ်နိုင်တော့ပါ။

သူ့ကြောင့် တပည့်များ ဒုက္ခမရောက်စေလိုပါ။

တိုးတက်ရာလမ်း ရှာသွားစေချင်သည်။

ယောင်စင်း သက်ပြင်းတစ်ချက် လေးပင်စွာ ချလိုက်သည်။

ထို့နောက်...

စာရင်းကိုင်လူရှင်းအား လက်ဇွေယမ်းပြလိုက်သည်။

စာရင်းကိုင်လူရှင်း ပင့်သက်ရှိုက်လိုက်သည်။

သူ၏ရှေ့ဝယ် အညီအမျှ ခွဲဝေထုပ်ထားသော ငွေကြေး အချို့ ရှိနေသည်။

တပည့်များ ရင်းနှီးစားနိုင်ရန် ယောင်စင်းက ရှိသမျှ ငွေများအား ခွဲဝေပေးထားခြင်း ဖြစ်သည်။

လူရှင်းက အဖွဲ့သားများအား အထုပ်တစ်ထုပ်စီ လိုက်ပေး လိုက်သည်။

အဖွဲ့သားများ၏မျက်နှာ မကောင်းကြပါချေ။

သူတို့သည် ယောင်စင်းနှင့်သာ လက်တွဲလိုကြသည်။

သို့သော် ဖြစ်နိုင်တော့မည် မဟုတ်ဟု အလိုလို နားလည် ထားကြပေသည်။

ဘယ်လက်ရုံးနှင့် ညာလက်ရုံး တစ်ယောက်မျက်နှာတစ် ယောက် ကြည့်လိုက်ကြသည်။

ဘယ်လက်ရုံးသည် ခေါင်းတုံးပြောင်အောင် တုံးထားသူ တစ်ဦး ဖြစ်သည်။

သူ၏ဦးခေါင်းသည် အလွန်မာသောကြောင့် သံခေါင်းကြီး ဟု အမည်ပေးထားကြသည်။

ညာလက်ရုံးမှာ အလွန်သန်မာထွားကြိုင်းပြီး ကျွဲကြီးတစ်



ကောင်ကဲ့သို့ ရှိ၍ ကျွဲကြီးဟုပင် ခေါ်ကြသည်။

သံခေါင်းကြီးနှင့် ကျွဲကြီးတို့သည် ယောင်စင်း အားကိုးရ သော လက်ရုံးနှစ်ဆူ ဖြစ်သည်။

ကျွဲကြီးနှင့် သံခေါင်းကြီးသည် ယောင်စင်းအား အလွန်ရို သေလေးစားကြသူများ ဖြစ်၏။

ယခုလိုမျိုး အဖွဲ့ဖြိုကွဲသွားရမည်ကို သူတို့က လုံးဝမလို လားကြပါချေ။

သံခေါင်းကြီးက ပင့်သက်ရှိုက်ယင်း...

"ဆရာ .တခြားနည်းလမ်း မရှိတော့ဘူးလား၊ ဒီက ထွက် သွားတာနဲ့ ကျုပ်တို့အဖွဲ့ ပြန်လည်စုစည်းဖို့ဆိုတာ ဘယ်နည်းနဲ့မှ ဖြစ်နိုင်တော့မှာ မဟုတ်ဘူး"

ကျွဲကြီးကလည်း ထောက်ခံလိုက်သည်။

"ကျုပ်တို့ အန္တရာယ်ဒုက္ခမှန်သမျှ လက်တွဲခဲ့ကြတယ်၊ အခု လိုမျိုး တကွဲတပြား ဖြစ်သွားမှာ မလိုလားပါဘူး"

ယောင်စင်းက သူတို့နှစ်ဦးအား ကြည့်လိုက်သည်။

ထို့နောက်...

မချိပြုံးပြုံးကာ...

"အဖွဲ့အပေါ် မင်းတို့ ဘယ်လောက်ထိ သံယောဇဉ်ကြီး တယ်ဆိုတာ ငါနားလည်ပါတယ်၊ ဒါပေမယ့် ငါက အကောင်းဆုံး လုပ်ဆောင်ပေးခဲ့တာပါ၊ ဒီအတိုင်း တစ်ယောက်ကိုတစ်ယောက် ငဲ့ ကွက်ပြီး ဒုက္ခမရောက်စေလိုတော့ဘူး"

ကျွဲကြီးက...

"ဆရာ.."

စောဒကတက်ရန် ပြင်လိုက်၏။

ယောင်စင်း လက်ကာပြလိုက်သည်။

"ငါတို့အာမခံဌာနက အသေးစားပဲ၊ ဘယ်သူက အထင်တကြီးနဲ့ တန်ဖိုးကြီးပစ္စည်းတွေ ပို့ဆောင်နိုင်းမှာလဲ၊ ဒါကြောင့် ရှေ့ဆက်သွားဖို့ဆိုတာ မရေရာဘူး၊ ငါသေသေချာချာ စဉ်းစားပြီးမှ ဒီလိုဆုံးဖြတ်လိုက်တာပါ။ မင်းတို့ မငြင်းကြနဲ့တော့"

ခပ်ပြတ်ပြတ် ပြောလိုက်ခြင်းကြောင့် ကျွဲကြီး ငြိမ်ကျသွားသည်။

ယောင်စင်းသည် ငိုင်တွေနေသော သမီးဖြစ်သူ ယောင်ဖုားဘက်လှည့်ကာ...

"သမီးစိတ်ဓာတ်ကျနေမယ်ဆိုတာ ဖေဖေနားလည်ထားပါတယ်၊ ကံတရားပေါ့ ဘယ်တတ်နိုင်မလဲ၊ အလုပ်မှ မရှိတဲ့နောက် ဒီလုပ်ငန်း ဆက်လုပ်နေလဲ ဘာထူးဦးမှာလဲ"

ဟု ပြောလိုက်သည်။

ယောင်ဖုားသည် အသက်တစ်ဆယ့်ရှစ်နှစ်ဖန့် ရှိပြီး ချောမောလှပသူလေး ဖြစ်သည်။

ငယ်စဉ်ကတည်းက မိခင် မရှိတော့ဘဲ ဖခင်လက်ပေါ်တွင်သာ ကြီးပြင်းခဲ့ရသူလေး ဖြစ်သည်။

သူမသည် အသက်ငယ်ရွယ်သော်လည်း ရဲရင့်ဖျတ်လတ်ပေသည်။ အာမခံပို့ဆောင်ရလျှင် သူမလိုက်သွားတတ်သည်ချည်းပင်။

ထို့ကြောင့်...



သူမသည်လည်း အာမခံဌာနအပေါ် သံယောဇဉ်ကြီးသူ ဖြစ်ခဲ့၏။

ယခု အာမခံဌာန ဖျက်သိမ်းတော့မည်ဆိုသောအခါ သူမ ဝမ်းနည်းမိပေသည်။

သူမသည် မြင်းတစ်ကောင် ဓားတစ်လက်ဖြင့် လျှောက်သွားရသည်ကို နှစ်မြို့က်သည်။

သူမ၏ဖူးစာဖက်သည် သူရဲကောင်းတစ်ဦး ဖြစ်ပြီး သူမကိုယ်တိုင် ရှာဖွေရွေးချယ်မည်ဟု ဆန္ဒရှိသူလည်း ဖြစ်၏။

ယခု...

အရာအားလုံးသည် ဝေဝါးပျောက်ကွယ်သွားရပေတော့မည်။

ယောင်ဖုားက နှုတ်ခမ်းတစ်ချက်ကိုက်ယင်း...

"ကျွန်မ ဒီတစ်သက် အိမ်ထောင်မပြုတော့ဘူး ဖေဖေ၊ ကျွန်မဖြစ်ချင်တာတွေ အတတ်နိုင်ဆုံး ဖြေသိမ့်သွားပါ့တော့မယ်"

"သမီးရယ်"

ယောင်စင်း စိတ်မကောင်း ဖြစ်သွားသည်။

သူက ဦးခေါင်းယမ်းယင်းမှ...

"ကဲ..ကဲ မင်းတို့တွေ သွားကြပါတော့"

ဆို့နင့်သော လေသံဖြင့် ပြောလိုက်သည်။

တပည့်များအားလုံး ခေါင်းငိုက်စိုက်ကျသွားသည်။

ထိုအချိန်မှာပင်...

"ဒုန်း..ဒုန်း"

ခြံဝင်းတံခါးအား ထုရိုက်သံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

* * *

လက်ထဲကိုင်ဆောင်ထားကြသော မီးအိမ်များကြောင့် ခြံဝင်းတစ်ခုလုံး လင်းထိန်သွားသည်။

သံခေါင်းကြီးက ခြံဝင်းတံခါးအား ဆွဲဖွင့်လိုက်သည်။

"ကျွီ"

တံခါးပွင့်သွားသည်နှင့် အပြင်ဘက်တွင် လူတစ်ယောက်ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူကား ရှောင်လုံပင် ဖြစ်သည်။

ယောင်စင်း မျက်မှောင်ကုပ်သွား၏။

ရှောင်လုံအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

မျက်နှာစိမ်းမှန်း ရိပ်စားမိလိုက်ပြီး...

"ဘာကိစ္စ ရှိလို့လဲ"

ဟု မေးလိုက်သည်။

ရှောင်လုံက သူ့အား ပြန်လည်စိုက်ကြည့်လာသည်။

ရှောင်လုံ၏အကြည့်သည် ဓားပါးကလေးများကဲ့သို့ စူးရှထက်မြက်ကြောင်း ယောင်စင်း နားလည်လိုက်မိသည်။

"ခင်ဗျားက အာမခံအဖွဲ့ ခေါင်းဆောင်လား"

ရှောင်လုံထံမှ စကားသံ ထွက်ပေါ်လာ၏။



ယောင်စင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ရှောင်လုံက...

"ကျုပ်အလုပ်အပ်ချင်လို့ပါ"

ဟု ပြောလာသည်။

ထိုစကားကြောင့် ယောင်စင်း အံ့ဩသွားသည်။

သံခေါင်းကြီး၊ ကျွဲကြီးနှင့် ယောင်ဝှားတို့လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

အာမခံပစ္စည်းအပ်မည့်လူ ရှိနေသေးပေသည်။

သူတို့သည်သာ ဘဏ္ဍာရေးပြည့်စုံပါက လုပ်ငန်းလည်ပတ်နိုင်သေးသည်ဟု နားလည်သွားကြသည်။

သို့သော်...

သူတို့၏မျှော်လင့်ချက် ရောင်စဉ်တန်းသည် ယောင်စင်း၏စကားကြောင့် ပျောက်ကွယ်သွားခဲ့ရ၏။

ယောင်စင်း ခေါင်းယမ်းကာ...

"ဝမ်းနည်းပါတယ်၊ ကျုပ်လက်မခံပါဘူး"

ဟု ပြောလိုက်သည်။

ထိုစကားကြောင့် ရှောင်လုံ မျက်မှောင်ကုပ်သွားသည်။

ယောင်စင်းအား အကဲခတ်ကြည့်ကာ...

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်သည်။

ယောင်စင်း သက်ပြင်းချကာ...

"အာမခံဌာန ဒီနေ့ပဲ ပိတ်လိုက်ပြီ"

ဟု ပြောလိုက်သည်။

ရှောင်လုံ၏မျက်နှာ တည်သွား၏။

"ကျုပ်က အလုပ်အပ်ရမှ ဖြစ်မယ်"

ပြောယင်း စာအိတ်တစ်လုံး ထုတ်ပေးလိုက်သည်။

ယောင်စင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဒါက..."

သူ၏စကားမဆုံးမီ ရှောင်လုံက...

"ဖွင့်ကြည့်လိုက်ပါ"

ယောင်စင်းက ကျွဲကြီးကို တစ်ချက်ကြည့်လိုက်သည်။

ကျွဲကြီးက ရှေ့တိုးကာ စာအိတ်အား လှမ်းယူကာ ဖောက်ကြည့်လိုက်သည်။

စာအိတ်ထဲ ငွေလွှဲလက်မှတ်တစ်ခု ထွက်လာ၍ ယူကြည့်လိုက်ရာ...

"ဟင်"

တအံ့တသြ ဖြစ်သွားလေသည်။

ရှောင်လုံကိုလည်း တအံ့တသြဖြင့် ကြည့်လိုက်မိသည်။

"ဒါ..ဒါက.."

ရှောင်လုံက အမူအရာမပျက်ဘဲ...

"စရံပေးထားတာပါ၊ ခရီးဆုံးယင် ထပ်ပေးပါဦးမယ်"

ဟု ပြောလိုက်သည်။

ကျွဲကြီးက စိတ်လှုပ်ရှားဟန်ဖြင့် ယောင်စင်းအား ငွေလွှဲ



က်မှတ် လှမ်းပေးလိုက်၏။

ယောင်စင်းက လှမ်းယူလိုက်၏။

ငွေလွှဲလက်မှတ်သည် တစ်သိန်းတန် ဖြစ်နေ၏။

ယခုကဲ့သို့ ရက်ရက်ရောရောပေးကာ အလုပ်အပ်သူမျိုး ကြုံခဲ့ဖူးပါချေ။

ရှောင်လုံသည် သူတို့အတွက် အထူးအဆန်းပမာ ဖြစ်နေချေပြီ။

ယောင်စင်းက ရှောင်လုံအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြန်သည်။

ထိုအခါ...

ရှောင်လုံ ရင်ဘတ်၌ သွေးကွက်ကို တွေ့လိုက်ရ၍ မျက်ောင်ကုပ်သွားကာ...

"ရင်ဘတ်က ဘာဖြစ်လာတာလဲ"

ဟု မေးလိုက်သည်။

ရှောင်လုံ သက်ပြင်းချကာ...

"ကျုပ်ဒဏ်ရာရထားတယ်၊ ဒါကြောင့် ခရီးဝေး မသွားနိုင်လို့ င်ဗျားတို့အဖွဲ့ကို ငှားရတာပါ"

ဟု ပြောလိုက်သည်။

ထို့နောက်...

"ဝုန်း"

မြေပေါ် လဲကျသွားတော့သည်။

"ဟင်"

"ဟာ"

ယောင်စင်းတို့လူစု လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ကျွဲကြီးက...

"ဆရာ ဘယ်လိုသဘောရသလဲ"

ဟု မေးလိုက်သည်။

ယောင်စင်း မျက်မှောင်ကုပ်ကာ...

"မင်းတို့ကကော ဘယ်လိုသဘောရသလဲ"

ဟု ပြန်မေးလိုက်၏။

"ကျွန်တော်တို့.."

ကျွဲကြီး စကားတစ်ဝက်တစ်ပျက် ရပ်တန့်သွား၏။

ယောင်စင်း လက်ကာပြလိုက်၏။

"မင်းတို့သဘောထား ငါသိတယ်၊ ဒီလူရဲ့ အလုပ်ကို လက်
စေချင်တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

ကျွဲကြီးသာမက ကျန်တပည့်များပါ ထောက်ခံလိုက်ကြ

ယောင်စင်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ တို့ နောက်ဆုံးတစ်ခေါက် အထိမ်းအမှ
အနေနဲ့ ဒီလူသွားမယ့်ခရီးကို လိုက်ပို့ကြတာပေါ့"

ထိုစကားကြောင့် အားလုံးပင် ဝမ်းသာသွားကြလေသည်

ယောင်စင်းက လက်ငွေယမ်းကာ...

"ကဲ သူ့ကို အိမ်ထဲခေါ်ခဲ့ကြပေတော့"

ပြောကာ လှည့်ထွက်သွား၏။



ကျွဲကြီးက ရှောင်လုံအား ပွေ့ခေါ်လာခဲ့လေတော့သည်။

သူတို့အတွက် ယခု ပို့ဆောင်ရမည့် ခရီးမှာ အလွန်ထူးခြားနေပေသည်။

ဓားရမ်းလာသူသည် ဒဏ်ရာရထားသည့်အပြင် ပို့ဆောင်ရမည့် ပစ္စည်းမှာ သူကိုယ်တိုင် ဖြစ်နေခြင်းပင်။

ယောင်အာမခံဌာနအဖို့ ထူးခြားသော ကိစ္စတစ်ခုအား လက်ခံကြုံတွေ့ခဲ့ရပြီ ဖြစ်သည်။

ဤလို့ဖွက်ချက်များနှင့်လူထံတွင် မည်သည့်ထူးခြားချက်များ ရှိကြောင်း သူတို့ မစဉ်းစားအားပါ။

ပြိုကွဲလုဆဲဆဲ အာမခံအဖွဲ့ ပြန်လည်ပေါင်းစည်းရသည့်အပြင် လုပ်ငန်းလည်း ဆောင်ရွက်ရတော့မည်မို့ အားလုံးပင် စိတ်လှုပ်ရှားနေကြတော့သည်။

* * *

## ခြေလှမ်း

"ခွပ်ခွပ်…ခွပ်ခွပ်"

"ကျွိ…ကျွိ"

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာသည်။

ယောင်အာမခံအဖွဲ့ စတင်ထွက်ခွာလာခဲ့ပြီ ဖြစ်သည်။

ရှောင်လုံ၏အကြံပေးချက်အတိုင်း အာမခံပစ္စည်းပို့ဆောင်သည့်အသွင် မပြုလုပ်ကြဘဲ မင်္ဂလာဆောင်သတို့သမီး သွားရောက်ပို့ဆောင်မည့်အသွင် သရုပ်ဆောင်ခဲ့ကြသည်။

မြင်းလှည်းအား မင်္ဂလာအခမ်းအနားပုံစံ ပြင်ဆင်ထား၏။

ယောင်စင်းဦးဆောင်မှုအောက်ဝယ် အဖွဲ့သားများသည် တရွေ့ရွေ့ဖြင့် ထွက်လာခဲ့ရာ မြို့အဝင်တံခါးဝသို့ ရောက်ရှိလာသည်။

ယောင်ဝမြို့ အာဏာသားများသည် အဝင်အထွက်အား တင်းကြပ်စွာ စစ်ဆေးနေသည်ကို တွေ့ရလေသည်။

ကျွဲကြီးနှင့် သံခေါင်းကြီးတို့က ယောင်စင်းအား ကြည့်လိုက်လေသည်။



ယောင်စင်းသည် တည်ကြည်လေးနက်သော အမူအရာဖြင့် [illegible]နေသည်။

သူက မြင်းပေါ်မှ ဆင်းကာ ယောင်ဝါအာဏာသားခေါင်း[illegible]ဆောင်ထံ လှမ်းသွားသည်။

အာဏာသားခေါင်းဆောင်က သူ့အား တအံ့တသြဖြင့် [illegible]ည့်ကာ…

"သူဌေးယောင်ပါလား၊ ခရီးထွက်မလို့လား"

ဟု နှုတ်ဆက်လာ၏။

တစ်ဖန်…

မင်္ဂလာမြင်းလှည်းအား တွေ့မြင်သွားပြီး တအံ့တသြဖြင့်…

"ဘယ်သူ့မင်္ဂလာဆောင်လဲ"

ယောင်စင်းက ပြုံးယင်း…

"ကျုပ်သမီးယောင်ဖွားလေ"

အာဏာသားခေါင်းဆောင်က…

"ယောင်ဖွားလား၊ သူ ဘယ်သူနဲ့ မင်္ဂလာဆောင်မှာလဲ"

"ကျုပ်မိတ်ဆွေတစ်ဦးရဲ့ သားနဲ့ပါ၊ အခု သူ့ကို သတို့သား[illegible] သွားပို့ပေးမလို့လေ"

"သြော်"

အာဏာသားခေါင်းဆောင် တစ်ချက်ခေါင်းညိတ်ယင်း…

"ယောင်သူဌေးတို့များ ဒီကိစ္စတွေကျတော့ သိပ်လျှို့ဝှက်[illegible]ဘ်တာကိုး"

ယောင်စင်းက…

"နေပါဦး၊ ခင်ဗျားက ဘာတွေ အလုပ်ရှုပ်နေတာလဲ"

ဟု မေးလိုက်သည်။

အာဏာသားခေါင်းဆောင် သက်ပြင်းချလိုက်သည်။

"ဓားထိန်းနတ်ကို ဖမ်းဆီးအရေးယူဖို့ လိုက်ရှာနေတာပေါ့ သူလွတ်မြောက်နေတယ်လေ"

ယောင်စင်းက...

"ဓားထိန်းနတ်ဟာ အင်မတန် ကြောက်စရာကောင်းတယ် လို့ ကျုပ်ကြားဖူးတယ်"

အာဏာသားခေါင်းဆောင် ခေါင်းညိတ်လိုက်သည်။

"သိပ်ဟုတ်တာပေါ့ဗျာ၊ ဒါကြောင့် ကျုပ်တို့က သတိမပြတ် စစ်ဆေးနေရတာပေါ့"

ယောင်စင်းက...

"ကျုပ်ကလဲ အရေးကြီးတော့ ခရီးဖင့်မှာ စိုးတယ်ဗျ"

တီးတိုးပြောလိုက်၏။

တဆက်တည်းပင် ငွေထုပ်ကလေးအား အသာကမ်းပေး လိုက်၏။

အာဏာသားခေါင်းဆောင် အသာလှမ်းယူယင်း...

"ယောင်သူဌေးကတော့ တကယ် သိတတ်တဲ့လူပါပဲ"

ချီးကျူးစကားဆိုလာ၏။

ယောင်စင်း ပြုံးလိုက်သည်။

"ကျုပ်တို့က တစ်မြို့တည်းသား နားလည်မှုရှိကြတဲ့ မိတ် ဆွေတွေပဲ မဟုတ်လား"



အာဏာသားခေါင်းဆောင်က ငွေထုပ်လေးအား သိမ်း ဆည်းလိုက်ပြီး...

"ကျုပ်က ယောင်ဝှားကို နှုတ်ဆက်လိုက်ဦးမယ်"

ပြောယင်း လှမ်းထွက်သွားသည်။

သူက တစ်စိုးတည်းသော မြင်းလှည်းဆီ လှမ်းသွားခြင်း ဖြစ်၏။

ယောင်ဝှားအား နှုတ်ဆက်သလိုဖြင့် တစ်ဘက်မှလည်း အခြေအနေကို အကဲခတ်ကြည့်ရန် ဖြစ်သည်။

ယောင်စင်း မျက်နှာကွက်ခနဲ ပျက်သွားသည်။

သို့သော်...

သူက ဟန့်တားရန် မစွမ်းသာပါ။

တစ်မျိုးထင်သွားမည်ကို မလိုလားပါ။

ထို့ကြောင့်...

နှုတ်ဆိတ်၍သာ နေလိုက်လေတော့သည်။

* * *

ယောင်ဝှားသည် မြင်းလှည်းအတွင်း သတို့သမီးဝတ်စုံနှင့် ရှိနေ၏။

သူမ၏ဝတ်ရုံရှည်သည် အတွင်းဘက်ခန်းအား ကောင်းစွာ ဖုံးလွှမ်းထားသည်။

သူမသည် အတွင်းဘက်ခန်းဆီးစရှေ့ဝယ် ထိုင်နေ၏။

ခန်းဆီးစနောက်ဝယ် ရှောင်လုံသည် ခွေခွေကလေး လဲလျောင်းနေ၏။

သူ၏ဝတ်စုံအောက်ဝယ် ဝှက်ထားသော သေတ္တာပြားရှည်လေးက တစ်စွန်းတစ်စ ထွက်ပေါ်နေ၏။

ထိုသေတ္တာပြားလေးထဲဝယ် အဖိုးတန်ပစ္စည်း သိမ်းထားခြင်းဝင်မှာ သူမထင်မှတ်ထားမိသည်။

ရှောင်လုံသည် ပဟေဠိများနှင့် ပြည့်နှက်နေသူတစ်ဦးဟု သူမရိပ်စားမိထား၏။

ရှောင်လုံ၏ဥပမိရုပ်အား ကြည့်ရှုံဖြင့် သူခိုးဓားပြ မဖြစ်နိုင်ဟုလည်း သူမ တထစ်ချ ယုံကြည်ထားပေသည်။

ရှောင်လုံသည် သွားမည့်နေရာအား တိတိကျကျ မပြောသေးဘဲ ဤနယ်မှသာ ဦးစွာ ထွက်ခွာခိုင်းခြင်းက ရန်သူ ရှိနေမှန်း ထင်ရှားလှပေသည်။

ရှောင်လုံ၏ရန်သူသည် မည်သူနည်း။

သူမ မစဉ်းစားတတ်ပါချေ။

ရှောင်လုံနှင့် ပတ်သက်သမျှသည် သူမ နားမလည်ရသည်ချည်းပင်။

သူမက ပဝါတစ်ထည် ထုတ်ယူကာ ရှောင်လုံ၏နဖူးပေါ်မှ ချွေးများအား သုတ်ပေးရန် လက်လှမ်းလိုက်သည်။

ရုတ်တရက်...

ရှောင်လုံ၏မျက်လုံးအစုံ ဖျတ်ခနဲ ပွင့်လာသည်။

တဆက်တည်းပင် ယောင်ဝှား၏လက်အား ဖမ်းချုပ်လိုက်



သည်။ ထိုစဉ်မှာပင်...

"ကျွီ"

မြင်းလှည်းတံခါး ပွင့်လာသည်။

ယောင်ဝှား ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

ထိုအခါ...

အာဏာသားခေါင်းဆောင်အား တွေ့လိုက်ရသည်။

သူမက အသာပြုံးပြလိုက်မိသည်။

အာဏာသားခေါင်းဆောင်က မြင်းလှည်းအတွင်း အကဲခတ် ကြည့်လိုက်သည်။

ယောင်ဝှား၏အင်္ကျီလက်သည် ရှောင်လုံအား ဖုံးကွယ်ထားသလို ရှိနေ၏။

သူမသည် ခန်းဆီးနောက်မှ ထွက်လာသည်ဟု အာဏာသားခေါင်းဆောင် ထင်မှတ်သွားသည်။

သူက အသာပြုံးပြယင်း...

"ငါ့တူမကြီးတောင် အိမ်ထောင်ပြုတော့မယ်ပေါ့"

ဟု မေးလာသည်။

ယောင်ဝှား ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်"

"အေး လမ်းခရီး သာယာဖြောင့်ဖြူးပါစေကွယ်"

"ကျေးဇူးပါပဲရှင်"

အာဏာသားခေါင်းဆောင်က တံခါးပြန်ပိတ်လိုက်သည်။

မရှေးမနှောင်းမှာပင်...

"ယောင်သူငွေးအဖွဲ့ သွားလို့ ရပါပြီ"

အာဏာသားခေါင်းဆောင်၏အသံ ထွက်ပေါ်လာပြီးနောက် မြင်းလှည်းစတင်ရွေ့လျားသွားသည်။

သူတို့သည် မြို့ဝင်တံခါးအား ဖြတ်ကျော်ကာ မြို့ပြင်သို့ ချောမောစွာ ထွက်သွားနိုင်ပြီ ဖြစ်သည်။

ယောင်ဗုားက ရှောင်လုံအား ကြည့်ကာ…

"ကျွန်မလက်ကို လွှတ်ပါတော့"

ဟု ရှက်ရွံ့စွာဖြင့် ပြောလိုက်သည်။

သူစိမ်းယောကျ်ားတစ်ဦးနှင့်လည်း နီးနီးကပ်ကပ် နေရသောကြောင့် စိတ်ထဲလှုပ်ရှားနေမိသည်။

ရှောင်လုံ တစ်ချက်ပြုံးကာ သူမလက်အား လွှတ်ပေးလိုက်လေသည်။

ထို့နောက်…

မျက်စိအစုံ ပြန်မှိတ်ထားလိုက်၏။

ယောင်ဗုားသည် လက်အား အသာအယာပွတ်ကာ…

"မုန်းဖို့ကောင်းလိုက်တာ"

မျက်စောင်းတစ်ချက်ထိုးကာ စိတ်ထဲရေရွတ်လိုက်မိလေတော့သည်။

* * *



## ဇွန်ရဲ

ကျောက်ဝါတောင်…

အဝါရောင်ကျောက်တုံး များပြားစွာ တွေ့ရသောကြောင့် ကျောက်ဝါတောင်ဟု အမည်တွင်ခြင်းပင် ဖြစ်သည်။

ကျောက်ဝါတောင်အား လွန်မြောက်လျှင် ယောင်ဝါမြို့နယ်နိမိတ်မှ ကျော်လွန်ပြီ ဖြစ်သည်။

ယောင်စင်းသည် ကျောက်ဝါတောင်ခြေတွင် ခေတ္တနားရန် အချက်ပြလိုက်သည်။

မြင်းလှည်းအား ရပ်တန့်ပြီး အဖွဲ့သားများ စုစည်းကာ ရိက္ခာခြောက်များ စားသောက်လိုက်သည်။

ယောင်ဗုားသည် သတို့သမီး အဝတ်အစားများ လဲလှယ်သားပြီး ဖြစ်သည်။

သူမသည် ကြက်ကင်တစ်ခြမ်းနှင့် အရက်တစ်အိုး ရှောင်လုံအား လှမ်းပေးလိုက်သည်။

သူတို့သည် မြင်းလှည်းတံခါးဖွင့်ကာ အနောက်ဘက်တွင် ဖှဉ့်တွဲထိုင်ယင်း စားသောက်လိုက်ကြသည်။

စားသောက်ယင်းမှ ရှောင်လုံအား အကဲခတ်ကြည့်ကာ…

“ရှင့်ဒဏ်ရာ သက်သာသွားပြီလား”

ဟု မေးလိုက်သည်။

ရှောင်လုံ ပြုံးလိုက်သည်။

“စိုးရိမ်စရာ မရှိပါဘူး၊ သွေးထွက်လွန်သွားပြီး အားနည်းသွားလို့ပါ”

ယောင်ဗှား က သူ့အား စေ့စေ့ကြည့်ကာ…

“ရှင့်မှာ ရန်သူ ရှိနေတယ် ဟုတ်လား”

ရှောင်လုံက…

“ဆိုပါတော့”

ယောင်ဗှားက…

“ရှင်က ရန်သူ့လက်က လွတ်အောင် ကျွန်မတို့အဖွဲ့ကို ဗှားခဲ့တာလား”

ရှောင်လုံက သူမအား စူးရဲသော မျက်လုံးအစုံဖြင့် ကြည့်လိုက်ပြီး…

“ငါ့ကြောင့် မင်းတို့တွေ ဒုက္ခမရောက်ရဘူးဆိုတာပဲ မှတ်ထားပါ”

ဟု ပြောလိုက်သည်။

ယောင်ဗှား ထပ်မမေးဝံ့တော့ပါ။

ရှောင်လုံက အရက်အိုးအား တဂွပ်ဂွပ် မော့ချလိုက်ပြီး…



“မင်းဟာ အခုလို ခရီးထွက်ရတာကို ပျော်ပုံရတယ်လို့ ငါ ထင်တယ်”

ယောင်ဗှား ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်၊ ကျွန်မဟာ ဖေဖေနဲ့အတူ အခုလို ခရီးထွက်ရတာကို ကျေနပ်တယ်၊ အတွေ့အကြုံဗဟုသုတရတဲ့အပြင် နေရာစုံ သည်း ရောက်ဖူးတာမို့ ပျော်လဲပျော်တယ်”

ရှောင်လုံ ပြုံးလိုက်သည်။

“အန္တရာယ်ကြုံမှာကိုကော ထည့်မတွက်ဘူးလား”

ယောင်ဗှား မဲ့လိုက်၏။

“ကျွန်မ မကြောက်ဘူး”

ရှောင်လုံ ပခုံးတွန့်ယင်း…

“မင်းဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ သတ္တိမသေးပါလား၊ မင်းရဲ့ ုးစာဖက်ကတော့ လူပျော့လူညံ့လုပ်လို့ မရနိုင်ဘူး”

ယောင်ဗှား သဘောကျသွားသည်။

“ဒါပေါ့ ကျွန်မ အိမ်ထောင်ပြုမယ့်လူဟာ တည်ကြည်ရိုး သားပြီး သူရဲကောင်းတစ်ဦး ဖြစ်ရမယ်၊ ကျွန်မကိုလဲ ချစ်ရမယ်”

ရှောင်လုံ ပြုံးလိုက်၏။

“တယ်ဟုတ်ပါလား၊ စိတ်ကူးကတော့ မသေးဘူး”

ယောင်ဗှားက နှုတ်ခမ်းစူယင်း…

“ကျွန်မက တကယ် ပြောနေတာရှင့်”

ဟု ပြောလာသည်။

ရှောင်လုံ မျက်လုံးပြူးယင်း…

"ဟ ငါကလဲ ဘာပြောနေလို့လဲ"

ထိုအခါမှ ယောင်ဝှားက ကျေနပ်သွားယင်း...

"ကျွန်မလိုချင်တဲ့ သူ့ရဲ့ကောင်းမျိုး ကျွန်မဘာသာပဲ ရှာဖွေ ဆုံးဖြတ်မယ်လေ"

"မတွေ့ယင်ကော"

"ကျွန်မ တစ်သက်လုံး အိမ်ထောင်မပြုတော့ဘူးလို့ ဆုံး ဖြတ်ထားတယ်"

ရှောင်လုံ ကြိတ်၍ ပြုံးလိုက်မိတော့သည်။

ထိုစဉ်...

လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသူတစ်စု ဘွားခနဲပေါ် ကာ လှမ်းထွက်လာကြသည်ကို တွေ့လိုက်ရလေသည်။

ယောင်ဝှား ရင်ထိတ်သွား၏။

"ဒုက္ခပဲ၊ ဓားပြတွေလား မသိဘူး"

ဟုလည်း ရေရွတ်လိုက်သည်။

ရှောင်လုံက အေးတိအေးစက်ဖြင့်...

"သိပ်လဲ မစိုးရိမ်ပါနဲ့၊ အခြေအနေကို ကြည့်ပါဦးလေ"

ပြောယင်း ကြက်ကင်စားလိုက်၊ အရက်သောက်လိုက်ဖြင့် ရှိနေသည်။

သူ၏အေးဆေးသော အမူအရာကြောင့် ယောင်ဝှားမှာ ကြောင်အမ်းအမ်းဖြင့် ကြည့်နေမိလေတော့သည်။

* * *



လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသူတစ်စု ရောက်ရှိလာ ည်။

အာမခံအဖွဲ့သားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ယောင်စင်းက အသာငြိမ်ရန် မျက်ရိပ်ပြပြီး တစ်ဘက်အဖွဲ့ အား အကဲခတ်ကြည့်လိုက်သည်။

လက်နက်ကိုင်ဆောင်ထားသော အဖွဲ့အား ဦးဆောင်လာ သည် ချိုင်းပြတ်အကျီအား ဝတ်ဆင်ထားလေသည်။

ထို့ကြောင့်...

လက်မောင်းနှစ်ဘက်၌ စွန်ရုပ်ပုံ ဆေးမှင်ကြောင် ထိုးထား ကြောင်း တွေ့ရှိရသည်။

ယောင်စင်း သက်ပြင်းချလိုက်၏။

"အင်း ဒီနယ်ကို စွန်ရဲဂူစရိုက်အဖွဲ့ နယ်ကျော်ကျက်စားလာ ယ်လို့ သတင်းကြားတာ မှန်နေပြီကိုး"

စိတ်ထဲမှ ရေရွတ်လိုက်သည်။

ချိုင်းပြတ်အကျီနှင့်လူက...

"ဟေ့ မင်းတို့ထဲက ခေါင်းဆောင် ဘယ်သူလဲ ထွက်လာခဲ့ မ်း"

အသံဝါကြီးဖြင့် ပြောလာသည်။

ယောင်စင်း ပင့်သက်ရှိုက်လိုက်၏။

သူ၏လက်က ချထားသော ဓားရိုးပေါ် ရောက်ရှိသွား၏။

သို့သော်...

ချက်ချင်းပင် စိတ်ကူးပြောင်းသွားဟန်ဖြင့် ဆေးတံကိုသာ

ကောက်ယူယင်း ထရပ်လိုက်သည်။

သူက ချိုင်းပြတ်အင်္ကျီနှင့်လူထံ လှမ်းသွားလိုက်သည်။

ခြေငါးလှမ်းခန့် အကွာတွင် ရပ်ကာ…

"ကျုပ်က အဖွဲ့ခေါင်းဆောင်ယောင်စင်းပါ"

ဟု ချိုသာစွာ ပြောလိုက်၏။

ချိုင်းပြတ်အင်္ကျီနှင့်လူ သဘောကျဟန်ဖြင့် ခေါင်းညိတ်လိုက်လေသည်။

"ခင်ဗျား စွန်ရဲအဖွဲ့ဆိုတာ ကြားဖူးလား"

ဟုလည်း မေးလိုက်သည်။

ယောင်စင်းက…

"ကြားဖူးပါတယ်၊ နာမည်သိပ်ကြီးတဲ့အဖွဲ့ ဖြစ်လို့ ကြားဖူးပေမယ့် လေးစားမိပါတယ်"

မသိမသာ မြှောက်ပင့်ပြောဆိုလိုက်သည်။

သူ၏စကားကြောင့် ချိုင်းပြတ်အင်္ကျီနှင့်လူ သဘောကျသွားလေသည်။

"ခင်ဗျား ဘယ်ဆိုးလို့လဲ သိတတ်သားပဲ၊ ကျုပ်က စွန်ရဲအဖွဲ့ခေါင်းဆောင်ပဲ"

ယောင်စင်းက ဦးညွှတ်ယင်း…

"ဟုတ်ကဲ့၊ အခုလို ခေါင်းဆောင်ကြီးနဲ့ တွေ့ရတဲ့အတွက် လေးစားဂုဏ်ယူမိပါတယ်"

ဟု ပြောလိုက်သည်။

စွန်ရဲအဖွဲ့ခေါင်းဆောင်က…



"ခင်ဗျားဟာ ကျုပ်ကို ပြေပြေလည်လည် ဆက်ဆံတဲ့အတွက် ကျုပ်က ဓားပြမတိုက်တော့ဘူး"

"ဟာ ကျေးဇူးရှင်လိုက်တာဗျာ"

စွန်ရဲခေါင်းဆောင်က လက်ကာပြယင်း…

"တစ်ခုတော့ ရှိတယ်"

ယောင်စင်းက…

"ဘာများလဲ ပြောပါဗျာ"

စွန်ရဲအဖွဲ့ခေါင်းဆောင်က မေးစေ့အား လက်ဖြင့် ပွတ်ယင်း

"ခင်ဗျားဘက်က အလိုက်သိတတ်တဲ့ အနေနဲ့ ကျုပ်တို့ကို ဖြတ်ကျော်ခလေးတော့ ပေးရလိမ့်မယ်"

ယောင်စင်း ဟန်ဆောင်ပြုံးယင်း…

"ဘယ်လောက်တောင်များ ပေးရမလဲဗျာ"

ဟု မေးလိုက်သည်။

စွန်ရဲခေါင်းဆောင်က…

"ကျုပ်က လောဘမကြီးပါဘူး၊ ခင်ဗျားရမယ့် ဝေစုထဲက ဘစ်ဝက်ခွဲပေးပါ"

ဟု ပြောလာသည်။

ယောင်စင်းက…

"ပစ္စည်းက အခုမှ ပို့ရမှာမို့…"

သူ၏စကားမဆုံးမီ စွန်ရဲအဖွဲ့ခေါင်းဆောင်က…

"ဘာလဲ ခင်ဗျားဆင်ခြင်ပေးမလို့လား"

အေးတိအေးစက် လေသံဖြင့် ကြားဖြတ်ပြောလိုက်၏။

ယောင်စင်းက...

“ကျုပ်မှ ပစ္စည်းမပို့ရသေးတော့ ဘယ်လိုလုပ် ငွေရှိမှာလဲ ဗျာ”

ဟု ပြောလိုက်သည်။

စွန်ရဲအဖွဲ့ခေါင်းဆောင်က...

“ဒါဖြင့်လဲ အလွယ်လေးပါ၊ အာမခံပစ္စည်းထဲကပဲ တစ်ဝက် ခွဲပေးလိုက်ပေါ့”

ယောင်စင်းက...

“အာမခံပစ္စည်းဟာ..”

စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွားသည်။

သူက မည်သို့ ရှင်းပြရမည်မှန်း မသိဘဲ ဖြစ်သွား၏။

စွန်ရဲအဖွဲ့ခေါင်းဆောင်၏မျက်နှာ တင်းမာသွားသည်။

ယောင်စင်းအား စိုက်ကြည့်ယင်း...

“ဘာလဲ ခင်ဗျားက ငြင်းဖို့ ကြိုးစားနေတာလား၊ ကျုပ် စကား မနာခံဘူးဆိုယင်တော့ ကျုပ်က လုယူရမှာပဲ”

ပြောယင်း ဓားဆွဲထုတ်လိုက်သည်။

စွန်ရဲအဖွဲ့ဝင်များလည်း လက်နက်များ အသီးသီး ထုတ်ယူ လိုက်ကြသည်။

အနုနည်းမရလျှင် အကြမ်းနည်းသုံးတော့မည့် ဟန်မူရာ များ ရှိနေကြ၏။

ယောင်စင်း မည်သို့ဆုံးဖြတ်ရမှန်းမသိ ဖြစ်သွားသည်။

သူ၏အဖွဲ့သားများကလည်း အခြေအနေ မဟန်လျှင်



ဘိုက်ခိုက်ရန် ပြင်ဆင်နေကြပြီ ဖြစ်သည်။

နောက်ဆုံး အာမခံအဖွဲ့၏ ထုံးစံအတိုင်း ကာကွယ်ရမည် ဟု စိတ်ဆုံးဖြတ်လိုက်သည်။

သူက စွန်ရဲအဖွဲ့ခေါင်းဆောင်အား စေ့စေ့ကြည့်ကာ...

“ကျုပ်တို့ကို မနှောင့်ယှက်ပါနဲ့၊ ကိုယ့်လမ်းကိုယ်သွားပါရ စေဗျာ”

ဟု ပြောလိုက်၏။ စွန်ရဲအဖွဲ့ခေါင်းဆောင် ဒေါပွသွားသည်။

“ပစ္စည်းမပေးဘဲ ဆက်သွားနိုင်မယ် မထင်နဲ့”

တဆက်တည်းပင်...

“ဟေ့ကောင်တွေ ဝင်ကြစမ်း”

တပည့်များအား လက်ဝှေ့ယမ်းပြကာ ပြောလိုက်သည်။

တပည့်များသည် ညာသံကိုယ်စီပေးကာ ဝင်ရောက်လာ သည်။ သို့သော် လမ်းတစ်ဝက်မှာပင်...

“အား”

“အွန့်”

“အမယ်လေး”

နာကျင်စွာ အော်ဟစ်ယင်း လဲကျကုန်သည်။

သူတို့၏ဝေးတွင် ဓားပြီးသား ကြက်ရိုးများ မြှုပ်ကျဲနေ၏။

စွန်ရဲအဖွဲ့ခေါင်းဆောင် ရင်ထိတ်သွားသည်။

ပတ်ဝန်းကျင်အား ဝေ့ကြည့်ကာ...

“ဘယ်သူတိုက်တာလဲ ထွက်ခဲ့စမ်း”

ဟု အော်ဟစ်လိုက်သည်။

ထိုအခါ လူတစ်ယောက်သည် အေးဆေးစွာဖြင့် လှမ်းထွက်လာသည်ကို တွေ့လိုက်ရသည်။

ထိုလူကား ရှောင်လုံပင် ဖြစ်ပေတော့သည်။

* * *

အကဲခတ်ကြည့်နေသော ယောင်စင်းသည် အခြေအနေမဟန်ကြောင်း သဘောပေါက်လိုက်၏။

ရှောင်လုံအား ကြည့်ကာ...

"ဓားပြတွေ တိုက်ခိုက်တော့မယ်"

ဟု စိုးရိမ်စိတ်ဖြင့် ပြောလာသည်။

ရှောင်လုံက အရိုးများကို ထွေးထုတ်ယင်း...

"သူတို့ ဘာမှ မတတ်နိုင်ပါဘူး"

ဟု ပြောကာ အရိုးများအား ဇွေယမ်းလိုက်သည်။

ထိုအခါ ပြေးလာသော စွန်ရဲအဖွဲ့သားများအား ထိမှန်ကာ လဲကျကုန်သည်။

"ဟင်"

ယောင်ဝှားသည် ပါးစပ်အဟောင်းသားဖြင့် ရှောင်လုံအား ငေးကြည့်နေမိသည်။

ရှောင်လုံက သူ့အား တစ်ချက်ပြုံးပြကာ လှမ်းထွက်သွားလေတော့သည်။

* * *



စွန်ရဲအဖွဲ့ ခေါင်းဆောင်သည် သူ့ရှေ့သို့ လှမ်းထွက်လာသော ရှောင်လုံအား ကြည့်ကာ...

"မင်းက ငါ့လူတွေကို တိုက်ခိုက်ခဲ့တယ် ဟုတ်လား"

ဒေါသတကြီး မေးလာသည်။

ရှောင်လုံက အရက်တစ်ငုံ မော့သောက်ကာ ကြက်ကင်အား စားလိုက်ပြီး ခေါင်းညိတ်ပြသည်။

သူ၏အရေးမထားဟန်ကြောင့် စွန်ရဲအဖွဲ့ခေါင်းဆောင် ဒေါသချောင်းချောင်း ထွက်သွားလေသည်။

"တောက် သိကြသေးတာပေါ့"

ကြိမ်းဝါးပြောဆိုယင်း ခုန်ဝင်ကာ ဓားဖြင့် ခုတ်ချလိုက်သည်။ ရှောင်လုံက မလှုပ်မယှက် ရပ်နေ၏။

စွန်ရဲခေါင်းဆောင် အနီးသို့ ရောက်လာမှ...

"ထွီ"

ပါးစပ်ထဲမှ အရိုးကို ထွေးထုတ်လိုက်၏။

ထိုအခါ...

ကြက်ရိုးအပိုင်းအစအချို့သည် ဓားကိုင်လက်အား ထိမှန်သွားလေသည်။

စွန်ရဲအဖွဲ့ခေါင်းဆောင်မှာ ဓားကိုင်လက်တစ်ခုလုံး ကျင်တက်သွားပြီး...

"အမယ်လေးဗျ"

မသဲမကွဲ ညည်းညူကာ လက်ထဲမှ ဓားအား လွှတ်ချလိုက်ရသည်။

အရိုးစနစ်ခုက ဒူးခေါင်းအား ထိမှန်သွားသည်။

စွန်ရဲအဖွဲ့ခေါင်းဆောင် ဒူးထောက်ကျသွားသည်။

ပြန်ထနိုင်ခြင်း မပြုမီမှာပင် ရှောင်လုံ၏လက်ထဲမှ အရက်အိုးက ဦးခေါင်းပေါ် ကျရောက်လာသည်။

"ခွမ်း"

"အား"

အရက်အိုးကွဲသံနှင့်အတူ အဖွဲ့ခေါင်းဆောင်၏ နာကျင်သော အော်ဟစ်သံ ထွက်ပေါ်လာသည်။

သူ၏ဦးခေါင်းမှာ ကွဲသွားပြီး သွေးများက မျက်နှာပေါ် စီးကျလာသည်။

စွန်ရဲအဖွဲ့ခေါင်းဆောင်သည် ထိတ်လန့်နေသည်။

ရှောင်လုံသည် ကြောက်စရာကောင်းသူတစ်ဦး ဖြစ်ကြောင်း နားလည်သွားမိသည်။

ရှောင်လုံသည် အာမခံအဖွဲ့မှ မဖြစ်နိုင်ကြောင်းလည်း ဆင်ခြင်လိုက်မိသည်။

"မင်း...မင်းက..."

သူက မေးရန် ပြင်စဉ် စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။

မျက်လုံးအစုံသည် ရှောင်လုံ ဝတ်ရုံအောက်မှ တစ်စွန်းတစ်စ ထွက်ပေါ်နေသော သေတ္တာပြားမှ ရွှေတံဆိပ်ပြားအား တွေ့မြင်သွားသည်။

သူ၏မျက်လုံးအစုံ ဝိုင်းစက်ပြူးကျယ်သွားသည်။



မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူရော်သွားသည်။

သူက သေမင်းနှင့် တွေ့ရသလို တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်ကာ ကြောက်ရွံ့ထိတ်လန့်သွားတော့၏။

ရှောင်လုံအား အကြိမ်ကြိမ် ဦးချလိုက်ပြီး...

"ဆ...ဆရာမှန်း မသိလို့ပါ။ ကျုပ်ကို ချမ်းသာပေးပါ"

အထစ်ထစ်အငေါ့ငေါ့ဖြင့် တောင်းပန်လိုက်၏။

သူတို့အား ယောင်စင်းတို့က အကဲခတ်ကြည့်နေ၏။

ယောင်စင်းက သက်ပြင်းချယင်း...

"သူ့လို သိုင်းကွက်မျိုး ငါ တစ်သက်နဲ့တစ်ကိုယ် မမြင်ဖူးဘူး"

သံခေါင်းကြီးက...

"သူက သိုင်းပညာရှင်လား မသိဘူး"

ဟု ရေရွတ်လာသည်။ ကျွဲကြီးက...

"ဓားပြခေါင်းဆောင်က သူ့ကို အတော်ကြောက်ရွံ့နေပုံရတယ်၊ သူ့အကြောင်း သိနေလို့များလား"

ယောင်စင်း လက်ကာပြလိုက်သည်။

"ကဲ တော်ကြတော့၊ ငါတို့ရဲ့ စည်းကမ်းအရ သူများကို မစပ်စုရဘူး။ ငါတို့ အလုပ်က ခရီးဆုံးအောင် လိုက်ပို့ပေးဖို့ပဲ"

ထိုစကားကြောင့် ကျွဲကြီးတို့ ပါးစပ်ပိတ်ထားလိုက်ကြတော့သည်။ သူတို့က အခြေအနေကို တိတ်တဆိတ် လှမ်း၍ ကြည့်လိုက်ကြပြန်သည်။ ရှောင်လုံက လက်ဝှေ့ယမ်းပြနေ၏။

စွန်ရဲခေါင်းဆောင်မှာ အသက်တစ်ချောင်း ပြန်လည်

ကောက်ရသလို ဝမ်းသာသွားသည်။

သူသည် ရှောင်လုံ စိတ်ပြောင်းသွားမှာ စိုးရွံ့သည့်အလား သုတ်ခြေတင်ကာ ထွက်ပြေးသွား၏။

သူ၏အဖွဲ့သားများလည်း ဒရောသောပါး ပြေးလိုက်သွားကြလေတော့သည်။

* * *

စွန်ရဲအဖွဲ့ ထွက်ခွာသွားချေပြီ။

ရှောင်လုံက ပြန်လှည့်လာသည်။

ထိုအခါ ယောင်စင်းတို့က စူးစမ်းဟန်ဖြင့် ရှိနေကြသည်ကို တွေ့လိုက်ရသည်။

ရှောင်လုံက ပခုံးတစ်ချက်သာ တွန့်ပြလိုက်ပြီး မြင်းလှည်းဆီ ပြန်လျှောက်လာ၏။

ထိုအခါ သူ့အား တအံ့တသြဖြင့် ကြည့်နေသော ယောင်ဗွားအား တွေ့လိုက်ရသည်။ ယောင်ဗွားက သတိဝင်လာပြီး...

"ရှင်က သိုင်းပညာရှင်လား"

ဟု မေးလိုက်သည်။

ရှောင်လုံက...

"မတောက်တခေါက်ပဲ တတ်ထားတာပါ"

ယောင်ဗွားက...

"ကျွန်မ မယုံဘူး"



ရှောင်လုံ ပခုံးတွန့်လိုက်၏။

"မင်းယုံအောင်လို့လဲ ငါရှင်းမပြတတ်ဘူး"

ယောင်ဗွားက သူ့အား အကဲခတ်ကြည့်ကာ...

"ဓားပြခေါင်းဆောင်က ရှင့်ကို သိနေသလိုပဲ၊ သူ့ပုံစံက အရမ်းကို ထိတ်လန့်နေတယ်"

ရှောင်လုံက ရယ်မောယင်း...

"ဟုတ်လား၊ ကျုပ်ကို သရဲတစ္ဆေလို့များ ထင်နေလားမှ မသိတာ"

သူက ခပ်ပေါ့ပေါ့ပင် ပြောလိုက်၏။

ယောင်ဗွား မချင့်မရဲ ဖြစ်သွားသည်။

"ရှင်က.."

ရှောင်လုံ လက်ကာပြကာ ဖြတ်ပြောလိုက်၏။

"ကဲ မင်းအဖေကို ခရီးဆက်ဖို့ ပြောလိုက်ပါ၊ ဒီမှာ ကြာကြာနေယင် မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်လာနိုင်တယ်"

စကားဆုံးလျှင် မြင်းလှည်းထဲ ခုန်ဝင်သွားသည်။

ယောင်ဗွား မကျေမနပ်ဖြင့် ခြေဆောင့်လိုက်၏။

ထို့နောက် ဖခင်ထံ လှမ်းသွားလိုက်သည်။

အကျိုးအကြောင်းလည်း ပြောပြလိုက်၏။

ယောင်စင်းကလည်း သဘောတူလိုက်သည်။

မကြာမီ အာမခံအဖွဲ့သည် ဆက်လက်ခရီးနှင်ခဲ့ကြလေတော့သည်။

* * *

## လျှို့ဝှက်အဖွဲ့

အချိန်များ တစ်ရွေ့ရွေ့ ကုန်ဆုံးသွားသည်။

စွန်ရဲအဖွဲ့သည် သုတ်ခြေတင်ကာ ပြေးလာယင်း အတန်ဝေးဝေးရောက်မှ ရပ်နားလိုက်ကြသည်။

စွန်ရဲအဖွဲ့ခေါင်းဆောင်သည် သစ်ပင်ခြေရင်း၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

သူက နဖူးပေါ်မှ ချွေးများကို သုတ်ကာ လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

"ဟူး အခုမှပဲ အသက်ဝဝရှူနိုင်တော့တယ်"

တပည့်တစ်ယောက်က...

"ဆရာ စခန်းပြန်မလား"

ဟု မေးလာသည်။

စွန်ရဲအဖွဲ့ခေါင်းဆောင် ခေါင်းယမ်းလိုက်သည်။

"မပြန်တော့ဘူး"

တပည့်က မျက်နှာပျက်သွားပြီး...



"ဒါ...ဒါဖြင့်..."

စွန်ရဲခေါင်းဆောင်က...

"စွန်ရဲအဖွဲ့ကို ဖျက်သိမ်းလိုက်ပြီ"

"ဗျာ"

တပည့်များအားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြရလေသည်။

စွန်ရဲခေါင်းဆောင်ကိုလည်း မျက်လုံးပြူးကာ ကြည့်လိုက်ကြသည်။

စွန်ရဲခေါင်းဆောင် အဘယ်ကြောင့် ပြောင်းလဲသွားရပါသနည်း။ အားလုံးပင် နားမလည်နိုင်အောင် ဖြစ်နေကြသည်။

စွန်ရဲခေါင်းဆောင်က သက်ပြင်းချယင်း...

"လောကမှာ အသက်လောက် ဘယ်အရာမှ အရေးမကြီးဘူးဆိုတာ ဒီနေ့ပဲ ငါနားလည်လိုက်ရပြီ"

ယခုတိုင် စိုးထိတ်မှု မပျောက်သေးသော လေသံဖြင့် ပြောသည်။ တပည့်တစ်ယောက်က...

"ဆရာ ကျွန်တော်တော့ နားမလည်တတ်တော့ဘူး၊ ဆရာဘာကြောင့် အခုလို ဖြစ်သွားရတာလဲ"

ပွင့်ပွင့်လင်းလင်းပင် မေးလာသည်။

စွန်ရဲခေါင်းဆောင်က...

"ငါဟာ ဒီနေ့ အသက်တစ်ချောင်း ပြန်ကောက်ရသလို ခံစားရတယ်၊ ဘယ်နည်းနဲ့မှ ပြန်မဆုံးရှုံးချင်တော့ဘူး"

တပည့်မှာ ဘာကို ဆိုလိုမှန်း မသိ၍ ကြောင်အမ်းအမ်းဖြင့်

ကြည့်နေမိသည်။

စွန်ရဲခေါင်းဆောင်က…

"ဓားထိန်းနတ်ရှေ့ ရောက်သွားတဲ့ လူဆိုးဓားပြတွေတိုင်း ပြန်လွတ်မြောက်တဲ့လူ ရှိသလား"

"ဗျာ"

ဓားထိန်းနတ်ဟူသော အမည်ကြောင့် တပည့်များအားလုံး များစွာ တုန်လှုပ်ချောက်ချားသွားကြသည်။

"ဓား…ဓားထိန်းနတ် ဟုတ်လား"

တုန်လှုပ်စွာဖြင့်လည်း မေးလာသည်။

စွန်ရဲခေါင်းဆောင်က…

"ငါတို့လို အဖွဲ့လေး မပြောနဲ့၊ တကယ့် ထိတ်ထိတ်ကြ လူဆိုးထိပ်သီးတွေတောင် ရှောင်နေရတဲ့ ဓားထိန်းနတ်ကို ငါတို့ ဘယ် လိုရင်ဆိုင်မလဲ"

"ဆရာ… ကျွန်…ကျွန်တော်တို့…"

တပည့်တစ်ယောက်က အခြေအနေကို ရိပ်စားမိသည့် အလား ထစ်ထစ်ငေါ့ငေါ့ ဖြစ်လာသည်။

စွန်ရဲခေါင်းဆောင်က…

"ငါတို့ တွေ့ခဲ့တဲ့ လူဟာ ဓားထိန်းနတ်ပဲ"

အားလုံးပင် တုန်လှုပ်သွားကြ၏။

ကြက်သီးများပင် ထလာကြသည်။

မည်သူမျှ စကားမပြောနိုင်ဘဲ နှုတ်ဆွံ့နေသလို ဖြစ်နေကြ ရလေသည်။



စွန်ရဲခေါင်းဆောင်က…

"ဓားထိန်းနတ်ဟာ ဘယ်တော့မှ ချမ်းသာမပေးတတ်ဘူး၊ ငါတို့ ရက်စက်ကြမ်းကြုတ်တာ သူ့ခြေဖျားတောင် မမီဘူး၊ သူပြန် လွှတ်ပေးတာဟာ အကြောင်းရှိလိမ့်မယ်၊ သူနဲ့ တွေ့ဆုံမိသူတိုင်း အကြောင်းအမျိုးမျိုးကြောင့် ကံဆိုးသွားခဲ့တာချည်းပဲ၊ သူ့လက်ချက် ဟုတ်တောင် သူနဲ့ ပတ်သက်တဲ့ ဂယက်တွေ ရိုက်ခတ်လာနိုင်တယ်၊ ဒီတော့ အဖွဲ့ကို ဖျက်သိမ်းဖို့ ငါဆုံးဖြတ်လိုက်တာပဲ"

တပည့်များ စောဒက မတတ်ပံ့တော့ပါ။

သူတို့အဖို့ ယခုမှစ၍ ရှောင်တိမ်းပုန်းအောင်းနေခြင်းသည် သာ အသက်ဘေးအန္တရာယ်မှ ကင်းလွတ်နိုင်သည်ဟု တွက်ဆလိုက် ကြသည်။

စွန်ရဲခေါင်းဆောင်က…

"မင်းတို့ ဘယ်လိုသဘောရသလဲ"

ဟု မေးလိုက်သည်။

"ကျွန်တော်တို့ လက်ခံပါတယ်"

အားလုံးပင် တညီတညွတ်တည်း ထောက်ခံပြောကြား လိုက်ကြ၏။ စွန်ရဲခေါင်းဆောင် ကျေနပ်သွားသည်။

သူက ထိုင်ရာမှ ထလိုက်ပြီး…

"ရှေ့မလှမ်းမကမ်းမှာ မြို့တစ်မြို့ ရှိတယ်၊ အဲဒီမှာ ငါတို့ ခွဲ လမ်းခွဲကြတာပေါ့"

ဟု ပြောလိုက်သည်။ ထို့နောက်…

အဖွဲ့သားများအား ဦးဆောင်ကာ ထွက်ခွာသွားရန် ခြေ

လှမ်းလိုက်လေသည်။

ထိုစဉ်မှာပင်...

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်ဆူညံစွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

စွန်ရဲခေါင်းဆောင်၏ ခြေလှမ်းများ တုန့်ခနဲ ရပ်တန့်သွားလေသည်။

မျက်မှောင်ကုပ်ယင်း မြင်းခွာသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်၏။

ထိုအခါ...

မြင်းစီးသမားတစ်စုသည် တောအုပ်တစ်ခုအတွင်းမှ ဒုန်းစိုင်းနှင့် ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေတော့သည်။

* * *



မြင်းစီးသမားများသည် ခမောက်ကိုယ်စီ ဆောင်းထားကြ၏။

အညိုရောင်ဝတ်စုံများ ဝတ်ဆင်ထားကြပြီး ခါးတွင် ဓားကိုယ်စီ ချိတ်ဆွဲထားကြ၏။

သူတို့၏ ဟန်ပန်အမူအရာ၊ မြင်းကို အသားတကျ စီးနင်းနေပုံများသည် ညီညာသေသပ်ကာ မြင်းသည်တော်များပမာ ရှိနေကြသည်။ မြင်းစီးသမားများသည် မိမိတို့ထံသို့ တန်းတန်းမတ်မတ် ဦးတည်လာနေပေသည်။

စွန်ရဲခေါင်းဆောင် မျက်နှာကွက်ခနဲ ပျက်သွားသည်။

ဓားထိန်းနတ်နှင့် တွေ့ဆုံရသူတိုင်း အကြောင်းတစ်မျိုးမဟုတ် တစ်မျိုးနှင့် ကြုံတွေ့ကာ ကံဆိုးတတ်ကြောင်း သတိရလျှင်ပင်လိုလို ရင်လေးသွားမိသည်။

ယခုအချိန်မှ ရှောင်ထွက်သွားပါကလည်း မဖြစ်နိုင်တော့ပေချေ။

ထို့ကြောင့်...

စိတ်ကို ဒုန်းဒုန်းချကာ မလှုပ်မယှက် ရပ်နေလိုက်မိသည်။

မကြာမီ မြင်းစီးသမားများသည် သူတို့အနီးသို့ ရောက်ရှိလာကြတော့သည်။

မြင်းများ ရပ်တန့်သွားသည်။

သူတို့၏ မျက်နှာများကို တွေ့မြင်ရသောအခါ စွန်ရဲခေါင်းဆောင် ခြေဖျားလက်ဖျားများ အေးစက်သွားသလို ခံစားလိုက်ရလေသည်။

အကြောင်းမှာ...

မြင်းစီးသမားများ၏ မျက်နှာထားသည် ဟန်မူရာ ကင်းမဲ့ကာ ခံစားချက်မဲ့သော မျက်နှာသွင်ပြင်မျိုး ရှိနေ၏။

သူတို့၏မျက်ဝန်းထဲဝယ် ရက်စက်ကြမ်းကြုတ်ခြင်း အရိပ်အငွေ့များလည်း ထွက်ပေါ်နေသကဲ့သို့ ရှိနေ၏။

အဆိုးဆုံးမှာ သူတို့၏ ခန္ဓာကိုယ်ပေါ်ဝယ် အေးစိမ့်သော အငွေ့အသက်များနှင့်အတူ လူသတ်လိုသော အငွေ့အသက်များ ထွက်ပေါ်နေသည်ဟု ခံစားမိလိုက်ခြင်းကြောင့်ပင် ဖြစ်ပေသည်။

* * *



## ခြေရာခံ

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေသည်ဟု ထင်ရပေသည်။

စွန်ရဲအဖွဲ့သည် ထွက်ပေါက်မဲ့သော ယုန်သူငယ်များပမာ ဖြစ်နေကြသည်။

အေးစိမ့်မှုများက သူတို့အား လွှမ်းခြုံထားနေပြီ ဖြစ်သည်။

မြင်းစီးသမားအုပ်စုထဲမှ မြင်းတစ်စီး တိုးထွက်လာသည်။

မြင်းပေါ်ဝယ် လူရွယ်တစ်ဦး ရှိနေသည်။

သူ၏ခမောက်အား ငွေရောင်ကွပ်ထားသည်။

အားလုံး ရှိသေလေးစားသည့် ပုံဟန် ရှိသောကြောင့် ခေါင်းဆောင် ဖြစ်ရမည်ဟု စွန်ရဲအဖွဲ့ ခန့်မှန်းမိသည်။

ထိုလူရွယ်သည် ဓားထိန်းနတ်လက်အောက်၌ လက်ရွေးစင်တစ်ဦး ဖြစ်ခဲ့ဖူးပေသည်။

သူ၏အမည်မှာ 'ဆားမှ' ဖြစ်သည်။

ဓားထိန်းနတ် လက်အောက်မှ ကိုယ်ရံတော်ခေါင်းဆောင်ရှိုက အဖွဲ့အား သစ္စာဖောက်ပြီးနောက်ဝယ် ခေါင်းဆောင်နေရာ ယူခဲ့သည်။

ထိုအခါ...

ဆားမှသည်လည်း လျှို့ဝှက်အဖွဲ့ခွဲခေါင်းဆောင် ဖြစ်လာခဲ့ရပေသည်။

ရှိုဝူသည် ဓားထိန်းနတ်အား ရှာဖွေရန် အဖွဲ့ခွဲများ နေရာအနှံ့ စေလွှတ်ထားခဲ့ပြီး ဖြစ်သည်။

ဆားမှသည် ဓားထိန်းနတ်အား ရှာဖွေစုံစမ်းသော အဖွဲ့များအနက် တစ်ဖွဲ့ အပါအဝင် ဖြစ်သည်။

ဆားမှသည် စွန်ရဲခေါင်းဆောင်အား စေ့စေ့ကြည့်လိုက်၏။

သူ၏အကြည့်မှာ စူးရှထက်မြက်လှပေသည်။

"မင်းတို့ ဒီမှာ စုရုံးပြီး ဘာလုပ်ဖို့ ကြံနေကြသလဲ"

ဆားမှထံမှ စကားသံ ထွက်ပေါ်လာသည်။

သူ၏စကားသံသည် ရေခဲတောင်မှ ထွက်ပေါ်လာသည့်အလား အေးစက်လှပေသည်။

စွန်ရဲခေါင်းဆောင် မျက်စိမျက်နှာ ပျက်သွားသည်။

"ကျုပ်.."

သူက မည်သို့ ဖြေရမှန်းလည်းမသိ ဖြစ်သွား၏။

ထိုစဉ်...

အဖွဲ့သားတစ်ဦးက ဆားမှအနီး ကပ်လာပြီး တီးတိုးပြော



ာလေသည်။

ဆားမှ မျက်မှောင်ကုပ်သွားသည်။

စွန်ရဲခေါင်းဆောင်၏ လက်မောင်းမှ အမှတ်အသားကို သည်း စူးစိုက်ကြည့်လိုက်သည်။

သူ၏မျက်နှာသည် ပို၍ပင် အေးစက်တင်းမာလာသည်ဟု ထင်ရပေသည်။

"လက်စသတ်တော့ စွန်ရဲဓားပြအဖွဲ့ကိုး"

သူ၏စကားသံထဲ၌ ရက်စက်ကြမ်းကြုတ်သော အငွေ့များ ယှက်သမ်းနေ၏။

သူတို့သည် ဒုစရိုက်သမားများဆိုလျှင် ပြတ်ပြတ်သားသား ချမှုန်းသုတ်သင်ပစ်လေ့ရှိသော စိတ်ဓာတ်က စွဲနေသည် မဟုတ်ပါသား။

စွန်ရဲခေါင်းဆောင်က...

"ကျုပ်တို့အဖွဲ့ ဒီကနေ့ပဲ ဖျက်သိမ်းလိုက်တော့မှာပါ။ ဘယ်သူ့ကိုမှလဲ ဒုက္ခမပေးတော့ပါဘူး"

ဟု ပြောလိုက်သည်။

ဆားမှ မဲ့လိုက်၏။

"လူဆိုးဓားပြဟာ လူဆိုးဓားပြ အလုပ်ပဲ လုပ်မှာပေါ့၊ ဘာကြောင့် အသံကောင်းဟစ်ချင်တာလဲ"

စွန်ရဲအဖွဲ့ခေါင်းဆောင်က...

"တကယ် ပြောတာပါဗျာ၊ ဓားထိန်းနတ်နဲ့ တွေ့ပြီးနောက် ကျုပ်တို့ ဆက်မမိုက်ရဲတော့ပါဘူး"

"ဘာ"

ဆားမု၏အသံ ကျယ်လောင်စွာ ဟိန်းထွက်လာသည်။

စွန်ရဲအဖွဲ့ခေါင်းဆောင်ပင် ထိတ်လန့်သွားမိသည်။

ဆားမု၏မျက်နှာပေါ်ဝယ် စိတ်လှုပ်ရှားသော ဟန်မူရာများ ထိန်းမရနိုင်အောင်ပင် ထွက်ပေါ်လာသည်။

"ဓားထိန်းနတ် ဟုတ်လား"

"ဟုတ်..ဟုတ်ပါတယ်"

ဆားမု မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလာသည်။

သူက စွန်ရဲအဖွဲ့ခေါင်းဆောင်ထံသို့ လှမ်းသွားလိုက်သည်။

စွန်ရဲအဖွဲ့ခေါင်းဆောင် ထိတ်လန့်သွားသည်။

သူ့အား တိုက်ခိုက်တော့မည် ထင်မှတ်သွားပြီး ဓားခွဲထုတ်ကာ ဆီးကြိုတိုက်ခိုက်လိုက်သည်။

ဆားမု နှာခေါင်းရှုံ့လိုက်သည်။

"မင်းကများ တိုက်ခိုက်ရဲသေးတယ်"

စကားဆုံးလျှင် လက်တစ်ဖက် ဆန့်ထုတ်လိုက်သည်။

အလွန်လျင်မြန်သော အရှိန်ဖြင့် စွန်ရဲခေါင်းဆောင်၏ဓားအား လုယူပြီး လည်မျိုအား ထောက်ထားလိုက်ပြီး ဖြစ်လေသည်။

"ဟာ"

စွန်ရဲအဖွဲ့ခေါင်းဆောင် အထိတ်တလန့် ဖြစ်သွားသည်။

မလှုပ်ရှားဝံ့တော့သလို အသက်လည်း ပြင်းပြင်းမရှူရဲတော့ချေ။

ဆားမုက ဓားကိုင်လက်အား အနည်းငယ်မျှ လှုပ်ရှားလိုက်



သည်နှင့်ပင် သေဆုံးသွားရမည် မဟုတ်ပါလား။

ဆားမုက အေးတိအေးစက်ဖြင့်...

"ဓားထိန်းနတ်ကို တွေ့ခဲ့တယ်ဆိုတာ သေချာလား"

ဟု မေးလိုက်သည်။

စွန်ရဲအဖွဲ့ခေါင်းဆောင်က...

"သေ..သေချာပါတယ်"

ဆားမု၏မျက်လုံးအစုံ ဝင်းလက်တောက်ပလာသည်။

မမျှော်လင့်ဘဲ ဓားထိန်းနတ်သတင်းအား ခြေရာခံမိပြီ ဖြစ်သည်။

သူက စိတ်လှုပ်ရှားမှုကို ထိန်းချုပ်လိုက်ပြီး...

"ပြောစမ်း ဘယ်မှာ တွေ့ခဲ့တာလဲ"

ဟု မေးလိုက်သည်။

စွန်ရဲအဖွဲ့ခေါင်းဆောင်က တုန်တုန်ယင်ယင်ဖြင့်...

"ကျောက်ဝါတောင်ခြေမှာပါ"

သူက သိသမျှ ကြုံသမျှ ပြည့်ပြည့်စုံစုံ ပြောပြလိုက်သည်။

ဆားမုက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

စွန်ရဲအဖွဲ့ခေါင်းဆောင်၏စကားဆုံးသွားမှ...

"လက်စသတ်တော့ သူဟာ အာမခံအဖွဲ့ အသုံးပြုပြီး လှည့်ဖြားသွားတာကိုး"

ရေရွတ်လိုက်သည်။

စွန်ရဲခေါင်းဆောင်က...

"သူတို့ဟာ စစ်ပဟိုင်ခရိုင်ဘက် ဦးတည်သွားနေပုံရတယ်"

မျက်နှာချိုသွေး ပြောကြားလိုက်သည်။

ဆားမုဈ်မျက်နှာပေါ်ဝယ် ထူးခြားသော အပြုံးရိပ်တစ်ခု ထင်ဟပ်လာသည်။

စွန်ရဲအဖွဲ့ခေါင်းဆောင်အား စေ့စေ့ကြည့်ကာ...

"ငါတို့က မားထိန်းနတ်နောက် ခြေရာခံလိုက်နေတဲ့ လူတွေပဲ၊ မင်းဘာသာ အေးအေးဆေးဆေးနေပေတော့"

စကားဆုံးလျှင် မားကိုင်လက်အား လှုပ်ယမ်းလိုက်၏။

စွန်ရဲခေါင်းဆောင် မျက်လုံးပြူးသွားသည်။

"မင်း..မင်း.."

သူက စကားဆုံးအောင် မပြောနိုင်ပါ။

ဝင်းလက်သော မားရောင်နှင့်အတူ သူ၏လည်မျို စစ်ခနဲ ဖြစ်သွားသည်ကို နောက်ဆုံးအနေနှင့် ခံစားသိရှိလိုက်ရသည်။

"ဝုန်း"

စွန်ရဲခေါင်းဆောင် အသံပင် မထွက်နိုင်ဘဲ မြေပေါ်ပုံလျက်သား လဲကျသွား၏။

ဆားမုက သွေးစွန်းနေသော မားအား မြေပေါ်ပစ်ချလိုက်၏။

"ဟင်"

"ဟာ"

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် စွန်ရဲအဖွဲ့သားများ အထိတ်တလန့် ဖြစ်သွားကြသည်။

ဆားမုက...



"အကုန်လုံးရှင်းပစ်လိုက်"

လက်ဝှေ့ယမ်းကာ အမိန့်ပေးလိုက်သည်။

မြင်းစီးသမားများသည် မားကိုယ်စီ ဆွဲထုတ်လိုက်ကြ၏။

ထို့နောက်...

"ဟေး"

မြင်းများကို အော်ငေါက်ကာ စွန်ရဲအဖွဲ့ထံ တိုးဝင်သွားကြသည်။

သံ့သံချင်း ထိခိုက်သံများ ထွက်ပေါ်လာပြီးနောက်...

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်သံများ ဆက်တိုက်ထွက်ပေါ်လာသည်။

စွန်ရဲအဖွဲ့သားများ တခဏအတွင်း ဖရိုဖရဲ ဖြစ်သွားကြသည်။

အချို့က ခြေဦးတည့်ရာ ထွက်ပြေးကြသည်။

မြင်းစီးသမားများက အလွတ်မပေးဘဲ လိုက်လံတိုက်ခိုက်ကြသည်။

"အား"

"အမယ်လေး"

စူးရှသော အသံများ ထွက်ပေါ်လာသည်။

စွန်ရဲအဖွဲ့ဝင်များ တစ်ယောက်ပြီးတစ်ယောက် မြေပေါ်လဲကျသွားသည်။

အော်ဟစ်သံများသည် တစ်စထက်တစ်စ လျော့နည်းလာခဲ့သည်။

နောက်ဆုံး၌ လုံးဝတိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

* * *

ဝန်းကျင်တစ်ခုလုံး ပြန်လည်တိတ်ဆိတ်သွားသည်။

လေအဝေ့၌ သွေးညှီနံ့များ ပျံ့လွင့်နေ၏။

ဓွန်ရဲအဖွဲ့ဝင်များ မြေပေါ်၌ အတုံးအရုံး လဲကျနေ၏။

မည်သူမှ ထွက်ပြေးလွတ်မြောက်နိုင်ခဲ့ခြင်း မရှိပါချေ။

မြင်းစီးသမားများ၏ ရက်စက်သော တိုက်ခိုက်မှုအောက်၌ ဓွန်ရဲအဖွဲ့ မရှုမလှ ဖြစ်ခဲ့ရချေပြီ။

ဆားမုက ဘာမှ ခံစားချက် မရှိသော ပုံဟန်ဖြင့် မြင်းပေါ် ပြန်လည်ခုန်တက်လိုက်သည်။

သူက ဓားထိန်းနတ် လိုက်ပါသွားသော အာမခံအဖွဲ့ သွားရာလမ်းကြောင်းကို တွက်ချက်လိုက်သည်။

ကြိုတင်ပိတ်ဆို့နိုင်ရန် အခြားအဖွဲ့ထံ စာပို့ခိုလွှတ်ကာ အကြောင်းကြားလိုက်သည်။ ထို့နောက်…

အဖွဲ့အား ခေါ်ဆောင်ကာ တရကြမ်း ခြေရာခံ လိုက်သွားကြလေတော့သည်။

* * *



## အတားအဆီး

"ခွပ်ခွပ်…ခွပ်ခွပ်"

"ကျွိ…ကျွိ"

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာသည်။

ယောင်စင်းတို့အဖွဲ့သည် တောလမ်းကလေးအတိုင်း ခရီးနှင်နေ၏။

ညနေစောင်းနေပြီ ဖြစ်သည်။

ညမိုးမချုပ်မီ ဤတောအုပ်ကို လွန်မြောက်သွားရန် ယောင်စင်းက အားခဲထားသည်။

ထို့ကြောင့်…

မနားဘဲ ခရီးဆက်နေခြင်း ဖြစ်သည်။

ယောင်ဝှားသည် မြင်းလှည်းဘောင်မှ ကပ်လျက် မြင်းတစ်စီးဖြင့် ခရီးနှင်နေသည်။

ယခု...

ရှောင်လုံသည် မြင်းလှည်းထဲဝယ် တစ်ယောက်တည်း ရှိနေပြီဖြစ်သည်။

ယောင်ဝှားသည် မြင်းလှည်းအား မကြာခဏ အကဲခတ်ကြည့်နေသည်။ ရှောင်လုံ၏ လှုပ်ရှားမှုအား မတွေ့ရပါ။

ရှောင်လုံတစ်ယောက် ဘာတွေများ ကြိတ်၍ ကြံစည်နေသည်ကို မစဉ်းစားတတ်အောင် ဖြစ်နေသည်။

ရှောင်လုံသည် လူသွားလူလာ ရှင်းသော တောလမ်းခရီးများအား အသုံးပြုထားသည်။

မည်သည့်နေရာသွားမည် ဖြစ်ကြောင်း တိတိကျကျ မသိရသေးချေ။

သူမက မေးမြန်းသော်လည်း စကားလွှဲကာ ရှောင်လုံက ပါးနပ်စွာ ရှောင်ရှားခဲ့သည်ချည်းပင်။

သူမ စပ်စုလွန်း၍လားမသိ။

ရှောင်လုံက မြင်းလှည်းထဲ နေခွင့်မပြုတော့ပါ။

သူမသည် ရှောင်လုံ အကြောင်းတွေးပြီး မချင့်မရဲ ဖြစ်နေခဲ့သည်ချည်းပင်။

ရှောင်လုံဟူသော အမည်တစ်ခုမှလွဲ၍ ဘာတစ်ခုမှ ရေရေရာရာ မသိခဲ့ရပါချေ။

ရှောင်လုံသည် မည်မျှပင် ပဟေဠိဆန်ဆန် သူမက တစ်နေ့ဖော်ထုတ်ပြမည်ဟု စိတ်ဆုံးဖြတ်ထားပေတော့သည်။

* * *



ယောင်စင်းတို့အဖွဲ့သည် တောအုပ်အား လွတ်မြောက်ပြီးနောက် သစ်ပင်များ အုံ့အုံ့ဆိုင်းဆိုင်း ရှိနေသော သချိုင်းဟောင်းများ တွေ့လိုက်ရသည်။

ယောင်စင်း စိတ်ပျက်သွားသည်။

တောအုပ်လွန်လျှင် အနားယူမည်ဟု သူက ဆုံးဖြတ်ထားခဲ့၏။

ယခုမူ သုသာန်ဟောင်းတစ်ခုအား တွေ့လိုက်ရသောကြောင့် မကျေမနပ် ဖြစ်သွားသည်။

သူက ညဘက် သချိုင်းဟောင်းပျက်၌ မနားချင်ပါချေ။

ထို့ကြောင့်...

အဖွဲ့သားများဘက် လက်ဝှေ့ယမ်းပြကာ...

"တို့တွေ သချိုင်းဟောင်း လွန်မြောက်ပြီးမှ အနားယူကြဘာပေါ့"

ဟု အော်ပြောလိုက်သည်။

သူ၏ဆုံးဖြတ်ချက်အား မည်သူကမျှ စောဒကတက်ခြင်း၊ ကန့်ကွက်ခြင်း မပြုလုပ်ကြချေ။

ပုံမှန်အတိုင်းပင် ဆက်လက်ခရီးနှင်ခဲ့ကြသည်။

မကြာမီ...

ခုံးတံတားတစ်ခု အနီးသို့ ရောက်ရှိလာသည်။

ထိုခုံးတံတားအား ကျော်ဖြတ်ပြီးသည်နှင့် သုသာန်ဟောင်းနယ်နိမိတ်မှ လွတ်မြောက်မည် ဖြစ်သည်။

သို့သော်...

ခုံးတံတားအနီး မရောက်မီမှာပင် ယောင်စင်းက မြင်းကို ရပ်တန့်လိုက်၏။

အဖွဲ့သားများကလည်း ရပ်တန့်လိုက်ကြသည်။

မြင်းလှည်းသမားကလည်း မြင်းလှည်းကို အရှိန်သပ် ရပ်တန့်လိုက်သည်။

ရှောင်လုံကား ထူးထူးခြားခြား ငြိမ်သက်နေသည်။

ယောင်ဗှားက ရှေ့သို့ မြင်းကို နှင်သွားလိုက်သည်။

ဖခင်ဘေးကပ်ကာ အကျိုးအကြောင်းမေးရန် ဟန်ပြင်လိုက်သည်။

သို့သော်...

သူမက မမေးဖြစ်တော့ပါ။

ချက်ချင်းပင် အခြေအနေကို နားလည်သဘောပေါက်လိုက်ခြင်းကြောင့် ဖြစ်ပေတော့သည်။

* * *



သစ်ပင်...။

အတန်ငယ် ကြီးမားသော သစ်ပင်တစ်ပင်သည် လမ်း၌ ကန့်လန့်ဖြတ် လဲကျနေသည်။

ထိုလဲနေသော သစ်ပင်ခံနေ၍ ခုံးကျော်တံတားအား ဖြတ်ကျော်နိုင်လိမ့်မည် မဟုတ်ပါ။

ယောင်စင်း၏မျက်နှာပေါ်ဝယ် အလိုမကျသော ဟန်မူရာများ ဖြစ်ပေါ်လာသည်။

သူက သက်ပြင်းတစ်ချက်ချယင်း...

"အရေးထဲမှာ အရာပေါ်လာပြန်ပြီ"

ဟုလည်း ညည်းညူလိုက်သည်။

သူသည် ခရီးဖင့်မည်ကို စိုးရိမ်နေခြင်းကြောင့် ဖြစ်၏။

ထို့ကြောင့်...

အဘယ်အတွက် သစ်ပင်လဲကျနေသည်ကို မစဉ်းစားပါ။

တပည့်များအား လက်ဝှေ့ယမ်းပြယင်း...

"ဟေ့ သစ်ပင်ကို ရှင်းလင်းလိုက်ကြ၊ ဒါမှ တို့ခရီးဆက်လို့ရမယ်"

ဟု ပြောလိုက်သည်။

အာမခံအဖွဲ့သားများ မြင်းပေါ်မှ အလျှိုလျှိုခုန်ဆင်းလိုက်ကြသည်။

ယင်းနောက် လမ်းပိတ်ထားသော သစ်ပင်အား တက်ညီလက်ညီ ဝိုင်းမကာ ဘေးလွတ်ရာသို့ ရွှေ့လိုက်ကြသည်။

ယခု...

လမ်းပိတ်ထားသော သစ်ပင် ရှင်းလင်းသွားချေပြီ။

ရှေ့ဆက်ခရီးနှင်နိုင်ပေတော့မည်။

သို့သော်...

သူတို့က ခရီးမဆက် ဖြစ်ကြပါ။

အကြောင်းမှာ...

သစ်ပင်အား ရှင်းလင်းပြီးသည်နှင့် ထူးခြားသော အခြေအနေတစ်ရပ် ရုတ်ခြည်း ဖြစ်ပေါ်လာသောကြောင့်ပင် ဖြစ်ပေတော့သည်။

* * *

သစ်ပင်အား ရှင်းလင်းပစ်ပြီး ဖြစ်သည်။

အာမခံအဖွဲ့သားများ စိတ်အေးသွားသည်။

သို့သော် ရင်ပူစရာ အဖြစ်တစ်ခုနှင့် ထပ်မံကြုံလာရ၏။

ချုံပုတ်များ လှုပ်ယမ်းသွားသည်။

လူတစ်စုသည် လေးများဖြင့် ချိန်ရွယ်ယင်း ထွက်လာ၏။

သစ်ပင်များနောက်မှ ဓားကိုယ်စီ ကိုင်ဆောင်ထားကြသူများလည်း အလျှိုလျှို ထွက်လာကြသည်။

တခဏအတွင်းမှာပင် ယောင်စင်းတို့အဖွဲ့အား ပြေးပေါက်မရှိအောင် ဝိုင်းရံထားလိုက်ကြပြီး ဖြစ်သည်။

"ဟာ"

မမျှော်လင့်သော အဖြစ်အပျက် ကြောင့် ယောင်စင်း ပါးစပ်



အဟောင်းသား ဖြစ်သွား၏။

အာမခံအဖွဲ့သားများမှာလည်း တုန်လှုပ်သွားကြ၏။

သူတို့ မလှုပ်မယှက် ရှိနေကြစဉ်မှာပင် လူတစ်ယောက် သုမ်းထွက်လာသည်။

ထိုလူကား ဆားမုပင် ဖြစ်လေသည်။

ဆားမုက ယောင်စင်းအား ကြည့်ကာ...

"ခင်ဗျားတို့ မြင်းပေါ်က ဆင်းလိုက်ကြစမ်း"

ဟု အမိန့်ပေးလာသည်။

ယောင်စင်း မတတ်သာဘဲ သမီးဖြစ်သူအား မျက်ရိပ်ပြကာ မြင်းပေါ်မှ ခုန်ဆင်းလိုက်ကြသည်။

မြင်းလှည်းသမားလည်း ကြောက်ကြောက်လန့်လန့်ဖြင့် ခုန်ဆင်းလာ၏။

ဆားမုက လက်ဝှေ့ယမ်းကာ...

"မြင်းလှည်းကို ဝိုင်းထားလိုက်"

ဟု အမိန့်ပေးလိုက်သည်။

ဓားသမားများသည် ချက်ချင်း မြင်းလှည်းအား လေးဘက်လေးတန် ဝိုင်းရံထားလိုက်ကြ၏။

လေးသမားနှစ်ယောက် မြင်းလှည်းတံခါးအနီး တစ်ရွေ့ရွေ့ချဉ်းကပ်သွားကြ၏။

ယောင်စင်းက...

"မောင်ရင်တို့ ဘာလုပ်ကြမလို့လဲ"

ဟု မေးလိုက်သည်။

"ခင်ဗျားပါးစပ်ပိတ်ထား၊ မသေချင်ယင် ငြိမ်ငြိမ်လေးနေ ကျုပ်တို့ လူတစ်ယောက်ကို ဖမ်းမလို့"

ဆားမုက ငေါက်လိုက်၏။

ယောင်စင်း ငြိမ်ကျသွားသည်။

ယောင်ဗွားမှာမူ ရှောင်လုံအတွက် စိတ်ပူသွား၏။

ဖခင်နားကပ်ကာ...

"သူတို့ဟာ ရှောင်လုံရဲ့ရန်သူတွေလား မသိဘူး"

ဟု တီးတိုးပြောလိုက်သည်။

ယောင်စင်းက...

"ဖြစ်နိုင်တယ်"

"ဒုက္ခပဲ၊ ရှောင်လုံတော့ မြင်းလှည်းထဲမှာ ပိတ်မိနေပြီ"

"သမီး၊ ငါတို့တွေ အန္တရာယ် ရှိနေတာကိုပါ နားလည်ထား ဦး"

ယောင်စင်းက တီးတိုးသတိပေးလိုက်သည်။

ယောင်ဗွား ငြိမ်ကျသွားသည်။

ထိုအချိန်၌ လေးသမားနှစ်ယောက်သည် မြင်းလှည်းတံခါး အနီး ရောက်ရှိသွားကြပြီ ဖြစ်သည်။

ဓားသမားများသည်လည်း အသင့်တိုက်ခိုက်ရန် ပြင်ဆင် ထားကြ၏။

သူတို့၏အမူအရာ ကင်းမဲ့သော မျက်နှာပေါ်၌ စိုးရိမ်မှု သဏ္ဍာန်များ ပေါ်လွင်ထင်ဟပ်နေ၏။

ဆားမုပင်လျှင် စိတ်လှုပ်ရှားနေ၏။



ဓားထိန်းနတ်သည် သူတို့၏ခေါင်းဆောင်ပင် မဟုတ်လား။

ဓားထိန်းနတ်၏ကြောက်စရာကောင်းပုံကို တွေ့ကြုံဖူးခဲ့ကြ ပသည်။

ဓားထိန်းနတ်သည် သူတို့ထက် ရက်စက်ပြတ်သားသည်။

သွေးအေးကာ ပရိယာယ်များလှသည်။

အကင်းပါးကာ သိုင်းပညာတော်သည်။

ထို့ကြောင့်...

လူစုလူဝေးဖြင့် ဝိုင်းရံထားသည်ကိုပင် မလုံလောက်သလို ခံစားနေကြရသည်။

ဆားမုသည် ခပ်လှမ်းလှမ်းမှ စိတ်လှုပ်ရှားစွာဖြင့် အခြေ အနေကို အကဲခတ်ကြည့်နေသည်။

လေးသမားတစ်ဦးက ပစ်ခတ်ရန် အသင့်ပြင်ထားသည်။

ကျန်တစ်ဦးက စိတ်လှုပ်ရှားမှုကို ထိန်းချုပ်ကာ မြင်းလှည်း တံခါးအား ဆွဲဖွင့်လိုက်သည်။

မြင်းလှည်းတံခါး ပွင့်သွားသည်နှင့် တပြိုင်နက်...

"ဗွစ်"

"ဗွစ်"

လေတိုးသံနှင့်အတူ အလင်းရောင်တန်းနှစ်ခု မြင်းလှည်း အိမ်အတွင်းမှ ပြေးထွက်လာသည်။

"သတိထား"

ဆားမု အော်ဟစ်လိုက်၏။

သို့သော်...

သူ၏သတိပေးသံ နောက်ကျသွားချေပြီ။

"အား"

"အွန့်"

လေးသမားနှစ်ဦးမှာ မသဲမကွဲ ညည်းညူယင်း မြေပေါ်လဲကျသွားသည်။

သူတို့၏ရင်ဘတ်၌ မြားတံများ စိုက်ဝင်နေသည်။

ဆားမုက ကပျာကယာ မြင်းလှည်းထဲ ကြည့်လိုက်သည်။

မောင်းတံတစ်ခုဖြင့် မြားနှစ်စင်းအား ချိန်ရွယ်ထားပြီး တံခါးပွင့်သည်နှင့် ကန်ထွက်အောင် မြင်းလှည်းတံခါး၌ သံမဏိကြိုးတစ်ချောင်း ဆက်သွယ်ထားသည်။

ထို့ကြောင့်...

တံခါးပွင့်သည်နှင့် မောင်းကို ဖြုတ်ချသကဲ့သို့ ရှိကာ မြားနှစ်စင်း ပစ်လွှင့်လာခြင်း ဖြစ်ကြောင်း ဆားမုက နားလည်သွားသည်။

မြင်းလှည်းအတွင်း၌ လူသူတစ်စုံတစ်ယောက်မျှ ရှိမနေပေချေ။

ဆားမု ကြောင်အမ်းအမ်း ဖြစ်သွားသည်။

အခြေအနေကို အကဲခတ်ကြည့်နေသော ယောင်စင်းတို့လူစုလည်း အံ့သြသွားကြသည်။

"ရှောင်လုံ ဘယ်ရောက်သွားပါလိမ့်"

"ကိုယ်များပျောက်သွားတာလား"

တစ်ယောက်တစ်မျိုး ဝေဖန် ဝေးလိုက်မိကြသည်။

ဆားမု မျက်နှာပျက်နေသည်။



ဓားထိန်းနတ်အား မတွေ့ရခြင်းသည် ကောင်းသော လက္ခဏာ မဟုတ်မှန်း သူက ရိပ်မိထားသည်။

သူတို့ ရောက်လာမည်ဆိုသည်ကို ကြိုတင်ခန့်မှန်းမိပြီ ဖြစ်ကြောင်း ဆင်ခြင်မိသည်။

ဓားထိန်းနတ်သည် သူတို့အား ပြန်လည်ချောင်းမြောင်းနေပြီလော။

ဆားမု ကျောထဲ စိမ့်လာ၏။

မလုံခြုံတော့သလို ခံစားမိလိုက်သည်။

သူက ပတ်ဝန်းကျင်အား လှည့်ပတ်ကြည့်ရှုလိုက်သည်။

မသင်္ကာစရာကောင်းသည့် အချက်ဟူ၍ မတွေ့ရချေ။

သူက အံ့သြစိတ်ဖြင့်...

"သူ ဘယ်ရောက်သွားပါလိမ့်"

စဉ်းစားမရဘဲ ဖြစ်နေသည်။

ထိုအချိန်မှာပင်...

"ဆားမု၊ မင်းက ငါ့ကို ရှာနေသလား"

အေးတိအေးစက် အသံတစ်ချက် ထွက်ပေါ်လာသည်။

"ဟာ ဓားထိန်းနတ်"

ဆားမု အထိတ်တလန့် အော်လိုက်သည်။

တဆက်တည်းပင်...

အသံထွက်ပေါ်လာရာ အပေါ်ဘက်ဆီသို့ တုန်လှုပ်စွာဖြင့် မော့ကြည့်လိုက်သည်။

ဤတွင် အရိပ်မည်းကြီးတစ်ခု ထိုးကျလာသည်ကို တွေ့မြင်

လိုက်ရသည်။

ထိုအရိပ်မည်းကြီး မြေပေါ် ရောက်လာသည်နှင့်…

"အား"

"အွန့်"

"အမယ်လေး"

ဆားမုဒ ဘေးနားမှ အဖွဲ့သားသုံးယောက် နာကျင်စွာ အော်ဟစ်ယင်း လဲကျကုန်သည်။

အရိပ်မည်းကြီးသည် ရှောင်လုံ ဖြစ်ကြောင်း သိလိုက်စဉ် ခဏမှာပင် ရှောင်လုံသည် သူ၏လက်ထဲမှ ဓားအား လှယူပြီး လက်တစ်ဖက်က ပခုံးရိုးအား ဖမ်းညှစ်ထားလိုက်ပြီ ဖြစ်သည်။

ဆားမုဒ အလွန်ပင် ထိတ်လန့်သွားသည်။

ကြောက်ရွံ့တုန်လှုပ်မှုကြောင့် မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားရသည်။

သူက ဘာမှ မပြင်ဆင်ရသေးမီ ရှောင်လုံ၏လက်ထဲ ကျရောက်သွားပြီ မဟုတ်ပါလား။

ရှောင်လုံက အေးတိအေးစက်ဖြင့်…

"ဆားမုဒ၊ မင်း မဆိုးဘူး"

ဆားမုဒ မျက်နှာပျက်သွားသည်။

"ကျွန်…ကျွန်တော်…"

ရှောင်လုံအား နဂိုကတည်းကပင် လေးစားကြောက်ရွံ့ရသူမို့ အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေသည်။

ရှောင်လုံက…



"မင်းတို့ လိုချင်တဲ့ပုံစံအတိုင်း ငါပြန်ပေးမယ်၊ ငါမွေးတဲ့ မျောက် ငါ့ကိုပြန်ချောက်မခံနိုင်ဘူး"

ပြောယင်း ပခုံးအား ညှစ်ချလိုက်၏။

"ဖျောက်"

"အား"

အရိုးကျိုးသံများ တဖျောက်ဖျောက် မြည်လာပြီး ဆားမုဒ၏ နာကျင်သော အော်သံကြီး ထွက်ပေါ်လာသည်။

ရှောင်လုံက…

"ပြီးမှ မင်းနဲ့ ငါ စာရင်းရှင်းမယ်၊ ငါ့အကြောင်းသိအောင် မင်းခေါ်လာတဲ့ လူတွေကို ပြလိုက်ဦးမယ်"

သွားကြားထဲမှ လေသံဖြင့် ပြောလိုက်သည်။

ထို့နောက်…

ဆားမုဒအား ဂုတ်မှဆွဲကာ မြင်းလှည်းအနီး လွှင့်ပစ်လိုက်သည်။

"ဝုန်း"

ဆားမုဒမှာ မြင်းလှည်းအိမ်အနီး ပစ်ကျသွားသည်။

ရှောင်လုံသည် ဆားမုဒအား လွှင့်ပစ်ပြီးသည်နှင့် လက်ထဲမှ ဓားအား ဝှေ့ယမ်းယင်း တိုက်ခိုက်လိုက်လေတော့သည်။

* * *

## မီးခဲလိုလူစား

ဝင်းလက်သော ဓားရောင်များ တရစပ် ထွက်ပေါ်လာ၏။

မရေးမနှောင်းမှာပင်...

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာ၏။

အညိုရောင်ဝတ်ဆင်ထားသူများ တစ်ယောက်ပြီးတစ်ယောက် မြေပေါ်လဲကျသွားသည်။

ရှောင်လုံ၏လက်ထဲ ဓားရောက်သွားသည်နှင့် ဘီလူးသဘက်စီးသည့်နှယ် အညိုရောင်ဝတ်ဆင်ထားသူများအား ပြင်းထန်စွာဖြင့် တိုက်ခိုက်လိုက်လေသည်။



အညိုရောင်ဝတ်ဆင်ထားကြသူများသည် အစကတည်းက ...င် ဓားထိန်းနတ်အမည်အား စိုးရွံ့နေသူများ ဖြစ်ရာ ရှောင်လုံက ...ြင်းထန်စွာ တိုက်ခိုက်လာလျှင် ဖရိုဖရဲ ဖြစ်သွားကြလေသည်။

ယောင်စင်းတို့လူစုသည် ရှောင်လုံအား မျက်စိပြူး၍ ကြည့်နေမိကြသည်။

ထိုစဉ်...

လေးသမားတစ်ဦးသည် ရှောင်လုံအား အလစ်ပစ်ခတ်ရန် ...ိန်ရွယ်လိုက်၏။

ယောင်ဝှား သတိပြုမိသွားသည်။

သူမက လက်ပိုက်ကြည့်မနေနိုင်ပါ။

မြေပေါ်မှ ကျောက်ခဲတစ်လုံး ကောက်ယူကာ ပစ်ပေါက်...ိုက်သည်။

"ဒိုး"

ကျောက်ခဲသည် အရှိန်ပြင်းစွာ ပစ်လွှင့်သွားပြီးနောက် အလစ်ချောင်းပစ်ခတ်ရန် ကြံသော လေးသမား၏ဦးခေါင်းအား ...ည့်မတ်စွာ ထိမှန်သွားလေသည်။

"ခွပ်"

"အား"

လေးသမား နာကျင်စွာ အော်ဟစ်ယင်း လဲကျသွား၏။

ယောင်ဝှား ကျေနပ်စွာဖြင့် ပြုံးလိုက်သည်။

ယောင်ဝှားက စတင်လှုပ်ရှားလိုက်လျှင် ယောင်စင်းတို့...ည်း သတိဝင်လာသည်။

ရောင်လုံထံ ပြေးဝင်သွားသူများအား ဆီးကြိုတိုက်ခိုက်လိုက်ကြသည်။

သူတို့၏မမျှော်လင့်ဘဲ တိုက်ခိုက်မှုအား ခံလိုက်ရလျှင်—

"အား"

"အွန့်"

"အမယ်လေး"

အညိုရောင်ဝတ်ဆင်ထားသူများ လမ်းခုလတ်၌ပင် လဲကျကုန်သည်။

အမှန်တကယ်ဝယ် ယောင်စင်းက ဤပြဿနာရပ်ထဲ ဝင်မပါချင်ပါ။

သို့သော်...

ရောင်လုံ ရှုံးနိမ့်သွားလျှင် ရန်သူများက သူတို့ကိုပါ ချမ်းသာပေးမည် မဟုတ်ဟု သဘောပေါက်ထားသောကြောင့် မတတ်သာဘဲ တိုက်ခိုက်လိုက်ရခြင်း ဖြစ်သည်။

အညိုရောင်ဝတ်ဆင်ထားကြသူများသည် ရောင်လုံအပြင် ယောင်စင်းတို့လူစုကိုပါ တိုက်ခိုက်လိုက်ကြရတော့သည်။

တိုက်ပွဲမှာ မမျှော်လင့်ဘဲ ပြင်းထန်စွာ ဖြစ်ပေါ်ခဲ့လေတော့၏။

* * *



ဓားချင်း ထိခတ်သံ၊ ညာသံပေးသံ၊ နာကျင်စူးရှစွာ အော်ဟစ်သံများ ဆူညံစွာ ထွက်ပေါ်နေသည်။

ရောင်လုံအပြင် ယောင်စင်းတို့အဖွဲ့ကပါ ဝင်ရောက်တိုက်ခိုက်၍ အညိုရောင်ဝတ်ဆင်ထားသူများ အကျအဆုံး များလာသည်။

မကြာမီ အချိန်အတောအတွင်း အင်အားလေးပုံတစ်ပုံခန့်သာ ကျန်ရှိခဲ့တော့သည်။

အညိုရောင်ဝတ်ဆင်ထားသူများ ထိတ်လန့်လာသည်။

သူတို့က ထွက်ပြေးရန်လည်း အခွင့်မသာပါ။

ရောင်လုံက အလွတ်မပေးဘဲ တိုက်ခိုက်နေသည် မဟုတ်ပါလား။

ထို့ကြောင့်...

သူသေကိုယ်သေ တိုက်ခိုက်ရန် စိတ်ကို ဒုန်းဒုန်းချလိုက်ကြ၏။

သူတို့သည် ပြင်းထန်စွာဖြင့် ပြန်လည်တိုက်ခိုက်လာကြတော့သည်။

လေးသမားသည် လေးကို ချိန်ရွယ်ကာ ယောင်ဗွားအား ပစ်ခတ်ရန် ပြင်လိုက်၏။

ဤသည်ကို ရောင်လုံက တွေ့မြင်သွားသည်။

သူက ရှည်ရှည်ဝေးဝေး မစဉ်းစားပါ။

လက်ထဲမှ ဓားဖြင့် ပစ်ပေါက်လိုက်သည်။

"ဂွစ်"

"အား"

လေးသမား နာကျင်စွာ အော်ဟစ်ယင်း လဲကျသွားသည်။

ရှောင်လုံအား ရန်သူသုံးယောက်က ဓားကိုယ်စီဖြင့် ပြေးဝင်တိုက်ခိုက်လာသည်။

ရှောင်လုံက လက်နက်မဲ့ ဖြစ်နေသော်လည်း အမှုမထားပါချေ။

သူက မဲ့ပြုံးတစ်ချက်ပြုံးကာ...

"သွားစမ်း"

အော်ငေါက်ယင်း လက်နှစ်ဖက် ဝှေ့ယမ်းလိုက်သည်။

ပြင်းထန်သော လေလှိုင်းတစ်ခု ထွက်ပေါ်လာပြီး ဝင်လာသူသုံးဦးထံ ဝင်ဆောင့်လိုက်သလို ဖြစ်သွားသည်။

"ဝုန်း"

"အား"

"အမယ်လေး"

အညိုရောင်ဝတ်ဆင်ထားသူသုံးဦးမှာ လူတစ်ခြား ဓားတစ်ခြား အဝေးသို့ လွင့်စဉ်ထွက်သွားကြသည်။

ရှောင်လုံသည် ချက်ချင်းပင် ခုန်ထွက်သွားကာ ယောင်ဝှားအား ဝိုင်းရံတိုက်ခိုက်နေသူများအား တိုက်ခိုက်လိုက်သည်။

"ဝုန်း"

"အား"

တစ်ယောက်ပြီးတစ်ယောက် လွင့်စဉ်ထွက်သွားသည်။

ယောင်ဝှားသည် သိုင်းပညာ ကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက်သော ရှောင်လုံအား ငေးကြည့်နေမိလေသည်။



"သေပေတော့"

အခွင့်အရေး ချောင်းနေသော ရန်သူတစ်ဦးသည် အော်ငေါက်ယင်း ယောင်ဝှားထံ ခုန်ဝင်လာသည်။

ကြက်သေသေနေသော ယောင်ဝှားအဖို့ မည်သို့ ခုခံရမည်မှန်းမသိ ဖြစ်သွားသည်။

ရှောင်လုံက...

"ဟေ့ ဘာငေးနေတာလဲ၊ ဒုက္ခရောက်သွားချင်လို့လား"

ယောင်ဝှားအား အော်ငေါက်လိုက်၏။

တဆက်တည်း သူ၏ခန္ဓာကိုယ်သည် ရိပ်ခနဲ တိုးထွက်သွားကာ ယောင်ဝှားအနီး ရောက်ရှိသွားသည်။

တချိန်တည်းလိုလို ယောင်ဝှား၏ဓားကိုင်လက်အား ဆုပ်ကိုင်ကာ ဝှေ့ယမ်းလိုက်၏။

သူ၏လှုပ်ရှားမှုများမှာ တဒင်္ဂအတောအတွင်း လျှပ်ပြက်သကဲ့သို့ ဖြစ်ပေါ်လာခြင်းပင်။

ယောင်ဝှား လက်ထဲမှ ဓားသည် အလစ်ဝင်တိုက်သူ၏ ဓားအား ခုခံပြီး ဖြစ်သလို အောက်သို့ ပင့်ဆွဲကာ တိုက်ခိုက်လိုက်ပြီး ဖြစ်နေ၏။

"အား"

ရန်သူမှာ နာကျင်စွာ အော်ဟစ်ယင်း လဲကျသွားသည်။

ထိုစဉ်...

"ယဲ့"

နောက်ဆုံး ကျန်ရစ်ခဲ့ကြသည့် ရန်သူခြောက်ယောက်သည် ❖

တဟုန်ထိုး ညာသံပေးကာ ပြေးဝင်လာ၏။

ယောင်ဝှား အထိတ်တလန့် ဖြစ်သွားသည်။

"လွတ်...ကျွန်မကိုလွတ်"

ရှောင်လုံ လက်ထဲမှ အတင်းပင် ရုန်းကန်လိုက်သည်။

ရှောင်လုံက...

"ငြိမ်ငြိမ်နေစမ်း၊ မင်းလုပ်တာနဲ့ နှစ်ယောက်စလုံး ဒုက္ခရောက်သွားမယ်"

ဟု ငေါက်လိုက်၏။

ယောင်ဝှား ငြိမ်သွားသည်။

ရန်သူများသည် ကြမ်းတမ်းရက်စက်စွာ ဝိုင်းရံတိုက်ခိုက်လာ၍ ကြောက်ရွံ့မိသည်ကား အမှန်ပင်။

သူမ အနေဖြင့် ယခုကဲ့သို့ တိုက်ပွဲမျိုးလည်း မတွေ့ကြုံဖူးသောကြောင့် ဖြစ်သည်။

ရှောင်လုံက ဓားကိုင်လက်အား တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားသည်။

ကျန်လက်တစ်ဖက်ကလည်း ယောင်ဝှား၏ခါးအား ဆုပ်ကိုင်ထားသည်။

ရန်သူများ ဝိုင်းရံတိုက်ခိုက်လာသည်နှင့် ရှောင်လုံသည် သူမ၏ခါးကို မြှောက်လိုက်ပြီး စက်ဝိုင်းသဏ္ဍာန် လှည့်ပတ်လိုက်သည်။

ယောင်ဝှား လက်ထဲမှ ဓားဦးသည် အနီးကပ်ဆုံး ရန်သူသုံးယောက်၏ရင်ဝအား ထိုးခွဲသွားသည်။



"အား"

"အွန့်"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်ကာ လဲပြိုကျသွားလေသည်။

ရန်သူသုံးဦး၏ မချိမဆန့် အော်သံကြောင့် ယောင်ဝှားမှာ ဘုန်တုန်ယင်ယင် ဖြစ်သွားလေသည်။

ရန်သူနှစ်ဦးက ပြေးဝင်လာပြန်သည်။

ယောင်ဝှား မျက်စိမှိတ်ထားလိုက်သည်။

ရှောင်လုံက ဓားကိုင်လက်ကို ခပ်စွေစွေ အနေအထားဖြင့် သုပ်ယမ်းလိုက်သည်။

တချိန်တည်းမှာပင် သူ၏ခြေတစ်ချောင်းဖြင့် ယောင်ဝှား၏ ခြေထောက်အား တွန်းထုတ်လိုက်သည်။

ထိုအခါ...

ယောင်ဝှား၏ခြေထောက်သည် တိုးဝင်လာသော ရန်သူ၏ ရင်ဝအား ကန်ကျောက်လိုက်သလို ဖြစ်သွားသည်။

"ဝုန်း"

"အား"

ရန်သူနှစ်ယောက် လဲကျသွားပြန်သည်။

ရှောင်လုံက ရပ်တန့်ခြင်း မရှိသေးပါ။

ယောင်ဝှားအား ခါးမှ ကိုင်ကာ ရှေ့သို့ ခုန်ထွက်သွားသည်။

တဆက်တည်း ယောင်ဝှား၏ဓားကိုင်လက်အား ရှေ့သို့

တွန်းထုတ်ကာ နောက်ဆုံး ကျန်ရစ်ခဲ့သော ရန်သူအား ထိုးစိုက်ချ လိုက်၏။

ရန်သူသည် တိုက်ခိုက်နိုင်ခြင်း မပြုမီမှာပင် ယောင်ဗွား လက်ထဲမှဓားက ရင်ဝအား စိုက်ဝင်သွားလေသည်။

"အား"

နာကျင်စွာ အော်လိုက်သောအသံ ထွက်ပေါ်လာသည်။

ထိုလူ၏ပါးစပ်ထဲမှသွေးများ ပွက်ခနဲ အန်ကျလာပြီး ယောင်ဗွားအား ပြူးကျယ်သော မျက်လုံးဖြင့် စိုက်ကြည့်နေ၏။

ရှောင်လုံက ယောင်ဗွား၏ဓားကိုင်လက်အား နောက်ပြန်ဆွဲ လိုက်သည်။

"ဗုန်း"

ရန်သူမှာ သူတို့ ခြေရင်းဝယ် လဲကျသွားသည်။

"အမယ်လေး"

ယောင်ဗွားမှာ အော်ဟစ်ကာ တုန်တုန်ယင်ယင် ဖြစ်နေ၏။

ထိုလူ မသေဆုံးမီ ကြည့်သွားသော ပြူးကြောင်ကြောင် မျက်လုံးအစုံကို ပြန်လည်မြင်ယောင်လာပြီး ချွေးသီးချွေးပေါက်များ ကျဆင်းလာသည်။

ရှောင်လုံက သူမအား လက်လွှတ်ကာ…

"ဘာမှ တွေးမနေနဲ့ မင်းက လက်မဦးယင် သူတို့က လက် ဦးသွားမယ်ဆိုတာ မှတ်ထားပါ"

အေးတိအေးစက် လေသံဖြင့် ပြောလိုက်သည်။

ယောင်ဗွား မျက်လုံးဖွင့်ကြည့်လာသည်။



ဝန်းကျင်တဝိုက် အညိုရောင်ဝတ်ဆင်ထားသူများ အတုံး အရုံးပင် လဲကျနေ၏။

ယောင်ဗွားသည် ရှောင်လုံအား မဝံ့မရဲဖြင့် ကြည့်လိုက် သည်။

ရှောင်လုံ၏မျက်နှာမှာ ဘာမှ မခံစားရသလို သွေးအေးသူ တစ်ယောက်ကဲ့သို့ ဖြစ်နေ၏။

ရန်သူများအား မတိုက်ခိုက်သလိုမျိုး ရှိနေ၏။

သူမသည် ရှောင်လုံ၏သိုင်းပညာကို အားကျမိသလို ရှောင် လုံကိုလည်း ကြောက်ရွံ့လာမိသည်။

ရှောင်လုံ၏စိတ်ဓာတ်သည် တစ်ခါတစ်လေ အပြောင်းလဲ ကြီး ပြောင်းလဲသွားတတ်ပြီး ကြမ်းတမ်းရက်စက်လာသည်ကို သူမ က တွေ့ကြုံသိရှိခဲ့ပြီး ဖြစ်သည်။

တိုက်ပွဲကား ပြီးဆုံးသွားချေပြီ။

ရန်သူများလည်း မရှိကြတော့ပါ။

သို့သော်…

ရှောင်လုံ၏စိတ်ထဲ ထူးခြားသော ခံစားချက်တစ်မျိုး ဖြစ် ပေါ်လာခဲ့ရသည်။

သူက ယောင်ဗွားအား ငြိမ်ငြိမ်နေရန် အချက်ပြလိုက်သည်။

ဖခင်ထံ လှမ်းသွားရန် ပြင်နေသော ယောင်ဗွား၏ခြေလှမ်း များ ရပ်တန့်သွားသည်။

ရှောင်လုံကိုလည်း ကြောင်အမ်းအမ်းဖြင့် ကြည့်နေမိ၏။

ရှောင်လုံ၏ထူးခြားသော အမူအရာကြောင့် ယောင်စင်းတို့

လည်း စိုးထိတ်သွားကြသည်။

နောက်ထပ် ရန်သူများ ရောက်လာလေမလားဟူသော စိုးရိမ်စိတ်များ ဝင်လာကြသည်။

ပတ်ဝန်းကျင်ကိုလည်း ကျီးကန်းတောင်းမှောက် ကြည့်ရှုလိုက်ကြသည်။

"ချုပ်"

မြည်သံသဲ့သဲ့ ထွက်ပေါ်လာ၏။

အသံမှာ တိုးညင်းလွန်းသောကြောင့် မည်သူမျှ မကြားနိုင်ပါချေ။

သို့သော်...

အတွေ့အကြုံ ကြွယ်ဝကာ အန္တရာယ်များစွာနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ရသော အတွေ့အကြုံကြောင့် ရှောင်လုံက ကြားမိလိုက်သည်။

သူ၏မျက်လုံးအစုံသည် မလှမ်းမကမ်း၌ ချုံဖုံးနေသော အုတ်ဂူဟောင်းတစ်ခုဆီသို့ အကြည့်ရောက်သွားသည်။

သူကြည့်နေစဉ်မှာပင် အုတ်ဂူအပေါ်ဘက် ကျောက်ပြားသည် အနည်းငယ် လှုပ်ယမ်းလိုက်ပြီး ကျောက်ပြားသည် တဖြည်းဖြည်း ရွေ့လျားလာသည်ကို တွေ့လိုက်ရလေတော့သည်။

* * *



## သရဲကွေ

အလင်းရောင်သည် တစ်စထက်တစ်စ အားပျော့လာပြီဖြစ်၏။

မကြာမီ မိုးချုပ်ပေတော့မည်။

တိတ်ဆိတ်၍ အလင်းရောင်အားနည်းသော အချိန်မျိုးဝယ် အုတ်ဂူဟောင်းဆီမှ ကျောက်ပြားရွေ့လျားလာကို တွေ့မြင်လိုက်ရ၍ ယောင်စင်းတို့လူစု တုန်လှုပ်ချောက်ချားသွားကြလေသည်။

ယောင်ဂှားလည်း မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

ရှောင်လုံကား မတုန်မလှုပ် ကျောက်ရုပ်သဖွယ် ရှိနေ၏။

ဟန်မူရာကင်းမဲ့သော မျက်နှာထားဖြင့် အုတ်ဂူဟောင်းဆီသို့ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေသည်။

ရုတ်တရက်...

ကျောက်ပြားသည် တစ်ဝက်တစ်ပျက် ရပ်တန့်သွားပြီးနောက်ဝယ်...

"ဝိုး"

ပြင်းထန်သော အရှိန်ဖြင့် ရုတ်ခြည်း ကန်ထွက်လာလေသည်။

"ဟာ"

ယောင်စင်းတို့ တုန်လှုပ်သွားသည်။

"အမယ်လေး"

ယောင်ဝှားလည်း အထိတ်တလန့် အော်လိုက်မိသည်။

ရှောင်လုံက သူမ လက်တစ်ဖက်အား ဆွဲကာ ခုန်ထွက်ယင်း တိုးဝင်လာသော ကျောက်ပြားအား ခြေဖြင့် ကန်ကျောက်လိုက်သည်။

"ဝုန်း"

ကျယ်လောင်သော အသံနှင့်အတူ ကျောက်ပြားမှာ အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားလေသည်။

ရှောင်လုံက...

"မင်းဝေးဝေးမှာ သွားနေစမ်း"

အေးတိအေးစက် လေသံဖြင့် ပြောလိုက်သည်။

ယောင်ဝှား ဘာမျှ မပြောပါ။

ချက်ချင်းပင် ဖခင်တို့ထံ ဆုတ်သွားလေသည်။

မည်သို့ ဖြစ်လာဦးမည်နည်းဟု တွေးကာ ရင်တထိတ်ထိတ်ဖြင့် အခြေအနေကို အကဲခတ်ကြည့်လိုက်မိလေသည်။

ရှောင်လုံသည် အုတ်ဂူဟောင်းအား စိုက်ကြည့်လိုက်သည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေပေ



သည်။ ရုတ်တရက် အေးစိမ့်သော လေများ ဝှေ့ယမ်းတိုက်ခတ်လာသည်။

မရှေးမနှောင်းမှာပင်...

အုတ်ဂူဟောင်းထဲမှ လူတစ်ယောက်သည် ထထိုင်လာလေတော့သည်။

* * *

ယောင်ဝှား ရင်တလှပ်လှပ် တုန်သွားသည်။

သူမသည် ကြောက်ရွံ့လွန်း၍ မျက်နှာလွှဲထားလိုက်၏။

အုတ်ဂူထဲမှ ထွက်လာသူသည် မျက်တွင်းဟောက်ပက်နှင့် ပိန်ချုံးကာ အရိုးစုတစ်ခုနှင့်ပင် တူနေ၏။

"ဟဲ..ဟဲ ဓားထိန်းနတ်က ဘယ်ဆိုးလို့လဲ"

ငှက်ဆိုးထိုးသံကဲ့သို့ ရယ်မောသံနှင့်အတူ နားဝင်ဆိုးသော စကားသံတစ်ချက် ထွက်ပေါ်လာသည်။

တဆက်တည်း အုတ်ဂူအပြင်ဘက် ခုန်ထွက်လာ၏။

သူ၏လှုပ်ရှားမှုမှာ အလွန်လျင်မြန်နေသောကြောင့် လေထဲ ရွေ့လျားလာသည်နှင့်ပင် တူနေသေး၏။

ဝိုးတဝါး မမှောင်ထုထဲဝယ် ထိုလူ၏ပုံပန်းမှာ သရဲတစ္ဆေနှင့် တူလှပေသည်။

စကားသာ မပြောလျှင် ဟောင်စင်းတို့လူစုမှာ နာနာဘာဝလောဟု ထင်မှားမိမည်သာ ဖြစ်၏။

စကားပြောချင်းကြောင့်သာ လူတစ်ယောက်ဟု လက်ခံယုံကြည်မိကြခြင်း ဖြစ်သည်။

ထိုလူ၏မျက်နှာသည် လူသေအလောင်းကဲ့သို့ ဖြူဖွေးနေ၍ အကျည်းတန်ကာ ကြောက်စရာရုပ်သွင် ပေါက်နေပေသည်။

ရှောင်လုံမှာ စိုက်ကြည့်နေမြဲပင်။

သူ၏စိတ်ထဲ၌မူ အနည်းငယ် အံ့သြနေမိ၏။

ထိုလူအား သူက ကောင်းစွာ သိထားသည်။

ထိုလူသည် အလွန်ထူးဆန်းသည်ဟု ကျော်ကြားနေသော 'သရဲကွေ'ပင် ဖြစ်သည်။

သရဲကွေသည် လူဆိုးလည်း မဟုတ်သကဲ့သို့ လူကောင်းလည်း မဟုတ်ပါ။

သရဲကွေ၏သိုင်းပညာသည် ကြမ်းတမ်းရက်စက်လှသည်ကား မှန်ပေသည်။

သူသည် အုတ်ဂူများအတွင်း၌ ထူးဆန်းသော သိုင်းပညာတစ်မျိုး ဝင်ရောက်လေ့ကျင့်တတ်ကြောင်း ကြားဖူးနား၀ ရှိပေသည်။

သူက သရဲကွေအား စေ့စေ့ကြည့်ယင်း...

"သရဲကွေ၊ ခင်ဗျားနဲ့ ကျုပ် ပြဿနာ မရှိဖူးပါဘူး၊ ပတ်သက်မှု ရှိမယ်လို့လဲ မထင်ဘူး။ ဘာကြောင့် ကျုပ်ဆီ ရောက်လာရတာလဲ"

ဟု မေးလိုက်သည်။

သရဲကွေသည် မိမိအား ရှောင်လုံက ဒက်ခနဲ သိနေ၍ အံ့သြသွားသည်။



မျက်နှာပေါ်ဝယ် ရှီးကျူးသော အရိပ်အယောင်များလည်း ထွက်ပေါ်လာသည်။

"ဓားထိန်းနတ်၊ မင်းက ကျုပ် ဘယ်သူလဲဆိုတာကောင်းကြီးသိနေပါလား၊ ဘယ်ဆိုးလို့လဲ"

ရှောင်လုံက...

"ကျုပ်မေးတာ ခင်ဗျား မဖြေသေးဘူး"

သရဲကွေက တစ်ချက်ရယ်မောယင်း...

"မင်းပြောတာ မှန်တယ်၊ မင်းနဲ့ ကျုပ် ဘယ်လိုပတ်သက်မှု မရှိသလို ဘယ်လိုမှလဲ တွေ့ဆုံစရာအကြောင်း မရှိခဲ့ပါဘူး"

ဟု ပြောလိုက်သည်။

ရှောင်လုံ မျက်မှောင်ကုပ်ကာ...

"ဒါဖြင့်.."

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားယင်း သရဲကွေအား စေ့စေ့ကြည့်လိုက်သည်။

သရဲကွေက သူ့အား စိုက်ကြည့်ယင်း...

"အခြေအနေဆိုတာ တသမတ်တည်း မရှိဘူး၊ ပြောင်းလဲနေတတ်တယ်လေ"

"ခင်ဗျားလိုရင်းပြောပါ"

ရှောင်လုံက ခပ်ပြတ်ပြတ် ပြောလိုက်သည်။

သရဲကွေက...

"ကျုပ်က အုတ်ဂူတွေထဲ ဝင်ပြီး သိုင်းပညာတစ်မျိုး လေ့ကျင့်နေခဲ့တယ်ဆိုတာ မင်းလဲ သတင်းကြားမိလောက်ရောပေါ့"

ရှောင်လုံ ပခုံးတွန့်ကာ…

"ခင်ဗျား သိုင်းပညာ လေ့ကျင့်တာနဲ့ ကျုပ်နဲ့ ဘာဆိုင်လို့လဲ"

သရဲကြွေက…

"သိပ်ဆိုင်တာပေါ့"

ရှောင်လုံက မျက်မှောင်ကုပ်ကာ လှမ်းကြည့်လိုက်၏။

သရဲကြွေက တည်ကြည်လေးနက်သော မျက်နှာထားဖြင့်—

"ကျုပ်က လေ့ကျင့်အောင်မြင်ခဲ့တယ်ဆိုပေမယ့် မပြည့်စုံသေးဘူး၊ နောက်ဆုံးအဆင့် လေ့ကျင့်အောင်မြင်ဖို့ လိုသေးတယ်၊ နောက်ဆုံးအဆင့်မှာ လိုအပ်ချက် အခက်ခဲတွေရှိလို့ ဆက်ပြီး မလေ့ကျင့်နိုင်တာပဲ"

ရှောင်လုံက…

"ခင်ဗျားပြောတာတွေ ကျုပ်တစ်ခုမှ သဘောမပေါက်သေးဘူး"

သရဲကြွေက…

"အချိန်တန်ယင် မင်းနားလည်သဘောပေါက်လာမှာပါ၊ ကျုပ်က မင်းကို လေးစားတယ်၊ မင်းနဲ့ ထိပ်တိုက်တွေ့စရာ အကြောင်းလဲ မရှိဘူး၊ အခု တွေ့ဖို့ အကြောင်းဖန်လာတာ နောက်ဆုံးအဆင့် သိုင်းပညာကြောင့်ပဲ"

ရှောင်လုံက…

"ဘယ်လို ခင်ဗျားရဲ့ နောက်ဆုံးအဆင့် သိုင်းပညာဟာ ကျုပ်နဲ့ ထိပ်တိုက်တွေ့ဖို့ အကြောင်းဖန်လာတာ ဟုတ်လား"



တအံ့တသြဖြင့် မေးလိုက်သည်။

သရဲကြွေ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်ဟာ 'မိစ္ဆာလက်ချောင်း' သိုင်းပညာကို ဘိတွင်လေ့ကျင့်ခဲ့တယ်၊ နောက်ဆုံးအဆင့် မအောင်မြင်သေးလို့ အစွမ်းထက်သင့်သလောက် မထက်ဘဲ ဖြစ်နေတယ်၊ ဟော ဒါကို ကြည့်ပါဦး"

ပြောယင်း လက်ထဲ ကိုင်ထားသော အရိုးခေါင်းခွံတစ်ခုအား ပစ်ပေးလိုက်သည်။

ရှောင်လုံက သတိကြီးစွာထားကာ ဖမ်းယူယင်း…

"ဒါက…"

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။

ဦးခေါင်းခွံပေါ်သို့ မျက်စိရောက်သွားသည်။

ဦးခေါင်းခွံငယ်ထိပ်နေရာ၌ လက်ငါးချောင်းရာ ချိုင့်ဝင်နေသည်ကို တွေ့လိုက်ရသောကြောင့်ပင်။

သရဲကြွေ၏အတွင်းအား မသေးကြောင်း သူက နားလည်သွားမိသည်။

သရဲကြွေက သက်ပြင်းချယင်း…

"တကယ်လို့ နောက်ဆုံးသိုင်းကွက်ကိုသာ လေ့ကျင့်အောင်မြင်ခဲ့ရင် ကျုပ်က ဦးခေါင်းခွံ ပေါက်ထွက်သွားအောင် ပြုလုပ်နိုင်ပြီ"

ရှောင်လုံမှာ သရဲကြွေအား အထင်မသေးဝံ့တော့ပါ။

သရဲကြွေအား အကဲခတ်ကြည့်ယင်း…

"ခင်ဗျားအတွင်းအား လိုအပ်ချက် ရှိလို့လား"

ဟု မေးလိုက်သည်။

သရဲကွေ့ ခေါင်းယမ်းလိုက်သည်။

"မဟုတ်ဘူး၊ ကျုပ်က အတွင်းအားကို လိုသလို ထိန်းချုပ် အသုံးပြုနိုင်ပါပြီ"

ရောင်လုံ့ မျက်မှောင်ကုပ်ကာ...

"ဒါဖြင့်.."

သရဲကွေ့ သက်ပြင်းချလိုက်သည်။

"ကျုပ်ရဲ့ နောက်ဆုံးသိုင်းကွက်ဟာ ရက်စက်ကြမ်းကြုတ်မှုကို အခြေခံထားတာ၊ နောက်ဆုံးအဆင့် အောင်မြင်သွားမှ သိုင်းကွက်အားလုံး စုပေါင်းပုံဖော်နိုင်ပြီ၊ မိစ္ဆာလက်ချောင်းသိုင်းပညာဟာ ပြီးပြည့်စုံလာမှာ"

သူက ရောင်လုံ့အား အကဲခတ်ကြည့်ကာ တည်ကြည်သော မျက်နှာထားဖြင့် ဆက်ပြောလာသည်။

"တစ်ချို့လူတွေက ဘာကိုမှ မမက်မောဘူး၊ သိုင်းပညာကျတော့ အရူးအမူး စွဲလမ်းတတ်ကျတာ မင်းကြုံဖူးမယ် ထင်တယ်"

ရောင်လုံ့ ခေါင်းညိတ်လိုက်သည်။

"သိုင်းလောကတစ်ခုအတွက် ဘဝတစ်ခုလုံးတောင် ရင်းနှီးမြှုပ်နှံခဲ့တဲ့လူ အတော်များများ ကျုပ်တွေ့ဖူးခဲ့ပါတယ်"

သရဲကွေ့ ကျေနပ်စွာ ပြုံးလိုက်သည်။

"ကျုပ်လဲ အဲဒီလို လူစားမျိုးပဲ၊ ကျုပ်ရဲ့ သိုင်းပညာကလွဲယင် ဘာကိုမှ စိတ်မဝင်စားဘူး"

ရောင်လုံ့ နှုတ်ဆိတ်နေလိုက်သည်။



သရဲကွေ့သည် အရေးကြီးသော စကားများ ပြောလာတော့မည့်မှန်း ရိပ်စားမိ၍ ဖြစ်သည်။

သရဲကွေ့က တည်ငြိမ်သော လေသံဖြင့်...

"နောက်ဆုံးအဆင့်သိုင်းကွက်မှာ လိုအပ်ချက်တစ်ခု ရှိတယ်၊ အဲဒါ ဘာလဲဆိုတော့ ပထမအဆင့် သိုင်းသမားမျိုးကို တိုက်ခိုက်လေ့ကျင့်နိုင်ဖို့ပဲ"

ထိုစကားကြားလျှင် ရောင်လုံ့ မျက်လုံးပြူးသွား၏။

သရဲကွေ့အား ကြည့်ကာ...

"ခင်ဗျားက သက်ရှိလူသားကို လေ့ကျင့်ခံပစ္စည်းအဖြစ် အသုံးပြုမယ် ဟုတ်လား"

သရဲကွေ့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ရောင်လုံ့ ဘဝင်မကျဖြစ်သွားသည်။

"ခင်ဗျားက ရက်စက်လှချည်လား"

သရဲကွေ့က...

"ရက်စက်မှန်း ကျုပ်သိထားပါတယ်၊ ဒါပေမယ့် ဒီတစ်ဆင့်ပဲ ကျန်တော့လို့ ဆက်ပြီး မလေ့ကျင့်လို့လဲ မဖြစ်ပြန်ဘူး၊ ဒါကြောင့် ကျုပ်က မင်းနဲ့ ထိပ်တိုက်တွေ့ရတာပေါ့"

ရောင်လုံ့ မဲ့လိုက်သည်။

"ဘာလဲ ကျုပ်ကို လေ့ကျင့်ဖို့ ရွေးချယ်လိုက်တာလား"

သရဲကွေ့ ခေါင်းယမ်းလိုက်သည်။

"မဟုတ်ပါဘူး"

"ဒါဖြင့်.."

သရဲကွေက တည်ကြည်သော မျက်နှာထားဖြင့်...

"ကျုပ်က အလဲအလှယ်တစ်ခု လုပ်လိုက်တယ်၊ ကျုပ်က မင်းကို ရင်ဆိုင်လိုက်တာနဲ့ ကျုပ်လေ့ကျင့်ဖို့ သိုင်းသမား အတော်များများ ရှိမယ်လေ"

ရှောင်လုံ မကျေမနပ် ဖြစ်သွားသည်။

"ခင်ဗျားတို့ အကြံအစည်တွေက အတော်ရက်စက်ပါလား၊ ခင်ဗျားနဲ့ အပေးအယူလုပ်တဲ့ လူကလဲ ရက်စက်တာပဲ၊ သူက ဘယ်သူလဲ"

သရဲကွေ ခေါင်းယမ်းလိုက်သည်။

"ဒါတော့ ကျုပ်ပြောလို့ မဖြစ်ဘူး"

သူက ခပ်ပြတ်ပြတ် ပြောလာလေတော့သည်။

ဒုတိယပိုင်းပြီး၏။

တတိယပိုင်းစာတ်သိမ်းတွင် ဆက်လက်ဖတ်ရှုပါရန်။

# ဘုန်းကြွယ်

## တစ်ဆယ့်လေးဖြာ မားမဟာ

(တတိယပိုင်း-ဇာတ်သိမ်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၁၂၅၇၁၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၃၂၅၁၂၁၀

၂၀၁၁ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ သစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ကိုယ်ပိုင်အတ္တ

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်သွား
၏။

လေအဝှေ့ဝယ် ပို၍ အေးစိမ့်လာသည်ဟု ထင်ရသည်။

ထို့ အတူ…

ရှောင်လုံ၏မျက်နှာ တင်းမာခက်ထန်သွားသည်။

သရဲကွေအား စိုက်ကြည့်ကာ…

"ခင်ဗျားဟာ သိုင်းပညာအတွက် ကျုပ်ကို ရင်ဆိုင်မယ်၊ ...ီးသင် လှေကျင့်ဖို့ သက်ရှိလူတွေကို အသုံးချမယ်၊ ခင်ဗျားရဲ့စိတ် ...ားက အတော်ရက်စက်လှပါလား"

သရဲကွေ သက်ပြင်းချလိုက်၏။

"ဓားထိန်းနတ်၊ ငါဟာ မင်း တရားမျှတမှုအတွက် လေးစား ...တယ်၊ ဒါကြောင့် ငါက အခုလို ရှင်းပြနေတာ၊ မင်းဘက်က မင်းမှန် ...ယ်ထင်လို့ ရပ်တည်သလို ငါ့ဘက်ကလဲ ငါမှန်တယ်ထင်လို့ ရပ် ...ည်တာပဲ၊ ငါ့ဘဝမှာ သိုင်းပညာကလွဲယင် ဘာမှ မမက်မောဘူး၊

ဒါကြောင့် ပြီးဆုံးတော့မယ့် ငါ့သိုင်းပညာအတွက် ဘာမဆို လုပ်ရံ့တယ်ဆိုတာ မင်းနားလည်ထားပါ”

ရှောင်လုံ၏မျက်နှာပေါ်ဝယ် ထူးခြားသော အရိပ်အယောင်များ ယှက်သမ်းလာသည်။

“ခင်ဗျားရဲ့သိုင်းပညာအပေါ် တွယ်တာတဲ့စိတ်ကို လေးစားပါတယ်၊ ကျုပ်သေသွားတာ အကြောင်း မဟုတ်ဘူး၊ လူဆိုတာ ဇာသေစ်နေ့ မွေးတစ်နေ့ပဲ၊ ကျုပ်ဂရုမစိုက်ဘူး၊ ဒါပေမယ့် ခင်ဗျားသိုင်းပညာအတွက် လူ့အသက်တွေ ပေးဆပ်ရမှာကိုတော့ ကျုပ်မလိုလားဘူး၊ ဒီအတွက် ကျုပ်တားဆီးရမှာပဲ”

လေသံပြတ်ဖြင့် ပြောလိုက်သည်။

သရဲကွေ့ သက်ပြင်းချလိုက်သည်။

“ကျုပ်က မင်းနဲ့ ရင်ဆိုင်ဖို့ ဘယ်တုန်းကမှ မတွေးမိခဲ့ဘူး၊ အခုတော့..”

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွားသည်။

ရှောင်လုံ၏မျက်နှာတစ်ခုလုံး ဟန်မူရာကင်းမဲ့သော အမူအရာမျိုး ဖြစ်ပေါ်လာသည်။

“ကျုပ်နားလည်ပါတယ်၊ ခင်ဗျားနဲ့ ကျုပ်ဟာ ရန်ငြိုးရန်စလဲ မရှိခဲ့ဖူးဘူး၊ ပြဿနာလဲ မရှိခဲ့ဖူးဘူး၊ အခု ထိပ်တိုက်တွေ့ဆုံတာလဲ ကိုယ်မှန်တယ်ထင်လို့ ကိုယ်လုပ်ရတာပဲ၊ ကျုပ်ရှုံးသည်ဖြစ်စေ နိုင်သည်ဖြစ်စေ ခင်ဗျားကို အပြစ်မတင်ပါဘူး”

ခံစားချက် ကင်းမဲ့သော လေသံဖြင့် ပြောလိုက်သည်။

သရဲကွေ့ ကျေနပ်သွားသည်။



“ကျုပ် မင်းကို ကျေးဇူးတင်ပါတယ်၊ ကျုပ်ကလဲ နိုင်သည်ဖြစ်စေ ရှုံးသည်ဖြစ်စေ ကျုပ်ခံယူချက်အတွက် လုပ်ဆောင်တာမို့ မင်းကို ဘယ်လိုမှ သဘောမထားပါဘူး”

ရှောင်လုံ၏မျက်နှာပေါ်ဝယ် အေးစက်သော အပြုံးတစ်ချက် ဖြစ်ပေါ်လာသည်။

သရဲကွေ့အား စိုက်ကြည့်ကာ...

“ကဲ ကျုပ်တို့ ပြောစရာစကားကုန်ပြီ ထင်ပါတယ်”

သရဲကွေ့ ခေါင်းညိတ်လိုက်၏။

“ဟုတ်တယ်”

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စူးရဲစွာ စိုက်ကြည့်လိုက်ကြသည်။

ဝန်းကျင်တစ်ခုလုံး အေးစိမ့်ကာ တိတ်ဆိတ်မှု လွှမ်းခြုံသွားသည်ဟု ထင်ရပေတော့သည်။

* * *

## သံမဏိစိတ်ဓာတ်နှင့် ခံယူချက်

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

အေးစိမ့်မှုများက လွှမ်းခြုံလာသည်ဟု ယောင်စင်းတို့ အားလုံး ခံစားမိလိုက်ကြသည်။

ယောင်ဗုား သက်ပြင်း တိတ်တခိုးချလိုက်မိသည်။

ရက်စက်ပြတ်သားသည်ဟု ထင်ရသော ရှောင်လုံ၏ စိတ်နှလုံးထဲဝယ် အမှန်တရား ချစ်မြတ်နိုးစိတ်၊ မတရားမှု တွန်းလှန်ပစ်ချင်သောစိတ်များ လွှမ်းခြုံထားသည်ဟု သူမနားလည်မိပြီ ဖြစ်သည်။

သူမသည် ရှောင်လုံအား အားကိုးယုံကြည်ကာ အလိုလိုပင် လေးစားလာမိတော့သည်။

ထို့အတူ...

ရန်သူကပင် လေးစားရသော ရှောင်လုံအပေါ် ယောင်စင်းတို့လူစုကလည်း လေးစားလာခဲ့မိလေတော့သည်။

* * *



လေဝှေ့ယမ်း တိုက်ခတ်လာသည်။

လေအဝှေ့ဝယ် သစ်ရွက်အချို့ တဖြုတ်ဖြုတ် ကြွေကျလာလေသည်။

"ခွပ်"

ရုတ်တရက်...

မြည်သံခပ်အုပ်အုပ် ထွက်ပေါ်လာသည်။

ရှောင်လုံ လက်ထဲမှ အရိုးခေါင်းခွံသည် ကြေမွကာ မြေပေါ် ပြုတ်ကျသွားသည်။

တဆက်တည်းပင်...

"ယား"

သရဲကွေထံမှ ညာသံပေးသံတစ်ချက် ထွက်ပေါ်လာသည်။

သူ၏ခန္ဓာကိုယ်သည် ရုတ်ခြည်းပင် ရှောင်လုံအနီးသို့ ရောက်ရှိလာကာ တိုက်ခိုက်လိုက်ပြီး ဖြစ်သည်။

ရှောင်လုံက ခန္ဓာကိုယ်ယိမ်းနွဲ့ကာ ချက်ချင်းပင် ရှောင်တိမ်းပေးလိုက်၏။

ထို့ကြောင့် သရဲကွေ၏ တိုက်ခိုက်မှုမှာ ပွတ်ကာသီကာ လွဲချော်သွားလေသည်။

သရဲကွေ၏လက်ချောင်းများ ရုတ်ခြည်းပင် ကွေးဆန့်သွား၏။ သူက သိုင်းကွက်ပြောင်းလဲကာ တရစပ် တိုက်ခိုက်လာပြန်သည်။

မိစ္ဆာလက်ချောင်းသိုင်းပညာကို စတင်အသုံးပြုလာပြီ ဖြစ်ကြောင်း ရှောင်လုံ နားလည်လိုက်မိသည်။

သူက မပေါ့ဆဝံ့ပါချေ။

သတိုကြီးစွာထားကာ ရှောင်တိမ်းပေးလိုက်သည်။

သရဲကွေ၏လက်ချောင်းများသည် လေထုအား အရှိန်ပြင်းစွာဖြင့် ထိုးခွဲသွားလေသည်။

ယောင်စင်းတို့လူစုမှာ ရင်တထိတ်ထိတ်ဖြင့် ကြည့်ရှုနေကြပေသည်။

ယောင်ဂုဘးမှာ ရှောင်လုံအတွက် စိတ်ထဲဝယ် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာမိသည်။

သရဲကွေ၏တိုက်ခိုက်မှုများသည် အလွန်ပင် ရက်စက်ကြမ်းကြုတ်ကာ တစ်ချက်တည်းနှင့် အသေတိုက်ကွက်ချည်း ဖြစ်နေသည် မဟုတ်ပါလား။

သူမသည် ရှောင်လုံ အနိုင်ရရှိပါစေဟု ဆုတောင်းယင်း တိုက်ပွဲအား ရင်တမမဖြင့် ကြည့်ရှုလိုက်မိတော့သည်။

* * *

လေတိုးသံများ တဗွီးဗွီး မြည်နေသည်။

သရဲကွေ၏လက်ချောင်းများသည် နေရာအသီးသီးမှ တရစပ် ဝင်ရောက်လာသည်။

ရှောင်လုံက သတိုကြီးစွာထားကာ ရှောင်တိမ်းပေးနေသည်။

သရဲကွေ၏လက်ချောင်းများသည် သစ်ပင်များအား ထိမှန်ကုန်သည်။



သစ်ပင်တိုင်းတွင် လက်ငါးချောင်းရာ ဖြစ်ပေါ်နေပြီး ပင်စည်များ ဖွာလန်ကျဲသွားသည်။

ခန္ဓာကိုယ်အား ထိမှန်သွားမည်ဆိုပါက မတွေးဝံ့အောင်ပင်။

သရဲကွေသည် မိစ္ဆာလက်ချောင်းသိုင်းအား တရစပ်ပင် ထုတ်ဖော်တိုက်ခိုက်နေသည်။

ရှောင်လုံသည် ရှောင်တိမ်းယင်းမှ တစ်ချက်ကောင်း တန်ပြန်တိုက်ခိုက်မည့် နည်းလမ်းအား စဉ်းစားနေသည်။

နောက်ဆုံးအဆင့် မအောင်မြင်သေးသော သရဲကွေ၏ တိုက်ကွက်များသည် အပြန်ပြန်အလှန်လှန် အသုံးပြုနေသကဲ့သို့ ဖြစ်နေ၏။

ရှောင်လုံသည် မည်သို့ တန်ပြန်ရမည်ကို အလျင်အမြန် စဉ်းစားလိုက်သည်။ သရဲကွေ၏ဟာကွက်များကိုလည်း တွေ့လာ၏။

ထိုခဏမှာပင်...

"ဂျွီ"

သရဲကွေ၏လက်ချောင်းများက သူ၏အင်္ကျီစအား ဆွဲဖြဲသွားလေသည်။ ရှောင်လုံ အနည်းငယ် ရင်ထိတ်သွားသည်။

သရဲကွေက ကျေနပ်စွာပြုံးယင်း...

"ကျုပ်ရဲ့မိစ္ဆာလက်ချောင်းသိုင်းပညာဟာ ဘယ်လောက်တောင် ထက်မြက်တယ်ဆိုတာ မင်းနားလည်လောက်ပြီ ထင်တယ်၊ ဘာကြောင့် နောက်ဆုံးအဆင့်ကို အောင်မြင်ချင်သလဲဆိုတာ မင်း ရိပ်မိလောက်ပြီ ထင်ပါတယ်"

ရှောင်လုံ၏အကျီစအား မြှောက်ကာ ပြောလာသည်။

ရှောင်လုံ၏မျက်နှာပေါ်ဝယ် ရက်စက်ကြမ်းကြုတ်သော ဟန်မူရာများ ထွက်ပေါ်လာသည်။

သရဲကွေအား စေ့စေ့ကြည့်ကာ...

“ကျုပ်တို့က အသက်ကို လောင်းကြေးထပ်ပြီး ဘယ်သူမှန်တယ်ဆိုတာ ဆုံးဖြတ်ကြတာပေါ့”

အေးတိအေးစက် လေသံဖြင့် ပြောလိုက်သည်။

သရဲကွေက ဘာမျှမပြောဘဲ တဟားဟား ရယ်မောကာ ဆက်တိုက်ပင် တိုက်ခိုက်လာလေသည်။

ရှောင်လုံ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာသည်။

လေထဲ ဝေ့ဝဲလာသော သစ်ရွက်တစ်ခုအား လက်ညှိုးဖြင့် ထောက်ချလိုက်သည်။

သစ်ရွက်သည် မြားတစ်စင်းပမာ သရဲကွေထံ တိုးဝင်သွားသည်။

သရဲကွေက ခန္ဓာကိုယ်လှုပ်ယမ်းကာ ရှောင်တိမ်းပေးလိုက်သည်။

ယင်းခဏမှာပင် ရှောင်လုံ၏လက်ဝါးသည် ရင်ဝသို့ တိုးဝင်လာသည်။ သရဲကွေက လက်ငါးချောင်းဖြင့် ကုတ်ခြစ်ချလိုက်သည်။

ရှောင်လုံက လက်ကို ပြန်ရုပ်သိမ်းလိုက်သည့် တပြိုင်နက်တည်းလိုလိုမှာပင် သူ၏ခြေတစ်ဖက်သည် ဟာကွက် ဖြစ်ပေါ်သွားသော သရဲကွေ၏နံကြားအား တိုးဝင်သွားလေသည်။



“ဖတ်”

မြည်သံနှင့်အတူ သရဲကွေ၏ခန္ဓာကိုယ် အနည်းငယ်မျှ ယိမ်းယိုင်သွားသည်။

ရှောင်လုံက အလွတ်မပေးပါ။

သရဲကွေ ၏တိုက်ခိုက်မှု ရပ်တန့်သွားသည်နှင့် တရစပ်ပင် ဘိုက်ခိုက်လိုက်တော့သည်။

သူက ပြန်လည်တိုက်ခိုက်လိုက်သည်နှင့် အခြေအနေမှာ ပြောင်းလဲသွားသည်။

သရဲကွေမှာ တိုက်ခိုက်ရန်ထက် ရှောင်လုံ၏တိုက်ခိုက်မှုများအား တရစပ်ပင် ကာကွယ်ခုခံလိုက်ရတော့သည်။

ရှောင်လုံ၏ခြေ၊ လက်၊ ဦးခေါင်း၊ ဒူး တိုက်ခိုက်မှုများက ကြောက်မက်ဖွယ်ကောင်းအောင်ပင် မမျှော်လင့်သော ရှုထောင့်များမှ လျှပ်ပြက်သလို ထွက်ပေါ်လာ၏။

သရဲကွေ ထိတ်လန့်လာသည်။

သူက ကြိုးစားခုခံနေစဉ်ကြားမှပင်...

“အွန့်”

ရှောင်လုံ၏လက်ဝါးတစ်ချက်က ရင်ဝသို့ ရိုက်ခတ်မိသွား၏။

သရဲကွေ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားစဉ်မှာပင် ရှောင်လုံသည် မြေပေါ်လှိမ့်ချကာ ခြေထောက်များအား စကောဝိုင်းသဖွယ် ဘရစပ် တိုက်ခိုက်လာသည်။

ခန္ဓာကိုယ် ဟန်ချက်ပျက်နေသော သရဲကွေမှာ ကြာရှည်စွာ

မရှောင်တိမ်းနိုင်ပေ။

"ဖြောင်း"

မြည်သံတစ်ချက်နှင့်အတူ သူ၏ခြေတစ်ဖက် နာကျင်သွားပြီး ရှေ့သို့ ငိုက်ကျသွားသည်။

ထိုအခါ...

ရှောင်လုံ၏တံတောင်သည် သူ၏မျက်နှာသို့ တန်းတန်းမတ်မတ်ပင် တိုးဝင်လာသည်။

"ခွပ်"

"အား"

သရဲကွေ နာကျင်စွာ ညည်းညူလိုက်၏။

နှာခေါင်းရိုးကျိုးသွားပြီး သူ၏မျက်နှာတစ်ခုလုံး သွေးချင်းချင်း နီရဲသွား၏။

သူ၏တိုက်ခိုက်မှုများမှာလည်း ဗရမ်းဗတာ ဖြစ်လာသည်။

ထိုစဉ်မှာပင်...

ရှောင်လုံက လေထဲကျွမ်းပစ်ယင်း သူ၏ပခုံးအား ခြေအစုံဖြင့် တိုက်ခိုက်လိုက်၏။

သရဲကွေ ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း အနည်းငယ်မျှ နောက်ကျသွား၏။ ထိုအခါ...

ပြင်းထန်သော ခြေကန်ချက်သည် သရဲကွေ၏ပခုံးပေါ် တည့်တည့်မတ်မတ်ပင် ကျရောက်လာတော့သည်။

"ဖျောက်"

"အား"



အရိုးကျိုးသံနှင့်အတူ သရဲကွေ၏နာကျင်စွာ အော်ဟစ်လိုက်သံ ထွက်ပေါ်လာသည်။

သူ၏ပခုံးရိုးများ ကျိုးကြေသွားပြီး လက်နှစ်ဖက်စလုံး တွဲဆိုင်းသွားသည်။

ထိုအချိန်မှာပင် ရှောင်လုံက သူ၏နောက်ကျောသို့ ကျလာသော ဦးခေါင်းအား လက်နှစ်ဖက်ဖြင့် ချုပ်ကိုင်လာလေသည်။

သရဲကွေ နာကျင်မှုကြားမှ ပြုံးလိုက်၏။

"ဓားထိန်းနတ်၊ မင်းကို ရှုံးရတဲ့အတွက် ငါကျေနပ်ပါတယ်၊ မင်းမှန်တယ် ထင်တဲ့အတိုင်း လုပ်ဆောင်ပါတော့"

ရှောင်လုံက ဘာမျှမပြောပါ။

သူ၏မျက်လုံးအစုံ အေးစက်လာပြီးနောက် လက်နှစ်ဖက်အား ဆွဲလှည့်လိုက်တော့သည်။

"ဖျောက်"

အရိုးကျိုးသံ ထွက်ပေါ်လာသည်။

သရဲကွေမှာ ညည်းညူသံပင် ထွက်မလာပါ။

ရှောင်လုံက ချုပ်ကိုင်ထားသော လက်နှစ်ဖက်အား ဖြေလျှော့လိုက်၏။

"ဝုန်း"

သရဲကွေ၏သက်မဲ့ခန္ဓာကိုယ်သည် မြေပေါ် အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

* * *

## နားလည်ရခက်သူ

လေဝှေယမ်း တိုက်ခတ်လာသည်။

ဝန်းကျင်တစ်ခုလုံး အေးစိမ့်စိမ့် ဖြစ်သွားသည်ဟု ထင်ရပေသည်။

ယခု ဟန့်တားနှောင့်ယှက်သူများ မရှိတော့ပါ။

အားလုံးပင် မြေပေါ် လဲကျကုန်ပြီ ဖြစ်သည်။

ယောင်စင်းတို့လူစုသည် ကျောက်ရပ်များပမာ မလှုပ်မယှက် ရပ်နေကြသည်။

ဆားမုတို့လူစုနှင့် သရဲကွေအား ကြောက်စရာကောင်းသူဟု သူတို့က ထင်ခဲ့ကြသည်။

သို့သော်...

ယခုအခါဝယ် ရှောင်လုံသည်သာ ကြောက်စရာ အကောင်းဆုံး ဖြစ်မှန်း သူတို့နားလည် သဘောပေါက်သွားကြပြီ ဖြစ်သည်။



ရှောင်လုံသည် လူတိုင်း ဖိန့်ဖိန့်တုန်အောင် ကြောက်ရသော ဓားထိန်းနတ် ဖြစ်ကြောင်း ယောင်စင်းတို့အဖွဲ့ သိရှိခဲ့ကြပြီး ဖြစ်လေသည်။

သူတို့သည် ရှောင်လုံအား ကြက်သေသေကာ ငေးကြည့်နေမိကြလေတော့သည်။

* * *

ရှောင်လုံက မြင်းလှည်းအနီး ရပ်တန့်လိုက်သည်။

သတိလစ် မေ့မြောနေသော ဆားမုအား ခြေဖြင့် တစ်ချက်ကန်လိုက်သည်။ ဆားမု လူးလိမ့်ယင်း သတိရလာသည်။

ထိုအခါ...

သူ့အနီး ဒူးတစ်ဖက်ထောက်ကာ ထိုင်ကြည့်နေသော ရှောင်လုံအား တွေ့ရလျှင် အလွန်ပင် ထိတ်လန့်သွားလေသည်။

ပတ်ဝန်းကျင်ကိုလည်း တစ်ချက်အကဲခတ်ကြည့်လိုက်သည်။

သူ၏အဖွဲ့သားများ နေရာအနှံ့ဝယ် အတုံးအရုံး လဲကျနေ၏။

မလှမ်းမကမ်း၌ လဲကျသေဆုံးနေသော သရဲကွေကိုလည်း တွေ့လိုက်ရသည်။

ရှောင်လုံ မည်မျှ ကြောက်စရာကောင်းကြောင်း သူ မတွေးဝံ့တော့ပါချေ။

သူက အသက်ရှူကြပ်သလို ခံစားလိုက်ရသည်။

ရှောင်လုံက သူ့အား ပြုံးပြလာသည်။

ဆားမုစ၏ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်သွား၏။

ရှောင်လုံသည် လူတစ်ယောက်အား သွေးအေးအေးနှင့် ရက်စက်တော့မည်ဆိုလျှင် ထိုသို့ ပြုံးလေ့ရှိကြောင်း သူက နားလည်ထား၍ ဖြစ်သည်။

ရှောင်လုံက ဝတ်ရုံအား ဖယ်လိုက်သည်။

သူ၏လက်သည် သေတ္တာပြားလေးပေါ် တင်သွားမိပြီ ဖြစ်သည်။ ဆားမုသည် သွေးပျက်စွာဖြင့် ကြည့်နေ၏။

ရှောင်လုံက...

"ဆားမု၊ မင်းဟာ ငါ့အကြောင်း သိရဲ့သားနဲ့ ငါ့ရဲ့စိတ်ကို လာဆွတာပေါ့ ဟုတ်လား"

သူက လက်ကို ပြန်ရုပ်လိုက်လျှင် သေတ္တာပြားထဲမှ ဓားတစ်လက် ရုတ်ခြည်းရောက်လာသည်။

"အဖွဲ့ဝင်အချင်းချင်း တိုက်ခိုက်ဖို့ ကြံစည်တာ အပြစ်ရှိတယ်ကွ"

ပြောယင်း ဆားမု၏ဝဲဘက် လက်ဝါးပြင်အား ထိုးစိုက်ချလိုက်သည်။

ချွန်ထက်သော ဓားဦးမှာ လက်ဝါးပြင်အား ဖောက်ထွက်သွားပြီး မြေကြီးကိုပါ ထုတ်ချင်းခတ် စိုက်ဝင်သွား၏။

နီရဲသော သွေးများ ဖြာခနဲ ကျလာ၏။

"အား"



ဆားမု၏ မချိမဆန့် အော်သံကြီး ထွက်ပေါ်လာသည်။

ရှောင်လုံက ခံစားချက် ကင်းမဲ့ဟန်ဖြင့်...

"အဖွဲ့သားအချင်းချင်း သစ္စာဖောက်တာလဲ အပြစ်ရှိတယ်ကွ"

ပြောယင်း ထပ်မံရောက်ရှိလာသော ဓားတစ်လက်ဖြင့် ယာဘက်လက်အား မြေကြီးနှင့် ထုတ်ချင်းခတ် ထိုးစိုက်ချလိုက်ပြန်သည်။

ဆားမုမှာ နာကျင်လွန်း၍ အော်သံပင် လည်ချောင်းဝ၌ ထစ်ခို့ပျောက်ကွယ်သွားသည်။

သူသည် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေပြီး မျက်ရည်များပင် စီးကျလာသည်။

"ကျွန်...ကျွန်တော့် သဘောနဲ့ လုပ်ခဲ့ရတာ မဟုတ်ပါဘူး၊ အစ်ကိုလေးရှီဝူ ခိုင်းတဲ့အတိုင်း လုပ်ရတာပါ။ အစ်ကိုလေးရှီဝူဟာ ဂိုဏ်းထိန်းကြီးကျူးရှီနဲ့ ပေါင်းပြီး ခေါင်းဆောင်တစ်ယောက် ဖြစ်နေပြီ၊ ကျွန်တော်ဟာ သူ့အမိန့်ကို မနာခံလို့ မရတော့ပါဘူး"

ငိုသံပါကြီးဖြင့် ပြောလာသည်။

ရှောင်လုံ သက်ပြင်းချလိုက်သည်။

သူက ထိုးစိုက်ထားသော ဓားများအား ပြန်လည်ဆွဲနှုတ်ကာ သိမ်းဆည်းလိုက်သည်။

ထို့နောက်...

ဆားမုအား စေ့စေ့ကြည့်ကာ...

"သရဲကွေကို ဘယ်သူခိုင်းခဲ့တာလဲ"

ဟု မေးလိုက်သည်။

ဆားမုက...

"ရှိ...ရှိဝူပါပဲ"

"တောက်"

ရှောင်လုံ၏တက်ခေါက်သံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

"ရှိဝူက ငါ့ကို ပြတ်ပြတ်သားသား တော်လှန်ခဲ့တာပဲကိုး။ ငါနဲ့ ထိပ်တိုက်တွေ့ဖို့ အားမွေးနေပြီပေါ့"

သူက ဆားမုအား ကြည့်ကာ တဆက်တည်း မေးလိုက်၏။

"ပြောစမ်း။ ငါ့ကို ဘာကြောင့် ဒီလောက်တောင် မဲနေကြရတာလဲ"

ဆားမုက...

"ကျူးရှီ အစည်းအဝေးတစ်ခု လျှို့ဝှက်စွာ ပြုလုပ်လိမ့်မယ်၊ အဲဒီ လျှို့ဝှက်အစည်းအဝေးကို အစ်ကိုကြီးရှောင် မနှောင့်ယှက်နိုင်အောင် ကြိုတင်ရှင်းလင်းခဲ့တဲ့ သဘောပါ"

ရှောင်လုံ မျက်မှောင်ကုပ်သွားသည်။

"လျှို့ဝှက်အစည်းအဝေး"

"ဟုတ်ပါတယ်"

ရှောင်လုံ၏မျက်နှာ တည်ကြည်လေးနက်သွား၏။

ကျူးရှီသည် မည်သည့် အကြံအစည်များ လျှို့ဝှက်ကြံဆောင်နေပါသနည်း။

မိမိကိုသာမက သွေးသစ္စာအဖွဲ့တစ်ခုလုံးအား လှည့်စားရှင်းပစ်ခဲ့ခြင်းသည် မည်သို့သဘောဆောင်နေပါသနည်း။



နောက်ဆုံး၌ မိမိနှင့်အဖွဲ့သည် လျှို့ဝှက်အစည်းအဝေး လမ်းကြောင်းပေါ် ရှိနေကာ ပါဝင်စွက်ဖက်မည်ကို စိုးရိမ်၍ ကြိုတင်ဖြိုခွဲခဲ့ခြင်း ဖြစ်ကြောင်း နားလည်လိုက်လေသည်။

တဆက်တည်းပင် လျှို့ဝှက်အစည်းအဝေးသည် သိုင်းလောကတစ်ခုလုံး နာခံရမည့် 'မဟာတံဆိပ်တုံး'နှင့် ပတ်သက်ဆက်နွယ်နေမည် ဖြစ်ကြောင်း ဆင်ခြင်လိုက်မိလေသည်။

ရှောင်လုံ၏မျက်လုံးအစုံသည် ဆားမု၏မျက်နှာပေါ် စူးစိုက်ကျရောက်သွားသည်။

"ကောင်းပြီ၊ လျှို့ဝှက်အစည်းအဝေးနဲ့ ပတ်သက်ပြီး မင်းသိသလောက် ငါ့ကို ပြောပြစမ်း"

ဆားမုက အသက်ပြင်းပြင်းရှူယင်း...

"လျှို့ဝှက်အစည်းအဝေးကို အလွန်ခေါင်တဲ့ မြောင်ကျွန်းနယ်ထဲမှာ ပြုလုပ်မယ်လို့ သိရပါတယ်၊ မဟာတံဆိပ်တုံးနဲ့ ပတ်သက်နေပါတယ်"

ရှောင်လုံ မျက်မှောင်ကုပ်သွား၏။

မြောင်ကျွန်းနယ်သည် မြောင်နယ်ခြား၊ သဲကန္တာရဒေသတို့နှင့် ထိစပ်နေသော ဒေသတစ်ခု ဖြစ်သည်။

အဘယ်ကြောင့် ဝေးလံသော ဒေသအား ရွေးချယ်ခဲ့ရသနည်း။ ရှောင်လုံက...

"ဘယ်မြို့လဲ"

ဆားမုက တစ်ချက်စဉ်းစားယင်း...

"သိမ်းငှက်မြို့ပါ"

"ဒီအစည်းအဝေးပွဲဟာ မဟာတံဆိပ်တော်နဲ့ ဘယ်လိုပတ်သက်နေသလဲ"

ဆားမှ ခေါင်းယမ်းလိုက်သည်။

"ဒါတော့ ကျွန်တော်မသိပါဘူး"

"မင်းမလိမ်နဲ့"

ဆားမှက ပျာပျာသလဲဖြင့်...

"ကျွန်တော်မလိမ်ပါဘူး။ အခု ပြောပြတာတွေဟာလည်း ကျုံးချို့နဲ့ ရှိဂူတို့ တိုင်ပင်ပြောဆိုနေတာတွေကို အမှတ်မထင် ကြားခဲ့ရလို့ပါ"

ဟု ပြောလာသည်။

ဆားမှ လိမ်လည်နေခြင်း မဟုတ်ပါ။

တကယ် မသိသောကြောင့်ဟု ရှောင်လုံ နားလည်လိုက်၏။

သူက ထရပ်လိုက်ပြီး...

"မင်းပြန်သွားပါ။ အခု ငါတစ်ယောက်တည်းပဲ ရှိတယ်၊ ဒါပေမယ့် ဓားထိန်းနတ်ရဲ့ လမ်းစဉ်အတိုင်း စီစဉ်ချမှတ်တော့မယ်လို့ ပြောလိုက်ပါ"

ဆားမှ မျက်နှာပျက်သွား၏။

ရှောင်လုံသည် ကျုံးချို့၊ ရှိဂူတို့နှင့် ထိပ်တိုက်တွေ့တော့မည် ဖြစ်ကြောင်း နားလည်လိုက်သည်။

သူက ရှောင်လုံနှင့် နောက်တစ်ခါ တွေ့ဆုံရန် ဘယ်တော့မှ ကြိုးစားတော့မည် မဟုတ်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

ရှောင်လုံ လက်ဝှေ့ယမ်းပြကာ...



"မင်းသွားတော့၊ နောက်တစ်ခါ ငါနဲ့ ပြန်မတွေ့ မိစေနဲ့တော့"

ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ဆားမှ လူးလဲထလိုက်သည်။

သူက ဘာစကားမှ မပြောတော့ပါ။

ခန္ဓာကိုယ် ဒယီးဒယိုင်ဖြင့် ပြေးလွှားထွက်ခွာသွားလေတော့သည်။

* * *

ဆားမှ ထွက်ခွာသွားပြီ ဖြစ်သည်။

ရှောင်လုံသည် မလှုပ်မယှက် ရပ်နေသည်။

သူ၏ဦးခေါင်းထဲ လုပ်ဆောင်ရမည်များကို အကွက်ချကာ စဉ်းစားနေ၏။ အတန်ကြာတော့မှ သက်ပြင်းတစ်ချက် ချကာ ယောင်စင်း တို့လူစုထံ တစ်လှမ်းချင်း လှမ်းသွားလေသည်။

ယောင်စင်းတို့သည် အေးတိအေးစက်နိုင်လှသော ရှောင်လုံအား ကြောက်စရာကောင်းသူတစ်ဦးနှယ် ငေးကြည့်နေကြသည်။

ရှောင်လုံက တစ်လှမ်းချင်း တိုးကပ်လာလျှင် သူတို့အားလုံး ထိတ်လန့်သွားကြသည်။

နောက်သို့လည်း ယောင်ယမ်း၍ ဆုတ်လိုက်မိကြသည်။

ရှောင်လုံက သူတို့နှင့် ခြေငါးလှမ်းအကွာတွင် ရပ်တန့်လိုက်ပြီး...

"ခရီးဆက်ထွက်မယ်"

အေးတိအေးစက် လေသံဖြင့် ပြောလိုက်သည်။

ယောင်စင်းက မငံ့မရဲဖြင့်…

"မင်းဟာ ဓားထိန်းနတ်ဆိုတာ ကျုပ်တို့သိခဲ့ပြီ၊ ကျုပ်တို့ဟာ မင်းနဲ့ယှဉ်ယင် ပမွှားလေးတွေပါ၊ ဒီအတွက် မင်းကို လိုက်မပို့ပေးနိုင်တော့ဘူး၊ မင်းငွေတွေ ပြန်ပေးပါ့မယ်"

ပြောလိုက်လေသည်။

"ဘာဗျ"

ရှောင်လုံ၏အသံ ဟိန်းထွက်လာသည်။

ယောင်စင်း လန့်ဖျပ်သွားမိ၏။

ရှောင်လုံက တည်ကြည်သော မျက်နှာထားဖြင့်…

"ကျုပ်အတွက် ရန်သူကို လှည့်စားဖို့ ခင်ဗျားတို့အဖွဲ့ကို လိုအပ်သေးတယ်ဗျ"

ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ဓားထိန်းနတ်သည် ကြောက်စရာကောင်းသည့်အပြင် သူနှင့်ပတ်သက်သော အန္တရာယ်က မသေးလှပါ။

အန္တရာယ်များလှသော အရှုပ်တော်ပုံအတွင်း သူက ဝင်မပါလိုတော့ပေ။

ယောင်စင်း ခေါင်းယမ်းလိုက်သည်။

"ကျုပ်လိုက်မပို့တော့ဘူး၊ တကယ်တမ်း မင်းဘာသာ လှုပ်ရှားနိုင်ပါတယ်၊ ကျုပ်တို့ကို ဒီအရှုပ်အထွေးထဲ ဘာကြောင့် ဆွဲထည့်ချင်ရတာလဲ"



ရှောင်လုံ၏မျက်နှာ တင်းမာလာသည်။

"ခင်ဗျားဒုက္ခမရောက်စေရဘူး"

ယောင်စင်းက…

"ဘာပဲဖြစ်ဖြစ် ငါမလုပ်နိုင်တော့ဘူး"

ရှောင်လုံက ရှေ့သို့ တိုးလာသည်။

"ခင်ဗျား မလုပ်လို့ မရဘူး"

ထိုစဉ် ယောင်ဝှားက ဖခင်ရှေ့မှ ဖျတ်ခနဲရပ်ယင်း…

"ရှင် ဘာလုပ်မလို့လဲ"

ရှောင်လုံက တစ်ချက်ရယ်မောယင်း…

"ကျုပ် ဘာလုပ်မယ်လို့ မင်းထင်သလဲ"

ယောင်ဝှား မျက်နှာပျက်သွား၏။

"ရှင်…ရှင် ရှေ့မတိုးနဲ့နော်"

ပြောယင်း လက်ထဲမှ ဓားဖြင့် ချိန်ရွယ်လာသည်။

ရှောင်လုံ၏မျက်နှာပေါ်ဝယ် ထူးခြားသော အရိပ်အယောင်များ ပေါ်လွင်လာ၏။

ချက်ချင်း လက်တစ်ဖက် ဆန့်ထုတ်လိုက်၏။

တဒင်္ဂအချိန်အတွင်းမှာပင် ယောင်ဝှားသည် ရှောင်လုံ၏ ဖမ်းချုပ်မှုကို ခံလိုက်ရသည်။

"လွှတ်…လွှတ်"

ယောင်ဝှား အကြောက်အကန် ရုန်းကန်လိုက်၏။

ရှောင်လုံက သူမလက်ထဲမှ လုယူထားသော ဓားဖြင့် လည်ပင်းပေါ် ကန့်လန့်ဖြတ်တင်လိုက်ပြီး…

"ငြိမ်ငြိမ်နေစမ်း၊ ဒီလိုမှ မဟုတ်ယင် ငါ့အဆိုးမဆိုနဲ့"

ဟု ငေါက်လိုက်၏။

ရှောင်လုံမှာ သွေးအေးရက်စက်သူ ဖြစ်၍ သူမ ဆတ်ခနဲ ဖြစ်သွားသည်။

မလှုပ်ရှားဝံ့တော့ဘဲ ငြိမ်နေလိုက်ရ၏။

သမီးဖြစ်သူ ရှောင်လုံလက်ထဲ ကျရောက်သွားလျှင် ယောင်စင်း အထိတ်တလန့် ဖြစ်သွားလေသည်။

ရှောင်လုံအား မျက်လုံးပြူးကာ ကြည့်ယင်း...

"မင်း...မင်း ဘာလုပ်မလုပ်လို့လဲ၊ ငါ့သမီးကို လွှတ်ပေးလိုက်ပါ"

ဟု ပြောလိုက်သည်။ ရှောင်လုံ ပြုံးလိုက်သည်။

"ကျုပ်က ဘာလို့ လွှတ်ပေးရမှာလဲ"

"မင်း..."

"ကျုပ်က သူ့ကို ဓားစာခံခေါ်ထားမလို့လေ"

ထိုစကားကြောင့် ယောင်စင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ရှောင်လုံက တည်ကြည်သော မျက်နှာထားဖြင့်...

"ကျုပ်စကားအတိုင်း လိုက်နာဆောင်ရွက်မယ်ဆိုယင် ဘယ်သူမှ အန္တရာယ် မဖြစ်စေရဘူးလို့ အာမခံပါတယ်ဗျာ"

ယောင်စင်း သက်ပြင်းချလိုက်သည်။

ရှောင်လုံ၏စကား မနာခံပါက သမီးဖြစ်သူ ဒုက္ခတွေ့သွားနိုင်သည်ဟု ယောင်စင်း ထင်မိသည်။



ထို့ကြောင့် သူက စိတ်လျှော့လိုက်မိသည်။

"ငါတို့ ဘာလုပ်ပေးရမှာလဲ"

စိတ်ပျက်လက်ပျက် လေသံဖြင့် မေးလိုက်၏။

ရှောင်လုံ ကျေနပ်စွာ ပြုံးယင်း...

"ခင်ဗျားတို့က စစ်ဟိုင်ခရိုင်ထဲ သွားပါ"

"မင်းကကော"

"ကျုပ်က တခြားလမ်းက သွားမယ်"

"ကျုပ်သမီးကို မင်းက ဓားစာခံအဖြစ် ခေါ်သွားမယ်ပေါ့ ဟုတ်လား"

ရှောင်လုံ ခေါင်းညိတ်လိုက်၏။

"ဒါပေါ့"

"ငါ့သမီး တစ်ခုခုဖြစ်..."

ယောင်စင်း၏စကားမဆုံးမီ ရှောင်လုံက စကားဖြတ် ပြောလိုက်လေသည်။

"ကျုပ်ယောကျ်ားပါ၊ ခင်ဗျားသမီး မှဲ့တစ်ပေါက် မစွန်းစေရဘူးလို့ ကတိပေးတယ်"

ယောင်စင်း ငိုင်ကျသွားသည်။

ရှောင်လုံက ဆက်ပြောလိုက်သည်။

"ခင်ဗျားတို့ စစ်ဟိုင်ခရိုင်ထဲ ရောက်လောက်ပြီဆိုတာနဲ့ ခင်ဗျားသမီးကို ကျုပ်ပြန်လွှတ်ပေးပါ့မယ်"

သူက မြင်းတစ်စီးပေါ် ယောင်ဗုံးအား တင်ကာ ခုန်တက်လိုက်၏။

တစ်ဖန် ယောင်စင်းအား ကြည့်ကာ…

"ခင်ဗျားတို့ အစုချက်ချင်း ခရီးထွက်ပါ၊ ရန်သူက လိုက်လာနိုင်တယ်၊ ဒါကြောင့် မျက်ခြည်ဖြတ်ပြီး သွားကြပါ"

ဟု ပြောလိုက်သည်။

စကားဆုံးလျှင်…

"ဟေး"

မြင်းကို တစ်ချက်အော်ငေါက်ကာ မောင်းနှင်လိုက်၏။

မြင်းမှာ ရှည်လျားစွာ တစ်ချက်ဟီယင်း တဟုန်ထိုး ပြေးထွက်သွားတော့သည်။

ယောင်စင်း ပင့်သက်ရှိုက်လိုက်သည်။

သူက ရှောင်လုံ ဒုက္ခမပေးဟု ယုံကြည်ထားပါသည်။

သို့သော် ရှောင်လုံထံတွင် အန္တရာယ်များ ဝိုင်းနေ၍ သမီးဖြစ်သူ ကြားချောင် ဒုက္ခရောက်မည်ကို စိုးရိမ်မိသည်။

"သမီးလေး ဘေးမသီရန်မခ ရှိပါစေ"

သူက စိတ်ထဲမှ ကြိတ်၍ ဆုတောင်းလိုက်မိ၏။

တဆက်တည်း လက်ဝှေ့ယမ်းကာ…

"ကဲ ငါတို့ တခြားလမ်းက ခရီးဆက်ကြယ်ဟေ့"

သူ၏လူများအား အော်ဟစ်အမိန့်ပေးလိုက်လေတော့သည်။

* * *

## မတည့်အတူ

သုံးရက်…

သုံးရက်ဟူသော အချိန် ကုန်ဆုံးသွားပြီ ဖြစ်သည်။

ရှောင်လုံသည် တောလမ်းများ၊ လွင်ပြင်များ ဖြတ်ကာ ခရီးနှင်ခဲ့၏။

သူက ခရီးပြင်းနှင်ခဲ့သောကြောင့် မြောင်ကျန်းနယ်နိမိတ်နှင့် အနီးစပ်ဆုံး နေရာသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်လေတော့သည်။

ယောင်ဂှားမှာ ခရီးပြင်းနှင်ခဲ့ရသောကြောင့် ပင်ပန်းနွမ်းနယ်နေ၏။

ထို့အပြင်…

အစားအသောက်အား ဖြစ်သလို စားသောက်ခဲ့ရသောကြောင့် စိတ်ပျက်နေမိလေသည်။

ရှောင်လုံအပေါ်လည်း မကျေမနပ် ဖြစ်နေမိသည်။

ထို့ကြောင့်...

ခရီးတစ်လျှောက်လုံး စကားမပြောဘဲ နေခဲ့၏။

ရှောင်လုံကလည်း သူ့အပေါ် ယောင်ဝှား မကျေမနပ် ဖြစ်နေကြောင်း နားလည်ထား၏။

လတ်တလော ရန်သူ ခြေရာခံမလိုက်နိုင်အောင်သာ ခေါင်းထဲထည့်ထားသည်။

အန္တရာယ်ကင်းစွာဖြင့် မြောင်ကျန်းနယ်သို့ ရောက်ရန်သာ စိတ်စောမိသည်။

ထို့ကြောင့် ယောင်ဝှားအား မသိကျိုးကျွံပြုထားခဲ့ပေသည်။

ယခု...

မြောင်ကျန်းနယ်နှင့် အနီးစပ်ဆုံး ဒေသသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

မြောင်ကျန်းနယ်ထဲ နေ့ဝက်ခရီးဖြင့် အရောက်သွားနိုင်ပြီ ဖြစ်သည်။

ထို့ကြောင့် သူက စိတ်အေးလက်အေး ဖြစ်သွားသည်။

အလျင်စလို ခရီးမဆက်တော့ဘဲ ပုံမှန်အတိုင်းသာ ခရီးနှင်ခဲ့တော့သည်။

ထိုအခါဝယ် ယောင်ဝှားက စကားမပြောသော်လည်း မျက်စောင်းတစ်ချက်တော့ ထိုးဖြစ်အောင် ထိုးပြလာလေတော့သည်။

* * *



နေဝင်တော့မည် ဖြစ်သည်။

ရှောင်လုံက စမ်းချောင်းတစ်ခု အနီး၌ ယနေ့ည အနားယူရန် ဆုံးဖြတ်လိုက်သည်။

မြင်းဖက်ကြိုးအား သစ်ပင်တစ်ပင်၌ ချည်နှောင်ပြီး ထင်းခြောက်များကို ရှာဖွေစုဆောင်းလိုက်သည်။

တစ်ဖန်...

စမ်းချောင်းထဲမှ ငါးနှစ်ကောင်အား ဝါးချွန်တစ်ခု ပြုလုပ်ပြီး ထိုးစိုက်ဖမ်းဆီးလိုက်သည်။

ရှောင်လုံသည် အကွက်စေ့စေ့နှင့် လုပ်ဆောင်နေခြင်း ဖြစ်၏။

ရှောင်လုံ အလုပ်ရှုပ်နေသည်ကို ကြည့်ယင်း ယောင်ဝှား ကြိတ်ပြုံးလိုက်သည်။

တဆက်တည်းပင် တစ်ရွေ့ရွေ့နှင့် နောက်ဆုတ်ကာ လှည့်ပြေးလာခဲ့သည်။

သူက ရှောင်လုံထံမှ အခွင့်အရေးရသည်နှင့် ထွက်ပြေးရန် ကြိုးစားလိုက်ခြင်း ဖြစ်၏။

အတန်ဝေးဝေးသို့ ရောက်သောအခါ နောက်လှည့်ကြည့်လိုက်သည်။

ရှောင်လုံ၏အရိပ်အယောင်ပင် မတွေ့ရချေ။

ယောင်ဝှား ဝမ်းသာသွားသည်။

မျက်နှာပေါ်တွင်လည်း အပြုံးရိပ်များ ဖြစ်ပေါ်လာ၏။

သူမက ပြန်လှည့်ကာ ဆက်လက်ပြေးရန် ပြင်လိုက်၏။

ရုတ်တရက်…

သူမ၏မျက်နှာပေါ်မှ အပြုံးရိပ်များ ပျောက်ကွယ်သွား၏။

ခြေလှမ်းများလည်း အလိုလို ရပ်တန့်သွားသည်။

အကြောင်းမှာ…

ရှောင်လုံက ခါးထောက်ကာ လမ်းပိတ်ထားသောကြောင့်ပင် ဖြစ်လေသည်။

ယောင်ဟွားမှာ သူခိုးလူမိသလို ဖြစ်သွားသည်။

သူမက မျက်နှာချိုသွေးကာ ပြုံးပြယင်း…

"ကျွန်မဗိုက်ထဲနာလာလို့ ထွက်လာခဲ့တာ"

ချက်ချင်းပင် အကြောင်းပြလိုက်၏။

ရှောင်လုံ၏မျက်ခုံးမွေးများ နဖူးပေါ် မြင့်တက်သွားသည်။

သို့သော် သူက ဘာမျှမပြောပါ။

ယောင်ဟွား၏လက်အား ဆတ်ခနဲ ဖမ်းဆွဲယင်း ကြိုးကွင်းလေးတစ်ခု စွပ်ပေးလာသည်။

ထိုကြိုးကွင်းလေးအား သေးငယ်သော ခြူးကလေးများဖြင့် ဆက်သွယ်ထားသည်။

ထို့ကြောင့် လှုပ်ရှားလိုက်တိုင်း ခြူသံကလေးများ ထွက်ပေါ်လာသည်။

ရှောင်လုံက သူမလက်ကို လွှတ်ပေးယင်း…

"မင်းအဆင်ပြေအောင် လုပ်ပါ၊ ကျုပ်စောင့်နေမယ်"

ပြောယင်း ကျောခိုင်းလိုက်သည်။

ယောင်ဟွား နှုတ်ခမ်းစူလိုက်၏။



ခြူပါသော ကြိုးကွင်းလေးအား ဖြုတ်ကြည့်သော်လည်း မရပါချေ။

ခြူသံကလေးများသာ မြည်သွား၏။

မြေပေါ် ခြေတစ်ချက်ဆောင့်ကာ…

"အကျင့်ပုတ်တဲ့လူကြီး"

မကျေမနပ် ပြောကာ လှည့်ထွက်လာခဲ့တော့သည်။

* * *

ည…

မိုးချုပ်သွားပြီ ဖြစ်သည်။

ရှောင်လုံက အသင့်စုဆောင်းထားသော ထင်းခြောက်များဖြင့် မီးမွေးထားသောကြောင့် လင်းလင်းချင်းချင်းရှိကာ နွေးနွေးထွေးထွေးရှိနေ၏။

ယောင်ဟွားက မီးပုံအနီး ထိုင်နေသည်။

မီးရောင်ဟပ်မှုကြောင့် သူမ၏အလှသည် ပို၍ပေါ်လွင်သင်ရှားနေ၏။

ရှောင်လုံက အမှတ်မထင် သူမအား ငေးကြည့်နေမိ၏။

သူ၏ဘဝ၌ အလှအပများအား ခံစားခဲ့နိုင်ခြင်း မရှိခဲ့ပါ။

အမြဲတစေ တာဝန်ထမ်းဆောင်ရန် အဆင်သင့် ရှိနေပြီး အန္တရာယ်မျိုးစုံကြား လှုပ်ရှားခဲ့ရပေသည်။

ထို့ကြောင့် စိတ်ကြမ်းလူကြမ်းကြီးပမာ ဖြစ်ခဲ့ရ၏။

ယခုမှ လှပသော မိန်းကလေးတစ်ဦး၏ အလှအား စတင်ခံစားမိခဲ့ခြင်း ဖြစ်သည်။

သူ၏ရင်ထဲ နွေးနွေးထွေးထွေး ရှိသွားသလို သာယာချမ်းမြေ့သည့် စိတ်များလည်း ပေါ်ပေါက်လာမိသည်။

အမျိုးအမည် မသိသော ဝေဒနာတစ်ရပ်ကိုလည်း ထူးထူးခြားခြား ခံစားမိလာလေသည်။ သို့သော်...

ရှေ့ဆက် တွေ့ကြုံရမည့် အန္တရာယ်များ၊ လုပ်ဆောင်ရမည့် တာဝန်များအား တွေးမိလာသောအခါ ရုတ်ခြည်းပင် စောစောက ခံစားမှုများ ပျောက်ကွယ်သွားခဲ့ရသည်။

ရှောင်လုံ သက်ပြင်းတစ်ချက် မသိမသာချလိုက်သည်။

ယောင်ဗွားထံမှ အကြည့်လွှဲကာ ငါးကင်ထားသော ဝါးတံကို ဖြုတ်ယူလိုက်သည်။

ငါးကင်နံ့သည် မွှေးကြိုင်သင်းပျံ့နေ၏။

ယောင်ဗွားက သူ့အား မသိမသာ ကြည့်လာသည်။

ရှောင်လုံက ငါးကင်တစ်ကောင်အား လှမ်းပေးလာ၏။

ယောင်ဗွား ဟန်မဆောင်နိုင်ဘဲ လှမ်းယူလိုက်သည်။

သူမက ဗိုက်ဆာနေပြီ ဖြစ်သောကြောင့် မြိန်ယှက်စွာပင် စားသောက်ပစ်လိုက်သည်။

ရှောင်လုံက သူမ စားသောက်နေသည်ကို ငေးကြည့်နေ၏။

ယောင်ဗွားက စားသောက်နေယင်းမှ မော့ကြည့်လာ၏။

ရှောင်လုံ ကပျာကယာ မျက်နှာလွှဲကာ သူကိုယ်တိုင်လည်း စားသောက်လိုက်၏။



ယောင်ဗွား တစ်ချက်ပြုံးကာ ဆက်လက်စားသောက်လိုက်၏။ ရှောင်လုံက...

"ကဲ မင်းက မီးပုံဘေးမှာ အိပ်ပါ၊ ငါက ဟိုသစ်ပင်အောက်ာ အိပ်မယ်"

ပြောယင်း ခပ်လှမ်းလှမ်း သစ်ပင်ဆီသို့ လှမ်းသွားလိုက်၏။

သစ်ပင်ခြေရင်း၌ အနည်းငယ် ရှင်းလင်းလိုက်ပြီး ပင်စည်အား ကျောမှီထားလိုက်သည်။

ယောင်ဗွားမှာ စားသောက်ပြီးစီးသည်နှင့် မြင်းနှင့်အတူ ကောင်းထောက်မစွာ ပါလာသော အခင်းလိပ်အား ခင်းကျင်းလိုက်သည်။

တုတ်တစ်ချောင်း တွေ့၍ လိုလိုမယ်မယ် နံဘေးတွင် ထားာ မျက်လုံးမှိတ်ထားလိုက်သည်။

မကြာမီ အိပ်ပျော်သွားတော့သည်။

* * *

အလွန်ချမ်းစိမ့်လာပြီ ဖြစ်သောကြောင့် ရှောင်လုံ မျက်လုံး ငှင့်လာသည်။

ယောင်ဗွားထံ လှမ်းကြည့်လိုက်သည်။

ယောင်ဗွားသည် ကွေးကွေးလေး အိပ်နေ၏။

"သူချမ်းနေမယ် ထင်တယ်"

ယောင်ဗွားအပေါ် ကရုဏာစိတ် ဖြစ်ပေါ်လာမိသည်။

ယောင်ဝှားသည် ဂျစ်ကန်ကန်နိုင်လှသည်မှ လွဲ၍ စိတ်သဘောထား ဖြူစင်ကာ ချစ်စရာကောင်းသူလေးပင် ဖြစ်၏။

သူ့အား မကျေနပ်ခြင်းကြောင့်သာ ဘုဂလန့် နေထိုင်ပြောဆိုနေခြင်း ဖြစ်ကြောင်း ရှောင်လုံ သဘောပေါက်ထား၏။

သူက အသာပြုံးကာ ထရပ်လိုက်၏။

ယောင်ဝှားအနီး ချဉ်းကပ်သွားပြီး သူ၏ဝတ်ရုံအား ချွတ်ကာ လွှမ်းခြုံပေးလိုက်သည်။

ယောင်ဝှား လူးလိမ့်လာယင်း မျက်လုံးပွင့်လာ၏။

ရှောင်လုံအား နီးနီးကပ်ကပ် တွေ့ရလျှင် ထိတ်လန့်သွားသည်။

"အမယ်လေး"

နှုတ်မှအော်မိယင်း နံဘေးမှ တုတ်ချောင်းအား ကောက်ကိုင်ကာ ရိုက်ချလိုက်၏။

"ခွပ်"

ရှောင်လုံ၏ဦးခေါင်းအား ထိမှန်သွားသည်။

ရှောင်လုံ၏မျက်လုံးများ ပြာဝေသွားကာ ခေါင်းမှာ မူးနောက်နောက် ဖြစ်သွားရသည်။

သူက ယောင်ဝှားအား တစ်ချက်ကြည့်ကာ သူနေရာယူထားသော သစ်ပင်ဆီ ပြန်သွားကာ ကျောမှီထားလိုက်၏။

ယောင်ဝှား ကြောင်အမ်းအမ်း ဖြစ်နေ၏။

သူမ၏ကိုယ်ပေါ်မှ ရှောင်လုံ၏ဝတ်ရုံကိုတလှည့်၊ ရှောင်လုံကိုတလှည့် ကြည့်လိုက်မိသည်။



သူမက အထင်မှားကာ ရိုက်နှက်မိလိုက်သည် မဟုတ်ပါသွား။

ရှောင်လုံက ဦးခေါင်းကို ပွတ်နေသည်ကို ကြည့်ယင်း သနားကရုဏာသက်သွားမိ၏။

တဆက်တည်းပင် ရှောင်လုံ၏ဝတ်ရုံအား ကြည့်ယင်း ကြည်နူးသော စိတ်ကလေးလည်း ဖြစ်လာမိသည်။

ရှောင်လုံသည်လည်း အသည်းနှလုံးရှိကာ နူးညံ့သော စိတ်ခံစားမှု ရှိနေကြောင်း သိလိုက်ရချေပြီ။

သူမ၏မျက်နှာပေါ်ဝယ် အပြုံးရိပ်တစ်ခု ဖြစ်ပေါ်လာ၏။

ရှောင်လုံ၏ဝတ်ရုံအား ထွေးပွေ့လွှမ်းခြုံကာ မျက်လုံးအစုံမှိတ်လိုက်လေတော့သည်။

* * *

## တံဆိပ်ပြား

ရှောင်လုံနှင့် ယောင်ဝှားတို့ မနက်စောစောကပင် ခရီးထွက်လာရာ နေမွန်းတည့်ချိန်၌ မြောင်ကျန်းနယ်ရှိ မြို့လေးတစ်မြို့သို့ ရောက်ရှိလာလေသည်။

ထိုအချိန်၌ သူတို့သည် အလွန်ဆာလောင်နေကြပြီ ဖြစ်သည်။

ရှောင်လုံသည် ယောင်ဝှားနှင့် ယှဉ်တွဲကာ လျှောက်ယင်း မြင်းဇက်ကြိုးအား ဆွဲလာသည်။

ယောင်ဝှားက...

"ကျွန်မတော့ ဗိုက်ဆာနေပြီရှင့်"

ဟု ပြောလာသည်။

ရှောင်လုံက...

"မြို့ထဲ ရောက်နေပြီပဲ၊ စားသောက်ဆိုင်တစ်ဆိုင်မှာ ဝင်စားကြတာပေါ့"



သူတို့က အတန်ကြာ လျှောက်လှမ်းလာလျှင် လမ်းဘေး၌ ဖွင့်လှစ်ထားသော စားသောက်ဆိုင်တစ်ဆိုင်အား တွေ့လိုက်ရသည်။

ဆိုင်အဝင်ဝ၌...

"မိသားစု စားသောက်ဆိုင်"

ဟူသော ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထားလေသည်။

ယောင်ဝှား သဘောကျသွားသည်။

"ကျွန်မတို့ အဲဒီမှာပဲ စားသောက်ကြတာပေါ့"

ရှောင်လုံ ခေါင်းညိတ်ပြလိုက်သည်။

နှစ်ယောက်သား စားသောက်ဆိုင်ဆီသို့ လျှောက်လှမ်းသွားကြသည်။

ဆိုင်ရှေ့သို့ ရောက်လျှင်...

"ကြွပါ ခင်ဗျာ ကြွပါ"

ငယ်ကြိုလုလင်တစ်ဦး ပြေးထွက်ကာ ဖိတ်ခေါ်လာ၏။

ရှောင်လုံ လက်ထဲမှ မြင်းဇက်ကြိုးအား ဆွဲယူကာ...

"အရသာရှိတဲ့ ဟင်းလျာမျိုးစုံ သုံးဆောင်နိုင်ပါတယ်၊ အထဲ ကြွပါ။ မြင်းကို ကျွန်တော်ပဲ ကြည့်ရှုထားလိုက်ပါ့မယ်"

ယောင်ဝှားနှင့် ရှောင်လုံတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်သည်။

ထို့နောက်...

ဆိုင်ထဲသို့ လှမ်းဝင်လိုက်ကြလေတော့သည်။

* * *

စားပွဲပေါ်ဝယ် ဟင်းလျာမျိုးစုံ ရှိနေ၏။

ယောင်ဝှားက စိတ်ကြိုက်မှာထားခြင်းပင်။

သူမကာ ပလုတ်ပလောင်း စားသောက်ယင်း...

"အရသာရှိတဲ့ ဟင်းလျာတွေ မစားရတာ အတော်ကြာပြီ၊ အခုမှပဲ ခံတွင်းတွေ့တော့တယ်"

ပြောယင်းမှ စားသောက်နေ၏။

ရှောင်လုံကလည်း ဆာဆာနှင့် ရှိသည်မို့ စားသောက်လိုက်သည်။

ယောင်ဝှားမှာ လောဘအတော်မသတ်နိုင်သေးဘဲ ဟင်းနှစ်ပွဲ ထပ်မှာကာ စားသောက်လိုက်ပြန်သည်။

အတန်ကြာ စားသောက်ပြီးသောအခါ သူတို့ စားပွဲတွင် ပန်းကန်များ အထပ်လိုက် ဖြစ်သွားတော့သည်။

ယောင်ဝှားက...

"အင်း အခုမှပဲ ဗိုက်ပြည့်သွားတော့တယ်"

ပြောယင်း ရေနွေးကြမ်းတစ်ခွက်အား အရသာခံကာ သောက်နေပြန်၏။

ရှောင်လုံက...

"ကဲ မင်းစားလို့လဲ တင်းတိမ်သွားပြီ မဟုတ်လား၊ ခရီးဆက်ရဦးမယ်၊ ငွေရှင်းလိုက်တော့"

ထိုစကားကြောင့် ယောင်ဝှားမှာ သောက်နေသော ရေနွေးကြမ်းများပင် သီးသွားရ၏။

နားကြားလွဲဟန်ဖြင့်...



"ရှင် ဘာပြောလိုက်တာလဲ"

ရှောင်လုံက...

"စားသောက်ခ ရှင်းလိုက်တော့၊ ခရီးဆက်ရဦးမယ်"

ယေင်ဝှား မျက်နှာပျက်သွားသည်။

"ကျွန်မမှာ ငွေမပါဘူး"

ရှောင်လုံ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ဟ မင်းပဲ တစ်မျိုးပြီးတစ်မျိုး မှာနေတာ မဟုတ်လား၊ မင်းရှင်းလိုက်ပေါ့"

ယောင်ဝှားက...

"ကျွန်မမှာမှ မရှိတာ ဘယ်လိုလုပ် ရှင်းရမှာလဲ"

"မင်း..."

"ရှင်က ကျွန်မကို ဓားစာခံ ခေါ်လာတာ မဟုတ်လား၊ ရှင်က တာဝန်ယူရမယ်လေ၊ ဒါကြောင့် ကျွန်မစားသောက်ခ ကျသင့်ငွေကို ရှင်ပဲ ပေးလိုက်ပေါ့"

ရှောင်လုံ ခေါင်းနပန်းကြီးသွားသည်။

"ဒုက္ခပဲ၊ ကျုပ်မှာလဲ ငွေမပါဘူး၊ ရှိတဲ့ငွေ အကုန် မင်းအဖေကို ပေးလိုက်ပြီ"

ယောင်ဝှား၏မျက်နှာမှာ ဇီးရွက်ခန့်သာ ရှိတော့သည်။

"ဘယ်လိုလုပ်ကြမလဲဟင်"

မျက်နှာငယ်လေးဖြင့်လဲ မေးလာသည်။

ရှောင်လုံ အကြံထုတ်လိုက်သည်။

သူတို့အား အကဲခတ်ကြည့်နေသော ဆိုင်လုလင်လေးသည်

အခြေအနေကို သဘောပေါက်သွားပုံရသည်။

ချက်ချင်းပင် ဆိုင်ရှင်အား အကျိုးအကြောင်း ပြောပြလိုက်၏။

ဆိုင်ရှင်က ချက်ချင်းပင် ရှောင်လုံတို့ ဝိုင်းဆီသို့ လျှောက်လှမ်းလာသည်။

ထို့နောက်...

ချိုသာသော အပြုံးတစ်ခု ဟန်ဆောင်ပြုံးလိုက်ပြီး...

"ဘယ်လိုလဲ မိတ်ဆွေတို့ အရသာတွေ့ရဲ့လား"

ဟု မေးလာသည်။

ယောင်ဝှားက ပြုံးယင်း...

"သိပ်ကို အရသာ ရှိပါတယ်ရှင်၊ စားကောင်းကောင်းနဲ့စားတာ အတော်များသွားတယ်"

ဆိုင်ရှင်က...

"ကျုပ်က အကြွေးမရောင်းပေမယ့် ဟင်းလျာတွေကိုတော့ အထူးကောင်းမွန်အောင် ဂရုစိုက်ထားပါတယ်"

သူက အကြွေးမရဟု စကားကို လှပစွာ အသုံးပြုလာခြင်းပင် ဖြစ်သည်။

ဆိုင်ရှင်က ချိုသာစွာ ပြောနေသော်လည်း မျက်လုံးများကမူ သင်္ကာမကင်းဟန်ဖြင့် ကြည့်နေလေသည်။

ယောင်ဝှားက ရှောင်လုံအား ကြည့်လိုက်သည်။

ရှောင်လုံ မတတ်သာတော့ချေ။

ဆိုင်ရှင်အား ကြည့်ကာ...



"ဘယ်လောက်ကျသလဲ"

ဟု မေးလိုက်သည်။

လက်ကလည်း ဝတ်ရုံအောက်မှ သေတ္တာပြားလေးပေါ် ရောက်ရှိသွားသည်။

သေတ္တာပေါ်ဝယ် မားထိန်းနတ်ဟူသော ရွှေတံဆိပ်ပြား လေး ရှိနေပါသည်။

သူက ရွှေပြားပေါ်မှ စာများကို အတွင်းအားသုံးကာ ဖျောက်ဖျက်ပစ်လိုက်သည်။

ဆိုင်ရှင်က တွက်ချက်ပြီးနောက်...

"ငါးရာတိတိကျပါတယ်"

ဟု ပြောလာသည်။

စိတ်ထဲမှမူ ရှောင်လုံတို့ မရှင်းနိုင်မည်ကို စိုးရိမ်ပူပန်နေမိ လေသည်။

ရှောင်လုံက...

"ကျုပ်က အလောတကြီး ခရီးထွက်လာမိတော့ ငွေယူခဲ့ဖို့ မေ့သွားတယ်"

ထိုစကားကြောင့် ဆိုင်ရှင်၏မျက်နှာ မည်းမှောင်သွား သည်။

"ကျုပ်က.."

မကျေမနပ်ပေါက်ရန် ပြင်စဉ် ရှောင်လုံက ရွှေပြားအား လှမ်းပေးလာယင်း...

"လက်တလော ဒီရွှေပြားပဲပါတယ်"

ဆိုင်ရှင် ရှေ့ဆက်စကားမဆိုနိုင်တော့ချေ။

မျက်နှာလည်း ချက်ချင်းပြုံးရွှင်သွား၏။

အထင်သေးဟန်များလည်း ပျောက်ကွယ်သွားသည်။

ရွှေပြားလေးအား လှမ်းယူလိုက်သည်။

သူ၏မျက်လုံးများ လောဘကြောင့် အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေ၏။

ရှောင်လုံအား ပြုံးပြယင်း...

"ဆရာလေး ရွှေပြားက တန်ဖိုးကြီးတယ်၊ ကျုပ်က ပိုငွေပြန်အမ်းဖို့ ရှိမှာ မဟုတ်ဘူး"

လေသံကအစ ပြောင်းလဲသွားသည်။

ရှောင်လုံက...

"ဘယ်လောက်တန်သလဲ"

ဟု မေးလိုက်သည်။

ဆိုင်ရှင်က ရွှေပြားအား ချိန်ဆကြည့်လိုက်သည်။

ရွှေပြားသည် နှစ်သိန်းနှင့် သုံးသိန်းကြားအတွင်း တန်ဖိုးရှိကြောင်း သူက နားလည်ထားသည်။

သို့သော် စီးပွားရေးအကွက်မြင်သူပီပီ...

"လေးငါးသောင်းလောက်တော့ တန်ပါလိမ့်မယ်"

ဟု ပြောလိုက်သည်။

ဆိုင်ရှင်က ဈေးနှိမ်ထားကြောင်း ရှောင်လုံ ရိပ်စားမိလိုက်၏။ သို့သော်...

သူက ခရီးဆက်စရာ ရှိသေးသည့်အပြင် ထွေထွေထူးထူး



မပြောလိုတော့၍...

"ကောင်းပြီ၊ ကျုပ်ကို ငွေသုံးသောင်းနဲ့ မြင်းတစ်ကောင်ပဲ ပေးပါ၊ ဒီရွှေပြားကို ခင်ဗျားပဲ ယူလိုက်တော့"

ဟု ပြောလိုက်၏။

ဆိုင်ရှင်မှာ ထခုန်မိမတတ် ဝမ်းသာသွားလေသည်။

ချက်ချင်းပင် အကြိမ်ကြိမ် ဦးညွှတ်ကာ...

"စိတ်ချပါ၊ ကျုပ် အကောင်းဆုံးမြင်းတစ်ကောင် ထည့်ပေးလိုက်ပါ့မယ်"

ရွှေပြားအား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ယင်း ထွက်သွားသည်။

မကြာမီ...

တစ်သောင်းတန် ငွေလွှဲလက်မှတ်သုံးရွက်အား ယူဆောင်ကာ ထွက်လာသည်။

သူက ရှောင်လုံအား ရိုသေစွာ ကမ်းပေးယင်း...

"ဟောသည်မှာ ငွေသုံးသောင်း၊ မြင်းကို အပြင်မှာ အဆင်သင့် ပြင်ဆိုင်းထားပြီးပါပြီ"

ဟု ပြောလာသည်။

ရှောင်လုံက ငွေလွှဲလက်မှတ်အား ယူကာ သိမ်းဆည်းလိုက်၏။

ယောင်ဝှားက သူ့အား အထူးအဆန်းသဖွယ်ဖြင့် ကြည့်နေ၏။

ရှောင်လုံ ပခုံးတွန့်ပြလိုက်သည်။

"ကဲ သွားကြစို့"

ပြောယင်း ထိုင်ရာမှ ထလိုက်သည်။

ယောင်ဝှားလည်း ကပျာကယာ ထရပ်လိုက်၏။

ဆိုင်ရှင်က သူတို့အား ဆိုင်ပေါက်ဝသို့တိုင် လိုက်လံပို့ဆောင်ပေးသည်။

ဆိုင်ရှေ့ဝယ် မြင်းနှစ်ကောင်နှင့်အတူ ညည့်ကြိုလုလင် စောင့်နေသည်ကို တွေ့ရသည်။

သူတို့ ထွက်လာသည်ကို တွေ့လျှင်...

"ဆရာလေးတို့ဖို့ သူဌေး မြင်းကောင်းတစ်ကောင် စီစဉ်ခိုင်းထားပါတယ်"

ဟု ပြောလာသည်။

ဆိုင်ရှင် ပြင်ဆင်ပေးထားသော မြင်းမှာ အုန်းခွံရောင် ရှိပြီး တကယ်ကောင်းသော မြင်းတစ်ကောင်မှန်း ရောင်လုံ ရိပ်စားမိလိုက်သည်။

သူက ကျေနပ်စွာ ပြုံးလိုက်သည်။

ခရီးဆက်ရဦးမည် ဖြစ်ရာ မြင်းကောင်း လိုအပ်သည် မဟုတ်ပါလား။

သူတို့သည် မြင်းကိုယ်စီဆွဲကာ စားသောက်ဆိုင်အား ကျောခိုင်းထွက်လာခဲ့ကြလေတော့သည်။

* * *



## အရိပ်ပမာ

နေဝင်တော့မည် ဖြစ်သည်။

ကောင်းကင်တစ်ခုလုံး ပုစွန်ဆီရောင်သမ်းကာ လှပနေ၏။

ညမှောင်သွားသော အချိန်၌ ရောင်လုံနှင့် ယောင်ဝှားတို့သည် မြို့ကြီးတစ်မြို့သို့ ရောက်ရှိလာသည်။

ရောင်လုံမှာ စိတ်အေးလက်အေး ဖြစ်သွားသည်။

အကြောင်းမှာ...

ဤမြို့မှ နေ့ဝက်ခန့် ခရီးဆက်လျှင် သိမ်းငှက်မြို့အား ရောက်သွားတော့မည် ဖြစ်သည်။

သူ့အတွက် ခရီးဆုံးပြီဟုလည်း ယူဆရပေသည်။

ထို့ကြောင့်...

ယနေ့ည ဤမြို့မှာပင် အေးအေးဆေးဆေး တစ်ညတာ တည်းခိုလိုက်မည်ဟု စိတ်ကူးလိုက်တော့သည်။

* * *

ယောင်ဝှားသည် အားရပါးရ စားသောက်လိုက်၏။

ဟင်းလျာများမှာ အကောင်းဆုံး၊ အရသာအရှိဆုံး၊ တန်ဖိုးအကြီးဆုံး စားသောက်ဖွယ်ရာများ ဖြစ်သည်။

ထို့ကြောင့်...

သူမသည် ဆာနေသည်လည်းဖြစ်ရာ နှစ်ခြိုက်စွာ စားသောက်လိုက်၏။

ရှောင်လုံက အရက်ကို ဖြည်းညင်းစွာ မှိမ်းဆွဲသောက်ရင်း စားသောက်နေသည်။

သူက စိတ်ကို အနားပေးထားလိုက်ခြင်း ဖြစ်သည်။

ရုတ်တရက်...

ယောင်ဝှားသည် တစ်စုံတစ်ရာကို သတိရဟန်ဖြင့် စားလက်စတန်းလန်းဖြင့် ရပ်သွားသည်။

ရှောင်လုံကိုလည်း ကြည့်လိုက်သည်။

ရှောင်လုံက သူမ အကြည့်ကို သဘောပေါက်သည့်အလား ပြုံးလိုက်သည်။

"ဒီတစ်ခါတော့ မင်းက စိတ်အေးလက်အေး စားနိုင်ပါပြီ၊ လိုသေးယင် ကြိုက်သလိုထပ်မှာလို့ ရပါသေးတယ်၊ ကျုပ်ကျွေးပါတယ်"

ထိုစကားကြားမှ ယောင်ဝှားမှာ အပူလုံးကြီးကျသွားသည့်အလား လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

"တော်ပါသေးရဲ့၊ ရှင်က မပြောမချင်း ကျွန်မက စားလို့ဖြောင့်မယ် မထင်ဘူး"



ရှောင်လုံက...

"အခုကော"

ယောင်ဝှားက လျှာကလေး ထုတ်ပြယင်း...

"အခုဆို အားနာစရာ မလိုတော့ဘူးပေါ့"

ပြောယင်း တကယ်ပင် စားသောက်လိုက်လေသည်။

ရှောင်လုံ သက်ပြင်းချလိုက်၏။

"မင်းကို ရတဲ့ ယောကျ်ားကတော့ အစားအသောက်ဖိုးနဲ့ ပြုတော့မှာပဲ"

ယောင်ဝှားက မျက်စောင်းတစ်ချက်ထိုးလာသည်။

သူမ၏ပုံစံကို ကြည့်ကာ ရှောင်လုံ ရယ်လိုက်မိတော့သည်။

* * *

စားသောက်မှု ပြီးစီးသွားချေပြီ။

ယောင်ဝှားက...

"ကျွန်မတို့ ခရီးဆက်ကြဦးမှာလား"

ဟု မေးလိုက်သည်။

ရှောင်လုံ ခေါင်းယမ်းလိုက်သည်။

"ငါတို့ လောစရာ မလိုတော့ဘူး"

"ဒါဖြင့်.."

"ဒီမှာပဲ တည်းခိုကြတာပေါ့"

ဤဆိုင်သည် စားသောက်ဆိုင်နှင့် တည်းခိုခန်း တွဲဖက်ဖွင့်

လှစ်ထားသော ဆိုင်တစ်ဆိုင် ဖြစ်ပေသည်။

ရှောင်လုံက စားသောက်၊ တည်းခိုရန်အတွက် ဤဆိုင်အား ရွေးခဲ့ခြင်း ဖြစ်ကြောင်း ယောင်ဗွား နားလည်သွားလေသည်။

ရှောင်လုံ၏အကွက်စေ့စေ့ ပြင်ဆင်လုပ်ကိုင်တတ်မှုအား ယောင်ဗွား လေးစားသွားမိသည်။

ရှောင်လုံက ဆိုင်လုလင်အား ခေါ်ကာ စားသောက်ခ ကျ သင့်ငွေပေးချေယင်း...

"တည်းခိုလို့ရလား"

ဟု မေးလိုက်သည်။

ဆိုင်လုလင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ အကောင်းဆုံး နှစ်ယောက်အခန်း အလွတ်တွေ ရှိပါတယ်၊ ဆရာလေးတို့ ဇနီးမောင်နှံ စိတ်တိုင်းကျ ဖြစ်ရပါစေမယ်"

ထိုစကားကြောင့် ယောင်ဗွား၏မျက်နှာ ရဲခနဲ ဖြစ်သွား၏

ရှောင်လုံအား ရှက်ရွံ့ဟန်ဖြင့် ကြည့်ကာ ခေါင်းငုံ့သွားလေ သည်။

ရှောင်လုံမှာလည်း မျက်နှာမထားတတ်အောင်ပင် ဖြ သွားလေသည်။

သူက ကပျာကယာ လက်ကာပြပြီး...

"တစ်ယောက်ခန်းတွေ မရှိဘူးလား"

ဟု မေးလိုက်သည်။

ဆိုင်လုလင် မျက်မှောင်ကုပ်သွား၏။

"ရှိပါတယ်၊ ဆရာလေးတို့က.."



သူ၏စကားမဆုံးခင် ရှောင်လုံ ကပျာကယာ ပြောလိုက် လေသည်။

"ဒါဖြင့် တစ်ယောက်ခန်း နှစ်ခန်းပေးပါ"

ဆိုင်လုလင်သည် စူးစမ်းသလိုဖြင့် ကြည့်လာသည်။

ပြီးမှ ခေါင်းတညိတ်ညိတ်ဖြင့်...

"ရပါမယ်ဗျာ၊ လက်စသတ်တော့ ဆရာလေးတို့နှစ်ယောက် ဟာ စကားများ ရန်ဖြစ်ထားကြတာကိုး၊ ဇနီးမောင်နှံတိုင်းဟာ ဒီလိုပဲ ကတောက်ကဆ ဖြစ်တတ်ပါတယ်ဗျာ၊ ဟဲ..ဟဲ"

သူလိုရာ ဆွဲတွေးပြီး ပြောဖြစ်အောင် ပြောလာသေးသည်။

ရှောင်လုံ မျက်နှာပူသွားသည်။

နေမထိ ထိုင်မသာလည်း ဖြစ်သွားသည်။

"ကဲပါဗျာ၊ ကျုပ်နားချင်ပြီ၊ အခန်းပြင်ဆင်ပေးပါတော့"

ပြောယင်း မျက်နှာလွှဲထားလိုက်၏။

ဆိုင်လုလင် ကပျာကယာ ထွက်သွားသည်။

ယောင်ဗွားမှာ ရှက်စွံ့ထူပူနေသလို အီလည်လည် ဖြစ်နေ သော ရှောင်လုံ၏မျက်နှာကြီးကို ကြည့်ကာ ရယ်ချင်သွားမိလေတော့ သည်။

ရှောင်လုံသည်လည်း ဆိုင်လုလင် ထွက်ခွာသွားတော့မှပင် သက်ပြင်းချနိုင်ခဲ့လေတော့သည်။

* * *

လ...။

ကောင်းကင်ပေါ်ဝယ် လဝန်းထွက်ပေါ်နေသည်။

ရောင်လုံသည် အိပ်မရသေးသဖြင့် အခန်းတံခါးဖွင့်ကာ ဝရန်တာသို့ ထွက်လာသည်။

ဝရန်တာအား စင်္ကြံလျှောက်လမ်းသဖွယ် ပြုလုပ်ထားပြီး တစ်ဘက်တွင် အခန်းကိုယ်စီ ရှိသည်။

အခြားအခန်းမှလည်း ဝရန်တာသို့ ထွက်၍ ရပေသည်။

ညလေများ တိုက်ခတ်လာသည်။

ရောင်လုံသည် လဝန်းအား ငေးကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်၏။

ထိုစဉ်...

သူနှင့် ဘေးဘက်အခန်းမှ တံခါးပွင့်သွားပြီး ယောင်ဝှား ထွက်လာသည်ကို တွေ့လိုက်ရ၏။

ရောင်လုံ မျက်မှောင်ကုပ်သွားသည်။

"မင်း မအိပ်သေးဘူးလား"

ယောင်ဝှားက ပြုံးယင်း...

"ရှင်ကရော"

ရောင်လုံ ပခုံးတွန့်ကာ...

"ကျုပ် မအိပ်ချင်သေးလို့ပါ"

ယောင်ဝှားက...

"ကျွန်မလဲ မျက်စိကြောင်ပြီး အိပ်မရ ဖြစ်နေမိတယ်"

ပြောယင်း သူမသည်လည်း လဝန်းအား ငေးကြည့်နေမိ



လေသည်။ အတန်ကြာမှ...

"လဝန်းဟာ အေးမြတာပဲနော်၊ မြင်ရသူအဖို့ ကြည်နူးစေတယ်"

သူမက စကားစလာသည်။

ရောင်လုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အရင်ကဆို ကျုပ် ဒီလို သာယာချမ်းမြေ့မှုတွေကို သတိမထားမိခဲ့ဘူး။ အခု ရက်ပိုင်းများမှပဲ သတိထား သိမြင်လာတော့တယ်"

ယောင်ဝှားက သူ့အား ဖျတ်ခနဲ ကြည့်ယင်း...

"ဓားထိန်းနတ်ဘဝက ရှင့်ကို ကြီးစိုးထားလို့ပါ၊ ရှင်ဟာ ဓားထိန်းနတ် မဟုတ်ဘဲ ရောင်လုံ ဖြစ်နေယင် ကောင်းမယ်လို့ ကျွန်မ တွေးမိပါတယ်"

ရောင်လုံ ပင့်သက်ရှိုက်လိုက်သည်။

"ကျုပ်က ဓားထိန်းနတ်ဘဝကို အသားကျနေခဲ့ပါပြီ"

ယောင်ဝှား ပြုံးလိုက်၏။

"ရှင်က ရောင်လုံဘဝကို ပိုင်ဆိုင်နိုင်သေးတာပဲ၊ ကျွန်မကတော့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ပဲ အမြဲရှိတယ်၊ ကျွန်မစိတ်ကူးကို ကျွန်မဘာသာ အကောင်အထည်ဖော်တယ်"

ရောင်လုံက...

"ဘာလဲ၊ မင်းက တလောကလုံး လှည့်ပတ်ပြီး သူ့ရဲ့ကောင်းရာမလို့လား"

ယောင်ဝှား ရယ်မောလိုက်သည်။,

"ကျွန်မက တွေ့ရမယ်လို့ စိတ်ထင်ယင် တစ်နေ့ တွေ့ရမှာပါရှင်"

ရှောင်လုံ သက်ပြင်းချလိုက်သည်။

"ငါ့ဘဝကတော့ မင်းလို မဟုတ်ခဲ့ဘူး။ ဓားထိန်းနတ်ဘဝကို ဆက်ပြီး စွန့်ပစ်နိုင်မယ် မထင်သေးဘူး"

"ဘာကြောင့်လဲ ရှင့်မှာ တာဝန်တွေ၊ ဖြေရှင်းစရာတွေ ရှိနေသေးလို့ မဟုတ်လား"

"သေချာတာပေါ့။ တကယ်တော့ ငါဟာ တစ်ယောက်တည်းပါ။ ငါ့နောက်ကျောမှာ ဘယ်သူမှ ရှိမနေဘူး။ ဓားထိန်းနတ်လမ်းစဉ်ကို အဆုံးအထိ ဆက်လျှောက်ရဦးမယ်"

ယောင်ဝှားက ရှောင်လုံအား ငေးကြည့်နေမိသည်။

သူမသည် ရှောင်လုံအား အဘယ်ကြောင့်မှန်းမသိ သနားကရုဏာသက်လာကာ ရှောင်လုံ၏ဘဝကိုလည်း စာနာလာမိလေသည်။

သူတို့သည် တစ်ယောက်ကိုတစ်ယောက် စကားမပြောဖြစ်ကြတော့ဘဲ စိုက်ကြည့်နေမိကြသည်။

အတန်ကြာမှ ရှောင်လုံက…

"ကဲ မနက်မိုးလင်းယင် သိမ်းငှက်မြို့ကို ခရီးဆက်ရဦးမယ်၊ စောစောအနားယူတော့"

ဟု ပြောလာသည်။ ယောင်ဝှား မငြင်းမိပါ။

"ကောင်းပါပြီ၊ ရှင်လဲ အနားယူသင့်ပြီ၊ ပြီးယင် အပြင်မှာ အေးတယ်"



ရှောင်လုံ ပြုံးလိုက်သည်။

"ကျုပ်ကို ဂရုစိုက်ဖော်ရတဲ့အတွက် ကျေးဇူးတင်မိပါတယ်"

ယောင်ဝှားလည်း ပြုံးလိုက်သည်။

သူတို့သည် တစ်ယောက်နှင့်တစ်ယောက် ပို၍ ရင်းရင်းနှီးနှီး ရှိလာကြောင်း နှစ်ဦးစလုံး နားလည်လိုက်မိကြလေတော့သည်။

* * *

မိသားစုစားသောက်ဆိုင်…။

မြင်းတစ်စီး ရောက်ရှိလာသည်။

မြင်းစီးသမားသည် စားသောက်ဆိုင်ထဲ တန်းတန်းမတ်မတ် ဝင်သွားသည်။

မြင်းစီးသမားမှာ ငယ်ရွယ်နုနယ်သော မိန်းကလေးတစ်ဦးဖြစ်၍ စားသောက်နေသူအချို့ အကဲခတ်ကြည့်လာကြလေသည်။

မိန်းကလေး၏မျက်နှာပေါ် ဝယ် ဓာပဝါတစ်ခု ဖုံးအုပ်ထားသည်။

ထို့ကြောင့်…

ရုပ်သွင်အား မမြင်ရပါ။

ကိုယ်လုံးကိုယ်ပေါက် အချိုးအစားကျ၍ ချောမောသူ ဖြစ်ရသည်ဟု ခန့်မှန်းရနိုင်ပေသည်။

သို့သော် မြင်ရုံနှင့်ပင် ထိုမိန်းကလေးမှာ အထက်တန်းကျသူပြီး သာမန်မိန်းကလေး မဟုတ်ဟု သိသာလှသည်။

မှန်ပေသည်။

ထိုမိန်းကလေးမှာ ရုပ်ချောသလောက် အေးစက်တင်းမာသော မျက်နှာထားရှိသည့် မာနခဲ မုကျူးလှုံ့ပင် ဖြစ်ပေတော့သည်။

* * *

မုကျူးလှုံ့သည် အစားအသောက် အနည်းငယ်သာ စားပြီး လက်စသတ်လိုက်၏။

သူမက စားသောက်လိုစိတ် မရှိတော့ပါ။

သူမ ခြေရာခံလိုက်ခဲ့သော ရှောင်လုံသည် ခြေရာခံ မရ အောင်ပင် စုန်းစုန်းမြုပ် ပျောက်ကွယ်သွားခဲ့သည် မဟုတ်ပါလား။

သူမသည် မရေမရာ လိုက်ရာယင်းမှ ဤမြို့သို့ ရောက်လာခဲ့ရခြင်းပင် ဖြစ်သည်။

ဆိုင်ရှင်သည် ကိုယ်တိုင်ပင် တည်ခင်းကာ ဧည့်ခံနေ၏။

အထက်တန်းကျကာ ငွေကြေးချမ်းသာပုံရသဖြင့် ဈေးနှုန်း တင်ရန် ဖားနေခြင်းသာ ဖြစ်သည်။

သူက လွန်ခဲ့သော တစ်ရက်ခန့်မှလဲ ရွှေပြားတစ်ခုကို အချောင်ဈေးနှင့် ရလိုက်သည် မဟုတ်ပါလား။

ထိုရွှေပြားမှာ တန်ဖိုးကြီးလှသည့်အပြင် လက်ရာမြောက်စွာ ထုလုပ်ထား၍ သူက ငွေကြိုးလေးဖြင့် ခါးတွင် ချိတ်ဆွဲထားခဲ့လေသည်။

မုကျူးလှုံ့သည် မျက်နှာချိုသွေးနေသော ဆိုင်ရှင်အား မြင်



ပြင်းကပ်လာသည်။

သူမက မောင်းထုတ်လိုက်မည်ဟု စိတ်ကူးမိသည်။

သို့သော်...

ဆိုင်ရှင်၏ခါးတွင် ချိတ်ဆွဲထားသော ရွှေပြားလေးကို မြင်လျှင် မမောင်းထုတ်မိတော့ချေ။

သူမသည် မျက်စိအလွန်လျင်သူပီပီ ရွှေပြားလေးပေါ်မှ ထူးခြားသော ဖျက်ရာများကို သတိပြုမိသွားသည်။

ထိုရွှေပြားလေးသည် လက်ရာမြောက်ပြီး တံဆိပ်ပြားတစ်ခုနှင့် တူနေ၏။

ထိုကဲ့သို့ တံဆိပ်ပြားမျိုး သူမတွေ့ဖူးကြောင်း သတိရလာလျှင် မျက်နှာတစ်ခုလုံး ပြုံးရွှင်လာတော့သည်။

ယင်းတံဆိပ်ပြားသည် ရှောင်လုံ၏ဓားသေတ္တာမှ တံဆိပ်ပြား ဖြစ်ကြောင်းလည်း ရိပ်စားမိလာသည်။

"ဓားထိန်းနတ် ဘယ်ပြေးမလဲ"

စိတ်ထဲမှ ကြုံးဝါးလိုက်သည်။

ရှောင်လုံသည် ဤစားသောက်ဆိုင်၌ ဝင်ရောက်စားသောက်သွားသည်မှာ သေချာလှပေသည်။

ဤသို့ဆိုလျှင်...

သူမသည် ရှောင်လုံအား ခြေရာခံမိပြီ ဖြစ်၍ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ထိုင်ရာမှ ထလိုက်၏။

စားပွဲပေါ် ရွှေဒင်္ဂါးတစ်ပြား တင်ခဲ့ပြီး ဆိုင်ထဲမှ ထွက်ခွာသွားလေသည်။

ဆိုင်ရှင်မှာ ရွှေဒင်္ဂါးအား ကြည့်ပြီး မျက်လုံးပြူးသွားမိ၏။

ရွှေဒင်္ဂါးပြား၏တန်ဖိုးမှာ နှစ်ထောင်ခန့် ရှိကြောင်း မြင်ရုံနှင့်ပင် သိလိုက်သည်။

မိန်းကလေး စားသောက်သွားသည်မှာ သုံးရာပင် မပြည့်ပါ။

သူက ရွှေဒင်္ဂါးပြားအား ကောက်ယူလိုက်စဉ်မှာပင် ဆိုင်ရှေ့မှ မြင်းစီးသံကြား၍ ကပျာကယာ ထွက်ကြည့်လိုက်၏။

ထိုအခါ...

မှုကူးလျှံက မြင်းကို စိုင်းနှင်သွားသည်ကို တွေ့လိုက်ရ၏။

ဆိုင်ရှင်၏မျက်နှာပေါ်၀ယ် ကျေနပ်ဝမ်းသာသော အရိပ်အယောင်များ ထွက်ပေါ်လာသည်။

"ငါသိပ်ကံကောင်းပါလား။ တစ်နေ့က ရွှေပြားရခဲ့တယ်၊ အခုလဲ ရွှေဒင်္ဂါးရပြန်ပြီ"

သူက မနေနိုင်တော့ဘဲ ရေရွတ်လိုက်မိလေတော့သည်။

* * *



## လှည့်ကွက်

သိမ်းငှက်မြို့...။

မြောင်ကျွန်းနယ်စပ်တွင် ရှိသော မြို့ကြီးတစ်မြို့ ဖြစ်သည်။

သိမ်းငှက်မြို့သည် ကုန်သွယ်ရေး အချက်အချာကျသော မြို့ကြီး ဖြစ်သည်။

တောင်စဉ်တောင်တန်းများ။ လွင်ပြင်များလည်း ဝိုင်းရံတားဆီးထားသည်။

တောင်တန်းများမှ ဖြတ်ကျော်လျှင် မွန်ဂို၊ မြောင်နယ်ခြားသို့ ရောက်သည်။

လွင်ပြင်များမှ ဖြတ်ကျော်လျှင် သဲကန္တာရ၊ တိဗက် ဒေသများသို့ ရောက်သည်။

ထို့အပြင်...

မြောက်ပိုင်းနှင့် တောင်ပိုင်း ဆက်သွယ်ထားသော လမ်းမကြီးလည်း ရှိသည်။

မြောင်ကျွန်းနယ်မှာ ဝေးလံခေါင်သီလှသော်လည်း သိမ်းငှက်မြို့မှာမူ အချက်အချာကျသော နေရာတွင် ရှိ၍ တမူထူးခြားကာ စည်ကားလှေ့ရှိ၏။

သိမ်းငှက်မြို့သည် မြောင်ကျွန်းနယ်၏ အသည်းနှလုံးဟုပင် ခေါ်ဆိုရပေတော့မည်။

* * *

ရောင်လုံနှင့် ယောင်ဗွားတို့သည် သိမ်းငှက်မြို့ထဲ ရောက်ရှိလာပြီ ဖြစ်သည်။

စည်ကားသော ဈေးတန်းကြီးအား မြင်းကိုယ်စီဆွဲကာ ဖြတ်လျှောက်လာကြ၏။

သိမ်းငှက်မြို့၏ လူနေမှုစရိုက်နှင့် အဆောက်အအုံ ပုံစံတို့မှာ ပြည်မရှိ မြို့ကြီးပြကြီးများနှင့် မတူဘဲ တမူထူးခြားနေ၏။

ကျောက်တုံးဖြင့် ဆောက်ထားသော အဆောက်အအုံကြီးများ၊ မျှော်စင်များ အများအပြား ရှိသည်။

သစ်ရိပ်ဝါးရိပ်ဟူ၍ကား ရှားပါးလှပေသည်။

နေမွန်းတည့်ချိန်တွင် ပူပြင်းလှပြီး ညချမ်းဝယ် ခိုက်ခိုက်တုန်အောင် ချမ်းနေသည်မှာလည်း ထူးခြားသော သဘာဝ ဖြစ်စဉ်ပင်။

အချို့ကမူ ကန္တာရနှင့် နီးကပ်နေခြင်းကြောင့်ဟု ယုံကြည်မှတ်တင်ထားကြသည်။

မည်သို့ဆိုစေ...



ယောင်ဗွားမှာ မြင်မြင်သမျှ အထူးအဆန်းကြီးများသဖွယ် ငံကာ လိုက်လံငေးမောကြည့်နေ၏။

သိမ်းငှက်မြို့ရှိ လူများမှာလည်း ဝတ်ရုံရှည်များ၊ ခမောက်များ ဝတ်ဆင်ထားသလို မျက်နှာတွင်လည်း ပဝါများ စည်းနှောင်သွားကြ၏။

ရောင်လုံက ငေးမောကြည့်နေသော ယောင်ဗွားအား တစ်ချက်ကြည့်ယင်း...

"ဒီမြို့ကို မင်း တစ်ခါမှ မရောက်ဖူးဘူး ထင်တယ်"

ဟု မေးလိုက်သည်။

ယောင်ဗွားက သူ့အား ပြန်ကြည့်ယင်း...

"ဟုတ်တယ်၊ ကျွန်မ တစ်ခါမှ မရောက်ဖူးဘူး၊ ဒီမြို့ပုံစံနဲ့ လူနေမှုစရိုက်ဟာ ပြည်မနဲ့ အတော်လေး ကွာခြားတာပဲနော်"

ရောင်လုံက သက်ပြင်းချယင်း...

"ဟုတ်တယ်၊ ဟိုးအရင်က ကန္တာရသိမ်းငှက်ဟာ ဒီမြို့ကို သည်ဆောက်နေထိုင်သွားတယ်လို့ ဆိုကြတယ်၊ ဒါကြောင့် သိမ်းငှက်မြို့လို့ အမည်ပေးခဲ့တာပေါ့၊ နောက်ပိုင်း ကန္တာရသိမ်းငှက်ဟာ သဲကန္တာရထဲ ပြန်သွားပြီး သိမ်းငှက်မြို့တော်မှာပဲ အခြေချ နေထိုင်တော့တယ်၊ ဒီမှာ သူနေထိုင်စဉ်အတွင်း သူတို့ရဲ့ ကန္တာရဓလေ့တွေ ပြန့်ပွားခဲ့တာလို့ လူတွေ ပြောကြတယ်၊ ဒီသတင်းဟာ တကယ်လား၊ ကောလဟာလလားဆိုတာ ဘယ်သူမှ တိတိကျကျ မသိခဲ့ကြဘူး"

ယောင်ဗွားမှာ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေ၏။

ထိုစဉ် သိုင်းသမားတစ်ဦးသည် ဓရးကြီးသုတ်ပျာဖြင့် ဈေး

တန်းတစ်ဘက်ရှိ အဆောက်အုံတစ်ခုထဲ ဝင်သွားသည်ကို မျက်စိလျှင်လှသော ရှောင်လုံက တွေ့မြင်သွားသည်။

ထူးခြားသော အခြေအနေကြောင့် အကဲခတ်ကြည့်ရှုလိုက်သည်။

ထိုအခါ...

အဆောက်အအုံ တစ်နေရာ၌ ခြသေ့်ပုံဆွဲထားသော အလံတစ်ခု ချိတ်ဆွဲထားကြောင်း တွေ့လိုက်ရ၏။

ရှောင်လုံ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာသည်။

ဤမြို့၌ အခြေချထားသော ခြသေ့်ဂိုဏ်းသည် မဟာမိတ်ဂိုဏ်း၏ လက်အောက်ခံ ဖြစ်သည်ကို သူက အမှတ်ရလိုက်သည်။

ဤမြို့၌ ဖြစ်ပေါ်လာတော့မည့် ထူးခြားချက်သည် ခြသေ့်ဂိုဏ်းမှ စတင် ဖြစ်ပေါ်လာနိုင်ဖွယ် ရှိသည်ဟု ရှောင်လုံ သုံးသပ်လိုက်မိသည်။

သူ၏ဦးခေါင်းထဲ အစီအစဉ်များ ရေးဆွဲကာ အကွက်ချလိုက်၏။ သူက ငေးငိုင်နေသည်ကို မြင်လျှင် ယောင်ဝှားက...

"ရှင် ဘာတွေ စဉ်းစားနေတာလဲ"

ဟု မေးလိုက်သည်။

ရှောင်လုံ သတိဝင်လာသည်။

ချက်ချင်းပင် ပြုံးပြယင်း...

"ကျုပ်က မင်းကို အင်္ကျီတစ်စုံထည်လောက် ဝယ်ပေးယင် ကောင်းမယ်လို့ စဉ်းစားမိလာလို့ပါ"



ထိုစကားကြားလျှင် ယောင်ဝှား အံ့သြသွားဟန်ဖြင့်...

"ရှင် တကယ် ပြောတာလား"

ရှောင်လုံ ခေါင်းညိတ်လိုက်သည်။

"တကယ်ပါ"

ယောင်ဝှားမှာ ကလေးငယ်တစ်ဦးလို မြူးတူးသွက်လက်သွားလေသည်။

သူမက ရှောင်လုံ၏လက်အား ဆွဲကာ...

"ဒါဖြင့် ဟိုရှေ့က အထည်ဆိုင်မှာ ဝင်ရွေးကြတာပေါ့"

"ကောင်းပါပြီဗျာ"

ရှောင်လုံ ပြုံး၍ ခေါင်းညိတ်လိုက်လေတော့သည်။

* * *

"ကြည့်စမ်း၊ ဒီဝတ်စုံနဲ့ လိုက်လား"

အတွင်းဘက်ခန်းမှ ထွက်လာသော ယောင်ဝှားက မေးလာ၏။

သူမသည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ပဝါဖြူတစ်ထည် လည်ပင်း၌ စည်းနှောင်ထား၏။

ထိုအဖြူရောင်ဝတ်စုံနှင့် ယောင်ဝှားမှာ အလွန်ပင် လိုက်ဖက်လှပါသည်။

ရှောင်လုံ ခေါင်းညိတ်လိုက်သည်။

"သိပ်လိုက်တာပေါ့၊ မင်းက ပိုလှလာတယ်"

ယောင်ဝှား ကျေနပ်သွားသည်။

ရှောင်လုံက လက်ထဲမှ မီးခိုးရောင်ဝတ်စုံကို လှမ်းပေးလိုက်ယင်း...

"ဒီဝတ်စုံကို ဝတ်ကြည့်ပါဦး။ မင်းပုံစံနဲ့ဆို တစ်မျိုးလေး ထူးခြားမယ် ထင်တယ်"

ဟု ပြောလိုက်သည်။

ရှောင်လုံက မိမိအား ဂရုတစိုက် ရှိလှ၍ ယောင်ဝှား ကြည်နူးသွားမိသည်။

သူမက မီးခိုးရောင်ဝတ်စုံကို လှမ်းယူကာ အတွင်းဘက်ခန်းသို့ ဝင်သွား၏။

မကြာမီ ပြန်ထွက်လာ၏။

သူမက...

"ဒီဝတ်စုံက သိုင်းသမားဝတ်စုံနဲ့ တူနေတယ်"

ဟု ပြောလာသည်။

မီးခိုးရောင်ဝတ်စုံမှာ အနည်းငယ်ပွပြီး မိန်းကလေးတစ်ဦး၏ ခန္ဓာကိုယ် အချိုးအဆစ်ကို ဖုံးကွယ်ထား၏။

ရှောင်လုံ ပြုံးလိုက်သည်။

"ဒီလိုဆိုတော့လဲ မင်းဟာ သိုင်းသမားတစ်ဦးနဲ့ တူသွားပါလား၊ ဒါလဲ တစ်မျိုးလေး ကြည့်လို့ ကောင်းတာပဲ"

အမှန်တော့ ဤဝတ်စုံအား ယောင်ဝှားက မကြိုက်ပါ။

သို့သော် ရှောင်လုံက လိုက်သည်ဟု ပြော၍ စောဒက မတက်တော့ချေ။



ရှောင်လုံက ဓားတစ်လက် လှမ်းပေးလိုက်သည်။

ယောင်ဝှား ကြောင်အမ်းအမ်းဖြင့် လှမ်းယူလိုက်သည်။

"ဒါဘာလုပ်ဖို့လဲ"

ရှောင်လုံက ခြသေ့်ဂိုဏ်း အဆောက်အဦးအား ညွှန်ပြယင်း...

"အဲဒီ အဆောက်အဦးထဲမှာ ငါ့မိတ်ဆွေတစ်ဦး ရှိတယ်၊ ဟောသည်စာ သွားပေး,ပေးပါ"

ပြောယင်း စာအိတ်တစ်လုံး ထုတ်ပေးလိုက်၏။

ယောင်ဝှား မျက်မှောင်ကုပ်သွားသည်။

"ဒီစာကို ရှင့်ကိုယ်စား သွားပေးရမယ် ဟုတ်လား"

ရှောင်လုံ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

"ကျွန်မက မိန်းကလေးဆိုတော့.."

သူမ၏စကားမဆုံးမီ ရှောင်လုံက ခမောက်တစ်လုံးယူကာ ဆောင်းပေးလိုက်သည်။

"အခုဆို မင်းဟာ မိန်းကလေးလို့ ဘယ်သူကမှ သိတော့မှာ မဟုတ်ဘူး"

သူက ဓာပဝါတစ်ထည်အား မျက်နှာတွင်ပါ ဖုံးအုပ်ပေးလိုက်သည်။

ယောင်ဝှားမှာ အဘယ်ကြောင့်မှန်းမသိ။ ရှောင်လုံ၏ ပြုညပ်နေပေးပုံများကို သာယာသလို ရှိနေ၏။

သူမက စာအိတ်ကို လှမ်းယူလိုက်ပြီး...

"ကောင်းပြီလေ၊ ကျွန်မသွားပေးလိုက်ပါ့မယ်"

ရှောင်လုံ ကျေနပ်သွားလေသည်။

"အန္တရာယ်အတွက် မပူနဲ့၊ မင်းကို ငါစောင့်ရှောက်ပေးမှာပါ"

ယောင်ဝှား နှစ်ခြိုက်စွာ တစ်ချက်ပြုံးလိုက်၏။

ထို့နောက် ခြင်္သေ့ဂိုဏ်း အဆောက်အအုံဆီသို့ ခပ်သွက်သွက် လျှောက်လှမ်းသွားလေသည်။

သူမအား စိုက်ကြည့်နေသော ရှောင်လုံ၏မျက်လုံးထဲ၌ ထူးခြားသော အရိပ်အယောင်များ ရုတ်ခြည်းပင် ပေါ်ထွက်လာတော့သည်။

* * *

ခြင်္သေ့ဂိုဏ်း အဆောက်အအုံထဲဝယ် သိုင်းသမားများ အလုပ်ရှုပ်နေကြသည်။

အထုပ်များကိုယ်ဆီ သယ်ဆောင်သွားသူများ၊ အထုပ်အပိုး ပြင်ဆင်နေကြသူများ၊ သေတ္တာများ ထုတ်ယူသွားသူများဖြင့် ရှုပ်ထွေးနေ၏။

ယောင်ဝှားသည် အဆောက်အအုံထဲ ခပ်တည်တည်ဖြင့် ဝင်ရောက်လာသည်။

သူမ ဧည့်ခန်းဆောင်အတွင်းရောက်မှ ခြင်္သေ့ဂိုဏ်းသား အချို့ သတိထားမိလာကြသည်။

"ဟေ့ ဘယ်သူလဲ ရပ်စမ်း"



အော်ငေါက်ဟန့်တားယင်း ဝိုင်းရံလာကြ၏။

ထိုစဉ်မှာပင် စာရွက်စာတမ်းများ ကိုင်ဆောင်လာသူတစ်ဦး ရောက်ရှိလာသည်။

ထိုလူသည် ရွှေရောင်အနားကွပ်အင်္ကျီရှည် ဝတ်ဆင်ထားသည်။

အင်္ကျီရင်ဘတ်ပေါ်ဝယ် ခြင်္သေ့ရုပ်ပုံအား ရွှေချည်ဖြင့် ရေးဆိုးထားပေသည်။

ထိုသူကား ခြင်္သေ့ဂိုဏ်းချုပ်ထိန့်ဝမ်း ဖြစ်သည်။

ယနေ့ဝယ် မဟာမိတ်ဂိုဏ်းမှ လျှို့ဝှက်အရေးပေါ် စာရွက်စာတမ်းများ ရောက်ရှိလာ၍ သူက အလုပ်ရှုပ်နေရသည် မဟုတ်ပါလား။

ထိန့်ဝမ်းသည် ယောင်ဝှားအား မြင်လျှင် ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

"မင်း ဘယ်သူလဲ၊ ဘာကြောင့် ခွင့်မတောင်းဘဲ ဝင်လာခဲ့ရတာလဲ"

မကျေနပ်သော လေသံဖြင့် မေးလိုက်သည်။

ယောင်ဝှား အကြံအိုက်သွားသည်။

ရှောင်လုံက မည်သူမည်ဝါအား ပေးရမည်ဟု မမှာလိုက်ပါချေ။

သူမက အမျိုးမျိုး တွေးတောစဉ်းစားနေလိုက်၏။

ထိန့်ဝမ်းက...

"ပြောစမ်း၊ ဘာလာလုပ်တာလဲ"၊

ယောင်ဝှားက ခပ်တည်တည်ဖြင့်...

“စာလာပေးတာ”

ထိုစကားကြောင့် ထိန်ဝမ်း အံ့သြသွားသည်။

“စာ ဟုတ်လား”

ယောင်ဝှားက စာအိတ်ကို ထုတ်ပြယင်း...

“ဟုတ်တယ်”

ထိန်ဝမ်းက ဂိုဏ်းသားတစ်ယောက်အား မေးဆတ်ပြလိုက်သည်။

ဂိုဏ်းသားက ယောင်ဝှားထံမှ စာကို လှမ်းယူကာ ထိန်ဝမ်းအား သွားပေးလိုက်သည်။

ထိန်ဝမ်းက စာအိတ်အား ဖောက်ကာ စာကို ဖတ်ကြည့်လိုက်သည်။

စာထဲ၌...

“ဓားထိန်းနတ်ရောင်လုံ အကြောင်း ကြားဖူးမှာပါ၊ ငါဟာ ရောင်လုံပဲ”

ဟု တိုတိုတုတ်တုတ် ရေးထား၏။

“ဟင်”

စာကို ဖတ်ပြီး ထိန်ဝမ်း မျက်လုံးပြူးသွားသည်။

ယောင်ဝှားအား အထိတ်တလန့်ဖြင့် ကြည့်ကာ...

“ရောင်လုံ”

ဟု ရေရွတ်လိုက်၏။

ထိန်ဝမ်း၏အမူအရာ စကားသံကြောင့် ယောင်ဝှားပင်



ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သူမသည် စာကို ဖတ်မကြည့်ခဲ့၍ ဘာရေးထားမှန်း မသိခဲ့။

ထိန်ဝမ်းက နောက်ဆုတ်သွားယင်း...

“ဟော့ ရောင်လုံကို ဝိုင်းတိုက်ကြစမ်း”

ကပျာကယာ အော်ဟစ်လိုက်သည်။

ဂိုဏ်းသားများ ဝိုင်းအုံလာကြသည်။

ရောင်လုံက မိမိအား အသုံးချလိုက်မှန်း ရိပ်စားမိလျှင် ယောင်ဝှား ဒေါသထွက်သွားမိသည်။

သို့သော် ချက်ချင်းမျိုသိပ်ထားလိုက်ရသည်။

ယခုလောလောဆယ် ဤနေရာမှ လွတ်ဖို့ အရေးကြီးသည် မဟုတ်ပါလား။

“ခွမ်း”

သူမက ဓားကို ဆွဲထုတ်လိုက်သည်။

လက်ထဲ ဝှေ့ယမ်းကာ...

“ကျုပ် လူမသတ်ချင်ဘူး၊ မသေချင်ယင် ဘေးဖယ်နေ”

ရောင်လုံ၏လေသံနှင့် တုပကာ ပြောလိုက်၏။

ဂိုဏ်းသားများမှာ ရောင်လုံအား အမည်ကြားသည်နှင့်ပင် ကြောက်ရွံ့တုန်လှုပ်နေရကား ယောင်ဝှားက ဓားဆွဲထုတ်လိုက်သည်နှင့် ထိတ်လန့်သွားကြ၏။

ချက်ချင်းပင် နောက်ဆုတ်သွားကြသည်။

ဓားထိန်းနတ်၏ ကြောက်မက်ဖွယ်ကောင်းပုံကို သူတို့က

နားနှင့် မဆန့်အောင်ပင် ကြားဖူးခဲ့၍ ဖြစ်သည်။

ထိန်ဝမ်းက စိတ်လှုပ်ရှားမှုကို ထိန်းချုပ်ကာ...

"ရှောင်လုံ၊ မင်း ဒီကို ဘာလာလုပ်တာလဲ"

ယောင်ဝှားက ရှောင်လုံ ပြောဖူးသော စကားအချို့ကို သတိရလာ၏။

ထို့ကြောင့် ထိုအတိုင်းပင် တုပ၍ ပြောလိုက်၏။

"ဓားထိန်းနတ် လမ်းစဉ်ကို အဆုံးထိ ဆက်လျှောက်ဦးမယ်လေ"

ထိုစကားကြောင့် ထိန်ဝမ်း မျက်စိမျက်နှာ ပျက်သွား၏။

"မင်း..."

"ကျုပ်နောက်ကျောမှာ ဘယ်သူမှ မရှိဘူး"

ထိန်ဝမ်း၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

ဓားထိန်းနတ်သည် ဤနေရာ၌ မိမိတို့က လျှို့ဝှက်အဆောက်အသွယ်များ ပြုလုပ်ဆောင်ရွက်ပေးနေခြင်းကို သိသွားပြီး ဖြိုခွဲရန် ရောက်လာသည်ဟု ထင်မှတ်သွားကာ အကြီးအကျယ် တုန်လှုပ်သွားမိလေတော့သည်။

* * *



အခန်းတစ်ခုအကွယ်မှ လူတစ်ယောက်သည် ယောင်ဝှား ပြောသည့် စကားများအား တိတ်တဆိတ် နားထောင်နေ၏။

ထိုလူသည် တစ်ချိန်က ရှောင်လုံ၏ယယ်သားတစ်ဦး ဖြစ်သည်။

ရှီဝူ သစ္စာဖောက်သွားသောအခါ သူက ရှီဝူ၏တပည့် ခံခဲ့ခြင်းပင်။

သူက ရှောင်လုံ၏ အမူအကျင့်များအား နားလည်ထားပေသည်။

ရှောင်လုံ ယခုလို ဖြုန်းစားကြီး ရောက်လာခြင်းသည် ကောင်းသော လက္ခဏာ မဟုတ်ပါ။

သူက တွေးယင်း စိုးရိမ်ပူပန်လာမိသည်။

ချက်ချင်းပင် လျှို့ဝှက်တံခါးပေါက်မှ ပြေးထွက်ခဲ့သည်။

မကြာမီ အနောက်ဘက် အဆောင်သို့ ရောက်ရှိလာသည်။

အနောက်ဘက်အဆောင် ဝဲဘက်ဝယ် အိမ်အိုဟောင်းတစ်လုံး ရှိနေ၏။

ထိုလူက အိမ်အိုဟောင်းအတွင်း လှမ်းဝင်လိုက်သည်။

အထဲဝယ် သံတံခါး အထပ်ထပ်ဖြင့် ခမ်းနားစွာ တည်ဆောက်ထားသည်။

အိမ်အိုဟောင်းသည် ခြသေ့်ဂိုဏ်း၏ လျှို့ဝှက်သီးသန့်နေရာပင် ဖြစ်နေပေတော့သည်။

* * *

သိုင်းသမားသည် သံတံခါးသုံးခုအား ဖြတ်ကျော်ပြီးနောက် ဗီရိုများ အစီအရီ ရှိနေသော အခန်းအတွင်းသို့ ဝင်လာခဲ့သည်။

သူက ဒုတိယမြောက် ဗီရိုအား ဖွင့်လိုက်သည်။

အထဲဝယ် သေတ္တာငယ်တစ်လုံး ထွက်လာသည်။

သိုင်းသမားက အင်္ကျီရင်ဘတ်ကြားထဲမှ စာအိတ်ရှည် တစ်လုံးဆွဲယူကာ သေတ္တာထဲ လျှို့ဝှက်စွာ ထည့်သွင်းလိုက်၏။

သူ၏လုပ်ကိုင်မှုအား လူတစ်ယောက်က တိတ်တဆိတ် ချောင်းကြည့်နေသည်ကို သတိမထားမိပါ။

ဗီရိုထဲ သေတ္တာပြန်ထည့်ကာ သိုင်းသမား ပြန်လည် ထွက်ခွာသွားသည်။

ထိုအခါမှ ပုန်းကွယ်နေသောလူသည် ဘွားခနဲ ထွက်ပေါ်လာလေသည်။

ထိုလူကား ရှောင်လုံပင် ဖြစ်နေပေတော့သည်။

* * *



## လျှို့ဝှက်ချက်

ဗီရိုတံခါး ပွင့်နေသည်။

ထို့အတူ...

သေတ္တာငယ်အတွင်းမှ စာအိတ်ရှည်သည် ရှောင်လုံ၏လက်ထဲ ရောက်ရှိနေပြီ ဖြစ်သည်။

သူက ယောင်ဝှားဖြင့် အသုံးပြု လှည့်စားကာ လျှို့ဝှက်ချက်ကို ဖော်ထုတ်ခဲ့ခြင်းပင် ဖြစ်သည်။

ရှောင်လုံက စာအိတ်ရှည်အား ဖောက်ကာ စာကိုဖတ်ကြည့်လိုက်လေသည်။

စာထဲ၌...

"ရွှေချောင်းသေတ္တာများ ဒီနေ့ပဲ ပို့မယ်၊ ပွဲတော်နောက်ဆုံးရက် အစီအစဉ်စမယ်"

ဟု ရေးသားထားသည်။

ရှောင်လုံ မျက်မှောင်ကုပ်သွားသည်။

"ရွှေချောင်းတွေ ဒီနေ့ ပို့မယ်ဆိုတာ ဘာအဓိပ္ပါယ်လဲ၊ အစီအစဉ်စမယ်ဆိုတာကကော"

သူက မေးစေ့အား လက်ဖြင့် ပွတ်ကာ ခေါင်းအေးအေးထား၍ စဉ်းစားလိုက်သည်။

ထိုအခါ...

အခြေအနေကို အနီးကပ်ဆုံး သုံးသပ်လာမိတော့သည်။

"ဟုတ်ပြီ၊ ရွှေချောင်းတွေဟာ မဟာတံဆိပ်တုံးနဲ့ လဲလှယ်ဖို့အတွက် ဖြစ်မယ်၊ အစီအစဉ်စမယ် ဆိုတာက လျှို့ဝှက်အစည်းအဝေး ကျင်းပမှာကို ရည်ညွှန်းတာပဲ ဖြစ်ရမယ်"

သူက စိတ်ထဲ လှုပ်ရှားလာသည်။

အကြံအစည်ဆိုးများအား ကြိုးကိုင်သူများကို ဖော်ထုတ်နိုင်တော့မည် မဟုတ်ပါလား။

သူက ရင်ဘတ်ထဲမှ စာအိတ်ရှည်တစ်လုံး ထုတ်ယူကာ လျှို့ဝှက်စာများအား ထည့်သွင်းချိပ်ပိတ်လိုက်သည်။

ထို့နောက် ခြေရာလက်ရာမပျက် ပြန်လည်ထားရှိလိုက်သည်။

ထိုစဉ် ခြေသံသဲ့သဲ့ကြား၍ ချက်ချင်းပင် အမိုးထုတ်တန်းဆီ ခုန်တက်လိုက်သည်။

မရေးမနှောင်းမှာပင် မြင်းလှည်းသမားတစ်ဦး ဝင်ရောက်လာသည်။

မြင်းလှည်းသမား၏လှုပ်ရှားဟန်ကို ကြည့်ရုံနှင့်ပင် အဆင့်



မြင့် သိုင်းသမားတစ်ဦးဟု ခန့်မှန်းမိပေသည်။

မြင်းလှည်းသမားသည် ဗီရိုအတွင်း သေတ္တာငယ်ထဲမှ စာအိတ်ရှည်ကို ထုတ်ယူကာ ရင်ဘတ်ကြားသို့ ထိုးသွင်းလိုက်၏။

ထို့နောက် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားသည်။

ရှောင်လုံ မျက်မှောင်ကုပ်သွားသည်။

"လျှို့ဝှက်ချက် ပို့ဆောင်ဆက်သွယ်သူပဲ ဖြစ်ရမယ်"

သူက ချက်ချင်းပင် အမိုးအုတ်ကြွပ်အား ခွာကာ အပေါ်သို့ ဘက်ခဲ့သည်။

ထိုအခါ ပတ်ဝန်းကျင်တစ်ဝိုက် ကောင်းစွာပင် အပေါ်စီးမှ မြင်လိုက်ရသည်။

မြင်းလှည်းသမားသည် ဝါးရုံပင်များ အုံ့ဆိုင်းရာ မြို့တံတိုင်းဘက် ဦးတည်သွားနေ၏။

ထို့နောက် ဝါးရုံပင်များကြား တိုးဝင်သွားပြီး ပြန်ထွက်လာတော့ပါ။

ရှောင်လုံ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ထိုစဉ် မြို့တံတိုင်း အပြင်ဘက်မှ မြင်းလှည်းတစ်စီး မောင်းထွက်သွားသည်ကို တွေ့လိုက်ရ၏။

မြင်းလှည်းမောင်းသမားမှာ လျှို့ဝှက်စာ ယူဆောင်သွားသူပင် ဖြစ်ကြောင်း ရှောင်လုံ သိလိုက်ရသည်။

တဆက်တည်းပင် မြို့တံတိုင်းတစ်ဘက်၌ မြင်းလှည်းဂိတ်တစ်ခု ရှိကြောင်း သိလိုက်ရ၏။

အခြေအနေများကို ရှောင်လုံ သုံးသပ်သွားမိလေသည်။

သူက ချက်ချင်းပင် သတ်မှတ်ချက် မြေပုံတစ်ခု ချက်ချင်းပင် ရေးဆွဲလိုက်၏။

ထို့နောက်...

အုတ်ကြွပ်မိုးအား အသာပြန်တပ်ယင်း အောက်သို့ ပေါ့ပါးစွာ ခုန်ဆင်းလိုက်လေတော့သည်။

* * *

ထိန်ဝမ်း၏ရင်ထဲ ပူလောင်နေသည်။

ရှောင်လုံသည် သူ့အကြောင်း ဖော်ထုတ်မည်ကို စိုးရိမ်လာသည်။

ထို့ကြောင့်...

မထူးဟု သဘောပိုက်ကာ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်လေသည်။

"ဟေ့ကောင်တွေ တိုက်ကြစမ်း။ သူသာ လွတ်သွားယင် နောက်နေ့ ခြသေ့်ဂိုဏ်းဆိုတာ ရှိတော့မှာ မဟုတ်ဘူး"

ဂိုဏ်းသားများ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

လက်နက်များ ဆွဲထုတ်ကာ ရှေ့တိုးလာကြ၏။

ယောင်ဝှား ထိတ်လန့်သွားသည်။

ဝင်ပေါက်အနီးမှ လူများထံ ခုန်ဝင်သွားသည်။

ထိုလူများ ခုန်ဆုတ်လိုက်လျှင် သူမက ပြေးထွက်သွားသည်။



ဂိုဏ်းသားတစ်ဦးက ကြောက်ကြောက်လန့်လန့်ဖြင့် ဓားနှင့် ခေါ်ချလာရာ သူမခေါင်းငုံ့၍ ရှောင်တိမ်းလိုက်ရ၏။

ထိုအခါ ခမောက်မှာ လွင့်ထွက်သွားသည်။

ထိန်ဝမ်း မျက်လုံးပြူးသွားသည်။

"ဟာ မိန်းကလေးတစ်ဦးပါလား"

ချက်ချင်းပင် ဒေါသထွက်ကာ...

"အဲဒီ မိန်းကလေးကို မိအောင် ဖမ်းကြစမ်း"

အော်ဟစ်အမိန့်ပေးလိုက်သည်။

ရှောင်လုံ မဟုတ်မှန်း သိသွားကြသော ခြသေ့်ဂိုဏ်းသားများသည် အမဲဖျက်တော့မည့်ပမာ ဝိုင်းအုံပြေးလွှားလာကြတော့သည်။

ယောင်ဝှားက ဓားလွတ်ချယင်း ခြေဦးတည့်ရာ ဒွတ်ပြေးသွားခဲ့တော့သည်။

အဆောက်အအုံကွေ့ချိုးတစ်ခုသို့ ရောက်လျှင် လူတစ်ယောက် ဘွားခနဲ ပေါ်လာ၍ ထိတ်လန့်သွားသည်။

သို့သော် ရှောင်လုံ ဖြစ်နေ၍ စိတ်အေးသွားသည်။

ရှောင်လုံက သူမ၏လက်ကို ဆွဲကာ အုတ်တံတိုင်းပေါ် ခုန်တက်ယင်း တစ်ဘက်သို့ ခုန်ချကာ ထွက်ပြေးလွတ်မြောက်သွားလေတော့သည်။

* * *

## အကြံတူ

ရှောင်လုံသည် မျှော်စင်တစ်ခုပေါ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

သူက ပတ်ဝန်းကျင် အခြေအနေအား အလွတ်မပေးဘဲ အကဲခတ်ကြည့်နေသည်။

ယောင်ဝှားမှာ ရှောင်လုံအား မကျေမနပ် ဖြစ်နေမိသည်။

ရှောင်လုံသည် သူမအား အသုံးချခဲ့သည် မဟုတ်ပါလား။

"ရှင်က ကျွန်မကို အသုံးချခဲ့တာ မဟုတ်လား"

မနေနိုင်တော့ဘဲ မေးလိုက်၏။

ရှောင်လုံက...

"ကျုပ်ကို အထင်မလွဲပါနဲ့၊ သူတို့ဆီက လျှို့ဝှက်ချက်ကို သိရအောင် အာရုံလှည့်စားနိုင်းလိုက်တာပါ"

"ကျွန်မ တစ်ခုခု ဖြစ်သွားယင် ဘယ်လိုလုပ်မလဲ"



ရှောင်လုံက အားပါးတရ ပြုံးလိုက်ယင်း...

"မင်းကို ကျုပ်က အထိခိုက်ခံမယ်လို့ ထင်နေသလား၊ ဒုက္ခရောက်စရာရှိယင် ကျုပ်က မင်းရှေ့က အရင်ကာကွယ်ပေးသွားမှာ ဆိုတာ မှတ်ထားပါ"

ထိုစကားကြောင့် ယောင်ဝှား၏ရင်ထဲ နွေးနွေးထွေးထွေး ဖြစ်သွားလေသည်။

ထို့ကြောင့် အထိုက်အမံ မပြောတော့ဘဲ ပါးစပ်ပိတ်ထား လိုက်လေသည်။

* * *

ခြသေ့်ဂိုဏ်း အဆောက်အအုံရှေ့ဝယ် အစောင့်အကြပ်များ သူထပ်စွာ ချထား၏။

ထိုအချိန်မှာပင် မြင်းစီးသမားတစ်စုသည် အဆောက်အအုံ ရှေ့ဝယ် ရပ်တန့်သွားကြ၏။

မြင်းလှည်းတစ်စီးလည်း အဆောက်အအုံ ခြံဝင်းထဲ ဝင်ရောက်သွားသည်။

မြင်းစီးသမားများအားလုံး ကြီးမားသော ခမောက်များ ဆောင်းထားပြီး အနက်ရောင်ဝတ်ရုံများ ခြုံလွှမ်းထားသောကြောင့် မည်သူမည်ဝါဟုပင် ခန့်မှန်း၍ မရပါချေ။

သို့သော် ရွှေချောင်းသယ်လာသော အဖွဲ့ ဖြစ်သည်ကိုကား ရှောင်လုံ သဘောပေါက်လိုက်သည်။

သူအကဲခတ်ကြည့်နေစဉ်မှာပင် မြင်းစီးသမားများအားလုံး ဝင်ရောက်သွားပြီး အဆောက်အအုံ ခြံဝင်းတံခါး ပြန်ပိတ်သွားသည်။

ဝင်ပေါက်ရှေ့ဝယ် ခြသေ့်ဂိုဏ်းသားများက နေရာယူ စောင့်ကြည့်နေလိုက်ကြလေသည်။

ရှောင်လုံ သက်ပြင်းချယင်း ပတ်ဝန်းကျင်အား တစ်ချက်ဝေ့ကြည့်လိုက်သည်။ ထိုအခါ...

အတော်လှမ်းသော အဆောက်အအုံတစ်ခု၏ အမိုးပေါ်၌ လူတစ်ယောက်သည် ရပ်ယင်း ခြသေ့်ဂိုဏ်း အဆောက်အဦးအား အကဲခတ်ကြည့်နေသည်ကို တွေ့လိုက်ရ၏။

ထိုလူ၏အသွင်အပြင်ကို ကြည့်ရုံနှင့်ပင် ကန္တာရထဲမှ လူတစ်ယောက် ဖြစ်ရမည်ဟု ခန့်မှန်းမိသည်။

သူက ချက်ချင်းပင် လူတစ်ယောက်အား သတိရလာသည်။

ကန္တာရ၏အရှင်သခင် သို့မဟုတ် သိမ်းငှက်သခင်လေး။

ရှောင်လုံ ပင့်သက်ရှိုက်လိုက်၏။

ယခု ကိစ္စတွင် သိမ်းငှက်သခင်လေး ပါဝင်လာနိုင်ဖွယ် ရှိကြောင်း တွေးမိ၍ပင်။

ထိုစဉ် အကဲခတ်ကြည့်နေသူသည် သူ့ဘက်လှည့်ကာ စူးစိုက်ကြည့်လာလေသည်။

ရှောင်လုံက ကျောခိုင်းလိုက်သည်။ ထို့နောက်...

ယောင်ဝှားရဲ၏လက်ကိုဆွဲကာ မျှော်စင်ပေါ်မှ ခပ်သွက်သွက် ဆင်းသွားလေတော့သည်။

* * *



လူဝကြီးစားသောက်ဆိုင်...

ဆိုင်ရှင်မှာ လူဝကြီး ဖြစ်နေ၍ ထိုအမည်တွင်သွားခြင်းပင် ဖြစ်သည်။

လူဝကြီးစားသောက်ဆိုင်တွင် အကောင်းဆုံးနှင့် အပြင်းဆုံးသော ကန္တာရနှစ်ရှို့အရက် ရရှိပေသည်။

ထို့အပြင် စုံလင်သော စားသောက်ဖွယ်ရာများလည်း ရရှိပေသည်။

ရှောင်လုံက ကန္တာရနှစ်ရှို့ အရက်တစ်အိုးနှင့် ယုန်ကင်တစ်ခြမ်း မှာလိုက်၏။

ယောင်ဝှားကမူ အသားကင်နှင့် ပဲဟင်းရည်တစ်ပွဲ မှာကြားစားသောက်လိုက်သည်။

ရှောင်လုံက ယုန်ကင်နှင့် အရက်ကို မြည်းယင်း လုပ်ဆောင်မည့် ကိစ္စများကို စဉ်းစားနေ၏။ ထိုစဉ်...

ခြေသံပြင်းပြင်းနှင့်အတူ လူတစ်စု ဆိုင်ထဲ ဝင်လာကြသည်။

ထိုလူများသည် ကန္တာရထဲ နေထိုင်သူ အဝတ်အစားများ ဝတ်ဆင်ထားကြသည်။

လက်နက်ကိုယ်စီ ချိတ်ဆွဲထားသည့်အပြင် တင်းမာ၍ မိုက်ကြိုးမိုက်ကန်း မျက်နှာထားမျိုး ရှိနေကြ၏။

ဆိုင်ထဲမှ လူများသည် ထိုလူစုအား မြင်လျှင် အလျှိုလျှိုထွက်ခွာသွားကြသည်။ နောက်ဆုံး ဆိုင်ထဲဝယ် ရှောင်လုံတို့ တစ်ဝိုင်းတည်းသာ လူရှိနေပေတော့သည်။

* * *

ထူးခြားသော အခြေအနေတစ်ရပ် ဖြစ်ပေါ်လာပြီဟု ရှော
လုံ ခံစားမိသည်။

ဤလူများသည် ကန္တာရမြို့တော်မှ လူများ ဖြစ်ကြောင်
လည်း သိလိုက်သည်။

သိမ်းငှက်သခင်လေး လှုပ်ရှားလာပြီလော။

ရွှေချောင်းနှင့် တံဆိပ်တုံး ကိစ္စဆိုလျှင် သူတို့နှစ်ဦးသည်
လမ်းကြောင်းတစ်ခုပေါ်ဝယ် ထိပ်တိုက်တိုးတော့မည် ဖြစ်သည်။

ထို့ကြောင့် ဖြေရှင်းရန် အကောင်းဆုံး နည်းလမ်းကို သူ
ကြိုတင်စဉ်းစားထားပြီ ဖြစ်လေသည်။

ရုတ်တရက်…

ဆိုင်ထဲသို့ လူတစ်ယောက် အေးဆေးစွာပင် လှမ်းဝင်လာ
သည်။

ထိုလူသည် အသက်နှစ်ဆယ်ကျော်ဝန်းကျင်ခန့်သာ ရှိသေး
သော လူငယ်တစ်ဦး ဖြစ်သည်။

လူငယ်၏မျက်နှာသည် ရှင်းသန့်ကာ အထက်တန်းကျ
သော ရုပ်သွင်မျိုး ရှိ၏။

သို့သော် အဝတ်အစားများအား ပိုသီဖတ်သီ ဝတ်ဆင်ထား
သလို အင်္ကျီရင်ဘတ်ကိုလည်း ဟထား၏။

သူ၏ခါးတွင် ဓားတစ်လက်အား ဖြစ်သလို ချိတ်ဆွဲထားသေး
သည်။

ကျောတွင် ဓားကောက်နှစ်လက် ကြက်ခြေခတ်သဏ္ဍာန်
လွယ်ပိုးထားပြီး အနီရောင်ဝတ်ရုံတစ်ခု ခြုံလွှမ်းထားသည်။



လူငယ်သည် ဟိတ်ဟန်ကြီးပြီး ဇရုတ်သုတ်ခနေတတ်သူ
တစ်ဦးဟု ထင်ရပေသည်။

လူငယ်သည် ရှောင်လုံအား ကြည့်လာသည်။

သူ၏မျက်လုံးများသည် သိမ်းငှက်မျက်လုံးများပမာ စူးရှ
တက်ကြွက်လှသည်။

ခြသေ့်ဂိုဏ်း လှုပ်ရှားမှုအား အကဲခတ်ကြည့်နေသူမှာ ဤ
လူငယ် ဖြစ်ကြောင်းနှင့် ၎င်းမှာ သိမ်းငှက်သခင်လေး ဖြစ်ကြောင်း
ရှောင်လုံ ရိပ်စားမိလိုက်သည်။

ထိုစဉ် လူငယ်၏နှုတ်ခမ်းထောင့်ဝယ် အပြုံးရိပ်တစ်ချက်
ဖြစ်ပေါ်လာလေသည်။

သူဝတ်ရုံအား ချွတ်ကာ သူ၏လူတစ်ယောက်ထံ ပစ်ပေး
လိုက်၏။

ပခုံး၌ လွယ်ထားသော ဓားနှစ်လက်ကိုလည်း ဖြုတ်ကာ
အနီးရှိ လူတစ်ယောက်အား ပေးလိုက်သည်။

လူငယ်၏တပည့်များသည် ထိုင်ခုံများ အသီးသီး၌ ဝင်ထိုင်
ကာ အခြေအနေ စောင့်ကြည့်နေလိုက်ကြသည်။

လူငယ်က ရှောင်လုံထံ တန်းတန်းမတ်မတ် လျှောက်သွား
ယင်း မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်၏။

ရှောင်လုံက ဘာတစ်ခွန်းမျှ မပြောဘဲ အရက်သောက်နေ
၏။

မျက်လုံးအစုံကမူ လူငယ်ကို စူးရှစွာ စိုက်ကြည့်နေလေ
သည်။

ဆိုင်လုလင်က အပြေးအလွှား ရောက်ရှိလာပြီး…

"သခင်လေး ဘာသုံးဆောင်မလဲ"

လှူငယ်က လက်တစ်ချောင်း ထောင်ပြလိုက်၏။

"အရက်တစ်အိုး"

သူ၏လေသံသည် အေးတိအေးစက် ဖြစ်နေ၏။

ဆိုင်လုလင်က အရက်အိုးကို ဆွဲကာ ရောက်လာပြီး…

"သခင်လေး ဟိုဘက်ဝိုင်းမှာ လွတ်လွတ်လပ်လပ် သုံးဆောင်ပါလား"

လှူငယ်က…

"ငါ ဒီမှာပဲ ထိုင်မယ်"

"ဒီမှာက လူရှိ…"

လှူငယ်က လက်ကာပြယင်း…

"ဒီကနေ့ မင်းတို့ ဆိုင်ကို ငါဝယ်လိုက်တယ် သဘောထားပါ"

ပြောယင်း ရွှေဒင်္ဂါးပြားတစ်ပြား ထုတ်ပေးလိုက်၏။

ရွှေဒင်္ဂါးပြားပေါ်ဝယ် သိမ်းငှက်ပုံသွင်းလောင်းထား၏။

ဆိုင်လုလင်က…

"ဟုတ်…ဟုတ်ကဲ့ပါ"

ရွှေဒင်္ဂါးပြားအား ယူကာ ရှောင်ထွက်သွားလေသည်။

လှူငယ်က အရက်ကို တဂွပ်ဂွပ်မြည်အောင် မော့ချလိုက်၏။

ထို့နောက် အရက်အိုးအား စားပွဲပေါ်ဆောင့်ချကာ…

"ကျုပ်ဟာ သိမ်းငှက်သခင်လေးပဲ"



အေးတိအေးစက်ဖြင့် ပြောလာသည်။

ရှောင်လုံက ဘာမျှမပြောပါ။

အရက်ကို အေးဆေးစွာပင် သောက်နေ၏။

အန္တရာယ်ရှိကြောင်း လက်ကုပ်ကာ သတိပေးလိုက်၍ ယောင်ဖွားက ရှောင်ထွက်သွားလေသည်။

လှူငယ်(ဝါ)သိမ်းငှက်သခင်လေးက ရှောင်လုံအား စူးစိုက်ကြည့်ယင်း…

"သိမ်းငှက်မြို့မှာ အပ်ကျတာကအစ ကျုပ်သိတယ်"

ရှောင်လုံ ပြုံးလိုက်သည်။

"တယ်ဟုတ်ပါလား"

သိမ်းငှက်သခင်လေးက…

"အခု ရွှေချောင်းတွေကိစ္စ ကျုပ်တို့ လုယူဖို့ အစီအစဉ် ဆွဲထားပြီးပြီ၊ ခင်ဗျားနောက်ဆုတ်လိုက်ဖို့ သတိပေးချင်တယ်"

ရှောင်လုံက သက်ပြင်းချယင်း…

"ငါက နောက်မဆုတ်ဘူးဆိုယင်ကော"

သိမ်းငှက်သခင်လေး ပြုံးလိုက်၏။

သူက သိမ်းငှက်ပုံပါသော ရွှေဒင်္ဂါးပြားတစ်ခု ထုတ်ယူလိုက်ယင်း…

"ဟောဒီ အမှန်တရားဒင်္ဂါးပြား မရပ်မချင်း ခင်ဗျားကို ညာပေးမယ်"

ပြောယင်း နံဘေးသို့ ထောက်ချလိုက်သည်။

ရွှေဒင်္ဂါးပြားသည် ခပ်လှမ်းလှမ်း စားပွဲပေါ် ကျရောက်သွား

ပြီး မွတ်နေအောင် လည်နေလေသည်။

သိမ်းငှက်သခင်လေး၏အတွင်းအား ထိန်းချုပ်မှု ပညာအား ရှောင်လုံ ချီးကျူးလိုက်မိသည်။

သိမ်းငှက်သခင်လေးသည် ရွှေဒင်္ဂါးပြားအား ပစ်လွှင့်ပြီးသည်နှင့် တစ်ချိန်တည်းလိုလိုမှာပင် စားပွဲအား တစ်ချက်ရိုက်လိုက်လေသည်။

စားပွဲသည် ရှောင်လုံထံ ရွေ့လျားသွားသည်။

ရှောင်လုံက လက်ဝါးဖြင့် ပြန်ရိုက်လိုက်လျှင်…

"ဝုန်း"

စားပွဲမှာ အစိတ်စိတ်အမွှာမွှာ ကျိုးကြေသွားကာ ပန်းကန်ခွက်ယောက်များလည်း ပြုတ်ကျကုန်သည်။

သိမ်းငှက်သခင်လေးသည် ခုန်ထယင်း လက်ငါးချောင်းဖြင့် ကုတ်ဆွဲချလာသည်။

ရှောင်လုံက ချက်ချင်းပင် ရှောင်ထွက်သွားသည်။

သိမ်းငှက်သခင်လေးက အလွတ်မပေးပါ။

လေထဲ ကျွမ်းပစ်ယင်း ခြေထောက်ဖြင့် ကန်ကျောက်တိုက်ခိုက်လာသည်။

ရှောင်လုံက လက်ဆန့်ထုတ်ကာ ဖယ်ထုတ်ရှောင်တိမ်းလိုက်လေသည်။

သို့တိုင် ခြေဖျားတစ်ချက်က ပခုံးစွန်းအား ထိခတ်မိသွား၏။

"ဝုန်း"



ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

ရှောင်လုံမှာ နောက်သို့ ခြေငါးလှမ်းမျှ ဆုတ်သွားရသည်။

သိမ်းငှက်သခင်လေးက လေထဲတွင်ပင် ကျွမ်းပစ်ကာ ကြမ်းပြင်ပေါ် ပေါ့ပါးစွာဖြင့် ပြန်ကျလာသည်။

သူက ကြမ်းပြင်ပေါ် ခြေချမိသည်နှင့် တပြိုင်နက် လည်နေသော ရွှေဒင်္ဂါးပြားမှာ ရပ်တန့်သွားပြီ ဖြစ်သည်။

"သခင်လေးကွ"

"ဖြောင်း…ဖြောင်း…ဖြောင်း"

သိမ်းငှက်သခင်လေး၏ လက်ရွေးစင် သိမ်းငှက်သိုင်းသမားများက လက်ခုပ်လက်ဝါးတီးကာ ချီးကျူးထောပနာ ပြုလိုက်ကြလေသည်။

သိမ်းငှက်သခင်လေးက စားပွဲဆီ လှမ်းသွားယင်း ရွှေဒင်္ဂါးပြားအား ကောက်ယူလိုက်သည်။

တစ်ဖန် ရှောင်လုံအား ထောင်ပြယင်း…

"ဒါအမှန်တရားပဲ၊ ခင်ဗျားနောက်ဆုတ်သွားရမယ်"

ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ရှောင်လုံက အကျီမှ ဖုန်များကို အသာအယာပင် ခါထုတ်လိုက်သည်။ ထို့နောက်…

စားပွဲတစ်ခုပေါ်မှ ပန်းကန်လုံးတစ်ခုအား ထောင်ပြယင်း…

"ကျုပ်ကလဲ ဒီဟာ မရပ်ခင် ဆုံးမပြမယ်"

စကားဆုံးလျှင် စားပွဲပေါ် ခါထုတ်လိုက်၏။

ပန်းကန်လုံးလေးသည် စားပွဲပေါ်၌ မွတ်နေအောင် လည်

သွားလေသည်။

ရုတ်တရက် ရှောင်လုံက ကြမ်းပြင်ပေါ် ခြေတစ်ချက် ဆောင့်ကာ သိမ်းငှက်သခင်လေးထံ ခုန်ဝင်သွားပြီး လေထဲမှပင် ခြေဖြင့် အဆက်မပြတ် ကန်ကျောက်လိုက်လေသည်။

သိမ်းငှက်သခင်လေးက လက်နှစ်ဖက် ဝှေ့ယမ်းကာ တရစပ် ခုခံလိုက်သည်။

ရှောင်လုံက ကြမ်းပြင်ပေါ် ခြေချလာသည်နှင့် လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်သည်။

သိမ်းငှက်သခင်လေးက လက်ငါးချောင်းဖြင့် ကုတ်ဆွဲချလိုက်လေသည်။

ရှောင်လုံက ခြေတစ်ဖက် ဆန့်ထုတ်ယင်း ကာကွယ်လိုက်သည်။ တပြိုင်တည်းလိုလိုမှာပင် ကျန်ခြေထောက်တစ်ဖက်အား ကြမ်းပြင်ပေါ်ထောက်ကာ ခုန်ကန်လိုက်သည်။

သိမ်းငှက်သခင်လေး ရှောင်တိမ်းလိုက်သော်လည်း လွတ်မြောက်ခြင်း မရှိတော့ပါ။

ခြေကန်ချက်က ရင်ဘတ်တည့်တည့်သို့ ထိမှန်သွားသည်။

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာ၏။

သိမ်းငှက်သခင်လေးမှာ ဟန်ချက်မထိန်းနိုင်ဘဲ ဆိုင်ထောင့်သို့ လွင့်စဉ်ကျသွားသည် စားပွဲကုလားထိုင်များလည်း ကျိုးကြေသွားလေတော့သည်။

* * *



## အကျိုးတူ ပူးပေါင်းခြင်း

သိမ်းငှက်သခင်လေးသည် စားပွဲများကြားသို့ လွင့်စဉ်သွားပြီ ဖြစ်၏။

ရှောင်လုံက လှည့်၍ပင် မကြည့်ဘဲ စားပွဲဆီ ပြန်လျှောက်လာခဲ့၏။

ကြေပန်းကန်လုံးလေးမှာ စားပွဲပေါ်၌ လည်နေဆဲပင် ရှိသေးသည်။

ရှောင်လုံက လက်ဖြင့် ဖိကာ မှောက်လိုက်၏။

ထိုအချိန်တွင် သိမ်းငှက်သခင်လေးမှာ လူးလဲထလာသည်။

ရှောင်လုံ၏သိုင်းပညာ ကြောက်မက်ဖွယ်ကောင်းကြောင်း နားလည်ထားသည့်တိုင် မကျေမနပ် ဖြစ်နေမိသည်။

မိမိသည် သဲကန္တာရထဲ၌ ထင်သလို မင်းမူနေသော အရှင်သခင်တစ်ဦး ဖြစ်သည် မဟုတ်ပါလား။

ထို့ကြောင့်...

ဓားထိန်းနတ်၏အမည် ကျော်ကြားသည့်တိုင်အောင် သူက ဂရုမစိုက်ခဲ့ခြင်း ဖြစ်၏။

သူ၏စိတ်ထဲ၌ သူလုပ်ချင်သော ကိစ္စမှန်သမျှ ဖြစ်မြောက်ရမည်ဟု အစဉ်အမြဲ နှလုံးသွင်းထားသူလည်း ဖြစ်သည်။

ယခုလို ခံလိုက်ရသောအခါ ခံပြင်းသွားမိသည်။

"ယား"

ညာသံတစ်ချက်ပေးကာ ရှောင်လုံထံ ခုန်ဝင်သွားသည်။

ဖွေးလက်သော ဓားတစ်လက်က လက်ထဲ ရောက်လာပြီး ရှောင်လုံထံ တန်းတန်းမတ်မတ် တိုးဝင်သွား၏။

သူ၏ဓားထုတ်ပုံ၊ ခုန်ဝင်ပုံမှာ လျှပ်ပြက်သလို လျင်မြန်လှပေသည်။

နောက်လှည့်လာသော ရှောင်လုံက သေတ္တာပြားအား ဆန့်ထုတ်ကာ သိမ်းငှက်သခင်လေး၏ရှေ့ဝယ် ချထားပြီး ဖြစ်သည်။

သိမ်းငှက်သခင်လေး၏ဓားက ရှောင်လုံ၏လည်ဂုတ်နှင့် ခြောက်လက်မခန့် အကွာတွင် ရပ်တန့်သွားသည်။

ရှောင်လုံက ပြုံးပြယင်း...

"မင်းရဲ့ဓားပညာ မဆိုးဘူး၊ ကျုပ်တို့ ဆွေးနွေးနိုင်ယင် နှစ်ဦးနှစ်ဖက် အကျိုးရှိမှာ သေချာတယ်"

ခပ်အေးအေးပင် ပြောလိုက်၏။

သိမ်းငှက်သခင်လေးက သူ၏ရှေ့တွင်ရှိသော ယွန်းသေတ္တာပြားလေးအား တစ်ချက်ငုံ့ကြည့်လိုက်သည်။



ထို့နောက်...

လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

ဓားကို ရုပ်သိမ်းကာ ဓားအိမ်ထဲ ပြန်လည်ထိုးသွင်းလိုက်၏။

တစ်ဖန် ရှောင်လုံအား စေ့စေ့ကြည့်ကာ...

"ခင်ဗျားက ပူးပေါင်းပြီး အလုပ်လုပ်မယ်ပေါ့ ဟုတ်လား"

ဟု မေးလိုက်သည်။

ရှောင်လုံ ခေါင်းညိတ်ပြလိုက်သည်။

သိမ်းငှက်သခင်လေးက မေးစေ့အား လက်ဖြင့်ပွတ်ယင်း...

"ကျုပ်က ဘယ်သူနဲ့မှ အလုပ်တွဲ မလုပ်တော့ဘူး စဉ်းစားရ နဲ့မယ်"

ရှောင်လုံက တည်ကြည်သော မျက်နှာထားဖြင့်...

"မင်း ငါနဲ့ ပူးပေါင်းယင် အကျိုးရှိမှာပါ"

သိမ်းငှက်သခင်လေးက သူ့အား အကဲခတ်ကြည့်ယင်း...

"တဆိတ်လောက် ရှင်းပြပါလား"

ရှောင်လုံက...

"မဟာမိတ်ဂိုဏ်းနဲ့ ပတ်သက်ဆက်နွယ်သူတွေအကြောင်း အကုန်သိတယ်၊ သူတို့လှုပ်ရှားမှုကိုလည်း မင်းတို့ထက် ငါက ပိုပြီး မြင်တယ်၊ ငါနဲ့ ပူးပေါင်းယင် မင်းအစီအစဉ် အခက်အခဲ မရှိတဲ့အပြင် ပိုပြီးတောင် လွယ်သွားဦးမယ်"

ပြောယင်း အင်္ကျီရင်ဘတ်ထဲမှ မြေပုံစာရွက်အား ထုတ်ပေး လိုက်၏။

သိမ်းငှက်သခင်လေးက လှမ်းယူယင်း ကြည့်လိုက်သည်။

ရှောင်လုံက ဆက်ပြောလိုက်သည်။

"ခြသေ့ဂိုဏ်း အနောက်ဆောင် ဝဲဘက်က အိမ်အိုဟောင်းဟာ လျှို့ဝှက်နေရာပဲ၊ အနောက်ဘက် တံတိုင်းနဲ့ မြင်းလှည်းဂိတ်ကြားမှာ လျှို့ဝှက်ပေါက်ရှိတယ်၊ ခြသေ့ဂိုဏ်းဝင်ပေါက်ဟာ ဟန်ပြပဲ၊ ခြသေ့ဂိုဏ်းက လေးဘက်လေးတန် စောင့်နေကြမှာ သေချာတယ်၊ ဒါပေမယ့် သူတို့အင်အား ငါးဆယ် မကျော်ဘူး"

ရှောင်လုံ၏စကားကို နားထောင်ယင်း သိမ်းငှက်သခင်လေး သဘောကျသွားလေသည်။

သူက ဦးခေါင်းတဆတ်ဆတ်ညိတ်ကာ...

"ခင်ဗျားသတင်း တိကျမယ်ဆိုယင် ကျုပ်တို့အဖွဲ့က အစီအစဉ် နည်းနည်းပြုပြင်လိုက်တာနဲ့ လုံလောက်ပါပြီ"

သဘောကျဟန်ဖြင့် ပြောကာ ငွေပုံအား သိမ်းဆည်းလိုက်လေသည်။

ရှောင်လုံက...

"မင်းသဘောတူတယ်ပေါ့"

သိမ်းငှက်သခင်လေး အဖြေမပေးပါ။

ရှောင်လုံအား စေ့စေ့ကြည့်ယင်း...

"အကျိုးအမြတ်က ဘယ်လိုခွဲမလဲ၊ ကျုပ်က ရွှေချောင်းတွေကို စိတ်ဝင်စားတာ၊ ဒါကို ရဖို့ အလုပ်လုပ်မှာ"

ရှောင်လုံ ပြုံးလိုက်သည်။

"ဒီအတွက် မပူနဲ့ ရွှေချောင်းတွေကို မင်းစိတ်တိုင်းကျ လုပ်နိုင်တယ်"



သိမ်းငှက်သခင်လေး အံ့သြသွားသည်။

ရှောင်လုံကို နားမလည်နိုင်ဟန်ဖြင့် ကြည့်ကာ...

"ရွှေချောင်းတွေ ကျုပ်ကို ပေးမယ် ဟုတ်လား"

ဟု မေးလိုက်သည်။

ရှောင်လုံ ခေါင်းညိတ်ပြလိုက်သည်။

သိမ်းငှက်သခင်လေး ရယ်မောလိုက်၏။

"ပစ္စည်းလိုချင်လို့ လုတာပဲ၊ ခင်ဗျားလိုလူမျိုး မတွေ့ဖူးသေးဘူး"

အတန်ကြာမှ ရယ်မောခြင်း ရပ်တန့်ကာ...

"ကျုပ်က ရွှေချောင်းတွေ ယူမယ်၊ ခင်ဗျားက ဘာယူမှာလဲ"

ရှောင်လုံက တည်ကြည်သော မျက်နှာထားဖြင့်...

"ဂုဏ်သိက္ခာနဲ့ အမှန်တရား"

ဟု ပြောလိုက်လေသည်။

ထိုစကားကြောင့် သိမ်းငှက်သခင်လေးသာမက အားလုံးပင် ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

သိမ်းငှက်သခင်လေးက မျက်မှောင်ကုပ်ယင်း...

"ဂုဏ်သိက္ခာ၊ အမှန်တရား ဟုတ်လား"

ထူးခြားသော လေသံဖြင့် မေးလိုက်၏။

ရှောင်လုံက...

"ဟုတ်တယ်၊ ကျုပ်က သစ္စာဖောက်ခံလိုက်ရသလို လှည့်စားမှုကိုလဲ ခံလိုက်ရတယ်၊ ကျုပ်ရဲ့အဖွဲ့ ပြိုကွဲသွားပြီး ဂုဏ်သိက္ခာမဲ့သွားခဲ့ရတယ်၊ ဒါတွေကို ကျုပ်ပြန်အဖတ်ဆည်ချင်တယ်လေ"

သိမ်းငှက်သခင်လေး သက်ပြင်းချလိုက်၏။

"ခင်ဗျားဝေစုက ငွေနဲ့ဝယ်လို့မရအောင် တန်ဖိုးကြီးသ
လား"

"ဟုတ်တယ်၊ ဒါကြောင့်လဲ ရွှေချောင်းတွေကို ငါ မမက်မော
တာပေါ့"

သိမ်းငှက်သခင်လေးသာမက အားလုံးပင် ရှောင်လုံအား
လေးစားသွားမိကြသည်။

ယောင်ဝှားကား ရှောင်လုံသည် အမှန်တရားဘက် ရပ်
တည်သော သူရဲကောင်းတစ်ဦးဟု ထင်မြင်လာသည်။

သူမ စိတ်ကူးယဉ်ခဲ့ဖူးသော သူရဲကောင်းဆန်သည့် အရည်
အချင်းများ ရှောင်လုံထံ၌ အပြည့်ရှိနေ၏။

သူမသည် ရှောင်လုံအား တစ်စထက်တစ်စ သံယောဇဉ်
ငြိတွယ်လာခဲ့မိပြီ ဖြစ်လေတော့သည်။

သိမ်းငှက်သခင်လေးက...

"ခင်ဗျားကို ဘယ်လိုယုံကြည်ရမလဲ"

ရှောင်လုံ နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်သည်။

သူက သေတ္တာပြားအား တစ်ချက်ပုတ်ကာ ယာဘက်လက်
အား ဘေးသို့ ဆန့်ထုတ်လိုက်၏။

ဖွေးလက်သော အလင်းရောင်နှင့်အတူ...

"ဝုန်း"

စားပွဲခုံတစ်လုံးမှာ သုံးပိုင်းပြတ်ကာ ပြိုလဲကျသွား၏။

"ဟင်"



သိမ်းငှက်သခင်လေး၏လူများ မျက်လုံးပြူးသွားကြသည်။

ရှောင်လုံ၏လက်ထဲ၌ ဓားတစ်လက် ရှိနေ၏။

သူက သေတ္တာထဲမှ ဆွဲထုတ်ပုံ၊ စားပွဲအား ခုတ်ချပုံတို့အား
မမြင်တွေ့မိလောက်အောင်ပင် လျင်မြန်လွန်းလှပေသည်။

ရှောင်လုံက သေတ္တာအား နောက်သို့ ဆွဲကာ ဝတ်ရုံထဲ ပြန်
ထည့်လိုက်၏။

သေတ္တာပျောက်ကွယ်သွားသလို လက်ထဲမှ ဓားလည်း မရှိ
တော့ပေ။

သူ၏လှုပ်ရှားမှုများမှာ မယုံကြည်နိုင်ဖွယ်ကောင်းအောင်
ပင် လျင်မြန်နေပေတော့သည်။

ရှောင်လုံ၏သိုင်းပညာမှာ မိမိထက် ထက်မြက်ကြောင်း
သိမ်းငှက်သခင်လေး နားလည်သွားသည်။

သူက သက်ပြင်းတစ်ချက်ချကာ...

"ဓားထိန်းနတ်ရဲ့ စွမ်းရည်ကို ကျုပ်ကိုယ်တွေ့ယုံလိုက်မိပါ
ပြီ"

စကားဆုံးလျှင် ကျောခိုင်းထွက်သွားသည်။

တပည့်များ ဖြစ်သော သိမ်းငှက်သိုင်းသမားများကလည်း
လိုက်ပါသွားကြသည်။

သိမ်းငှက်သခင်လေးက ဆိုင်ပေါက်ဝသို့ ရောက်လျှင် ခြေ
လှမ်းရပ်ကာ နောက်ပြန်လှည့်ကြည့်ယင်း...

"ခင်ဗျား ဘယ်တော့ စချင်သလဲ"

ဟု လှမ်းမေးလာသည်။

ရှောင်လုံက...

"ပွဲတော်နောက်ဆုံးရက်ဟာ သူတို့တွေ လှို့ဝှက်တွေ့ဆုံမှာ မို့ အဲဒီနေ့မှ စမယ်"

"ကောင်းပြီ၊ ကျုပ်ပြင်ဆင်လိုက်တော့မယ်"

ပြောယင်း ထွက်ခွာသွားသည်။

ယခုတစ်ခါ သိမ်းငှက်သခင်လေးနှင့် အဖွဲ့သားများ အမှန်တကယ်ပင် ထွက်ခွာသွားကြပြီ ဖြစ်လေတော့သည်။

* * *



## လမ်းခွဲ

သိမ်းငှက်သခင်လေးတို့လူစု ထွက်ခွာသွားပြီ ဖြစ်သည်။

ဆိုင်လုလင်များသည် ဆိုင်ကို သန့်ရှင်းရေးလုပ်ပြီး စားပွဲသစ်များ ပြန်ခင်းလိုက်၏။

မကြာမီ စားသောက်သူများ ရောက်ရှိလာပြီး ပုံမှန်အခြေအနေ ပြန်ဖြစ်သွားလေသည်။

ရှောင်လုံနှင့် ယောင်ဗွား မျက်နှာချင်းဆိုင် ထိုင်နေသည်။

ရှောင်လုံက သက်ပြင်းချယင်း...

"မင်းအဖေ အခုအချိန်လောက်ဆို စိတ်ပူနေလောက်ပြီ၊ ဒါကြောင့် ဒီက ထွက်သွားတော့"

ဟု ပြောလိုက်သည်။

"ရှင်"

ယောင်ဗွား ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ရှောင်လုံက…

“မင်းကို ဓားစာခံအဖြစ် ခေါ်လာတာပဲ၊ မင်းကို အချိန်တိုင်း ခေါ်ထားဖို့ဆိုတာ ဖြစ်မှ မဖြစ်နိုင်တာ၊ ပြီးတော့ ငါဟာ အန္တရာယ်နဲ့ ထိပ်တိုက်တွေ့တော့မယ့်လူ”

ယောင်ဗွား စိတ်ထဲ၌ အလိုလို ဝမ်းနည်းလာမိသည်။

“ရှင်…ရှင်က ကျွန်မကို အသုံးမလိုတော့ဘူးလား”

ရှောင်လုံ၏မျက်လုံးများ ရီဝေသွားသည်။

သူက ခေါင်းတစ်ချက်ညိတ်ကာ…

“ဟုတ်တယ်”

“ကျွန်မက ကူညီပေးချင်တယ်ဆိုယင်ကော”

ရှောင်လုံ ဖျတ်ခနဲ ကြည့်လိုက်၏။

ယောင်ဗွား၏သံယောဇဉ်အား သူက နားလည်ထားပါသည်။

သို့သော် အန္တရာယ် အချိန်မရွေး ကျရောက်လာနိုင်သည့် အခြေအနေထဲ ဆွဲမသွင်းရက်ပါချေ။

သူလည်း ယောင်ဗွားအား သံယောဇဉ် တွယ်မိနေပြီ ဖြစ်သည်။ သို့တိုင်…

ယောင်ဗွားအား ဘေးကင်းရာသို့ ထွက်သွားခိုင်းခြင်းက အကောင်းဆုံးဟု သူက နားလည်ထားသည်။

ရှောင်လုံ သက်ပြင်းတစ်ချက်ချကာ…

“မင်း ဒီမြို့က ထွက်သွားတာ အကောင်းဆုံးပဲ ဖြစ်မှာပါ”

ပြောလိုက်သည်။ ယောင်ဗွား ငိုင်ကျသွား၏။



သူမ၏မျက်နှာပေါ်ဝယ် ဝမ်းနည်းကြေကွဲသော ဟန်မူရာများ ဖြစ်ပေါ်နေ၏။

ရှောင်လုံက တစ်သောင်းတန် ငွေလွှဲလက်မှတ်တစ်စောင်နှင့် စာအိတ်ရှည်တစ်လုံး ထုတ်ပေးလိုက်ပြီး ယောင်ဗွား၏လက်ထဲ ထည့်ပေးလိုက်သည်။

“စာအိတ်ထဲမှာ ငါ့ရဲ့လွှဲပြောင်းပေးတဲ့ လက်မှတ်ပါတယ်၊ မင်းတို့ အာမခံဌာန ဘဏ္ဍာရေးအတွက် ဖူလုံအောင် စီစဉ်ထားတာ၊ ကြိုက်ရာငွေတိုက်မှာ ထုတ်ယူနိုင်တယ်၊ ငါလွှဲပြောင်းပြီးပြီ”

ယောင်ဗွားသည် ငွေလွှဲလက်မှတ်နှင့် စာအိတ်ရှည်အား အံ့ပွါယ်မဲ့စွာဖြင့် ငေးကြည့်နေမိသည်။

သူမ နှစ်သက်သော အာမခံလုပ်ငန်း ပြန်လည်လုပ်ကိုင်နိုင်တော့မည် ဖြစ်ရာ ဝမ်းသာသင့်ပေသည်။

သို့သော် တစ်စုံတစ်ရာ လစ်ဟာသွားသကဲ့သို့ ခံစားနေရ၏။

တစ်ခု ရလိုက်သော်လည်း အဖိုးတန် အရာတစ်ခု ပြန်လည်ဆုံးရှုံးသွားသလို ခံစားရပြန်သည်။

သူမ၏မျက်ဝန်းထဲမှ မျက်ရည်များ စီးကျလာ၏။

သူမက ချက်ချင်းပင် ထကာ ဆိုင်ထဲမှ ထွက်ခွာသွားတော့၏။ ရှောင်လုံသည် ယောင်ဗွား ပျောက်ကွယ်သွားသည်အထိ ငေးမောကြည့်နေမိသည်။

သူ၏မျက်လုံးထဲဝယ် ဆွေးမြေ့ကြေကွဲသော အရိပ်အယောင်များ ထင်ဟပ်နေပေတော့သည်။

* * *

## အကြံအစည်

ခြသေ့်ဂိုဏ်း ပတ်ဝန်းကျင်တစ်ခုလုံး အစောင့်အကြပ်များ ထူထပ်စွာ ရှိနေ၏။

ကလေးတစ်သိုက်သည် ခြသေ့်ဂိုဏ်း နယ်နိမိတ်အတွင်း ပြေးလွှားလာကြပြီး မီးပုံးများ နေရာအနှံ့ချိတ်ကာ ဆော့ကစားနေ ကြသည်။

လေးဘက်လေးတန် မျှော်စင်များအောက်တွင်လည်း မီးပုံး များ ချိတ်ဆွဲထားလိုက်ကြသည်။

"ဟေ့ ကလေးတွေ ဒီနားလာမရှုပ်နဲ့ သွားကြစမ်း"

အစောင့်များက အော်ငေါက်မောင်းထုတ်ကြသည်။

ကလေးများက...

"ပွဲတော်ရက်မို့ မီးပုံးချိတ်တာ ဘာဖြစ်လဲ"



ပြောယင်း လိုက်လံချိတ်ဆွဲကြပြန်သည်။

လက်ထဲမှ မီးပုံးများ ကုန်သွားမှ မြူးထူးစွာ အော်ဟစ် ...က် ပြေးလွှားထွက်ခွာသွားကြတော့၏။

"တော်တော်ရှုပ်တဲ့ ကလေးတွေ"

အစောင့်များက ရေရွတ်ယင်း မသင်္ကာသော လှုပ်ရှားမှု ...ခဲ့သမျှအား စောင့်ကြပ်နေလိုက်ကြတော့သည်။

* * *

လမ်းကြားထဲမှ လူတစ်ယောက်သည် ကလေးများ၏ လှုပ်ရှားမှုအား အကဲခတ်ကြည့်နေသည်။

သူ၏မျက်နှာပေါ်ဝယ် ကျေနပ်အားရသော အရိပ်အယောင်များ ပေါ်ထွက်နေ၏။

ထိုလူကား သိမ်းငှက်သခင်လေး လက်အောက်ရှိ သိမ်းငှက်သိုင်းသမားများထဲမှ တစ်ဦး ဖြစ်လေသည်။

သိမ်းငှက်သိုင်းသမား ကြည့်ရှုနေစဉ်မှာပင် ကလေးများသည် သူရှိနေရာသို့ ပြေးလွှားရောက်ရှိလာကြ၏။

"ဦးဦး၊ ကျွန်တော်တို့ ဦးဦးခိုင်းတဲ့အတိုင်း လုပ်ပြီးပြီ"

သိမ်းငှက်သိုင်းသမား ပြုံးလိုက်သည်။

"မင်းတို့ တော်တယ်"

သူက ငွေထုပ်ကလေးအား လှမ်းပေးယင်း...

"ဒီထဲမှာ ငွေတစ်ရာရှိတယ်၊ မင်းတို့ ခွဲယူကြပေတော့"

ကလေးများက လှမ်းယူယင်း ဝမ်းသာအားရဖြင့် ထွက်သွားကြလေသည်။

သိမ်းငှက်သိုင်းသမားသည်လည်း လမ်းကြားထဲ ပြန်လည်လျှောက်ဝင်သွားလေတော့သည်။

* * *



## ရန်သူ

မီးပုံးပွဲတော်...

သိမ်းငှက်မြို့၌ တစ်နှစ်တစ်ကြိမ် မီးပုံးပွဲတော်အား ကျင်းပလေ့ရှိသည်။

မီးပုံးပွဲတော်အား သုံးရက်တိုင်တိုင် ကျင်းပသည်။

မီးပုံးပွဲတော်ရက်များ၌ သိမ်းငှက်မြို့တစ်ခုလုံး နေ့ခင်းပမာ လင်းထိန်နေပေတော့သည်။

ယနေ့သည် ပွဲတော် ဒုတိယနေ့ ဖြစ်သည်။

အားလုံးပင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေကြသည်။

သို့သော်...

မပျော်ရွှင်နိုင်သူတစ်ဦးကား ရှိနေ၏။

ထိုလူကား ရှောင်လုံပင် ဖြစ်နေတော့သည်။

* * *

ရှောင်လုံသည် စားသောက်ဆိုင် အပေါ်ဘက် ပြတင်းပေါက် စားပွဲ၌ ရှိနေသည်။

သူက အရက်တစ်ခွက်ပြီးတစ်ခွက် သောက်နေယင်း အပြင်ဘက်သို့ ငေးကြည့်နေ၏။

ကောင်းကင်ပေါ်ဝယ် မီးရှူးမီးပန်းများ လွင့်ပျံ့နေ၏။

နေရာအနှံ့ မီးပုံးများကိုလည်း တွေ့မြင်နိုင်၏။

အားလုံးသည် ဝမ်းသာပြုံးရွှင်စွာဖြင့် ရှိနေသည်ကို သိမြင်နိုင်ပေသည်။

ရှောင်လုံကား မပျော်နိုင်၊ မပြုံးနိုင်ပါ။

ယောင်ဗွား ထွက်သွားသည့်နေ့မှစ၍ သူ့အတွက် အရာရာသည် တိတ်ဆိတ်ခြောက်သွေ့သွားသလို ခံစားခဲ့မိရသည်။

သူသည် ယောင်ဗွားအား သတိရနေမိသည်။

ထို့ကြောင့် အရက်တစ်ခွက်ပြီးတစ်ခွက် သောက်ကာ ဖြေဖျောက်နေတော့၏။

* * *



အရက်တစ်အိုး ကုန်သွားပြီ ဖြစ်သည်။

ရှောင်လုံက နောက်ထပ် တစ်အိုးမှာကာ ဆက်သောက်နေ၏။

သုံးခွက်မြောက် သောက်အပြီးဝယ် ပေါ့ပါးသော ခြေသံနှင့်အတူ လူတစ်ယောက်သည် သူ၏နံဘေး၌ ဝင်ထိုင်လာ၏။

မိန်းကလေးများ အသုံးပြုလေ့ရှိသော အမွှေးနံ့နှင့်အတူ အေးစိမ့်သော အငွေ့အသက်များက ထွက်ပေါ်လာ၏။

ရှောင်လုံ၏ဘေးဝယ် မိန်းကလေးတစ်ဦး ရောက်ရှိပြီ ဖြစ်၏။

သူမသည် လှပချောမောသလို အဆိပ်ပြင်းသော မြွေဟောက်မလို လူစားဖြစ်ကြောင်း ရှောင်လုံ ရိပ်စားမိထားသည်။

ထိုမိန်းကလေးသည် တစ်ချိန်က သူနှင့် ရင်ဆိုင်ခဲ့ဖူးသော မာနခဲ မုကူးလျှံ ဖြစ်ကြောင်းလည်း သူက သိရှိလိုက်ပေသည်။

သူမ အသုံးပြုသော လက်နက်၊ သိုင်းပညာ အဆင့်အတန်းနှင့် လှုပ်ရှားပြုမူပုံများအား ဆက်စပ်ကြည့်ခဲ့ရာမှ မာနခဲ မုကူးလျှံ ဖြစ်ကြောင်း သိလာခဲ့ရခြင်းပင်။

မာနခဲ မုကူးလျှံသည် သူ၏ကြီးမားသော ပြိုင်ဘက်ရန်သူတစ်ယောက် ဖြစ်လာခဲ့တော့သည်။

* * *

မာနခဲမုကူးလျှံ…

သူမသည် ရှောင်လုံအား ခြေရာခံပြီးနောက် ရှောင်လုံထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်လာခဲ့ပြီ ဖြစ်သည်။

"သူများတွေ ပျော်ရွှင်နေကြတဲ့ အချိန်မှာ ရှင်က ဘာလို့ စိတ်ညစ်နေရတာလဲ"

ပဝါဖုံးလွှမ်းထားသော နှုတ်ခမ်းအစုံမှ စကားလုံးများ ပွင့်အန်ထွက်လာသည်။

သူမ၏လေသံသည် ချိုသာပျော့ပျောင်းသော်လည်း အေးစက်သော အရိပ်အငွေ့များ ပါဝင်နေ၏။

ရှောင်လုံက အရက်တစ်ခွက် မော့သောက်လိုက်ပြီး…

"ကျုပ်ဟာ တစ်ယောက်တည်းသမားလေ"

ဟု ဖြေလိုက်သည်။

မုကူးလျှံက သူ့အား စောင်းငဲ့ကြည့်ယင်း…

"ရှင် သူငယ်ချင်းတစ်ယောက်လောက် မလိုချင်ဘူးလား"

ရှောင်လုံ အရက်တစ်ခွက် ထပ်သောက်ယင်း ခေါင်းယမ်းလိုက်လေသည်။

"မားထိန်းနတ်ဘဝမှာ မိတ်ဆွေသူငယ်ချင်း မရှိခဲ့ဘူး၊ ရှိအောင်လဲ ကြိုးစားမှာ မဟုတ်ဘူး"

မုကူးလျှံ ပခုံးတွန့်လိုက်၏။

"ရှင့်ရဲ့စိတ်ဓာတ်က မဆိုးပါဘူး၊ ကျွန်မအတွက် ရှင်ဟာ သူငယ်ချင်း ဒါမှမဟုတ် ရန်သူပဲ ဖြစ်လာရမယ်"

ရှောင်လုံ ပြုံးလိုက်သည်။



သူက မုကူးလျှံအား စောင်းငဲ့ကြည့်ယင်း…

"မင်းဟာ စိတ်ဓာတ်မာကျောဖြတ်သားသလို အရည်အချင်းလဲရှိတယ်၊ ဒါပေမယ့် မားထိန်းနတ် ဦးတည်ရာလမ်းကြောင်းပေါ်မှာ တည့်တည့်ကြီး ရှိနေတယ်လေ"

ပြောယင်း အရက်တစ်ခွက် ငှဲ့ထားပေးလိုက်၏။

မုကူးလျှံက လှမ်းယူကာ ပဝါအား အသာလှစ်ယင်း မော့သောက်လိုက်၏။

ထို့နောက် ခွက်ကို အသာအယာ ပြန်ချယင်း…

"ရှင်နဲ့ သူငယ်ချင်း မဖြစ်နိုင်တော့ဘူးဆိုတာ ကျွန်မနားလည်သွားပါပြီ"

ရှောင်လုံက အရက်တစ်ခွက် မော့သောက်ယင်း…

"မင်းဟာ မင်းရဲ့အကြောင်းနဲ့ မှန်တယ်ထင်လို့ ရပ်တည်သလို ကျုပ်ကလဲ ဒီအတိုင်းပါပဲ၊ မင်းအကြောင်းတွေ မင်းပါဝင်ပတ်သက်တာတွေ ဘယ်လိုဘယ်နည်းကြောင့်ဆိုတာ ငါမသိချင်တော့ပါဘူး၊ အဖြေက ရှင်းနေပြီလေ၊ သိသည်ဖြစ်စေ မသိသည်ဖြစ်စေ ထိပ်တိုက်တွေ့ရမှာပဲ မဟုတ်လား"

မုကူးလျှံက အရက်တစ်ခွက် ငှဲ့သောက်လိုက်၏။

ထို့နောက် ခေါင်းတစ်ချက်ညိတ်ကာ…

"ဒါတော့ ဟုတ်တယ်၊ ရှင်လဲ တာဝန်ထမ်းဆောင်နေရတာ၊ ကျွန်မလဲ လုပ်သင့်လို့ လုပ်နေတာ လမ်းကြောင်းချင်းမှ မတူတာ၊ ရန်သူပဲ ဖြစ်သင့်တာပေါ့"

ရှောင်လုံက…

"ခင်ဗျားနားလည်သားပဲ"

သူက နောက်ဆုံး အရက်ခွက်အား မော့သောက်လိုက်၏။

မုကူးလျှံက...

"ရှင်စကားပြောစရာ ရှိသေးလား"

"မရှိတော့ဘူး"

"အရက်လဲ ကုန်သွားပြီ"

"ဟုတ်တယ်"

"ဒါဖြင့်.."

"မင်းအရင်သွားနှင့်ပါ"

မုကူးလျှံ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာ၏။

သူမက ထရပ်ကာ ခြေတစ်ချက် ဆောင့်လိုက်၏။

သူမ၏ခန္ဓာကိုယ်သည် စားပွဲလွတ်တစ်ခုပေါ် ရိပ်ခနဲရောက်ရှိသွားသည်။

မရေးမနှောင်းမှာပင် ရှောင်လုံက ကျွမ်းပစ်ထွက်လာပြီး ရှေ့မျက်နှာချင်းဆိုင် စားပွဲလွတ်ပေါ် ခြေစုံရပ်လာ၏။

အပေါ်ထပ်၌ စားသောက်နေသူအချို့ အောက်သို့ ပြေးဆင်းသွားကြတော့သည်။

ရှောင်လုံနှင့် မုကူးလျှံတို့မှာ တစ်ယောက်ကိုတစ်ယောက် စူးရှသော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေလိုက်ကြလေတော့သည်။

* * *



အခြေအနေ အရပ်ရပ်သည် တိတ်ဆိတ်ငြိမ်သက်နေသည်။

ရုတ်တရက်...

"ယား"

ကျယ်လောင်သော ညာသံပေးသံတစ်ချက် ထွက်ပေါ်လာ၏။

မုကူးလျှံသည် လေထဲဝယ် ကျွမ်းပစ်ယင်း ရှောင်လုံထံ ရောက်ရှိကာ လက်ဝါးဖြင့် တိုက်ခိုက်လိုက်သည်။

ရှောင်လုံက အင်္ကျီလက်ဖြင့် ခါထုတ်လိုက်၏။

တဆက်တည်း လက်ညှိုးဖြင့် မုကူးလျှံ ပခုံးရှိသွေးကြောအား ထိုးနှက်တိုက်ခိုက်လိုက်သည်။

မုကူးလျှံ ချက်ချင်းနောက်သို့ ကျွမ်းပစ်သွား၏။

ရှောင်လုံက အလွတ်မပေးပါ။

သူ၏လက်သည် သေတ္တာအတွင်းမှ ဓားအား ဆွဲထုတ်ပြီး မုကူးလျှံအား ထပ်ကြပ်မကွာ လိုက်လံတိုက်ခိုက်လိုက်လေသည်။

သူက လက်ဦးမှု ရသွားသည်နှင့် တရစပ်ပင် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ဓားချက်များသည် မုန်တိုင်းတိုက်ခတ်သည့်အလား ဝင်ရောက်သွားလေသည်။

မုကူးလျှံက ကျွမ်းပစ်ယင်း ခန္ဓာကိုယ်ယိမ်းနွဲ့ယင်း နည်းမျိုးစုံသုံးကာ ရှောင်တိမ်းပေးလိုက်၏။

သို့တိုင်...

"ဗြဲ"

ဓားချက်တစ်ချက်က ပွတ်ကာသီကာဖြင့် အင်္ကျီလက်အိုးအား ထိုးခွဲသွားလေသည်။

မုကူးလျှံ ထိတ်လန့်သွားသည်။

ကပျာကယာ နောက်ကျွမ်းပစ် ထွက်သွားသည်။

ရှောင်လုံက ခြေဆောင့်ကာ ခုန်ထွက်လာပြန်သည်။

မုကူးလျှံ၏မျက်လုံးများ အေးစက်တင်းမာသွားသည်။

သူမက လက်ကို တစ်ချက်လှုပ်ခါလိုက်၏။

"ရှမ်း"

လေထု ထိုးခွဲသံနှင့်အတူ သူမလက်ထဲသို့ သံမဏိဆူး ကျာပွတ် ရောက်ရှိလာပြီး ရှောင်လုံထံ တိုးဝင်သွားသည်။

ရှောင်လုံ မပေါ့ဆဝံ့ပါချေ။

မုကူးလျှံ၏ ကျာပွတ်သိုင်းပညာမှာ အလွန်ကြောက်မက်ဖွယ်ရာကောင်းကြောင်း သူက သိထားခဲ့ပြီး ဖြစ်သည်။

ခန္ဓာကိုယ်တစ်ချက် လှည့်ယင်း တိုးဝင်လာသော ကျာပွတ်အား ခတ်ထုတ်လိုက်သည်။

ကျာပွတ်ဖျားသည် တစ်ဘက်သို့ ရောက်သွားပြီးမှ ချက်ချင်း ပြန်လည်ဝှေ့ဝိုက်လာပြန်သည်။

ရှောင်လုံ ခြေတစ်ချက်ဆောင့်ကာ ထုတ်တန်းပေါ် ခုန်တက်သွားသည်။

မုကူးလျှံက ချက်ချင်းပင် ကျာပွတ်ကို ဝှေ့ယမ်းကာ ခုန်တက်လာသည်။

"ရှမ်း"



ကျာပွတ်ထိမှန်ကာ သစ်သားစများမှာ ဖွာလန်ကြဲ ထွက်ကုန်သည်။

ရှောင်လုံက ဟိုခုန်ဒီလွှားဖြင့် ရှောင်တိမ်းပေးနေ၏။

မုကူးလျှံကလည်း အလွတ်မပေးဘဲ လိုက်လံတိုက်ခိုက်နေ၏။

ရှောင်လုံက ဓားတစ်ချောင်း ထပ်မံထုတ်ယူလိုက်ပြန်သည်။

ထို့နောက်...

ရှောင်တိမ်းပေးမလိုပြုပြီးမှ ချာခနဲလှည့်ကာ ဓားနှစ်လက်အား စုံကိုင်၍ ခုတ်ချလိုက်သည်။

မုကူးလျှံ ရင်ထိတ်သွားသည်။

ကျာပွတ်အား ဝှေ့ယမ်းကာ ခတ်ထုတ်လိုက်၏။

ရှောင်လုံ၏ဓားများ လမ်းကြောင်းပြောင်းကုန်သည်။

ရှောင်လုံက ခြေတစ်ဘက် ဆန့်ထုတ်လိုက်သည်။

မုကူးလျှံ ကပျာကယာ ခုန်ထွက်သွားသည်။

ရှောင်လုံက လိုက်လံ၍ ဓားနှစ်လက်ဖြင့် တိုက်ခိုက်လိုက်သည်။

မုကူးလျှံ ဒေါသထွက်လာသည်။

ချက်ချင်းပင် ကျာပွတ်ဖြင့် တရကြမ်း တိုက်ခိုက်လိုက်၏။

သူမက သိုင်းကွက်ပြောင်းလဲလိုက်ချေပြီ။

အလွန်ပင် ကြောက်မက်ဖွယ် ကောင်းလှပေတော့သည်။

ရှောင်လုံက ဓားကို အဆက်မပြတ် ကာကွယ်ဝှေ့ယမ်းတိုက်ခိုက်နေသလို ခန္ဓာကိုယ်မှာလည်း ကျာပွတ်အဖျား မခတ်မိ

အောင် ယိမ်းနဲ့ ရှောင်ပေးလိုက်၏။

သို့တိုင်...

ကျာပွတ်မှာ ဓားအား ရစ်ပတ်မိသွားပြီး ဆောင့်ဆွဲလိုက်သောအခါ ကျာပွတ်ဖြေလျော့သွားပြီး အဖျားမှာ ရင်ဘတ်အင်္ကျီအား ဆွဲဖြဲသွားလေသည်။

ရှောင်လုံ၏ဓားတစ်လက်က မုကျူးလျှံ၏လည်မျိုသို့ ထိုးသွင်းလိုက်၏။

မုကျူးလျှံ တိုက်ခိုက်ပြီးနောက် တပြိုင်တည်းလိုလို သူက တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

မုကျူးလျှံက လှည့်ကာ ရှောင်တိမ်းလိုက်သော်လည်း ဖဝ[illegible] စည်းနှောင်ထားသော ကြိုးမှာ ပြတ်ထွက်သွား၏။

ထိုအခါ မုကျူးလျှံ၏ အေးစက်စက်ဖြင့် ချောမောလှပသော မျက်နှာလေး ပေါ်ထွက်လာသည်။

ရှောင်လုံ ပြုံးယင်း...

"ခင်ဗျားက အတော်ချစ်စရာကောင်းတာပဲ"

ရိသဲ့သဲ့ စကားကြောင့် မုကျူးလျှံ၏မျက်နှာ ရဲခနဲ ဖြစ်သွား၏။

ထိုစဉ်မှာပင် ရှောင်လုံက အနောက်ဘက်သို့ ခုန်ထွက်သွားပြီး...

"မုကျူးလျှံ နောက်မှ တွေ့ကြမယ်၊ အခု ကျုပ်သွားစရာ ရှိတယ်"

ဟု အော်ပြောလိုက်၏။



ထိုအခါမှ မုကျူးလျှံ သတိဝင်လာသည်။

"မပြေးနဲ့"

အော်ဟစ်ယင်း ပြေးလိုက်ရန် ပြင်လိုက်၏။

သို့သော် ရှောင်လုံက အောက်ဘက်သို့ ခုန်ဆင်းကာ လျင်မြန်စွာ ပြေးထွက်ပျောက်ကွယ်သွားပြီ ဖြစ်သည်။

မုကျူးလျှံက နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး မကျေမနပ်ဖြစ်ကာ ခြေတစ်ချက် ဆောင့်ချလိုက်လေတော့သည်။

* * *

## သိမ်းငှက်တိုက်ပွဲ

ပွဲတော်နောက်ဆုံးနေ့...

ညနေခင်းအချိန် ဖြစ်သည်။

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

ကျယ်လောင်သော မြင်းခွာသံများ ထွက်ပေါ်လာသည်။

မြင်းစီးသမားတစ်စုသည် ခြသေ့ဂိုဏ်း အဆောက်အအုံရှေ့ ရောက်ရှိလာသည်။

ခိုင်ခန့်သော ခြံဝင်းတံခါးကြီး ရုတ်ခြည်းပင် ပွင့်လာ၏။

မြင်းစီးသမားများသည် ဝင်ရောက်သွားကြသည်။

ထို့နောက်...

တံခါးလည်း ပြန်လည်ပိတ်သွားသည်။



ခြသေ့ဂိုဏ်း လေးဘက်လေးတန်ရှိ မျှော်စင်များပေါ်ဝယ် လေးသမားများ ရှိနေ၏။

ခြသေ့ဂိုဏ်း အဆောက်အအုံရှေ့ဝယ် သိုင်းသမားနှစ်ဆယ်ခန့် အသင့်စောင့်ကြပ်နေ၏။

မြင်းလှည်းဂိတ်အနီး ခြံဝင်းတံတိုင်း၌လည်း လေးသမားများ၊ ဓားသမားများ သုံးဆယ်ကျော်ခန့် စောင့်ကြပ်နေကြ၏။

ရုတ်တရက်...

"တူ"

မည်သည့်အရပ်မှ ပျံ့လွင့်လာမှန်း မသိသော ခရာသံတစ်ချက် ထွက်ပေါ်လာသည်။

အစောင့်သိုင်းသမားများ ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

သို့လော...သို့လော ဖြစ်နေကြစဉ်မှာပင် မြင်းခွာသံများသည် အရပ်လေးမျက်နှာမှ ပျံ့လွင့်လာသည်ကို ကြားလိုက်ရသည်။

ကဏ္ဍာရသိုင်းသမားများသည် မြင်းကိုယ်စီဖြင့် အလျှိုလျှို ထွက်ပေါ်လာကြ၏။

"ဟာ"

သိုင်းသမားခေါင်းဆောင် ထိတ်လန့်သွားသည်။

ချက်ချင်းပင် အရေးပေါ် သံချောင်းခေါက်လိုက်သည်။

လေးသမားများအားလုံး အသင့်ပြင်ထားလိုက်ကြသည်။

ဓားသမားများကလည်း ဓားများကို ဆွဲထုတ်ကာ အသင့်ပြင်ဆင်ထားလိုက်ကြသည်။

သိမ်းငှက်သခင်လေး၏အဖွဲ့သည် လူစုခွဲကာ မြင်းများ စိုင်းနှင်လာကြသည်။

ရုတ်တရက် မြင့်မားသော အဆောက်အအုံ ခေါင်မိုးပေါ်သို့ လူတစ်ယောက် တက်ရောက်လာသည်။

သူ၏လက်ထဲဝယ် လေးတစ်လက် ကိုင်ထား၏။

သူက အမှတ်အသား မီးပုံးများကို အကဲခတ် ကြည့်ရှုလိုက်သည်။

ထို့နောက် ယမ်းမှုန့်ထုပ်လေးများ တပ်ဆင်ထားသော မြှားတံများအား တစ်ချောင်းပြီးတစ်ချောင်း ပစ်လွှတ်လိုက်သည်။

"ဝှစ်..ဝှစ်..ဝှစ်"

လေတိုးသံများ ထွက်ပေါ်လာသည်။

မြှားတံများသည် အမှတ်အသား မီးပုံးများအား မလွဲတမ်း ထိမှန်သွားသည်။

ထိုအခါ...

"ဝုန်း"

"ဝုန်း"

ပေါက်ကွဲသံများ အဆက်မပြတ် ထွက်လာလေသည်။

မျှော်စင်များ တစ်ခုပြီးတစ်ခု ပြိုကျသွားသည်။

ခြင်္သေ့ဂိုဏ်းမှ သိုင်းသမားများအားလုံး မမျှော်လင့်ထားသော ဖြစ်ရပ်ကြောင့် ဖရိုဖရဲ ဖြစ်သွားကြလေတော့သည်။

အဆောက်အအုံအပေါ်မှ လူ ကျေနပ်စွာ ပြုံးယင်း ခရာတစ်ခု ထုတ်ယူကာ မှုတ်လိုက်၏။



ထိုလူကား သိမ်းငှက်သခင်လေးပင် ဖြစ်သည်။

သူက မြှားပစ်အလွန်တော်ပြီး သိမ်းငှက်ပစ်သူရဲကောင်းဟူသော ဘွဲ့ထူးကိုလည်း ပိုင်ဆိုင်ထားသေးသည် မဟုတ်ပါလော။

* * *

မီးခိုးလုံးများ အလိပ်လိုက်တက်လာသည်။

မီးခိုးငွေ့များသည် ခြင်္သေ့ဂိုဏ်း အဆောက်အအုံတစ်ဝိုက်းလွှမ်းသွားလေသည်။

အရာအားလုံးသည် ဝိုးတဝါး ဖြစ်သွားသည်ဟု ထင်ရသည်။

ယင်းအချိန်မှာပင်...

"တူ"

ဒုတိယ ခရာသံတစ်ချက် ထွက်ပေါ်လာသည်။

သိမ်းငှက်သခင်လေး၏အဖွဲ့သားများသည်ကို မြင်းကို နှင်ယင်းမှ လေးဖြင့် ပစ်ခတ်လိုက်ကြ သည်။

မြှားတံများသည် ပလူပျံအောင်ပင် ပြေးထွက်သွား၏။

မရှေးမနှောင်းမှာပင်...

"အား"

"အွန့်"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာသည်။

မီးခိုးများကြားမှ မမြင်မကန်း ရှိနေသော ခြင်္သေ့ဂိုဏ်းမှ

လူများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေတော့သည်။

* * *

လေဝေ့ယမ်း တိုက်ခတ်လာသည်။

မီးခိုးများ လေနှင့်အတူ လွင့်ပါးပျောက်ကွယ်သွား၏။

မကြာမီ...

မြင်ကွင်းတစ်ခုလုံး ထင်ထင်ရှားရှား ပြန်မြင်လာရပြီ ဖြ
သည်။

ထိုအချိန်ဝယ် သိမ်းငှက်သိုင်းသမားများသည် အနီး
ရောက်သွားပြီး ခြင်္သေ့ဂိုဏ်းမှ လူများအား မြင်းပေါ်မှ ဆင်းယ
တရကြမ်းပင် တိုက်ခိုက်လိုက်သည်။

"အား"

"အွန့်"

"အမယ်လေး"

ခြင်္သေ့သိုင်းသမားများ အကြီးအကျယ် အထိနာသွားရလေ
သည်။

"ဝုန်း"

သိမ်းငှက်သိုင်းသမားအချို့က ခြံဝင်းတံခါးမကြီးအား
ကြိုးများတွဲ၍ မြင်းဖြင့် ဆွဲကာ ဖွင့်လိုက်ကြသည်။

တံခါးပွင့်သွားသည်နှင့် သိမ်းငှက်သိုင်းသမားများ တဟု
ထိုး ဝင်ရောက်သွားကြသည်။



အဆောက်အအုံထဲ၌လည်း တိုက်ခိုက်သံများ ဆူညံစွာ ထွက်ပေါ်လာတော့၏။

* * *

သိမ်းငှက်သခင်လေးသည် သိမ်းငှက်သိုင်းသမားအချို့အား ဦးဆောင်ကာ မြင်းလှည်းဂိတ်နှင့် နီးကပ်သော အုတ်တံတိုင်းဆီ လှမ်းလာသည်။

ထိုအခါ...

ဝါးပင်အောက်တွင် ရှိသော တံတိုင်းတစ်ခုမှာ ရွေ့လျားသွားပြီး တံခါးပေါက် ဖြစ်လာ၏။

ထိုတံခါးပေါက်မှ အရောင်အသွေး စုံလင်စွာ ဝတ်ဆင်ထားသူများ၊ အညိုရောင်ဝတ်စုံဝတ်ဆင်ထားသူများ အလျှိုလျှို ပြေးထွက်လာကြလေသည်။

သိမ်းငှက်သခင်လေး ပြုံးလိုက်၏။

"လူတွေ မတွေ့ဘူးတဲ့ ဓားစကြာအကြောင်း ပြရသေးတာပေါ့"

သူက ကျောတွင် လွယ်ထားသော ဓားကောက်နှစ်လက်အား ထုတ်ယူကာ ဓားနှောင့်နှစ်ခု ထိကပ်ကာ လှည့်လိုက်၏။

"ချပ်"

မြည်သံနှင့်အတူ တစ်ဆက်တည်း ဖြစ်သွားကာ စကြာသဏ္ဌာန် ဖြစ်သွားလေသည်။

သိမ်းငှက်သခင်လေးက မြေပေါ် ခြေတစ်ချက်ဆောင့်ကာ လေထဲ ခုန်တက်ယင်း စကြာအား ပစ်ခတ်လိုက်၏။

“ဝှစ်”

ဓားစကြာသည် ပြင်းထန်သော အရှိန်ဖြင့် ပြေးဝင်လာသူများထံ တိုးဝင်သွားသည်။

သိမ်းငှက်သခင်လေးက မြေပေါ် ခြေချလိုက်သောအခါ ဓားစကြာသည် သူ့ထံသို့ ပြန်လည်ရောက်ရှိလာသည်။

သိမ်းငှက်သခင်လေး၏လက်ထဲ ဓားစကြာ ရောက်လာပြီးသည်နှင့် တပြိုင်နက်...

“ဝုန်း...ဝုန်း”

တံခါးပေါက်မှ ထွက်လာသူများသည် တစ်ယောက်ပြီးတစ်ယောက် လဲပြိုကျသွားကြလေတော့သည်။

* * *



## ရှင်းတမ်း

အိမ်အိုဟောင်း လျှို့ဝှက်ခန်းမဆောင်...

လူတစ်စုသည် ခန်းမဆောင်အတွင်း ရှိနေကြသည်။

နှစ်ယောက်သည် မျက်နှာချင်းဆိုင် ထိုင်နေ၏။

တစ်ဦးမှာ သစ္စာဖောက် ဂိုဏ်းထိန်းကြီးကျူးချို ဖြစ်၏။

ကျူးချို၏နောက်ဝယ် ရှီဝူနှင့် သူ၏အဖွဲ့ ရှိနေသည်။

ကျူးချိုနှင့် မျက်နှာချင်းဆိုင် ထိုင်နေသူမှာ အနီရောင်ဝတ်စုံရှည် ဝတ်ဆင်ထားသည်။

သူသည် မုသခင် စေလွှတ်လိုက်သော လျှို့ဝှက်သိုင်းသမားဝတ်စုံနီပင် ဖြစ်သည်။

ဝတ်ရုံ၏နောက်ဝယ် လက်ရွေးစင်သိုင်းသမားများ ရှိနေ၏။

ဝတ်ရုံနီက လက်တစ်ဖက် ဝှေ့ယမ်းလိုက်သည်။

ထိုအခါ သိုင်းသမားများက အစီအရီ ချထားသော သေတ္တာများ၏အဖုံးကို ဖွင့်လိုက်ကြသည်။

ထိုအခါ များပြားလှသော ရွှေချောင်းများ ထွက်ပေါ်လာသည်။

ကျူးချို၏မျက်နှာ ဝင်းလက်တောက်ပသွားသည်။

သူက လက်တစ်ဖက် ထောင်ပြလိုက်ရာ အညိုရောင်ဝတ်ဆင်ထားသော သိုင်းသမားတစ်ဦးသည် သေတ္တာတစ်လုံးအား ဆွဲယူကာ စားပွဲပေါ်တင်ယင်း ဖွင့်လိုက်၏။

ထိုအခါ သေတ္တာထဲဝယ် 'မဟာတံဆိပ်တုံး' ထွက်ပေါ်လာ၏။

အညိုရောင်ဝတ်ဆင်ထားသော သိုင်းသမားတစ်ဦးသည် မသိမသာ အကဲခတ်ကြည့်နေ၏။

သူ၏မျက်လုံးများ စူးရဲတောက်ပြောင်နေ၏။

ထိုလူကား အယောင်ဆောင် ဝင်ရောက်လာသော ရှောင်လုံပင် ဖြစ်နေသည်။

ရှောင်လုံသည် ကျူးချိုနှင့် ရှိဂူတို့အား သုတ်သင်ရှင်းလိုသော စိတ်များ တဖွားဖွား ပေါ်ထွက်လာသည်။

သူတို့၏အသုံးချ လှည့်စားမှုကို ခံခဲ့ရသည် မဟုတ်ပါလား။

သူက အံတစ်ချက်ကြိတ်ကာ အခြေအနေကို စောင့်ကြည့်နေရလိုက်လေတော့သည်။

* * *



ဝတ်ရှုံနီက သဘောကျစွာ ရယ်မောလိုက်ပြီး...

"ကျူးချို၊ ဟောသည် ရွှေချောင်းတွေ အားလုံး ခင်ဗျားပိုင်ဆိုင်ပြီလို့သာ မှတ်လိုက်ပေတော့"

ကျူးချို၏မျက်နှာမှာ လောဘရောင်များ တောက်ပနေ၏။

"ကျုပ်က အလွယ်တကူ အစီအစဉ် ဖြစ်မြောက်ခဲ့မယ်လို့ မထင်ထားခဲ့ဘူး၊ ရှောင်လုံနဲ့ အဖွဲ့ပြသနာ လွယ်လွယ်နဲ့ ပြီးဆုံးသွားလို့ တော်သေးတယ်၊ ကဲ ကျုပ်ခရီးထွက်လာတာကို စူးစမ်းတဲ့လူတွေ အတော်များများ ရှိနေတယ်၊ ဒါကြောင့် ကိစ္စပြီးတာနဲ့ ပြန်ချင်ပြီ"

ဝတ်ရှုံနီက...

"ခင်ဗျားပြန်ယင်းနဲ့ ကိစ္စတစ်ခုကိုပါ လုပ်ဆောင်ထားပါ"

"ဘာကိစ္စလဲ"

"မင်းသားလေးနဲ့တကွ မလိုအပ်တဲ့ လူအချို့ကို ရှင်းလင်းထားပါ"

ထိုစကားကြောင့် ကျူးချို မျက်လုံးပြူးသွားသည်။

"ဘာ မင်းသားလေးကို သုတ်သင်ပစ်မယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ မဟာတံဆိပ်တုံး ကျုပ်တို့လက်ထဲ ရောက်နေမှတော့ မင်းသားလေး မလိုအပ်တော့ဘူး၊ ကျုပ်တို့ မှ သခင်က ဂိုဏ်းချုပ်တက်လုပ်မယ်၊ သိုင်းလောကကို လွှမ်းမိုးမယ်လေ"

ကျူးချို လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဟာ ဒါတော့ ကျုပ်လက်မခံဘူး၊ သိုင်းလောကတစ်ခုလုံး ချုပ်ကိုင်မယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ မှသခင်က မဟာ

တံဆိပ်တုံးရယ်ပင် မဟာမိတ်ဂိုဏ်းကိုယ်စား အများအကျိုး ဆောင်ရွက်မယ်လို့ ထင်ထားခဲ့တာ၊ အခုပုံစံမျိုးနဲ့ဆိုယင် မဖြစ်နိုင်တော့ဘူးပေါ့ တံဆိပ်တုံး ပြန်သိမ်းထားလိုက်တော့"

ခါးခါးသီးသီးငြင်းကာ အမိန့်ပေးလိုက်၏။

ဝတ်ရုံနီက...

"ခင်ဗျား သေသေချာချာ စဉ်းစားပါ၊ မုသခင်ကြီး အောင်မြင်ယင် ခင်ဗျားကိုလဲ ကြည့်မှာပဲ"

"ကျုပ်လက်မခံဘူး"

ဝတ်ရုံနီ၏မျက်နှာ တင်းမာသွားသည်။

ထိုစဉ် ရှီဂူက မမျှော်လင့်သော လုပ်ရပ်တစ်ခု ပြုလုပ်လာ၏။

ဓားတစ်ချောင်းထုတ်ကာ ကျူးချို၏လည်ပင်းအား ထောက်ထားလိုက်သည်။

ကျူးချို ထိတ်လန့်သွားသည်။

"ရှီဂူ၊ မင်း ဘာလုပ်တာလဲ၊ သစ္စာဖောက်တာလား"

ရှီဂူက ရယ်မောယင်း...

"ကျုပ်က အောင်မြင်ချင်လို့ သွေးသစ္စာဂိုဏ်းကို သစ္စာဖောက် ဖြိုခွဲခဲ့တာ [illegible] ကျုပ်က လက်ရှိဘဝထက် ပိုပြီး အောင်မြင်ချင်သေးတယ်လေ"

ကျူးချို မျက်လုံးပြူးသွားသည်။ [illegible]

"မင်း...မင်း"

ရှီဂူက အေးတိအေးစက်ဖြင့်...



"မုသခင်နဲ့ ပေါင်းယင် ပိုပြီး အကျိုးရှိမယ်ဆိုတာ ကျုပ်နားလည်သွားပြီ၊ အောင်မြင်တိုးတက်ဖို့ လမ်းရှာတတ်အောင် ခင်ဗျား သင်ကြားပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်"

စကားဆုံးလျှင် လက်ထဲမှ ဓားဖြင့် လည်မျိုအား ထိုးလိုက်ခဲ့လိုက်၏။

"ဝုန်း"

ကျူးချိုမှာ အသံပင် မထွက်နိုင်ဘဲ လဲကျသေဆုံးသွားသည်။

ဝတ်ရုံနီ သဘောကျသွားသည်။

"ရှီဂူ၊ မင်းရဲ့အရည်အချင်းကို မုသခင်က သဘောကျနေဘာ၊ မကြာခင် မင်းဟာ ဒီထက်မက တိုးတက်လာမယ်ဆိုတာ ငါယုံသွားတယ်"

"ကျုပ်ကလဲ မုသခင်ကို လေးစားပါတယ်၊ ဒါကြောင့် ပူးပေါင်းဖို့ ဆုံးဖြတ်လိုက်တာပါ"

ထိုစဉ် အပြင်ဘက်မှ ပေါက်ကွဲသံများ၊ တိုက်ခိုက်သံများ ဆူညံသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ရန်သူတွေ ထင်ရှာယ်၊ ဘားဆီးမှ [illegible]"

[illegible] နီ ရေရွတ်လိုက်သည်။ [illegible]

[illegible] လူအချို့ ပြေးထွက်သွား [illegible] ဂူကလည်း သူ့လူများအား ထွက်ခိုင်းလိုက်သည်။ [illegible] ပြီ ဖြစ် [illegible]

ရုတ်ရုတ်သဲသဲ ဖြစ်သွားသော [illegible]

မသာသောကြောင့် အသေအလဲပင် ခုခံကာကွယ်နေရ၏။

"မင်းဟာ သစ္စာဖောက်တာ ဘာကြောင့်လဲ"

"ကျုပ်က ဒီထက် တိုးတက်အောင်မြင်ချင်တယ်"

"သြော် ဒါကြောင့် အချင်းချင်း ရက်စက်ပြလိုက်တာပေါ့ မင်းကိုလဲ ငါမညှာနိုင်ဘူး"

တစ်ယောက်တစ်ခွန်း ပြောယင်း ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြ၏။

ရှောင်လုံ၏တိုက်ခိုက်မှုမှာ တဖြည်းဖြည်း ရက်စက်ပြင်းထန်လာသည်။ ရှီဂူမှာ အခြေအနေ မဟန်ကြောင်း သဘောပေါက်လိုက်၏။

"ဟောဒီမှာ တံဆိပ်တုံး"

ပြောယင်း ပစ်ပေးလိုက်၏။

ရှောင်လုံက ဖမ်းယူလိုက်စဉ် ခဏအတွင်း ရှီဂူမှာ ဘုတ်တန်းပေါ် ခုန်တက်ကာ အုတ်ကြွပ်မိုးကို ထိုးဖောက်၍ ထွက်ပြေးသွားလေသည်။

တံဆိပ်တုံး လက်ထဲ ရောက်လာပြီ ဖြစ်၍ ရှောင်လုံ လိုက်မသွားတော့ပါ။

"တစ်နေ့ တွေ့ဦးမှာပေါ့"

ကြုံးဝါးယင်း သိမ်းငှက်သခင်လေး၏ အခြေအနေအား အကဲခတ် ကြည့်လိုက်တော့သည်။

* * *



ဝတ်ရုံနီ၏သိုင်းပညာ မခေပါ။

ဓားနှစ်လက်အား ကျင်လည်စွာ အသုံးပြုယင်း တရစပ် တိုက်ခိုက်နေ၏။

သိမ်းငှက်သခင်လေးကလည်း ဓားဝှေ့ယမ်းကာ ကာကွယ်တိုက်ခိုက်နေ၏။

ရုတ်တရက်...

သူက နောက်ဆုတ်သွားပြီး ဓားကြောအား ပစ်လွှင့်လိုက်၏။

ဝတ်ရုံနီက ရှောင်တိမ်းယင်း တရကြမ်းပင် တိုက်ခိုက်လာသည်။

သိမ်းငှက်သခင်လေးက ရယ်၍ ပြုံးပြလိုက်၏။

ဝတ်ရုံနီ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သူ၏ဓားချက်များ သိမ်းငှက်သခင်လေး၏ကိုယ်ပေါ်သို့ ကျရောက်ရန် ခြောက်လက်မခန့်အကွာတွင် ပြန်လည်ဝှေ့ဝိုက်လာသော ဓားကြောက ဝတ်ရုံနီ၏နောက်ကျောအား ထိုးခွဲသွားတော့သည်။

"အား"

ဝတ်ရုံနီ နာကျင်စွာ အော်ဟစ်ယင်း လဲကျသေဆုံးသွား၏။

သိမ်းငှက်သခင်လေးက ဓားကြောအား သိမ်းဆည်းလိုက်၏။

ထို့နောက်...

ရွှေချောင်းများအား တစ်ချက်ကြည့်ကာ...

"အတော်တန်ဖိုးများတာပဲ၊ ခင်ဗျား မလိုချင်ဘူးလား"

ဟု မေးလိုက်သည်။

ရှောင်လုံ ခေါင်းယမ်းလိုက်သည်။

လက်ထဲမှ တံဆိပ်တုံးအား မြှောက်ပြယင်း...

"ကျုပ်က အမှန်တရားအတွက် လုပ်ဆောင်နိုင်တော့မယ်လေ"

သိမ်းငှက်သခင်လေး ပြုံးလိုက်၏။

"ခင်ဗျားကတော့ တကယ့်လူပဲ၊ ခင်ဗျားလိုလူစားမျိုး ကျုပ်တစ်ခါမှ မမြင်ဖူးဘူး"

"အခု မြင်ဖူးပြီ မဟုတ်လား"

"ဟား..ဟား..ဟား..ဟုတ်ပါ့ ကဲ ကျုပ်လူတွေက အားလုံးကိုရှင်းပစ်လိုက်ပြီ၊ ကျုပ်လုပ်ငန်းလည်း ပြီးပြီဆိုတော့ ရွှေချောင်းတွေသယ်ပြီး ကန္တာရကို ပြန်တော့မယ်"

ရှောင်လုံ ခေါင်းညိတ်လိုက်သည်။

"ကျုပ်ကလည်း ဒီတံဆိပ်တုံးနဲ့ပတ်သက်ပြီး အကောင်းဆုံးလုပ်ဆောင်ပြီး အမှန်တရားဖော်ထုတ်ဖို့ အနောက်မြို့စားဆီသွားမယ်"

စကားဆုံးလျှင် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားသည်။

သိမ်းငှက်သခင်လေးသည် ကိုယ်ကျိုးမဖက် အများအကျိုးအတွက်သာကြည့်သော ရှောင်လုံအား ငေးမောကြည့်နေမိသည်။

တစ်ဖန် သက်ပြင်းတစ်ချက် လေးပင်စွာ ချလိုက်မိလေတော့သည်။

* * *



## မေတ္တတရား

ရှောင်လုံသည် မြင်းလှည်းဂိတ်သို့ ထွက်လာသည်။

သူသည် အနောက်မြို့စားထံသွားကာ မဟာတံဆိပ်တုံးပေးအပ်မည်။

အဖြစ်မှန်များအား ရှင်းပြပြီး အမှန်တရားအတွက် အနောက်မြို့စားက သစ္စာဖောက်များအား ဆက်လက်ဖော်ထုတ်ပေမည်။

ထိုအခါ...

သူက လွတ်လပ်မည်။ ဂုဏ်သိက္ခာ ပြန်လည်အဖတ်ဆည်နိုင်ပေမည်။

ရှောင်လုံ တွေးယင်း တက်ကြွလာ၏။

သူက မြင်းလှည်းတစ်စီး အနီးရောက်လျှင်...

"ကျွိ"

မြင်းလှည်းတံခါးပွင့်သွားပြီး ယောင်ဝှား ဘွားခနဲ ထွက်လာသည်။

ရှောင်လုံ အံ့သြသွားသည်။

"ယောင်ဝှား"

ခေါ်ယင်း ယောင်ဝှားထံ ချဉ်းကပ်သွား၏။

ယောင်ဝှားမှာ မျက်စိမျက်နှာ ပျက်နေသည်။

"မလာနဲ့"

သူမ အထိတ်တလန့်အော်လိုက်၏။

ထိုအချိန်မှာပင် ယောင်ဝှားနောက်မှ လက်တစ်ဘက် ထွက်ကာ တိုက်ခိုက်လာ၏။

"ဝုန်း"

ရှောင်လုံ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရ၏။

သူသာ သတိမထားမိလျှင် သေဆုံးသွားရပေမည်။

ယောင်ဝှား၏နောက်မှ မုကူးလျှံ ထွက်လာသည်။

ချက်ချင်းပင် မြင်းလှည်းအား မောင်းထွက်သွားလေသည်။

ရှောင်လုံ ရင်ထိတ်သွားသည်။

"ယောင်ဝှား"

သူက ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

တဆက်တည်းပင် မြင်းတစ်ကောင်ဖြုတ်ယူ ခုန်တက်ကာ မြင်းလှည်းနောက်သို့ တရကြမ်း လိုက်ပါသွားသည်။

မကြာမီ သိမ်းငှက်မြို့ထဲမှ ထွက်လာပြီး လွင်ပြင်တစ်ခုသို့ ရောက်ရှိလာသည်။



မြင်းလှည်းဆီမှ မုကူးလျှံ၏အသံ ပျံ့လွင့်လာ၏။

"ရှောင်လုံ…ရှင်ဟာ တံဆိပ်တုံးနဲ့ယောင်ဝှားအသက်ကို တော့ မလဲလှယ်နိုင်ဘူးထင်တယ်"

ရှောင်လုံ အံကြိတ်လိုက်သည်။

သူက ဆုံးဖြတ်ချက်ချလိုက်ပြီးနောက် မြင်းလှည်းနှင့်နီးသည်ထက်နီးအောင် တိုးကပ်သွားပြီး…

"ဟောဒီမှာ တံဆိပ်တုံး"

ထုပ်ထားသော တံဆိပ်တုံးအား အဝေးသို့ လွှင့်ပစ်လိုက်သည်။

မုကူးလျှံ၏ခန္ဓာကိုယ် ရိပ်ခနဲခုန်ထွက်သွားသည်။

ရှောင်လုံက ချက်ချင်းပင် ကျွမ်းပစ်ကာ မြင်းလှည်းပေါ်သို့ ခုန်တက်ကာ နောက်ဘက်မောင်းနှင်သွားလေသည်။

မုကူးလျှံက လေထဲ၌ပင် တံဆိပ်တုံးအား ဖမ်းယူလိုက်လေသည်။

သူမ မြေပေါ်ခြေချလိုက်လျှင် ရှောင်လုံ မောင်းနှင်သွားသောမြင်းလှည်းကား အဝေးသို့ ရောက်ရှိသွားပြီဖြစ်၏။

မုကူးလျှံ ပြုံးလိုက်၏။

"ဒီနေ့တော့ သက်သာသွားတယ်မှတ်၊ ဖေဖေ့လက်ထဲ တံဆိပ်တုံးပို့ပြီးတာနဲ့ ရှင်မလွယ်ဘူး"

အေးတိအေးစက်လေသံဖြင့် ရေရွတ်လိုက်လေတော့သည်။

* * *

မြင်းလှည်း ရပ်တန့်နေပြီဖြစ်သည်။

ရှောင်လုံက ယောင်ဝှားအားကြည့်ကာ…

"သူ့ရဲ့လက်ထဲ ဘယ်လိုလုပ် ရောက်သွားတာလဲ"

ယောင်ဝှား သက်ပြင်းချလိုက်၏။

"အာမခံဘဏ္ဍာရေးကိစ္စ စီစဉ်ပြီးတာနဲ့ ရှင့်ကိုတွေ့ချင်လို့ ပြန်လာတာ၊ မြို့ထဲရောက်တော့ သူက ဖမ်းဆီးခဲ့တာပဲ"

သူမက ရှောင်လုံအား ငေးကြည့်ယင်း…

"ကျွန်မကြောင့် ရှင့်ရဲ့တံဆိပ်တုံး သူများနောက် ပါသွားပြီနော်"

ရှောင်လုံ သက်ပြင်းချကာ…

"ဘယ်တတ်နိုင်မလဲ၊ ပြန်ယူရမှာပေါ့၊ အခု လင်တာဘေမင်းဘာမှမဖြစ်တာကိုပဲ ငါဝမ်းသာပါပြီ"

ယောင်ဝှားသည် ရှောင်လုံအား ရွှန်းရွှန်းစားစားကြည့်လိုက်မိသည်။

ယခု သူမအပေါ်ထားရှိသော ရှောင်လုံ၏မေတ္တာတရားအား နားလည်သွားမိပြီဖြစ်သည်။

ရှောင်လုံကလည်း သူမအား မမှိတ်မသုန်ကြည့်နေ၏။

အတန်ကြာမှ သက်ပြင်းတစ်ချက်ချကာ…

"မင်း ဒီနေရာကို ပြန်မလာသင့်ဘူး၊ ဒီနေရာဟာ အန္တရာယ်နယ်မြေဖြစ်နေပြီ၊ မင်းတစ်ခုခုဖြစ်သွားယင် ငါစိတ်ကောင်းနိုင်မှာမဟုတ်ဘူး"

သူက မြင်းလှည်းမှမြင်းနှစ်ကောင် ဖြုတ်ယူလိုက်၏။



ယောင်ဝှားအားပွေ့ကာ မြင်းပေါ်တင်ပေးယင်း…

"အန္တရာယ်ကင်းတဲ့နေရာ သွားပါတော့"

ယောင်ဝှားက…

"ရှင်က တံဆိပ်တုံး ပြန်လုမယ် ဟုတ်လား"

"ဟုတ်တယ်"

"အစစအရာရာ ဂရုစိုက်ပါ"

ယောင်ဝှားက တစ်စုံတစ်ရာဆုံးဖြတ်ချက် ချလိုက်ဟန်ဖြင့် ချက်ချင်းပင် ထွက်ခွာသွားသည်။

ရှောင်လုံ သက်ပြင်းချကာ မြင်းပေါ်ခုန်တက်လိုက်၏။

သူက တံဆိပ်တုံးပြန်ယူရမည်။

ယခုအခြေအနေ၌ နောက် ဆုံးဓား အသုံးပြုရတော့မည်ဟု နားလည်ကာ မြင်းကိုနှင်လိုက်လေတော့သည်။

* * *

## ဘာမထိ

"ခွပ်ခွပ်…ခွပ်ခွပ်"

"ခွပ်ခွပ်…ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်နေသည်။

တောလမ်းအတိုင်း မြင်းစီးသမားတစ်ယောက် ဒုန်းစိုင်းနှင်နေသည်။

ထိုမြင်းစီးသမားကား 'ဓားထိန်းနတ်' ဘွဲ့ထူးခံ ရောင်လုံပင် ဖြစ်လေသည်။

ရောင်လုံသည် ရွှေသစ္စာဂိုဏ်း၊ တံတိုင်းနီအဖွဲ့၏မျိုးဆက် ဓားထိန်းနတ်ဘွဲ့ထူးရ သွေးသစ္စာအဖွဲ့ခေါင်းဆောင် ဖြစ်ပါသည်။

ရှေးမဆွကပင် ရှိနှင့်ခဲ့သော သံမဏိစည်းကမ်းများကို လိုက်နာကျင့်သုံး စောင့်ထိန်းရသူဖြစ်သည်။



သွေးသစ္စာအဖွဲ့တွင် ရှိဂူက သစ္စာဖောက်ခြင်း၊ တံဆိပ်တုံးကိစ္စနှင့်ပတ်သက်၍ တာဝန်မကျေဖြစ်ခဲ့ရခြင်းများကို အသက်ဖြင့် ပေးဆပ်ကာ ချေဖျက်ရန် နောက်ကြောင်းလှည့်လာခဲ့ခြင်းဖြစ်ပါတော့သည်။

သူ အသက်ရှင်နေသမျှ ကာလပတ်လုံး တာဝန်ကျေအောင် ထမ်းဆောင်မည်။

အမှန်တရားဘက်မှ ရပ်တည်ကာ ရန်သူများအား တိုက်ခိုက်သွားမည်သာ ဖြစ်ပါသည်။

သူ ရင်ဆိုင်ရမည့် ရန်သူများတွင် မာနခဲမုကူးလျှံက ကြောက်စရာအကောင်းဆုံးဖြစ်သည်။

သူ၏သိုင်းပညာဖြင့် မုကူးလျှံအား မည်သည့်နည်းနှင့်မျှ ယှဉ်နိုင်မည်မဟုတ်ဟု ရောင်လုံ ကောင်းစွာနားလည်ထားသည်။

ယခု…

သူသွားနေသော လမ်းသည် ကျိန်းသေအသက်စွန့်ရမည့် မရဏလမ်းခရီးဖြစ်ကြောင်းလည်း နားလည်ထားသည်။

သို့ပါလျှက်…

ရှင်ဖုံးကြည် ပြုစုပျိုးထောင်ခဲ့သော သွေးသစ္စာအဖွဲ့ခေါင်းဆောင်တစ်ယောက်သည် သံမဏိစိတ်ဓာတ်ဖြင့် မကြောက်မရွံ့ သွားရမည်သာ ဖြစ်ပါသည်။

အမှန်တရားအတွက် သတ်ရဲ၊ သေရဲသူ ဖြစ်ရမည် မဟုတ်ပါလား။

ရောင်လုံက မြင်းကို ဒုန်းစိုင်းနှင်လာယင်း ရုတ်တရက်

'ယောင်ဝှား'၏ရိုးသားဖြူစင်သော မျက်နှာလေးကို မြင်ယောင်လာသည်။

ယောင်ဝှား..။

မမျှော်လင့်ဘဲ သူနှင့် တွေ့ဆုံခဲ့ရခြင်းဖြစ်သည်။

ပြုံကွဲလုဆဲဆဲ အာမခံဌာနတစ်ခု ဆက်လက်တည်တံ့နိုင်ရန် သူကူညီခဲ့သည်။

ထိုအတွက်ကြောင့် ယောင်ဝှားက သူ့ကို ကျေးဇူးတင်ခဲ့သည်။

အတူတကွ ခရီးနှင်ကြယင်း သူ့အပေါ် တဖြည်းဖြည်းသံယောဇဉ်ဖြစ်သွားခဲ့ကြောင်း ရှောင်လုံ နားလည်ထားလေသည်။

ယောင်ဝှားသည် ဘဝကြင်ဖော်အဖြစ် ရွေးချယ်သင့်သော မိန်းကလေးတစ်ယောက် ဖြစ်ပါသည်။

သို့သော်...

ရှောင်လုံက သူမအား မေတ္တာသက်ဝင်မိသည့်တိုင် သူမ၏ မေတ္တာကို တောင်းခံကာ လက်ထပ်ဖို့ကြိုးစားမည် မဟုတ်ပါ။

သူမအပေါ် ထားမိသည့် မေတ္တာတရားကို မြိုသိပ်ထားလိုက်မည်သာ ဖြစ်ပါသည်။

ထိုမေတ္တာတရားကို သူ၏ရင်ထဲမှ ချက်ချင်းမောင်းထုတ်လိုက်မည်သာဖြစ်ပါသည်။

မားထိန်းနတ်သည် သံယောဇဉ်ကင်းရမည်။

မေတ္တာကင်းမဲ့ရမည် မဟုတ်ပါလား။

သို့မှသာ ချမှတ်ထားသော ကျင့်ဝတ်စည်းကမ်းများကို



လိုက်နာဆောင်ရွက်နိုင်မည် ဖြစ်ပေသည်။

"ကျူပ်ဟာ အသည်းနှလုံးမရှိတဲ့ လူတစ်ယောက်ဆိုတာ မိန်းကလေး နားလည်နိုင်မှာ မဟုတ်ပါဘူး"

ရှောင်လုံ တီးတိုးရေရွတ်လိုက်သည်။

တဆက်တည်းမှာပင် ငယ်စဉ်ဘဝကို ပြန်လည်မြင်ယောင်လာလေသည်။

မိဘမဲ့တစ်ကောင်ကြွက်ဘဝဖြင့် လမ်းပေါ်တွင် လေလွင့်နေခဲ့ရသည်။ စားရမဲ့သောက်ရမဲ့ဘဝဖြင့် အသက်ရှင်နေခဲ့ရသည်။

ကြင်နာယုယမည့်သူ မရှိ။

စောင့်ရှောက်မည့်သူ မရှိ။

လူဖြစ်ပါလျက် တိရိစ္ဆာန်နှင့်မခြားသောဘဝဖြင့် အသက်ရှင်ခဲ့ရခြင်း ဖြစ်သည်။

ခါးသီးလှသော လောကဓံတရားကြောင့် သူ၏စိတ်များ အလိုလိုခက်ထန်ကြမ်းကြုတ်လာခဲ့တော့သည်။

အစာရေစာ စားရဖို့နှင့် အသက်ရှင်သန်ဖို့အရေး ရုန်းကန်တိုက်ခိုက်ရန် ဝန်မလေးတော့ပါ။

သူ့အား ရှင်ဖုံးကြည်က တွေ့ရှိခေါ်ဆောင်သွားခဲ့သည်။

အစာရေစာ ကျွေးမွေးသည်။ အဝတ်အစား ပေးသည်။

အိပ်စရာပေးသည်။ ပညာသင်ပေးသည်။မာကျောလာအောင်၊ ရက်စက်တတ်အောင် ထပ်သင်ပေးသည်။

သံယောဇဉ်၊ အကြင်နာတရား၊ မေတ္တာတရားတို့မှာ သူနှင့် လုံးဝသက်ဆိုင်ခြင်းမရှိ။

အသက်ရှင်သန်ရေးအတွက် သတ်ရဲသေရဲသူဖြစ်လာအောင် ပုံသွင်းသည်။ လေ့ကျင့်ပေးသည်။

နောက်ပိုင်းတွင်...

အမိန့်နာခံတတ်မှု၊ စည်းကမ်းစောင့်ထိန်းမှုနှင့် မတရားမှုများ၊ နိုင်ထက်စီးနင်းပြုခြင်းများကို ရွံရှာမုန်းတီးလာအောင် သင်ကြားပေးသည်။

လောကကြီး၏ မတရားမှုများနှင့် ကြီးနိုင်ငယ်ညှဉ်းပြုမှုများကိုလက်တွေ့ခါးစည်းခံလာခဲ့ရသောကြောင့် ရှင်ဖုံးကြည် စိတ်တိုင်းကျဖြစ်ခဲ့ရသည်ကိုလည်း တွေးမိသည်။ မည်သို့ဆိုစေ...

ရှင်ဖုံးကြည်သည် အမှန်တရားဟု ရှောင်လုံ သက်ဆုံးတိုင် ခံယူသွားမည်သာ ဖြစ်ပါသည်။

ယခုလည်း ကောက်ကျစ်စဉ်းလဲမှုများ၊ မတရားမှုများကို လက်တွေ့ဒိဌရင်ဆိုင်နေရသည် မဟုတ်ပါလား။

"ဆရာရှင်ဖုံးကြည်က သည်လိုအဖြစ်မျိုးတွေကို ဆုံးမချေဖျက်နိုင်အောင် ငါ့ကို ပျိုးထောင်ပေးခဲ့တာ၊ ဆရာရှင်ဖုံးကြည်နဲ့အမှန်တရားအတွက် အသက်စွန့်ခဲ့တဲ့ မားပိုင်ရှင်တွေရဲ့ဝိဉာဉ်တွေဟာ ငါ့ကို ဝိုင်းဝန်းကူညီကြလိမ့်မယ်"

ရှောင်လုံ တွေးတောယင်း အားတက်လာသည်။

ယောင်ဗွားကို လုံးဝမေ့သွားသည်။

ရန်သူကို ရင်ဆိုင်ရဝံ့ ဆက်၍မြင်းဒုန်းစိုင်းနှင်သွားလိုက်လေတော့သည်။

* * *



## အတုန့်အလှည့်

သံခေါင်းကြီးနှင့် ကျွဲကြီးတို့ မျက်နှာမသာမယာ ဖြစ်နေကြသည်။

သူတို့ အာမခံဌာနအဖွဲ့သားအားလုံး ဘေးမသီရန်မခ ရှိနေကြသော်လည်း ယောင်ဗွားတစ်ယောက်အတွက် စိုးရိမ်ပူပန်နေကြရသည် မဟုတ်ပါလား။

သံခေါင်းကြီးက...

"သည်လူဟာ လူကောင်းတစ်ယောက်ဖြစ်မလိုနဲ့ နောက်ဆုံး လူဆိုးတစ်ယောက် ဖြစ်နေတာပဲ"

ဟုညည်းတွားလိုက်သည်။

ကျွဲကြီးက...

"သူဟာ တို့တတွေ မသွားဘဲနေမှာစိုးရိမ်လို့ ယောင်ဗွားကို ဓားစာခံခေါ်သွားတာပါကွာ၊ ဒုက္ခပေးတာ မဟုတ်ဘူးလို့ ငါထင်ပါတယ်"

သံခေါင်းကြီးက…

"ဘာပဲဖြစ်ဖြစ် သူ့နောက်ကို ပါသွားတဲ့ ယောင်ဝှားအတွက် ဘယ်လိုစိတ်ချရမလဲ"

ကျွဲကြီး သက်ပြင်းချလိုက်သည်။

"ဒါတော့ ဟုတ်ပါတယ်ကွာ"

သံခေါင်းကြီးက…

"တို့ခေါင်းဆောင်ကြီးလည်း အတော်စိတ်ပူနေတယ်၊ ယောင်ဝှားသာ တစ်ခုခုဖြစ်သွားယင်တော့.."

သူစကားဆုံးအောင် မပြောလိုက်ရပါချေ။

ခပ်လှမ်းလှမ်းတွင် ရှိနေသည့် အဖွဲ့သားများ ရုတ်ရုတ် သဲသဲ ဖြစ်သွားသည်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

"ဘာဖြစ်တာပါလိမ့်"

ကျွဲကြီးက မျက်လုံးပြူးကာ လှမ်းကြည့်ယင်း..

"ဟာ..ယောင်ဝှား ပြန်ရောက်လာပြီကွ"

ဝမ်းသာအားရ အော်ပြောလိုက်လေသည်။

"ဟေ..ဟုတ်လား"

နှစ်ယောက်သား ခုန်ထလိုက်ပြီး ရုတ်ရုတ်သဲသဲဖြစ်နေသည့် အာမခံအဖွဲ့သားများရှိရာသို့ ပြေးသွားလိုက်ကြလေတော့သည်။

* * *



"ဖေဖေ"

"သမီး"

ယောင်ဝှား ပြန်ရောက်လာခြင်းကြောင့် ယောင်စင်းဝမ်းသာမဆုံး ဖြစ်နေပါတော့သည်။

"သမီးရယ် ဖေဖေ စိတ်ပူလိုက်ရတာ"

ယောင်ဝှားက…

"သမီး အဖမ်းခံလိုက်ရပေမယ့် အစ်ကိုရှောင်လုံက သမီးကိုပြန်ပြီး ကယ်တင်ခဲ့တာပါ ဖေဖေ"

"သူက.."

"သူပဲ သမီးကိုလိုက်ပို့ပေးခဲ့တာပါ၊ ဘေးကင်းရာကိုသွားဖို့နဲ့ အာမခံဌာနကို ပြန်ထူထောင်ဖို့လည်း သေသေချာချာ မှာကြားလိုက်ပါသေးတယ်ဖေဖေ"

ယောင်စင်း မျက်မှောင်ကုပ်သွားသည်။

အာမခံအဖွဲ့သားများလည်း အချင်းချင်းကြည့်လိုက်ကြလေသည်။

ရှောင်လုံက သူတို့အား ဒုက္ခပေးရန်ကြံစည်ခဲ့ခြင်း မဟုတ်ပါ။

သူတို့ ဒုက္ခရောက်မည်ကို စိုးရိမ်ကာ လွတ်ရာသို့ထွက်သွားကြရန် တမင် ယောင်ဝှားကို ဓားစာခံဖမ်းဆီးကာ အကြံပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း နားလည်လုက်ကြလေသည်။

ယခု…

ရှောင်လုံ ဆန္ဒရှိသည့်အတိုင်း အားလုံး ဘေးမသီရန်မခ

ရှိနေကြပြီး ဘေးအန္တရာယ်လွတ်ကင်းသည့် အရပ်သို့ ရောက်ရှိနေကြပြီ မဟုတ်ပါလား။

ယောင်ဝှား ပြန်ရောက်လာခြင်းကြောင့် အားလုံးပြည့်စုံသွားပြီဟု ဆိုနိုင်ပါတော့သည်။

ယောင်စင်းက...

"ရှောင်လုံကော"

ဟု မေးလိုက်လေသည်။

ဓားထိန်းနတ်ရှောင်လုံသည် သတင်း ထင်ရှားကျော်ကြားသူ ဖြစ်လေသည်။

တိကျပြတ်သားသူ၊ အမှန်တရားဘက်မှ ရပ်တည်သူဖြစ်သလို သတ်ရဲသေရဲသူ၊ ရက်စက်ရန်ဝန်မလေးသူလည်း ဖြစ်သည် မဟုတ်ပါလား။

အာမခံဌာနလုပ်ငန်းကို ရိုးရိုးသားသား လုပ်ကိုင်ဆောင်ရွက် ကြသူများအနေဖြင့် ဓားထိန်းနတ်ရှောင်လုံကို စိုးရွံ့မိကြသည်မှာမဆန်းပါချေ။

ယောင်ဝှားက...

"သူ နောက်ကြောင်း ပြန်လှည့်သွားပါတယ် ဖေဖေ"

"နောက်ကြောင်းလှည့်သွားတယ်"

"ဟုတ်ပါတယ်"

"ဘာသွားလုပ်တာလဲ"

"သူ..သူက.."

ယောင်စင်းက...



"ရန်သူတွေကို သွားပြီးရင်ဆိုင်တာ မဟုတ်လား"

ယောင်ဝှား ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဖေဖေ၊ အစ်ကိုရှောင်လုံဟာ ကျွန်မကို ငဲ့ညှာနေရလို့ပါ၊ ကျွန်မအတွက် စိုးရိမ်စရာမလိုတော့ဘူးဆိုတာနဲ့ ရန်သူနဲ့ရင်ဆိုင်ဖို့ နောက်ကြောင်းပြန်လှည့်သွားတာပါ"

ယောင်စင်းက...

"သူတစ်ယောက်ထဲနဲ့ ဘယ်လိုရင်ဆိုင်နိုင်မှာလဲ"

သံခေါင်းကြီး ဝင်ပြောလိုက်သည်။

"သူဟာ ဘယ်တော့မှ ရှောင်တိမ်းထွက်ပြေးသွားမယ့် လူစားမျိုး မဟုတ်ပါဘူး"

ကျွဲကြီး ထောက်ခံလိုက်သည်။

"ဓားထိန်းနတ်ဆိုတာ သတ်ရဲသေရဲတဲ့ လူစားမျိုးပေါ့"

ယောင်စင်း စိတ်လှုပ်ရှားသွားလေသည်။

ရှောင်လုံသည် ရန်သူများနှင့် ရင်ဆိုင်ယင်း နောက်ဆုံး သေဆုံးသွားလိမ့်မည်ဟု နားလည်လိုက်၏။ ယောင်ဝှားက...

"သူက ကျွန်မတို့ အာမခံဌာန မပြိုကွဲရအောင် ကူညီခဲ့တယ်၊ ကျွန်မတို့ကကော သူ့ကိုပြန်ပြီး မကူညီသင့်ဘူးလား ဖေဖေ"

"ဟေ"

ယောင်စင်း လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"သမီး ဘယ်လိုပြောလိုက်တာလဲ"

ယောင်ဝှား ရှင်းပြလိုက်သည်။

"ကျွန်မတို့ အာမခံဌာနဟာ အလုပ်အပ်မဲ့သူမရှိသလောက်

ဖြစ်နေတော့ ဝင်ငွေမရှိတာနဲ့ ဆက်ပြီးရပ်တည်ဖို့ ခက်ခဲသွားတာ သူက အလုပ်အပ်ပြီးငွေပေးတယ်၊ အဲဒါ အာမခံဌာ ဆက်ပြီးရပ်တည်နိုင်အောင် ကူညီခဲ့တာပဲ မဟုတ်လားဖေဖေ"

ရှောင်လုံက သူတို့အား ကူညီခဲ့ခြင်းဖြစ်ကြောင်း ယောင်စင်းအပါအဝင် အဖွဲ့သားအားလုံး နားလည်ထားကြလေသည်။

ယောင်ဟုားက...

"ကျွန်မတို့ကို ကူညီခဲ့တဲ့လူတစ်ယောက် ဒုက္ခရောက်တော့မယ်ဆိုတော့ ကျွန်မတို့ ပြန်ပြီးမကူညီသင့်ဘူးလားဖေဖေ"

ယောင်စင်း သက်ပြင်းချလိုက်သည်။

"ကူညီသင့်ပါတယ် သမီးရယ်"

ယောင်ဟုားက...

"ဒါဖြင့် ကျွန်မတို့ ကူညီကြမယ်ပေါ့"

ယောင်စင်း ခေါင်းညိတ်လိုက်သည်။ ယောင်ဟုားက...

"ဖေဖေ...ကျွန်မတို့ တကယ်ကူညီမှာနော်"

"ဒါပေါ့"

ယောင်ဟုား ဝမ်းသာသွားသည်။

အာမခံဌာနအဖွဲ့သားများဘက်သို့ လှည့်ကာ...

"အားလုံး သဘောတူကြပါသလားရှင်"

ဟု မေးလိုက်၏။ အဖွဲ့သားအားလုံးက သဘောတူကြောင်း တညီတညွတ် တည်း ထောက်ခံပြောဆိုလိုက်ကြလေတော့သည်။

* * *



## သူရဲကောင်းဆိုသည်မှာ

ကျောက်တုံးကျောက်ခဲ ပေါများပြီး သဲဖုံးထားသော လမ်းကျဉ်းလေးတစ်ခုမှ လူတစ်စု ခရီးနှင်နေကြလေသည်။

ကန္တာရနယ်မြေသို့ ဦးတည်ခရီးနှင်နေကြခြင်း ဖြစ်သည်။

ထိုလူစုနှင့်အတူ အထုပ်အပိုးများ သယ်ဆောင်လာသည်။

အထုပ်အပိုးများအတွင်း၌ အဖိုးတန်ရွှေချောင်းများ ပါရှိပြီး အလွန်အဖိုးတန်သော အထုပ်အပိုးများ ဖြစ်နေပါတော့သည်။

ထိုလူစုအား ဦးဆောင်လာသူမှာ 'သိမ်းငှက်သခင်လေး'ဖြစ်လေသည်။

သိမ်းငှက်သခင်လေးသည် သူ၏ကိစ္စများ ပြီးဆုံးသွားခြင်းကြောင့် ကန္တာရထဲသို့ ပြန်တော့မည် ဖြစ်လေသည်။

သို့သော်....

အပြန်လမ်းတွင် ရွှေချောင်းများရရှိခဲ့သော်လည်း မင်းသားလေး ပျော်ရွှင်နိုင်ခြင်းမရှိဘဲ တွေဝေငေးမောနေမိတော့သည်။

ရွှေချောင်းများ သယ်ဆောင်လာသော မြင်းလှည်းကို လမ်းတွင်စွန့်ထားခဲ့ပြီဖြစ်သည်။

မြင်းလှည်းဖြင့် သွားခြင်းထက် မြင်းစီးကာ ခရီးနှင်ခြင်းက ပို၍လွတ်လပ်ပေသည်။

သဲထူထပ်လှသော သဲမြေထဲ၌ မြင်းလှည်းဘီးနစ်ကာ ခရီးဖင့်နေမည့်အခက်အခဲကိုလည်း စိုးရိမ်စရာလိုတော့မည် မဟုတ်ပါချေ။

မြင်းလှည်းကို ထားပစ်ခဲ့သည့်နည်းတူ ရှောင်လုံနှင့်လည်း လမ်းခွဲခဲ့ပြီ ဖြစ်သည်။

ရှောင်လုံသည် တံဆိပ်တုံးနှင့်ပတ်သက်ပြီး အခက်အခဲအန္တရာယ်များကို ဆက်လက်ရင်ဆိုင်သွားရဦးမည် မဟုတ်ပါလား။

အန္တရာယ်များကား မမှန်းဆနိုင်အောင် ကြီးမားလှသည်။

ရှောင်လုံတစ်ယောက်ထဲ ရင်ဆိုင်ဖြေရှင်းနိုင်ပါမည်လော။

သိမ်းငှက်မင်းသားလေး သက်ပြင်းချလိုက်သည်။

ရှောင်လုံက မည်သည့်နည်းနှင့်မျှ ရင်ဆိုင်ဖြေရှင်းနိုင်မည် မဟုတ်ဟု နားလည်ထားလေသည်။

သို့တိုင်...

ရှောင်လုံသည် သူ့ရဲကောင်း မားထိန်းနတ်ဖြစ်သည့်အလျောက် အသက်ကို ပဓာနမထားဘဲ ရင်ဆိုင်ဖြေရှင်းသွားမည်သာ



ဖြစ်ပါသည်။

ဘယ်တော့မှ နောက်ဆုတ်သွားလိမ့်မည် မဟုတ်ပါချေ။

"တော်တော် မာကျောတဲ့လူပဲ"

သိမ်းငှက်မင်းသားလေးသည် ရှောင်လုံကို စိတ်ထဲမှ သဘောကျနေမိသည်။

ရာသီဥတုဆိုးဝါးလှသော ကန္တာရထဲ၌ နေထိုင်ကြသူများသည် သဘာဝတရားအရ စိတ်ကြမ်းကိုယ်ကြမ်း ဘာမဆိုအံတုဝံ့သူများ ဖြစ်လာကြသည်။

ကြမ်းကြမ်းတမ်းတမ်း လူကြမ်းကြီးများဟု ဆိုနိုင်ပါသည်။

ရှောင်လုံက လူကြမ်းကြီးတစ်ယောက်တော့ မဟုတ်ပါ။

ယောကျ်ားပီသစွာ ချောမောခန့်ညားသော လူရွယ်တစ်ဦးသာဖြစ်သည်။

သို့သော်...

သူ၏စိတ်ဓာတ်ကား ကန္တာရမှ လူကြမ်းကြီးများထက်ပင် ပို၍ကြံ့ခိုင်နေပါသည်။

တိကျပြတ်သားသည်။ ကတိတည်သည်။

လုပ်စရာရှိသည့်အလုပ်ကို ရဲရဲပြတ်သားစွာဖြင့် တိတိကျကျ လုပ်ကိုင်ဆောင်ရွက်တတ်သူဖြစ်သည်။

ကန္တာရသားတစ်ယောက်၏ စိတ်ထားမျိုးရှိသူဟု မင်းသားလေးက သဘောကျမိခြင်းဖြစ်သည်။

ထိုသို့ သဘောကျမိသည်နှင့် ခင်မင်ရင်းနှီးလိုသောစိတ်များဖြစ်ပေါ်လာလေတော့သည်။

'မိတ်ဆွေဖြစ်နိုင်ယင် ဘယ်လောက်ကောင်းမလဲ'ဟု တွေးမိသည်အထိ ဖြစ်လေသည်။

ကန္တာရမင်းသားလေးသည် ရောင်လုံနှင့် မိတ်ဆွေဖွဲ့ရန် စဉ်းစားယင်း သူတို့၏ဘဝကို ပြန်ပြောင်းတွေးတောစဉ်းစားမိလိုက်ပြန်သေးလည်း။

သူ၏ဖခင် ကန္တာရသိမ်းငှက်မှာ တစ်ချိန်က လူတိုင်းဖိန့်ဖိန့်တုန်အောင် ကြောက်ရသော လူဆိုးဓားပြကြီးတစ်ယောက် ဖြစ်ခဲ့လေသည်။

ကန္တာရသိမ်းငှက်ဟူသောအမည်သည် ကန္တာရမှာသာမက သိုင်းလောကသို့တိုင် ပျံ့နှံ့ကျော်ကြားခဲ့သည်။

ကန္တာရသိမ်းငှက်အား သုတ်သင်ရှင်းလင်းရန် သိုင်းလောကသားများက ကြိုးစားခဲ့ကြသေး၏။

အမှန်တော့ ကန္တာရသိမ်းငှက်သည် လူဆိုးကြီးတစ်ယောက် မဟုတ်ပါ။

မကောင်းမှု မတရားမှုများကို ခေါင်းငုံ့မခံ တိုက်ခိုက်ခဲ့သည့် သူရဲကောင်းကြီးတစ်ဦးသာ ဖြစ်လေသည်။

ကန္တာရနယ်မြေ၌ ယခင်က ငွေရှင်ကြေးရှင်များ၊ ကျွန်အားသိုဆိတ် မွေးမြူသူများ၊ ကန္တာရစော်ဘွားကဲ့သို့ အကြီးအကဲများသည် မာန်မာန ထောင်လွှားကာ ထင်တိုင်းကျဲခဲ့ကြသည်။

မိန်းမပျိုလေးများအား အဓမ္မသိမ်းပိုက်သည်။

ပစ္စည်းဥစ္စာများလည်း သိမ်းပိုက်သည်။

လူအများအားဖမ်းဆီးကာ ကျေးကျွန်ပြုသည်။



မထင်လျှင်မထင်သလို သတ်ပစ်တတ်သေး၏။

ထို မတရားမှုများကို ကန္တာရသိမ်းငှက်က တွန်းလှန်ချေမှုန်းခဲ့ခြင်းဖြစ်သည်။

ကြေးရေတတ်များအတွက် လူဆိုးကြီးဖြစ်ခဲ့ပြီး ဆင်းရဲနွမ်းပါးသူများအတွက် သူရဲကောင်းကြီးဖြစ်ခဲ့သည်။

ကန္တာရသိမ်းငှက်က ရရှိသည့်ပစ္စည်းများကို ဆင်းရဲနွမ်းပါးအတိဒုက္ခရောက်နေသူများအား ဝေငှပေးကမ်းကူညီသည်။

ထို့ကြောင့်လည်း ဝူးယိကျားကကန္တာရသိမ်းငှက်အကြောင်းသိသွားပြီး လူဆိုးဓားပြဟု သဘောမထားဘဲ မိတ်ဆွေရင်းချာပမာဆက်ဆံခဲ့ခြင်းဖြစ်သည်။

မဟာမိတ်အဖွဲ့ကြီး စတင်ထောင်သောအခါ ကန္တာရသိမ်းငှက်အား အရေးပါသော အကြီးအကဲတစ်နေရာကို ပေးခဲ့ခြင်းဖြစ်သည်။

ကန္တာရသိမ်းငှက်က မဟာမိတ်အဖွဲ့ အကြီးအကဲတစ်ယောက်အဖြစ် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ပြီး ဝူးယိကျားကွယ်လွန်သွားသောအခါ ကန္တာရသို့ပြန်သွားခဲ့လေသည်။

ကန္တာရသို့ရောက်လျှင် မဟာမိတ်အဖွဲ့ကြီးမှ ခေါင်းဆောင်များကိုလည်း သဘောမကျသဖြင့် ပြန်လာခဲ့ကြောင်း ကျေညာပြီး ယခင်အတိုင်း လူဆိုးဓားပြကြီးဘဝကို ပြန်လည်ခံယူခဲ့ခြင်းဖြစ်သည်။

ကန္တာရသိမ်းငှက် ကွယ်လွန်သွားသောအခါမှ သူ၏အမွေကို သိမ်းငှက်မင်းသားလေးက ဆက်၍ခံယူခဲ့ခြင်းဖြစ်လေသည်။

သိမ်းငှက်မင်းသားလေးက...

"ခုချိန် ဖေဖေသာရှိနေယင် သိပ်ကောင်းမှာပဲ၊ ရှောင်လုံရဲ့ အကြောင်းကို ပြောပြလိုက်ယင် သူဘယ်လိုဆုံးဖြတ်မယ်ဆိုတာ ငါသိချင်လိုက်တာ"

ဖခင်ကြီးကို တမ်းတလိုက်လေသည်။

"ဖေဖေကလည်း ရှောင်လုံဟာ မိတ်ဖွဲ့ရမယ့်လူလို့ ဆုံးဖြတ်မှာပါ"

တီးတိုးရေရွတ်ယင်း ပြုံးလိုက်သည်။

ကန္တာရသားများ၏ စိတ်နေသဘောထားကား ထူးခြားလှပေသည်။

သိမ်းငှက်သခင်လေးသည် အမျိုးမျိုးတွေးတောစဉ်းစားပြီးသည်နှင့် ဆုံးဖြတ်ချက် ချလိုက်သည်။

"ရပ်လိုက်"

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာခြင်းကြောင့် သိမ်းငှက်အဖွဲ့သားများ ချက်ချင်း ရပ်တန့်သွားကြလေတော့သည်။

* * *



သိမ်းငှက်အဖွဲ့သားများ မင်းသားလေး၏အသံ ကြားရသည်နှင့် ချက်ချင်းရပ်တန့်လိုက်ကြလေသည်။

အားလုံး မင်းသားလေးကို လှည့်ကြည့်လိုက်ကြသည်။

မင်းသားလေးက...

"အားလုံး နားထောင်ကြ၊ ရွှေချောင်းတွေယူပြီး ကန္တာရနယ်မြေကို ဆက်သွားကြရမယ်၊ ရွှေချောင်းတွေကို ဘယ်လိုအသုံးချရမယ်၊ တို့ကန္တာရသိမ်းငှက်အဖွဲ့ကို ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ ဆက်ပြီး ရပ်တည်သွားကြမယ်ဆိုတာ အားလုံးသိတဲ့အတိုင်း ကိုယ့်တာဝန်ကိုယ်ကျေအောင် ထမ်းဆောင်ပြီး ရှေ့ခရီးဆက်ရလိမ့်မယ်"

သိမ်းငှက်သိုင်းသမားတစ်ယောက်က...

"မင်းသားလေး ခုလိုပြောနေတာ အကြောင်းတစ်ခုခုများ ရှိနေလို့လားဗျာ"

ဟု မေးလာလေသည်။

မင်းသားလေးက...

"ဟုတ်ပါတယ်၊ ကျုပ်က အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ နောက်ကြောင်းပြန်လှည့်သွားရလိမ့်မယ်၊ ဒါကြောင့် အဖွဲ့ကို ခင်ဗျားတို့ ကိုယ့်အားကိုယ်ကိုးပြီး ဆက်လက်ဦးဆောင်သွားကြပါ"

အဖွဲ့သားများ အချင်းချင်း ကြည့်လိုက်ကြလေသည်။

မင်းသားလေးက...

"မကြာခင် ကျုပ်လိုက်လာခဲ့ပါ့မယ်ဗျာ"

ဟုပြောလိုက်မှ အားလုံးကျေနပ်သွားကြလေသည်။

"ကဲ...သွားကြပေတော့"

မင်းသားလေး၊ လက်ဝှေယမ်းပြလိုက်လျှင် အဖွဲ့သားများလည်း ရှေ့ဆက် ခရီးနှင်သွားကြတော့သည်။

မင်းသားလေးက မြင်းကို လမ်းဘေး၌ ရပ်ကာ အခြေအနေစောင့်ကြည့်နေလိုက်လေသည်။

အဖွဲ့သားများ တဖြည်းဖြည်း ဝေးသွားပြီး နောက်ဆုံးမြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

မင်းသားလေးလည်း နောက်ကြောင်းလှည့်ကာ မြင်းဒုန်းစိုင်းနှင်သွားလေတော့သည်။

* * *



ရှောင်လုံက နောက်ကြောင်း ပြန်လှည့်သွားသည်။

ယောင်စင်းတို့ အာမခံအဖွဲ့သားများကလည်း နောက်ကြောင်းလှည့်သွားကြ၏။

သိမ်းငှက်သခင်လေးကလည်း နောက်လှည့်ပြန်လာခဲ့ပြီဖြစ်လေသည်။

ရှောင်လုံက ဦးစွာ လှည့်ပြန်သွားခြင်း ဖြစ်သည်။

သို့တိုင်…

ရန်သူများနှင့် မတွေ့ရမီ ဖြတ်လမ်းကို အသုံးပြုကာ လိုက်လာကြသော အာမခံအဖွဲ့သားများနှင့် အယင်ဆုံး ဆုံတွေ့လိုက်ကြရလေတော့သည်။

* * *

## ပန်းတိုင်

"ခွပ်ခွပ်…ခွပ်ခွပ်"

"ခွပ်ခွပ်…ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်နေသည်။

ရှောင်လုံက မြင်းဒုန်းစိုင်းနှင်လာခဲ့ယင်း တောင်ကုန်းလေးတစ်ခုကို ကွေ့ပတ်ဖြတ်ကျော်လိုက်ရာ ရှေ့တွင် လူတစ်စုက အသင့်စောင့်ကြိုနေသည်ကို ဘွားခနဲ တွေ့လိုက်ရလေသည်။

ရုတ်တရက်မို့ ရှောင်လုံ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ဟေး"

မြင်းဇက်ကြိုးတင်းတင်းဆွဲပြီး ရပ်တန့်လိုက်မိလေသည်။



"ဟီး…ဟီး…ဟီး"

မြင်းက ရှည်လျားစွာ ဟီပြီး ပဒပ်ရပ်လိုက်ပြီးမှ အရှိန်သပ်ရပ်တန့်သွားခဲ့လေသည်။

ရှောင်လုံ တိုက်ခိုက်ရန် အသင့်ပြင်ယင်း ရှေ့မှ လူစုကိုကြည့်လိုက်သည်။

ထိုစဉ်…

"အစ်ကို"

ဝမ်းသာအားရ ခေါ်သံနှင့်အတူ မိန်းကလေးတစ်ယောက်ပြေးထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုမိန်းကလေးကို မြင်လျှင် ရှောင်လုံ အံ့ဩသွားလေသည်။

"ယောင်ဝှား"

ပြေးလာသော မိန်းကလေးကား ယောင်ဝှား ဖြစ်နေသည်။

ယောင်ဝှားက အနီးသို့ ရောက်လာလေသည်။

ရှောင်လုံ မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

"ယောင်ဝှား၊ မင်းက အနောက်ဘက်မှာ ကျန်ရစ်ခဲ့ပြီမဟုတ်လား။ ဘယ်လိုလုပ်ပြီး ရှေ့ကို ရောက်နေကြတာလဲ"

ယောင်ဝှား ပြုံးလိုက်သည်။

"ကျွန်မတို့အဖွဲ့ထဲက လူတစ်ယောက်ဟာ ဖြတ်လမ်းခရီးတွေကို သိတယ်လေ၊ ဒါကြောင့် ဖြတ်လမ်းတွေကို အသုံးပြုပြီး အစ်ကို့ရှေ့က ရောက်နှင့်အောင် ကြိုပြီးလာနိုင်ခဲ့ကြတာပေါ့"

ရှောင်လုံက မလှမ်းမကမ်း၌ ရှိနေကြသူများအား လှမ်းကြည့်လိုက်လေသည်။

ယောင်စင်း ဦးဆောင်သော အာမခံအဖွဲ့သားများ ဖြစ်ကြသည်။

ယောင်စင်းက လက်ဝှေ့ယမ်းပြလိုက်လေသည်။

ရှောင်လုံက ယောင်ဝှားကို မေးလိုက်သည်။

“ညီမတို့က ဘယ်လိုသဘောလဲ”

ယောင်ဝှားက...

“အစ်ကို့ကို ကူညီမလို့လေ”

“ဟင်”

“အစ်ကိုဟာ ကျွန်မတို့အဖွဲ့ မပြိုကွဲရလေအောင် ကူညီခဲ့တယ်၊ ဒါကြောင့် အစ်ကို့အခက်အခဲကို ဝိုင်းဝန်းကူညီဖြေရှင်းပေးကြမယ်လို့ အားလုံးဆုံးဖြတ်လိုက်ကြတယ်လေ”

ရှောင်လုံ၏ရင်ထဲ ထူးခြားသောခံစားချက်များ ဖြစ်ပေါ်လာလေသည်။

သူ့အား ယောင်ဝှားနှင့် အာမခံအဖွဲ့သားများကသာ စိတ်လှုပ်ရှားစေနိုင်ခဲ့ကြခြင်းဖြစ်ပါသည်။

ယောင်ဝှားက...

“အစ်ကို လက်မခံဘဲ မောင်းထုတ်မယ်ဆိုယင်တောင် ဘယ်သူမှသွားကြမှာ မဟုတ်ပါဘူး”

ရှောင်လုံက အခြေအနေအရပ်ရပ်ကို နားလည်သဘောပေါက်လိုက်လေသည်။

ယောင်ဝှားတို့လူစုကား နောက်ဆုတ်တော့မည်မဟုတ်ပါ။

သူမတို့အား မောင်းထုတ်လိုက်ခြင်းထက် အမှန်တရားအ



တွက် လက်တွဲဆောင်ရွက်စေခြင်းက အကောင်းဆုံးဖြစ်မည်ဟု နားလည်လိုက်သည်။

ရှောင်လုံက ယောင်ဝှားကို စိုက်ကြည့်လိုက်သည်။

“ညီမတို့အဖွဲ့က ကျုပ်ကို ကူညီမယ်ဟုတ်လား”

ယောင်ဝှား ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ် အစ်ကို”

“ကောင်းပြီ ကျုပ်ကို ကူညီမယ်ဆိုယင် ကျုပ်ခိုင်းတာလုပ်ရမယ်၊ ဘယ်လိုသဘောရသလဲ”

“ကျွန်မတို့ကို ဘာပဲခိုင်းခိုင်း ငြင်းမှာမဟုတ်ပါဘူး”

ယောင်ဝှား၏စကားကြောင့် ရှောင်လုံ ကျေနပ်သွားတော့သည်။

သူ၏မျက်နှာ တည်ကြည်လေးနက်သွား၏။

လျှို့ဝှက်သောလေသံဖြင့် ပြောလိုက်သည်။

“ကျုပ် အမှန်အတိုင်းပြောမယ်၊ တခြားရန်သူတွေကို ကျုပ်မမှုပေမယ့် ‘မာနခဲမုကူးလျှံ’ကိုတော့ မယှဉ်နိုင်တာ သေချာတယ်”

မာနခဲမုကူးလျှံသည် သိုင်းပညာ ထက်မြက်လွန်းသဖြင့် သူမအား မည်သည့်နည်းနှင့်မျှ ယှဉ်နိုင်မည်မဟုတ်ကြောင်း ရှောင်လုံနားလည်ထားပြီး ဖြစ်လေသည်။

ယောင်ဝှားက....

“သူ့ကို ကျွန်မ ရင်ဆိုင်ရမှာလားဟင်”

ရှောင်လုံက...

“ဟုတ်တယ်”

ယောင်ဝှား သက်ပြင်းချလိုက်သည်။

"မုကူးလျှံ ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ အစ်ကို သိသလို ကျွန်မလည်း သိထားပါတယ်၊ ဒါပေမယ့် အစ်ကို ရင်ဆိုင်စေချင်ယင် ကျွန်မ ရင်ဆိုင်ပါ့မယ်"

မုကူးလျှံက သူမအား လက်ရဖမ်းဆီးသွားခဲ့ဖူးပေသည်။

ယောင်ဝှား မယှဉ်နိုင်ခဲ့ပါ။

သို့သော်...

ရှောင်လုံက စေခိုင်းမည်ဆိုလျှင် မကြောက်မရွံ့ ရင်ဆိုင်သွားမည်ဟု ကတိပေးလေသည်။

ရှောင်လုံအပေါ် သူမ မည်သို့သဘောထားနေကြောင်း ထင်ရှားနေပါတော့သည်။

ရှောင်လုံက...

"တံဆိပ်တုံးပြန်ရဖို့က အရေးကြီးတယ်ဆိုတာ ညီမသိပါတယ်၊ ညီမက မုကူးလျှံကို တကယ်တမ်းရင်ဆိုင်စရာမလိုပါဘူး၊ ကျုပ်က တံဆိပ်တုံးရအောင် ကြိုးစားနေချိန်မှာ သူ့ကို တခြားတစ်နေရာခေါ် ထုတ်သွားနိုင်ယင် တော်ပါပြီ"

ယောင်ဝှားက..

"အစ်ကိုပြောတာ ကျွန်မ နားမရှင်းဘူးရှင့်"

"ကျုပ် ရှင်းပြပါ့မယ်"

ရှောင်လုံက ယောင်ဝှား နားလည်သဘောပေါက်အောင် ရှင်းပြလိုက်လေသည်။

ထိုအခါမှ ယောင်ဝှား သဘောပေါက်သွားသည်။



"အစ်ကို စိတ်ချပါ၊ ကျွန်မ အစွမ်းကုန်ကြိုးစားသွားပါမယ်"

"ကောင်းပြီ"

ရှောင်လုံက ယောင်ဝှားကိုခေါ်ကာ ယောင်စင်းနှင့်သွား က်တွေ့ဆုံလိုက်လေသည်။

သူ့အား ကူညီမည်ဖြစ်၍ ကျေးဇူးတင်ကြောင်းနှင့် ကူညီ က မည်သို့မည်ပုံ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယောင်ဝှားကို း အသုံးချသွားမှာဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်း ပြောလိုက်လေ

ယောင်စင်းက...

"မိတ်ဆွေလေးကောင်းမယ်ထင်သလိုသာ စီစဉ်ပါ၊ ကျုပ်တို့ သဘောတူပြီးသားပါ"

ဟု ပြောလိုက်လေသည်။ ရှောင်လုံက...

"ဦးတို့လူစုမှာ နယ်မြေဒေသကျွမ်းကျင်တဲ့လူတစ်ယောက် ာတယ်လို့ သိရပါတယ်၊ ရန်သူတွေ့ရဲ့ ရှေ့ကိုရောက်အောင်သွား ယ့်လမ်းကို ပြောပြနိုင်ယင် အကောင်းဆုံးပါပဲဗျာ"

ယောင်စင်းက...

"ကျုပ်လူက လမ်းပြခေါ်သွားနိုင်မှာပါ"

"ကျေးဇူးပါပဲဗျာ"

ထို့နောက် အာမခံအဖွဲ့မှ လမ်းခရီးကျွမ်းကျင်သူ၏ လမ်း ဖြင့် အမြန်ဆုံး ခရီးပြင်း နှင်သွားလိုက်ကြလေတော့သည်။

* * *

## အယောင်ဆောင်

လမ်းပြကျွမ်းကျင်မှုကြောင့် ရှောင်လုံတို့သည် ဖြတ်
များကို အသုံးပြုကာ မုကူးလျှံတို့လာမည့်လမ်း အရှေ့ဘက်သို့
တင်အရောက်သွားနိုင်ခဲ့ကြလေသည်။

ရှောင်လုံနှင့် အာမခံအဖွဲ့သားများက ကျောက်တုံးကျော
ခဲများကြား၊ သစ်ပင်ချုံနွယ်များကြား၌ ပုန်းအောင်းနေလိုက်ကြ
သည်။

ရှောင်လုံ၏ အစီအစဉ်ဖြင့် ယောင်ဟွားသည် အဝတ်အ
များပြောင်းလဲဝတ်ဆင်ထားပြီး ဖြစ်လေသည်။

သူမသည် ယောကျ်ားလေးတစ်ယောက်ကဲ့သို့ ဖြစ်သွား

ရှောင်လုံ ဝတ်ဆင်သကဲ့သို့ ဝတ်ဆင်ထားသည်ဖြစ်ရာ
တရက်ကြည့်လျှင် ရှောင်လုံဟု အထင်မှားမိလိမ့်မည် ဖြစ်လေသည်



အားလုံး စိတ်လှုပ်ရှားစွာဖြင့် စောင့်ဆိုင်းနေလိုက်ကြ၏။

မကြာပါချေ။

ငှက်အော်မြည်သံ တစ်ချက်ထွက်ပေါ်လာသည်ကို ကြား
လိုက်ရလေသည်။

ယောင်ဟွားက...,

"သူတို့ လာနေကြပြီ"

ဟု တီးတိုးပြောလိုက်သည်။

သူမ၏စကားအဆုံးတွင် မြင်းခွာသံ၊ မြင်းဟီသံများ လေထဲ
၌ လွင့်လာသည်ကို စတင်ကြားလိုက်ရလေသည်။

ရှောင်လုံ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပ
လာလေသည်။

တိုက်ပွဲကိုတွေးယင်း သွေးများဆူဝေလာခြင်း ဖြစ်ပါတော့
သည်

မြင်းခွာသံများ တစ်စထက်တစ်စ ကျယ်လောင်လာလေ
သည်။

မြင်းစီးသမားတစ်စုသည် တောလမ်းလေးအတိုင်း ခရီးနှင်
လာနေကြသည်ကို တွေ့လိုက်ရလေသည်။

လူနှစ်ယောက်က ရှေ့ဆုံးမှဦးဆောင်လာကြခြင်း ဖြစ်
သည်။

မာနခဲမုကူးလျှံနှင့် သစ္စာဖောက်ရှီဝူတို့ဖြစ်ပါတော့သည်။

ရှောင်လုံနှင့် ယောင်ဟွားတို့ အချင်းချင်းကြည့်လိုက်ကြလေ
သည်။

မုကျူးလျှံတို့ကား ရှောင်လုံတို့ ရှေ့မှကြိုတင်ရောက်နှင့်အ
စောင့်ဆိုင်းနေကြမှန်း သိပုံမရချေ။

တဖြည်းဖြည်း နီးကပ်လာကြလေသည်။

ရှောင်လုံက ယောင်ဗှားကို ခေါင်းညိတ်ပြလိုက်လေသည်

"ညီမ သွားပေတော့၊ ကိုယ့်ကိုကိုယ် ဂရုစိုက်ပါ"

"စိတ်ချပါ အစ်ကို"

ယောင်ဗှားက တိတ်တဆိတ် ထသွားလေသည်။

သစ်ပင်ချုံနွယ်များကြား ဝှက်ထားသောမြင်းတစ်ကောင်
ဆွဲယူလိုက်သည်။

မြင်းကို ဇက်ကြိုးမှဆွဲသွားပြီး ခပ်လှမ်းလှမ်းသို့ရောက်လျှင်
မြင်းပေါ်ခုန်တက်ကာ ဒုန်းစိုင်းနှင်လိုက်တော့သည်။

"ခွပ်ခွပ်…ခွပ်ခွပ်"

"ခွပ်ခွပ်…ခွပ်ခွပ်"

ရုတ်တရက် ထွက်ပေါ်လာသော မြင်းခွာသံများကြောင့်
မုကျူးလျှံနှင့်ရှိဂူတို့က လှမ်းကြည့်လာခဲ့ကြတော့သည်။

* * *



ရုတ်တရက် ထွက်ပေါ်လာသော မြင်းခွာသံများကြောင့် ရှိဂူ
နှင့်မုကျူးလျှံတို့ လှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ…

မြင်းစီးသမားတစ်ယောက်က အဝေးသို့ ဒုန်းစိုင်းနှင်သွား
သည်ကို တွေ့လိုက်ရလေသည်။

မုကျူးလျှံ မျက်လုံးပြူးသွားလေသည်။

"ဓားထိန်းနတ်ရှောင်လုံပါလား"

ရှောင်လုံက တံဆိပ်တုံးနှင့် ယောင်ဗှားကို လဲလှယ်ကာ
ထွက်သွားပြီဖြစ်သည်။

သို့တိုင် တံဆိပ်တုံး ပေးလိုက်ရခြင်းကြောင့် လုံးဝကျေနပ်
သည်မဟုတ်ကြောင်း မုကျူးလျှံ နားလည်ထားလေသည်။

မုကျူးလျှံ မဲ့ပြုံးပြုံးလိုက်သည်။

"သူက တံဆိပ်တုံးကို ပြန်လုယူဖို့ကြိုးစားချင်သေးတာကိုး"

ရှောင်လုံအား အပြီးတိုင် သုတ်သင်ပစ်ရန် ဆုံးဖြတ်လိုက်
လေသည်။

ရှိဂူကို ပြောလိုက်သည်။

"ဓားထိန်းနတ်ကို ရှင်တွေ့လိုက်တာ မဟုတ်လား"

ရှိဂူက…

"တွေ့လိုက်ပါတယ်ဗျာ"

ရှောင်လုံကြောင့် စိတ်မသက်မသာ ဖြစ်နေပါတော့သည်။

မုကျူးလျှံက…

"သူ့ကို ကျွန်မရှင်းပစ်လိုက်မယ်",

သူမတစ်ယောက်သာလျှင် ရှောင်လုံကို ရှင်းပစ်နိုင်စွမ်း ရှိ သည်ကို ရှီဂူ ရိပ်မိထားပြီး ဘာမှမပြောတော့ချေ။

မှူကူးလျှံက...

"ရှင်က တံဆိပ်တုံးကို ယူပြီး ရှေ့ဆက်သွားနှင့်ပါ၊ ရှောင်လုံ ကို ရှင်းပြီးယင် ကျွန်မလိုက်လာခဲ့မယ်"

ရှီဂူ သဘောတူလိုက်သည်။

"ကောင်းပါပြီဗျာ"

မုကူးလျှံက တံဆိပ်တုံးကို ရှီဂူထံ ပစ်ပေးလိုက်လေသည်။

ရှီဂူ အသာအယာ ဖမ်းယူကာ သိမ်းဆည်းထားလိုက်လေ သည်။

မုကူးလျှံက...

"ရှင် ဂရုစိုက်ပါ"

ဟု မှာကြားပြီး မြင်းဒုန်းစိုင်းကာ ရှောင်လုံနောက်သို့ လိုက် သွားတော့သည်။

သူမသည် ယောင်ဝှားကို ရှောင်လုံ ထင်မှတ်နေခြင်းဖြစ် သည်။

ထို့ကြောင့် သဲကြီးမဲကြီး လိုက်သွားလေတော့သည်။

* * *



မုကူးလျှံက ယောင်ဝှားနောက်သို့ မြင်းဒုန်းစိုင်းကာ လိုက် သည်ကို တွေ့ရလျှင် ရှောင်လုံ ပြုံးလိုက်မိလေသည်။

မုကူးလျှံ ကောင်းကောင်းကြီး လှည့်စားခံလိုက်ရပြီ မဟုတ် လား။

ယောင်ဝှားနှင့် မုကူးလျှံတို့ အဝေးသို့ ရောက်ကာ မြင်ကွင်း ပျောက်ကွယ်သွားသည်အထိ စောင့်ကြည့်နေလိုက်သည်။

ယောင်ဝှားသည် လူယောင်ပြကာ မုကူးလျှံကို မျှားခေါ် ပြီး ဖြတ်လမ်းများ အသုံးပြု၍ လွတ်အောင် ပြေးလိမ့်မည် ဖြစ် သည်။

အကယ်၍ ပြေးမလွတ်ဘဲ မုကူးလျှံနှင့် ရင်ဆိုင်ရမည်ဆိုပါ လျှင် ယောင်ဝှား သေဆုံးသွားရသည်သာ ဖြစ်ပါသည်။

မုကူးလျှံက ချမ်းသာပေးမည် မဟုတ်ပေ။

မုကူးလျှံအား မျှားခေါ်သွားခြင်းသည် အလွန်အန္တရာယ် များသော အလုပ် ဖြစ်ပေသည်။

သို့သော်...

ရှောင်လုံ တွေးတောပူပန်မနေတော့ပါ။

တံဆိပ်တုံးရဖို့ထက် ပိုပြီး အရေးကြီးသောကိစ္စ မရှိဟု ခံယူ လိုက်လေသည်။

တံဆိပ်တုံးရဖို့ သူ၏အသက်ကိုပင် စွန့်လွှတ်ဝံ့သေးသည် မဟုတ်ပါလား။

ရှောင်လုံက...

"သူတို့ တောလမ်းပေါ်ကို ရောက်လာကြတာနဲ့ ကျုပ်တို့

တိုက်ခိုက်ကြမယ်”

ဟု ယောင်စင်းကို ပြောလိုက်သည်။

“ကောင်းပြီ”

ယောင်စင်း သဘောတူလေသည်။

ယောင်စင်းက တိုက်ပွဲဝင်ဖို့ အသင့်ပြင်ထားကြရန် သူ့အဖွဲ့သားများကို အချက်ပြလိုက်သည်။

သူတို့ ကြာကြာ မစောင့်လိုက်ရပါ။

“ခွပ်ခွပ်..ခွပ်ခွပ်”

မြင်းခွာသံများနှင့်အတူ ရှီဂူတို့လူစုက တောလမ်းသို့ ရောက်ရှိလာကြလေတော့သည်။

* * *

မုကူးလျှံက ရှောင်လုံ ဟန်ဆောင်ထားသော ယောင်စင်းနောက်သို့ လိုက်သွားပြီ ဖြစ်လေသည်။

သူမသည် ရှောင်လုံကို ကျိန်းသေဆုံးမ နိုင်မည်ဟု ယုံကြည်ထားပြီး ရှီဂူက စိတ်ချလက်ချ ရှေ့ဆက်လာခဲ့လေသည်။

သို့ဖြင့် တောလမ်းကလေးသို့ ရောက်ရှိလာသောအခါ—

“တိုက်ကြဟေ့”

“ယား”

“မလွတ်စေနဲ့”

ညာသံပေးသံများနှင့်အတူ ဝဲယာတစ်ဘက်တစ်ချက်၌ ပုန်း



အောင်းနေကြသူများ ရုတ်တရက် ထွက်ပေါ်လာပြီး တဟုန်ထိုး တိုက်ခိုက်လိုက်ကြလေတော့သည်။

ရှောင်လုံနှင့် ယောင်စင်းတို့ ဦးဆောင်သော အာမခံအဖွဲ့သားများသည် အလစ်အငိုက်ဖမ်းပြီး လက်ဦးမှု ရယူကာ တိုက်ခိုက်လာကြသည် ဖြစ်ရာ ရှီဂူတို့လူစု ခံလိုက်ကြရလေတော့သည်။

“အား”

“အမယ်လေး”

“သေပါပြီဗျ”

အော်ဟစ်သံများနှင့်အတူ ရှီဂူ၏လူများ တစ်ယောက်ပြီး တစ်ယောက် လဲကျသွားတော့သည်။

“ဟင်”

ရှီဂူ ကြောင်အမ်းအမ်း ဖြစ်သွားပြီးမှ သတိဝင်လာလေသည်။

“ငါတို့ကို တိုက်ခိုက်ခဲ့တာ နည်းတဲ့သတ္တိ မဟုတ်ဘူး။ သတိသာထားပေတော့”

ဓားတစ်လက် ဆွဲထုတ်ကာ အာမခံအဖွဲ့သားများအား တိုက်ခိုက်လိုက်လေတော့သည်။

ရှီဂူသည် သွေးသစ္စာအဖွဲ့သားတစ်ယောက် ဖြစ်ခဲ့သည်။

ရွှင်ဖုံးကြည်၏ စနစ်တကျ ပြုစုပျိုးထောင်ခြင်း ခံခဲ့ရသူ ဖြစ်သည်။

ရွှင်ဖုံးကြည် ကွယ်လွန်သွားပြီးနောက် ရှောင်လုံက အဖွဲ့ခေါင်းဆောင်ရာထူး ရရှိသွားသဖြင့် ဒုခေါင်းဆောင်ဘဝဖြင့် ကျေနပ်

ခဲ့ရလေသည်။

ရှီဂူက ရှောင်လုံနှင့် လားလားမျှ မတူဘဲ ဘဝကို ကြီးပွား တိုးတက်လိုသူ ဖြစ်သည်။

ဂိုဏ်းထိန်းကြီးကျူးချိုက စည်းရုံးသိမ်းသွင်းလာသောအခါ မည်သူ့မျက်နှာကိုမှ မထောက်ဘဲ သွေးသစ္စာဂိုဏ်းကို သစ္စာဖောက် ခဲ့လေသည်။

ရှီဂူကြောင့် သွေးသစ္စာဂိုဏ်း ပြိုကွဲပျက်စီးသွားခဲ့ရသည် မဟုတ်ပါလား။

သွေးသစ္စာဂိုဏ်း ပျက်စီးသွားခဲ့သော်လည်း ရှီဂူ၏ဘဝကား တိုးတက်အောင်မြင်လာခဲ့လေသည်။

ယခုဆိုလျှင် ရှီဂူသည် ကျူးချို၏လက်အောက်မှ ထိပ်တန်း ရာထူးရှိသူတစ်ယောက် ဖြစ်လာခဲ့ပြီ မဟုတ်လား။

သူ၏လက်ထဲ၌ တံဆိပ်တုံး ရှိနေသည်။

တံဆိပ်တုံးက မုသခင် လက်ထဲရောက်အောင် ပို့ဆောင်ပေး ရမည် ဖြစ်လေသည်။

မုသခင်ကသာ တံဆိပ်တုံးကို ရရှိသွားမည်ဆိုပါလျှင် သူ၏ ဘဝပိုပြီး တိုးတက်မြင့်မားလာမည်ဟု ရှီဂူ နားလည်ထားလေသည်။

လာရောက်နှောင့်ယှက်သူများအား တစ်ယောက်မကျန် သုတ်သင်ရှင်းလင်းပစ်ရန် ရှီဂူ ဆုံးဖြတ်လိုက်လေသည်။

"သေလိုက်စမ်း"

အနီးဆုံးသို့ ရောက်လာသော အာမခံအဖွဲ့သားတစ် ယောက်အား ရှီဂူက ဓားဖြင့် ခုတ်ချလိုက်လေသည်။



အာမခံဌာနမှ သိုင်းသမားကား ရှီဂူ၏လက်ချက်ကြောင့် ဆုံးသွားရတော့မည် ဖြစ်လေသည်။

သို့သော်...

"ခြွမ်း"

ဓားတစ်လက်က ဝင်ရောက်ခုခံပေးလိုက်သဖြင့် အာမခံ နအဖွဲ့သား အသက်ဘေးမှ လွတ်မြောက်သွားတော့သည်။

ဓားဓားချင်း ပြင်းထန်စွာ ထိတွေ့မိလိုက်ခြင်းကြောင့် ရှီဂူ ၏ဓားကိုင်ထားသော လက်မှာ အက်ကွဲမတတ် ထုံကျဉ်သွားတော့ သည်။

"ဟာ"

ရှီဂူသည် ကြားဝင်လာသူအား အထိတ်တလန့် ကြည့်လိုက် သည်။

အင်အားကြီးမားသော ရန်သူတစ်ယောက်နှင့် ရင်ဆိုင်နေရ ပြီ မဟုတ်ပါလား။

ကြားဝင်လာသူကို တွေ့လိုက်ရလျှင် ရှီဂူ ပါးစပ်အဟောင်း သား ဖြစ်သွားလေတော့သည်။

"ရှောင်လုံ"

ကြားဝင်လာသူမှာ ရှောင်လုံ ဖြစ်နေပါတော့သည်။

ရှောင်လုံက...

"မင်းစိတ်ထဲမှာ ရှောင်လုံနှစ်ယောက် ရှိနေတယ်များ ထင် နေလို့လား"

"မင်း...မင်း"

"မုကူးလျှံကို ပထုတ်လိုက်တော့ မင်း ဘာတတ်နိုင်ဦးမှာလဲ"

"လက်စသပ်တော့ မင်းအကြီးကိုး"

"တံဆိပ်တုံးရဖို့က ပိုအရေးကြီးတယ်လေ"

ရှောင်လုံက ဓားဝှေ့ယမ်းကာ တိုက်ခိုက်လိုက်လေသည်။

ရှိဂူလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ရှိဂူသည် ရှောင်လုံအား သတ်ပစ်ချင်လောက်အောင် မုန်းတီးနေသူ ဖြစ်လေသည်။

သို့သော်...

ရှောင်လုံကို ကြောက်ရွံ့ထိတ်လန့်စိတ်များလည်း ရင်ထဲကိန်းအောင်းနေသည်။

ထို့ကြောင့် ရင်ဆိုင်တိုက်ခိုက်နေသည့်တိုင် နောက်သို့တဖြည်းဖြည်း ဆုတ်မိလေသည်။

ရှောင်လုံက...

"ရှိဂူ...မင်းပြေးလို့ မရပါဘူး"

အော်ငေါက်ယင်း တရကြမ်း လိုက်လံ တိုက်ခိုက်လေသည်။

ရှိဂူမှာ ရှောင်လုံ၏တိုက်ခိုက်မှုကို အလူးအလဲ ခံနေရတော့သည်။

ရှိဂူ၏လူများလည်း သက်သာသည် မဟုတ်ပါ။

အာမခံအဖွဲ့သားများက အခွင့်အရေးကို လက်လွှတ်မခံဘဲ စည်းလုံးညီညွတ်စွာဖြင့် ဖိ၍ တိုက်ခိုက်လိုက်ကြခြင်းကြောင့် ဖြစ်လေသည်။



"အား"

"အမယ်လေး"

ရှိဂူ၏လူများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။

နောက်ဆုံး အာမခံအဖွဲ့သားများ အသာစီးရသွားပြီး ရှိဂူ၏လူများ ဖရိုဖရဲ ဖြစ်သွားကြတော့သည်။

သေဆုံးကုန်ကြသည်။

ထိခိုက်ဒဏ်ရာရကုန်ကြသည်။

သွေးပျက်ကုန်ကြသည်။

"ပြေး..ပြေး"

တစ်ယောက်က အော်ဟစ်ပြီး ဒရောသောပါး ထွက်ပြေးသွားလေသည်။

ဤတွင်...

"ပြေး...ပြေး"

ရှိဂူ၏လူများသည် ဖရိုဖရဲ ထွက်ပြေးကြလေတော့သည်။

"အောင်ပြီ..အောင်ပြီ"

အာမခံအဖွဲ့သားများ ဝမ်းသာအားရ ဟစ်ကြွေးလိုက်ကြလေတော့သည်။

ရှိဂူ ထိတ်လန့်သွားသည်။

သူ၏အဖွဲ့ ပျက်စီးသွားပြီ ဖြစ်ရာ ဆောက်တည်ရာမရ ဖြစ်သွားလေသည်။

ရှောင်လုံကလည်း သူ့အား ချမ်းသာမပေးဘဲ တရကြမ်း

တိုက်စစ်ဆင်နေသည် မဟုတ်ပါလား။

ရှောင်လုံ၏ဓားချက်များသည် ရှိဂူ၏တစ်ကိုယ်လုံး လွှမ်းခြုံထားလိုက်လေသည်။

ရှိဂူ အကြောက်အကန် ခုခံနေရတော့သည်။

အမှန်တရားဘက်က ရပ်တည်နေသူတစ်ယောက်နှင့် အမှန်တရားကို လှစ်လျူရှုကာ ထင်ရာစိုင်းနေသူတစ်ယောက် ဖြစ်၍ သူ့တို့၏ရပ်တည်မှုခြင်း ကွာခြားသလို စိတ်နေသဘောထားလည်း ကွာခြားနေပါတော့သည်။

အမှန်တရားကို ဥပေက္ခာပြုထားသူသည် အမှန်တရားကို ဆုပ်ကိုင်ထားသူနှင့် ရင်ဆိုင်လိုက်ရသောအခါ အလိုလိုနေယင်း မလည် မလဲ မဝံ့မရဲ ဖြစ်လာတော့သည်။

မယုံ့ဝံ့အောင် မယုံသာအောင် ဖြစ်လာတော့သည်။

"ခွမ်း"

ရှောင်လုံ၏လက်ထဲ ဓားတစ်လက် ရောက်ရှိလာပြန်လေသည်။

ထိုဓားကား မိတ်ဆွေအချင်းချင်း သစ္စာဖောက်သူကို သုတ်သင်သည့်ဓား ဖြစ်သည်။

ထိုဓားအကြောင်း သိထားသော ရှိဂူ မျက်လုံးပြူးသွား၏။

ရှောင်လုံက သူ့အား အဆုံးစီရင်တော့မည် ဖြစ်သည်။

ရှိဂူ ကြောက်လန့်တကြား ခုခံလိုက်သော်လည်း သူ၏သိုင်းကွက်များ ဖရိုဖရဲ ဖြစ်နေရကား မည်သို့မျှ ခုခံနိုင်စွမ်း မရှိအောင် ဖြစ်သွားတော့သည်။



"ဒုတ်"

ရှောင်လုံက ဓားငွေ့ယမ်းပြီး ဓားကို ရှေ့သို့ ပစ်လွှတ်လိုက်ရာ ရှိဂူ၏ရင်ဝ၌ တည့်တည့်မတ်မတ် စိုက်ဝင်သွားလေတော့သည်။

"အွန့်"

ရှိဂူ ဒယီးဒယိုင် ဖြစ်သွားလေသည်။

ရှောင်လုံက နောက်ထပ် ဓားလေးလက်ကို တစ်ချောင်းပြီး တစ်ချောင်း ဆွဲထုတ်လိုက်လေသည်။

ရှောင်လုံ၏တိုက်ကွက်က ပြင်းထန်နေပြီး ဓားတစ်ချောင်းက တစ်ချောင်းပြီးတစ်ချောင်း ရှိဂူ၏ခန္ဓာကိုယ်၌ စိုက်ဝင်သွားလေတော့သည်။

အမိန့်မနာခံသူ။

အကြီးအကဲမလေးစားသူ။

ဥပဒေချိုးဖောက်သူ။

သစ္စာဖောက်သူ။

စသည်စသည်ဖြင့် ကိုယ်စားပြုထားသော ဓားများက ရှိဂူအတွက် ဖြစ်သွားလေတော့သည်။

"အား"

ရှိဂူ အသံနက်ကြီးဖြင့် အော်လိုက်လေသည်။

မြေပေါ် ဝုန်းခနဲ လဲကျကာ အသက်ပျောက်သွားတော့သည်။

ရှောင်လုံက ရှိဂူထံမှ တံဆိပ်တုံးကို ယူလိုက်သည်။

အလွန်အရေးပါသော တံဆိပ်တုံးကို ပြန်လည်ရရှိလိုက်ပြီ

ဖြစ်ပါသည်။

သိုင်းလောက မဟာမိတ်အဖွဲ့ကြီးအတွင်း၌ ခြစားမှုများ ကိုယ်ကျိုးရှာမှုများ၊ သစ္စာဖောက်မှုများ လွှမ်းမိုးထားလိုက်ပြီ ဖြစ်သည်။

မဟာမိတ်အဖွဲ့ကြီး မကြာခင် ပြိုကွဲသွားရတော့မည် ဖြစ်သည်။

မဟာမိတ်အဖွဲ့ကြီး ပြိုကွဲပြီး သိုင်းလောက ပျက်စီးမည့်ဘေးအန္တရာယ်မှ ကာကွယ်နိုင်မည့်သူမှာ တိကျုပြတ်သားပြီး အမှန်တရားဘက်မှ ရပ်တည်နေသော အနောက်မြို့စားသာ ရှိပေတော့သည်။

တံဆိပ်တုံးသာ ရှိပါလျှင် အနောက်မြို့စားသည် သိုင်းလောကအကျိုးကို ပို၍ ထိရောက်အောင်မြင်အောင် စွမ်းဆောင်နိုင်လိမ့်မည် ဖြစ်ပေသည်။

ရှောင်လုံက တံဆိပ်တုံးအား အနောက်မြို့စားထံသို့ သွားရောက်ပို့ဆောင်အပ်နှံရန် ဆုံးဖြတ်လိုက်လေသည်။

ထိုအချိန်မှာပင်...

"ခွပ်ခွပ်..ခွပ်ခွပ်"

"ခွပ်ခွပ်..ခွပ်ခွပ်"

ဒုန်းစိုင်းနှင်လာသော မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

* * *



မြင်းခွာသံများ တစ်စထက်တစ်စ ကျယ်လောင်လာလေသည်။

ရှောင်လုံနှင့် အာမခံအဖွဲ့သားများက ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်ကြလေသည်။

ရှီဝူတို့လူစုကို အောင်ပွဲခံနိုင်လိုက်သဖြင့် အားတက်နေကြသည်။

နောက်ထပ် တိုက်ပွဲဝင်ဖို့ လက်ယားနေကြတော့မည် မဟုတ်ချေ။

ဒုန်းစိုင်းနှင်လာသော မြင်းစီးသမားတစ်ယောက်သည် ရှောင်လုံတို့၏မြင်းကွင်းသို့ ဝင်ရောက်လာလေသည်။

ထိုမြင်းစီးသမားကား ရန်သူ မဟုတ်ပါချေ။

"ယောင်ဝှား"

အားလုံး ဝမ်းသာအားရ ဖြစ်သွားကြလေတော့သည်။

မြင်းစီသမားမှာ ယောင်ဝှား ဖြစ်နေပါတော့သည်။

"ဟေး"

ယောင်ဝှားက မြင်းကို အရှိန်သပ်ကာ လွှားခနဲ ခုန်ဆင်းလိုက်၏။

ယောင်စင်းက ဆီးကြိုလိုက်လေသည်။

"သမီး ဘေးမသီရန်မခ ရှိနေတာ တော်ပါသေးရဲ့"

ယောင်ဝှား မျက်နှာမကောင်းချေ။

"ကျွန်မ ကံကောင်းလို့ လွတ်လာတာပါ ဖေဖေ"

"ဟိုမိန်းမကော"

"သူလိုက်လာပါတယ် ဖေဖေ"

"ဘယ်မှာလဲ"

"မကြာခင် ရောက်လာတော့မှာပါ"

ယောင်စင်းက ဟိုဟိုသည်သည် ကြည့်လိုက်သည်။

တဖန် ရှောင်လုံကို လှမ်းကြည့်လိုက်လေသည်။

ရှောင်လုံက...

"သူရောက်လာယင် အန္တရာယ်များမယ်၊ ဒါကြောင့် အချိန်နှိုတုန်း သွားကြတာပေါ့"

"ကောင်းပြီလေ"

ယောင်စင်း သဘောတူလိုက်သည်။

ထို့နောက် လမ်းခရီးကျွမ်းကျင်သူ၏ အကူအညီဖြင့် ဖြတ်လမ်းများကို အသုံးပြုကာ အလျင်အမြန် ရှောင်တိမ်းသွားကြလေတော့သည်။

* * *



## ကန္တာရရှုနလုံးသား

တောင်ကုန်းလေးပေါ်မှ ကြည့်လျှင် အရပ်လေးမျက်နှာသို့ အတိုင်းသား တွေ့မြင်နေရသည်။

ရှောင်လုံတို့လူစုသည် တောင်ကုန်းလေးပေါ်သို့ ရောက်ရှိလာသောအခါ ရပ်တန့်အနားယူလိုက်ကြလေသည်။

ဘေးကင်းရာသို့ ရောက်လာကြပြီ ဖြစ်ကြောင်း အားလုံးနားလည်ထားကြ၏။

ထိုအခါမှ ရှောင်လုံက ယောင်ဝှားကို မေးလိုက်လေသည်။

"မုကူးလျှံ လက်ထဲက ညီမ ဘယ်လိုလွတ်မြောက်ခဲ့တာလဲ ပြောပါဦး"

ယောင်ဝှားက...

"ကျွန်မ သူ့ကို မှားခေါ်သွားနိုင်ပေမယ့် သူ့လက်က မလွတ်ဘူး၊ လူတစ်ယောက်သာ ရောက်မလာယင် ကျွန်မဒုက္ခရောက်သွားမှာ သေချာတယ်"

"ဘယ်သူလဲ"

ရှောင်လုံ အလောတကြီး မေးလိုက်လေသည်။

ယောင်ဟွားက...

"သိမ်းငှက်မင်းသားလေးပါ"

"လက်စသပ်တော့ သူကိုး၊ သူက ရွှေချောင်းတွေ ရသွားပြီး ပြီပဲ၊ ဘာကြောင့် နောက်ကြောင်း ပြန်လှည့်လာခဲ့ရတာလဲ"

သိမ်းငှက်မင်းသားလေး ဘာကြောင့် နောက်ကြောင်းပြန် လှည့်လာသည်ကို အားလုံးသိလိုနေကြ၏။

ရှောင်လုံကတော့ သိမ်းငှက်မင်းသားလေး နောက်ကြောင်း ပြန်လှည့်လာရခြင်းမှာ အဘယ်ကြောင့်ဆိုသည်ကို ရိပ်မိထားလေ သည်။

မင်းသားလေးက သူ့အား လေးစားသွားပြီး မိတ်ဆွေဖွဲ့မှာ သဘောထားလိုက်ပြီ မဟုတ်ပါလား။

အခက်အခဲ အန္တရာယ်များနှင့် သူရင်ဆိုင်ရမည်ကိုလည်း ကောင်းစွာ သိနေ၏။

ထို့ကြောင့် သူ့အား ကူညီဖို့ နောက်ကြောင်းပြန်လှည့်လာ ခြင်း မဟုတ်ပါလား။

ယောင်ဟွားက...

"မင်းသားလေးသာ ရောက်မလာယင် ကျွန်မကံဆိုးရမှာ အမှန်ပါပဲ"

ထို့နောက် သူမ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြလိုက်လေတော့သည်။

* * *



မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်နေသည်။

ယောင်ဟွားက မုကူးလျှံအား မျှားခေါ်သွားလေသည်။

ရှီဂူတို့လူစုနှင့် ဝေးရာသို့ ရောက်အောင် မျှားခေါ်သွားပြီး သည်နှင့် မျက်ခြည်ဖြတ်ကာ ရှောင်တိမ်းသွားရန် ယောင်ဟွား ကြံစည် ထားလေသည်။

သို့သော်...

"ဓားထိန်းနတ်၊ ရှင်ရပ်လိုက်စမ်း"

"ရှင်ကြောက်လို့ ထွက်ပြေးနေတာ မဟုတ်လား"

မုကူးလျှံက ဒေါသတကြီး အော်ငေါက်ယင်း နောက်က ဒက်ကြပ်မကွာ လိုက်လာလေသည်။

ယောင်ဟွား အခက်ကြုံသွားလေသည်။

သဲကြီးမဲကြီး ဖြစ်နေသော မုကူးလျှံကို မျက်ခြည်ပြတ်ဖို့ လွယ်ကြောင်းလည်း တစ်စထက်တစ်စ နားလည်သဘောပေါက် လာလေသည်။

"ဒုက္ခပဲ"

မုကူးလျှံမှာ အလွန်ရက်စက်ကြမ်းကြုတ်သူ ဖြစ်ရကား သူမကသာ ရှောင်လုံ ဟန်ဆောင်ကာ လှည့်စားခဲ့သည်ကို သိရှိသွား ပါလျှင် သံမဏိဆူးကြာပွတ်ဖြင့် မသေမချင်း ရက်ရက်စက်စက် ရိုက် သတ်မည်သာ ဖြစ်လေသည်။

ယောင်ဟွား ထိတ်လန့်လာလေသည်။

"ရှောင်လုံ...ရှင် ဘယ်ပြေးမလဲ"

မုကူးလျှံ၏အော်ငေါက်သံက ပိုပြီး ကျယ်လောင်လာ၏။

လူချင်း တစ်စထက်တစ်စ နီးကပ်လာလေသည်။

"ဟူး"

မုကျူးလျှံသည် မြင်းပေါ်မှနေ၍ လေထဲ ခုန်တက်လိုက်ပြီး ငှက်ကြီးတစ်ကောင်ပမာ ပျံဝဲကာ သံမဏိဆူးကြာပွတ်ကို ဝှေ့ယမ်းရိုက်ချလိုက်လေသည်။

"ရွှမ်း…ရွှမ်း"

သံမဏိဆူးကြာပွတ်၏ သေမင်းခေါ်သံကို ကြားလိုက်ရလျှင် ယောင်ဝှား ကြောက်အားလန့်အားဖြင့် လှည့်ကြည့်လိုက်မိလေသည်။

မုကျူးလျှံက လေထဲ ရောက်ရှိနေပြီး သံမဏိဆူးကြာပွတ်ဖြင့် ဦးခေါင်းပေါ်သို့ ဝိုပြီး ရိုက်ချလာသည်ကို တွေ့လိုက်ရလေသည်။

"အမယ်လေး"

ယောင်ဝှား မြင်းပေါ် ဆက်မနေဝံ့တော့ဘဲ မြေပေါ် ခုန်ချလိုက်လေသည်။

သံမဏိဆူးကြာပွတ်၏ ပြင်းထန်သော ရိုက်ချက်က မြင်းကျောကုန်းပေါ်သို့ တန်းတန်းမတ်မတ် ကျရောက်သွားတော့သည်။

မြင်းကျောကုန်းရိုး ကျိုးသွားသဖြင့် သွေးများ ပန်းထွက်လာကာ မြေပေါ် ဝုန်းခနဲ လဲကျသွားတော့သည်။

"ဟီး…ဟီး…ဟီး"

"ဝုန်း"

ယောင်ဝှား စီးနင်းလာသော မြင်းမှာ ဆူးကြာပွတ်ကြောင့် အသားများပဲ့ထွက် ပေါက်ပြဲစုတ်ပြတ်ကာ သွေးများ စို့ရွှဲသွားလေ



သည်။ ကျောရိုးလည်း ကျိုးကြေသွားသည်ရာ မြင်းမှာ ပြင်းထန်သော ဝေဒနာ ခံစားလိုက်ရပြီး ချက်ခြင်း အသက်ပျောက်သွားလေတော့သည်။

ယောင်ဝှားလည်း မြေပေါ်လိမ့်သွားလေတော့သည်။

"ရွှမ်း…ရွှမ်း"

"ဝုန်း…ဝုန်း…ဝုန်း"

မုကျူးလျှံသည် လေထဲပျံဝဲလိုက်ပါလာယင်း ကြာပွတ်ဖြင့် ရိုက်ချကာ မြေကြီးများ ဖွာခနဲဖွာခနဲ လွင့်စင်သွားလေတော့သည်။

ကျောက်တုံးကျောက်ခဲများပေါ် ရိုက်ချမိသောအခါ ကျောက်တုံးကျောက်ခဲများလည်း ကွဲအက်ကြေမွကုန်တော့သည်။

ယောင်ဝှား ကံကောင်းပြီး ကြာပွတ်ရိုက်ချက်များမှ လွတ်မြောက်သွားခြင်း ဖြစ်လေသည်။

သို့သော်…

"ဟူး"

မုကျူးလျှံ မြေပေါ် ခုန်ဆင်းလာသောအခါ လူးလိမ့်ထကာ ထွက်ပြေးရန် ကြိုးစားနေသော ယောင်ဝှား ပြေးမရအောင် ဖြစ်သွားလေတော့သည်။

မုကျူးလျှံသည် ရှောင်လို့ မဟုတ်ဘဲ ယောင်ဝှား ဖြစ်နေသည်ကို တွေ့ရလျှင် အံ့သြသွားလေသည်။

"ညည်းကိုး"

ယောင်ဝှားက တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

မုကျူးလျှံ မဲ့ပြုံးပြုံးလိုက်သည်။

"ညည်းမပြောနဲ့ ရှောင်လုံတောင် ငါ့ကို ယှဉ်နိုင်တာ မဟုတ်ဘူး။ ညည်းက ငါ့ကို လှည့်စားဖျားခေါ်ပြီး ရှောင်လုံက တံဆိပ်တုံးကို လုဖို့ ကြိုးစားမယ်ပေါ့လေ"

ယောင်ဂှားက...

"ခုချိန်လောက်ဆိုယင် တံဆိပ်တုံးဟာ အစ်ကိုရှောင်လုံ လက်ထဲ ရောက်နေလောက်ပါပြီရှင်"

တမင်အရွဲ့တိုက်ကာ ပြောလိုက်လေသည်။

မုကျူးလျှံက...

"သူက တံဆိပ်တုံးရသွားတော့ကော ငါ ဂရုစိုက်ရမှာလား"

ယောင်ဂှားက...

"ကျွန်မကို ဓားစာခံလုပ်ပြီး တံဆိပ်တုံးနဲ့ လဲယူဖို့ စိတ်မကူးပါနဲ့တော့ရှင်၊ အစ်ကိုရှောင်လုံက အလျှော့ပေးတော့မှာ မဟုတ်ပါဘူး"

လက်ထဲကိုင်ထားသော ဓားကို ဝှေ့ယမ်းပြလိုက်ပြီး...

"ကျွန်မကလည်း ကိုယ့်ကိုကိုယ်သာ အဆုံးစီရင်လိုက်မယ်၊ အဖမ်းခံမှာ မဟုတ်ဘူးရှင့်"

မုကျူးလျှံ ရယ်မောလိုက်သည်။

"ညည်းတို့နှစ်ယောက် တော်တော် ရှေ့သွားနောက်လိုက် ညီတာပေါ့လေ၊ စိတ်ချ၊ ညည်းကို အယင်ဆုံး သတ်ပစ်မယ်၊ ပြီးယင် ရှောင်လုံကို ဆုံးမမယ်၊ သူက တံဆိပ်တုံးကို ဆယ်ခါရသွားပါစေ၊ ငါကလည်း ဆယ်ခါပြန်ပြီး လုယူလိုက်မှာမှာပဲ"

ရှောင်လုံသည် မုကျူးလျှံနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်ဆိုပါက



တံဆိပ်တုံးကို ရည်ရှည်ထိန်းသိမ်းထားနိုင်မည် မဟုတ်ပါ။

"ညည်းကို ဆုံးမပြီး ရှောင်လုံနောက်ကို လိုက်သွားရုံပေါ့"

မုကျူးလျှံက ကြာပွတ်ဖြင့် ရိုက်ချလိုက်လေသည်။

ထိုအချိန်မှာပင်...

"ဟူး..ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာကာ လူရိပ်ဘစ်ခု ရောက်ရှိလာပြီး ယောင်ဂှားကို အချိန်မီ ဆွဲခေါ်ကာ ရှောင်ဘိမ်းသွားလေတော့သည်။

* * *

သိမ်းငှက်မင်းသားလေးသည် သူ၏လူများကို ချွေချောင်းများနှင့်အတူ ကန္တာရနယ်မြေသို့ ပြန်သွားခိုင်းလိုက်ပြီး ရှောင်လုံကို ကူညီနိုင်ရန် နောက်ကြောင်းလှည့်လာခဲ့လေသည်။

သို့ဖြင့် တစ်နေရာသို့ အရောက်တွင် မြင်းခွာသံများကို ကြားလိုက်ရသဖြင့် မြင်းကိုရပ်ကာ ကျောက်တုံးကျောက်ခဲများကို အကာအကွယ်ယူပြီး အခြေအနေ စောင့်ကြည့်နေလိုက်လေသည်။

မြင်းနှစ်ကောင် ဒုန်းစိုင်းနှင်လာကြသည်ကို တွေ့လိုက်ရ၏။

တစ်ယောက်က ရှေ့မှ ပြေးပြီး တစ်ယောက်က နောက်က လိုက်နေကြောင်း သတိပြုမိသည်။

မင်းသားလေး ကြည့်နေစဉ်မှာပင် မြင်းစီးသမားနှစ်ယောက်က သူနှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာကြလေသည်။

တစ်ယောက်က မုဂျူးလျှံ ဖြစ်ပြီး ကျန်တစ်ယောက်က ယောင်ဗှား ဖြစ်နေသည်။

မုဂျူးလျှံမှာ အလွန်ကြောက်စရာကောင်းသူ ဖြစ်သော်လည်း ရှောင်လုံနှင့် ပတ်သက်နေသည့် ယောင်ဗှားကို ကူညီလိုသဖြင့် မင်းသားလေးလည်း ပုန်းကွယ်ရာမှ ခုန်ထွက်လိုက်လေတော့သည်။

မင်းသားလေးနှင့် တွေ့ဆုံလိုက်ရခြင်းကြောင့် ယောင်ဗှား ကံကောင်းသွားလေတော့သည်။

* * *



ယောင်ဗှား ဝမ်းသာသွားလေသည်။

"ကျွန်မရဲ့အသက်ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"

ဦးညွှတ်ကာ ကျေးဇူးတင်စကား ပြောလိုက်လေသည်။

မင်းသားလေးက…

"ကျုပ်က အရေးမကြီးဘူး၊ မင်းလွတ်မြောက်သွားဖို့က အရေးကြီးတယ်၊ သူ့ကို ကျုပ်ဟန့်တားထားမယ်၊ မင်းလွတ်အောင် ပြေးပေတော့"

"ကျွန်မ…"

"မင်းရှိနေယင် သူ့ကို ရင်ဆိုင်ဖို့ ခက်မယ်၊ မင်းရှောင်သွားပါ၊ ဒါမှ ကျုပ်လည်း လွတ်လွတ်လပ်လပ် ရင်ဆိုင်လို့ရမယ်၊ မင်းသွားပေတော့"

အရေးကြီးနေပြီ ဖြစ်၍ မင်းသားလေးက ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

"ဟုတ်…ဟုတ်ကဲ့"

ယောင်ဗှားလည်း လက်ခံလိုက်ရလေသည်။

"သွားပေတော့"

မင်းသားလေးက ယောင်ဗှားအား တွန်းထုတ်လိုက်လေသည်။

ယောင်ဗှား ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရတော့သည်။

မင်းသားလေးက မုဂျူးလျှံနှင့် ရင်ဆိုင်လိုက်သည်။

မုက္ကူးလျှို ရယ်မောလိုက်လေသည်။

"ကျွန်မက ရှင်တို့နှစ်ယောက်စလုံးကို သတ်ပစ်လိုက်မှာပါ ရှင်"

မင်းသားလေးအား ကြာပွတ်ဖြင့် လှမ်းရိုက်လိုက်ပြီး ယောင်ဝှားကို မြွားချွန်ကလေးများဖြင့် ပစ်လိုက်လေသည်။

မင်းသားလေး ရင်ထိတ်သွားသည်။

"သွားစမ်း"

ကြာပွတ်ရိုက်ချက်ကို ဓားနှင့် ဝှေ့ယမ်းရိုက်ထုတ်ပြီးလျှင်—

"ဟူး"

ယောင်ဝှား ရှေ့သို့ ခုန်ဝင်ကာ ပစ်လွှင့်လာသော မြွားချွန်လေးများကို ဓားဖြင့် ရိုက်ထုတ်လိုက်ရပြန်လေသည်။

"ခြွင်..ခြွင်..ခြွင်"

မြွားချွန်ကလေးများ မြေပေါ်လွင့်စင်ကျသွားတော့သည်။

"မြန်မြန်လာ"

မင်းသားလေးက ယောင်ဝှား၏လက်ကို ဆွဲကာ တဟုန်ထိုးပြေးသွားလေသည်။

"သည်လို ထွက်ပြေးလို့ လွတ်ရိုးလား"

မုက္ကူးလျှို အော်ငေါက်ယင်း နောက်က လိုက်လာပြီး ကြာပွတ်ဖြင့် ဝှေ့ယမ်းရိုက်ချလေသည်။

ကြာပွတ်ရိုက်ချက် ထိမှန်သွားပါက မင်းသားလေးကော ယောင်ဝှားပါ သက်သာကြမည် မဟုတ်ပါ။

မင်းသားလေးက ယောင်ဝှားကို ဆွဲကာ မြေပေါ်ခြေဆောင့်



ပြီး ခုန်ပျံရှောင်တိမ်းလိုက်သည်။

ပြေးသူကပြေး လိုက်သူကလိုက်ဖြင့် မင်းသားလေး စီးနင်းလာသော မြင်းအနီးသို့ ရောက်သွားကြသည်။

"သွားပေတော့"

မင်းသားလေးက ယောင်ဝှားကို ဆွဲပစ်လိုက်ရာ ယောင်ဝှား လွင့်စင်သွားပြီး မြင်းပေါ်သို့ ရောက်သွားတော့သည်။

မင်းသားလေးသည် ယောင်ဝှားကို အမှုမထားတော့ဘဲ မုက္ကူးလျှိုနှင့် ရင်ဆိုင်လိုက်တော့သည်။

ယောင်ဝှားလည်း ဘာမှမတတ်သာတော့ဘဲ မြင်းကိုဒုန်းစိုင်းကာ ထွက်ပြေးသွားတော့သည်။

* * *

ယောင်ဝှားက သိမ်းငှက်မင်းသားလေး ကယ်တင်ခဲ့ခြင်းကြောင့်အသက်ဘေးမှ လွတ်မြောက်ခဲ့ရပုံကို ပြောပြလိုက်လေသည်။

ရှောင်လုံ၏မျက်နှာက တည်ကြည်လေးနက်နေ၏။

မင်းသားလေးသည် ထိပ်တန်းသိုင်းပညာရှိသူဖြစ်ပါသည်။

တိုက်ပွဲအတွေ့အကြုံလည်းရှိသူ ဖြစ်သည်။

ကန္တာရသိမ်းငှက်များ၏ ခေါင်းဆောင်ကောင်းလည်း ဖြစ်သည်။ သို့သော်...

သူက ရက်စက်ကြမ်းကြုတ်လှသည့် မုကူးလျှံကို ရင်ဆိုင်နိုင်ပါမည်လော။ ရှောင်လုံ သက်ပြင်းချလိုက်သည်။

မင်းသားလေးသည် မုကူးလျှံအား မည်သို့မျှ ယှဉ်နိုင်မည်မဟုတ်ကြောင်း ကောင်းစွာနားလည်ထားပေတော့သည်။

ယောင်ဝှားက...

"ကျွန်မလည်း ကြောက်လန့်တကြားနဲ့လွတ်အောင် ရှောင်ပြေးလာခဲ့တယ်၊ ဒါပေမယ့် မကြာပါဘူး အဝေးက စူးရှတဲ့အော်ဟစ်သံကို ကြားလိုက်ရတယ်၊ အဲဒါ..."

သူမ စကားဆုံးအောင်မပြောဘဲ ခေါင်းငုံ့ထားလိုက်လေတော့သည်။

မင်းသားလေးကား မုကူးလျှံ၏လက်ချက်ဖြင့် သေဆုံးသွားချေပြီ။ ရှောင်လုံ အံကြိတ်လိုက်သည်။

"မုကူးလျှံကို မဖြစ်မနေ ကျုပ် သုတ်သင်ရှင်းလင်းပစ်ပါမယ်"



ဟု တိုင်တည်ပြောဆိုလိုက်လေသည်။

ဤတွင် နံဘေးမှနားထောင်နေခဲ့သော သံခေါင်းကြီးက...

"ဟိုမြောက်ဘက်စွန်းစွန်း တစ်နေရာမှာတိုက်ပွဲတွေဖြစ်ပွားပြီး ထွက်ပြေးလာတဲ့ စစ်ရှုံးဘုရင်တွေ ခိုလှုံတဲ့ဖူးတဲ့ ကျောက်ဂူကြီးတစ်ခုရှိတယ်ဗျ၊ အဲသည်ဂူကြီးမှာ နေထိုင်ယင်း ရန်သူတွေ ထိုးဖောက်ဝင်မလာနိုင်အောင် ကျောက်တံခါးတွေ ထောင်ချောက်တွေ တပ်ဆင်ထားတယ်၊ ဂူထဲဝင်သွားပြီး အခန့်မသင့်ယင် ပြန်ထွက်လို့မရတော့ဘူး၊ အစ်ကိုလေးက သူ့ကို ကျောက်ဂူထဲမျှားခေါ်သွားပြီး ရင်ဆိုင်မယ်ဆိုယင် ဇာပန်းသာလိမ့်မယ်ဗျ"

ဟု အကြံပေးလေသည်။ ကျွဲကြီးက...

"သည်လောက်အန္တရာယ်များတဲ့ ကျောက်ဂူကြီးထဲကို ဘယ်သူက ဝင်ရဲလို့လဲ၊ ကျောက်ဂူထဲဝင်ပြီး ယှဉ်ပြိုင်တော့ကော ဘာအကြောင်းထူးမှာမို့လဲကွ"

သံခေါင်းကြီးက....

"ထူးတာပေါ့ကွ၊ ကျောက်ဂူထဲမှာဆိုတော့ ဟိုမိန်းမရဲ့ကြာပွတ်ရှည်ကြီးကို ကြိုက်သလို သုံးလို့မရတော့ဘူးပေါ့၊ ပြီးတော့ တစ်ချက်ကလေးမှားတာနဲ့ ဂူတံခါးတွေ ပိတ်သွားပြီး ပြန်ထွက်လို့မရတော့ဘဲ ပိတ်မိသွားမှာ၊ ဂူထဲမှာပဲ သေရမယ်ဆိုတော့ ဟိုမိန်းမအလိုလိုစိုးရိမ်စိတ်ဝင်နေမှာ၊ ဒါဆို သူနဲ့တိုက်ရတာ ဇာပန်းသာပြီပေါ့"

ရှောင်လုံ ပြုံးလိုက်လေသည်။

သံခေါင်းကြီး ပြောသကဲ့သို့ မုကူးလျှံအား တကယ့်အကျဉ်းအကြပ်ထဲခေါ်သွားရမည် ဖြစ်သည်။

မယှဉ်နိုင်၍ သူသေဆုံးသွားရမည်ဆိုလျှင်လည်း မုကူးလျှံကိုပါအဖော်ခေါ်သွားရပေမည်။

ရှောင်လုံက အကြံပေးသော သံခေါင်းကြီးကို ကျေးဇူးတင်စကားပြောကာ ရှေးဟောင်းကျောက်ဂူကြီးတည်ရှိသည့်အရပ်ကို မေးမြန်းစုံစမ်းကာ မှတ်သားထားလိုက်လေသည်။

ထို့နောက် ယောင်စင်းကို ခွင့်တောင်းလိုက်သည်။

"ကျုပ်ရဲ့တာဝန် မပြီးဆုံးသေးလို့ ဆက်ပြီးထမ်းဆောင်ရဦးမှာပါ၊ ဒါကြောင့် သွားခွင့်ပြုပါဗျာ"

ယောင်စင်းနှင့်ယောင်ဂှားတို့သည် ရှောင်လုံအား ဟန့်တား၍ရမည်မဟုတ်ကြောင်း သိထားကြသဖြင့် ခွင့်ပြုလိုက်ကြလေတော့သည်။ ယောင်ဂှားက...

"အစ်ကို ပြန်လာမယ့်အချိန်ကို ကျွန်မတို့ စောင့်မျှော်နေကြမှာပါရှင်"

မျက်ရည်လေးဝဲကာ ပြောလေသည်။

ယောင်စင်းက ရှောင်လုံသည် တံဆိပ်တုံးကိစ္စပြီးပြတ်သွားသည်နှင့် မုကူးလျှံကိုရင်ဆိုင်ဖို့ကြိုးစားမည်ဖြစ်ကြောင်း ရိပ်မိထားရကား ရှောင်လုံ ဘယ်သောအခါမှ ပြန်ရောက်လာတော့မည် မဟုတ်ဟု နားလည်ထားလေတော့သည်။

ရှောင်လုံက အားလုံးကိုနှုတ်ဆက်ပြီး မြင်းတစ်စီးဖြင့်ထွက်ခွာသွားလေတော့သည်။

* * *



## သက်သေအထောက်အထား

အနောက်မြို့စား...။

မြို့စားကြီးစီးမိန်ကျင့်သည် အများအကျိုး၊ သိုင်းလောကအကျိုး၊ သည်ပိုးဆောင်ရွက်နိုင်ရန် အကျင့်ပျက်ပြားသူများကို ကျော်ခိုင်းပြီး မဟာမိတ်အဖွဲ့ကြီးမှ နှုတ်ထွက်လိုက်လေသည်။

ခင်မင်ရင်းနှီးသော မိတ်ဆွေများနှင့် တိုင်ပင်ညှိနှိုင်းပြီး အင်အားစုဆောင်းခဲ့သည်။

မဟာမိတ်အဖွဲ့ကြီးကို စိတ်ပျက်နေကြပြီဖြစ်သော သိုင်းလောကသား အများစုကလည်း အနောက်မြို့စားနှင့်ပူးပေါင်းလာကြလေသည်။

အကြီးအကဲငါးဦးတွင် ပါဝင်သည့် ကန္တာရဓားခင်မှာ ကွယ်လွန်သွားပြီဖြစ်သည်။

ပညာရှိသိုင်းရာဇာကလည်း တံဆိပ်တုံးကိစ္စကြောင့် စိတ်သိမ်ငယ်ကာ အိပ်ရာထဲ ဘုန်းဘုန်းလဲသွားပြီး သိုင်းလောကနှင့်လုံးဝအ

ဆက်အသွယ် ဖြတ်တောက်လိုက်တော့သည်။

ဂိုဏ်းထိန်းကြီးကျူးရှိုသည်လည်း မကောင်းသောလုပ်ရပ်များဖြင့် သေဆုံးသွားပြီ ဖြစ်လေသည်။

မုသခင်မှဖွေးတစ်ယောက်သာလျှင် ကျန်ရစ်တော့၏။

မုသခင်သည် မင်းသားလေးကို အနီးကပ်စောင့်ရှောက်ကာ မဟာမိတ်အဖွဲ့ကို ဆက်လက်ဦးဆောင်သွားမည်ဟု သတင်းများ ထွက်ပေါ်နေ၏။

မုသခင်၏လက်ထဲသို့ တံဆိပ်တုံးရောက်သွားပါက မည်သို့ မျှညှိနှိုင်း၍ရတော့မည်မဟုတ်ဘဲ ကျိန်းသေတိုက်ခိုက်ရတော့မည်ဖြစ်ကြောင်း အနောက်မြို့စား နားလည်ထားလေသည်။

အကယ်၍…

တံဆိပ်တုံးက သူ၏လက်ထဲ ရောက်လာမည်ဆိုပါလျှင် အနောက်မြို့စား တွေးတောစဉ်းစားနေစဉ်မှာပင် အစောင့်တစ်ဦး ရောက်လာပြီး ဂါရဝပြုလိုက်လေသည်။

"မြို့စားကြီးခင်ဗျား လူတစ်ယောက်က မြို့စားကြီးကို တွေ့ခွင့်တောင်းနေပါတယ်"

အနောက်မြို့စားက…

"ဘယ်သူများလဲ"

အစောင့်က…

"ဓားထိန်းနတ်ရှောင်လုံပါ မြို့စားကြီး"

ဓားထိန်းနတ်ဆိုသောအမည်ကြောင့် မြို့စားကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။



"ဓားထိန်းနတ် ဟုတ်လား။ ကောင်းပြီ၊ သူ့ကို ချက်ချင်း သွတ်လိုက်ပါ၊ အတားအဆီး အနှောင့်အယှက် လုံးဝမရှိစေနဲ့"

"အမိန့်အတိုင်းပါ ခင်ဗျာ"

အစောင့် ချက်ချင်း ပြန်ထွက်သွားလေသည်။

မြို့စားကြီး စိတ်လှုပ်ရှားနေသည်။

ဓားထိန်းနတ်ရှောင်လုံက သူ့ထံသို့ ရောက်လာချေပြီ။

ရှောင်လုံ ရောက်လာခြင်းမှာ တံဆိပ်တုံးနှင့် ပတ်သက်နေရမည် မဟုတ်ပါလား။

မကြာပါချေ။ ရှောင်လုံသည် မြို့စားကြီးရှေ့သို့ ရောက်ရှိလာပြီး ဦးညွှတ်လိုက်လေသည်။

"ကျွန်တော်ရှောင်လုံ မြို့စားကြီးကို ဂါရဝပြုပါတယ်"

မြို့စားကြီး ပြုံးလိုက်သည်။

"ဓားထိန်းနတ်ရှောင်လုံဟာ တကယ့် သူရဲကောင်းတစ်ယောက်ပါပဲ"

ရှောင်လုံတို့၏ သွေးသစ္စာအဖွဲ့အကြောင်းကို မြို့စားကြီး ကောင်းစွာ သိရှိထားလေသည်။

ရှောင်လုံက တံဆိပ်တုံးကို ထုတ်ယူကာ မြို့စားကြီးလက်ထဲ အပ်နှံလိုက်လေသည်။

မြို့စားကြီး လက်ခံယူလိုက်သည်။

"အမှန်တရားအတွက် မင်းက ယူဆောင်လာတယ်၊ အမှန်တရားအတွက် ကျုပ်လက်ခံရမှာပေါ့"

ရှောင်လုံသည်လည်းကောင်း၊ မြို့စားကြီးသည်လည်း

ကောင်း အမှန်တရားအတွက် ဘာမဆို လုပ်ပုံကြသူများ ဖြစ်လေသည်။

မည်သို့သော အခက်အခဲ အန္တရာယ်မျိုးကိုမဆို ရင်ဆိုင်ပုံသူများ အသက်စွန့်ပုံကြသူများလည်း ဖြစ်လေသည်။

တစ်ယောက်ကိုတစ်ယောက် နားလည်ထားကြသဖြင့် ရှည်ရှည်ဝေးဝေး ပြောနေစရာ မလိုတော့ပါ။

ရှောင်လုံက တံဆိပ်တုံးနှင့် အသင့်လျော်ဆုံး ဖြစ်သော မြို့စားကြီး လက်ထဲသို့ အပ်လိုက်သည်။

မြို့စားကြီးကလည်း လက်ခံပြီးလျှင် အမှန်တရားအတွက် ပြတ်ပြတ်သားသား ဆောင်ရွက်သွားတော့မည် ဖြစ်ပေသည်။

မြို့စားကြီးက...

"သွေးသစ္စာအဖွဲ့အတွက် ကျုပ်အမြဲတမ်း ဂုဏ်ယူနေမှာပါ"

ရှောင်လုံ ပြုံးလိုက်သည်။

"ကျွန်တော့်ကို ခွင့်ပြုပါဦး"

မြို့စားကြီးက...

"မင်းတာဝန် ပြီးဆုံးသွားပြီ မဟုတ်လား၊ အေးအေးဆေးဆေး အနားယူလိုက်ပါဦးလား"

ရှောင်လုံက...

"သိုင်းလောကတာဝန် ပြီးဆုံးသွားပေမယ့် ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာ တာဝန်တစ်ခု ဆောင်ရွက်စရာ ရှိသေးလို့ပါ မြို့စားကြီး"

မြို့စားကြီးက...



"မင်းသွားတော့မယ်ဆိုရင် တံဆိပ်တုံးနဲ့ ပတ်သက်နေတဲ့ လျှို့ဝှက်ချက်တစ်ခုကို ငါပြောပြလိုက်ချင်တယ်"

ရှောင်လုံ အံ့သြသွားသည်။

"တံဆိပ်တုံးက.."

မြို့စားကြီးက...

"ခေါင်းဆောင်ကြီးဝူးယိကျားက မဟာမိတ်အဖွဲ့အတွင်းမှာ မရိုးသားတဲ့ လူတွေနဲ့ သူတို့ရဲ့ ဖြစ်မကောင်းတဲ့ လုပ်ရပ်တွေကို မှတ်တမ်းတင်ပြီး တံဆိပ်တုံးထဲမှာ လျှို့ဝှက်သိမ်းဆည်းထားခဲ့တယ်"

ထိုအခါမှ တံဆိပ်တုံးသည် အလွန်အရေးကြီးသော ပစ္စည်းဖြစ်ကြောင်း ရှောင်လုံ ပိုပြီးသဘောပေါက်လာလေသည်။

အနောက်မြို့စားက...

"တံဆိပ်တုံးထဲက လျှို့ဝှက်ချက်ကို ဖော်ထုတ်ပြီး သိုင်းလောကတစ်ခုလုံး သန့်ရှင်းစင်ကြယ်သွားအောင် ကျုပ်အရေးယူဆောင်ရွက်သွားမယ်လို့ မင်းကို ကတိပေးလိုက်ပါတယ်"

ရှောင်လုံ ဦးညွှတ်လိုက်သည်။

မြို့စားကြီးကို နှုတ်ဆက်ပြီး ထွက်ခွာသွားလေတော့သည်။

* * *

## ဓားထိန်းနတ်၏သစ္စာတရား

ရှောင်လုံသည် ဓားထိန်းနတ် ဖြစ်သည်။

မိမိ၏တာဝန်အတိုင်း လောကပါလတရားကို စောင့်ရှောက်သွားရမည် ဖြစ်ပါသည်။

မကောင်းသူပယ် ကောင်းသူကယ်ရမည်။

အမှန်တရားအတွက် အသက်စွန့်ပဲ့ရမည်။

ရှောင်လုံသည် ဓားထိန်းနတ်တစ်ယောက်၏ တာဝန်နှင့် ဝတ္တရားများကို ဘယ်သောအခါမှ ရှောင်ဖယ်သွားမည် မဟုတ်ပါ။

မြို့စားကြီးထံမှ ထွက်လာခဲ့ပြီးသည်နှင့် မုကူးလျှံအား လိုက်လံရှာဖွေတော့သည်။

မုကူးလျှံကလည်း အခဲမကျေ ဖြစ်နေသည့်အတိုင်း ရှောင်လုံအား သဲကြီးမဲကြီး ရှာဖွေနေ၏။

ရှောင်ပြေးပုန်းအောင်းနေကြမည့်သူများ မဟုတ်ဘဲ ထိပ်



တိုက်ရင်ဆိုင်ရန် ဆုံးဖြတ်ထားကြသူများ ဖြစ်သည့်အလျောက်...

များမကြာမီ နှစ်ယောက်သား ဆိုက်ဆိုက်မြိုက်မြိုက် ဆုံတွေ့မိလိုက်ကြလေတော့သည်။

ထိုအခါမှ ရှောင်လုံက ရှောင်တိမ်းသွား၏။

မုကူးလျှံ ဒေါသထွက်ပြီး သဲကြီးမဲကြီး လိုက်လေသည်။

ဤသို့ဖြင့်...

နှစ်ယောက်သား အလွန်အန္တရာယ်များသည့် ရှေးဟောင်းသချိုင်းဂူကြီးသို့ ရောက်ရှိသွားကြလေသည်။

* * *

အလွန်ကြီးမားသော ရှေးဟောင်းဂူကြီး ဖြစ်သည်။

စစ်ရှုံးဘုရင်များ လာရောက်ခိုလှုံခဲ့ကြဖူးသည့်အလျောက် ကျောက်ဂူကြီးကို နန်းတော်ကြီးအလား ပြင်ဆင်ထားခဲ့ကြလေသည်။

နတ်ရုပ်ထုများ၊ စစ်သည်ရဲမက်၊ စစ်မြင်းရထား ရုပ်ထုများ၊ သံတံခါး၊ ကျောက်တံခါးများနှင့် အမျိုးမျိုးအဖုံဖုံသော ယန္တရား ထောင်ချောက်များလည်း တပ်ဆင်ထားခဲ့ကြလေသည်။

ရှောင်လုံသည် အနောက်မြို့စားထံမှ ထွက်လာပြီးနောက် ရှေးဟောင်းဂူကြီးသို့ လာပြီး အခြေအနေ အရပ်ရပ်ကို ကြိုတင်လေ့လာထားခဲ့လေသည်။

ထို့ကြောင့် မုကူးလျှံထက်စာလျှင် ရှောင်လုံက ရှေးဟောင်းဂူကြီးအကြောင်းကို ပို၍ သိရှိနားလည်ထားလေသည်။

ထိုဂူကြီးအတွင်း၌ပင် မုကူးလျှံအား မြှုပ်နှံပစ်လိုက်မည်ဟု ရှောင်လုံ ဆုံးဖြတ်ထားလေတော့သည်။

* * *

ရှောင်လုံက ရှေးဟောင်းဂူကြီးသို့ ဦးစွာ ရောက်ရှိလာလေသည်။

သဲကြီးမဲကြီး ဖြစ်နေသော မုကူးလျှံလည်း မကြာမီ ရောက်ရှိလာလိမ့်မည်ဟု ယုံကြည်ထားလေသည်။

ရှောင်လုံက ဂူကြီးထဲဝင်ကာ ထပ်မံစစ်ဆေးကြည့်ရှုလိုက်သည်။

လျှို့ဝှက်စွာ တပ်ဆင်ထားသော ယန္တရားထောင်ချောက်များအကြောင်းကို သူပိုပြီး နားလည်လာသည်။

"မုကူးလျှံ ဘယ်လောက်ကြောက်စရာကောင်းကောင်း သည်ဂူထဲက ပြန်ထွက်သွားနိုင်တော့မှာ မဟုတ်ပါဘူး"

သူတွေးတောနေစဉ်မှာပင်...

"ရှမ်း"

ကျားပွတ်ဓွေ့ယမ်းသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်လုံ သတိဝင်လာပြီး ကပျာကယာ ရှောင်တိမ်းလိုက်သည်။

သို့တိုင်...



ကျားပွတ်အဖျားခတ်မိသွား၍ သူ၏ပခုံးတွင် ပူခနဲ ဖြစ်သွားပြီး သွေးများ စီးကျလာတော့သည်။

"ခစ်...ခစ်...ခစ်"

မုကူးလျှံ၏ရယ်သံ ထွက်ပေါ်လာ၏။

"ရှင်က သည်ဂူထဲ ရောက်အောင် တမင်မျှားခေါ်ခဲ့တာဆိုရင် ရှင့်ကို ကျေးဇူးတင်ရမှာပဲ"

"ဘာဗျ"

"သည်နေရာမှာ ရှင်သေရမယ်ဆိုရင်လဲ ဂုဏ်ယူစရာကောင်းလိမ့်မယ် မဟုတ်လား"

"ခင်ဗျား သေရမှာဗျ"

ရှောင်လုံက တိုက်ခိုက်လိုက်လေသည်။

ရှောင်လုံသည် မုကူးလျှံနှင့် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ဖူးပြီး မယှဉ်နိုင်ဘဲ အရေးနိမ့်ခဲ့သည်။

ယခုတစ်ကြိမ်လည်း သူအနိုင်ရဖို့ မလွယ်ပါချေ။

ရှောင်လုံက အနိုင်အရှုံး ဘာကိုမှ မစဉ်းစားဘဲ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

နောက်ဆုံး ထွက်သက်အထိတိုက်ခိုက်သွားမည်သာ ဖြစ်ပါသည်။

မုကူးလျှံသည် ကျားပွတ်သိုင်းပညာအပြင် အရိပ်သဏ္ဍာန်ပြောင်းသိုင်းပညာပါ ကျွမ်းကျင်သူ ဖြစ်သည်။

သူမ၏ခန္ဓာကိုယ်ပေါ်၌ အရောင်ငါးမျိုးရှိသော ဝတ်ရုံငါးထည်ကို ထပ်ပြီး ဝတ်ဆင်ထားသည်။

သူမက အရိပ်သဏ္ဌာန်ပြောင်းသိုင်းကို အသုံးပြုလိုက်သောအခါ ရှောင်လုံသည် သူမအား ထိအောင် တိုက်ခိုက်နိုင်ခြင်း မရှိဘဲ ဝတ်ရုံကိုသာ တိုက်ခိုက်မိလိုက်သည်။

ဥပမာ မုက္ကူးလျှံက အနီရောင်ဝတ်ထားရာ ရှောင်လုံ တိုက်ခိုက်သောအခါ အနီရောင်ဝတ်ရုံကိုသာ တိုက်ခိုက်မိလေသည်။

မုက္ကူးလျှံကာ အခြားအစိမ်းရောင်ဝတ်ရုံဖြင့် ပုံသဏ္ဌာန်ပြောင်းကာ ရှောင်သွားသည်။

ပြီးလျှင် အနီရောင်ဝတ်ရုံရှိသော နေရာသို့ ပြန်ရောက်သွားကာ သူမလည်း အနီရောင်ဝတ်ဆင်ထားပြီး ပြန်ဖြစ်သွား၏။

အနီရောင်၊ အစိမ်းရောင်၊ အဝါရောင်၊ ဝတ်ရုံအရောင်အမျိုးမျိုး၊ လူပုံသဏ္ဌာန် အမျိုးမျိုး ပြောင်းလဲကာ လှည့်စားသော တိုက်ကွက်ကြောင့် ရှောင်လုံ အခက်ကြုံသွား၏။

သူက အပိုင်တိုက်ခိုက်လိုက်သော်လည်း တိုက်ခိုက်သမျှ ဝတ်ရုံများချည့်သာ ဖြစ်နေပြီး အရိပ်သဏ္ဌာန် ပြောင်းသွားသော မုက္ကူးလျှံကို ထိအောင် မတိုက်ခိုက်နိုင်ခဲ့ပါ။

မုက္ကူးလျှံကသာ ရှောင်လုံအား လှည့်စားပြီး ဒဏ်ရာဗလပွ ရရှိသွားအောင် တိုက်ခိုက်နိုင်ခဲ့လေတော့သည်။

"ဟိတ်"

"ယား"

ညာသံပေးသံ၊ တိုက်ခိုက်သံများ ကျယ်လောင်မြည်ဟည်း ထွက်ပေါ်နေ၏။

ရှောင်လုံနှင့် မုက္ကူးလျှံတို့ သဲကြီးမဲကြီး တိုက်ခိုက်နေကြ၏။



တိုက်ခိုက်လိုက်တိုင်း ရှောင်လုံချည့်သာ ခံနေရပြီး တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲသွားလေတော့သည်။

ရှောင်လုံ ခံပြင်းလာသည်။

"ငါအရှုံးပေးလို့ မဖြစ်ဘူး"

အတော်လေးခံလိုက်ရပြီးနောက် မုက္ကူးလျှံ၏အရိပ်သဏ္ဌာန်သိုင်းကွက်အကြောင်းကို ရိပ်မိလာသည်။ရှောင်လုံသည် အမြဲတမ်းဆောင်ထားသော ဓားဆယ့်လေးလက်မှ ငါးလက်ကို အသုံးပြုကာ ငါးနေရာခွဲပြီး တစ်ပြိုင်နက် ပစ်လွှတ်လိုက်လေသည်။

ဓားငါးငါးလက်သည် မုက္ကူးလျှံ၏ဝတ်ရုံငါးခုစလုံးကို ထိမှန်သွားသည်။

လေးခုမှာ ဝတ်ရုံချည့်သက်သက် ဖြစ်သည်။

ကျန်ဝတ်ရုံတစ်ခု၌ မုက္ကူးလျှံကိုယ်တိုင် ရှိနေသဖြင့် ရှောင်လုံ၏ဓားမှာ သူမ၏ပခုံးကို ထိမှန်သွားတော့သည်။

"အင့်"

မူးကူးလျှံ ညည်းတွားလိုက်၏။

သူမဒေါသခြောင်းခြောင်း ထွက်သွားပြီး...

"သေပေတော့"

ရှောင်လုံထံ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ရှောင်လုံက နောက်ဆုတ်ပြီး နံရံမှ ခလုတ်တစ်ခုကို နှိပ်ချလိုက်ရာ...

"ဂျိမ်း"

ဂူအမိုးပေါ်မှ သံတံခါးကြီး ကျဆင်းလာလေတော့သည်။

မုဋူးလျှံ ကပျာကယာ ရှောင်တိမ်းလိုက်သည့်တိုင် သူမ၏ ခြေထောက်တစ်ဖက်၌ ထိခိုက်ဒဏ်ရာရသွားပြန်တော့သည်။

သံတံခါးကြီးက ကျောက်ဂူကို ပိတ်ထားလိုက်၏။

ဂူထဲ၌ ရှောင်လုံနှင့် မုကူးလျှံတို့ ပိတ်မိသွားကြလေသည်။

မုကူးလျှံ ရယ်မောလိုက်သည်။

"ကျွန်မကို ဒဏ်ရာရသွားအောင် လုပ်နိုင်တယ်၊ စိတ်မဆိုးဘူး"

ရှောင်လုံက…

"ကျုပ်က ခင်ဗျားကို သတ်ပစ်ဦးမှာပါဗျာ"

ထို့နောက် နှစ်ယောက်သား ဆက်လက်တိုက်ခိုက်လိုက်ကြလေသည်။

* * *

တိုက်ပွဲက ပို၍ ပြင်းထန်လာ၏။

မုကူးလျှံ ဒဏ်ရာများ ထပ်မံရရှိသွားသော်လည်း ရှောင်လုံ ထပ်မံရရှိသည့် ဒဏ်ရာများက ပို၍ ပြင်းထန်နေ၏။

ရှောင်လုံ မဟာန်နိုင်အောင် ဖြစ်လာ၏။

မျက်လုံးများ ပြာဝေလာသည်။

မောဟိုက်နွမ်းနယ်လာလေသည်။

ရှေ့ဆက်တိုက်ခိုက်ဖို့ ခွန်အား မရှိတော့ပါ။

ထိုအချိန်မှာပင်…



"ဒုတ်"

မုကူးလျှံ၏ကျာပွတ်က အရှိန်ပြင်းစွာ တိုးဝင်လာပြီး ရှောင်လုံ၏ရင်ဝကို ဖောက်ထွင်းသွား၏။

"ဝေါ့"

ရှောင်လုံ သွေးများ အန်ထုတ်လိုက်သည်။

သူ၏လက်နှစ်ဘက်က ကျာပွတ်ကို ဆုပ်ကိုင်ပြီး အားကုန်ဆောင့်ဆွဲလိုက်လေသည်။

"ဝုန်း"

မုကူးလျှံ အရှိန်လွန်ကာ ရှောင်လုံအနီးသို့ ရောက်ရှိလာ၏။

ထိုအချိန်တွင် ရှောင်လုံ၏လက်ထဲ၌ ရွှေရောင်နောက်ဆုံးဓားက ရောက်ရှိနေပြီ ဖြစ်ပါသည်။

ရှောင်လုံက အနီးသို့ ရောက်လာသော မုကူးလျှံကို ဓားဖြင့် အားထိုးစိုက်ချလိုက်ရာ…

"အား"

မုကူးလျှံ အသံနက်ကြီးဖြင့် အော်ဟစ်လိုက်တော့သည်။

ကျာပွတ်ကို လက်လွှတ်ကာ နောက်သို့ ခုန်ဆုတ်ပြီး သွေးများသွေးတန်းဖြင့် ထွက်ပြေးသွားရန် ကြိုးစားလိုက်လေသည်။

သူမ ဒယီးဒယိုင် ဖြစ်နေပြီး ကျောက်ဂူနံရံကို ဝင်တိုက်မိလိုက်ရာ တဝုန်းဝုန်းမြည်သံများ ထွက်ပေါ်လာပြီး ကျောက်ဂူတစ်ခုလုံး ပြိုကျပျက်စီးသွားတော့သည်။

ရှောင်လုံနှင့် မုကူးလျှံတို့နှစ်ယောက်မှာ…

* * *

အနောက်မြို့စားသည် သူ၏တာဝန်ကို တိကျပြတ်သားစွာ ဆောင်ရွက်ခဲ့လေသည်။

အရည်အချင်း မရှိသော သခင်လေးဝူးဖိန်ကို မဟာမိတ်အဖွဲ့ခေါင်းဆောင် ရာထူးမှ ဖယ်ရှားလိုက်သည်။

ရှောင်လင်၊ ဝူတန် အစရှိသော သိုင်းဂိုဏ်းကြီးများနှင့် တိုင်ပင်ညှိနှိုင်းကာ မဟာမိတ်အဖွဲ့ခေါင်းဆောင်အသစ်တစ်ဦး တင်မြှောက်ရန် စီစဉ်ခဲ့သည်။

အမိန့်မဟာတံဆိပ်တုံး၌ လျှို့ဝှက်စွာ မှတ်တမ်းတင်ထားသော မဟာမိတ်အဖွဲ့အတွင်းမှ သစ္စာဖောက်များ၊ အကျင့်ပျက်ယွင်းသူများကို သိုင်းလောကမှ လူကြီးလူကောင်း ဟန်ဆောင်ကာ မကောင်းမှု ပြုနေသော သိုင်းသမားများ၊ သိုင်းဂိုဏ်းများကို ဖော်ထုတ်ကာ သိုင်းလောက သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ခဲ့လေသည်။

သူ၏တာဝန်ဝတ္တရားများကို ကျေပြွန်အောင် ထမ်းဆောင်ပြီးလျှင် အနောက်မြို့သို့ ပြန်သွားတော့သည်။

ရှောင်လင်၊ ဝူတန် စသည့် ထိပ်သီးဂိုဏ်းကြီးများက သိုင်းလောကသားအားလုံး၏ဆန္ဒကို တောင်းခံကာ မဟာမိတ်အဖွဲ့ခေါင်းဆောင်အသစ် ရွေးချယ်တင်မြှောက်မည့် ကိစ္စ၌ ပါဝင်ပတ်သက်ခြင်း မပြုဘဲ အနောက်မြို့မှာပင် အေးအေးချမ်းချမ်း နေထိုင်သွားလေသည်။

* * *



မုသခင်…

မုသခင်မုဖွေးသည် အားလုံးထက် ပိုပြီး မုကူးလျှံကို အားကိုးအားထားပြုခဲ့လေသည်။

သို့သော်…

သူ၏အကြံအစည်များ ပေါ်ပေါက်သွားသည့်အပြင် မုကူးလျှံ သေဆုံးသွားပြီဟူသော သတင်းကြားရသောအခါ အလွန်ပင် စိတ်ထိခိုက်သွားတော့သည်။

အရာရာကို ဆုံးရှုံးလိုက်ရပြီဟု နားလည်လိုက်သော မုသခင်လည်း ကိုယ့်ကိုကိုယ် အဆုံးစီရင်လိုက်လေတော့သည်။

* * *

ယောင်စင်းက အာမခံအဖွဲ့ကို ဖျက်သိမ်းခြင်း မပြုတော့ဖို့ ဆုံးဖြတ်လိုက်သည်။

ဆင်းရဲသည်ဖြစ်စေ ချမ်းသာသည်ဖြစ်စေ အဖွဲ့သားများနှင့်အတူ လက်တွဲလုပ်ကိုင်ယင်း လက်ရည်တပြင်စီ နေထိုင်သွားရန် ဆုံးဖြတ်လိုက်လေသည်။

အာမခံအဖွဲ့သားအားလုံး ပျော်ရွှင်သွားကြသည်။

ရှောင်လုံ၏ကျေးဇူးကိုလည်း ဘယ်တော့မှ မမေ့နိုင်ကြတော့ချေ။ ထို့အတူ ယောင်ဝှားကလည်း ရှောင်လုံကို ဘယ်တော့မှ မေ့နိုင်တော့မည် မဟုတ်ပါ။

* * *

ယောင်ဂုဒ်းက ပန်းများ ဝေဝေဆာဆာ ဖူးပွင့်နေသော တောင်ကုန်းလေးပေါ်၌ ရှိနေ၏။

သူမသည် အရပ်လေးမျက်နှာသို့ မျှော်ကြည့်နေ၏။

ပန်းများ ဖူးပွင့်နေသည်ကိုလည်းကောင်း၊ ပတ်ဝန်းကျင်၏ သာယာလှပမှုများကိုလည်းကောင်း သူမသိမြင်ခံစားနိုင်စွမ်း မရှိပါ။

သူမ၏မြင်ကွင်းထဲသို့ ရုတ်တရက် ဝင်ရောက်ထွက်ပေါ်လာမည့် လူတစ်ယောက်ကို ရှာဖွေစောင့်မျှော်နေခြင်း ဖြစ်သည်။

ရှောင်လုံကို စောင့်မျှော်နေခြင်း ဖြစ်သည်။

ရှောင်လုံသည် တစ်နေ့နေ့ တစ်ချိန်ချိန်၌ သူမထံသို့ အရောက်ပြန်လာလိမ့်မည်ဟု ယုံကြည်ထားသည်။

အများပြောကြသလို ရှောင်လုံ သေဆုံးသွားပြီဆိုသည်ကို သူမ ဘယ်တော့မှ လက်ခံယုံကြည်လိမ့်မည် မဟုတ်ချေ။

ပြီးပါပြီ။